www.burmeseclassic.com



www.burmeseclassic.com



၁၉၇၉ ခုနှစ်၊ ဇူလိုင်လ၊ ၁၅ ရက်နေ့တွင်
စတင်ထုတ်ဝေသည့်
**ဝင်းဦးမြင့်** စိစစ်တည်းဖြတ်သည့်

ရုပ်စုံမဂ္ဂဇင်း

အမှတ် ၃၉၃ ဇွန် ၂၀၁၁

တာဝန်ခံစာတည်း
မျိုးမြင့်ညိမ်း
စာတည်း
လင်းနိုင်ဦး
အမှုဆောင် စာတည်း
မသီတာ(စမ်းချောင်း)

ရွှေပန်းချီ
ဖေညွန့်ဝေ
မုတ်သုံ
တင်ထွဏ်း
မြင့်မောင်ကျော်
မျိုးမြင့်၊ လှမြင့်ဆွေ
လင်းဝဏ္ဏ
ဝင်းတင့်၊ မောင်နိုး
အောင်ကျော်
ဖေသစ်တည်၊ ထွန်းအုံ
စိုးသော်တာ
Win Iszudia
မျက်နှာဖုံးဓာတ်ပုံ
ပီတာ
ရွှေဓာတ်ပုံ
ပီတာ
လင်းနိုင်ဦး
ရွှေဒိုင်း
ခိုင်ဇင်ထွန်း
ဖြိုးဦးပိုင်
ရွှေဓာစိတ်ပြု
စိမ်းလဲ့စံ၊ မိုးမိုးမြင့်
ဓာပြင်
ကျော်စိန်ဝင်း

www.burmeseclassic.com

www.burmeseclassic.com


ရွှေမင်းသား၊ ရွှေမင်းသမီး

ခင်လေးမြင့် ၄။
ပုံဖော်ထုဆစ်သူနဲ့
ထုဆစ်ခံသူ

One Minute Interview

လင်းနိုင်ဦး၊ မန်းသူ ၁၆။
လူမင်း
သားညီ
ရဝေအောင်
အေးဝတ်ရည်သောင်း

အင်တာဗျူး

ဝင်းငြိမ်း ၂၄။
ဘုန်းကြီးသရုပ်ဆောင်
ခိုင်ထူးသာ

မန်းသူ ၃၄။
သရုပ်ဆောင်အနေနဲ့
နောင်တမရတဲ့ လှယဉ်ကျေး

မန်းသူ ၅၀။
အက်ရှင်ကားတွေ
တိုးတက်ဖို့
နှောင့်နှေးနေပါသေးတယ်
ဆိုတဲ့ ရဲမင်းပိုင်

လင်းနိုင်ဦး ၆၂။
ကိုယ်ဝါသနာပါတဲ့
အလုပ်ကို လုပ်နေရခြင်းဟာ
ကံအကောင်းဆုံးပဲ

ရွှေရုပ်ရှင်

၅၂။ လင်းနိုင်ဦး
အောင်ဩဘာရိုက်တဲ့
ဇနီးချောမျှားကွန်ရက်
စာတ်လမ်းတွဲ

၇၄။ လင်းနိုင်ဦး
ညွှန့်မြင့်မာညီညီအောင်ရဲ့
တိမ်ခိုမိုး

လူမှုဝန်းကျင်

၂၀။ လင်းနိုင်ဦး
စိုးရန်အောင်နဲ့
သက်သခင်တို့
မင်္ဂလာဆောင်ပြီ

ဖူးငုံပွင့်သစ်

၄၄။ မန်းသူ
ပရိသတ်နဲ့
တစ်သားတည်းကျတဲ့
အနုပညာရှင်ဖြစ်ချင်တဲ့ တိုင်ရွှန်

၄၈။ မန်းသူ
စီနီယာတွေရဲ့
အားပေးစကားနဲ့
ကြိုးစားဖြတ်သန်းနေတဲ့
ရှိုင်းဓေ

နိုင်ငံတကာစာမျက်နှာ

၃၀။ ဇာနည်ညီမိုး
ပေါလ်ဘာရယ်အမှု
ဘာကြောင့်ပိတ်သလဲ

၆၆။ ရာပြည့်
Dwayne Johnson ရဲ့
ကမ္ဘာ

ရွှေချစ်သူမှ ရွှေချစ်သူသို့

နော်၊ ကျောက်တိုင်၊ ၈၄။
ဦးဝင်းငြိမ်းသို့ ပေးစာ

ရွှေဝတ္ထု

ခူသဲမွှန် ၉၈။
မြက်ပင်ကလေးရဲ့အရိပ်

ကော၊ တောင်တန်းပြာ၊ ၁၀၆။
တိမ်နှင့်တောင်ခိုး
တောင်ကိုမိုး

အေထူးအောင်၊ အင္ဂပူ၊ ၁၁၄။
ရှာစ်သူကြီး

မော်မော်မောင် ၁၂၀။
ကောက်စား

ပိုင်ဒွေး၊ သချာ၊ ၁၂၆။
မီးပုံးပျံ… ပျံမပျံ

လှမြင့်အောင် ၁၃၂။
၊ တောင်ကုတ်၊
ခေါင်းအုံးတစ်လုံး
အသုံးချနည်း

ကိုကောင်းဆော် ၁၃၄။
၊ ကျောက်ဆည်၊
စိတ်အကွာအဝေး

သာထပိဓေ ၁၆၀။
ဘယ်သူတွေဘာပြောပြော
ကိုယ့်တောပဲ
ကိုယ်လွမ်းတယ်

မောင်ညြိလေး ၁၆၆။
ငါးနာရီရုပ်ရှင်


မိုးခကျော်သျှင် ၁၇၂။
ရောထွေးခြင်းညနေ

နော်၊ ကျောက်တိုင်၊ ၁၈၀။
အဖေခေါ်ခွင့်

စံရဟီ ၁၈၄။
ဖိုးဝလုံးပြောတဲ့
တစ်ခါတုန်းကအကြောင်း

မေဓျာမိုးမွှန် ၁၉၀။
အလင်းတွေ့သော
အလင်း



www.burmeseclassic.com

ရုပ်စုံမဂ္ဂဇင်း

အမှတ်၁၄၃၊ဇွန်၊၂၀၁၈

ဝင်းငြိမ်း စီစဉ်တည်းဖြတ်သည်

ရွှေဝတ္ထုများကို ပြန်လည်တူးဖော်ခြင်း

၁၁။ ခင်ဆွေဦး
ဝိညာဉ်ဖြူ ဘယ်သူဆေးခြယ်ပါ

ရွှေဝတ္ထုရှည်စ/ဆုံး

၁၄၂။ ခင်မြဇင်
မယ့်ကိုသေစေ
ညွှန်းရော့လေသလား

၂၃၂။ အရှုရွာ
ရေဒီယိုတစ်လုံးနှင့်
စကားစမြည်

ရွှေနှလုံးသား

၁၀။ ကိုစက်ဗေ
ကမ္ဘာဦးက
အိမ်ကလေးများ

ရွှေအသစ်

၂၁၀။ --------------------
၂၁၆။ --------------------
၂၂၂။ --------------------
၂၂၆။ --------------------

အက်ဆေးအကြောင်း

အက်ဆေး

၁၉၆။ မောင်ရင့်မာ
၊ကျောင်းကုန်း၊
မျက်နှာများကို
ဦးခေါင်း၏
နောက်ဘက်ခြမ်းသို့
ပြောင်းလဲတပ်ဆင်ခြင်း

ရသစာတမ်း

၂၀၂။ ဆောဆေ
အကြောင်းအရာက
သက်နှင်းရှုံပြီးလာတယ်

ရွှေသုတ

၉၄။ သင့်အေးရိပ်
ကဗျာစာအုပ်ပါးပါးအတွက်
ဝေဖန်ခံစားမှုပါးပါး

၁၃၈။ မောင်သန်းဆွေ၊ထားဝယ်
မွန်သွေးပါသည့် သီပေါမင်း







အယ်ဒီတာအဖွဲ့- တိုက်(၁၇)၊
အခန်း (၄-၀၁)၊ ၅၂ လမ်း(အောက်ဘလောက်)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၀၁-၉၀၁၀၅၀၁
Email:
nyeinfamily@gmail.com
မျက်နှာဖုံး၊ မေတ္တာလက်ဆောင်နှင့်
အတွင်းပုံနှိပ်သူ-
ဒေါ်ချိုချို(ခ)အေးအေးသိန်း(၀၀၉၇၀)၊
ဗမာ့တာလူပုံနှိပ်တိုက်၊ အမှတ် ၁၁၁၀၊
ရွှေတောင်ကြား ၅ လမ်း ၆၃ ရပ်ကွက်၊
စက်မှုဇုန် တောင်ဒဂုံ၊ ရန်ကုန်မြို့။
ရွှေထုတ်ဝေသူ -
ဒေါ်ချိုချို(ခ)အေးအေးသိန်း (၀၁၀၉၁)၊
အမှတ် ၁၃၃၊ လမ်း ၄၀၊ ကုန်သည်လမ်းနှင့်
မဟာဗန္ဓုလလမ်းကြား။
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ရွှေဖြန့်ချိရေး
ဗမာ့တာလူစာပေ၊ အမှတ် ၁၃၃၊
လမ်း ၄၀၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား။
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-
၇၃၉၈၂၂၀
စာတိုက်သေတ္တာအမှတ် ၁၂၀၅
E-mail :
zabutalu@gmail.com
Available at : Wun Zinn

www.burmeseclassic.com

www.burmeseclassic.com



အနုပညာအလုပ်တွေကို စိတ်တူကိုယ်တူနဲ့ လုပ်ဆောင်နေပြီး တစ်ယောက်လိုချင်တာကို တစ်ယောက်က ဖြည့်ဆည်းရင်း ဘဝခရီး လျှောက်လှမ်းနေကြတဲ့ ဇော်ခီနဲ့ ခရစ္စတီးနားခီတို့ကို ရွှေအမြုတေအတွက် တွေ့ဆုံဖြစ်ခဲ့ပါတယ်။ **ဥပါယ်တံမျဉ်၊ မုဒြာရဲ့ခေါ်သံ** ရုပ်ရှင်ဇာတ်ကားနှစ်ကားနဲ့ ပရိသတ်ရဲ့ အားပေးမှုများ ရရှိထားတဲ့ ဇော်ခီနဲ့ ခရစ္စတို့ရဲ့ တတိယမြောက် ရုပ်ရှင်ဇာတ်ကား အကြောင်းနဲ့ အနုပညာအကြောင်းတွေကို အခုလိုပဲ မေးမြန်းဖြစ်ခဲ့ပါတယ်။

**ကိုဇော်ခီကိုယ်တိုင် ရေးပြီး ရိုက်ကူးချင်တဲ့၊ ရိုက်ဖို့စိတ်ကူးတဲ့ ဇာတ်လမ်းမျိုးတွေက ဘယ်လိုပုံစံမျိုးဖြစ် မလဲ။**

တစ်ခေါက်နဲ့တစ်ခေါက် Story ရတာချင်းက မတူဘူး။ Inspiration ခေါ်မှာပေါ့။ **ဥပါယ်တံမျဉ်** တုန်းကဆိုရင် လူနေမှုစရိုက်တွေ ကြည့်ရင်း လူနေမှုစနစ်တွေကနေ ဖြစ်ပေါ်လာတာ။ **သီတာ** ဆိုရင်လည်း အမျိုးသမီးထုကြီးကို ကြည့်ရင်း၊ အထူးသဖြင့် ဖိနှိပ်ခံ အမျိုးသမီးထုကို တွေးကြည့်ရင်း အဲဒီဇာတ်လမ်း ရောက်လာတယ်။ Inspiration က လာချင်တဲ့နေရာက လာတာ။ ကျွန်တော် သတ်သတ်ကြီး ဖျစ်ညှစ်စဉ်းစားတာ ရှားတယ်။ **Now and Ever** ဆိုတာကတော့ အချစ်ဇာတ်လမ်းပေါ့။ အဲဒီဇာတ်လမ်းက ကိုယ့်ဘဝနဲ့ယှဉ်ပြီး တွေးရင်း တကယ်လို့များဖြစ်ခဲ့ရင်၊ ကိုယ်တွေ နှစ်ယောက်ဆိုရင် ဘယ်လိုလုပ်မလဲဆိုပြီး စ,ရေးဖြစ်တာ။

**ကိုယ်တွေနှစ်ယောက် ဆိုရင် ဆိုပြီး စဉ်းစားတော့ ကိုဇော်ခီတို့ရဲ့ True Story တွေပါမှာလား။**

အဲဒီလိုမျိုး True တော့ မပါ,ပါဘူး။ What if ပေါ့။ What if နဲ့ တောက်လျှောက် ရေးသွားတာ။

**ဇာတ်လမ်းတစ်ခု ဖန်တီးတဲ့အခါ ကိုယ့်ခံစားချက်ကို ထုတ်ပြီး**




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





ရေးပိုင်ခွင့်ရှိသလား။

ကိုယ်မသိတဲ့ဟာကို ချရေးရင် မစစ်တဲ့ အနုပညာ ဖြစ်သွားပြီ။ ကိုယ်ကိုယ်တိုင်ကလည်း ယုံမှာ မဟုတ်ဘူး။ သူများက ယုံဖို့ဆိုတာ အဝေးကြီးဖြစ်သွားပြီ။ အဲဒီတော့ တော်တော်များများက ချရေးတဲ့အချိန်မှာ ကိုယ်တွေ့ ကိုယ်မြင်ထားတဲ့ဟာ၊ ကိုယ်ကြုံထားတဲ့ဟာ၊ ကိုယ်ဖတ်ထားတဲ့ဟာတွေထဲက Story အဖြစ် ဖန်တီးလိုက်တာများတယ်။

တချို့ကတော့ အနုပညာဆိုတာ စိတ်ကူးယဉ်မှုတစ်ခုလို့ ပြောကြတာ ရှိတယ်။ ကိုယ်စိတ်ကူးယဉ်ထားတဲ့ အတိုင်းရော ဖန်တီးပိုင်ခွင့် မရှိဘူးလား။ အဲဒါကိုရော အနုပညာစစ်တယ်လို့ ကိုဇော်ဒီ ခံယူထားသေးလား၊ ခုန ပြောတဲ့အထဲမှာ ပါလို့ပါ။

စိတ်ကူးယဉ်မှုကပဲ အနုပညာဆိုတာ ဖြစ်တာ ဟုတ်ပါတယ်။ ဒါပေမဲ့ စိတ်ကူးယဉ်မှုမှာ Reality တကယ့်အစစ်ဟာတွေရှိသလို စိတ်ကူးပြီး ကြံဆရတဲ့ဟာတွေလည်း ရှိတယ်။ ဘယ်လိုပဲဖြစ်ဖြစ်၊ တကယ့်အစစ်ဟာပဲ ဖြစ်ဖြစ်၊ ကြံဆထားတဲ့ဟာပဲ ဖြစ်ဖြစ် ကိုယ်တကယ်ရင်နဲ့အမျှ ခံစားလို့ရတယ်ဆိုရင် ဒါ စစ်တယ်လို့ ကျွန်တော် ယူဆတယ်။

အပြင်မှာ တကယ်ဖြစ်တာထက် စိတ်ကူးယဉ်ထားတာကို အရုပ်အနေနဲ့ပဲဖြစ်ဖြစ် ပုံဖော်ကြတာတွေရှိတယ်။ အဲဒါကို အနုပညာတစ်ခုအနေနဲ့ ခံစားလို့ရမလား။ အနုပညာတစ်ခုအနေနဲ့ ပြောလို့ရမလား။

တစ်ခုရှိတာက ဖန်တီးတဲ့သူက ဘယ်လိုတွေ၊ ဘာတွေလုပ်ထားလဲ ဆိုတာ Analyse လုပ်စရာ မလိုဘူးလို့ ထင်တယ်။ သူချပေးတဲ့ Product မှာ ကိုယ်တကယ်မျောပါသွားလား၊ တကယ်ပဲကိုယ့်ရင်ထဲကို လာထိလားဆိုတာပဲ ကြည့်သင့်တယ်။ အဲဒါဆို အောင်မြင်တယ်လို့ ကျွန်တော် သတ်မှတ်တယ်။ သူ့ဟာသူ ဒေါ်လာသန်းတစ်ရာလောက်တန်တဲ့ ရုပ်ရှင်ပဲ ရိုက်ရိုက်၊ တစ်သန်းတန်တာပဲ ရိုက်ရိုက် ကောင်းချင်မှ ကောင်းမှာလေ။ လာထိပြီဆိုရင် အနုပညာမြောက်တယ်လို့ သတ်မှတ်ရမှာပေါ့'

ဩဂုတ်လောက် ရိုက်ဖို့ စီစဉ်ထားတဲ့ ဇာတ်လမ်း အခြေအနေကရော ဘယ်လောက်ထိ ရောက်ပြီလဲ။ ဇာတ်ကောင်စရိုက်ကား ဘယ်လိုဖန်တီးမှု ရှိပြီး စိတ်တိုင်းကျမှု ဘယ်လောက်

www.burmeseclassic.com

www.burmeseclassic.com



ရှိပြီလဲ။

ရေးတာကတော့ အကောင်းဆုံးဖြစ်အောင်ရေးနေတယ်။ ရေးနေရင်းနဲ့လည်း ကြောက်နေတယ်။ ကြောက်နေတယ်ဆိုတာက Character က အရမ်းခက်နေတယ်။ အရမ်းကို ခက်ခဲတယ်။ ရေးတာလည်း မလျှော့ချင်ဘူး။ ဒါပေမဲ့ လုပ်ရမယ့်ဟာကို သိတော့ ကြောက်လာတယ်။ အဲဒီကိစ္စတွေတော့ရှိတယ်။ ဇာတ်လမ်းက နက်နက်နဲနဲသွားထားတယ်။ ဇာတ်အိမ်ကလည်း Dark ဖြစ်တယ်။ ဒါပေမဲ့ အချစ်ဇာတ်လမ်း။

ဇာတ်ကောင်စရိုက်ကို ဦးစားပေးတာလား၊ ဇာတ်လမ်းတစ်ခုလုံးကို ဦးစားပေးတာလား။ ဘယ်လိုဇာတ်လမ်းမျိုးဖြစ်မလဲ။

ရာခိုင်နှုန်းနဲ့ဆိုရင် Story က ၆၅ ရာခိုင်နှုန်းလောက်သွားမယ်ထင်တယ်။ Character ကလည်း အရေးကြီးတယ်။

ရေးနေရင်းနဲ့ ကြောက်လာတယ်ဆိုတာက တခြားသူ သရုပ်ဆောင်တာပဲဖြစ်ဖြစ်၊ ကိုယ်တိုင်သရုပ်ဆောင်ဖို့ပဲဖြစ်ဖြစ် အဲဒါတွေအတွက် လွှဲချော်သွားမှာ ကြောက်တာလား၊ ဘယ်လိုဟာတွေကို ကြောက်တာလဲ။

အဓိက,ကတော့ လောလောဆယ် ကိုယ့်အတွက်ကို စိုးရိမ်တာပါ။ ကျွန်တော့်ရဲ့ Co Star ဖြစ်မယ့်သရုပ်ဆောင်လည်း Challenge အရမ်းကြီးတယ်။ ကျွန်တော်လုပ်ရမယ့်ဟာလည်း Challenge ဖြစ်တယ်။

ကြောက်နေတာဖြစ်တဲ့အတွက် ကိုယ်လုပ်ရမယ့် ဇာတ်ကောင်အတွက် လျှော့ရေးတာဖြစ်ဦးမလား၊ မလုပ်နိုင်ဘူးဆိုပြီး ပြောင်းလဲတာမျိုးရှိမလား။


အဲဒီလိုတော့ ကျွန်တော် အဖြစ်မခံပါဘူး။ သရုပ်ဆောင်တာကို လောလောဆယ် ခေါင်းထဲမှာ မတွေးဘူး။ ရေးရင်းနဲ့ လုပ်ရမယ့်အတိုင်းအတာကို သိလို့သာ ကြောက်လာတာ၊ တတ်နိုင်သမျှတော့ လုပ်ရမယ့်ဟာကို မေ့ထားတယ်။ ပြင်ဆင်မှုမှာ တော်တော်လေးကြာတယ်။



www.burmeseclassic.com

www.burmeseclassic.com





**ကိုယ်တိုင် သရုပ်ဆောင်မယ့်ဇာတ်လမ်းကို ကိုယ်တိုင်ပဲရေးတော့ ကိုယ့်အတွက်ပိုပြီး လောဘကြီးတာများ ရှိမလား။**

ခရစ္စနဲ့လည်း တိုင်ပင်ထားတယ်။ ခရစ္စအတွက် ဒါရိုက်တာအနေနဲ့ Challenge အကြီးကြီး။ ဘာဖြစ်လို့လဲဆိုတော့ ရိုက်ကူးရေးကာလက မရှိဘူးဆိုရင် ၆ လလောက်ရှိမယ်။

**ဇာတ်လမ်းရေးသူတစ်ယောက်အနေနဲ့ ဒီဇာတ်လမ်းပေါ် စိတ်ဝင်စားတာ၊ သရုပ်ဆောင်ရမယ့်သူတစ်ယောက်အနေနဲ့ ဇာတ်လမ်းပေါ် စိတ်ဝင်စားတာ ကွာခြားမှု ဘယ်လိုရှိလဲ။**

ရေးတဲ့အချိန်မှာ Writer တစ်ယောက်အနေနဲ့ပဲ Mood တစ်ခုအနေနဲ့ ပေါ်လာတဲ့ ကွန့်မြူးမှုတွေနဲ့ ရေးရတယ်။ အဲဒီအချိန်မှာ သရုပ်ဆောင်ကဏ္ဍကို ပေးထားတာ အကောင်းဆုံးပဲ။ သရုပ်ဆောင်ဖို့ကျတော့ ပြင်ဆင်မှုက မတူတဲ့ ကမ္ဘာတစ်ခု ဖြစ်သွားပြီ။ လုံးဝမတူတဲ့ ကမ္ဘာ ဖြစ်သွားပြီ။ Character Preparation လုပ်ပြီဆိုရင် အကောင်းဆုံးကတော့ Acting Coach နဲ့၊ Team နဲ့၊ ဒီကားထဲမှာ ပါတဲ့ သရုပ်ဆောင်တွေနဲ့ အတူတူပြင်ဆင်တာ အကောင်းဆုံးပဲ။

**ကိုယ်တိုင် သရုပ်ဆောင်မယ့်ဇာတ်လမ်းကို ကိုယ်တိုင်ပဲရေးတော့ ကိုယ့်အတွက်ပိုပြီး လောဘကြီးတာများ ရှိမလား။**

အဲဒီကိစ္စက တတ်နိုင်သမျှ နည်းပါတယ်။ မရှိဘူးလို့ မဟုတ်ဘူး။ အဲဒီအကျင့်ကို မုဒြာရဲ့ခေါ်သံ မှာ ကျွန်တော် ရသွားတယ်။ မုဒြာရဲ့ခေါ်သံ ဇာတ်ကားအတွက် Editing ပိုင်းကို ကျွန်တော်လုပ်ထားတာ။ တကယ်တမ်းကတော့ ကမ္ဘာ့ Filmmaking လောကမှာ သရုပ်ဆောင်ကိုယ်တိုင် သို့မဟုတ် ဒါရိုက်တာကိုယ်တိုင် Editing လုံးဝ မလုပ်သင့်ဘူး။ မလုပ်ရဘူးလို့လည်း Rule တစ်ခုရှိတယ်။ ဖြစ်နိုင်ရင် မလုပ်သင့်ဘူး။ လောဘတစ်ခုရှိတယ်၊ အတ္တကြီးတယ်၊ အထူးသဖြင့် သရုပ်ဆောင်ပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ကိုယ်ကို မြင်နေရပြီဆိုရင် ကိုယ်ကောင်းတာတွေချည်းပဲ၊ လှတဲ့ဟာတွေပဲ Edit လုပ်မိသွားနိုင်တယ်။ တစ်ခုမကောင်းတာက ဘာလဲဆိုတော့ အဲဒါက သရုပ်ဆောင်အတွက် အန္တရာယ်ကြီးတယ်လို့ ပြောတာ။ အိုက်တင်တွေကို အလွတ်လိုက်ကျက်မိသွားတယ်။ ဒီလိုလေးပြုံးရင် ချစ်စရာကောင်းတယ်။ ဒီလိုလေးရယ်လိုက်ရင် ကောင်းမယ်ဆိုတဲ့ အလွတ်ကျက်တဲ့ အိုက်တင်တွေက နောက်ကားကို ပါသွားရော။ Save ဖြစ်တဲ့[illegible]ကို လိုက်လုပ်မိသွားနိုင်

www.burmeseclassic.com

www.burmeseclassic.com



တယ်။ မုဒြာရဲ့ခေါင်းသံ မှာ ကျွန်တော့်ရဲ့ စိန်ခေါ်မှုက Editor တစ်ယောက်အနေနဲ့ အကြီးကြီးပဲ။ စိတ်ထဲမှာ ပေါ်လာတဲ့ အတွေ့၊ လောဘတွေကို ဝိပဿနာနဲ့ ပြန်ကြည့်ပြီး Edit လုပ်ရတယ်။ အိုကေ ငါ နည်းနည်းလောဘကြီးနေတယ်။ ငါ အတ္တကြီးနေတယ် ဆိုပြီး ထိန်းလုပ်ရတဲ့အပိုင်း ရောက်သွားတယ်။ အဲဒီတော့ မုဒြာ မှာ Training ရသွားတယ်။ အဲဒါကြောင့် အခုနောက်ပိုင်းမှာ ကိုယ့်အတွက် သိပ်မကြည့်ဘဲ Story အမိက ရုပ်လုံးပေါ်ဖို့ လိပ်ပြာသန့်သန့်နဲ့ လုပ်တယ်။

**ကိုဇော်ခီတို့ Team ကပဲ ရိုက်မှာမို့လို့၊ ခရစ္စရိုက်မှာ မို့လို့ပဲ ဇာတ်လမ်းကို ကိုယ်တိုင် ဖန်တီးရေးဖြစ်တာလား။**


သီတာ ရော၊ **Now and Ever** ရော ဇာတ်ကား နှစ်ကား စလုံးက ဘယ်သူ ရိုက်ဖို့ ဘာညာ ဆိုတာထက် Story ရောက်လာတဲ့အချိန် မှာ ရေးဖြစ်သွားတယ်။ ဒါပေမဲ့ သေချာတာက ကိုယ့်ထုတ်လုပ်ရေး ရှိနေတော့ ကိုယ့်ထုတ်လုပ်ရေးအတွက်ပဲဖြစ်လာတာ။ နောက်နှစ်တွေ အသက်ကြီးလာလို့ ဇာတ်ညွှန်းပဲရေးတော့မယ်လို့ ဆုံးဖြတ်သည့်တိုင်အောင် ကျွန်တော်ကတော့ Production ဘယ်လောက်၊ ဒီ Project ပေါ်မှာ Commitment ပေးမလဲဆိုတာ သိဖို့လိုတယ်။ ဘယ်လောက်ထိ ဒါကို ပုံဖော်မလဲ၊ ဒီထဲမှာပါဝင်မယ့်သရုပ်ဆောင်တွေ၊ ဒါရိုက်တာတွေ၊ ဒီ Team က ဘယ်လောက်ထိ လုပ်မလဲဆိုတာ ကျွန်တော်ကြည့်မယ်။ ကျွန်တော့်ဘဝမှာ ပထမဆုံးဇာတ်ညွှန်းက **ဥပါယ်တံမျဉ်**၊ မုဒြာ ပြီးတဲ့အချိန်မှာ ကျွန်တော် ဇာတ်ညွှန်းရေးနည်းသိသွားတယ်။ ခရစ္စရေးတဲ့ ဇာတ်ညွှန်းတွေ ဖတ်တော့ ဇာတ်ညွှန်းရဲ့ Format တွေ သိသွားတယ်။ သီအိုရီသိသွားတော့ ဇာတ်ညွှန်းတွေ ရေးနိုင်သွားတယ်။ ကျွန်တော်က သီချင်းတွေ ဘာတွေရေးနေတဲ့သူဆိုတော့ Story တွေ ဘာတွေက ကျွန်တော့်ခေါင်းထဲမှာ ဝင်လိုက်၊ ထွက်လိုက် ဖြစ်နေတယ်။ ရေးနည်းကိုသိသွားတဲ့အချိန်မှာ ရေးဖြစ်သွားတယ်။ **ဥပါယ်တံမျဉ်** က ရုပ်ရှင်အနေနဲ့ အောင်အောင်မြင်မြင်ဖြစ်သွားတော့ ပိုပြီးကြိုက်သွားတယ်။ ရေးတဲ့စကားလုံးတွေက လှုပ်ရှားမှုအရုပ်တွေ ဖြစ်သွားတယ်။ Screen ပေါ်မှာ တွေ့တဲ့အခါ သရုပ်ဆောင်တစ်ယောက်အနေနဲ့ရော၊ Script ရေးတဲ့သူတစ်ယောက်အနေနဲ့ရော Exciting တော်တော်ဖြစ်ဖို့ကောင်းတယ်။

**ကိုဇော်ခီရေးထားတဲ့ ဇာတ်လမ်းကို ကြိုက်လို့ တခြားဒါရိုက်တာက**



www.burmeseclassic.com

www.burmeseclassic.com



**ရိုက်မယ်ဆိုရင်ရော...။**

ကျွန်တော်က ဇာတ်လမ်းအများကြီး ရေးနိုင်တဲ့သူ မဟုတ်တော့ လောလောဆယ် ရောင်းဖို့ဆိုတာ မရှိဘူး။ လောလောဆယ် ကိုယ့်ထုတ်လုပ်ရေးအတွက် မနည်းပြီးအောင် ရေးနေရတယ်။ ခုန ပြောသလို ရှေ့လျှောက် သရုပ်ဆောင် မလုပ်တော့ဘူး၊ ဇာတ်ညွှန်းပဲ ရေးတော့မယ် ဆိုရင် အဓိက,က ဘယ်သူရိုက်မှာလဲ၊ ဘယ်လိုရိုက်မှာလဲ၊ ဘယ်လို Production မျိုးလဲ၊ အဲဒီကိစ္စက ကျွန်တော့်အတွက် အရေးကြီးတယ်။

**ဂီတတွေလုပ်နေရင်းကနေ တကယ့် Professional သရုပ်ဆောင်တစ်ယောက် ဖြစ်လာရမယ်လို့ တွေးခဲ့တာမျိုးရှိလား။**

မုဒြာရဲ့ခေါ်သံ မတိုင်ခင်ထိ Serious Actor ဖြစ်လာမယ်လို့ လုံးဝမထင်ထားဘူး။ US မှာတုန်းက Short Film တွေမှာ သရုပ်ဆောင်ဖူးတယ်။ Music Video တွေမှာ သရုပ်ဆောင်တယ်။ ဒါပေမဲ့ Serious Actor တစ်ယောက် ဖြစ်လာမယ်လို့ကို မထင်ထားတာ။ မုဒြာရဲ့ ခေါ်သံမှာ ပါဝင်ပတ်သက်မှု ရှိလာတယ်။ Acting Workshop မတိုင်ခင်အထိ အဲဒီလောက်ထိ Serious မဖြစ်သေးဘူး။ ကျွန်တော့်ရဲ့ Characterနဲ့ လိုက်လို့ အရွေးခံရတယ်ပေါ့။ ကျွန်တော် သိသလောက်၊ မှတ်သလောက်နဲ့ သရုပ်ဆောင်မယ်ဆိုတာပဲ ရှိတယ်။ Workshop တက်လိုက်မှပဲ ဒီသရုပ်ဆောင်လောကကြီးက ဘယ်လောက်ထိ နက်နဲကြောင်း၊ ဘယ်လောက်ထိ Serious ဖြစ်ကြောင်း တစ်ချိန်တည်းမှာ လုပမှုကြီးကို အကြီးကြီး မြင်လိုက်ရတယ်။ Workshop ပြီးတဲ့အချိန်မှာ ကျွန်တော် တစ်သက်လုံး ကြိုက်ခဲ့တဲ့ သရုပ်ဆောင်တွေ ဘာဖြစ်လို့ သရုပ်ဆောင်ကောင်းလဲဆိုတာကို မြင်သွားနိုင်တယ်။ သူတို့တွေ အဲဒီနည်းနဲ့ သရုပ်ဆောင်တယ်ဆိုတာ ချက်ချင်းမြင်သွားတယ်။ သူတို့နဲ့ နည်းနည်းနီးစပ်သွားတယ်။ ဒီလမ်းကြောင်းလိုက်ရင် သူတို့လို ဖြစ်နိုင်တယ်ဆိုတာ နီးစပ်မှုကြီးတစ်ခု ပိုရသွားတယ်။ အဲဒီမှာ သရုပ်ဆောင်ကို ပိုကြိုက်သွားတာလည်းပါတယ်။

**Workshop မတက်ရဘဲ 'မုဒြာရဲ့ခေါ်သံ' ကို ရိုက်လိုက်မယ်ဆိုရင် သရုပ်ဆောင်ကို စိတ်ဝင်စားနိုင်ပါ့မလား။**

စိတ်တော့ဝင်စားမယ်ထင်တယ်။ ဒါပေမဲ့ မုဒြာ ထဲက Characterဖြစ်တဲ့ ဂျေဒင်ဝီလျံ Characterဒီလောက်ထိ ပီလာမယ်လို့ မထင်ဘူး။ အခုမြင်ရတဲ့ ပီပြင်မှုတစ်ဝက်လောက်တောင် ရချင်မှရမယ်လို့ ကျွန်တော် မြင်တယ်။ မပြောတတ်ဘူး။ အဲဒီလို Workshop တွေ ဘာတွေ မလုပ်ဘဲ ဒီလိုမျိုး ထ,ပေါက်ရင်တော့ မပြောတတ်ဘူးပေါ့။ ဆက်လုပ်ဖြစ်ရင်လည်း ဆက်လုပ်ဖြစ်မယ်။ ဒါပေမဲ့ လုပ်ဖြစ်သွားတာ ကောင်းပါတယ်။ Workshop လုပ်ဖြစ်ပြီး နည်းမှန်လမ်းမှန်သိသွားပြီး တကယ်ထဲထဲဝင်ဝင် ဝင်သွားတယ်။

**ကိုဇော်ခီ အရမ်းရိုက်ချင်တဲ့ပုံစံမျိုးရောရှိလား။**

ရှိတယ်။ ကျွန်တော် အခု ရေးနေတဲ့ Character ထဲမှာ တကယ်ကို စိတ်နှစ်ပြီး ရေးနေတော့ အဲဒီလူကို တော်တော်စိတ်ဝင်စားတယ်။ လုပ်နိုင်ပါ့မလားဆိုပြီး ကိုယ့်ဘာသာ စိုးရိမ်တယ်။ အဲဒါကပဲ ကျွန်တော့်အတွက် စိတ်ဝင်စားဖို့ ပိုကောင်းတယ်။ လုပ်ကြည့်ချင်တာပေါ့။ Challengeက အကြီးကြီးဖြစ်တယ်။ ကြောက်လည်းကြောက်တယ်။ သီဟ ဆိုတဲ့ Character ပေါ့။

**အနုပညာတစ်ခုကို ပုံဖော်မယ်ဆိုရင် စိန်ခေါ်မှုရှိမှ ဒီအနုပညာတစ်ခုက ပိုပြီး ပြောင်မြောက်တယ်လို့ရော ယူဆမိလား။**

ဟုတ်ကဲ့၊ ကျွန်တော့်ရဲ့ ခံယူချက်ကွက်တိပါပဲ။ အနုပညာတစ်ခု ပြောင်မြောက်ဖို့က ရုပ်ရှင်မှာဆိုရင်လည်း Challenge လိုတယ်။ Pressure လိုတယ်။ ကိုယ့်ဘာသာပေးတဲ့ Pressure လည်း ရှိရမယ်။ အဲဒါမရှိရင် ပြောင်မြောက်လာဖို့ အကြောင်းမရှိ



www.burmeseclassic.com

www.burmeseclassic.com

ဘူး။ တစ်ဖွဲ့လုံးကြီး ထမင်းစားရေသောက် ပျော်ပွဲစားသွားသလို ပေးလားဝါးလားနဲ့ ရိုက်ကြမယ်ဆိုရင် ဘယ်လိုမှ ကောင်းမှာမဟုတ်ဘူး။ အဲဒါကြောင့် Pressure လိုကိုလိုတယ်။ ဥပါယ်တံမျဉ်မှာ ကောင်းသွားတယ်။ သက်မွန်တို့ ဝါရင့်ကြီးတွေနဲ့ ကျွန်တော်တို့ အသစ်တွေနဲ့ တွေ့ချိန်မှာ ဘယ်လို Pressure မျိုး ဖြစ်လဲဆိုတော့ တစ်ယောက်နဲ့တစ်ယောက် အထာမသိတဲ့Pressure။ သူ ဘယ်လိုလုပ်မလဲ မသိ၊ ကိုယ်ဘယ်လိုလုပ်မလဲ မသိ ဆိုတဲ့ မသိခြင်းနဲ့ သရုပ်ဆောင်တာက ပိုပြီးကောင်းတယ်။ သိပ်အထာတွေကျနေပြီဆိုရင် သိပ်စိတ်ဝင်စားစရာမကောင်းတော့ဘူး။ ခရစ္စကလည်း သူ့ရဲ့ Direction ပေးပုံလည်း တခြား ဒါရိုက်တာတွေနဲ့ မတူတော့ ဝါရင့်တွေရော၊ အသစ်တွေရောက သူ့ရဲ့ Pressure အောက်မှာပဲ နေနေရတယ်။ သူမကြိုက်ဘူးဆိုရင် မကြိုက်သလောက်၊ မကြိုက်မချင်း ရိုက်တဲ့သူဆိုတော့ ရှုတင်ကိုလာရင် မကောင်းမချင်းလုပ်ရမယ်ဆိုတဲ့ အသိစိတ်ကြီးက ကျောင်းသားတွေလို ဖြစ်သွားရော။ တကယ်ကို Perform လုပ်မှပဲ ဒီနေ့က ပြီးမှာဆိုတော့ အဲဒီ Pressure မျိုးလိုတယ်။ ပျော်ပျော်ကြီး ဘယ်သူမှ မလုပ်သင့်ဘူး။ ဒါပေမဲ့ အလုပ်ပြီးသွားပြီဆိုတဲ့အချိန်မှာတော့ ပျော်ရမယ်။

**ခရစ္စ ဒါရိုက်တာ မလုပ်ရင် ကိုဇော်ခီ သရုပ်ဆောင် ဖြစ်လာဖို့ ရှိလာနိုင်ဦးမလား။**

ခရစ္စ ဒါရိုက်တာမလုပ်ရင်တော့ ကျွန်တော်ဖြစ်လာဖို့ မရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူစ,လိုက်တဲ့ဇာတ်၊ လုပ်ကြည့်၊ လုပ်ကြည့်လို့ ဆိုတဲ့အချိန်မှာ လုပ်ဖြစ်သွားတယ်။ သူ့ကြောင့် လုပ်ဖြစ်သွားတာ။

**နောက်ပိုင်းမှာလည်း သူ့နောက်ကိုပဲ ကိုဇော်ခီ လိုက်တော့မှာပေါ့။**

အခုကတော့ ကိုယ့်ဘာသာတော့ ဖြစ်သွားပြီပေါ့။ သူရှာပေးလိုက်တဲ့ Passion တစ်ခု၊ အစက ကိုယ့်ဘာသာရှိမှန်းမသိတဲ့ဟာကို သူတွန်းချလိုက်လို့ ရေကူးတတ်သွားတာ။ ရေကူးတာကို ကြိုက်သွားတဲ့သဘော ဖြစ်သွားတာပေါ့-လို့ ဇော်ခီက ပြောပေးပါတယ်။

၂၀၁၈ ဩဂုတ်လလောက်မှာ ရိုက်ကူးမယ့် ရုပ်ရှင်ကားအတွက် သရုပ်ဆောင်ပိုင်းရော၊ Workshop အတွက် စိတ်လှုပ်ရှားနေပြီး ပြင်ဆင်မှုတွေလည်း လုပ်ဆောင်ရမယ်လို့ ဇော်ခီက ဆိုပါသေးတယ်။

❑

ဆက်လက်ပြီး ခရစ္စတီးနားခီကို မေးမြန်းဖြစ်ခဲ့ပါတယ်။ ဒါရိုက်တာ ခရစ္စတီးနားခီက ၂၀၁၈ ဩဂုတ်လလောက်မှာ ရိုက်ကူးမယ့် ဇာတ်လမ်းရတာနဲ့ Pre Production ပိုင်းနဲ့ ပြင်ဆင်စရာရှိတာတွေကို ပြင်ဆင်ဖို့ရှိပါတယ်။ ဧပြီလကုန်နဲ့ မေလဆန်းမှာတော့ ဇော်ခီ သရုပ်ဆောင်မယ့် ကြော်ငြာရိုက်ကူးရေးအတွက် လေ့လာဖို့အတွက်ရော၊ ဇော်ခီအတွက်ရော ဆွစ်ဇာလန်ကို သွားရောက်ခဲ့ကြတာ ဖြစ်ပါတယ်။ ဇော်ခီနဲ့ အတူတူ ဇနီးမောင်နှံတွဲပြီး ကြော်ငြာတချို့မှာ သရုပ်ဆောင်ဖို့ ကမ်းလှမ်းတဲ့အခါ ဒါရိုက်တာ တစ်ယောက်အနေနဲ့ ဘယ်လိုပုံစံမျိုးတွေနဲ့ လက်ခံသရုပ်ဆောင် ဖြစ်မလဲ ဆိုတာနဲ့ ခရစ္စကို မေးခွန်းစ,ခဲ့ပါတယ်။

ကြော်ငြာသရုပ်ဆောင်ဖို့ ကမ်းလှမ်းရင် Rule တွေ ရှိတယ်။ Product တိုင်းကို လုပ်ချင်တိုင်း လျှောက်လုပ်လို့တော့ မရဘူးပေါ့။ Facebook ပေါ်မှာ ဈေးရောင်းပေးပါဆိုတဲ့ ပုံစံမျိုးတွေကို အမှန်အတိုင်းပြောရရင် မလုပ်ချင်ဘူး။ ကိုယ့်ရဲ့ အနုပညာလမ်းကြောင်း ပျောက်သွားမှာမျိုး မလုပ်ချင်ဘူး။ ကြော်ငြာလေးတွေ ရိုက်တယ်ဆိုတာ ကလည်း ကိုယ်လည်း စားဝတ်နေရေး ကိစ္စလေးတွေ ရှိတယ်။ နောက်တစ်ခုက အဓိက,က မိဘတွေကိုလည်း ပေးချင်တယ်။ လှူလည်းလှူချင်တယ်။ ကိုယ်လုပ်ချင်တာလေး ကိုယ်လုပ်ချင်တယ်ဆိုရင် ဒီရုပ်ရှင်တစ်ကား၊ တစ်ကားကရတဲ့ ပိုက်ဆံထက်၊ ဒီဟာလေးနဲ့ ကိုယ်လုပ်ချင်တာ လုပ်လို့ ရတယ်။ ၁၀ ခုလောက်ပြောမှ





www.burmeseclassic.com

www.burmeseclassic.com

တစ်ခုလောက်ပဲ ရွေးချယ်လက်ခံတယ်။

**တတိယမြောက် ရိုက်ကူးမယ့် ဇာတ်ကားအတွက် ဘာတွေပြင်ဆင်ထားလဲ၊ ဘယ်လိုဇာတ်လမ်းမျိုးကို သွားချင်လဲ။**

တတိယဇာတ်ကားကတော့ လောလောဆယ် ကိုဇော်ဒီပဲ ရေးနေတယ်။ ရေးပြီးသား တစ်ပုဒ်တော့ ရှိတယ်။ **သီတာ** ဆိုတဲ့ ဇာတ်လမ်း။ အဲဒီဇာတ်လမ်းက အမှန်က ပြီးသွားပြီ။ ဘာဖြစ်လဲဆိုတော့ မြန်မာ့ရုပ်ရှင်ကို အရမ်းပေါက်တဲ့ကားတွေ၊ ကိုယ်ကိုယ်တိုင်ကလည်း ပေါက်တဲ့ကားထဲ ပါသွားတယ်။ ပိုက်ဆံရတယ်၊ ကောင်းတယ်။ ဒါပေမဲ့ ကောင်းတယ်ဆိုပေမဲ့ အချိန်တစ်ခုမှာ ရုံပေါ်ကနေ ဆင်းပေးရတယ်။ ဒီဟာက ဘာ Effect ဖြစ်သွားလဲဆိုတော့ ကိုယ့်ဝင်ငွေက ရပ်တန့်သွားတယ်။ အဲဒါကြောင့် တွက်ရတယ်။ ဒီဟာက ဒီလောက်ပဲ ဝင်တဲ့အတွက် ကြီးကြီးကျယ်ကျယ်နဲ့ ဘတ်ဂျက်များများနဲ့ ရိုက်ရင် ငါ ပိုက်ဆံပြန်ရှာနိုင်ပါ့မလားဆိုတာကို ဒါရိုက်တာတစ်ယောက်အနေနဲ့ တွေးစရာမလိုဘဲ Production ပိုင်းရဲ့ Producer အနေနဲ့ရော၊ CEO အနေနဲ့ရော ဒီတာဝန်တွေကို ယူလိုက်ရတယ်။ **သီတာ** လို ဇာတ်ကားမျိုးက ဘတ်ဂျက် ၅၀၀၀ လောက် ထုတ်ချင်တယ်။ သူက ခေတ်လွန်ကားဖြစ်သွားတယ်။ အိမ်အပြင်အဆင်၊ Music, အဝတ်အစားကအစ ကိုယ့်ဘာသာ ထွင်ချင်တယ်ဆိုရင် ပိုက်ဆံက လိုလာပြီ။ အခု မြန်မာ့ရုပ်ရှင်ရိုက်ရတာက ရှိတဲ့အိမ်၊ ရှိတဲ့ Product လေးနဲ့ပဲ လှအောင်ရိုက်ရတယ်။ လိုတာတွေ ဝယ်ခြမ်းရမယ်၊ နောက်ဆုံး ခုံတွေကအစ ပြင်ဆင်ချင်တယ်။ ကိုယ်ကိုယ်တိုင် ပိုက်ဆံထုတ်ပြီး လုပ်ရမယ်ဆိုရင် ငွေတစ်ခုက လိုလာပြီ။ CG Work တွေပါပြီဆိုရင် ကောင်းကောင်းမွန်မွန်လိုချင်ရင် ပိုက်ဆံကုန်ပြီ။ ဒီပိုက်ဆံကုန်လို့ထားပါတော့ ၅၀၀၀၊ ၆၀၀၀ ဖြစ်သွားပြီဆိုရင် အဲဒီငွေကို ငါ့ရဲ့ Partner တွေကို ပိုက်ဆံ ပြန်ရှာပေးနိုင်ပါ့မလား ဆိုတဲ့အတွေးတစ်ခုတည်းနဲ့ **သီတာ** ဆိုပြီး ရဲရဲ မဆုံးဖြတ်ရဲဘူး။ အဲဒါကြောင့် နောက်တစ်ပုဒ် ထပ်ရေးပေးပါဆိုပြီး ရေးခိုင်းထားတာ။ ကိုယ်တိုင်ရေးနေတာကတော့ Culture နဲ့ ပညာရေးဆက်နွယ်နေတဲ့ ကွမ်းတောင်ကိုင်တစ်ခုတော့ ရှိတယ်။ အမှန်အတိုင်းပြောရရင် ကိုယ်ကိုယ်တိုင် သိပ်အားမရတော့ ရှေ့မတိုးနိုင်ဘူး ဖြစ်နေတယ်။ အချိန်ကလည်း အခုနောက်ပိုင်း သိပ်မရှိတော့ သိပ်မရေးနိုင်ဘူး။ အဲဒါကြောင့် လောလောဆယ် တစ်ကားကတော့ လုံးဝ ရိုက်မယ်ဆိုရင်တော့ အချစ်ကားပဲ ဖြစ်မလား မသိဘူး။ အချစ်ကားကတော့ ပိုက်ဆံအများကြီး ထုတ်စရာမလိုတော့ Direction က အဲဒီဘက်ကို ရောက်နေတယ်။

**ခရစ္စအနေနဲ့ ကိုဇော်ဒီသာ သရုပ်ဆောင် မလုပ်ခဲ့ရင် ဒါရိုက်တာအနေနဲ့ ဖြစ်လာမယ်လို့ ပြောလို့ရမလား။**

သူ မရိုက်လည်း ဖြစ်လာမယ် ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်က အစောကြီးကတည်းက အမှန်အတိုင်းပြောရရင် ဒီဒါရိုက်တာသင်တန်းကို တက်တော့မယ်ဆိုတော့ ကိုဇော်က သရုပ်ဆောင် မဟုတ်ဘူး။ သရုပ်ဆောင်တွေဘာတွေ ဝါသနာပါတယ်လို့လည်း တစ်ခါမှ မပြောဖူးဘူး။ သီချင်းဆို၊ ရေး၊ တီးတယ်။ သူ့ကျောင်းကလည်း အဲဒါတွေပဲ လုပ်နိုင်းတယ်။ ကိုယ်က ဒီကောလိပ်ကို စ,တက်တဲ့အချိန်မှာ ဘာဖြစ်သွားလဲဆိုတော့ ဒီပရောဂျက်တွေ လုပ်တဲ့အချိန်မှာ ကိုယ့်ပစ္စည်းတွေကို မသယ်နိုင်ဘူး။ အဲဒီမှာ သူက လိုက်သယ်ပေးတော့ ကိုယ့်အဖွဲ့သားတွေက၊ Film School က ဒါရိုက်တာတွေကရော သူ့ကို ရိုက်နိုင်းလိုက်တာမဟုတ်ဘူးလို့ ပြောတယ်။ အဲဒီကနေ ပိုးကို စ,သွင်းပေးလိုက်တယ်လို့တောင် ပြောလို့ရတယ်။ ရိုက်ကြည့်ပါလားလို့ ပြောတော့ ဘာတွေ လုပ်ခိုင်းနေတာလဲလို့တောင် ပြောတယ်။ တစ်ခါမှလည်း မလုပ်ဖူးဘူး။ စိတ်လည်း မဝင်စားဘူးတဲ့။ ငါတို့ ဒါရိုက်တာတွေမှာ ရုပ်တစ်ခုက ကာရိုက်တာတစ်ခုရှိနေတဲ့အတွက် ဒီ Character လေးတွေ စ,လုပ်ကြည့်ပါလားဆိုတာနဲ့ ဟို Short Film လေးခေါ်၊ ဒီ Short Film လေးခေါ်ရင်းကနေ ရိုက်ဖြစ်တယ်။ သူ့ကြောင့် ကိုယ်ဒါရိုက်တာ ဖြစ်လာတာတော့ မဟုတ်ဘူးပေါ့နော်။ ဒါပေမဲ့လည်း ဒါရိုက်တာဖြစ်သွားအောင် တောက်လျှောက် မညည်းမညူ ပံ့ပိုးပေးတာကတော့ သူပဲပေါ့။

**'မုဒြာ' ရော၊ 'ဥပါယ်တံမျဉ်' ရော သူ သရုပ်မဆောင်ဘူးဆိုရင်ရော...။**

သူသရုပ်မဆောင်ဘူးဆိုရင် တခြားတစ်ယောက်ဖြစ်မယ်ထင်တယ်။ မုဒြာရဲ့ ခေါ်သံ တုန်းက သူ့ကို Mona ကတော့ ပြောတယ်။ ဦးရဲမင်းနဲ့လည်း ခေါ်တွေ့လိုက်တဲ့အချိန်တုန်းကလည်း သူ့ကို မြင်ဖူးလိုက်တော့ သူနဲ့လည်း လိုက်တယ်။ သူ့ကို ပေးချင်ပေးလိုက်လို့တော့ ပြောတယ်။ အိမ်မှာကျ ဘယ်လိုပြောလဲဆိုတော့ လူတိုင်း Chance ရှိရမယ်၊ Casting ကို ခေါ်ပါဆိုပြီး သူက စ,ပြောတယ်။ Casting ကိုခေါ်၊ အဲဒီကို ငါလည်းလာခဲ့မယ်။ Casting လုပ်ရတယ်ဆိုတဲ့ အကျင့်က လူငယ်တွေကြားထဲကို ရောက်ကိုရောက်သွားစေချင်တယ်။ ရောက်သွားဖို့အတွက်ကို ငါတောင်မှ ဒီလိုလာခဲ့ရတယ်ဆိုရင် ဒါ ထွက်လာကြမယ်။ လာတဲ့အချိန်မှာ Mona လောက်ပဲ သိတာ။ သူ့ဆရာတွေက မသိဘူး။ ကျန်တဲ့သူတွေကလည်း သူ့ကို မသိချင်ဆောင်ပြီး နေခဲ့တာ။ သူများတွေလိုပဲ ရေတစ်ဘူးပေးထားလို့ ရေတစ်ဘူးနဲ့ စောင့်ရမယ်ဆို အခန်းထဲမှာ သူများတွေနဲ့အတူ စောင့်တယ်။ အဲဒီတုန်းက သူ မရိုက်လည်း ကိုယ်က ဆက်ရိုက်ရမှာပဲပေါ့။


**ဇာတ်ကားနှစ်ကား စလုံးမှာ သူသရုပ်ဆောင်ပြ တော့ သူ့ရဲ့သရုပ်ဆောင်မှုနဲ့**



www.burmeseclassic.com

www.burmeseclassic.com





ပတ်သက်ပြီး သရုပ်ဆောင်တစ်ယောက်အနေနဲ့ ယုံကြည်တယ်ဆိုတာထက် အမျိုးသား၊ ခင်ပွန်းတစ်ယောက်အနေနဲ့ ယုံကြည်တယ်ဆိုတာမျိုး ပါဦးမလား။

အမှန်အတိုင်း ပြောရရင် အမျိုးသားတစ်ယောက်အနေနဲ့ ဖြစ်စေချင်တဲ့စိတ်ကတော့ ရှိတာပေါ့။ မိန်းမတစ်ယောက်အနေနဲ့ သရုပ်ဆောင်ဖြစ်စေချင်တယ်။ အမှန်အတိုင်း ပွင့်ပွင့်လင်းလင်းပြောရရင် ကိုယ့်လောက်နဲ့တောင် မဟုတ်ဘူး။ ကမ္ဘာကျော်ဒါရိုက်တာကြီးတွေ လက်ထဲကို ရောက်သွားစေချင်တာ။ ဒါက မိန်းမတစ်ယောက်ရဲ့ ခံစားချက်၊ အဲဒီလိုဖြစ်သွားရင်လည်း ကိုယ်နဲ့လည်း ရိုက်မှာမဟုတ်တော့ဘူးဆိုတာ သိတယ်။ ကိုယ့်အဆင့်နဲ့ သူတို့အဆင့်က ကွာတယ်လေ။ ဒါပေမဲ့ ဒါရိုက်တာ တစ်ယောက်အနေနဲ့ ပထမဦးဆုံး Short Film တွေ ရိုက်ဖူးတယ်။ သူသရုပ်ဆောင်တဲ့ကားကြီးတွေလည်း မထွက်လို့သာ ရှိခဲ့တယ်။ နိုင်ငံခြားက လာတဲ့ Project တွေမှာ၊ Feature Film တွေမှာ ခေါင်းဆောင်မင်းသားအနေနဲ့ ပါခဲ့ရတာတွေ ရှိတယ်။ အမှန်အတိုင်း ပြောရရင် အရမ်းကြီး မကြိုက်ဘူး။ မုဒြာရဲ့ခေါ်သံ မှာ ဒီ Role ကိုရပြီး ဆရာနဲ့ Train ပြီးတဲ့အချိန်၊ ပြန်လာတဲ့အချိန် မော်နီတာထဲမှာ တွေ့လိုက်ရတော့ သူ ဇာတ်ခိ လုံးဝ မဟုတ်တော့ဘူးဆိုတာ သိလိုက်တယ်။ မင်းထက်ဘက် ရောက်သွားတော့ မင်းထက် ဖြစ်သွားတယ်။ အလုပ်လုပ်တဲ့အချိန်ကျရင် Serious ဖြစ်တာရယ်၊ တစ်ဖွဲ့လုံးနဲ့ တည့်အောင်ပေါင်းတယ်။ အချိန်အရမ်းမှန်တယ်။ Character ကို သူ ဘယ်လောက်ပြင်ဆင်လဲဆိုတာ အိမ်မှာ အတူတူနေတဲ့ မိန်းမတစ်ယောက်ဆိုတော့ မြင်ရတယ်။ လနဲ့ချီပြီး ဒီ Character ထဲဝင်တော့မယ်ဆို ကိုယ့်ကိုတောင် စကားကောင်းကောင်း မပြောတော့ဘူး။ Serious ဖြစ်တာမြင်တော့ ဒါရိုက်တာ



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်အနေနဲ့ ကိုယ့်ကားရဲ့ အောင်မြင်မှုကို အများကြီး ပံ့ပိုးပေးတယ်ပေါ့။

**တတိယမြောက် ရုပ်ရှင်ဇာတ်ကား ရိုက်ကူးဖို့လည်း စီစဉ်နေပြီဆိုတော့ မြန်မာနိုင်ငံရဲ့ အနုပညာလမ်းကြောင်းပေါ်ကနေ သွေဖည်ပြီးတော့ မသွားတော့ဘူးလို့ ပြောလို့ရမလား။**

အဲဒါကတော့ မပြောင်းဖို့က ပိုကျိန်းသေသွားပါပြီ။ အမှန်အတိုင်း ပွင့်ပွင့်လင်းလင်းပြောရရင် ဒီကိုးနှစ်ခွဲကာလမှာ ကိုယ်လုပ်နေတာ ဟုတ်ရဲ့လား၊ ကိုယ်လာခဲ့မိတာ မှားသွားပြီလားဆိုတဲ့ စိတ်ကတော့ လူ့သဘာဝမှာ ရှိတယ်။ ဘာကြောင့်လဲဆိုတော့ ကိုယ်က မိဘတွေလည်း ထားခဲ့ရတယ်။ မိဘတွေကို ဘာမှမပေးနိုင်တော့ဘူး။ ကန်တော့လည်း မကန်တော့နိုင်တော့ဘူး။ တူတွေ၊ တူမတွေရှိတယ်။ ဘာမှ မပို့နိုင်တော့ Happy Birthday တောင် မလုပ်ချင်တော့တဲ့စိတ်တွေဖြစ်ရတယ်။ နောက်ဆုံး ကိုယ့်ကလေးကို လူတမ်းစေ့မထားနိုင်ဘူး။ လင်မယားနှစ်ယောက် အပြင်ထွက်လို့ ကားတွေဘာတွေ တိုက်မလိုဖြစ်ရင် ဒီကလေးတော့ ဒုက္ခရောက်တော့မယ်၊ ဘယ်သူ့အိမ် တက်နေရမှာလဲ စိတ်ကရှိတယ်။ ဘာမှ မချန်ထားခဲ့နိုင်တာကိုးနော်။ ရင်ဆိုင်ခဲ့ရတုန်းကတော့ ငါလျှောက်ခဲ့တဲ့လမ်းက ဟုတ်ရောဟုတ်ရဲ့လား။ ပရိသတ်ကရော ငါ့ကားတွေကို ရုံတင်ပြရင် ကြိုက်ရောကြိုက်ပါ့မလား ဆိုတဲ့ သောကတွေရှိခဲ့တယ်။ လက်ရှိအနေအထားမှာ ကိုယ့်ရင်ဘတ်နဲ့ရင်းပြီး ကြိုက်လို့ ချပြတဲ့ အနုပညာကို ပရိသတ်က ကြိုက်ပါတယ်ဆိုတော့ ဘယ်လိုပဲဖြစ်ဖြစ် ရင်ဘတ်ချင်းနီးပါတယ်ပေါ့နော်။ နောက်ကားတွေလုပ်ဖို့ ခွန်အားဖြစ်သွားတာပေါ့။

**မြန်မာနိုင်ငံရဲ့ ရုပ်ရှင်ဈေးကွက်ထဲမှာ ပြသမယ့် ရုပ်ရှင်ဇာတ်ကားနှစ်ကားအတွက် ဘယ်အချိန်မှာ ဘယ်လို ပရိုမိုးရှင်းဆင်းရမယ် ဆိုပြီး အချိန်ကိုက်စီစဉ်ခဲ့တာမျိုးတွေ ရှိမလား။**

Plan တွေချတယ်။ ရုပ်ရှင်ရုံတွေကိုတော့ ပြောထားတယ်။ ၂ လလောက်ကြိုပြောပါ။ Web Plan တွေလုပ်တတ်တယ်လို့ ပြောပေမဲ့ ရုပ်ရှင်ရုံတွေလည်း နည်းတော့ ပြမယ့်ရုံရက် ခက်ကြတယ်။ အဲဒီတော့ နှစ်ပတ်ပဲ ကြိုသိလိုက်ရတယ်။ နှစ်ပတ်မှာ ဘယ်နေ့ကတော့ Red Carpet, ဘယ်နေ့က ဘာပွဲ၊ ဘာပွဲဆိုပြီး ချထားတယ်။ ညတိုင်းမှာတော့ Accountant က Partanerနဲ့ ကိုယ်တွေကို မုဒြာ မှာဆိုရင် သုံးဦးစပ်ဖြစ်သွားတယ်။ Accountant က ဒီ Amount, ဒီ Amount ဆိုပြီး ပို့တာကို ခရစ္စက အမြဲတမ်းစစ်တယ်။ ပွိုင့်တွေကို အမြဲလေ့လာရတယ်။ ပွိုင့်တွေက ကျသွားပြီလား၊ ပရိသတ်ကလည်း တစ်ခါတလေ မအားတာရယ်၊ သင်္ကြန်ကျပြီဆိုရင် သင်္ကြန်ကြောထဲကို ရောက်သွားရင် ရုံတွေမှာ မရှိဘူး။ ဇာတ်ကားအသစ်တွေကလည်း အပတ်တိုင်းရှိတယ် ဆိုတော့ ဒီဟာရဲ့ စိတ်ဝင်စားမှုလျော့သွားတဲ့ အခြေအနေမှာ အမြဲတမ်း တစ်ခုခုကို ပြန်လုပ်နိုင်အောင်၊ Page မသေသွားအောင်၊ နောက်တစ်ခုက မြန်မာ့ရုပ်ရှင်က ရုံက အရမ်းနည်းတယ်။ နည်းရတဲ့ကြားထဲမှာ နှစ်ကားစလုံးကို ရုံရတာနည်းတဲ့ သူတွေထဲမှာ ကိုယ်လည်းပါတယ်။ ရတဲ့တစ်ဝက်မှာမှ နယ်ရုံအချို့မှာ တစ်ရက်မှ တစ်ပွဲပဲ ပြရတာတွေရှိတယ်။ တချို့မှာ ၃ ရက်တည်းပြပေးရတာတွေ ရှိတယ်။ မုဒြာ ဆိုရင် Paradiso ရုံမှာ ပထမဆုံးအပတ်ဆိုရင် နှစ်ရုံပဲရတယ်။ ဒုတိယပတ်၊ တတိယပတ်တွေမှ ရတာ ရှိတယ်။ သူတို့ပေးတာကို ကျေကျေနပ်နပ်နဲ့ ယူရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကားတိုက်တွေရှိနေတာကိုး။ ကျေနပ်အောင် ယူရတဲ့အပြင် ဒုတိယပတ်၊ တတိယပတ်ဖြစ်တော့ ဘာ နစ်နာလဲ ဆို တော့ Percentage နစ်နာတယ်။ ကိုယ်က ပထမပတ် ပြရတယ်။ သူတို့ရဲ့ မြန်မာ့ရုပ်ရှင်လောကရဲ့ အနေအရ ဒုတိယပတ်တွေ၊ တတိယပတ်တွေဖြစ်သွားတော့ Percentage အခွဲတွေမှာ အများကြီးနစ်နာတာတွေရှိတယ်။ နစ်နာတဲ့အခါကျတော့ လိုချင်တဲ့ Amount တစ်ခုကို မရနိုင်ဘူးဆိုရင် နိုင်ငံခြားဘက်ကို ဘယ်နေရာကို ထွက်မလဲ။ ထွက်ရင် ဘယ်လိုပုံစံနဲ့ ထွက်ရင် ငါတို့ ပိုက်ဆံပိုရနိုင်မလဲ ဆိုတာ၊ အဲဒါတွေပါ Plan ချရတယ်။ Market ကို မရ၊ ရအောင်ချဲ့ရတော့တာပေါ့။ အမှန်အတိုင်းပြောရရင် လူလည်း ခရီးတွေထွက်ပြီး အရမ်းလုပ်ရတဲ့ အတွက် Marketing ပိုက်ဆံအရမ်းကုန်တယ်။ လူလည်း ပင်ပန်းတယ်။ ဒါပေမဲ့ ဘာကိုတွက်ပြီး လုပ်နေရတာလဲဆိုတော့ ဒီတစ်ကားရဲ့ ပရိသတ်စိတ်ဝင်စားမှုသည် နောက်ထပ်ကားအတွက် အကျိုးရှိကိုရှိစေတယ်ဆိုတာဖြစ်သွားအောင် ဒီလို Market ချဲ့တဲ့နည်းနဲ့ လုပ်နေရတာပေါ့။

**စီးပွားရေးနဲ့ အနုပညာကို တစ်ပြိုင်နက်တည်း ခရစ္စလုပ်နေတာပေါ့။**

ဟုတ်တယ်၊ အမှန်အတိုင်းပြောရရင် စီးပွားရေးကို စိတ်မဝင်စားဘူး။ မေမေက စီးပွားရေးလုပ်ငန်းကို အရမ်းဝါသနာပါပြီး လုပ်တဲ့သူ၊ အရင်တုန်းကဆိုရင် ဘယ်လောက်ထိ တွေးထားလဲဆိုတော့ ဘယ်သူနဲ့မှ စကားမပြောဘဲ စာပဲရေးတဲ့ အေးဆေးနေရတဲ့ဘဝကို ရွေးချယ်ချင်တယ်။ ဒါပေမဲ့ Central Base Production ကိုလုပ်ပြီး ကိုယ်ကိုယ်တိုင် ဦးစီးရလဲဆိုတော့ အနုပညာလမ်းကြောင်းလွဲသွားမှာကို အရမ်းကြောက်တယ်။ သူများတွေ ထုတ်လုပ်ရေးမှာ အလုပ်လုပ်ရပြီး ကိုယ်လိုချင်တဲ့ Quality မျိုးရဖို့၊ Fight ဖို့ဆိုတာ အရမ်းခက်တယ်။ ဘတ်ဂျက်ထုတ်တာကအစ ခက်တယ်။ ကိုယ့်ထုတ်လုပ်ရေးနဲ့ကိုယ်မို့ ဒီလိုMarketing တွေကို ဘယ်လောက်သုံးမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကို ချတဲ့နေရာမှာ Effect ဖြစ်တယ်။ သူများကို ထုတ်ခိုင်း

www.burmeseclassic.com

www.burmeseclassic.com

တယ်ဆိုရင် ၁၀၀ ထုတ်ချင်မှ ထုတ်မှာ။ ကိုယ်လုပ်ချင်တဲ့ ပွဲတွေဆိုရင်လည်း ကားကို ဘယ်လိုမျိုးနဲ့မှ မင်းသား၊ မင်းသမီးကို ခေါ်ချင်တယ်ဆိုလည်း ဒါက ပိုက်ဆံပဲ။ များသောအားဖြင့် မထုတ်ချင်ကြတာများတယ်။ ကိုယ်လုပ်ချင်တဲ့အလုပ်ကို လုပ်ရဖို့ ဒီရာထူးကို သွားယူလိုက်တယ်။ စီးပွားတစ်ခုက ကိုယ့်ခေါင်းပေါ်ရောက်လာပြီ။ လုပ်ငန်းတစ်ခုက ရှုံးနေရင် ကိုယ့်ဩဇာ လုံးဝမသြောင်းတော့ဘူး။ ကိုယ်လုပ်ချင်တဲ့ အနုပညာအလုပ်ကလည်း လုပ်ချင်သလိုဖြစ်လာမှာ မဟုတ်ဘူး။ အဲဒီအတွက် ကိုယ်သည်လည်း သူတို့ အမြတ်အစွန်းရအောင် ရှာပေးနိုင်ရမှာပေါ့။

**ဒီလို Plan တွေဆွဲခဲ့လို့ ဇာတ်ကားနှစ်ကား အောင်မြင်မှုက ရလာတာလို့ ပြောလို့ရတာပေါ့နော်။**

ပြောလို့ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံတကာမှာလည်း Marketing Strategy က ရှိကြတယ်။ နိုင်ငံခြားက တကယ့်စူပါစတားတွေလည်း ဘယ်လောက်ပဲ အလုပ်များနေ၊ များနေ ပွဲတက်ကြတယ်။ သူတို့ Page တွေကနေ ကြော်ငြာကြတယ်။ ဒါတွေနဲ့ပဲ ပရိသတ် စိတ်ဝင်စားမှု များလာမယ်။ မြန်မာနိုင်ငံမှာ ရုပ်ရှင်ရုံနဲ့ ဝေးနေတဲ့သူတွေ အများကြီးပဲ။ ဒီလိုကားလေးတွေရှိနေပါလားဆိုတဲ့ အချိန်မှာ ထွက်လာကြည့်တဲ့သူတွေ ရှိတယ်။ တချို့တွေကလည်း Personaly လာကြည့်ပြီးမှ ဒီမင်းသားကို သဘောကျတယ်ဆိုပြီး လာကြည့်တဲ့သူတွေလည်း ရှိတယ်။ Marketing ကိစ္စတွေက လိုကိုလိုတယ်။ Marketing ဆိုတဲ့နေရာမှာ သူများလုပ်သလို ထပ်ကာထပ်ကာ လုပ်လို့မရဘူး။ ကိုယ်က အနုပညာဆန်ရတယ်။ Strategy အသစ်တွေကိုလည်း စဉ်းစားရတယ်။

**အခု ခရစ္စကိုယ်တိုင်ရေးတဲ့ "ကွမ်းတောင်ကိုင်" ဇာတ်လမ်းက ဘယ်လိုပုံစံ၊ ဘယ်လိုဇာတ်လမ်းမျိုးဖြစ်မလဲ။ ရိုက်ဖို့ စီစဉ်ထားပြီလား။**

ရေးတော့ရေးထားတယ်၊ မပြီးသေးဘူး။ ကွမ်းတောင်ကိုင်က Culture က အရေးကြီးတယ်။ Culture ဘက်ကို အရမ်းလိုက်ပြီး မိန်းကလေးဆိုတာ ပညာရေးကို လက်လျှော့စရာမလိုဘူးဆိုတာကို မီးမောင်းထိုးပြချင်တဲ့ကားမျိုး။ မုဒြာ ဆိုရင် မြန်မာမိန်းကလေးရဲ့ Culture ကို အတိအကျပြလိုက်တာ။ တချို့နယ်တွေမှာ မိန်းကလေးတွေကို သေစာရှင်စာဖတ်တတ်ရင် တော်ပြီဆိုတာမျိုးတွေ၊ နောက်တစ်ခုက မိန်းကလေးတွေကို Society တစ်ခုလုံးက သိပ်ပြီး ရည်ရွယ်ချက်ကြီးကြီး မရှိစေချင်တာတွေလည်း အမြဲကြားရတယ်။ အဲဒါက ဘာလဲဆိုတော့ မိန်းကလေးပဲ၊ အဲဒါကိုမလုပ်နဲ့တော့၊ တော်ပြီ။ ရွာတွေဘက်ဆို ကွမ်းတောင်ကိုင်ပြီးရင် လင်ကောင်းသားကောင်းရဖို့ဆို ရပြီ၊ မိန်းမဆိုတာ အိမ်ထောင်ကောင်းကောင်းကျသွားပြီးတာနဲ့ ဘဝတစ်ခုက မပြီးသင့်ဘူး။ မိန်းကလေးတစ်ယောက်မှာ သူလုပ်ချင်တဲ့၊ သူဖြစ်ချင်တဲ့အရာတွေ ရှိရမယ်။ အဲဒါကြောင့် ရဲရဲရင့်ရင့် ဖြစ်စေချင်လို့ ပညာရေးဘက်ကို မီးမောင်းထိုးပြတဲ့ ဇာတ်ကားမျိုး၊ ဒီလိုပြောလို့လည်း ကိုယ့်ရပ်ရွာမှာ ရှိနေတဲ့ ဓလေ့ကို ကန့်ကွက်စရာမလိုဘူး။ ဒီဓလေ့တွေ ပျောက်စရာမလိုသလို ကိုယ့်ရိုးရာကို ထိန်းသိမ်းပြီး ရည်ရွယ်ချက်ကြီးကြီးထားလို့ရတယ်။ အဲဒီလိုကားမျိုး။ အဲဒါက ရေးနေတုန်း၊ ရိုက်ဖို့စီစဉ်တဲ့အထဲမှာတော့ မပါသေးဘူး။ ရိုက်တာက ရိုက်ချင်တယ်။ ရွာတွေဘာတွေကို ကျကျနန သေချာဆောက်ပြီး ရိုက်ချင်တယ်။

**ကွမ်းတောင်ကိုင်က လည်း မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံဖြစ်တော့ ခရစ္စ ရိုက်မယ့်ကားတွေက မြန်မာ့ Culture ဘက်ကိုပဲ ဦးစားပေးရိုက်ဖြစ်မှာလား။**

မြန်မာ Culture ကို နှစ်သက်တယ်။ အမြဲတမ်း မြန်မာနဲ့ပတ်သက်တဲ့ ကားပဲ ရိုက်မယ်လို့ ဆုံးဖြတ်ထားတယ်။ ဘာပဲလုပ်လုပ် မြန်မာ့အငွေ့အသက် ပါကိုပါရမယ်။ ဘယ်လောက်ပဲ ဘိုဆန်နေတဲ့ ကားဖြစ်ဖြစ် မြန်မာနိုင်ငံမှာ ဖြစ်နေတဲ့ ပြဿနာလေးတစ်ခုဖြစ်ဖြစ်၊ ကောင်းတဲ့အရာလေးတစ်ခုပဲဖြစ်ဖြစ် ပါချင်တယ်။ ဥပါယ်တံမျဉ် ဆိုရင်လည်း မြန်မာနိုင်ငံမှာ ရှိတဲ့ ပရဟိတကလေးတွေရဲ့ အကြောင်းကို မီးမောင်းထိုးပြသလို ကွမ်းတောင်ကိုင်က လည်း ဒီလိုဓလေ့က မြန်မာနိုင်ငံမှာပဲရှိတာ၊ နိုင်ငံခြားကားလည်း မရိုက်ချင်ဘူး။ ကိုယ့်နိုင်ငံရဲ့ ကိုယ့်ဓလေ့ကိုပဲ ရိုက်ချင်တယ်။

**ကိုယ့်နိုင်ငံဓလေ့တွေ ရိုက်တော့ ပြည်ပနိုင်ငံရဲ့ ရုပ်ရှင်ပွဲတော်တွေ သွားတဲ့အခါ အခွင့်အလမ်းတစ်ခုတော့ ရှိတာပေါ့။**

ဟုတ်တယ်။ အမြဲတမ်း ဘယ်သူနဲ့တွေ့တွေ့ ပြောလေ့ရှိတာရှိတယ်။ International Market မှာ ကိုယ်က Beginner အဆင့်ပဲရှိပါသေးတယ်။ သူတို့ရုပ်ရှင်ကားတွေနဲ့ ယှဉ်ကြည့်ရင် အရမ်းကောင်းတယ်။ ဇာတ်ညွှန်းခွဲတာတွေလည်း တော်တယ်။ အားလည်းကျတယ်။ ကိုယ့်အဆင့်မရောက်သေးဘူးဆိုပေမဲ့လည်း ကိုယ့် Ultimate ဆိုတာရှိတယ်လေ။ ဖြစ်ခွင့်ရတယ်၊ မရဘူးဆိုတာတော့ မပြောတတ်သေးဘူး။ အဲဒီအဆင့်ရောက်အောင် ကြိုးတော့ကြိုးစားချင်တယ်။

တတိယမြောက် ရုပ်ရှင်ဇာတ်ကားအတွက် ပါဝင်သရုပ်ဆောင်မယ့် သရုပ်ဆောင်တွေကို မရွေးချယ်ရသေးပေမဲ့ ဩဂုတ်လကုန်ပိုင်းလောက်မှာ Indoor Scene တွေကို စတင်ရိုက်ကူးဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။ အချစ်ဇာတ်ကားတစ်ကားဖြစ်ပေမဲ့ ပါဝင်မယ့်သရုပ်ဆောင်တွေအတွက် သရုပ်ဆောင်မှုပိုင်းတွေကို ဆရာတွေနဲ့ သေချာပြင်ဆင်ဦးမှာဖြစ်ပြီး ဇာတ်ကားအတွက် အချိန် ၆ လလောက် အနည်းဆုံးယူ ရိုက်ကူးပြင်ဆင်သွားမယ်လို့ သိရပါတယ်။

■

**ခင်လေးမြင့်**



www.burmeseclassic.com

www.burmeseclassic.com





ဒါရိုက်တာဂျိုး ရိုက်ကူးတဲ့ ရုပ်ရှင်၊ ဗီဒီယိုကားများမှာ လူမင်းက တော်တော်များများ ပါဝင်သရုပ်ဆောင်ဖြစ်ပါတယ်။ ဒါ့အပြင် လူမင်း၊ ရန်အောင်တွဲပြီးတော့လည်း ရှေ့ပိုင်းမှာ Zero ဗီဒီယိုဇာတ်ကား ရိုက်ကူးထားပါတယ်။ အခု တစ်ဖန် Cover လို့ အမည်ပေးထားတဲ့ ရုပ်ရှင်ဇာတ်ကားမှာ ရန်အောင်၊ လူမင်းအတွဲကို ဂျိုးက ထပ်မံရိုက်ကူးသွားမှာဖြစ်လို့ Cover ကို လက်ခံရိုက်ကူးဖြစ်တာနဲ့ ပတ်သက်ပြီး လူမင်းကို မေးကြည့်ဖြစ်ခဲ့ပါတယ်။

# အက်ရှင်ကားဆိုတာ ပံ့ပိုးမှုကောင်းမှ ရုပ်လုံးကြွတာပါ

## လင်းနိုင်ဦး

ကိုလူမင်းက ‘Cover’ ကို ဘာလို့ လက်ခံရိုက်ကူးဖြစ်တာလဲ။ ဂျိုးနဲ့ ကိုလူမင်း၊ ကိုရန်အောင်နဲ့ ကိုလူမင်းနဲ့ ရှေ့မှာလည်း ရိုက်ကူးခဲ့သေးတယ်နော်။

ဟုတ်ပါတယ်၊ ရှေ့က ရိုက်ကူးခဲ့ဖူးတဲ့ ကားအမျိုးအစားတွေပုံစံပါပဲ။ ဂျိုးရဲ့ လက်ရာကိုက အက်ရှင်ပဲလေ။ Zero တုန်းက ဗီဒီယိုပါ။ အခုတော့ ရုပ်ရှင်ကားကြီးဖြစ်တဲ့အတွက် ကိုဂျိုးမိတ်ဆက်ပွဲအခမ်းအနားမှာ ပြောသွားသလို တေးဂီတပိုင်း ပံ့ပိုးမှုတွေ၊ ရိုက်ကွင်း Location တွေ၊ ရိုက်ကွင်းပေါ်မှာ လိုအပ်တဲ့ အသုံးအဆောင်ပစ္စည်း ပံ့ပိုးမှုအပိုင်းကိုတော့ ကျွန်တော် အားရတယ်။ အက်ရှင်ကားဆိုတာ ပံ့ပိုးမှုကောင်းမှ ရုပ်လုံးကြွတာပါ။ အဲဒီလို ပံ့ပိုးမှုတွေနဲ့ ရိုက်ရမှာဖြစ်လို့ အရင်ကားတွေထက် ပိုပြီး အားရပါတယ်။

ပံ့ပိုးမှုတွေအပြင် ကြိုတင်ပြင်ဆင်မှုတွေလည်း အများကြီးလုပ်ထားတယ်နော်။ ဒါ့အပြင် ပိုစတာကိုတောင် ကြိုရိုက်ထားတယ်နော်။

ဟုတ်ပါတယ်။ ကြိုတင်ပြင်ဆင်မှု အများကြီးလုပ်ထားပါတယ်။ အခုခေတ်မှာက အက်ရှင်ကားမှ မဟုတ်ပါဘူး။ ဘာကားပဲရိုက်ရိုက်၊ ဘယ်ကားပဲဖြစ်ဖြစ် သေသေချာချာ ဂရုတစိုက် ပိုအာရုံစိုက်ပြီးတော့ အမှားနည်းသထက်နည်းအောင် အားလုံးကြိုးစားနေကြတဲ့အချိန်ဆိုတော့ အက်ရှင်ကားဆိုတာ အက်ရှင်လို့ပြောထားတဲ့အတိုင်း အားနည်းချက်တွေ၊ လိုအပ်ချက်တွေ တခြားကားတွေထက် ပိုများမယ်ဆိုတော့ ပိုပြီးတော့ ကြိုတင်ပြင်ဆင်ရတယ်။ ဒီကားအတွက် ကျွန်တော်တို့ ပြင်ဆင်တာဖလ

www.burmeseclassic.com

www.burmeseclassic.com



လောက်ရှိပါပြီ။

**အက်ရှင်ကားမှာ ဗိုက် တင်က လိုတဲ့နေရာမရောက် ရင် ဘယ်လိုအားနည်းချက် တွေ ဖြစ်သွားမလဲ။**

ရုပ်ရှင်ဆိုတာကတော့ ဘာပဲပြောပြော အတုလုပ်တာ ပါပဲ။ အားနည်းချက်တွေကို ဖြင့်ဆင်ခွင့်ရှိတဲ့ အနေအထား တွေလည်းရှိပါတယ်။ တည်း ဖြတ်ပိုင်းမှာ ကျွန်ုပ်ပြုတာ ဂရပ် ဖစ်တွေလည်း ပြန်လုပ်လို့ရ တဲ့၊ ပြန်ဖြည့်လို့ရတဲ့ အပိုင်း တွေလည်း ရှိတယ်။ ရုပ်ရှင် ပညာနဲ့ အားနည်းချက်တွေ ကို ဖြည့်စွက်ဖာထေးပြီးတော့ လုပ်လိုက်ရင် ပိုကောင်းနိုင် တာပေါ့။

**ကိုလူမင်း စင်မြင့်ထက် မှာ ပြောခဲ့တာ ရှိပါတယ်။ ဟာသကားတွေ ရှေ့ပိုင်းမှာ ခေတ်ကောင်းခဲ့တယ်ဆိုတော့ အခုချိန်မှာရော ရုပ်ရှင်အရေး က ဘယ်လိုရှိနေပြီလဲ။**

အရွေ့ကတော့ ချက် ချင်းကြီး Black & White ချိန်းမသွားနိုင်ပါဘူး။ ဘာဖြစ် လို့လဲဆိုတော့ ရသလောက်နဲ့ တိုးတက်ဖို့ ပြုပြင်ကြိုးစား လာခဲ့ကြတာပဲလေ။ ကျွန် တော်တို့ဆီမှာ လိုအပ်ချက် များစွာရှိနေတော့ အဲဒီအထဲက နေပဲ အားနည်းချက်ကိုရှာပြီး တော့ အပြောင်းအလဲတစ်ခု လို့ပဲ ကျွန်တော် သတ်မှတ်ပါ တယ်။ ဝေဖန်တဲ့သူတွေ စု ဝေးမိသွားတယ်ဆိုတာနဲ့အတူ ကျွန်တော်တို့အတွက် အား နည်းချက်တွေ၊ လိုအပ်ချက် တွေ ပြုပြင်သွားရမှာဖြစ် သလို ရုပ်ရှင်ကားအမျိုး အစားမှာလည်း အရင်ကဆို ပရိသတ် မကြိုက်ဘူးလို့ ထင်တဲ့ ဇာတ်ကားအမျိုး အစားတွေကို အားပေးတဲ့သူ တွေ အခု အုံနဲ့ကျင်းနဲ့ ဖြစ် လာပြီဆိုတော့ အဲဒီလို ကား မျိုးတွေလည်း ထပ်ထွက်လာ တော့မှာပါ။ ဒါကတော့ ကျွန် တော်တို့ ရုပ်ရှင်လောက အတွက် ကောင်းတဲ့လက္ခဏာ ပါပဲ။

**နောက်တစ်ခုရှိတာက ရုပ်ရှင်ကြည့်ပရိသတ်တွေအနေ နဲ့ အရွေ့တစ်ခုကို လိုချင်တာ လား၊ အသစ်ကို ကြိုဆိုလို့ပဲ လား၊ ကားကောင်းလို့ အား ပေးကြတာလား။**

အဓိက,ကတော့ ဇာတ် ကားပေါ်မှာ မူတည်ပါတယ်။ ပရိသတ်ဆိုတာကလည်း အမျိုးမျိုး ရှိတာပဲလေ။ ပရိသတ်အားလုံးက အကြိုက် တစ်ခုတည်းကို စုပြုပြီး အား ပေးကြတာမျိုး ဘယ်မှာမှ မရှိပါဘူး။ အဖြူကြိုက်တဲ့သူ ကြိုက်မယ်။ အမည်းကြိုက် တဲ့သူ အမည်းကိုကြိုက်မယ်။ ဒီလိုပဲ အချို၊ အချဉ်၊ အခါး သူ့စိတ် သန်ရာ ကြိုက်မှာပဲ။ ပရိသတ်အကြိုက်ဆိုတာ အဲဒီလိုကွဲနေပါတယ်။ ရုပ်ရှင် ဇာတ်လမ်းပေါ်မှာ မူတည်ပြီး ပရိသတ်ကလည်း ကွဲသွား တာပါပဲ။ သူကြိုက်တဲ့ အရသာမျိုး သူရွေးချယ်ကြည့် မှာကိုး။

**'Cover' မှာ ကိုလူမင်း ကို ဘယ်လိုကာရိုက်တာ၊ ဘယ်လိုအက်ရှင်မျိုးတွေနဲ့ တွေ့ရမှာလဲ။**

ကျွန်တော်ကတော့ ဒီ ကားမှာ စကားနည်းပြီး လူ တွေနဲ့ ခပ်ကင်းကင်းနေတဲ့ လူကြီးတစ်ယောက်နေရာက သရုပ်ဆောင်ရမှာပါ။ သမီးနဲ့ လည်း တကွဲစီနေတယ်။ နောက်ဆုံး သမီး အခက်အခဲ အကျပ်အတည်းဖြစ်လာတော့မှ အဖေဟာ အဖေပဲ။ သမီးရှေ့ မှာ မားမားမတ်မတ် ကာဗာ လုပ်ပေးရမယ့်သူတစ်ယောက် ပေါ့။ ကျွန်တော်က ဖက်ရှင် ထက် ဇတ်ိုင်တွေပဲ ပါမှာပါ။ ရုပ်ခပ်ကြမ်းကြမ်းနဲ့ အိုက်တင် တွေပဲ လုပ်ပြဖို့ ပြင်ဆင်ထား ပါတယ်။

**ကိုလူမင်းရိုက်ခဲ့တဲ့ 'Reflection' မှာလည်း ဟယ်လီကော့ပတာနဲ့ ရိုက်ခဲ့ တာပါတယ်။ ဒီကားမှာလဲ ဟယ်လီကော့ပတာပေါ်မှာ ဗိုက်တင်ချတဲ့ အခန်းတွေ ပါမယ်ဆိုတော့ ကိုလူမင်း အကူအညီပေးခဲ့တာလား။**

မဟုတ်ပါဘူး။ ဟယ် လီကော့ပတာနဲ့ ရိုက်နိုင်ဖို့ သူတို့ဘာသာ ကြိုးစားထား ကြတာပါ။ ကြိုတင်ပြင်ဆင် ပြီးတတ်နိုင်မယ်ဆိုရင် ဘာ မဆိုဖြစ်နိုင်ပါတယ်။ ကိုဂျိုး ကတော့ နောက်တစ်မျိုး တိုး ပြီး ဟယ်လီကော့ပတာပေါ် မှာ ဗိုက်တင်ချမယ့်အခန်းတွေ ရိုက်သွားမယ်လို့ သိထားပါ တယ်-လို့ ပြောပြခဲ့ပါတယ်။ ■

**လင်းနိုင်ဦး**






www.burmeseclassic.com

www.burmeseclassic.com





Fighter ဒါရိုက်တာ သားညီအဖြစ်နဲ့သာ ပိုလက်ခံနေကြတဲ့ သားညီက ပက်ပက်စက်စက်ညှို့ လို လူငယ်အချစ်ကားကိုလည်း ပရိသတ်လက်ခံအောင် ရိုက်ပြနိုင်သူပါ။ Media 7 နဲ့ အွန်လိုင်းစီးရီးတွဲတွေလည်း ရိုက်ဖြစ်သလို သားညီက ဒီနှစ်ထဲမှာလည်း လူငယ်ဇာတ်လမ်းတွေ ပိုရိုက်ဖြစ်နေပါတယ်။ ဒါရိုက်တာ သားညီရဲ့ရင်ခုန်သံတွေကို နားထောင်မိတော့…။

**ဒါရိုက်တာ သားညီ ဆိုတဲ့ ဘ၀ရဲ့ ရင်ခုန်သံလေးကို သိချင်တယ်။**

မမျှော်လင့်ဘဲနဲ့ ပေါ့နော်ရုပ်ရှင်ဇာတ်ကားတွေ ရိုက်တယ်။ ဗီဒီယိုဇာတ်ကားတွေ ရိုက်တဲ့ ဒါရိုက်တာတစ်ယောက်

# စိန်ခေါ်မှုတွေကို ပိုကြိုက်လို့ ဒါရိုက်တာဖြစ်လာတဲ့သူ

**မန်းသူ**

ဖြစ်လာတယ်။ ကျွန်တော်ဖြစ်ချင်ခဲ့တာကတော့ MTV ဒါရိုက်တာပေါ့နော်။ ဒါပေမဲ့ လို့ ကိုယှနဲ်လေး ကောင်းမှုနဲ့ ဒီလမ်းကြောင်းပေါ် ကျွန်တော် ခြေချဖြစ်သွားတယ်။ အဲဒီကစပြီး ကျွန်တော်သည် စိန်ခေါ်မှုတွေကို ကြိုက်တဲ့သူတစ်ယောက် ဖြစ်တဲ့အတွက်၊ ဒါရိုက်တာဘ၀ဆိုတာက သရုပ်ဆောင်ဘ၀ထက် ပိုပြီး စိန်ခေါ်မှုပိုများတယ်။ အဲဒီလိုနဲ့ပဲ ရပ်တည်ဖြစ်သွားတယ်။

**အခုလည်း သားညီက သရုပ်ဆောင်ဝင်လုပ်ချင်လည်း လုပ်နေတာတွေ့ရတယ်။ ဟိုးတုန်းကဆို MTV တွေမှာတောင် ပါခဲ့ဖူးတော့ သရုပ်ဆောင်ဘ၀ကို ပြန်လွမ်းမိလား။**

ပြန်လွမ်းပါတယ်။ သရုပ်ဆောင်လည်း လုပ်ချင်ပါတယ်။ ဒါရိုက်တာတိုင်းကိုလည်း၊ ပရိဂျူဆာတိုင်းကိုလည်း ကြုံတိုင်း ပြောပါတယ်၊ ကျွန်တော့်ကို သရုပ်ဆောင်ငှါးကြပါလို့။ ဒါပေမဲ့ ဘယ်သူမှလည်း မငှါးကြပါဘူး ခင်ဗျာ။

**ဒါဆို ကိုယ်တိုင်ဒါရိုက်တာ၊ ကိုယ်တိုင်သရုပ်ဆောင်အနေနဲ့ တစ်ကားလောက် လုပ်မကြည့်ချင်ဘူးလား။**

အဲဒီလိုမျိုးတော့ မလုပ်ဖြစ်ပါဘူး။ ကိုယ် ဒါရိုက်တာလုပ်တဲ့ ဇာတ်ကားတွေထဲမှာပဲ အမှတ်တရ နှစ်ဆင်း(နှ)၊ သုံးဆင်း(နှ) ဝင်ပါတာကလွဲပြီးတော့ အဲဒီလိုကြီးတော့ မပါဖြစ်ဘူးဗျ။

**ကိုယ်တိုင်က သရုပ်ဆောင်ဘ၀က စ,တက်လာသူဆိုတော့ အခု အသစ်တွေနဲ့ရိုက်တဲ့အခါ ကာရိုက်တာမိအောင် အိုက်တင်ညွှန်ရတာ ပိုလွယ်ကူနေမှာပေါ့။**



www.burmeseclassic.com

www.burmeseclassic.com


ကိုယ်ချင်းစာပေး တတ်တာပေါ့။ ကိုယ်က သရုပ်ဆောင်ဘဝက လာတာဆိုတော့ ဒီအချိန်မှာ သရုပ်ဆောင်တစ်ယောက်ဟာ ဘယ်လိုအခက်အခဲတွေရှိမလဲဆိုတာကို ကိုယ်က ပိုပြီး ကိုယ်ချင်းစာပေးတတ်တယ်လို့ ထင်တာပဲ။

**အသစ်တွေကို ကိုယ်ချင်းစာပေးတာ၊ ရင်ဘတ်နဲ့ ခံစားပေးတာမှန်ပေမဲ့ တစ်ခါတလေ ဒါရိုက်တာအနေနဲ့ ဘယ်လိုဖြေရှင်းရလေ့ရှိလဲ။**

တစ်ခါတလေကျရင်တော့ အားမလို အားမရဖြစ်တာတွေပါတယ်ဗျ။ တချို့တွေက ဖြစ်ချင်တာပဲရှိတယ် ကြိုးစားအားထုတ်မှု မရှိဘူး။ ဖြစ်ချင်ရင် ကြိုးစားရမယ်ဗျ။ ကျွန်တော်တို့လည်း အခုနေရာ တစ်ခုရနေပြီလို့ မပြောပါဘူး။ ပရိသတ် အထိုက်အလျောက် လက်ခံလာပြီပေါ့။ အဲဒီလို လက်ခံလာဖို့အတွက် ၁၅ နှစ်၊ အနှစ် ၂၀ ကြိုးစားခဲ့ရတယ်။ တချို့က လေးငါးခြောက်လလောက် လုပ်ကြည့်လို့ မဖြစ်ဘူးဆိုရင် ထွက်သွားချင်ကြတယ်ဗျ။ ဝမ်းနည်းတယ်၊ အားငယ်တယ်၊ ဒူးထောက်ကြတယ်။ fb မှာ တင်ကြတာပေါ့။ ကျွန်တော် အဲဒါ မကြိုက်ဘူးဗျ။ ကြိုးစားအားထုတ်နေသူအတွက် တစ်ချိန်ချိန်တော့ နေရာဆိုတာ ရှိလာမှာပဲ။ ပရိသတ်က သူ တကယ်သာ ကြိုးစားအားထုတ်နေရင် အသိအမှတ်ပြုလာမှာပဲလေ။ ကျွန်တော်ကတော့ လွယ်လွယ် လက်လျှော့တဲ့သူကို မကြိုက်ဘူး။

**အရမ်း ခင်မင်ရလွန်းလို့ ရိုက်ကွင်းပေါ်မှာ အရမ်းခက်ခဲရတဲ့ သရုပ်ဆောင်မျိုးနဲ့ရော ကြုံဖူးပြီလား။**

ကြုံဖူးတယ်။ ကျွန်တော့်ဆို တအားဂျီကျကြတာ။ အဆိုးဆုံးက Kညီ။ သူငယ်ချင်း မင်းစားဖို့ မုန့်ဝင်ဝယ်နေတယ်ဆိုပြီး ရှုတင်အမြဲနောက်ကျတယ်။ ဒါပေမဲ့ ကျွန်တော့်ကို ချစ်ကြပါတယ်။ ဒါရိုက်တာဆို တာထက် သူငယ်ချင်းလိုဖြစ်နေတော့ အကုန်လုံးက အနိုင်ကျင့်ကြတယ်။

**fighter ဒါရိုက်တာ သားညီလို့ လူသိများနေတော့ တခြား ဘယ်လိုဇာတ်လမ်းမျိုးတွေ ရိုက်ချင်နေသေးလဲ။ အရမ်းရိုက်ချင်နေတာမျိုးပေါ့။**

အရမ်းရိုက်ချင်နေတာမျိုးက သရုပ်ဆောင်တွေ အများကြီးမပါဘဲနဲ့ နှစ်ယောက်၊ သုံးယောက်ပဲပါတဲ့ ဇာတ်ကားမျိုး ကျွန်တော် ကြံစည်ထားတယ်။

**ငယ်စဉ် အိပ်မက်ကရော သရုပ်ဆောင်လား၊ ဒါရိုက်တာလား။**

အရင်က အိပ်မက်က သူဌေးဗျ။ သူဌေးအရမ်းဖြစ်ချင်တာ။ ဘာအလုပ်မှ မလုပ်ဘဲနဲ့ ပိုက်ဆံဝင်တဲ့လူ အရမ်းဖြစ်ချင်တာ။ မဖြစ်ပါဘူးဗျာ။ ထီလည်း တစ်ခါမှ မပေါက်တော့လေ။ ခုတော့ ဒီဘဝနဲ့ပဲ ဆက်ပြီး ရပ်တည်ရတာပေါ့။ ■

**မန်းသူ**




www.burmeseclassic.com

www.burmeseclassic.com





# ပရိသတ်တွေကိုလည်း လွမ်းတယ် ကားရိုက်ခဲ့ရတာကိုလည်း လွမ်းတယ်

လင်းနိုင်ဦး

ရုပ်ရှင်၊ ဗီဒီယိုဇာတ်ကားများနဲ့ ဒီဗီဒီကားတွေ အများဆုံးရိုက်ဖြစ်ခဲ့တဲ့ သရုပ်ဆောင် ရဝေအောင်က စိုးရန်အောင်နဲ့ သက်သခင်တို့ရဲ့ မင်္ဂလာဧည့်ခံပွဲကို တက်ရောက်လာတာတွေ့ရတဲ့အတွက် ကားတွေ မရိုက်တော့ဘူးလား၊ ရိုက်ဖို့ ဘာတွေစီစဉ်ထားတယ်ဆိုတာ မေးကြည့်ဖြစ်ခဲ့ပါတယ်။

ရဝေအောင် တစ်ယောက် ကားမရိုက်ဖြစ်တာ ဘယ်လောက်ကြာပြီလဲ။

တော်တော်လေးတော့ကြာပါပြီ။ ပရိသတ်တွေနဲ့ အဆက်မပြတ်အောင်လို့ ပွဲတွေတက်ဖြစ်ခဲ့တယ်။ အကူအညီတောင်းတဲ့ပွဲတွေမှာတော့ ဝင်ပြီး ကူညီပေးဖြစ်ပါတယ်။

မရိုက်ဖြစ်တာ ဘာကြောင့်လဲ၊ စိတ်ကုန်သွားတာလို့လား။ ဘာအကြောင်းရှိလို့လဲ။

အရင်တုန်းက ကိုယ်အများကြီး သရုပ်ဆောင်ဖြစ်ခဲ့တယ်လို့ပဲ စိတ်ထဲထားလိုက်ပါတယ်။ ဗီဒီယိုတွေ ခေတ်မကောင်းတာရယ်၊ ခိုးကူးတွေ နှိပ်စက်တာတွေကြောင့် ကိုယ့်ထုတ်လုပ်ရေးတွေလည်း နားလိုက်ရတယ်။ ကြားထဲမှာ အမေ့ကျန်းမာရေးမကောင်းတာလည်း ပါတယ်။ အဲဒီကနေ အမေဆုံးသွားပြန်တော့ မလုပ်ဖြစ်ပြန်ဘူး။ အဖေ့ကျန်းမာရေးကလည်း ဂရုစိုက်နေရသေးတယ်ဆိုတော့ အနုပညာဘက် မလှည့်ဖြစ်တော့ပါဘူး။ အရွယ်လည်း ရောက်လာပြီဆိုတော့ စီးပွားရေးတစ်ခုကို ကိုယ့်ဘဝရပ်တည်ရေးအတွက် လုပ်ဖြစ်နေတာကြောင့်လည်း ပါ,ပါတယ်။

ကားတွေပြန်ကြည့်ရင်ပဲဖြစ်ဖြစ်၊ ကိုယ့်အနုပညာမောင်နှမတွေနဲ့ ပြန်ဆုံရင်ပဲဖြစ်ဖြစ် ကားရိုက်ခဲ့တာတွေကို မလွမ်းဘူးလား။

အရမ်းလွမ်းတာပေါ့။ အရင်က သရုပ်ဆောင်ခဲ့ရတာကိုလည်း လွမ်းတယ်။ ပြီးတော့ အရင်တုန်းက ရိုက်ဖြစ်တဲ့ကားတွေ၊ SKY NET တို့၊ မြဝတီတို့က ပြန်ပြီးထုတ်လွှင့်ပြသတာမြင်ရရင် ပိုပြီးတော့ တောင်လွမ်းတယ်။ ပရိသတ်တွေကလည်း ဘယ်ကားမှာတော့ ဘယ်လိုသရုပ်ဆောင်ထားတာ သူတို့ရင်ထဲမှာကျန်ခဲ့တယ်လို့ ပြန်ပြောရင် စိတ်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ တစ်မျိုးကြီးပဲ။ ပြန်လည်းလွမ်းတယ်။ ပြီးတော့ ပရိသတ်တွေအတွက်လည်း အကြွေးကျန်နေသေးတယ်လို့ ခံစားရတယ်။ လုပ်မယ်လို့တော့ စိတ်ကူးထားတယ်။ ရုပ်ရှင်ကလည်း ပြန်ခေတ်ကောင်းလာပြီလေ။ အဲဒီအတွက် လုပ်ဖို့ ခြေလှမ်းပြင်နေပါပြီ။ လုပ်မယ်ဆိုရင်လည်း သေသေချာချာလေး လုပ်ချင်ပါတယ်။ လူငယ်တွေ အများကြီးက အနုပညာအသစ်တွေနဲ့ ဝင်လာကြတော့ ပိုပြီးတော့ အသစ်ဖြစ်မယ်လို့လည်း မြင်တယ်။

**အဲဒီတော့ ပရိသတ်အပေါ် ကျန်နေတဲ့အကြွေး ဘယ်တော့ဆပ်ပေးမှာလဲ။**

အရမ်းဆပ်ချင်တာပေါ့။ ကားမရိုက်ဖြစ်ပေမဲ့ ပွဲတွေသွားရင်၊ အပြင်မှာဆုံရင် ပရိသတ်တွေက ကိုယ့်ကို တွေ့ဆုံနှုတ်ဆက် အသိအမှတ်ပြုနေကြသေးတော့ အကြွေးကျန်နေတာ ငါ အမြန်ဆုံး ဆပ်ရမယ်လို့ စိတ်ထဲဖြစ်မိပါတယ်။ ကြားထဲမှာ ဇာတ်လမ်းတွဲတွေ ရိုက်ပေးဖို့ ကမ်းလှမ်းတာရှိတယ်။ ကျွန်တော်က တစ်ခါတလေ အလုပ်ကိစ္စနဲ့ ခရီးထွက်ရတာလည်းရှိတော့ ဇာတ်လမ်းတွဲက နှစ်လ၊ သုံးလလောက် အချိန်ပေးကြရမယ်ဆိုရင် အဆင်မပြေနိုင်ဘူး။ နေ့တိုင်းရိုက်ပေးရမှာ မဟုတ်ပေမဲ့ ကိုယ်က အလုပ်တစ်ဖက်ရှိနေတော့ ဇာတ်လမ်းတွဲကမ်းလှမ်းတာကိုလည်း ရိုက်ချင်လျက်နဲ့ ငြင်းလိုက်ရတယ်။

**ကိုယ့်အတွက် လုပ်ကွက်ရမယ်၊ လုပ်ချင်တဲ့ဇာတ်ကောင်ဖြစ်မယ်ဆိုရင် ရိုက်ဖြစ်မှာလား။**

ကိုယ့်အတွက် လုပ်ကွက်ရှိတယ်ဆိုရင် လက်ခံဖြစ်မှာပါ။ ဆရာမ လွှန်းထားထားရဲ့ဝတ္ထုကို ရိုက်တဲ့ ဇာတ်လမ်းတွဲ ကမ်းလှမ်းတုန်းကလည်း လုပ်ကွက်ရှိပါတယ်။ ဇာတ်လမ်းကလည်း အားလုံးအတွက် ညီတူညီမျှပဲ။ ရိုက်လိုက်ရင်တော့ ပရိသတ်နဲ့လည်း အဆက်အသွယ် မပြတ်ဘူးပေါ့။ ကျွန်တော့်အနေနဲ့တော့ ပရိသတ်နဲ့လည်း ပြန်လည်ထိတွေ့ချင်တယ်။ သူတို့အားပေးခဲ့တာတွေကိုလည်း ပြန်ပြီးအကြွေးဆပ်ချင်တယ်ဆိုတော့ တစ်ချိန်ချိန် ပြန်ရိုက်ဖြစ်မှာပါ-လို့ ပြောပြခဲ့ပါတယ်။ ■

**လင်းနိုင်ဦး**





www.burmeseclassic.com

www.burmeseclassic.com





'ဟန်ဆောင်ရတယ် ဆိုတာ ပေါက်စီအတွက် အပင်ပန်းဆုံးပဲ။ တစ်ခါတလေ ကိုယ်အလုပ်အရမ်းပင်ပန်းနေချိန် ကြိုးစားပြီး ပြုံးပြရတာတောင် ပင်ပန်းတယ်။ အဲဒါမျိုးလောက်ပဲ ပေါက်စီ လုပ်ဖြစ်တယ်။ အဲဒီဘက်မှာ အားနည်းတယ်။ ဒါက မျက်နှာဖုံး

မအေးသောင်းနဲ့ တွေ့ဆုံမိတဲ့ အခိုက်တန့်…။

ဒီဇာတ်ကားက မင်းသမီးတွေ အများကြီးပါတဲ့ ဇာတ်ကားဖြစ်ပြီး ရိုက်ဖို့ လက်ခံလိုက်တဲ့ စိတ်ကူးလေးက…။

ဝတ္ထုကို အရင်ဖတ်ရတာပါ။ ဇာတ်လမ်းကို နောက်မှ သူတို့ပြန်ပြင်ရေး

# အောင်မြင်မှုမှာ မသာယာတတ်တော့တဲ့ မအေးသောင်း

**မနိုးသူ**

တော့ မဟုတ်ဘူးလေ။ မျက်နှာဖုံးဆိုကတည်းကတော့ ကိုယ့်စိတ်ထဲကမှ မဟုတ်ဘဲနဲ့ ဟန်ဆောင်ထားတာပေါ့။ မျက်နှာဖုံးတပ်ရတာကို သဘောမကျဘူး' ဆိုတဲ့ ပေါက်စီ (ခ)မအေးသောင်းက **မျက်နှာဖုံးများ** ဆိုတဲ့ ရုပ်ရှင်ဇာတ်ကားကြီးကိုတော့ လက်ခံရိုက်ကူးထားပါတယ်။ ဇာတ်ရုပ်က နည်းနည်းရိုးစင်းပေမဲ့ ဇာတ်လမ်းကို သဘောကျလို့ လက်ခံလိုက်တာလို့ မအေးသောင်းက ဆိုပါတယ်။ စီးရီးတွဲတွေ၊ ဇာတ်ကားတွေ ဆက်တိုက်ဆိုသလို ရိုက်ကူးဖို့ရှိနေပေမဲ့ သူ့ရဲ့ facebook ပရိသတ်နဲ့လည်း အဆက်မပြတ်တွေ့ဆုံနိုင်ခဲ

တာတော့ရေးတာပေါ့။ ဒါပေမဲ့ ဝတ္ထုဖတ်လိုက်တဲ့ အချိန်မှာ ကြိုက်ကိုကြိုက်တာ။ အပြင်မှာလည်း တကယ်ဖြစ်နေတာတွေလည်းရှိတယ်။ ပြီးတော့ **မျက်နှာဖုံးများ** ဆိုတဲ့ နာမည်နဲ့လည်းလိုက်တယ်။ မျက်နှာဖုံးဆိုတာနဲ့ လူတွေဟန်ဆောင်ထားကြတယ်ဆိုတဲ့အကြောင်း၊ မာယာတွေများတယ်ဆိုတဲ့ အကြောင်း ရိုက်တာပေါ့နော်။ ကိုယ်လည်း လုပ်နိုင်မယ်လို့ ထင်တယ်။ ကိုယ်နဲ့လည်း လိုက်မယ်လို့ ထင်တယ်။ ဇာတ်ရုပ်ကိုလည်း သဘောကျလို့ ရိုက်ဖြစ်တာရှင့်။

**အေးသောင်းက ဇာတ်ကားတွေပြန်ရိုက်ပြီဆိုကတည်းက ဆက်တိုက်ဆိုသလို ရိုက်ဖြစ်တယ်။ စီးရီးတွဲတွေ၊ ကြော်ငြာတွေ၊ ဇာတ်ကားတွေပေါ့။ အခုလို ပြန်လုပ်ရင်းနဲ့**



www.burmeseclassic.com

www.burmeseclassic.com



**ကိုယ့်အတွက် ဘာတွေထပ်ရလာလဲ။ နဂိုအတွေ့အကြုံရှိသူဆိုပေမဲ့ ခေတ်သစ်မှာ ဘာတွေထပ်ရလာလဲ။**

ပေါက်စီက သင်ယူရတာတွေ အများကြီးပဲ။ ကိုယ်နဲ့အတူရိုက်တဲ့ မင်းသမီးတွေဆီကပါ နေတဲ့ထိုင်တဲ့ပုံစံကအစ လေ့လာယူရပါတယ်။ အကုန်ယူရပါတယ်။ အများကြီးပါပဲ။ ကိုယ့်ထက် အနုပညာလောကကို နောက်ကျဝင်တဲ့ ကလေးတွေ ရှိတယ်။ ဒါပေမဲ့ ခုချိန်မှာ ကိုယ်က အသစ်တစ်ယောက်လိုဖြစ်နေတော့ ပြန်သင်ရတာပါပဲ။ အသေးအဖွဲ့လေးကအစ အသစ်အတိုင်း အကုန်ပြန်လေ့လာသင်ယူရတယ်။

**အရင်က သရုပ်ဆောင်ခဲ့ရတာနဲ့ အခုသရုပ်ဆောင်နေရတာကျတော့ရော···။**

အတွေ့အကြုံတွေရော၊ ပြီးတော့ လူတွေနဲ့ ဆက်ဆံတာကအစ လူတွေအကြောင်း ပိုသိလာတယ်။ ပိုသိလာတော့ ခံစားမှုတွေက ပိုများလာတယ်။ ကိုယ့်အပေါ်ကောင်းတဲ့သူတွေရှိသလို ဆိုးတဲ့သူတွေ၊ လိမ်သွားတဲ့သူတွေ အမျိုးစုံပေါ့။ ငယ်ငယ်တုန်းက ပေါက်စီ မကြုံဖူးတာတွေရှိတာလည်း သင်ယူရတာပေါ့။ ဒီတော့ သရုပ်ဆောင်တဲ့အချိန်မှာ Mood က ဖော်ရလည်း လွယ်တယ်။ ပြီးတော့ အာရုံစူးစိုက်မှုလည်း ပိုပြီး ကောင်းတယ်။ အလုပ်လုပ်ရတာလည်း ပိုသဘောကျတယ်။ ဒီအချိန်မှာ သရုပ်ဆောင်ရတာလည်း ပိုပြီး သဘောကျတယ်ရှင့်။

**အခက်အခဲတွေလည်း တွေ့ရဦးမှာပေါ့နော်။**

ကင်မရာတွေက ကောင်းလာတယ်၊ နည်းပညာတွေကလည်း တိုးတက်လာတယ်။ မိတ်ကပ်တွေကအစ လျှော့လာရတယ်။ အခုခေတ်က ရိုက်တဲ့ပုံစံတွေလည်း ပြောင်းတယ်။ ကင်မရာယူတဲ့ အယူအဆကအစ မတူတော့ဘူး။ ပရိသတ် အမြင်ကျယ်လာတဲ့အတွက် အိုက်တင်ကိုလည်း ပြီးပြီးရောလုပ်လို့မရတော့ဘူး။ ခုခေတ်လူတွေက အရမ်းနားလည်နေကြပြီဆိုတော့ ကင်မရာရှေ့မှာလိမ်လို့ မရဘူး။ သရုပ်ဆောင်မှာ စိတ်ထည့်ထားလား၊ မထည့်ထားလား ပရိသတ်က ဆုံးဖြတ်နိုင်တယ်ဆိုတော့ အဲဒါလေးတော့ ပေါက်စီ ဂရုစိုက်ရတယ်။ အင်တာနက်တစ်ချက် ခေါက်လိုက်တာနဲ့ သိနေပြီဆိုတော့ ဂရုအစိုက်ရဆုံးပဲ။

**ကိုယ်လိုချင်ခဲ့တာကလည်း ဒီလိုအောင်မြင်မှု ဖြစ်ချင်ဖြစ်ခဲ့မှာပဲ။ ဒါပေမဲ့ တကယ်အောင်မြင်လာပြီဆိုတော့လည်း အောင်မြင်မှုရဲ့နောက်ကွယ်မှာ ပေါက်စီကို ဘယ်လိုစိတ်ဖိစီးမှုတွေဖြစ်စေလဲ။**

ကိုယ့်အသက်ကလည်း မငယ်တော့တဲ့အတွက် ပိုပြီး ဂရုစိုက်ရတယ်။ နေတဲ့ ထိုင်တဲ့ပုံစံက အစပေါ့။ ပြီးတော့ ကိုယ့်ရဲ့ အနုပညာကို ပရိသတ်က ကြည့်တယ်။ အဲဒါကို အတုမယူတဲ့သူရှိသလို ယူတဲ့သူတွေလည်းရှိတယ်။ ယူမိရင်လည်း သူတို့အတွက် ကောင်းတဲ့ Rays တွေပေးနိုင်ဖို့၊ ပညာတစ်ခုခု ပေးနိုင်ဖို့ ပေါက်စီ ကြိုးစားတယ်။ လူတွေအတွက် အကျိုးပြုချင်တဲ့စိတ် ရှိလာတယ်။ အဲဒီလိုမှ မဟုတ်ရင်တောင် လူတွေပျက်စီးရာ ပျက်စီးကြောင်းလုပ်တာတွေ မဖြစ်သင့်ဘူးဆိုတဲ့ ကိုယ့်ရဲ့အသိပညာကအစ ဖြစ်လာတာဆိုတော့ အဲဒါတွေ ငါလုပ်နေတယ် ဖြစ်ကောဖြစ်လာရဲ့လားဆိုတဲ့ Stress တော့ တော်တော်ဖြစ်မိတယ်။ ပေါက်စီက အရင်တုန်းက ဒီလောက်တော့ မအောင်မြင်ဘူးဆိုပေမဲ့ လို့လည်း ငယ်ငယ်လေးနဲ့ ပေါ်ပြူလာတော့ ရဖူးတယ်။ ဒါပေမဲ့ ပေါက်စီ ငြိမ်သွားတော့လည်း ကျသွားတယ်ဆိုတဲ့ ဘဝကို ကြုံဖူးတော့ အောင်မြင်မှုဆိုတာမှာ သာယာနေတယ်ဆိုတာမျိုးတော့ မရှိပါဘူး။

**အလုပ်တစ်ခုလုပ်ရင် စိတ်ပင်ပန်းလာလို့ နောက်ပြန်လှည့်ချင်မိတဲ့စိတ် ရှိတတ်သူလား။**

ပေါက်စီက အဲဒီလိုလူမျိုးတော့ မဟုတ်ဘူး။ အလုပ်တစ်ခုလုပ်ရင် ပိုပိုပြီးလောဘကြီးတယ်လို့ ပြောရမှာပေါ့။ ဒီထက်ပိုလုပ်ချင်တယ်။ မနေ့ကထက် ကိုယ့်ကိုယ်ကိုပဲ ကိုယ်ပြန်ပြိုင်တယ်။ အမေကလည်း အမြဲပြောတယ်။ သမီး ဘယ်သူ့ကိုမှ မပြိုင်နဲ့။ ပြိုင်စရာလည်း မလိုဘူး။ အဓိကပြိုင်ရမှာက တစ်ယောက်တည်းပဲ။ အဲဒါ ကိုယ့်ကိုယ်ကိုပဲ။ အမြဲတမ်း ကိုယ့်ကိုယ်ကိုပြိုင်ဆိုတော့ မနေ့က ပေါက်စီနဲ့ ဒီနေ့ ပေါက်စီနဲ့ ဘာကွာလဲလို့ အမြဲ ပြိုင်ဖြစ်တယ်။

**မအေးသောင်းပရိသတ်နဲ့ Facebook မှာ အမြဲတွေ့နေတုန်းပဲ။ အလုပ်တွေကြားထဲက ဘယ်လိုအချိန်ယူလုပ်ဖြစ်နေလဲ။**

တကူးတကတော့ အချိန်မယူရပါဘူး။ ကားရိုက်နားတဲ့ အချိန်လေးမှာပေါ့။ ဒါပေမဲ့ တကယ်ကတော့ စိတ်ကူးရမှ၊ Mood ဝင်မှလည်း လုပ်လို့ရတာပါ။ ဓာတ်ပုံတွေဘယ်လောက်ပဲ ရိုက်ထား၊ ရိုက်ထား စာသား စဉ်းစားလို့ မရရင် ပေါက်စီက ပို့စ်မတင်ဘူးလေ။ ဒါပေမဲ့ ချက်ချင်း Mood ရရင်တော့ ပုံချက်ချင်းရိုက်ပြီး ကောက်တင်တာ။ မအေးသောင်းက Media 7 နဲ့ ကားကြီးတွေ စီစဉ်ထားတာလည်း ရှိပါတယ်။ တခြား ထုတ်ဝေရေးတွေနဲ့ Channel တွေနဲ့က စီးရီးတွဲတွေရိုက်သွားဖို့ ရှိနေပြီး ရုပ်ရှင်တွေလည်း ရိုက်ဖို့ ရှိနေပါတယ်။ 'ကားရိုက်တွေရှိနေတော့ ဇာတ်လမ်းတွေ သေချာမဖတ်ရသေးလို့ ဘယ်ကားတွေဆိုတာသာ အတိအကျ မပြောနိုင်သေးပေမဲ့ ရိုက်ဖို့တွေ ရှိပါတယ်' လို့လည်း ဆိုပါတယ်။


■

**မန်းသူ**



www.burmeseclassic.com

www.burmeseclassic.com



# ဘုန်းကြီးသရုပ်ဆောင် ခိုင်ထူးသာ

**ဝင်းငြိမ်း**

ဧေယျာရွှေပြည် ရုပ်ရှင်ထုတ်လုပ်ရေးနဲ့ စိန်ငွေးရုပ်ရှင်ထုတ်လုပ်ရေးတို့ ပူးပေါင်းထုတ်လုပ်ပြီး ဒါရိုက်တာ ဗန်းကြီး (မောင်အောင်-ရှုပဗေဒ) ရေးသားရိုက်ကူးထား တဲ့ **ဥပါဒါန်** ရုပ်ရှင်ဇာတ်ကား ကြိုတင်မြည်းစမ်းခွင့်ရခဲ့ပြီး ထူးခြားတဲ့ ဥပဓိရုပ်နဲ့ သရုပ်ဆောင်ထားတဲ့ ခိုင်ထူးသာရဲ့ သရုပ်ဆောင်မှုကို အကဲခတ်ခွင့် ရခဲ့ပါတယ်။ ခိုင်ထူးသာက ဆရာဝန်တစ်ဦးဖြစ်ပြီး နာမည်အရင်းက ချစ်စမ်းမောင် ဖြစ်ပါတယ်။ ခိုင်ထူးသာကို ဒါရိုက်တာ ဝါဝါဝင်းရွှေကလည်း သူရိုက်ကူးထုတ်လုပ်မယ့် **ရှင်ဥပဂုတ်** ရုပ်ရှင်ဇာတ်ကားမှာ ရှင်ဥပဂုတ်အဖြစ် သရုပ်ဆောင်စေခဲ့ပါတယ်။ သာသနာရေး ဆိုင်ရာဇာတ်ကားနှစ်ကားမှာ ထူးထူးခြားခြား သရုပ်ဆောင်ခွင့်ရထားတဲ့ ခိုင်ထူးသာကို ရွှေအမြုတေ ပရိသတ်များနဲ့ မိတ်ဆက်ပေးလိုက်ပါတယ်။

**ပထမဦးဆုံး မေးချင်တာကတော့ ရုပ်ရှင်သရုပ်ဆောင်လုပ်တာကို ဘယ်အချိန်ကတည်းက ဝါသနာပါခဲ့တာလဲ။**

ငယ်ငယ်ကတည်းက ဝါသနာပါတာတော့ မဟုတ်ပါဘူး၊ ဆရာဝန်ဖြစ်ဖို့ပဲ ရည်မှန်းချက်ထားခဲ့တာပါ။ ကျွန်တော်တို့က အရင်က ရွှေဘုံသာလမ်းမှာ နေပါတယ်။ နောက်တော့ ကျယ်ကျယ်လွင့်လွင့်နေရအောင် သာကေတဘက်က မြခွာညိုအိမ်ရာကို ပြောင်းလာခဲ့ပါတယ်။ အိမ်မှာ လူနည်းတယ်။ ဒီတော့ ရုပ်ရှင်ရှုတင်အိမ်ငှားရင်ကောင်းမှာပဲဆိုပြီး ဒါရိုက်တာလည်းလုပ်၊ ဇာတ်ညွှန်းတွေလည်းရေးတဲ့ ဦးညိုကြီးကို အိမ်ခေါ်ပြတယ်။ အိမ်ပြတယ် ဆိုတော့ ကျွန်တော်ပဲ လိုက်ပြရတာပေါ့။ အိမ်ပြရင်း ဦးညိုကြီးက ကျွန်တော့်ကိုကြည့်ပြီး ပြောပုံဆိုပုံ သဘောကျသွားတာနဲ့ 'သား ရုပ်ရှင်သရုပ်ဆောင် မလုပ်ချင်ဘူးလား'လို့ မေးတယ်။ ကျွန်တော်ကလည်းလူငယ်ဆိုတော့ အသစ်အဆန်းတစ်ခုကို စမ်းကြည့်ချင်တာနဲ့ လုပ်ချင်တယ်လို့ ဖြေလိုက်ပါတယ်။

အဲဒီတုန်းက ကျွန်တော်က အသက် ၂၂ နှစ်လောက်ပဲ ရှိပါသေးတယ်။ 3rd MB တက်နေပါပြီ။ အိမ်မှာ ရုပ်ရှင်တွေလာရိုက်ကြတယ်။ နေ့စဉ်နဲ့အမျှ မျက်စိရှေ့မှောက်မှာ သရုပ်ဆောင်ကြတာတွေကို မြင်တွေ့နေရတော့ သရုပ်ဆောင်အလုပ်ကို စမ်းကြည့်ချင်စိတ်ပေါက်လာတယ်။


ပထမဆုံး ကမ်းလှမ်းတာကတော့ Star World ရုပ်ရှင်ကုမ္ပဏီကပါ။ သူတို့က ကင်မရာရှေ့ရောက်ရင် မကြောင်အောင်လို့ ဦးအောင်(ရှုပဗေဒ) သင်တန်းပို့ချနေတဲ့ ဆီမှာ သွားတက်ခိုင်းပါတယ်။ ကျွန်တော် သွားတက်ပါတယ်။ အဲဒီမှာ ဦးအောင်က သူရိုက်မယ့် **ဥပါဒါန်** ရုပ်ရှင်ကားမှာ သရုပ်ဆောင်ဖို့ ရွေးလိုက်တာပဲ။

**'ဥပါဒါန်' ဆိုတာက ဒီနေ့ လူငယ်သရုပ်ဆောင်တွေ သရုပ်ဆောင်နေကြတဲ့ သာမန်ကားမျိုး မဟုတ်ဘူး၊ သာသနာပြုတဲ့ကား။ ဒီတော့ လူငယ်တစ်ယောက်အနေနဲ့ သရုပ်ဆောင်ဖို့ရာ ဝန်မလေးဘူးလား။**



www.burmeseclassic.com

www.burmeseclassic.com



'ဥပါဒါန်' ဇာတ်ကားမှာ
မြင်တွေ့ရမယ့် ခိုင်ထူးသာရဲ့
ဇာတ်ဝင်ခန်းတစ်ခု



www.burmeseclassic.com

www.burmeseclassic.com

ဝန်မလေးပါဘူး။ ကျွန်တော့်စိတ်က တစ်မျိုးပဲ။ လူဆယ်ယောက်က အဖြူကိုကြိုက်တယ်ဆိုရင် ကျွန်တော်က သူများနဲ့ဆန့်ကျင်ပြီး အမည်းကို ကြိုက်တဲ့လူ ဖြစ်နေတယ်။ အတန်းထဲမှာလည်း သူများ စိတ်မဝင်စားတာကို ကျွန်တော် လုပ်လေ့ရှိတယ်။

အခု သရုပ်ဆောင်လုပ်မယ်ဆိုတော့လည်း သူများတွေက မင်းသားလို့ ပြောကြတယ်။ မင်းသားဆိုတဲ့ စကားလုံးကို ကျွန်တော် လက်မခံပါဘူး။ ဒီအလုပ်က သရုပ်ဆောင်တဲ့အလုပ်ပါ။ မင်းသားဆိုတာက ရှင်ဘုရင်ရဲ့သားကိုသာ မင်းသားလို့ ခေါ်တာပါ။ အဲဒီလို ကျွန်တော့်စိတ်ထဲမှာ ပြောင်းလဲချင်တဲ့စိတ် ရှိတယ်။

အဲဒီလိုပြောင်းလဲချင်စိတ်တွေရှိတာကြောင့် ဒီကားကို ပထမဆုံး စ,တည်ရတာ ကျွန်တော့်စိတ်နဲ့ အံဝင်ခွင်ကျဖြစ်သွားပါတယ်။ ဒီလိုမျိုးကားဆိုတာက ၁၀ ယောက်ကိုပြောရင် ၁၀ ယောက်စလုံး ငြင်းမယ့်ကားပါ။ ဦးအောင်ကလည်း ဒီလိုမျိုးစိတ်ရှိတယ်။ သူနဲ့ ကျွန်တော် စိတ်ချင်းတူတာကြောင့် ရိုက်ဖြစ်တာလည်း ပါ,ပါတယ်။

နောက်တစ်ခုက အဲဒီလို ကမ်းလှမ်းခံရတဲ့အချိန်မှာ ကျွန်တော်က ဓမ္မရသကို ခံစားမိတဲ့အချိန်ဖြစ်နေတာကြောင့် လုပ်မယ်ဆိုတဲ့စိတ်ဖြစ်သွားတာလည်းပါ,ပါတယ်။ နောက်ထပ် အကြောင်းတိုက်ဆိုင်တာတစ်ခုက ကျွန်တော် ဟောက်ဆာဂျင်ဆင်းနေတဲ့အချိန် အိန္ဒိယက ရိုက်တဲ့ ဗုဒ္ဓအကြောင်း ရုပ်ရှင်ကြည့်ဖြစ်တယ်။ ဒါရိုက်တာက တော်တော့် သူပေးချင်တဲ့ Message ကို ရလိုက်တယ်။ ဟောက်ဆာဂျင်ဆင်းနေတဲ့ နောက်ဆုံးတစ်လကို ဥပုသ်စောင့်မယ်ဆိုပြီး တစ်လလုံး ဥပုသ်စောင့်ခဲ့တယ်။ အဲဒီအချိန်မှာ ဦးအောင် ကမ်းလှမ်းတာနဲ့ တိုက်ဆိုင်ခဲ့ပါတယ်။ ဦးအောင်ကိုယ်တိုင်ကလည်း ဘာသာရေးကိုကိုင်းရှိုင်းတယ်။ ကျွန်တော့်ကို ဘုန်းကြီးဝတ်ရမယ်လို့ ပြောပါတယ်။

**ကားမရိုက်ခင်မှာ ဘုန်းကြီး ဝတ်နိုင်းတာတို့၊ တရားထိုင်နိုင်းတာတို့ လုပ်နိုင်းသလား။**

သူက ပြောတယ်။ ဘုန်းကြီးဝတ်ကြည့်မှ ဘုန်းကြီးစိတ်ရမယ်။ ဒါကြောင့် ဘုန်းကြီးဝတ်ရမယ်ဆိုပြီး တွံတေးက ပုဗ္ဗာရုံကျောင်းက ဆရာတော်ကြီးဆီကို လျှောက်ထားပေးတယ်။ ရုပ်ရှင်ကားမှာ ဒီလိုဒီလို သရုပ်ဆောင်ရမှာဖြစ်လို့ အရေးကြီးတဲ့အတွက် သေသေချာချာ သင်ကြားပေးဖို့ လျှောက်ထားပေးတယ်။

သာသနာရေးဝန်ကြီးဌာနကိုလည်း ကျွန်တော့်ကို ခေါ်သွားတယ်။ အားလုံးက သေသေချာချာလုပ်ဖို့ တိုက်တွန်းကြတယ်။

ဆရာတော်ကြီးဆီရောက်တဲ့အခါ ၄၅ ရက် ဘုန်းကြီးဝတ်ရမယ်လို့ ပြောတယ်။ ဒါပေမဲ့ ၂၇ ရက်ရတဲ့အခါ ကျွန်တော် ဘွဲ့ယူရမယ့်ရက်နဲ့ တိုက်နေတယ်။ အဲဒါကြောင့် ၂၇ ရက်ပဲ ဘုန်းကြီးဝတ်ဖြစ်ခဲ့တယ်။ ဆရာတော်ကြီးက တရားဟောတယ်။ အမှတ်ဆိုတာ ဘာလဲ။ ဘာကို မှတ်ရမှာလဲ ဆိုတာကို ဟောတာပါ။ ဦးအောင်ကလည်း ကျွန်တော့်ကို အစဉ်အမှတ်နဲ့ပဲ နေတတ်အောင် တိုက်တွန်းထားပါတယ်။


'ရှင်ဥပဂုတ်' ဇာတ်ကား ရိုက်ကွင်းပေါ်မှာ တွေ့ရတဲ့ ဒါရိုက်တာ ဝါဝါဝင်းရွှေနဲ့ ခိုင်ထူးသာ


'ဥပါဒါန်' ဇာတ်ကားမှာ မြင်တွေ့ရမယ့် ဇာတ်ဝင်ခန်းတစ်ခု

**ရုပ်ရှင်ရိုက်နေတဲ့အခါမှာရော ဘုန်းကြီးဝတ်နဲ့ပဲလား။**

ဘုန်းကြီးဝတ်နဲ့တော့ ရိုက်လို့မရဘူးခင်ဗျ။ ဘာကြောင့်လဲဆိုတော့ ဘုန်းကြီးက ၁၂ နာရီကျော်ရင် ထမင်းမစားရဘူး။ ရိုက်ကွင်းက ၁၂ နာရီမတိုင်ခင် ရပ်လို့ ရချင်မှ ရမယ်။ နောက်တစ်ချက်က ဘုန်းကြီးဝတ်နဲ့ဆိုရင် ဒါရိုက်တာက လူလိုပြောလို့မရဘူး။ လျှောက်ထားရမယ်။ ပြီးတော့ အမျိုးသမီးတွေကြားမှာ ဘုန်းကြီးဝတ်နဲ့နေဖို့ မတင့်တယ်ဘူး။ နောက်ဆုံးတစ်ချက်ကတော့ ဘုန်းကြီးဆိုတာ တစ်နေကုန်ထိုင်ပြီး တရားမှတ်နေရမှာ။ ရုပ်ရှင်ရိုက်နေတာက နေ့၊ ညမရွေး အလုပ်လုပ်နေရမှာဆိုတော့ တကယ် ဘုန်းကြီးဝတ်နဲ့ဆိုရင် အဆင်မပြေဘူး။

နောက်တစ်ချက်က ရုပ်ရှင်ထဲမှာ ဇာတ်ပို့နေရာက ဆိုရင် လုပ်ခွင့်မရှိဘူး။ ဇာတ်ဆောင်နေရာကသာ လုပ်ခွင့်ရှိ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ အဲဒါတွေကြောင့် တကယ့်ဘုန်းကြီးဝတ်နဲ့ မဟုတ်ဘဲ လူထွက်ပြီးမှ ရိုက်ရတာပါ။

'ဥပါဒါန်' ရိုက်ပြီးတဲ့ အချိန်မှာ **နောက်ထပ် ဘုန်းကြီးကားတစ်ကား ကြုံလာပြန်တယ်။ ဒေါ်ဝါဝါဝင်းရွှေ ရိုက်တဲ့ 'ရှင်ဥပဂုတ်' ဇာတ်ကားပေါ့။ ဦးထင်တာကတော့ ဒေါ်ဝါဝါဝင်းရွှေနဲ့ ကိုအောင်နဲ့က ရင်းနှီးတော့ ကိုအောင်က ဘုန်းကြီးသရုပ်ဆောင်ရှိတယ်ဆိုပြီး ပြလိုက်ပုံရတယ်။**

အဲဒါကလည်း အကြောင်းတိုက်ဆိုင်တယ်လို့ ပြောရပါမယ်။ မာမီ(ဒေါ်ဝါဝါဝင်းရွှေ)က ရှင်ဥပဂုတ် ဇာတ်ကားကို ရိုက်ဖို့ စီစဉ်နေတာ လေး၊ ငါးနှစ်လောက် ရှိပါပြီ။ ဘာဖြစ်လို့ မရိုက်ဖြစ်သလဲတော့ ကျွန်တော် မသိပါဘူး။ ဥပါဒါန် ကို ရိုက်ပြီးတဲ့အချိန်မှာ မာမီက ရှင်ဥဂုတ်ကို ရိုက်မယ်။ လူသစ်တွေ ရှာပေးပါလို့ ဦးအောင်ကို အကူအညီတောင်းတယ်။ ဦးအောင်က ကျွန်တော်တို့ကို ခေါ်သွားပြီး ပြတယ်။ အဲဒီမှာ ကျွန်တော် ရှင်ဥပဂုတ်အဖြစ် သရုပ်ဆောင်ခွင့်ရခဲ့ပြန်ပါတယ်။ ဒါကလည်း အကြောင်းတိုက်ဆိုင်မှုတစ်ခုလို့ ပြောလို့ရပါတယ်။

**ဒီကားနှစ်ကား အတွက် ရိုက်ရက်တွေ ဘယ်လောက်ပေးခဲ့ရလဲ။**

ဥပါဒါန် ကတော့ ရက် ၂၀ ကြာပါတယ်။ ရှင်ဥပဂုတ် ကတော့ မတ်လ ၂၂ ရက်နေ့က စ,ရိုက်တာ ဧပြီလ ၄ ရက်နေ့အထိ ရိုက်ခဲ့ရပါတယ်။

**အခု သာသနာရေးနဲ့ ဆိုင်တဲ့ ကားနှစ်ကားမှာ အဓိကသရုပ်ဆောင်အဖြစ် ရိုက်ခဲ့ပြီးပြီ။ ရိုးရိုးရုပ်ရှင်ကားတွေမှာ သရုပ်ဆောင်ဖို့ ကမ်းလှမ်းလာရင် လက်ခံမှာလား။**

ဒါကတော့ ဇာတ်ညွှန်းရဲ့လေးနက်မှု အတိမ်အနက်ကို ကျွန်တော် ကြည့်ရပါဦးမယ်။ ဦးအောင်နဲ့လည်း တိုင်ပင်ပြီးတော့ ဆုံးဖြတ်ပါမယ်။

**တကယ်လို့ ကမ်းလှမ်းလာတဲ့ကားက အဓိက ဇာတ်ဆောင်မဟုတ်ဘဲ ဇာတ်ပို့ဖြစ်နေရင်ကော စဉ်းစားမှာလား။**

ဒါကလည်း ကျွန်တော် ဖြေခဲ့သလိုပါပဲ။ ဇာတ်ညွှန်းရဲ့ အတိမ်အနက်ကို ကျွန်တော် ကြည့်ပြီး ဆုံးဖြတ်ပါမယ်။ ဇာတ်မှာ အရေးပါအရာရောက်ပြီး ကိုယ်နဲ့လည်း လိုက်ဖက်မယ်ဆိုရင် လုပ်ဖြစ်မယ်လို့ ထင်ပါတယ်။

**နောက်ထပ် အစီအစဉ်ဘာရှိသေးလဲ။**

စိန်ငွေးရုပ်ရှင်ထုတ်လုပ်ရေးက ဦးဝင်းကြည်က ဇာတ်တစ်ပုဒ် ဇာတ်ညွှန်းခွဲခိုင်းနေပါပြီ။ ဒါကလည်း ဘာသာရေးဇာတ်ပါပဲ။ ဒါပေမဲ့ သူကတော့ လူဝတ်နဲ့ သရုပ်ဆောင်ရမယ့်အပိုင်းတွေပါ,ပါတယ်။ ရိုက်ဖြစ်မယ်ဆိုရင် အဲဒီကား ရိုက်ဖြစ်ပါမယ်။

**ဒီလိုဆိုရင် ဘုန်းကြီးအထူးသရုပ်ဆောင် ဖြစ်နေမှာပေါ့။**

ဘာကြောင့်မှန်းတော့ မသိဘူး။ ဥပါဒါန် ရိုက်နေတဲ့ အချိန်မှာ ကျွန်တော့်စိတ်ထဲမှာ ပျော်နေတယ်။ ဘာသာရေးကားဖြစ်တာကြောင့်လား မပြောတတ်ဘူး။ နောက်လည်း ဘာသာရေးကားရိုက်ရမယ်ဆိုရင် ကျွန်တော် ပျော်နေမှာပါပဲ။

❑

ချစ်စမ်းမောင်(ခ)ခိုင်ထူးသာနဲ့ တွေ့ဆုံခဲ့စဉ်က ဖြေကြားခဲ့တာတွေ ဖြစ်ပါတယ်။ ခိုင်ထူးသာကို ဆက်သွယ်ချင်တယ်ဆိုရင် ပရိသတ်များအနေနဲ့ လူမှုကွန်ရက်ဖြစ်တဲ့ စာမျက်နှာများမှာ Saya Chit ဆိုတဲ့ Account မှာ ဆက်သွယ်နိုင်ကြောင်း သိရပါတယ်။

■


ဝင်းငြိမ်း





www.burmeseclassic.com

www.burmeseclassic.com



# စိုးရန်အောင် နှင့် သက်သခင်တို့ မင်္ဂလာဆောင်ပြီ

**လင်းနိုင်ဦး**

သရုပ်ဆောင်နှစ်ဦးဖြစ်ကြတဲ့ စိုးရန်အောင်နဲ့ သက်သခင်တို့ရဲ့ စုလျားရစ်ပတ် ထိမ်းမြားမင်္ဂလာ လက်ထပ်ပွဲကို မေလ ၅ ရက်နေ့က ရန်ကုန်မြို့ ပြည်လမ်းရှိ နိုဗိုတယ်ဟိုတယ်မှာ ကျင်းပခဲ့ပြီး မင်္ဂလာညစာစားပွဲကို မေလ ၆ ရက်နေ့ညက ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ Melia Hotel မှာ ကျင်းပခဲ့ပါတယ်။ မင်္ဂလာသတို့သားက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဘုရင့်နောင်ရိပ်သာ အမှတ် ၂၀၅/ကနေ ဦးမောင်မောင်မြင့်အေး(အယ်ဒီတာချုပ်-ရောင်ပြန်မဂ္ဂဇင်း၊ ဘုန်းရောင်ဂျာနယ်) + ဒေါက်တာစောယုနွယ်တို့၏ သားငယ် ရုပ်ရှင်နဲ့ဗီဒီယို သရုပ်ဆောင် စိုးရန်အောင် B.A(I.R), Dip in IT, My's Pizza Group ဖြစ်ပြီး မင်္ဂလာသတို့သမီးက ရန်ကုန်တိုင်းဒေသကြီး



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



ရန်ကင်းမြို့နယ် ဘောက်ထော် စွန်းလွန်းဂူကျောင်းလမ်း အမှတ် ၃ နေ ဦးဖုန်းကျော် (ဒါရိုက်တာ၊ ရတနာသိမ်ကျောက်မျက်ရတနာကုမ္ပဏီ) + ဒေါ်နွဲ့နွဲ့ရီတို့၏တစ်ဦးတည်းသောသမီး ရုပ်ရှင်နဲ့ဗီဒီယိုသရုပ်ဆောင် သက်သခင်ကျော်ကျော် B.Sc(Botany), My's Pizza Group ဖြစ်ပါတယ်။

စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာလက်ထပ်ပွဲမှာ မင်္ဂလာမောင်နှံနဲ့ အရံ၊ ပန်းကြဲ၊ ဗန်းကိုင်တို့က ဒီဇိုင်နာမမဥ္ဇူ ချုပ်လုပ်ပေးထားတဲ့ မင်္ဂလာဝတ်စုံများနဲ့ ပွဲထွက်လာတာဖြစ်ပါတယ်။ မင်္ဂလာအခမ်းအနားမှာ အဆိုတော် ရီရီသန့်ရဲ့ တေးဂီတအဖွဲ့တီးခတ်ပေးမှုနဲ့ ရီရီသန့်က မင်္ဂလာခါတော်ပေးသီချင်းကို သီကျူးပေးခဲ့ပြီး မင်္ဂလာပန်းကြဲများအဖြစ် အေးမြတ်သူနဲ့ နန်းဆုရတီစိုးတို့က ဆောင်ရွက်ပေးခဲ့ပါတယ်။ မင်္ဂလာအောင်စံပယ်ပန်းကုံးကို သွန်းဆက်က ကိုင်ဆောင်ပေးခဲ့ပြီး မင်္ဂလာလက်စွပ်ဗန်းကိုတော့ သွန်းသုသုက ကိုင်ဆောင်ပေးခဲ့ပါတယ်။ မင်္ဂလာအရံများအဖြစ် မိုးယံဇွန်၊ မင်းသွေး၊ မိစန္ဒီ၊ ဆန်းသစ်လတို့က ဆောင်ရွက်ပေးခဲ့ကြတာဖြစ်ပါတယ်။

မင်္ဂလာပွဲအောင်မြင်



www.burmeseclassic.com

www.burmeseclassic.com



ခြင်း အထိမ်းအမှတ် မင်္ဂလာညစာစားပွဲကို မေလ ၆ ရက်နေ့ ည ၆နာရီခွဲအချိန် ရန်ကုန်မြို့ Melia Hotel မှာ ကျင်းပတဲ့ အစီအစဉ်မှာတော့ ဖျော်ဖြေရေးအစီအစဉ်များ ထည့်သွင်းပေးထားပြီး ကိုဇော်မင်းအောင်(ဆည်မြောင်း)ရဲ့ လေနုအေးတေးဂီတအဖွဲ့နဲ့ တက်ရောက်အားပေးတဲ့ အနုပညာရှင်များက သီချင်းများ သီဆိုလက်ဖွဲ့ခဲ့ကြပါတယ်။

မင်္ဂလာညစာစားပွဲအစီအစဉ်မှာ မင်္ဂလာမောင်နှံတို့က ဒီဇိုင်နာ မပုံ့ရဲ့ လက်ရာဝတ်စုံများနဲ့ ပွဲထွက်ခဲ့တာဖြစ်ပြီး ဒုတိယတစ်စုံလဲပြီး ပွဲထွက်လာတဲ့အချိန်မှာ မင်္ဂလာသတို့သား စိုးရန်အောင်က စင်မြင့်ပေါ်ကို အရင်ရောက်ရှိလာပြီး လေနုအေးတေးဂီတအဖွဲ့ တီးခတ်ပေးမှုနဲ့ အနှိုင်းမဲ့ သီချင်းကို သီဆိုကာ သူ့ရဲ့ သတို့သမီးကို မင်္ဂလာခန်းမအဝင်အဝအထိ သွားပြီး ရွှေလက်တွဲလို့ အတူ ပွဲထွက်ခဲ့ကြပါတယ်။

မင်္ဂလာကိတ်ခွဲတဲ့ အစီအစဉ်အပြီးမှာ ရင်းနှီးတဲ့ မိတ်ဆွေများကို စင်မြင့်ပေါ် ခေါ်တင်ပြီး စိုးရန်အောင်၊ သက်သခင်တို့နဲ့ ပတ်သက်တဲ့ အမှတ်တရစကားများပြောကြားစေတဲ့အတွက် သူတို့နှစ်ဦးရဲ့ လျှို့ဝှက်ချက်တွေကို သူငယ်ချင်းများက ပြောပြပေးကြလို့



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာပရိသတ်များအတွက် ပြုံးပျော်စရာဖြစ်ခဲ့ရပါတယ်။

မင်္ဂလာသတို့သမီး သက်သခင်ကျော်ကျော်နဲ့ ကျောင်းနေဖက်သူငယ်ချင်းဖြစ်တဲ့ အဆိုတော် မိစန္ဒီက မင်္ဂလာဆုတောင်းစကားပြောကြားပေးရာမှာ "သူတို့က ချစ်လာခဲ့ကြတာလည်း ကြာပြီ။ သမီးရည်းစားဘဝထက် အိမ်ထောင်သည်ဘဝမှာ ပိုပြီးတော့ ပျော်စရာ၊ ချစ်စရာကောင်းတဲ့ ဘဝမျိုး ပိုင်ဆိုင်နိုင်ကြပါစေ။ အစစအရာရာ အဆင်ပြေအောင်မြင်နိုင်ပါစေ" လို့ ဆုတောင်းပေးပါတယ်။

စိုးရန်အောင်နဲ့ သက်သခင်တို့က မိစန္ဒီနဲ့ ငယ်ငယ်ကတည်းက ရင်းနှီးခဲ့ကြတဲ့ ကျောင်းနေဖက်သူငယ်ချင်းတွေပါ။ ချစ်ခဲ့ကြတာလည်း ကြာပါပြီ။ ငယ်ငယ်ကတည်းက ချစ်လာကြတဲ့ ချစ်သူတွေဖြစ်တော့ သက်သခင်ကျော်က ကလေးဆန်တယ်။ အခုချိန်အထိလည်း ကလေးလိုပါပဲ။ စိတ်ကောက်တတ်တယ်။ သူတို့နှစ်ယောက်ကြားမှာ ရန်ဖြစ်လိုက်၊ ပြန်ချစ်လိုက်နဲ့ တွေ့ခဲ့ရဖူးတယ်။ တစ်ယောက်နဲ့တစ်ယောက်တော့ အရမ်းချစ်ကြတယ်။ ဒီလိုချစ်



www.burmeseclassic.com

www.burmeseclassic.com



လို့လည်း လက်ထပ်ခဲ့ကြတာပဲလေ။

"မိစန္ဒီနဲ့ သက်သခင်က ငယ်ငယ်ကတည်းက သူငယ်ချင်းဆိုတော့ သူ့အကြောင်း အကုန်သိတယ်။ သူက စိတ်အရမ်းကောက်တတ်တယ်။ ကလေးလည်းဆန်တာကိုး။ သူငယ်ချင်းအချင်းချင်းတောင်မှ မိစန္ဒီက သူ့ထက် သူများကို ပိုခင်သွားမှာ မကြိုက်ဘူး။ သူ့ညီမလေးလိုလည်း မိစန္ဒီကိုမြင်ထားလို့နေမှာပါ။ မိစန္ဒီကိုမှ မဟုတ်ဘူး။ တခြားသူငယ်ချင်းတွေနဲ့ သူ့မိဘတွေကို စိတ်ကောက်တတ်တာ သူ့ရဲ့မူရင်းပုံစံပါပဲ။ အခုတော့ သူချစ်တဲ့သူနဲ့လည်းအတူ လက်တွဲခွင့်ရပြီဆိုတော့ သူပျော်လည်းပျော်နေပါတယ်။ မိစန္ဒီပြောချင်တာက အရင်ကလို ကလေးမဆန်တော့ဘဲ လုံးဝအိမ်ထောင်ရှင်မတစ်ယောက်ဖြစ်ပြီးတော့ ပျော်ရွှင်နိုင်ပါစေ။ ကိုစိုးရန်အောင်ကလည်း သူငယ်ချင်း သက်သခင်အပေါ် အစစအရာရာ ဂရုစိုက်နိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်" လို့ ပြောပြခဲ့ပါတယ်။ ■

လင်းနိုင်ဦး



www.burmeseclassic.com

www.burmeseclassic.com



# သရုပ်ဆောင်အနေနဲ့ နောင်တမရတဲ့လှယဉ်ကျေး

**မန်းသူ**

နာမည်လှလှလေးနဲ့ လူသစ်တန်းသရုပ်ဆောင် လှယဉ်ကျေးက မုဒြာခေါ်သံ ဇာတ်ကားမှာ ကံစပ်ပြီးပါဝင် ခွင့်ရခဲ့သူလေးပါ။ မုဒြာခေါ်သံဟာ လှယဉ်ကျေးအတွက် ပထမဆုံး အနုပညာခြေလှမ်း သစ်ဖြစ်ခဲ့ပေမဲ့ အမှန်တကယ် ပရိသတ်နဲ့ အရင်ဆုံးထိတွေ့ လိုက်ရတာက ဒုတိယခြေလှမ်း **မောင့်အိမ်သူ** ရုပ်ရှင်ကားကြီးပါ။ တာထွက်ကောင်းတဲ့ လှယဉ်ကျေး ပါဝင်ခွင့်ရတဲ့ ဇာတ်ကားတွေက ရုပ်ရှင်ကားကြီးများဖြစ်ပြီး **မောင့်အိမ်သူ** ဆိုရင် အကယ်ဒမီစာရင်းဝင် ကားကြီးပါ။ ဒီလထဲမှာလည်း Wedding Fair ပွဲကြီးတစ်ခုအတွက် Billboard ကြီးတွေမှာ လှယဉ်ကျေးရဲ့ပုံတွေနဲ့ နေရာအနှံ့ တွေ့ရပါတယ်။ Evening Gown တွေနဲ့လည်း Model ဆန်ဆန် တွေ့ရတဲ့ လှယဉ်ကျေးနဲ့ တွေ့ဆုံမိတော့ . . .။

**Model Show တွေ လျှောက်ဖြစ်နေတာလား။**

ညီမက Model Show မလျှောက်ဖြစ်တာကြာပါပြီ။ ကိုအောင်မြတ်သူ (Aroma) ကြောင့် လျှောက်ဖြစ်တာပါ။ သူတို့က ညီမကို ကူညီပေးနေတာလည်းကြာပြီ။ ဒါကြောင့် အခုပွဲက သူတို့က ညီမကို ကမ်းလှမ်းလို့ လက်ခံပြီး လျှောက်ဖြစ်တာပါ။ တော်တော်ကြာပြီးမှ ညီမ ပထမဆုံး ပြန်လျှောက်ဖြစ်တာပါရှင့်။ **ဒါဆိုညီမက Model နဲ့ စ,ခဲ့တဲ့သဘောပေါ့။**

**Model တို့၊ Miss တို့က ဒီခေတ် အနုပညာတစ်ခုလို့ ပြောလို့ရနေတော့လေ။**

ညီမက ၂၀၀၃ ခုနှစ်ကတည်းကစပြီး မော်ဒယ်လ်လုပ်ခဲ့တာပါ။ ၅ နှစ်လောက် ဆက်တိုက် လုပ်ခဲ့တယ်။ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာမှာ မလှနုထွန်းတို့နဲ့ ချိတ်မိတယ်။ ညီမက မော်ဒယ်လ်လုပ်ခဲ့တဲ့ ၅ နှစ်တာမှာ ဘာမှမဖြစ်ဘဲ ပြီးသွားတယ်ပေါ့။ အချိန်တွေ အရမ်းကုန်သွားတယ်။ ဒီတော့ အဲဒါနဲ့ ဆက်စပ်နေတဲ့ မှတ်တိုင်လေး တစ်ခုဖြစ်ချင်တယ်။ Model နဲ့ ဆက်စပ်နေတဲ့ Miss ပြိုင်ပွဲကို ဟိုးအရင်ကတည်းက ပြိုင်ချင်နေခဲ့တယ်။ ဒါပေမဲ့





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ညီမတို့ငယ်ငယ်တုန်းက နိုင်ငံခြားပွဲတွေ မရှိဘူး။ ရှိလာပြန်တော့လည်း အသက်ကန့်သတ်ချက်က ညီမက ကျော်နေပြီ။ ကံကောင်းစွာနဲ့ မလှနတွန်းနဲ့ဆက်မိပြီး Miss ဝင်ပြိုင်တယ်။ Winner ဆုရခဲ့တယ်ပေါ့။

**ဒီလောက်နှစ်ကြာပြီးမှ သရုပ်ဆောင်ဘက် ဘယ်လိုယုံကြည်မှုနဲ့ ကူးခဲ့တာလဲ။**

ညီမ မော်ဒယ်လ်လုပ်တယ်ဆိုတာကလည်း သရုပ်ဆောင် ဝါသနာပါလို့ပါ။ ညီမတို့ခေတ်တုန်းက ပြိုင်ပွဲတွေ၊ လူရွေးပွဲတွေ သိပ်မရှိဘူး။ အိန္ဒြာကျော်ဇင်တို့၊ စိုးမြတ်နန္ဒာတို့၊ ဆုပန်ထွာတို့ဆိုတာက မော်ဒယ်လ်ကနေ မင်းသမီးဖြစ်သွားတယ် ဆိုတော့ မင်းသမီးဖြစ်ချင်ရင် ငါ မော်ဒယ်လ် စ,လုပ်ရမယ်ပေါ့။ အဲဒီကနေတောက်လျှောက် ၅ နှစ် မော်ဒယ်လ်လုပ်ခဲ့ပေမဲ့ ညီမ အခွင့်အရေးမရခဲ့ဘူး။ အဲဒီမှာ ညီမက ဒူဘိုင်းကိုလည်း ၂၀၀၉ ကနေ ၂၀၁၁ ခုနှစ်အထိ အလုပ်သွားလုပ်လိုက်သေးတယ်။ ဒါပေမဲ့ ပိုးက မသေတော့ ပြန်လာပြီး Loreal Art သင်တန်းကျောင်းမှာ သရုပ်ဆောင်သင်တန်းတက်ခဲ့တယ်။ အဲဒီကနေ အခုထိ အနုပညာအလုပ်တွေလုပ် ဖြစ်နေတယ်။ **မုဒြာခေါ်သံ**က ၂၀၁၄ မှာ လူရွေးပွဲဝင်ပြီးရိုက်ဖြစ်တယ်။ **မောင့်အိမ်သူ**ကတော့ ၂၀၁၅ မှာ ရိုက်ဖြစ်တယ်။

**ဒီဇာတ်ရုပ်တွေအတွက် ဆုံးဖြတ်ခဲ့တာက…။**

ညီမရဲ့ နဂိုစိတ်ကိုက သရုပ်ဆောင်ချင်တယ်။ **မုဒြာခေါ်သံ**မှာ ရိုးရိုးအေးအေးနဲ့ အငြိမ်ဇာတ်ရုပ်၊ **မောင့်အိမ်သူ**မှာက သူနဲ့ဆန့်ကျင်ဘက်။ ဒါပေမဲ့ ညီမက သရုပ်ဆောင်ပဲလုပ်ချင်တဲ့အတွက်၊ မတူညီတဲ့ ဇာတ်ရုပ်ကို လုပ်ပြချင်တဲ့အတွက်၊ ပြီးတော့ ညီမ လုပ်နိုင်တယ်ဆိုတာကို ပြချင်တဲ့အတွက် လုပ်ခဲ့တယ်။ ညီမလေ **မောင့်အိမ်သူ** မရိုက်ခင်တွေဝေမိသေးတယ်။ စဉ်းစားသေးတယ်။ မကြာခင်ကမှ Miss ဆုလည်း ယူထားတယ်။ ဒီဇာတ်ရုပ်ထွက်လာရင် ငါ့ကို ဘာပြောကြမလဲ။ ဘယ်လိုတွေ ပြောကြမလဲပေါ့နော်။ စိတ်ကတော့ လူတစ်ယောက်ဆိုတော့ သူများပြောမှာကိုတော့ စိုးတယ်။ ဒါပေမဲ့ ငါက သရုပ်ဆောင်တစ်ယောက်ဖြစ်ချင်တာ။ သရုပ်ဆောင်ဆိုတာ ဇာတ်ရုပ်အစုံလုပ်နိုင်ရမယ်ဆိုပြီး လက်ခံရိုက်ကူးခဲ့တာ။

**မောင့်အိမ်သူနဲ့ မုဒြာခေါ်သံ Feed Back ဘယ်လိုရလဲ။**

**ပရိသတ်အသံပေါ့။**

နှစ်ခုစလုံးအတွက် ပြောကြတာကတော့ ရုပ်ဆိုးတယ်တဲ့။ ခက်တာက **မောင့်အိမ်သူ**မှာ သူတို့မြင်ဖူးနေကျ သရုပ်ဆောင်ဆိုရင်တောင် မေတ္တာထားပြီး ချစ်ပေးနိုင်ပေမဲ့ သူတို့တစ်ခါမှ မမြင်ဖူးတဲ့ သူက မုန်းစရာဇာတ်ရုပ်ကြီးမှာ ဝင်ပါလာတော့ အပြင်မှာ ဖြစ်နေသလိုကြီးပဲ ခံစားကြပြီး အရမ်းမုန်းကြတယ်။





www.burmeseclassic.com

www.burmeseclassic.com

မုဒြာခေါ်သံ ကျတော့ ကြိုက်တဲ့သူ ရှိသလို မကြိုက်တဲ့သူလည်း ရှိတယ်။ မင်းသမီး တစ်ယောက်လို အရမ်းကြီး လုပနေတာလည်း မဟုတ်တော့လေ။ ကိုဇော်နဲ့ မခရစ္စကို ဝန်းရံကြရင်း ကိုယ့်ကိုပါ သိသွားတဲ့ သဘောလို့ပဲ ညီမတော့ ထင်ပါတယ်။

**မုဒြာအတွက် လူခေါ်တုန်းက အားလုံးက အသစ်တွေဆိုတာ သိသိကြီးနဲ့ ဘယ်လို အချက်ကို စိတ်ဝင်စားလို့ လျှောက်ဖြစ်လိုက်တာလဲ။**

ညီမက ၂၀၁၂ ခုနှစ် ကတည်းက သင်တန်း တက်နေရင်းနဲ့ ဟိုအခန်းလေး နည်းနည်း၊ ဒီအခန်းလေးနည်းနည်းပဲ ပါခွင့်ရတယ်။ ကိုယ်က အများကြီး သရုပ်ဆောင် ချင်တာလေ။ ညီမ ငယ်ငယ်က ကိုရီးယား ကားတွေ၊ နိုင်ငံခြား ကားတွေကို ကြည့် လိုက်ရင် သရုပ်ဆောင် ဖြစ်ချင်ရင် လူရွေးပွဲတွေ ဝင်ကြတယ်။ အဲဒါကို ညီမ အရမ်းသဘောကျတယ်။ ကိုယ်က အသစ်ဆိုတော့ ဒီလိုပွဲတွေရှိမှ ကိုယ့်အတွက် အခွင့်အရေး ရမယ်။ အဲဒီအချိန်မှာ ဒီ မုဒြာ ခေါ်သံကြီးက လော်ရယ်သင်တန်းကို အသိပေးလာတဲ့အခါမှာ ညီမ အရမ်းဝမ်းသာ သွားတယ်။ နာမည်ကြီး သရုပ်ဆောင် ဘယ်သူ၊ ဘယ်သူနဲ့မှရိုက်ချင်တယ် လို့ မဟုတ်ဘူး။ ညီမ သရုပ် ဆောင်ဖို့အတွက် အခွင့်အရေး ပေါ်လာတယ်လို့ပဲ ခံယူစိတ်နဲ့ ဝင်ပြိုင်တယ်။ ပြိုင်တော့ လည်း ခေါင်းဆောင်နေရာရမှ မဟုတ်ဘူး။ အဲဒီကားထဲမှာ ဘယ်နေရာမှာပဲ သရုပ်ဆောင် ရ၊ သရုပ်ဆောင်ရပဲ။ ဘာ လို့ဆိုတော့ ရုပ်ရှင်ကားကြီး ဆိုတဲ့ အခွင့်အရေးက ညီမတို့ လိုအသစ်တွေအတွက် အရမ်း ခက်ခဲတယ်။ ပြီးတော့ မုဒြာ သရုပ်ဆောင်ရွေးပွဲကို ညီမ ကြိုက်တာ နောက်တစ်ခုက နိုင်ငံတကာ ရုပ်ရှင်ပွဲတော်တွေ မှာ ပြဖို့ရည်ရွယ်တယ်ဆိုတဲ့ အတွက် ညီမ ဝင်ပြိုင်ဖြစ်တာ ပါ။

**ဇော်ခီနဲ့ ခရစ္စတို့နဲ့ လက်တွဲလုပ်ဆောင်ချိန်က အမှတ်တရ အမြင်အချို့ပေါ့။**

ကိုဇော်နဲ့က ညီမတို့ စ၊ သိတဲ့အချိန်က လူရွေးပွဲဝင်တာ ဆိုတော့ အတူတူဆိုတော့ ပြိုင်ပွဲဝင်တော့လည်းအတူတူ၊ သင်တန်းတက်တော့လည်း အတူတူ အဲဒီလိုနဲ့ တောက် လျှောက်ဆိုတော့ တကယ် လုပ်တဲ့အခါကျတော့ သင်ယူ တာထက်စာရင် ညီမတို့ အတူတူ ညှိနှိုင်းပြီး လုပ်ကြ တာ ပိုများတယ်။ မခရစ္စကို စ၊သိတာက လူရွေးပွဲစ၊ဝင် တဲ့အချိန်။ ဆံပင်ရှည်ရှည်နဲ့ စားပွဲမှာထိုင်နေတာ စ၊တွေ့ တွေ့ချင်းမှာပဲ ဒီအမျိုးသမီး ဘာလဲ၊ ဘယ်သူလဲ ညီမ မသိဘူး။ ဒါပေမဲ့ ထက်မြက် တဲ့ အမျိုးသမီးတစ်ယောက် လို့ အမြင်နဲ့ စ၊သိခဲ့တယ်။

**လှယဉ်ကျေးရဲ့ လုပ်ဆောင်ချက်၊ အနုပညာခြေလှမ်းတွေအတွက် ခံစားမှု တစ်စိတ်တစ်ပိုင်း။**

သရုပ်ဆောင်တစ်ယောက် ရဲ့ ခံစားချက်အနေနဲ့ ဆိုရင် တော့ နောင်တ မရှိပါဘူး။ ဒါပေမဲ့ ကိုယ့်အသိုင်းအဝိုင်း မှာပေါ့။ ငါ ဒီကားကြီး ထွက် လာပြီးရင် ငါ့ကိုလူတွေ ဘယ် လိုမြင်မှာလဲ၊ ငါ့အသိုင်း အဝိုင်းကရော ဘယ်လိုပြောမှာ လဲ။ နားလည်ပေးပါ့မလား။ လူတွေကရော နားလည်ပေး ပါ့မလားလို့ စိတ်ပူတာတော့ ရှိတယ်။ နောင်တတော့မရ ဘူး။ မုဒြာခေါ်သံ ကျတော့ ရိုက်ရတာ ဂုဏ်ယူတယ်။ ဘယ်နိုင်ငံမှာပဲပြပြ မြန်မာဆို တာကို ပြောလို့ရတဲ့ ဇာတ် ကားထဲမှာ ပါဝင်ခွင့်ရလို့ပါ။

ကိုယ့်ကိုယ်ကို အသစ် တစ်ယောက်လိုပဲ အမြဲခံစား၊ ခံယူထားတယ်ဆိုတဲ့ လှယဉ် ကျေးက နိုင်ငံတကာဇာတ် ကားများအတွက် အင်တာ နက်ကတစ်ဆင့် သရုပ်ဆောင် လူရွေးပွဲတွေမှာလည်း ပါဝင် ယှဉ်ပြိုင်နေဦးမှာဖြစ်ပြီး သူ ချစ်တဲ့ အနုပညာဝန်းကျင်မှာ နေထိုင်ခွင့်ရနေအောင် ကြိုး စားနေတယ်လို့ ဆိုပါတယ်။

■ မန်းသူ




www.burmeseclassic.com

www.burmeseclassic.com



၁၉၉၇ ခုနှစ်က ဒိုင်ယာနာနဲ့အတူ
တွေ့ရတဲ့ ပေါလ်ဘာရယ်လ်။ ၂၀၀၁ ခုနှစ်မှာ
သူ့အိမ်ကို ရဲတွေဝင်ရှာတော့ အခန်းများထဲမှာ
ပန်းချီကားများ၊ ကြွေထည်များ၊ ဓာတ်ပုံများ
စသဖြင့် ဒိုင်ယာနာပိုင်ဆိုင်တဲ့
ပစ္စည်းများစွာကို တွေ့ရှိရပါတယ်

www.burmeseclassic.com

www.burmeseclassic.com

# ပေါ်လ်ဘာရယ်လ်အမှု ဘာကြောင့်ပိတ်သလဲ

**ဇာနည်ညီမိုး**

*(ယခင်လမှ အဆက်...)*

ဩဂုတ်လ ၃ ရက် ထိုနေ့ညနေတွင် ရဲအရာရှိများ ဟိုက်ဂရုဗ်စံအိမ်သို့ ရောက်ရှိလာကြလိမ့်မည်ဟု မျှော်လင့်ထားကြသည်။ သူတို့ မသိသည်မှာ ဘိုလန်က ချားလ်စ်မင်းသားနှင့် ဘာရယ်လ်တို့ နောက်နာရီ အနည်းငယ်အကြာတွင် နှစ်ယောက်တည်း တွေ့ဆုံ ဆွေးနွေးရန် စီစဉ်ထား ပေးပြီးဖြစ်သည်။ သို့သော် ရဲများရောက်မလာခင်မှာပင် လျှို့ဝှက်အစီအစဉ်မှာ ပေါက်ကြားသွားပြီဟု ဘိုလန် သံသယဖြစ်မိသည်။ ချားလ်စ်မင်းသား၏ လုံခြုံရေးအရာရှိများထံမှ ပေါက်ကြားခြင်းဖြစ်မည်ဟု ဘိုလန်က ထင်သည်။ ထို့ကြောင့် ချားလ်စ်နှင့် ဘာရယ်လ်တို့ တွေ့ဆုံမည့် အစီအစဉ်ကို ဖျက်သိမ်းရန် ဘိုလန်က အကြံပြုသည်။ ချားလ်စ်ကလည်း သဘောတူညီခဲ့သည်။ ထို့နောက်တွင် မင်းသားက ရဲများနှင့် ပတ်သက်၍ ဆောင်ရွက်ရန် သူစဉ်းစားထားသည့် အစီအစဉ်တစ်ခုကို ပြောကြားသည်။ သူစဉ်းစားထားသည်မှာ 'ဒီပစ္စည်းတွေက တော်တော် အရေးပါလို့လား။ ဟုတ်တယ်၊ တချို့ပစ္စည်းတွေက အရေးပါတယ်။ ဘယ်လောက်အထိ အရေးပါသလဲ။ သိပ်တော့ မဟုတ်ပါဘူး' ဆိုသည့်အခြေအနေကို ဖန်တီးရန်ဖြစ်သည်။ ထိုသို့ဖြစ်လာစေရန် ချားလ်စ် ပါဝင်ပတ်သက်ခြင်းမရှိဘဲ လွတ်လွတ်ကင်းကင်းဖြစ်မှသာ ဆောင်ရွက်နိုင်မည် ဖြစ်သည်။

အမှန်စင်စစ်တွင် ချားလ်စ်သည် ဒိုင်ယာနာ၏ပစ္စည်း မည်ရွေ့မည်မျှကို ဘာရယ်လ် ယူထားကြောင်း မသိပေ။ ရဲများက ပစ္စည်းအမျိုးအမည် နှစ်ထောင်ခန့်ရှိကြောင်း ပြောကြားမှသာ သိခဲ့သူဖြစ်သည်။ ထိုစဉ်က 'ဩော်... တော်တော်များများ ယူထားတာပဲ' ဟု ဆိုခဲ့သည်။

ထိုစဉ်က ရဲတပ်ဖွဲ့မှ ဘာရယ်လ်အား တရားစွဲဆိုအရေးယူရမည်လားဟု မေးမြန်းခဲ့ရာ ချားလ်စ်က 'ကျွန်တော်တို့မှာ ရွေးချယ်စရာနည်းလမ်းမှ မရှိတော့ဘဲ' ဟု ဆိုခဲ့ပြီး သက်ပြင်းချခဲ့သည်။




ရဲများက ပြန်လည်မထွက်ခွာမီတွင် မင်းသားအနေဖြင့် ဘာရယ်လ်နှင့် အဆက်အသွယ် ရှိ၊မရှိ မေးမြန်းခဲ့ရာ မရှိပါဟု မင်းသားက ဆိုခဲ့သည်။

လက်ရှိအခြေအနေတွင် မင်းသားက ဘာရယ်လ်အား တရားစွဲဆိုမည့်ကိစ္စကို အမြန်ဆုံးရပ်စေချင်ခဲ့သည်။ နောက်ထပ်အရေးကြီးသည့် အချက်တစ်ချက်မှာ တရားစွဲဆိုပိုင်ခွင့်ရှိသူ ဒိုင်ယာနာ၏ ညီမ လေဒီဆာရာမက်ကော်ဒေးလ်က ဘာရယ်လ်အား တရားခွင်သို့ အရောက် ဆွဲခေါ်နေလိုခြင်း ဖြစ်သည်။ အကယ်၍ လေဒီဆာရာကသာ သူ့စိတ်ကို မပြောင်းဟု ဆိုပါက ချားလ်စ်အနေဖြင့် လုပ်နိုင်ခွင့် နည်းပါးမည် ဖြစ်သည်။ ထိုအချိန်တွင် ရဲတပ်ဖွဲ့ကလည်း ဘိုလန်အား ဘာရယ်လ်နှင့်


www.burmeseclassic.com

www.burmeseclassic.com

ညှိနှိုင်းဆွေးနွေးစေချင်နေသည်။ ဘိုလန်က ရဲတပ်ဖွဲ့ စိတ်တိုင်းကျ ဆွေးနွေးမည်ဟု တာဝန်ယူလိုက်သည်။

ဩဂုတ် ၁၈

သူ့အမှုသည်အား စွဲချက်တင်ခြင်းမှ ကင်းလွတ်စေရန်အတွက် ဘာရယ်လ်၏ရှေ့နေက ရဲတပ်ဖွဲ့သို့ စာမျက်နှာ ၃၉ မျက်နှာပါဝင်သည့် ဘာရယ်လ်၏ ထွက်ဆိုချက်ကို ပေးပို့ခဲ့သည်။ တရားဝင်ဖြစ်စေရန်အတွက် ဘာရယ်လ်ကိုယ်တိုင် လက်မှတ်ရေးထိုးထားသည်။

ထိုစာမျက်နှာများတွင် တခြားအကြောင်းအရာများထက် ဘာရယ်လ်၏ ဒိုင်ယာနာနှင့် ဆက်ဆံရေး အထူးနီးကပ်သည်ကို ဖော်ပြထားသည်။ ဒိုင်ယာနာ၏ အမျိုးသားမိတ်ဆွေများအား ကင်စတန်နန်းတော်အတွင်းသို့ သူ မည်သို့ မည်ပုံ လျှို့ဝှက်စွာ ခေါ်ဆောင်ပေးခဲ့ပုံများ ဖော်ပြထားပြီး အစားအသောက်များကိုပင် မင်းသမီး၏ အခန်းၚ္ဆ စားသုံးနိုင်ရန် စီစဉ်ပေးခဲ့ပုံများ ဖော်ပြထားသည်။

ထို့ပြင် ဘာရယ်လ်က ဒိုင်ယာနာသည် ပယ်ဒင်တန်ရှိ ကြေးစားပြည့်တန်ဆာများအား တံစိုးလက်ဆောင်များပေးကာ ပြည့်တန်ဆာအလုပ်ကို စွန့်လွှတ်ကြရန် သွားရောက်ပြောကြားသည်များကိုလည်း ဖော်ပြထားသည်။


ထိုစာများကို ရဲတပ်ဖွဲ့က ဖတ်ရသည့်အခါ ဘာရယ်လ်သည် တရားရုံးတော်ပေါ်သို့ တက်ရောက်အစစ်ခံရပါက ဒိုင်ယာနာ၏ လျှို့ဝှက်ချက်များကို ဖွင့်ချမည့်ပုံစံရှိပြီး ယင်းသို့ ပြုလုပ်လိုက်ပါက ဘုရင်မကြီးနှင့်တကွ ဆွေတော်မျိုးတော်များ အရှက်ကွဲကြရမည်ဖြစ်သည်။

ထိုအကြောင်းအရာများမှ လွဲ၍ ဘာရယ်လ်၏စာတွင် ခိုးမှုနှင့်ပတ်သက်ကာ တစ်စုံတစ်ရာမျှ ဖော်ပြခြင်းမပြုပေ။ ထို့ကြောင့် ဘာရယ်လ်အား စစ်မေးရန်အတွက် ရဲတပ်ဖွဲ့က ခေါ်ရပြန်သည်။

ဤအကြိမ်တွင် သူ့အိမ်၌တွေ့ရသည့် ဒိုင်ယာနာပိုင်ပစ္စည်းများမှာ မင်းသမီးကိုယ်တိုင်က လက်ဆောင်အဖြစ်ပေးခဲ့သည့်ပစ္စည်းများ၊ ဖျက်ဆီးပစ်ရန်အတွက် မင်းသမီးက ပေးခဲ့သည့်ပစ္စည်းများသာဖြစ်ကြောင်း၊ ထို့ကြောင့် သူ့အနေနှင့် မည်သည့်ပစ္စည်းကိုမျှ ပြန်လည်ပေးအပ်နိုင်မည် မဟုတ်ဟု ငြင်းဆိုခဲ့သည်။

ထိုအစစ်ခံချက်တွင် ဘာရယ်လ်က





ဒီအမှုတရားရုံး
ရောက်လာမှာကို
ဘယ်သူကမှ
စိတ်မဝင်စားပေမဲ့
ချားလ်စ်ကတော့
စိတ်ပူပါတယ်

www.burmeseclassic.com



ဗြိတိန်နိုင်ငံမှာ သတင်းစာများက
အကြီးအကျယ် ဖော်ပြခဲ့ကြသည့် ဘာရယ်လ်ကို ရုံးထုတ်လာစဉ်
ဓာတ်ပုံသတင်းထောက်များက မှတ်တမ်းတင်ကြပါတယ်

ဒိုင်ယာနာ၏ သားများ၊ သို့မဟုတ် ဘုရင်မကြီးတို့ စွပ်စွဲသကဲ့သို့ ထိန်းသိမ်းထားခြင်းမဟုတ်ကြောင်း ထည့်သွင်းငြင်းဆိုခြင်း မပြုပေ။ ထို့ကြောင့် ထိုနေ့ နေ့လယ် ၂ နာရီ မိနစ် ၄၀ အချိန်တွင် ဘာရယ်လ်အား ခိုးမှုဖြင့် စွဲချက်တင်လိုက်ကြသည်။

နောက်တစ်လအကြာတွင် ဘာရယ်လ်၏ ရှေ့နေက ချားလ်စ်မင်းသားထံ စာတစ်စောင်ရေးသားခဲ့သည်။ ယင်းစာ၌ လက်ရှိပေါ်ပေါက်နေသည့် အခြေအနေများနှင့် ပတ်သက်ကာ ဘာရယ်လ်က ပရိသတ်အများစုရှေ့မှောက်တွင် ပြောကြားလိုကြောင်း ဖော်ပြလိုက်ခြင်းဖြစ်သည်။

ထိုစာကို ချားလ်စ်က မည်သို့မျှ တုံ့ပြန်ခြင်း မပြုခဲ့ပေ။

ရှေ့နေဖြစ်သူက နောက်ထပ်စာများ ရေးသားပေးပို့ရာ၌ အလွန်အသေးစိတ်သောကိစ္စများကို ပြောကြားလိုကြောင်းနှင့် ပုဂ္ဂိုလ်ရေးကိစ္စများ၊ ဒိုင်ယာနာ၏ အတွင်းရေးများတို့ကို တရားရုံးတော်ပေါ်တွင် ထုတ်ဖော်အစစ်ခံမည်ဟု ဖော်ပြခဲ့သည်။

ထိုစာများနှင့် ပတ်သက်၍လည်း ချားလ်စ်က တုံ့ပြန်ခြင်းမပြုသည့်အခါ ဘာရယ်လ်၏ ရှေ့နေက ချားလ်စ်အား ရုံးတော်သို့ သက်သေအဖြစ် ဆင့်ခေါ်မည်ဟု ခြိမ်းခြောက်ခဲ့ပြန်သည်။

**ဖေဖော်ဝါရီ ၁၃၊ ၂၀၀၂ ခုနှစ်**

နောက်ထပ် ဘာရယ်လ်ထံမှ စာတစ်စောင် ရောက်လာခဲ့ပြန်သည်။ ဒီတစ်ကြိမ်တွင် ဘာရယ်လ်က ဘုရင်မကြီးနှင့် တွေ့ဆုံခွင့်ပြုရန် တောင်းဆိုလိုက်ခြင်း ဖြစ်သည်။

သူတို့နှစ်ဦးသည် ၃ နာရီကြာမျှ ဘုရင်မကြီး၏အခန်းတွင် စကားဆိုခဲ့ဖူးသည်ဟု ဘာရယ်လ်က ဆိုသည်။ ထိုအချိန်မှာ ဒိုင်ယာနာမင်းသမီး ကွယ်လွန်



www.burmeseclassic.com

www.burmeseclassic.com




ပြီးခါစအချိန်က ဖြစ်သည်။ ဘာရယ်လ်၏ ပြောပြချက်အရ ဘုရင်မကြီးက ဘာရယ်လ်နှင့် မင်းသမီးတို့၏ ဆက်ဆံရေးသည် မင်းမှုထမ်းနှင့် အိမ်ရှေ့မိဖုရားတို့၏ ဆက်ဆံရေးနှင့် မတူကြောင်း မှတ်ချက်ချခဲ့သည်ဟု ဆိုသည်။

ဘုရင်မကြီးက သူမအနေဖြင့် မင်းသမီးအား ကူညီနိုင်ရန် အကြိမ်များစွာ ကြိုးစားခဲ့ကြောင်း၊ သူ့အားလည်း အထူးဂရုပြုရန် သတိပေးခဲ့ကြောင်း၊ ဘာကင်ဟမ်နန်းတွင်းရှိ လူအများစုမှာ မင်းသမီးနှင့် ဆန့်ကျင်နေသော်လည်း မင်းသမီးအပါး၌ ခိုင်ခိုင်မာမာ ရပ်တည်နေသည်မှာ သူတစ်ဦးတည်းသာရှိခြင်းကြောင့် ဘုရင်မကြီးက သတိပေးခဲ့ခြင်းဖြစ်ကြောင်း ဘာရယ်လ်က ဆိုသည်။

အစိုးရရှေ့နေများကမူ ဘာရယ်လ်၏ စာများသည် လက်ရှိဖြစ်ပေါ်နေသည့် ခိုးမှုနှင့်ပတ်သက်ခြင်း မရှိဟု ဆုံးဖြတ်ကြသည်။

ဩဂုတ်လ ၂၇

ဘာရယ်လ်၏ ရှေ့နေဖြစ်သူက ရဲတပ်ဖွဲ့သို့ ချဉ်းကပ်ပြန်သည်။ ဤအကြိမ်တွင် ဘာရယ်လ်ရေးသားထားသော စာတစ်စောင်ကို ချားလ်စ်မင်းသားထံ ပေးပို့ရန်အတွက် ဖြစ်သည်။

ရှေ့နေက ပြောကြားရာ၌ သူ့အမှုသည်က လက်ဝယ်ရှိနေသော မင်းသမီးပိုင်ပစ္စည်းများကို ပြန်လည်ပေးအပ်လိုကြောင်း၊ တရားစွဲဆိုထားသောအမှုကိုလည်း ရုပ်သိမ်းပေးရန် တောင်းဆိုလိုကြောင်း ပြောကြားခဲ့သည်။

ထိုစာကို ချားလ်စ်ထံသို့ ပေးပို့ခြင်း မပြုခဲ့ကြပေ။ သို့သော် ချားလ်စ်က ဘာရယ်လ်၏ ကမ်းလှမ်းချက်ကို သိရှိသွားခဲ့သည်။ ထို့ကြောင့် ရုံးတင်စစ်ဆေးနေသောအမှုကို ရုပ်သိမ်းပေးရန် ဆန္ဒရှိခဲ့သည်။

ဥပဒေကြောင်းအရ ထိုကိစ္စမှာ မဖြစ်နိုင်တော့ပေ။ အစိုးရရှေ့နေများက သူတို့တာဝန်အရ ဆက်လက်ဆောင်ရွက်မည်သာ ဖြစ်သည်။

သို့သော် ချားလ်စ်က သူ၏ အတွင်းရေးမှူးဖြစ်သူ ဆာမိုက်ကယ်လ်ပီ(တ)အား မိမိအနေဖြင့် အမှုကို ရုပ်သိမ်းလိုသည့်ဆန္ဒရှိကြောင်း တရားရုံးအား အသိပေးစေခဲ့သည်။

ဩဂုတ်လ ၃၀

မင်းသား၏ အမိန့်ဖြင့် ပီ(တ)က ဘရန်နာအား အမှုပိတ်လိုကြောင်း သိစေခဲ့သည်။

ရလဒ်အနေဖြင့် သူက ဘရန်နာအား 'လက်ဆောင်ပေးတဲ့ကိစ္စကို ဘယ်လိုလုပ်ပြီး တရားစွဲလို့ရမှာလဲ'ဟု ဆိုခဲ့သည်။

❑

ထိုသို့ဖြင့် အိမ်ရှေ့မင်းသားဖြစ်သည့် ချားလ်စ်ကိုယ်တိုင်က ပေါလ်ဘာရယ်လ်ကို တရားရုံးတော်ပေါ်တွင် အများပြည်သူရှေ့မှောက်၌ အစစ်ဆေး



www.burmeseclassic.com

www.burmeseclassic.com



ဘာရယ်လ်က စာအုပ်ရေးသားထုတ်ဝေခဲ့ရာမှာ စတာလင်ပေါင် လေးသန်းအထိ ရခဲ့ပါတယ် အဲဒီစာအုပ်မှာ 'ကျွန်တော် မရေးဘဲ ချန်ခဲ့တဲ့ အချက်အလက်များစွာ ရှိပါတယ်။ အဲဒါတွေက ကိုယ်ရေးကိုယ်တာတွေဖြစ်ပြီး ထိခိုက်နစ်နာသွားမယ့် ပုဂ္ဂိုလ်များကြောင့် မရေးဘဲ ချန်ခဲ့တာပါ' လို့ ဆိုပါတယ်

ခံရန် မလိုလားခဲ့ပေ။ ဘာရယ်လ်အနေဖြင့် ဒိုင်ယာနာနှင့် ချားလ်စ်တို့၏ ဆက်ဆံရေးကိစ္စ အတွင်းကျကျ သိထားသူဖြစ်ခြင်းကြောင့် တရားရုံးတော်ပေါ်တွင် သူ သိသမျှ ဖွင့်ချလိုက်ပါက ချားလ်စ်မင်းသား အပါအဝင် တော်ဝင်မိသားစုအားလုံး အရှက်ကွဲဖွယ်ရာရှိခြင်းကြောင့် အမှုကို ပိတ်လိုခြင်း ဖြစ်သည်။ သို့သော် ယခုကိစ္စတွင် ချားလ်စ်သည် တရားလိုမဟုတ်ခြင်းကြောင့် ပါဝင်စွက်ဖက် နိုင်ခွင့် မရှိပေ။ အမှုပိတ်နိုင်သည်မှာ ဒိုင်ယာနာ၏သားတော် ဝီလျံမင်းသားနှင့် ဒိုင်ယာနာ၏ ညီမတော်တို့တွင်သာ အခွင့်အာဏာ ရှိသည်။ နောက်ဆုံးတွင် တိုင်းပြည်၏ ဦးသျှောင်ဖြစ်သော မယ်တော် ဘုရင်မကြီး၏ အမိန့်ဖြင့် ဤအမှုကို ပိတ်သိမ်းစေပါကဖြစ်နိုင်ကြောင်း သိရှိလာသဖြင့် မယ်တော်ထံ အခစားဝင်ကာ အခြေအနေ အရပ်ရပ်ကို လျှောက်ထား တင်ပြသည်။ မယ်တော် ဘုရင်မကြီးကလည်း ဆွေတော်မျိုးတော်များ အရှက်ကွဲမည့်ကိစ္စဖြစ်သည်ကို တွေးမိသည့် အားလျော်စွာ ပေါလ်ဘာရယ်လ်၏ အိမ်တွင်တွေ့ရှိခဲ့ရသော ဒိုင်ယာနာပိုင်ဆိုင်သည့် ပစ္စည်းအမျိုးအမည် ၂၀၀၀ တို့မှာ သူ၏အမှုထမ်းဖြစ်သူ ဘာရယ်လ်အား ဒိုင်ယာနာက သဒ္ဓါရက်ရောစွာ ပေးကမ်းခဲ့ခြင်း ဖြစ်သည်ဟု မိမိကိုယ်တိုင် ယုံကြည်ကြောင်း ထုတ်ဖော် ပြောကြားကာ ပေါလ်ဘာရယ်လ်၏ ကမ္ဘာကျော်အမှုကို ရုပ်သိမ်းပေးခဲ့ခြင်း ဖြစ်သည်။

■

**ဇာနည်ညီမ်း**

*Ref: Mail Online March 21.2018.*



www.burmeseclassic.com

www.burmeseclassic.com



# ပရိသတ်နဲ့ တစ်သားတည်းကျတဲ့ အနုပညာရှင် ဖြစ်ချင်တဲ့ တိုင်ရွှန်

**မနိုးသူ**

အနုပညာလောကထဲကို ဝင်ရောက်နိုင်ဖို့အတွက် နည်းလမ်းပေါင်းစုံနဲ့ ကြိုးစားနေကြတဲ့သူတွေထဲမှာ တိုင်ရွှန်ဆိုတဲ့ လူငယ်လေးတစ်ဦးလည်း ပါဝင်ပါတယ်။ အနုပညာများစွာထဲက သရုပ်ဆောင်အနုပညာကို တပ်မက်နှစ်သက်စွာနဲ့ ကြိုးစားနေတဲ့ တိုင်ရွှန်က Photo Model ဘဝနဲ့ စတင်ခဲ့တာပါ။ အခုဆိုရင် တိုင်ရွှန်က ဇာတ်ကားတွေ ရိုက်ကူးနေပါပြီ။ ခေတ်ပြန်ကောင်းဖို့ အလားအလာတွေနဲ့ အက်ရှင်ကားတွေ တစ်ခေတ်ဆန်းလာချိန်မှာ နာမည်ကြီးသရုပ်ဆောင်တွေနဲ့ Cover ရုပ်ရှင်ကားကြီးမှာ ပါဝင်သရုပ်ဆောင်ခွင့်ရတဲ့ တိုင်ရွှန်နဲ့ တွေ့ဆုံခဲ့ပါတယ်။

**တိုင်ရွှန် ဖြတ်သန်းခဲ့ရတဲ့ နေ့ရက်တွေအကြောင်း၊ ပေးဆပ်မှုတွေ၊ ရရှိမှုတွေအကြောင်းပေါ့။**

ကြိုးစားခဲ့ရတဲ့ နေ့ရက်တွေကတော့ ၄ နှစ်ကျော်ပြီပေါ့နော်။ ထူးထူးခြားခြား ပေးဆပ်ရတာမျိုးတော့ မရှိဘူး။ ကျွန်တော် အနုပညာလုပ်ချင်တယ်။ ဒီဟာကိုပဲ သစ္စာရှိရှိ လုပ်သွားချင်တယ်။ ကျွန်တော့်ကံကြောင့်ပဲ အချိန်တိုအတွင်း ဇာတ်ကားတွေ ရိုက်ခွင့်ရခဲ့တယ်။ ပေးဆပ်ရတာဆိုလို့ ကိုယ့်အနုပညာပဲ ရှိပါတယ်။ Photo Model, MTV ရိုက်တယ်၊ ကြော်ငြာတွေ ရိုက်တယ်။ အဲဒီကတစ်ဆင့် သရုပ်ဆောင် ခွင့်ရလာတယ်။

**ဒီလောကထဲ ဝင်လာကတည်းက ထားတဲ့ ရည်မှန်းချက်။**


အစက ဝင်လာတဲ့ရည်မှန်းချက်ကတော့ သရုပ်ဆောင်ဖြစ်ဖို့ပေါ့။ ဒါပေမဲ့ Background မရှိတဲ့အတွက် Model က စ,ဝင်တယ်။

**အလွယ်တကူ မရရှိနိုင်တဲ့ သရုပ်ဆောင်အနုပညာအတွက် ဘယ်လောက်အားစိုက်နေခဲ့ရလဲ။**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က သရုပ်ဆောင်ပိုင်းကို လေ့လာတဲ့နေရာမှာ အပြင်ကလူတွေ စကားပြောပုံကို လေ့လာတယ်။ ဟာသပြောရင်ဘယ်လို၊ ရန်ဖြစ်ရင် ဘယ်လိုဆိုတာ လေ့လာတယ်။ သူငယ်ချင်းတွေဆီကလည်းရတယ်။ လက်ဖက်ရည်ဆိုင်တွေဆီကလည်းရတယ်။ ဆရာသမားတွေဆီကလည်း ရတယ်။ သဘာဝတရားနဲ့ အနီးစပ်ဆုံးဖြစ်အောင် လေ့လာနေရတာပေါ့။

**လက်ရှိ သရုပ်ဆောင်အသစ်တစ်ယောက်အနေနဲ့ ဘယ်လိုကြိုးစားလှုပ်ရှားနေလဲ။**

အဓိက အခက်အခဲက သရုပ်ဆောင်ပိုင်း ဝင်သွားပြီဆိုတဲ့အတွက် အားလုံးနဲ့ အဆင်ပြေအောင် နေရတာပေါ့။ ဒါပေမဲ့ အားလုံးက သဘောကောင်းတယ်။ ဖေးမကူညီကြတယ်။ တစ်ရက်က နှစ်ရက်ဆို အဆင်ပြေသွားပါတယ်။

**ရိုက်ကွင်းပေါ် ရောက်နေတဲ့အချိန်၊ သရုပ်ဆောင်နေတဲ့အချိန်ဆိုရင်။**

သရုပ်ဆောင်နေရတဲ့အချိန်က၊ ရိုက်ကွင်းပေါ်ရောက်နေတဲ့အချိန်က အပျော်ဆုံးအချိန်ပဲ။ ကိုယ်မဟုတ်တဲ့ တခြားသူတစ်ယောက်ရဲ့ ပုံစံမျိုးဝင်အောင် သရုပ်ဆောင်ရတာ ဖြစ်တဲ့အတွက်၊ အဲဒီလူရဲ့စိတ်ကို ရတဲ့အတွက်ကြောင့် အနုပညာရှင်ဆိုတာကတော့ အသက်တစ်ချောင်းတည်းနဲ့ ဘဝပေါင်းများစွာကို ပိုင်ဆိုင်ထားရသလိုပါပဲ။ ကျွန်တော် အရမ်းပျော်ပါတယ်။

**ဝေဖန်မှုတွေအတွက် ခံနိုင်ရည်ရှိနိုင်ပြီလား။**

Facebook နဲ့ တစ်သားတည်းဖြစ်ပြီး တုံ့ပြန်မှုမြန်တဲ့အတွက်ကျတော့ အစစအရာရာ သတိထားရတယ်။ ဝေဖန်မှုတွေကို ခံနိုင်ရည်ရှိဖို့အတွက်တော့ ကြိုးစားနေတုန်းပါပဲ။ တစ်ခါတလေကျတော့ မခံနိုင်တာလေးတွေလည်း ရှိတဲ့အတွက် အများကြီး ရင့်ကျက်လာအောင် ကြိုးစားနေတယ်။ ဘယ်လိုပြောရမလဲ။ ရေလိုက် ငါးလိုက်ဖြစ်အောင် နေရတာပေါ့နော်။ ပရိသတ်နဲ့ ကိုယ်နဲ့က တစ်ပြေးညီ ဖြစ်သွားတဲ့အတွက် ကိုယ်ကောင်းလည်းချက်ချင်း၊ ကိုယ်မကောင်းလည်းချက်ချင်း သိရတဲ့အတွက် အိမ်နီးချင်းရှိနေသလိုပါပဲ။ ကိုယ့်ဘက်က တိတ်နေရင် အိမ်နီးချင်းကောင်းဖြစ်မယ်။ ဆူညံနေရင် အိမ်နီးချင်းဆိုးဖြစ်မယ်။ အဆင်ပြေအောင်နေရတာပေါ့။


**ပရိသတ်တွေဆီက ရတဲ့ အများဆုံး Feed Back က။**

ကျွန်တော့်ကို ပရိသတ်တွေ အများဆုံး သဘောကျကြတာက တက်တူးနဲ့ Body လို့ Feed Back ရတယ်။

တိုင်းရှုံ့က 'ဒီအနုပညာအလုပ်ကိုပဲ သစ္စာရှိသွားမယ်။ ပျော်ပျော်ရွှင်ရွှင်ပဲ လုပ်ကိုင်သွားမယ်။ ပရိသတ်တွေနဲ့ ရင်းရင်းနှီးနှီး နေသွားမယ်။ ပရိသတ်နဲ့ တစ်သားတည်းကျတဲ့ အနုပညာရှင်ဖြစ်အောင် ကြိုးစားသွားပါ့မယ်' လို့လည်း ရွှေအမြုတေကတစ်ဆင့် ပရိသတ်ကြီးကို ကတိပေးခဲ့ပါကြောင်း…။ ■

**မန်းသူ**








www.burmeseclassic.com

# ရှိုင်းဇေ

အနုပညာကို စိတ်ဝင်စားပြီး သရုပ်ဆောင်ကောင်း ဖြစ်ချင်တဲ့အတွက် ရတဲ့နေရာကနေ အနုပညာလောကထဲကို တိုးဝင်လာတဲ့ လူငယ်သရုပ်ဆောင်သစ် ရှိုင်းဇေက အခုဆိုရင် ဗီဒီယိုဇာတ်ကား ၇ ကား ရိုက်ကူးပြီးစီးထား ပါတယ်။ ယောက်ဖကြီးကို ဝန်းရံကြ ဆိုတဲ့ ဇာတ်ကား စတင်ဖြန့်ချိထားပြီး ခန့်စည်သူ၊ အိချောပိုတို့နဲ့ တွဲဖက်သရုပ်ဆောင်ထားတာပါ။ ရှိုင်းဇေက ပထမဆုံး အနုပညာအဖြစ် ဂီတများနဲ့ စခဲ့သူဖြစ်ပြီး 'အိမ်နီးချင်းကောင်မလေး' ဆိုတဲ့ တစ်ကိုယ်တော် တေးစီးရီးလည်း ထွက်ရှိထားပါတယ်။ ကိုယ်ပိုင်ထုတ်လုပ်ရေး ရွှေစကေရာဇ်နဲ့ အနုပညာတွေ ဆက်လုပ်မယ့် ရှိုင်းဇေနဲ့ တွေ့ဆုံဖြစ်ခဲ့ပါတယ်။



**အနုပညာရှင်ဖြစ်ချင်တဲ့ ဆန္ဒလေးက...။**

အနုပညာရှင် ဖြစ်ချင်တာရယ်လို့ မဟုတ်ဘူး။ ငယ်ငယ်ကလေးကတည်းက အနုပညာ ဝါသနာပါတာ။ အနုပညာအလုပ်တွေ လုပ်ချင်တယ်။ အနုပညာတွေ လုပ်နေရရင် ကိုယ့်စိတ်ကိုက ပျော်နေတယ်။

**အနုပညာဘဝကို လှမ်းလာတဲ့သူတိုင်းမှာ မတူတဲ့ အခက်အခဲတွေ ရှိကြတယ်။ ရှိုင်းဇေကြုံတွေ့ရတဲ့ အသစ်တစ်ယောက်ရဲ့ အခက်အခဲကရော။**

ဘယ်လိုပြောရမလဲ။ အဆက်အသွယ် မရှိတာပေါ့နော်။ ဒါကြောင့် ဆရာဦးစောနုဆီမှာ အဆိုသင်တန်းတက်တယ်။ ဆရာ ဂျွန်လွင်ဆီမှာ မော်ဒယ်လ်သင်တန်းတက်တယ်။ ဆရာတွေဆီက နေမှတစ်ဆင့် အဆက်အသွယ်ရတယ်။ ကျွန်တော့်တစ်ကိုယ်တော် တေးစီးရီးထွက်တဲ့ အချိန်မှာမှ မိတ်ကောင်း၊ ဆွေကောင်း၊ ဆရာသမားကောင်းတွေနဲ့ ထပ်တွေ့ပြီး ဒီလို သရုပ်ဆောင်ဘက်ကို ရောက်



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



လာတာပါ။

**ကိုယ်ပိုင် ထုတ်လုပ်ရေးနဲ့ဆိုတော့ မိဘတွေက နကိုကတည်းက ဒီဝါသနာ၊ ဒီအလုပ်ကို သဘောတူတာလား။ ဘယ်လိုလုပ်ခဲ့ရတာလဲ။**

ပထမ အဆိုသင်တန်းတက်တာ၊ မော်ဒယ်လ်သင်တန်းတက်တာတွေက ကိုယ့်မုန့်ဖိုးလေးနဲ့ကိုယ်စုပြီး တက်ခဲ့ရတာပေါ့နော်။ အိမ်ကလုံးဝမသိဘူး။ အားလည်းအားမပေးခဲ့ဘူး။ မျိုးရိုးလည်း မရှိဘူးလေ။ နောက်ပိုင်းကျမှ ဆရာ ဦးစောနုက အတွဲခွေလေးရှိတယ်။ နာမည်ကြီးတွေချည်းပဲ။ အသစ်ဆိုလို့ ဆရာက Selection ရွေးတာပေါ့နော်။ သုံး ၊လေးယောက်ပဲပါတယ်။ အဲဒီထဲမှာ ကျွန်တော့်ကို ရွေးတဲ့အချိန်မှာ နင့်မိဘကိုခေါ်ခဲ့။ ငါပြောမယ်ပေါ့နော်။ အခွေထွက်လာရင်သိကြမယ်၊ ကျွန်တော်အကြီးအကျယ် ဆူခံရမှာဆိုတော့ ပထမက ကျွန်တော်ပါလို့ မဖြစ်ဘူးနဲ့တူတယ် ဆရာလို့ ပြောထားတာကိုး။ ဆရာက ရတယ်၊ နင့်အမေကိုခေါ်လာခဲ့ ။ ငါပြောမယ်ဆိုတော့ အမေ့ကို မရဲတရဲနဲ့ပြောရတာ။ ပြောရင်းနဲ့မှ ပါသွားတာပေါ့။

**အနုပညာအလုပ်တွေနဲ့ တကယ် နဖူးတွေ့၊ ဒူးတွေ့တွေ့ကြုံပြီဆိုတဲ့အခါ မလုပ်ခင်က ရင်ခုန်မှုနဲ့ လုပ်ရတဲ့ အချိန် ရင်ခုန်မှု ဘာကွာသွားတယ်လို့ ခံစားမိလဲ။**

ကိုယ့်စိတ်ကူးယာတွေကို အပြင်မှာ စတွေ့လိုက်ရတော့လေ ရင်တွေ အရမ်းခုန်ပြီးတော့၊ စိတ်တွေလှုပ်ရှားပြီး



www.burmeseclassic.com

www.burmeseclassic.com

တော့လေ။ ကိုယ့်ကြောင့်လည်း သူတို့အနှောင့်အယှက်ဖြစ်မှာစိုးတယ်။ အဓိကက,က ကိုယ့်အိုက်တင်က သေနေပြီးတော့ ကိုယ်မပါလာရင် သူတို့အနေနဲ့လည်း ထိခိုက်တယ်လေ။ အဲဒီလိုမျိုးကျတော့လည်း ကျွန်တော့်ဘက်က ကြိုးစားတယ်။ ငယ်ငယ်ကတည်းက ရုပ်ရှင်တွေ ကြည့်တယ်။ ဇာတ်ညွှန်းတွေ အထပ်ထပ်ဖတ်တယ်။ ရိုက်ကွင်းမှာလည်း ကိုယ့်အမေကို Movie ရိုက်ခိုင်းထားတယ်။ အိမ်ပြန်ရောက်ရင် ပြန်ကြည့်တယ်။ ဘာတွေလိုလဲ။ နောက်ရက်ကျရင် ဒီထက်ပိုကောင်းအောင် ဘယ်လိုလုပ်မလဲပေါ့။ အဲဒီလို လေ့လာပြီး ကြိုးစားတယ်။

**ရိုက်ကွင်း အတွေ့အကြုံတွေကရော ကိုယ့်အတွက် အရမ်းပင်ပန်းခဲ့လား။စိတ်ပင်ပန်းမှုတွေ အရမ်းရခဲ့လား။**

ပျော်လို့လားတော့မသိဘူး၊ ကျွန်တော်က နေပူတာလည်းမသိဘူး၊ မိုးရွာတာလည်းမသိဘူး။ လုပ်နေရရင်ကို ပျော်နေတာ။ စိတ်လည်း မပင်ပန်းဘူး။ အမေကတော့ အနောက်ကလိုက်ကြည့်ပြီး နင့်အစား ငါပင်ပန်းလိုက်တာတဲ့။ နောက်တစ်ဆင်း(န)ဆို အဝတ်အစားပြေးလဲ၊ နေရာမရှိရင် ကားထဲမှာလဲ။ ဝုန်းဆိုပြေးရိုက်။ အဲ့ဒါကိုပဲ ကိုယ်ကပျော်နေတာ။


**အခု ကိုယ်က ကိုယ်ပိုင်ထုတ်လုပ်ရေးနဲ့ဆိုတော့ ဇာတ်ကားတွေ ဆက်တိုက်ရိုက်ဖြစ်ထားတယ်။ ကိုယ်ပိုင်မလုပ်နိုင်ရင် အသစ်တစ်ယောက်အနေနဲ့ဆို ကြိုးစားရမယ့်အနေအထား။ ဒီအလုပ်ဆိုတာက ရလဒ်ချက်ချင်းထုတ်လို့မရတဲ့အရာ၊ စိတ်ရှည်ရှည်နဲ့ ဘယ်အထိ ဆက်သွားဖို့ စဉ်းစားထားလဲ။**

ကိုယ့်အရှေ့က စီနီယာတွေရဲ့ အင်တာဗျူးတွေ ဖတ်မိတယ်။ သူတို့ရဲ့ အသစ်တွေကို တွဲခေါ်တာကို အားရမိတယ်။ မှန်ပါတယ်။ အရင်ကဆိုပြောမိတယ်။ တော်ပြီ မာမား၊ ဆက်မလုပ်ချင်တော့ဘူးပေါ့နော်။ ဒါပေမဲ့ စီနီယာတွေရဲ့ အားပေးစကားတွေကြောင့်ပေါ့နော် ကိုယ့်ဘက်က ကြိုးစားနေဖို့ပဲ လိုတယ်။ ကြိုးစားနေသရွေ့ကတော့ ကိုယ်လိုချင်တဲ့ နေရာကို ရောက်လာမှာပေါ့။ ကံနဲ့ စန်းနဲ့ကတော့ ကိုယ်လုပ်ယူလို့မရဘူးလေ။ ရှေးဘဝက ကံတွေ၊ စန်းတွေလည်း ရှိရမယ်လေ။ တချို့တွေဆို ဝုန်းဒိုင်းဆို နာမည်တက်သွားတာက သူတို့ရဲ့ ရှေးဘဝက ကံတွေ၊ စန်းတွေကြောင့်ရယ်၊ သူတို့ရဲ့ ကြိုးစားအားထုတ်မှုရယ် ပေါင်းပြီး ဖြစ်သွားတာပေါ့။ ကျွန်တော်ကျတော့ အဲဒီအထဲမှာမပါဘူး။ စီနီယာတွေရဲ့ အားပေးစကားတွေ၊ အတွေ့အကြုံတွေနဲ့ ဖြတ်သန်းနေရတယ်။ အဓိက,ကတော့ ကိုယ့်ဘက်က ဝါသနာပါတဲ့အတွက် ကြိုးစားနေဖို့ပဲ လိုတယ်။

**ကိုယ့်ရဲ့ အနေအထိုင် အေးဆေးမှု၊ တည်ငြိမ်မှုကရော အလုပ်မှာ အခက်အခဲဖြစ် စေလား။**

ဖြစ်စေတာပေါ့။တော်တော်ကို ဖြစ်စေတယ်။ အရင်ကဆို စာနယ်ဇင်းတွေနဲ့ဆုံရင် မဖြေရဲဘူး။ စကားပြောရမှာကြောက်တယ်။ ဖြေရမှာကြောက်နေတာ၊ ရင်တွေခုန်ပြီး ဘာတွေဖြေလို့ဖြေရမှန်းမသိဘူး။ နောက်ပိုင်းမှာတော့ တဖြည်းဖြည်း လေ့လာသင်ယူရတာပေါ့။ အခုတော့ အားလုံးနဲ့ ရင်းနှီးပြီး နည်းနည်းတော့ ရင့်ကျက်နေပါပြီ။ ■

**မန်းသူ**





www.burmeseclassic.com

www.burmeseclassic.com



# အောင်ဩဘာ ရိုက်တဲ့ ဇနီးချောများကွန်ရက် ဇာတ်လမ်းတွဲ

**လင်းနိုင်ဦး**

အခုနောက်ပိုင်းမှာ ဗီဒီယိုဇာတ်ကားတွေ အရိုက်နည်းသွားသလို ဖြန့်ချိရေးစနစ် ဂဏန်း မငြိမ်တာကြောင့် ဗီဒီယို ဇာတ်ကားရိုက်ကူးမှုတွေ တော်တော်လေး နည်းပါး သွားပါပြီ။ ဒါပေမဲ့ နောက်ထပ် ဗီဒီယိုအစား အနုပညာသမားများအတွက် အလုပ်တစ်ခုဖြစ်လာတာက ဇာတ်လမ်းတွဲတွေပဲ ဖြစ်ပါ တယ်။ အခုလည်း ဒါရိုက် တာ အောင်ဩဘာက MRTV အတွက် သူ့ရဲ့ ငါးခုမြောက် ရုပ်သံဇာတ်လမ်းတွဲကို ရိုက် ကူးနေပါတယ်။ စာရေး ဆရာမ လွှမ်းထားထားရဲ့ **ဇနီးချောများကွန်ရက်** ကို ဒီနာမည်နဲ့ပဲ ရိုက်ကူးနေတာ ဖြစ်ပြီး ပါဝင်တဲ့သရုပ်ဆောင် များကတော့ အနုပညာသရုပ်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ဆောင်များနေရာမှာ စိုးပြည့်သဇင်၊ ခင်သဇင်၊ မြနှင်းရည်လွင်၊ မေဘရဏီသော်တို့ပဲ ဖြစ်ပါတယ်။ သူတို့ရဲ့ ခင်ပွန်းများအဖြစ် သရုပ်ဆောင်ပေးကြမှာကတော့ ဖိုးသောကြာ၊ ဇေယျ၊ နေယံ၊ ကျော်ကျော်တို့ဖြစ်တယ်လို့ သိရပါတယ်။

ဒီဇာတ်လမ်းတွဲမှာ အမရာမောင်အဖြစ် မေဘရဏီသော်၊ မာယာအဖြစ် ခင်သဇင်၊ သမ္ဘူခင်အဖြစ် စိုးပြည့်သဇင်၊ မဒီဖျိုမေ အဖြစ် မြနှင်းရည်လွင်က သရုပ်ဆောင်နေကြတာ ဖြစ်ပါတယ်။ စိုးပြည့်သဇင်က စာရေးစာဖတ်ဝါသနာပါပြီး သူ့ရဲ့ခင်ပွန်း နေယံက ဒါရိုက်တာ ဖြစ်ပါတယ်။ ခင်သဇင်က အလှပြင်ဆိုင်ပိုင်ရှင်အဖြစ်သရုပ်ဆောင်ပြီး ခင်ပွန်းဖြစ်တဲ့ ဇေယျက ဆရာဝန်၊ အမရာမောင်အဖြစ် သရုပ်ဆောင်တဲ့ မေဘရဏီသော်က မော်ဒယ်လ်အဖြစ်ကနေ ရုပ်ရှင်၊ ဗီဒီယိုတွေရိုက်ဖြစ်လာတယ်။ သူ့ရဲ့ခင်ပွန်း ဖိုးသောကြာက အင်ဂျင်နီယာ လုပ်ငန်းရှင်ဖြစ်လို့ သရုပ်ဆောင်အလုပ်ကို မလုပ်စေချင်တော့ဘူး။ မြနှင်းရည်လွင်က ဒီဇိုင်နာဖြစ်ပြီး သူ့ရဲ့ခင်ပွန်း ကျော်ကျော်က IT ပညာရှင်အဖြစ် သရုပ်ဆောင်နေကြတာ ဖြစ်ပါတယ်။

ဘာကြောင့် ဇာတ်လမ်းတွဲတွေပဲ ဆက်တိုက်ရိုက်ဖြစ်နေတာလဲလို့ ဒါရိုက်တာအောင်သြဘာကို မေးတဲ့အခါ "နောက်ပိုင်းမှာ ကျွန်တော့်ကို ဇာတ်လမ်းတွဲတွေပဲ ရိုက်ပေးဖို့ ငှားကြတော့ အခုဆိုရင် ငါးခုမြောက်ဖြစ်လာပြီ။ ဇာတ်လမ်းတွဲတွေ အလုပ်ဖြစ်လာတဲ့အပိုင်းလည်း ပါပါတယ်။ အရင်ခေတ်တုန်းက ကျွန်တော်တို့ဆီမှာ ဗီဒီယိုတွေ တော်တော်ရိုက်ကြရတယ်။ အခုနောက်ပိုင်းကျတော့ ဗီဒီယို တော်တော်နည်းပါးသွားတဲ့အခါကျတော့ ဇာတ်လမ်းတွဲပိုင်းကို အားပြုလာကြတယ်။ သရုပ်ဆောင်တစ်ယောက်ကို ငှားရမ်းပြီဆိုရင်လည်း ဘယ်မြို့၊ ဘယ်နယ်မှာ ရောက်နေကြသယ်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



သရုပ်ဆောင်တွေကများတော့ အသစ်တွေနဲ့၊ အချိန်ပေးနိုင်သူတွေနဲ့ ရိုက်ဖြစ်တာ များတယ်။


'ရှေ့က ဇာတ်လမ်းတွဲတွေလည်း ပြနေပြီဆိုတော့ နောက်ထပ် ပြနိုင်ဖို့အတွက် ဆက်ရိုက်ဖြစ်တာပါ။ MRTV မှာ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ ၇ နာရီ သတင်းအပြီးမှာ ပြသပေးနေတာပါ။ **ဇနီးချောများကွန်ရက်** ဇာတ်လမ်းပုံစံလေးကတော့ ဇနီးချောလေးယောက်ကနေပြီးတော့ Fan Page လေးတစ်ခု ထောင်ထားတယ်။ အဲဒီလို ထောင်ထားပြီးတော့ အိမ်ထောင်ရှင်မတွေရဲ့ အခက်အခဲကို သူတို့ Page မှာ အကြံဉာဏ်လာတောင်းရင် သူတို့က အကြံပေးကူညီကြတယ်။ အိမ်ထောင်ရှင်မတွေကလည်း သူတို့အကြံပေးတဲ့အတိုင်း လိုက်လုပ်တဲ့အခါကျတော့ အောင်မြင်လာတဲ့ အခါကျတော့ သူတို့ရဲ့ Fan အဖွဲ့ဝင်တွေကလည်း များလာတယ်။ ဒီမှာဆိုရင် စုံတွဲ ၁၀ တွဲထည့်ထားတယ်။ ရှေ့အတွဲတွေမှာ သူတို့ပြောသမျှ၊ အကြံပေးသမျှ အောင်မြင်ခဲ့ပြီး ၁၀ တွဲမြောက်တဲ့အခါကျမှ မအောင်မြင်ဘူး ဖြစ်သွားတယ်။ မအောင်မြင်တဲ့အချိန်ကျမှ စိတ်ညစ်ပြီး Fan Page ကို ခဏနားမယ်လို့ ဆုံးဖြတ်လိုက်တဲ့အချိန် စာတစ်စောင်ဝင်လာတယ်။ အဲဒီစာကတော့ သူတို့ ဇနီးချောလေးယောက်ထဲက ခင်ပွန်းဖြစ်သူတစ်ယောက်က ဖောက်ပြန်လာတယ်။ သူ့ရဲ့ ခန္ဓာကိုယ်မှာ အမှတ်အသားလေးတစ်ခု ရှိတယ်။ အဲဒီအမှတ်အသားကို လိုက်ရှာကြတဲ့ အိမ်ထောင်ရေး အသိပညာပေး ဇာတ်ကားလေးပါပဲ။ ဆရာမ ရေးထားပေးတာကောင်းသလို ဇာတ်ညွှန်းရေးပေးထားတဲ့ ကိုဇော်မြင့်ဦးကလည်း ကြိုးစားပေးထားလို့ ရိုက်ရတာ အဆင်ပြေသလို ပရိသတ်အကြိုက်လည်း ဖြစ်မှာပါ'လို့ ပြောပြခဲ့ပါတယ်။

အဓိကသရုပ်ဆောင် တစ်ဦးအဖြစ် ပါဝင်တဲ့ စိုး




www.burmeseclassic.com

www.burmeseclassic.com



ပြည့်သဇင်က "ဒီဇာတ်လမ်းတွဲဟာ စိုးပြည့်အတွက် ပထမဦးဆုံး ဇာတ်လမ်းတွဲပါ။ စိုးပြည့် တစ်ခါမှ ဇာတ်လမ်းတွဲ မရိုက်ဖူးဘူး။ ဝတ္ထုက စာရေးဆရာမ လွန်းထားထားရဲ့ ဝတ္ထု။ ပရိသတ်အကြိုက် နာမည်ရပြီးသား ဝတ္ထုလည်း ဖြစ်တယ်။ စိုးပြည့်က ဒီဇာတ်လမ်းတွဲမှာ ဒါရိုက်တာ တစ်ယောက်ရဲ့အမျိုးသမီး နေရာက သရုပ်ဆောင်ရမှာပါ။ အဓိကရိုက်ဖြစ်တာက ဇာတ်လမ်းကို ကြိုက်လို့ပါ။

"ရှေ့ပိုင်းမှာ စိုးပြည့်ကို ဇာတ်လမ်းတွဲရိုက်ဖို့ ခဏ ခဏ ကမ်းလှမ်းတာ ရှိဖူးပါတယ်။ အဲဒီတုန်းကတော့ အကြောင်းအမျိုးမျိုး ပေါ့။ နယ်ခရီးထွက်နေတာတွေနဲ့ ကြုံနေတာလည်း ပါတာပေါ့။ ဇာတ်လမ်းတွဲ ဆိုတာ အချိန် တော်တော်ပေးရတယ်။ အခုလည်း ဒါရိုက်တာ ဦးစိုးမိုး ရိုက်တဲ့ **ကမ္ဘဖလ** ရုပ်ရှင် ကားကြီးလည်း အချိန်ညှိလို့ ရသွားတာလည်း ပါတယ်။ ဇာတ်လမ်းတွဲကျတော့ ဆင်း(န)လည်း ပိုများတယ်။ သူက အပိုင်းလိုက်ကိုး။ အနည်းဆုံး အပိုင်း ၂၀ ရှိကြတယ်။ ဇာတ်လမ်းတွဲမှာ တစ်ခုနဲ့တစ်ခု အချိတ်အဆက်တွေ၊ Tempo တွေ







www.burmeseclassic.com

www.burmeseclassic.com



အရမ်းအရေးကြီးတယ်။ 'ကိုရီးယားဇာတ်လမ်းတွေမှာလိုပဲ ဒီနေရာမှာ ဖြတ်လိုက်ပြီးရင် နောက်ထပ် ဘာဆက်ဖြစ်မလဲဆိုတာ သိချင်တယ်။ စိုးပြည့်ကလည်း ပရိသတ်တစ်ယောက်နေရာကပဲ ခံစားတယ်။ ကိုရီးယားဇာတ်လမ်းတွဲ စိုးပြည့် ကြည့်ဖြစ်ရင်လည်း သူတို့တော်တယ်ဆိုတာ တွေ့ရတယ်။ ဒီတစ်ပိုင်းကို ကြည့်မိသွားရင် နောက်ထပ်တစ်ပိုင်းကို ကြည့်ချင်အောင် ဆွဲဆောင်ထားတယ်။ ဇာတ်လမ်းတွဲဆိုတာက ပရိသတ်ကြည့်ချင်စိတ်ကို ပိုပြီးတော့ ဆွဲခေါ်ပေးမယ့် Tempo တော့ လိုအပ်တယ်။ အဲဒီအတွက် စိုးပြည့်တို့ သရုပ်ဆောင်တွေမှာလည်း Tempo ကိုချိန်ထားဖို့ လိုအပ်တယ်။ နောက်တစ်ဆင်း(န်)က ဘာဖြစ်မလဲ၊ ဘယ်လောက် တင်ထားရမလဲ။ အဲဒါမှလည်း ကြည့်ရှုမယ့် ပရိသတ်က စိတ်ဝင်စားမယ်လို့ စိုးပြည့် ထင်တယ်။ ဇာတ်လမ်းတွဲက ပရိသတ်စိတ်ဝင်စားပြီး ဆွဲဆောင်မှုရှိဖို့ ဇာတ်ဝင်ခန်းအပြင် ရှုခင်းလှလှတွေလည်း လိုအပ်တယ်။ ပထမဆုံး စ,ရိုက်တဲ့နေ့က နိုဗိုတယ်ဟိုတယ်မှာ ရိုက်ကြတယ်။ နောက်နေ့တွေမှာလည်း ပရိသတ် မြင်တွေ့နေကျမဟုတ်တဲ့နေရာ၊ ရှုခင်းလှလှတွေမှာ ရိုက်တဲ့အခါကျတော့ ပိုပြီး အကုန်အကျများမှာဖြစ်ပေမဲ့ ပရိသတ် စိတ်ဝင်စားမယ်လေ။

'ဒီဇာတ်လမ်းတွဲမှာ ဆင်း(န်)ပေါင်း ၁၆၀ ရှိတယ်။ ဒါကြောင့် စိုးပြည့် ဝတ်ရမယ့် ဝတ်စုံတွေကိုလည်း ဒီဇိုင်နာ မေမြတ်ဝါဆိုကို တစ်ကားလုံးစာ အပ်လိုက်တယ်။ စိုးပြည့် ဝတ်ဆင်ရမယ့်ဝတ်စုံကို ဒါရိုက်တာ အောင်သြဘာက မြန်မာဆန်ဆန် လိုချင်တဲ့အတွက် လူငယ်မြန်မာအမျိုးသမီး၊ မြန်မာဆန်တဲ့ဝတ်စုံ တော်တော်များများ ချုပ်ရတယ်။ ဇာတ်ညွှန်းအပြည့်အစုံ မမေမြတ်ဝါဆိုကို မေးလိုက်တဲ့အခါကျတော့ အစ်မက ငယ်ဘဝအတွက်ရော၊ အိမ်နေရင်း ဝတ်စုံ ဘယ်နှဆင်း(န်) ပါမယ်။ Outdoor ဘယ်နှဆင်း(န်) ပါမယ်ဆိုတာ စိုးပြည့်က ပြောထားသလို၊ အစ်မကလည်း သိထားတော့ စိုးပြည့်လိုချင်တာကို ဒီဇိုင်နာရဲ့ အမြင်လေးနဲ့ ချုပ်ပေးထားတော့ အရမ်းအဆင်ပြေတယ်။ အဓိက,ကတော့ ဒီကားထဲမှာ ဆေးရေးပန်းချီထဘီ သို့မဟုတ် အင်္ကျီတွေကို ချုပ်ပေးထားတယ်။ ပန်းပွင့်ဆို ပန်းပွင့်၊ ဆေးရေးပန်းချီတွေနဲ့ပဲ ဒီကားမှာ စိုးပြည့်ကို တွေ့ရမှာပါ'လို့ ပြောပြခဲ့ပါတယ်။ ■

လင်းနိုင်ဦး



www.burmeseclassic.com

www.burmeseclassic.com

# အက်ရှင်ကားတွေတိုးတက်ဖို့ နှောင့်နှေးနေပါသေးတယ် ဆိုတဲ့ ရဲမင်းပိုင်

မနိုးသူ

ဖိုက်တင်မင်းသား ရဲမင်းပိုင်က တစ်ကျော့ပြန် လည်ပြီး အက်ရှင်ကား ဇာတ်ကားတွေ ရိုက်ကူးနေပါတယ်။ မိသားစု ထုတ်လုပ်ရေးနဲ့ **စိန်ခေါ်နေတဲ့ အချစ်** ဇာတ်ကားအပြီးမှာ သီဟ ရတနာထုတ်ဝေရေးအတွက် မင်းသားတွေသာ အဓိက ပါဝင် ထားတဲ့ Cover အက်ရှင်ရုပ်ရှင်ကားကြီးကိုလည်း လက်ခံရိုက် ကူးနေပါပြီ။ စကားနည်းတဲ့ ဖိုက်တင်မင်းသား ရဲမင်းပိုင်က 'ဒီနေ့ စာနယ်ဇင်းတွေနဲ့တွေ့တုန်း ရင်ဖွင့်ချင်တာလေးတွေ ပြောသွားချင်တယ်။ နောက်ဆို ပြောချင်မှလည်း ပြောမိတော့မှာ ပါ' လို့ဆိုရင်း...။

**Cover ဇာတ်ကားနဲ့ ရဲမင်းပိုင်ဇာတ်ရုပ်။**

'ကိုယ်က ကိုလူမင်းကို သူငယ်ချင်းတစ်ယောက်အနေ နဲ့ ပြန်လည်ကူညီပေးတဲ့ ဇာတ်ရုပ်နဲ့ သရုပ်ဆောင်မှာပါ။ အရင် က လူဆိုးဖြစ်ခဲ့ပေမဲ့ အေးအေး ချမ်းချမ်းနေထိုင်ရင်းက မဖြစ် မနေဝင်ပါရမယ့် ကိစ္စဖြစ် လာလို့ သူငယ်ချင်းအတွက် လူဆိုး ပြန်လုပ်ရတာပေါ့'။

**အခြားအနေနဲ့ ရုပ်ရှင် ကားကြီးတွေရိုက်ကူးဖို့ ကမ်း လှမ်းထားတာတွေ။**

ရောက်လာပါတယ်။ ဒီလိုပဲ ကြိုးစားနေရတာပေါ့။

**Cover ရိုက်ကွင်းနဲ့ ရဲ မင်းပိုင် အနေအထား။**

Cover မှာကျတော့ ဒါရိုက်တာ ခိုင်းတဲ့အပေါ် မူတည်ပြီး သရုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ ဇာတ်လမ်းနဲ့ပတ်သက်ပြီး အကြံပေးတာမျိုး ကျွန်တော့်မှာ မရှိပါဘူး။

**အရင်ခေတ် အက်ရှင်ကားများနဲ့ ဖိုက်တင်မင်းသားကြီး ရဲမင်းပိုင်ရဲ့ ရင်ဖွင့်ချက်။**

မြန်မာနိုင်ငံမှာ လက်ရှိအနေအထားအရ အက်ရှင်ကားတွေ တဖြည်းဖြည်းနဲ့ ရိုက်တဲ့ ဒါရိုက်တာတွေ ပေါ်များလာမယ်လို့ ထင်ပါတယ်။ ဟိုတစ်ချိန်တုန်းက ဗီဒီယိုလောက၊ ၁၉၉၀ ပေါ့။ ဗီဒီယိုဇာတ်ကားတွေ စ,ပေါ်လာတာပေါ့။ အက်ရှင်ကားတွေ လည်း ပေါ်လာတယ်။ ၉၁ ခုနှစ်ကနေ ၉၄ အထိ။ အဲဒီ နောက်ပိုင်း အက်ရှင်ကားတွေကို မြို့လယ်ကောင် ဖိုက်တင် ထိုးတာတွေ မရတော့ဘူးဆိုပြီးတော့ ဆင်ဆာကနေ သတိပေး တားမြစ်ပါတယ်။ အဲဒီအချိန်ကစပြီး အစ်ကိုတို့ ဖိုက်တင်တွေက တောတောင်တွေ ရွာတွေ၊ နယ်တွေ၊ တောဘက်တွေကို အမှီပြု တဲ့ ဇာတ်လမ်းတွေနဲ့ ဖိုက်တင်ကားတွေ ရိုက်ရတယ်။ ဒီတော့ အစ်ကိုတို့ ဖိုက်တင်တွေကလည်း အလိုလို တောမင်းသားတွေ၊ နယ်မင်းသားတွေ ဖြစ်ကုန်ကြတယ်။

မြန်မာနိုင်ငံမှာတစ်ခုရှိတာက ပရိသတ် တကယ်အားပေးတာက တောမှာ၊ နယ်မှာ ရှိတဲ့သူတွေက တကယ်အားပေးတာ။ ရန်ကုန်မြို့လယ်ကောင်မှာရှိတဲ့ လူတန်းစားကျတော့ ဇာတ်ကားတွေ ကြည့်ဖို့အတွက် သူ့မှာ အချိန်မပေးနိုင်ဘူး။ အချိန်ရဖို့လည်း မရှိကြဘူး။ ရခဲ့ရင်လည်း ဇာတ်ကားဖွင့်ထားပြီး ကြည့်ရင်းနဲ့ အိပ်ပျော်ချင် ပျော်သွားကြတာ။ ဒါတွေကို မြင်တွေ့ခဲ့ရဖူးတယ်။ ဖိုက်တင်ကားတွေက ခုချိန်မှာ အရမ်းကို နည်းပါးသွားပြီ။

အစ်ကိုတို့ ဖိုက်တင်တွေရဲ့ဘဝတွေက ၉၄ ခုနှစ်ကနေ ၂၀၀၄ မှာ ပျက်သွားတယ်။ ဘာလို့လဲဆိုတော့ အက်ရှင်ကားတွေ ရိုက်တဲ့အခါမှာ လူအင်အား အများကြီး သုံးရတယ်။ ကုန်ကျစွန်းတွေများတယ်။ ပင်ပန်းတယ်။ တကယ်လုပ်ပြရတယ်။


**အခု တစ်ကျော့ပြန် အက်ရှင်ကား ရိုက်ကူးရေးနဲ့ အရင်ရိုက်ကူးရေးအခြေအနေ။**

အခုလို အစ်ကို ပြန်ရောက်လာတဲ့အခါ ဖိုက်တင်ကားရိုက်ဖို့အတွက် ဖန်တီးမှုတွေနဲ့၊ နောက်တစ်ခုက အက်ရှင်ကားတွေပြန်ရိုက်ဖို့အတွက် အစ်ကို စိတ်ပိုင်းဆိုင်ရာနဲ့ ပြန် လုပ်နိုင်အောင်လည်း လေ့ကျင့်ထားတာပေါ့ဗျာ။ ကိုယ်တတ်နိုင်တဲ့အနေအထားနဲ့ ကိုယ်လုပ်ပေးမယ်။ ဒါပေမဲ့ အစ်ကိုတို့မှာ



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၈ ခုနှစ် ရွှေအမြုတေ ချပ်စုံမဂ္ဂဇင်း မှ

www.burmeseclassic.com

www.burmeseclassic.com

ဘာတွေလိုအပ်နေလဲဆိုတော့ ကြိုတင်ပြင်ဆင်ထားတဲ့ ထရိန်နင်မရှိဘူး။ လူကြမ်းတွေဆိုလည်း ရိုက်ကွင်းမှာ ဆင်ပြီးမှ တန်းထိုး၊ တန်းရိုက်။ အချိန်လည်း ကိုယ်တို့ မပေးနိုင်ဘူးလေ။ ပရိုဂျူဆာဘက်က ပြန်ကြည့်ပြန်တော့လည်း သူ့မှာ သိန်းထောင်ချီ၊ ရာချီ ရင်းထားရတာကြောင့် သူတို့အချိန် မပေးနိုင်ဘူး။ ဘာတွေကြုံရလဲ ဆိုတော့ ကြိုတင်ပြင်ဆင်ထားမှု မရှိတဲ့အတွက်ကြောင့် အစ်ကိုတို့ ဖိုက်တင်က တိုးတက်လာဖို့ နှောင့်နှေးမယ်လို့ အစ်ကို ထင်တယ်။ တိုးတက်လာဖို့ အားနည်းတယ်ပေါ့။ နိုင်ငံခြားမှာက အက်ရှင်ကားရိုက်တော့မယ်ဆိုရင် တစ်ပတ်ကြိုပြီး ထရိန်နင်လုပ်ခိုင်းထားတယ်။ မင်းသားရော၊ မင်းသားနဲ့အတူ ပါဝင်သရုပ်ဆောင်မယ့် ဟီးရိုးလို့ခေါ်တဲ့ ဖိုက်တာတွေ၊ ပြီးတော့ ပွဲပိုးမယ့် ဇာတ်ပို့တွေ အားလုံးက လေ့ကျင့်နေရတာ။ ပြီးမှ သူတို့က ဖိုက်တင်ရိုက်တာ။ အစ်ကိုတို့မှာ အဲဒါမရှိဘူး။ ရှိဖို့လည်း မလွယ်ဘူး။ တစ်နေ့တာ စားဝတ်နေရေးအရ လူကြမ်းတစ်ယောက်ကို တစ်နေ့ သုံးသောင်း။ ဒီသုံးသောင်းနဲ့ သူ့ဘဝတစ်နေ့တာ ရပ်တည်ရမှာ။ ဒီသုံးသောင်းရဖို့အတွက် ဘယ်အချိန်ထိုးမလဲ သူစောင့်နေရတယ်။ အဲဒါမျိုးတွေ အစ်ကိုတို့ကြုံရတယ်။ ဒါကလည်း ဖိုက်တင်မင်းသားဆိုတဲ့ အနေအထားမှာပဲရှိတာ။ အချစ်ကားတို့၊ ဒရာမာတို့၊ အိုက်တင်နဲ့လုပ်တဲ့သူတွေမှာတော့ ရှိချင်မှ ရှိမယ်။

**အက်ရှင်မင်းသား၊ ဖိုက်တင်သမား ရဲမင်းပိုင်ရဲ့ စိတ်ထား။**

ဖိုက်တင်သမား ဖြစ်တဲ့အတွက် အစ်ကို့မှာ စိတ်ဓာတ်တစ်ခုရှိတယ်။ ဘာလဲဆိုတော့ ဩော် ငါမထိုးပေးရင်တော့ ဒီကောင် Daily ကြေးရမှာမဟုတ်ဘူး။ ငါသူ့ကိုခေါ်ပြီးထိုးမှ သူ သုံးသောင်းရမယ်။ ဒါမှ သူ့မိသားစုတစ်နေ့တာ စားဝတ်နေရေးပြေလည်မယ်။ အစ်ကိုတို့ဘဝက အဲဒီလိုဖြစ်နေတယ်။ ဒီအချိန်မှာလည်း ဒီအတိုင်းဖြစ်နေတယ်။ ဒီအချိန်မှာလည်း အဲဒီအတိုင်း ကြုံနေရတယ်။

**လက်ရှိ အက်ရှင်ကား အခက်အခဲ။**

ပြီးတော့ နေရာတိုင်းလည်း အစ်ကိုတို့ ဖိုက်တင်လျှောက်ထိုးပြလို့ မရပြန်ဘူး၊ ချိန်ဆပြီး လုပ်ရတယ်။ ဟိုတစ်လောက ဗိုလ်ချုပ်ဈေးမှာ အစ်ကိုတို့ ဖိုက်တင်ရိုက်တာပေါ့နော်။ တစ်ခန်းရိုက်တာ။ အစ်ကိုစဉ်းစားတယ်။ မြို့လယ်ကောင်ရိုက်ဖို့ မဖြစ်နိုင်ဘူး။ တကယ် ဝိပြင်ဖို့ဆိုရင် အကုန်အကျခံနိုင်တဲ့ ပရိုဂျူဆာတွေ လိုအပ်တယ်။ ဖိုက်တင်ကားကို မကောင်းကောင်းအောင် ရိုက်မယ်ဆိုတဲ့ ဒါရိုက်တာတွေလိုအပ်တယ်။ ပြီးတော့ Studio တွေလိုအပ်တယ်။ ဒီနေရာမှာ ထိုးမယ်ဆိုရင် ဒီနေရာပုံစံအတိုင်း အတုလုပ်ပြထားရမယ်။ အဲဒီအတိုင်း ပြင်ဆင်ပြီးတော့မှ လေ့ကျင့်၊ အဲဒီနေရာမှာရိုက်။ အဲဒီလိုမျိုး အစ်ကိုတို့ အချိန်မပေးနိုင်၊ မလုပ်နိုင်ဘူး။ ပရိုဂျူဆာတွေ၊ ဒါရိုက်တာတွေ အနေနဲ့လည်း အချိန်မပေးနိုင်သလို အကုန်အကျလည်း မခံနိုင်ဘူး။ အဲဒီအချက်တွေက ဖိုက်တင်ကားကောင်းဖြစ်ဖို့အတွက် မလွယ်ဘူး။ အစ်ကိုတို့မှာက ကြုံရင်ကြုံသလိုထိုးကြိတ်၊ ကွဲမှာလည်း ကြောက်ရသေး။ မော်တော်ကားနဲ့ ဖိုက်တင်ရိုက်ရင်လည်း အဲဒီကားထိမှာ ကြောက်ရသေး။ ထိသွားရင်လည်း ပရိုဂျူဆာနဲ့ ဒါရိုက်တာက မျက်ခုံးလှုပ်နေပြီ။ ကားတန်ဖိုးကလည်း မသေးဘူးလေ။ နိုင်ငံခြားမှာကျတော့ ကားတွေ ဘာတွေ အကုန်က အတုတွေလုပ်ထားပြီးသား။ ကားကြေသွား၊ ကွဲသွား၊ ပိန်သွားလည်း သူတို့က ဂရုမစိုက်ဘူး။ ဒါကတော့ သူတို့နိုင်ငံရဲ့ အနေအထားအရပေါ့။ ကိုယ်တို့နိုင်ငံရဲ့ အနေအထားကတော့ မလွယ်ပါဘူး။ ဖိုက်တင်ကားကောင်းဖြစ်ဖို့ကလည်းမလွယ်ပါဘူး။ ဖိုက်တင်ဆိုတာကလည်း ဇာတ်လမ်းဇာတ်ကွက်အရဆိုရင် ဒုစရိုက်လုပ်ငန်းတွေလုပ်ပြမှ၊ မဟုတ်တာတွေလုပ်ပြမှဆိုတဲ့ အနေအထားကြောင့် ဖိုက်တင်ကဖြစ်မှာလေ။ ဖိုက်တင်ကားတစ်ကားဖြစ်ဖို့ကမလွယ်ဘူး။ အစ်ကိုတို့နိုင်ငံမှာ အများကြီးလိုအပ်တယ်။ အစ်ကိုက ထောက်ပြတာပါ။ လက်ရှိအစ်ကိုတို့လုပ်နေရတဲ့ ဘဝအနေအထားတွေကကို အခက်အခဲနဲ့ကြုံနေရတယ်။ စားဝတ်နေရေး အခက်အခဲ၊ ရင်းနှီးမြှုပ်နှံမှု အခက်အခဲ၊ ဆင်ဆာအခက်အခဲ၊ အခက်အခဲဆိုတာမှာ အကန့်လေးတွေရှိတယ်။ အကန့်လေးတွေနဲ့ ကြုံတဲ့အခါ အနုပညာအလုပ်ကို လုပ်ကြည့်တဲ့အခါမှ သိလာတယ်။ အဲဒီတော့ ဖိုက်တင်ကို ရိုးရိုးပုံပန်းသဏ္ဍာန်နဲ့သာ သွားလို့ရတယ်။ ဒါကိုလည်း အခြေအနေအရ အစ်ကိုတို့သွားရမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဖိုက်တင်ဈေးကွက် အားနည်းတယ်။ ပြည်ပကိုထုတ်ဖို့၊ ဖြန့်ဖို့ အစွမ်းအစမရှိသေးဘူး။ ဒါပေမဲ့ ကြိုးစားနေကြတယ်။

**မြန်မာ့အနုပညာနဲ့ ပြည်ပနိုင်ငံရောက် မြန်မာများရဲ့ခံစားချက်။**

ကြိုးစားနေတဲ့ အတိုင်းအတာပေါ်မူတည်ပြီး အနယ်နယ်အရပ်ရပ်ကသူတွေကလည်း အဲဒါကို အောင်မြင်အောင်လုပ်ဖို့ ကြံစည်နေကြတယ်။ အနယ်နယ်အရပ်ရပ်ဆိုတာက တခြားနိုင်ငံမှာရှိတဲ့ မြန်မာနိုင်ငံသားတွေကို ပြောတာပါ။ ငါတို့မြန်မာနိုင်ငံက ဇာတ်ကားတွေ ဖိုက်တင်ပဲဖြစ်ဖြစ်၊ အချစ်ကားပဲဖြစ်ဖြစ်၊ မြန်မာဇာတ်ကားတွေကို



www.burmeseclassic.com

www.burmeseclassic.com

အိမ်နီးချင်းနိုင်ငံတွေမှာ ပြသနိုင်ဖို့ ငါတို့ဘာတွေလုပ်ရင်ကောင်းမလဲလို့၊ ဘယ်လိုအားထုတ်ရင်ကောင်းမလဲလို့ အမြဲတမ်း သူတို့မှာလည်း စိတ်ကူးတွေရှိကြတယ်။ ကြံစည်နေကြတယ်။ ကိုယ့်မြန်မာကားတွေ ကမ္ဘာ့နိုင်ငံအသီးသီးကို ရောက်စေ၊ ပြစေချင်တဲ့စိတ်က ကမ္ဘာ့နိုင်ငံအသီးသီးမှာရှိတဲ့ မြန်မာနိုင်ငံသားတွေရဲ့စိတ်ထဲမှာ အမြဲတမ်းရှိတယ်။ ကိုယ့်နိုင်ငံနဲ့ ဝေးလိုက်တဲ့အခါမှာ ဘယ်သူမဆို သတိရတဲ့စိတ်က လူတိုင်းမှာရှိနေတယ်။ သတိမရတဲ့သူ တစ်ယောက်မှမရှိဘူး။ ငါ့နိုင်ငံ ဘာဖြစ်နေလဲ ဘာညာနဲ့ အကုန်လုံးက တစ်ချိန်လုံး အွန်လိုင်းနဲ့ စုံစမ်းနေကြတယ်၊ မေးမြန်းနေကြတယ်၊ စပ်စုနေကြတယ်။ အစ်ကိုတို့နိုင်ငံခြားမှာ နေခဲ့ဖူးလို့သာ ဒါတွေသိတာပေါ့နော်။ ကိုယ့်နိုင်ငံကဖန်တီးတဲ့ အနုပညာလေးတစ်ခု ပြည်ပကိုရောက်သွားတယ်ဆိုရင် ဝမ်းသာကြတယ်။

**ကိုယ်ပိုင်ထုတ်လုပ်ရိုက်ကူးဖြစ်တဲ့ ဇာတ်ကားနဲ့ ရဲမင်းပိုင်။**

အစ်ကို့မိသားစုကထုတ်တဲ့ ဇာတ်ကားဖြစ်တဲ့ အတွက်ကြောင့် ကိုယ်ကတော့ တာဝန်တစ်ခုကျေအောင် လုပ်လိုက်တဲ့အနေအထားပါပဲ။ ကိုယ်က အသက်ကလည်းကြီးလာပြီဆိုတော့ သိပ်လည်း လုပ်နိုင်လိမ့်မယ်လို့ မထင်ဘူး။ နောက်ထပ်လုပ်နိုင်ရင် လေး၊ ငါးနှစ်ပေါ့"။


**၁၅ ရက်ရိုက်ကူးရေးနဲ့ ရဲမင်းပိုင်။**

၁၅ ရက်နဲ့ ရိုက်တယ်ဆိုတာက လူတိုင်း လုပ်နေတဲ့ အလုပ်တစ်ခုဖြစ်နေပြီ။ ဖိုက်တင်ကားတစ်ကားက ရက်ကြာကြာနဲ့ ရိုက်ရင်ပိုကောင်းတာပေါ့။ ဒါပေမဲ့ ဒီမှာက အဲဒီထက်ကြာရင် မဖြစ်ဘူး။ ဈေးကွက်နဲ့ ကုန်ကျစရိတ်နဲ့ ဆိုတော့။

*ရဲမင်းပိုင်က သရုပ်ဆောင်အဖြစ်နဲ့ မြန်မာနိုင်ငံမှာ ပြန်ပြီး အခြေချပြီလားဆိုတာနဲ့ ပတ်သက်ပြီးတော့*

"လောလောဆယ် အစ်ကို အတိအကျ ပြောလို့မရသေးပါဘူး။ ဒါက အပိုင်းတစ်ပိုင်းပေါ့။ အဓိကကတော့ လက်ရှိ ရှိနေတဲ့ အနေအထားမှာပဲ တာဝန်ကျေသွားစေချင်တယ်။ ရုပ်ရှင်ဘဝကို ဖြတ်သန်းနေတဲ့အချိန်မှာ ပရိသတ်အတွက် တန်အောင်လုပ်ပြမယ်။ ပရိသတ် ပင်ပင်ပန်းပန်းနဲ့ရှာပြီး လာကြည့်တဲ့ ပိုက်ဆံနဲ့ တန်အောင်လုပ်ပြမယ်။ ဒါပဲ။ အစ်ကို့ ရင်ထဲမှာ ဖြစ်နေတာက အဲဒီဆန္ဒလေး တစ်ခုပဲ။ ပင်ပင်ပန်းပန်းနဲ့ လုပ်ပြပြီး ဒဏ်ရာအနာတရဖြစ်လည်း လုပ်ပြမှာပဲ။ ခင်နေ၊ ချစ်နေတဲ့ ပရိသတ်ကတော့ ကြည့်မှာပဲ။ မုန်းနေတဲ့ ပရိသတ်ကတော့ လှည့်တောင်ကြည့်မှာ မဟုတ်ဘူး။ ဒါပါပဲ"လို့လည်း *နှုတ်ဆက်ခဲ့ပါတယ်။*


**■ မန်းသူ**





www.burmeseclassic.com

www.burmeseclassic.com



အနုပညာနဲ့ပတ်သက်ရင် ဖွဲကြီးသလို ဘဝကိုလည်း အနုပညာထဲမှာပဲ နှစ်မြှုပ်ထားတဲ့ အကယ်ဒမီ နေတိုးရဲ့ သူ့ဘဝ လူမှုနေထိုင်မှုနဲ့ သူ့အနုပညာလှုပ်ရှားမှု အကြောင်းများကို မေးကြည့်ဖြစ်ခဲ့ပါတယ်။

**နေတိုးက သရုပ်ဆောင်အလုပ်အပြင် နားတဲ့၊ အားတဲ့အချိန်မှာ ဘာတွေလုပ်ဖြစ်လဲ။**

အခုလက်ရှိမှာ ကျွန်တော့်အတွက် နားတဲ့အချိန်ကတော့ နည်းနည်းရှားတယ်။ ၂၀၁၉၊ ၂၀၂၀ မှာတော့ နားတဲ့အချိန်ဆိုတာ ရှိလာမယ်။ လက်ရှိအခြေအနေတစ်ခုမှာ ကျွန်တော်က နားတဲ့အချိန်ဆိုရင် ဒီရုပ်ရှင်အနုပညာနဲ့ ဆက်စပ်နေတဲ့ ဝတ္ထုဖတ်တာတို့၊ ဇာတ်ညွှန်းဖတ်တာတို့၊ ပြီးတော့ သီချင်းနားထောင်တာတို့၊ ဇာတ်ကားအတွက် ဝတ်စားဆင်ယင်မှုအပိုင်း ကြိုတင်ပြင်ဆင်မှုမှာ တချို့လိုအပ်တဲ့ အပိုင်းတွေဆိုရင် ကိုယ်တိုင်ပြင်ဆင်ရတာတွေ ရှိတယ်။ အဲဒီအတွက် Shopping ထွက်ရတာတွေရှိတယ်။ အဲဒီလို ပြင်ဆင်မှုမျိုးတွေနဲ့ပဲ ကျွန်တော့် အားလပ်ချိန်တွေမှာ ဖြတ်သန်းနေတာပါ။ လုံးလုံးကြီး နားရတာကတော့ သင်္ကြန်လို အခါကြီး ရက်ကြီး ပိတ်ရက်တို့၊ သီတင်းကျွတ်တို့လောက်ပဲ ကျွန်တော် နားတာ များပါတယ်။

**နေတိုးက အနုပညာတွေနဲ့ပဲ အချိန်ကုန်နေတော့ ပျော်စရာဆိုတာ ဘယ်လိုရှာလဲ။**

လူတစ်ယောက်ရဲ့ ဖြတ်သန်းမှုတစ်ခုမှာ ကျွန်တော်တို့ကျတော့ အလုပ်လုပ်ရင်းနဲ့ ဖြတ်သန်းရတယ်။ ပြင်ဆင်ရင်းနဲ့၊ လေ့လာဆည်းပူးရင်းနဲ့ ဖြတ်သန်းရတာကိုး။ အဲဒါကြောင့်လည်း ကိုယ်လုပ်နေတဲ့ အနုပညာပေါ်မှာပဲ ပျော်ရတာပေါ့။ ပျော်ပျော်ကြီး ကျေကျေနပ်နပ်နဲ့ အနုပညာအလုပ်ကို လုပ်နေတာအပြင် လူတစ်ယောက်အနေနဲ့တော့ သေသေချာချာ မမြင်နိုင်ဘူးပေါ့။ ဒါပေမဲ့ သူ့ရဲ့လှုပ်ရှားမှုစရိုက်၊ သူ့ရဲ့ပုံစံတွေက သာမန်လူတစ်ယောက် မဟုတ်တဲ့

www.burmeseclassic.com

www.burmeseclassic.com

အခါကျတော့ အပြင်လူတွေအနေနဲ့ဆိုရင် မမြင်နိုင်ဘူး။ ကိုယ်ဖန်တီးချင်တဲ့ အနုပညာကို လုပ်နေရတဲ့အချိန်မှာ စိတ်ကျေနပ်ပြီး ပျော်နေတာပါပဲ။ ဒါကပဲ ကိုယ့်ကိုယ်ကို ကျေနပ်စေတယ်။ ရှင်းရှင်းပြောရရင်တော့ အလုပ်နဲ့ ဖိစီးနေတယ် ဆိုပေမဲ့ ကိုယ်ဝါသနာပါတဲ့အလုပ်ကို လုပ်နေရခြင်းသည်ပင်လျှင် ကိုယ့်ဘဝနေထိုင်မှုမှာ ကံအကောင်းဆုံးလို့ ပြောလို့ရပါတယ်။

အတိအကျပြောရမယ်ဆိုရင် ကိုယ်တန်ဖိုးထားတဲ့ အလုပ်၊ ကိုယ်မြတ်နိုးတဲ့ အလုပ်တစ်ခုကို ကိုယ်ချစ်တဲ့ ပရိသတ်တွေအတွက် လုပ်ခွင့်ရနေတယ်ဆိုတာ ကျွန်တော့်ရဲ့ ဘဝဖြတ်သန်းမှုမှာ အင်မတန်ကုသိုလ်ကံကောင်းတဲ့အရာလို့ပဲ ကျွန်တော် မြင်ပါတယ်။ အဓိက,ကတော့ ဒီလိုမျိုး ကြိုးစားခွင့်မရတော့ရင်သာ ဒီအလုပ်ကို လုပ်ခွင့်မရတော့ဘူး။ ဒီအလုပ်ကို ပရိသတ်က လက်မခံတော့ဘူးဆိုရင် ကိုယ့်ဘဝနေထိုင်မှုပုံစံက အထီးကျန်နေမှာပေါ့။ အခုချိန်အထိတော့ ကိုယ့်အလုပ်ရယ်၊ ပရိသတ်ကို ဖျော်ဖြေတင်ဆက်နေရတာကိုက အနုပညာအလုပ်ကို လုပ်ခွင့်ရနေသရွေ့ ကျွန်တော့်အနေနဲ့ ပျော်ရွှင်နေမယ်၊ ကြည်နူးနေမယ်၊ ကျေနပ်စရာကောင်းနေမှာပါ။

**ရုပ်ရှင်စတူဒီယို လုပ်နေတာက ဘယ်တော့ပြီးမှာလဲ၊ ဘာကြောင့် စတူဒီယိုထောင်ဖြစ်တာလဲ။**

ကျွန်တော် လုပ်နေတဲ့ စတူဒီယိုက ၂၀၁၈ နောက်ဆုံးပတ်လောက်မှာ ရုပ်ရှင်ရိုက်ကူးမှုတွေ စပြီး လက်ခံနိုင်တော့မှာပါ။ ရည်ရွယ်ချက်ကတော့ ရုပ်ရှင်ရိုက်ကူးတဲ့ နေရာတစ်ခု၊ ရုပ်ရှင်ရိုက်ဖို့ Team တွေ၊ Crew တွေ စုစုစည်းစည်း တစ်နေရာတည်းမှာ လုပ်လို့ရမယ့် Movie Studio တည်ဆောက်ချင်တဲ့ ရည်ရွယ်ချက်နဲ့ နိုင်ငံခြားကို သွားရင်လည်း လေ့လာဖြစ်တယ်။ ရုပ်ရှင်အတွက် ကိုယ့်မှာရှိတဲ့ အတွေး၊ ကိုယ်ဖြစ်ချင်တာနဲ့ ကိုယ်ဖန်တီးချင်တဲ့ အနုပညာကို ပံ့ပိုးလို့တဲ့စိတ်နဲ့ Quality ပိုကောင်းပြီး အရည်အသွေးမြင့်မားတဲ့ရုပ်ရှင်တွေ မြင်ချင်တဲ့အတွက် ဒီစတူဒီယိုကို တည်ဆောက်ဖို့ စိတ်ကူးပေါ်လာတာပါ။

**စတူဒီယိုကို ဘယ်လို နာမည်ပေးသွားမှာလဲ။ ဒီစတူဒီယိုက ဘာတွေ ဝန်ဆောင်မှု ပေးသွားနိုင်မှာလဲ။**

နာမည်ကတော့ Story Book ပါပဲ။ နဂိုကတည်းက Camera Crew ရယ်၊ Lighting Crew ရယ်ရှိတယ်လေ။ Story Book နာမည်နဲ့ပဲ ဆက်ပြီးလုပ်သွားမှာပါ။ **Story Book Studio** ပေါ့။ ဒီစတူဒီယိုက လုပ်ပေးနိုင်မှာက နေရာအဓိကပေါ့။ ဥပမာ ဆေးရုံဆိုရင် သွားရိုက်ဖို့ခက်မယ်။ ရုံးခန်းအတွက်ဆိုရင် ရုံးခန်းတစ်ခုကို ငှားပြီး ရိုက်ရတယ်။ ဒီလိုလိုအပ်တဲ့ ရုံးခန်းတွေ၊ ဆေးရုံတွေ၊ စားသောက်ဆိုင်လိုဟာမျိုးတွေ၊ အိပ်ခန်းတွေ၊ ဧည့်ခန်းတွေ အစရှိတာတွေ အပြင် မိမိတို့ကိုယ်တိုင် ဆက်တင်လုပ်ပြီး ဒီဟာကတော့ အချုပ်ခန်းဆိုတာမျိုး တစ်နေရာတည်းမှာ ရိုက်လို့ရအောင် လုပ်ပေးထားတာပေါ့။

လက်ရှိဖန်တီးထားတဲ့ ဆက်တင်ပေါ်မှာ ၈၀ ရာခိုင်နှုန်း ရိုက်လို့ရသလို ကိုယ်ကိုယ်တိုင် စိတ်ကြိုက် ဖန်တီးပြီးတော့ လုပ်ချင်တယ်ဆိုရင်လည်း လုပ်လို့ရတဲ့ နေရာမျိုးဖြစ်အောင် ဖန်တီး



# ကိုယ်ဝါသနာပါတဲ့ အလုပ်ကို လုပ်နေရခြင်းဟာ ကံအကောင်းဆုံးပဲ

**လင်းနိုင်ဦး**



www.burmeseclassic.com

www.burmeseclassic.com

ပေးထားတာပါ။ အရင်တုန်းကတော့ ဒီလိုရုပ်ရှင်ရိုက်လို့ရတဲ့ စတူဒီယိုမျိုး သိပ်မရှိတော့ ရုပ်ရှင်ရိုက်ခွင့်ရတဲ့ အိမ်တွေ၊ ရုပ်ရှင်ရိုက်ဖို့ တည်ဆောက်ထားတာမဟုတ်တဲ့ အဆောက်အဦတွေမှာ ကျွန်တော်တို့တွေ ရိုက်ခဲ့ရတာဆိုတော့ ကျွန်တော်တို့ရဲ့ ဖန်တီးမှုတွေက ရှိတဲ့အပေါ်မှာပဲ အကောင်းဆုံးဖြစ်အောင် လုပ်ကိုင်ဖန်တီးခဲ့ရတယ်။ လိုချင်တဲ့၊ ဖန်တီးချင်တဲ့ပုံစံမျိုး သူများအိမ်မှာကျတော့ သွားလုပ်လို့မရဘူးလေ။ အခုကျတော့ စိတ်ကူးထဲမှာ ရှိရင်ရှိသလို၊ ဖန်တီးချင်တာရှိရင် စိတ်ကြိုက် ဖန်တီးခွင့်ရမယ်။ ရုပ်ရှင်ရိုက်တဲ့နေရာသတ်သတ် ဖြစ်သွားတာပေါ့။

**ကိုယ်တိုင်လည်း ကောင်းချင်တာတွေ၊ ဖန်တီးချင်တာတွေရှိနေတော့ ၂၀၁၈ မှာ ဘယ်လိုတွေလုပ်သွားမလဲ။**

၂၀၁၈ မှာတော့ ရုံတင်ဇာတ်ကားတွေ တော်တော်လေးရှိပါတယ်။ ရိုက်ကူးနေတာလည်း ရှိမယ်။ ရိုက်ကူးဖို့ လက်ခံထားတဲ့ကားတွေကို ပုံမှန်ထက်ကို ရိုက်ရက်ပိုပေးပြီးတော့ သေသေချာချာလေး ပြင်ဆင်ရိုက်ကူးသွားဖို့လည်း ရှိပါတယ်။ ၂၀၁၇ က ရိုက်ကူးထားပြီး ပရိသတ်မျှော်လင့်တဲ့၊ ပရိသတ်ကြည့်ချင်တဲ့ ဇာတ်ကားမျိုးတွေ ၂၀၁၈ မှာ ရုံတင်မယ့်နှစ်လို့ ကျွန်တော် ပြောချင်ပါတယ်။

**ရုပ်ရှင်လောကနဲ့ ပတ်သက်ပြီးတော့ရော ဘယ်လိုလေး ဆက်ပြီးလုပ်ဆောင်သွားဖို့ရှိလဲ။ ကင်မရာပိုင်းဆိုင်ရာပစ္စည်းတွေ ဝယ်တယ်၊ စတူဒီယိုတွေထောင်တယ်။ ပြီးရင် ဘာဆက်လုပ်ဦးမလဲ။**

အဓိကကတော့ Team, Crew တွေနဲ့ တကယ့်ကို တက်ညီလက်ညီ စုပေါင်းပြီးတော့ အရင်လုပ်သွားမှာပါ။ Pre Production ပိုင်းပါ။ ဒီအပိုင်းကို ၂၀၁၈ မှာ ရုပ်ရှင်ကားတွေအတွက် ပိုပြီးလုပ်သွားဖို့ ရှိပါတယ်။ ကျွန်တော်တို့တင် မဟုတ်ဘူး၊ အခြားသူတွေလည်း Pre Production ကို အရေးကြီးတဲ့ အခန်းကဏ္ဍတစ်ခုမှာ ထားပြီးတော့ လုပ်ဖြစ်သွားကြမယ်လို့ ကျွန်တော် မြင်ပါတယ်။ အဲဒီလို လုပ်သွားမှသာလျှင် ပိုကောင်းပြီး အမှားနည်းတဲ့ အခြေအနေမျိုးဖြစ်လာမှာပါ။

**နေတိုး ပြောထားဖူးတာရှိပါတယ်၊ မှတ်တမ်းရုပ်ရှင်ဒါရိုက်တာတွေကိုလည်း ဒီရုပ်ရှင်အသိုင်းအဝိုင်းထဲ ခေါ်ဆောင်သွားဖို့ ရည်ရွယ်ထားတယ်ဆို။**

ဟုတ်ပါတယ်၊ လူတစ်ယောက်ချင်းစီမှာ အားသာချက်၊ အားနည်းချက်ဆိုတာ ရှိတယ်။ လူတစ်ယောက်ချင်းစီမှာ သူလုပ်နိုင်တဲ့၊ သူဖန်တီးတတ်တဲ့ အနုပညာကို ဆွဲထုတ်ပေးလိုက်ရင် ပိုပြီးတော့ ရုပ်ရှင်အတွက်လည်း ကောင်းလာမယ်။ သူလုပ်မှ ပိုပြီး ထိရောက်လာမယ့်ဟာမျိုးတွေလည်း ရှိတာကိုး။ တစ်ဦးချင်းစီက ကိုယ်ပိုင်အရည်အချင်းတွေပေါ့။ အဲဒီမှာမှ ကျွန်တော် ဘာတွေသွားတွေ့ရလဲဆိုတော့ အရည်အချင်းရှိတဲ့လူတချို့နဲ့ စကားပြောကြည့်ဖြစ်တဲ့အချိန်မှာ သူတို့လုပ်နိုင်တာတွေ၊ သူတို့လုပ်ချင်တဲ့ အိုင်ဒီယာတွေကို ကျွန်တော်ကိုယ်တိုင် သဘောကျတာတွေ အများကြီးရှိတယ်။ တချို့ကျတော့လည်း ဇာတ်လမ်းပိုင်းနဲ့ ပတ်သက်ပြီး အရမ်းကို Talent ရှိတယ်။ တချို့ကျတော့လည်း ရိုက်ကူးရေးနဲ့ ပတ်သက်ပြီးတော့၊ Pre Production ပိုင်းနဲ့ ပတ်သက်ပြီးတော့ ပရိုမိုးရှင်းပိုင်းနဲ့ပတ်သက်လို့ အိုင်ဒီယာကောင်းတဲ့သူတွေ ရှိတယ်။ တစ်ယောက်နဲ့တစ်ယောက်လည်း မတူကြဘူး။

မတူကြတဲ့အထဲမှာမှ ကျွန်တော်က ၂၀၁၇ ခုနှစ်လောက်မှာ ဒါရိုက်တာ ပြည့်ဇော်ဖြိုးနဲ့ မဟူရာရုပ်ရှင်ရုံ ဆိုတဲ့ ကားတစ်ကား ရိုက်ခဲ့တယ်။ သူကတော့ Story လမ်းကြောင်းနဲ့ပတ်သက်ပြီး Talent ကောင်းတဲ့သူ။ သူကိုယ်တိုင်လည်း ဇာတ်လမ်းတွေရေးပြီးတော့ ဆုရထားတဲ့ကားတွေ ရှိခဲ့တာကိုး။ အဲဒီလိုလူငယ်တွေနဲ့ ပူးပေါင်းပြီး ရိုက်ခဲ့သလို ဆက်ပြီးလည်း ရိုက်ကူးသွားဖို့ ရှိပါတယ်။

**နေတိုးကို ၂၀၁၈ မှာ ဘယ်လိုပုံစံမျိုးတွေနဲ့ ဆက်ပြီး မြင်တွေ့ရဖို့ ရှိလဲ။**

အနီးစပ်ဆုံး မြင်တွေ့ရမှာက အခု ရုံတင်နေတဲ့ **မုန်းလို့ရရင် မုန်းချင်တယ်** မှာ တေးရေးဆရာတစ်ယောက်အနေနဲ့ တွေ့ရမယ်။ တေးရေးဆရာတစ်ယောက်ရဲ့ ကာရိုက်တာမှာမှ ထူးထူးခြားခြားပြောရမယ်ဆိုရင် သီချင်းဆိုထားတာလည်း ပါတယ်။ တေးရေးဆရာ Life ကို အခြေခံပြီးတော့ အိမ်ထောင်ရေးနဲ့၊ အချစ်နဲ့ ဘဝကို ဖော်ကျူးထားတယ်လို့ ပြောရရင် ပိုမှန်ပါမယ်။ ဂီတနဲ့ ရုပ်ရှင်ကို ရောထားတဲ့ ကားတစ်ကားကို ကြည့်ရမှာပါ။ လွန်ခဲ့တဲ့ ၃ နှစ်လောက်က ရိုက်ကူးခဲ့ပေမဲ့ အခုပြန်ကြည့်တဲ့အခါမှာ လိုက်ဖက်နေတာတွေ၊ ခေတ်နဲ့ညီတာတွေ ခံစားရတယ်။ ရိုက်ကူးတုန်းကလည်း တစ်ယောက်နဲ့တစ်ယောက် အချိတ်အဆက်မိမိနဲ့ ခံစားမှုကို ထိထိရောက်ရောက် အသေးစိတ်လေးနဲ့ ရိုက်ခဲ့ကြလို့ ဒီကားကလည်း ထူးခြားမှာပါ။

**ကိုယ်တိုင် သီချင်းဆိုပြီး သရုပ်ဆောင်ရတဲ့ အရသာကိုလည်း ပြောပြပေးပါလား။**

ကျွန်တော်တို့ သီချင်းဆိုတဲ့နေရာမှာ တစ်ခုတော့ ရှိပါတယ်။ အဆိုတော်လို ဆိုရတာ ရှိတယ်။ တေးရေးဆရာလို ဆိုရတာ ရှိတယ်။ အပြင်မှာ အပျော်တမ်းဆိုနေကြတဲ့ ကာရာအိုကေပုံစံမျိုးလည်း ရှိတယ်။ ကျွန်တော်တို့က သရုပ်ဆောင်လုပ်နေရတော့၊ သီချင်းကိုလည်း ဆိုဖြစ်တော့ City FM ပွဲလိုမျိုးမှာလည်း ကျွန်တော် ဆိုဖူးပါတယ်။ အတွဲခွေတွေမှာလည်း ဆိုဖူးတယ်။ ဝိုင်းစုအခွေမှာလည်း ဆိုဖူးတယ်။ အဲဒီမှာကျတော့ အဆိုတော်တစ်ယောက်လို မုဒ်နဲ့ ဆိုရတယ်။ ဒီရုပ်ရှင်ထဲမှာကျတော့ တေးရေးဆရာတစ်ယောက်ရဲ့အသံမျိုး၊ တေးရေးဆရာတစ်ယောက်ရဲ့ ခံစားမှုမျိုးကို ပြောင်းပြီးတော့ ကြိုးစား ဆိုရတာပါ။

**အကယ်ဒမီရွှေကြယ်**



www.burmeseclassic.com

www.burmeseclassic.com

ကို ဘယ်ကိုလှူမှာလဲ။ ဘုရားလှူမယ်လို့ နေတိုး ပြောခဲ့ဖူးလို့ပါ။

အကြမ်းဖျင်းတော့ မန္တလေး မဟာမြတ်မုနိဘုရားကြီးမှာ လှူဖို့ စဉ်းစားထားတယ်။ မေမြို့ကို တက်ဖြစ်တဲ့အချိန် မဟာမြတ်မုနိမှာ လှူဖို့ စဉ်းစားထားတယ်။ လှူဖြစ်ရင်တော့ ကျွန်တော့်ပရိသတ်တွေပါ ပါနိုင်အောင် ကျွန်တော့် Page ကနေ တင်ပေးမှာပါ။

**မန္တလေး မဟာမြတ်မုနိမှာ လှူဖို့ ဘာဖြစ်လို့ စဉ်းစားဖြစ်တာလဲ။**

မဟာမြတ်မုနိမှာ လှူဖို့ဖြစ်တာက အကြံဉာဏ်လည်း ပေးကြတယ်။ မန္တလေးဘုရားကြီးမှာ လှူဖို့ ကျွန်တော့်မိသားစုတွေနဲ့ ကျွန်တော့်ရဲ့ Fan တွေကပါ အကြံပေးကြတာနဲ့ မဟာမြတ်မုနိမှာပဲ လှူဖို့ ဆုံးဖြတ်လိုက်တာပါ။ ဘာရယ်ကြောင့်တော့ မဟုတ်ပါဘူး။ အဓိက,ကတော့ ဘုရားတစ်ဆူဆူမှာ ကိုယ်အင်မတန်မြတ်နိုးတဲ့ ရွှေကြယ်ကို လှူလိုက်ချင်တဲ့ ဆန္ဒပါပဲ။

**မာန်အောင်မှာ တည်နေတဲ့ ဘုရားကြီးရော ပြီးပြီလား။ အဲဒီမှာ ရွှေကြယ်ကို လှူဖို့ မစဉ်းစားမိဘူးလား။**

မာန်အောင်မှာ တည်တဲ့ ဘုရားကြီးက ပြီးစီးနေပါပြီ။ ဒီနှစ်ထဲမှာပဲ ဘုရားအနေကဇာတင်ပြီး လှူဒါန်းသွားဖို့ ရှိပါတယ်။ ဘုရားအလုံးစုံ ပြီးစီးတာနဲ့ ကျွန်တော်တို့ အဆင်ပြေမယ့်ရက်မှာ သွားပြီး အနေကဇာတင်ကာ အများပြည်သူ ဖူးမြော်ပူဇော်နိုင်ဖို့ ရေစက်ချလှူဒါန်းသွားမှာပါ။

**လောလောဆယ် ရိုက်ကူးနေတဲ့ ‘တိမ်နိုမိုး’ကို ဘာလို့ လက်ခံရိုက်ကူးဖြစ်တာလဲ၊ ဘယ်လိုကာရိုက်တာမျိုး ဖြစ်လို့လဲ။**

ဒီကားကတော့ အချစ်ဇာတ်လမ်းတစ်ခုပါပဲ။ ဒီကားမှာ မတူညီတဲ့ စိတ်ခံစားမှုနဲ့ပါ။ သာမန်လူတွေနဲ့ မတူညီတာကို ပြောချင်တာပါ။ အတွေးအခေါ်ရှိတဲ့ ဆေးကျောင်းသား တစ်ယောက်အနေနဲ့ သရုပ်ဆောင်ရတာပါ။ အရှင်းဆုံးပြောရရင် ဘဝနေထိုင်မှုပုံစံကို အဆုံးစွန်အထိ မွေးဖွားခြင်းကနေ သေဆုံးခြင်း ကြားထဲမှာနေရမယ့် လူနေမှုပုံစံ၊ ထားရမယ့်စိတ်ထား အဲဒါတွေကို နားလည်မှ ကိုယ်ကိုယ်တိုင် ဖန်တီးတဲ့ဘဝကို ရမှာပါ။ ဘဝဆိုတာ မျှော်လင့်ချက်နဲ့ အသက်ရှင်နေတယ်ဆိုတဲ့ စကားလုံးကို မခံယူဘဲနဲ့ မိမိဘဝကို ဘယ်လိုမျှော်လင့်ချက်မှ မထားဘဲ မိမိကိုယ်တိုင် ပုံဖော်ပြီးတော့ ဘဝကို ဖြတ်သန်းတယ်ဆိုတဲ့ အယူအဆကိုင်စွဲထားတဲ့သူ တစ်ယောက်ရဲ့ ကာရိုက်တာမျိုးပါ။ သူက ခန့်မှန်းရနည်းနည်းခက်တယ်။ ပျော်ရွှင်မှုကို တန်ဖိုးထားတယ်။ ဘုရားဟောထားတဲ့ အတိုင်း အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်မှာ ပစ္စုပ္ပန်ကိုပဲ အကောင်းဆုံး တည်ဆောက်တဲ့ လူတစ်ယောက်ရဲ့ ကာရိုက်တာမျိုးပါ။ ဒါကြောင့် သူ့ရဲ့ စိတ်ခံစားမှုက ပုံမှန်ထက် အနုစိတ်တာတွေပါတယ်။ ရိုးမန့်ထဲမှာမှ နည်းနည်းလေး ပိုထူးခြားတယ်။ တကယ့်ဖြစ်ရပ်မှန် ဇာတ်လမ်းတစ်ခုကို အခြေခံထားတယ်လို့ ပြောတဲ့အခါကျတော့ ဖြစ်ရပ်မှန်အပေါ်မှာ အခြေခံထားတဲ့ ကျွန်တော့်ရဲ့ ဇာတ်ကောင်ကာရိုက်တာကိုလည်း တကယ်စိတ်ဝင်တစားနဲ့ သရုပ်ဆောင်ဖြစ်နေပါတယ်-လို့ ပြောပြခဲ့ပါတယ်။

■ **လင်းနိုင်ဦး**






www.burmeseclassic.com

www.burmeseclassic.com

# Dwayne Johnson ရဲ့ ကမ္ဘာ


ရာပြည့်





www.burmeseclassic.com

www.burmeseclassic.com



လောကကြီးဟာ ပုံမှန်အတိုင်း နိုးထ,မလာခဲ့ဘူးဆိုရင် အဲဒီနေ့ဟာ Dwayne Johnson လေ့ကျင့်ခန်းမဆင်းတဲ့နေ့မို့လို့ပါပဲ။ ပုံမှန်ရက်တွေဆိုရင် သူက အရုဏ်မတက်ခင် အိပ်ရာကထပြီး သံမဏိနံဗွာန်လို့ သူက ခေါ်လေ့ရှိတဲ့ အားကစားရုံထဲမှာ ပေါင်ချိန်လေးသောင်းခွဲလောက်ရှိတဲ့ ပစ္စည်းကိရိယာတွေနဲ့ လေ့ကျင့်ခန်းယူနေကျပါ။ ဒါပေမဲ့ ဒီကနေ့တော့ သူက Sam Cooke ဆိုတဲ့ နာမည်လွှဲနဲ့ ငှားရမ်းထားတဲ့ Beverly Hills ဟိုတယ်ရဲ့ အခန်းကျယ်တစ်ခုမှာ မနက်ခြောက်နာရီထိုးတဲ့အထိ အိပ်နေခဲ့ပါတယ်။ Dwayne Johnson က အိပ်ရာထ၊ သတင်းစာထိုင်ဖတ်နေချိန်မှာ သူ့ရဲ့ ရေရှည်လက်တွဲဖော် Lauren Hashian က ဂရန်နိုးလာ ကွေကာအုပ်တစ်ခွက်ကို နံနက်စာအဖြစ် မြိန်ရေရှက်ရေ စားသောက်နေပါတယ်။ ပုံမှန်အတိုင်းမဟုတ်ဘဲ Dwayne Johnson အပျင်းထူနေတဲ့အကြောင်းရင်းကတော့


www.burmeseclassic.com

www.burmeseclassic.com

သူနဲ့ Hashian တို့ရဲ့ နှစ်နှစ်အရွယ် သမီးလေး Jasmine အတွက် အဖော်ဖြစ်စေမယ့် ဒုတိယမြောက် ရင်သွေးရတနာလေးကို မကြာခင်သီတင်းပတ်အတွင်း မွေးဖွားမြင်ရတော့မှာကြောင့်ပါပဲ။ "ကျွန်မတို့တော့ မိသားစုဝင် တိုးတော့မယ်" လို့ Hashian က သူ့ဗိုက်ပူပူကို ပွတ်သပ်ရင်း ပြောလာတယ်။ Johnson ကလည်း "သိပ်နောက်မကျသေးခင် ရလိုက်တာပဲ" လို့ ဆိုလာတယ်။ Johnson က BLOOD SWEAT RESPECT လို့ စာတန်းထိုးထားတဲ့ တီရှပ်တစ်ထည် ဝတ်ထားတာ။ အစတုန်းကတော့ လာမယ့် နွေဦးပေါက်ရာသီရောက်ရင် ဟာဝိုင်ယီမှာ မင်္ဂလာဆောင်ကြဖို့ နှစ်ယောက်သား စီစဉ်ထားတာလို့ Johnson က ပြောပြပါတယ်။ "ဒါပေမဲ့ သူက ကိုယ်ဝန်ဆောင်လိုက်ရတယ်လေ။ မာမာက မင်္ဂလာဆောင် ဓာတ်ပုံတွေမှာ ဗိုက်ပူပူနဲ့ မဖြစ်ချင်ဘူး။ မာမာက လှချင်နေတာ"။ တကယ်တော့ သူတို့က ရင်သွေးတစ်ယောက် ထပ်ယူဖို့ စိတ်မကူးခဲ့ကြသေးပါဘူး။ "ဒါပေမဲ့ သူ့ဆီက ကိုယ်ဝန်ဆောင် ဆေးစစ်မှတ်တမ်း(ဓာတ်ပုံ)နဲ့ ကျွန်တော့်ဆီကို မက်ဆေ့ချ်ပို့လာတယ်။ ကျွန်တော်လည်း သူ့ကိုကြည့်ပြီး "မှန်းစမ်း၊ မင်း ကိုယ်ဝန်ဆောင်ထားပြီပေါ့၊ ရင်သွေးလေး မင်းဗိုက်ထဲမှာပေါ့" လို့ပဲ ပြောလိုက်နိုင်တော့တယ်"။ Johnson က Hashian ကို စ,ရင်းနောက်ရင်း ပြောလာတာပါ။

"သူက ကျွန်မကို မျက်ခုံးကြီးချီပြီးတော့ပဲ ကြည့်လာတာ"။ Hashian ကလည်း ပြောပြလာတယ်။ "ဟူး… ကလေးနောက်တစ်ယောက်ပေါ့လို့ ပြောလာတယ်"။

Hashian ဆီက သတင်းကြောင့် စိတ်လှုပ်ရှားခဲ့ရတယ်လို့ Johnson က ပြောလာပါတယ်။ "သမီးကြီး Simone ကို ကျွန်တော့်အသက် ၂၉ နှစ်မှာ ရခဲ့တာ"။ Simone က Johnson ရဲ့ ပထမ အိမ်ထောင်ဖက် Dany Garcia နဲ့ ရတာဖြစ်ပြီး အခုဆို အသက် ၁၆ နှစ်ရှိပါပြီ။



၁၉၉၉ ခုနှစ်က ကြိုးဝိုင်းအတွင်းတွင်…

Garcia က Johnson ရဲ့ မန်နေဂျာအဖြစ် လက်ရှိအလုပ်လုပ်နေသူပါ။ (သူတို့ဆက်ဆံရေးက အဆင်ပြေပါတယ်) "လူတွေက အသက်အရွယ် မရမချင်း ရင့်ကျက်မလာကြသေးဘူးလေ။ အဲဒီတော့ လေးဆယ်တန်းထဲ ရောက်ခါမှ ကလေးတစ်ယောက် ရတာဟာ ကောင်းတာပါပဲ"။ အသက် ၄၅ နှစ်အရွယ်ရှိပြီဖြစ်တဲ့ Johnson က ခပ်ပြုံးပြုံးနဲ့ ဆက်ပြောလာတယ်။ "အသက်ဂဏန်း အမှန်အတိုင်း ပြောရတာထက် လေးဆယ်တန်းလို့ ပြောရတာက ပိုကောင်းတယ်"။

ရင်သွေးငယ်လေးအတွက် နာမည်ကို Tia လို့ပေးဖို့ စဉ်းစားထားကြောင်း Hashian က ပြောပြပါတယ်။ "နာမည်လေးက ရိုးတယ်၊ ပိုလီနီးရှန်းဆန်တယ်လေ။ သူက Tia ဆိုတဲ့ နာမည်နဲ့လိုက်အောင် မင်းသမီးလေးတစ်ပါးလို မွေးဖွားလာရမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့နှစ်ယောက်က ဆန့်ကျင်ဘက်တွေချည်းပဲမို့လို့လေ"။ Hashian က ချော့မော့လှပသလောက် Johnson က အသားညိုညိုနဲ့ အဆမတန် ထွားကျိုင်းတဲ့သူ ဖြစ်နေလို့ပါ။ Tia ဆိုတဲ့ နာမည်ကို သဘောကျတယ်လို့ စာရေးသူက ပြောပြလိုက်ပါတယ်။

"ဟုတ်လား"။ Johnson က ပီတိဖြစ်တဲ့လေသံနဲ့ ဝင်ပြောလာတယ်။ "ကျေးဇူးပဲ။ ဒီနာမည်ကို ခင်ဗျားက စတုတ္ထမြောက် ကြားရသူပါ။ ရယ်ဖို့တော့ ကောင်းတယ်။ (Disney ရဲ့ **Jungle Cruise** ဇာတ်ကားမှာ) ကျွန်တော်နဲ့တွဲပြီး သရုပ်ဆောင်ရမယ့် မင်းသမီး Emily Blunt နဲ့အတူ ညစာစား ဖြစ်ကြတယ်လေ။ Tia ဆိုတဲ့နာမည်ကိုဘယ်လိုသဘောရလဲလို့ သူ့ကိုမေးတော့ သူက "Tia Johnson ကို ဘယ်သူကမှ ဒုက္ခပေးနိုင်မှာ မဟုတ်ဘူး" လို့ ပြောတယ်လေ"။

အထူးသဖြင့် သူ့ဖခင်က သီးနှံကြိတ်ခွဲစက်လောက် ကြီးမားထွားကျိုင်းတဲ့ Dwayne Johnson ဖြစ်နေလို့ပါပဲ။ သူငယ်ငယ်တုန်းက အထက်တန်းကျောင်းမှာ တခြားကျောင်းသားတွေက သူ့ကို ကျောင်းသားအသွင်ယူထားတဲ့ ရဲတစ်ယောက်လို့တောင် ထင်ကြတာပါ။ **Rampage** အမည်ရဇာတ်ကားတွေပါအဝင်




www.burmeseclassic.com

Johnson နဲ့ ဇာတ်ကားသုံးကား ရိုက်ကူးခဲ့ဖူးတဲ့ ဒါရိုက်တာ Brad Peyton က Johnson ကို ပထမဆုံး စ,တွေ့ချိန်မှာ သူက **Fast & Furious** ဇာတ်ကားတွဲထဲက ဇာတ်ကောင် Hobbs လို ဝတ်ထားတယ်လို့ဆိုတယ်။ 'ဘုရားသခင်၊ ဒီလူက ကြောက်စရာကောင်းလောက်အောင် ထွားကျိုင်းလွန်းတယ်'။ Peyton က ဆက်ပြောပြပါတယ်။ 'သူ့အကြည့်က ကြောက်စရာကောင်းလွန်းလို့ ကျွန်တော်ဖြင့် ကျောတောင်ချမ်းတယ်။ သူ့ကိုကြည့်ပြီး ကြောက်တဲ့စိတ်က ဆယ့်ငါးမိနစ်လောက်နေမှ ပြေတော့တယ်'။

ဒါပေမဲ့ Johnson က ဝမ်းဗိုက်ကို လက်နဲ့ပွတ်သပ်ခံတဲ့ ဝက်ဝံလိမ္မာလေးတစ်ကောင်လိုလည်း နူးညံ့သိမ်မွေ့တဲ့ စိတ်ထားရှိသူပါ။ ဟိုတယ်စားသောက်ဆိုင်ဘက်ကို စာရေးသူနဲ့အတူ ပြန်ရောက်ချိန်မှာ မန်နေဂျာတစ်ယောက်က


မိခင်ဖြစ်သူ Ata နှင့်...


ဖခင်ဖြစ်သူ **Rocky Johson** မှာ နပမ်းသမားတစ်ဦးဖြစ်သည်


ညက အဖြစ်အပျက်အတွက် တောင်းပန်စကားဆိုလာတယ်။ Johnson က အေးအေးဆေးဆေးပဲ အဆင်ပြေပါတယ်လို့သာ ပြောခဲ့ပါတယ်။ ဖြစ်ပုံက မနေ့ညနှစ်နာရီလောက်မှ ဟိုတယ်ကို သူပြန်ရောက်တာ။ Hashian က အိပ်မပျော်သေးဘူး။ ခုတင်ဘေးက လေအေးပေးစက်သံက အသံတွေဆူနေတာကြောင့်ပါ။ 'လေအေးပေးစက်ပိတ်လိုက်ပြီး နားဆို့စရာ တောင်းလိုက်တယ်။ စက်ပြင်တွေ ရောက်လာကြတယ်။ နောက်ဆုံးတော့ မနက်သုံးနာရီလောက်မှာ ကျွန်တော်တို့ကို အခန်းပြောင်းပေးလိုက်ရတယ်လေ'။

Johnson က ဟောလိဝုဒ်မှာ အကျိုးအမြတ်အများဆုံး၊ အောင်မြင်မှုအရှိဆုံး ဇာတ်ကားတွေနဲ့ အောင်မြင်ကျော်ကြားသူလည်း ဖြစ်ပါတယ်။ မကြာသေးခင်က ထုတ်ဝေခဲ့တဲ့ Wall Street ဂျာနယ်တစ်စောင်မှာ သူ့ရဲ့ ဇာတ်ကားသစ်အတွက် သရုပ်ဆောင်ကြေးက အမေရိကန် ဒေါ်လာ ၂၂ သန်းလောက်ရှိမယ်လို့ ဖော်ပြခဲ့ပါတယ်။ Johnson နဲ့ နီးစပ်သူတစ်ဦးကတော့ ဒီ့ထက်မကဘူးလို့ ဆိုပါတယ်။ ဘာပဲဖြစ်ဖြစ် သူ့သရုပ်ဆောင်ကြေးက သန်းနှစ်ဆယ်အထက်မှာတော့ သေချာပါတယ်။ ပြီးခဲ့တဲ့နှစ်က ရုံတင်ပြသခဲ့တဲ့ **Jumanji** ဇာတ်ကားတွဲရဲ့ ကမ္ဘာ့အရပ်ရပ်ဝင်ငွေက အမေရိကန်ဒေါ်လာ သန်းတစ်ထောင့်နီးပါး ရှိတာလေ။

Johnson ရဲ့ ဇာတ်ကားခြောက်ကားအထိ ထုတ်လုပ်သူအဖြစ် တာဝန်ယူခဲ့ရတဲ့ Beau Flynn က 'Dwayne ကို အဲဒီလောက်အများကြီး ပေးရတာတောင်မှ တန်တုန်းပဲ' လို့ ဆိုပါတယ်။

**Rampage** ဇာတ်ကားမှာ Johnson နဲ့ တွဲဖက်သရုပ်ဆောင်ရသူ Jeffery Dean Morgan ကတော့ 'သူက သဘာဝတရားရဲ့လူထွားကြီးတစ်ယောက်ပဲ' လို့ ဆိုပါတယ်။ 'ရုပ်ရှင်ကိုလည်း လတိုင်းရိုက်ရတယ်။ **Rampage** ဇာတ်ကားရိုက်နေရင်းနဲ့ SNL(Saturday Night Live) ရုပ်/သံအစီအစဉ်မှာ သွားသရုပ်ဆောင်ပေးသေးတယ်။ Apple အတွက်လည်း ကြော်ငြာ ရိုက်ပေးရတယ်။ သမ္မတရွေးကောက်ပွဲဝင်ဖို့ရာတွေရော၊ တခြားအလုပ်တွေရော စုံနေတာပဲ။ မနက်တိုင်း သုံးနာရီခွဲ အိပ်ရာက ထ,ပြီး လေ့ကျင့်ခန်းလုပ်တယ်။ ရိုက်ကွင်းကိုလည်း အမြဲပဲ အချိန်မီရောက်တယ်။ သူဘယ်လိုလုပ်တယ် မပြောတတ်ဘူး။ ပြီးတော့ သူက မိသားစုကို ခင်တွယ်တဲ့လူ။ အလုပ်တွေ ဒီလောက်များလှတဲ့ကြားထဲက သားသမီးတွေကို ပျိုးထောင်စောင့်ရှောက်ပြီး ပျော်ရွှင်စရာအိမ်ထောင်ရေးကိုလည်း ထိန်းထားနိုင်တယ်။ ကျွန်တော်ဖြင့် သူ့ကို မနာလိုတောင်ဖြစ်တယ်'။

Johnson က ကောလိပ်ကျောင်းသား ဘဝမှာ မိုင်ယာမီတက္ကသိုလ် ဘောလုံးအသင်းကနေ ဝင်ကစားပေးခဲ့ပါတယ်။ သူက ကျောင်းမှာ ပြစ်မှုဗေဒ အဓိကဘာသာရပ်နဲ့ တက်ခဲ့တာပါ။ အက်ဖ်ဘီအိုင်စုံထောက်တို့၊ စီအိုင်အေ အေးဂျင့်တို့ ဖြစ်ချင်ခဲ့တာပါ။ ဒါမှ လူဆိုးတွေကို နှိမ်နင်းနိုင်မှာလေ။ နောက်တော့ ရုပ်ရှင်ပိတ်ကားတွေပေါ်မှာ ပင်လယ်ကမ်းခြေက အသက်ကယ်သမား အဖြစ်နဲ့ရော အမေရိကန်အထူးတပ်ဖွဲ့ဝင်



မိုင်ယာမီတက္ကသိုလ်တွင် ဘောလုံးကစားနေစဉ်



www.burmeseclassic.com

www.burmeseclassic.com

အဖြစ်နဲ့ပါ သရုပ်ဆောင်ပေးခဲ့ပါတယ်။ San Andreas အမည်ရ ၂၀၁၅ ခုနှစ် ထုတ် ဇာတ်ကားမှာ သူက ထိတ်လန့်စရာ ငလျင်ဘေးအန္တရာယ်ကနေ သမီးဖြစ်သူကို ကယ်တင်ဖို့ကြိုးစားတဲ့ လော့စ်အိန်ဂျလိစ် မီးသတ်နဲ့ ကယ်ဆယ်ရေးတပ်ဖွဲ့က ရဟတ်ယာဉ်မှူးတစ်ယောက်အဖြစ် ပါဝင်သရုပ်ဆောင်ပေးခဲ့ပါတယ်။ ဇာတ်ကားထုတ်လုပ်သူ Beau Flynn က အွန်လိုင်းပေါ်မှာရေးထားတဲ့ မှတ်ချက်တစ်ခုကို သဘောကျမိကြောင်း ပြောပြလာတယ်။ 'ဒီရုပ်ရှင်က အရမ်းကိုသဘာဝမကျပါ။ Dwayne က ကမ္ဘာမြေရဲ့ အလယ်ဗဟိုကိုသွားပြီး ငလျင်မလှုပ်အောင် ကိုင်ပေးထားရမှာ' လို့ ရေးထားတာပါ။

Johnson က သူသရုပ်ဆောင်ရတဲ့ ဗလကောင်းကောင်း၊ သဘောထားကြီးကြီး၊ ခြောက်ပြစ်ကင်းမဟုတ်ပေမဲ့ စိတ်ထားကောင်းပြီး အကဲဆတ်သလောက် ပြုံးကြဲလွယ်သူ၊ ကျွမ်းကျင်မှုမြင့်မားတဲ့ ဘာမထီယောကျ်ားကောင်းတစ်ယောက် ဇာတ်ကောင်စရိုက်တွေထဲက ချစ်စရာကောင်းတဲ့ အချက်တစ်ချက်ကိုရအောင် ရှာဖွေနိုင်သူဖြစ်ပါတယ်။ 'စိတ်ကျရောဂါ ခံစားနေရလို့ အရူးတစ်ယောက်လိုဖြစ်နေတဲ့ ဇာတ်ကောင်စရိုက်မျိုးနဲ့ ကျွန်တော့်ကို ဘယ်သူမှမြင်ရမှာ မဟုတ်ပါဘူး'။ Johnson က ဆက်ပြောလာတယ်။ 'ကျွန်တော့်မှာ ကျွန်တော် သဘောကျတဲ့ မိတ်ဆွေတွေ ရှိတယ်။ အော်စကာ ဆုရတွေပေါ့။ သူတို့က တစ်ခါတစ်ရံမှာ ကိုယ့်လုပ်ချက်က နည်းနည်းများသွားတာကို သူများတွေမသိပေမဲ့ ကိုယ့်ဘာသာသိတယ် ဆိုတဲ့ အတွေးမျိုးနဲ့ ကျွန်တော်တို့လုပ်ပြထားတာတွေကို ချဉ်းကပ်ကြည့်ကြတာလေ။ တကယ်ကောင်းတဲ့အတွေးပဲ။ ဒါပေမဲ့ ကျွန်တော့်မှာ ကျွန်တော့်အတွက်လုပ်ရမယ့် တခြားဟာတွေလည်းရှိသေးတယ်။ ကျွန်တော်က ပရိသတ်ကို ဂရုစိုက်ရမယ်လေ။ ခင်ဗျားကိုရောပေါ့။ ခင်ဗျားတို့က ပင်ပင်ပန်းပန်း ရှာထားရတဲ့ငွေပေးပြီး ကြည့်ကြရတာမဟုတ်လား။ ကျွန်တော်က ခပ်ညံ့ညံ့တွေ လုပ်မပြချင်ဘူးလေ။ နည်းနည်းပါးပါးတော့ ပါရင်ပါသွားမှာပေါ့။ ဒါပေမဲ့ အဲဒီလိုပါသွားရင်လည်း ကျွန်တော်တို့အတူတူ ဖြတ်သန်းကျော်လွှားကြမှာပေါ့'။

Johnson က နယ်န်းသမားဘဝမှာလည်း နိုင်ငံအနှံ့က အားကစားရုံတွေ၊ အားကစားကွင်းတွေဆီ ရောက်ခဲ့ဖူးသူပါ။ လူတွေက သူတို့ရဲ့ သူ့ရဲ့ကောင်းတွေဆီကနေ ဘာတွေကို မျှော်လင့်တတ်ကြတယ်ဆိုတာကို နပန်းသမားဘဝမှာ သူသိလာခဲ့ရတယ်။ 'ကင်တပ်ကီပြည်နယ် Paducah မြို့ကနေ ကယ်လီဖိုးနီးယားပြည်နယ် Bakersfield မြို့အထိ ရောက်ခဲ့သမျှမြို့တွေတိုင်းမှာ နံပါတ်တစ် ရည်မှန်းချက်က ပရိသတ်ကို အလေးထားဖို့ပါပဲ။ ဒီကနေ ကျွန်တော် လုပ်သမျှတိုင်းမှာလည်း အဲဒီအချက်ကို ခင်ဗျားတွေ့ရမှာပါ။ ပရိသတ်ကို ဘယ်တော့မှ စိတ်မချမ်းမမြေ့နဲ့ အိမ်မပြန်ရပါစေနဲ့' လို့ Johnson က ပြောပြပါတယ်။

ဒီအချက်ကို **Rampage** ဇာတ်ကား ရိုက်ကူးစဉ်မှာ ကြုံကြိုက်ခဲ့ရပါတယ်။ ဒါပေမဲ့ ဒီအကြောင်းပြောမယ်ဆိုရင် ဇာတ်သိမ်းခန်းအကြောင်း ထည့်ပြောမှဖြစ်မှာပါ။ **Rampage** မှာ Johnson က အထူးတပ်ဖွဲ့စစ်သည်ဘဝကနေ တရားမဝင် အမဲလိုက်မှုတိုက်ဖျက်ရေး ကွန်မန်ဒိုတစ်ယောက်ဖြစ်လာပြီး လက်ရှိမှာ ပရိုင်းမိတ်ခေါ် ကမ္ဘာဦးလူသားတွေအကြောင်း လေ့လာသူ ပညာရှင် Davis Okoye အဖြစ် သရုပ်ဆောင်ရပါတယ်။ သူ့အချစ်ရဆုံးလည်းဖြစ်၊ အကောင်းဆုံး မိတ်ဆွေလည်းဖြစ်တဲ့ George အမည်ရ ဂေါ်ရီလာ မျောက်ဝံကြီးက မသမာသူအဖွဲ့အစည်းတစ်ရပ်ရဲ့ မျိုးရိုးဗီဇပြောင်းလဲမှု စမ်းသပ်တာခံရပြီး ပေလေးဆယ်လောက်မြင့်မားတဲ့ သတ္တဝါကြီးတစ်ကောင်ဖြစ်လာကာ ချီကာဂိုတစ်မြို့လုံးကို ဖျက်ဆီးဖို့ဖြစ်လာတယ်။ မျိုးရိုးဗီဇပြောင်းခံရတဲ့အထဲမှာ မိကျောင်းကြီးတစ်ကောင်နဲ့ ဧရာမ ဝံပုလွေပျံကြီး



## KING OF THE BOX OFFICE

Johnson is Hollywood's most bankable star – just look at the worldwide grosses for his movies



'FAST & THE FURIOUS' FRANCHISE
*(Fast Five, Fast & Furious 6, Furious 7, Fate of the Furious)* UNIVERSAL

**$4.2 billion**



JUMANJI: WELCOME TO THE JUNGLE SONY

**$943.6 million**

MOANA BUENA VISTA

**$643.3 million**



SAN ANDREAS WARNER BROS.

**$473.9 million**



GET SMART WARNER BROS.

**$230.7 million**

SOURCE: BOXOFFICEMOJO.COM



www.burmeseclassic.com

www.burmeseclassic.com

တစ်ကောင်လည်းပါတယ်။ George နဲ့ ပြန်ဆုံတွေ့ချိန်မှာ Davis က George ကို စိတ်ကောင်းပြန်ဝင်အောင် သတိပေးနိုင်ခဲ့ပြီး ကမ္ဘာကိုဖျက်ဆီးမယ့် မိကျောင်းကြီးနဲ့ ဝံပုလွေဖျံတို့အန္တရာယ်ကို နှစ်ယောက်သား လက်တွဲရင်ဆိုင်ကြတယ်။ 'ဇာတ်ညွှန်းရောက်လာတော့ ဖတ်ကြည့်တယ်'။ Johnson က ပြန်ပြောပြလာပါတယ်။ 'အဆုံးမှာ George သေတယ်ပေါ့။ မဟုတ်သေးဘူး။ ငါများ တစ်ခုခု လွဲနေသလားလို့တောင် ကိုယ့်ကိုယ်ကို မေးဖြစ်မိတယ်။ George သေလို့မရဘူးလေ။ ကျွန်တော် ပြန်ဖတ်ကြည့်တယ်။ ဟုတ်တယ်၊ George က သေရမှာပဲ'။

ဇာတ်သိမ်းခန်းက သူရယ်၊ ထုတ်လုပ်သူတွေနဲ့ ဒါရိုက်တာရယ်ကြားမှာ ထိပ်ဆုံးက ဆွေးနွေးရမယ့် အကြောင်းအရာဖြစ်လာတယ်လို့ Johnson က ပြောပြပါတယ်။ 'ကျွန်တော်က စိတ်မကောင်းစရာတွေနဲ့ ဇာတ်သိမ်းတာ မကြိုက်ဘူး။ အဲဒါကြီးကို ရှင်သန်နေထိုင်မှုဘဝက ယူလာတာလေ။ ကျွန်တော့်ဇာတ်ကားတွေထဲမှာတော့ မပါစေချင်ပါဘူး။ ဇာတ်ကားပြီးလို့ စာတန်းထိုးတွေ တက်လာချိန်မှာ ကျွန်တော်စိတ်ချမ်းသာနေချင်တယ်'။ Johnson ရဲ့ စကားက ကုမ္ပဏီအထက်အဆင့်ဆင့် အထိရောက်သွားပြီး George ဘာကြောင့် သေရမယ်ဆိုတဲ့ ဆင်ခြေအမျိုးမျိုးကို သူတို့က ရှင်းပြလာကြတယ်။ 'သူ့အသက်ကို စတေးပြီး ကမ္ဘာကြီးကို ကယ်တင်လိုက်တယ်ပေါ့။ လူသားမျိုးနွယ်ကို ဒုက္ခပေးဖို့ မကောင်းတဲ့ ကြံရွယ်ချက်ရှိတဲ့ တိရစ္ဆာန်တွေကို သုတ်သင်ရင်း သူ့အသက်ကို စွန့်လွှတ်လိုက်ရတယ်ပေါ့လေ။ ရဲရင့်တဲ့စစ်သည်တော်တစ်ယောက်လို သူ့အသက်ကိုပေးလှူသွားတာ။ အိုကေ၊ ဟုတ်ပါပြီ။ ဒါပေမဲ့ ဒါက ရုပ်ရှင်လေ။ မိကျောင်းကြီးအရွယ်အစားက ဘောလုံးကွင်းတစ်ကွင်းစာလောက် ရှိတယ်လို့ပြထားတာ။ ကျွန်တော်တို့က **Saving Private Ryan** ဇာတ်ကား ရိုက်နေတာ မဟုတ်ဘူးလေ'။

'Dwayne က ဒီလိုမျိုး ဝင်ပြောခဲ့ပေမဲ့ ဒီတစ်ကြိမ်မှာတော့ သူက နည်းနည်းမှ မလျှော့ဘူး'။ ထုတ်လုပ်သူ Beau Flynn က ပြောပြလာတာပါ။ 'ဒီအကြောင်း အပြန်ပြန် ဆွေးနွေးလိုက်ကြတာ နှစ်လလောက်ကြာသွားတယ်'။

Johnson ကတော့ Grorge အတွက် သက်သက်ပြောတာ မဟုတ်ဘူးလို့ ဆိုပါတယ်။ 'ကျွန်တော့်ပြဿနာက တစ်ကမ္ဘာလုံးမှာ ကိုယ့်ပရိသတ်တွေ ရှိနေတာပါ။ ကျွန်တော့်ဇာတ်ကားကို လာကြည့်ရင် စိတ်ချမ်းသာသွားရမယ်ဆိုတဲ့ ယုံကြည်မှုကို ပရိသတ်နဲ့ ကျွန်တော့်ကြားမှာ နှစ်တွေနဲ့ချီပြီး တည်ဆောက်ထားခဲ့ရတာပါ။ အခုတော့ ဒီအချက်ကို ချက်ချင်းလက်ငင်းကြီး ဘေးချိတ်လိုက်ရမလိုဖြစ်နေပြီ။ တခြားသရုပ်ဆောင်တစ်ယောက် ရှာရင်လည်းရှာ၊ တစ်ခုခု အပြောင်းအလဲ စဉ်းစားရင်လည်း စဉ်းစား၊ မဟုတ်ရင်တော့ ကျွန်တော် ဒီကားကို မရိုက်တော့ဘူးလို့ ပြောလိုက်တယ်'။

နောက်ဆုံးမှာ နှစ်ဖက်စလုံး အဆင်ပြေမယ့် နည်းလမ်းတစ်ခု ရလာတယ်။ ဒါပေမဲ့ Johnson မှာ ထူးခြားတဲ့ပင်ကို အသိရှိတယ်ဆိုတာ လူတိုင်းလက်ခံသွားကြရတယ်။ 'သူက ပရိသတ်ကို နားလည်သလို ပရိသတ်နဲ့ သူ့ရဲ့ဆက်ဆံရေးကိုလည်း တခြားသူတွေထက်ပိုပြီး နားလည်တယ်'လို့ Peyton က ပြောပြပါတယ်။

'ဒါက Dwayne ရဲ့ ပါရမီပဲ'လို့လည်း Flynn က ဆိုပါတယ်။ 'ပရိသတ်နဲ့အတူ ခံစားကြည့်လိုက်တဲ့အခါမှာလည်း သူက ရာနှုန်းပြည့်မှန်တယ်ဆိုတာ တွေ့လိုက်ရတယ်'။

Johnson ရဲ့ ထူးခြားထင်ရှားတဲ့ အရည်အချင်းကောင်းတစ်ရပ်က ဖခင်ကောင်းတစ်ယောက်ဖြစ်တာပါပဲ။ သူက ဖခင်တစ်ယောက်ဘဝမှာ သင်ယူခဲ့ရတာတွေ အများကြီးရှိတယ်လို့ ဆိုပါတယ်။ အထူးသဖြင့် သမီးမိန်းကလေးတွေရဲ့ ဖခင်ဘဝမှာပေါ့။ စာနာတတ်တာ၊ ဆတ်ဆတ်ထိ မခံတာ၊ သူများပြောတာကို နားထောင်နိုင်စွမ်းရှိတာ စ,တာတွေပါ။ 'လူတွေရဲ့ အသက်တွေကို ကယ်တင်ရတဲ့ အလုပ်ထက် ကျွန်တော် ပိုပြီး ချစ်ရတဲ့တစ်ခုတည်းသောအရာက ကျွန်တော့်သမီးလေးပါပဲ'လို့ သူကဆိုပါတယ်။

သူ့ဖခင် 'Soulman' Rocky Johnson ကလည်း နပန်းသမားတစ်ဦးပါ။ WWF ချန်ပီယံဆု ရခဲ့ဖူးသူဖြစ်ပါတယ်။ ချန်ပီယံမဖြစ်ခင် အသက် ၁၃ နှစ်အရွယ်မှာ အိမ်က နှင်ထုတ်ခံရပြီး လမ်းမထက်မှာ ကျင်လည်ခဲ့ရသူပါ။ 'ဖေဖေက အကြမ်းပတမ်းသမား'လို့ သူက ပြောပြပါတယ်။ Johnson အသက် နှစ်နှစ်လောက်အရွယ်တုန်းက ကလေးရေကူးကန်ထဲ ရေဖြည့်နေတဲ့ ဖခင်ဖြစ်သူက လှမ်းခေါ်လို့ သူ့အနားကို သွားရာမှာ ရေကန်ထဲ တွန်းချခံခဲ့ရကြောင်း Johnson က ရယ်ရယ်မောမောနဲ့ ပြောပြပါတယ်(အခုအချိန်မှာလည်း သားအဖနှစ်ယောက်အကြား ရင်းရင်းနှီးနှီးရှိပြီး တင်ပါးဆုံ ခွဲစိတ်ကုသမှု ခံယူထားရတဲ့ ဖခင်အတွက် Johnson က Cadillac ကားတစ်စီး လက်ဆောင်ဝယ်ပေးခဲ့ပါသေးတယ်)။

နပန်းသမားတို့ ထုံးစံအတိုင်း နေရာအတည်တကျ နေလေ့မရှိတဲ့ သူတို့မိသားစုဟာ Memphis နဲ့ Allentown အပါအဝင် တစ်မြို့ပြီးတစ်မြို့ လှည့်လည် နေထိုင်ခဲ့ကြရလို့ Johnson ရဲ့ ငယ်ဘဝကျောင်းပညာရေးဟာ အဆင်မပြေလှပါဘူး။ Johnson သူငယ်တန်းတက်ချိန်မှာ ပြည်နယ်ငါးခုမှာ နေထိုင်ခဲ့ဖူးနေပြီဖြစ်ပြီး အထက်တန်းကျောင်းပြီးချိန်မှာ ပြည်နယ် ၁၃ ခုအထိ လှည့်လည်နေထိုင်ခဲ့ဖူးပြီဖြစ်ပါတယ်။ သူ့အသက် ၁၂ နှစ်အရွယ်မှာ မိခင်ဘက်က ဆွေမျိုးတွေ နေထိုင်ရာ ဟာဝိုင်ယီကို ပြောင်းရွှေ့နေထိုင်ကြတယ်။ ဟာဝိုင်ယီမှာ မိသားစု အခက်အခဲတွေစ,လာပြီ။ သူ့ဖခင်က အလုပ်သိပ်မရတော့ဘူး။ မိသားစုတစ်စု ရုန်းကန်လာကြရတယ်။ ဆင်းရဲဒဏ်ကို မခံနိုင်တဲ့အဆုံးမှာ ခိုးတတ်၊ ဝှက်တတ်လာတယ်။ အဖမ်းအဆီးခံရတယ်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ဦးတည်းသောသားဖြစ်တဲ့အတွက် သူ့ခံစားချက်တွေကို ရင်ဖွင့်ပြရမယ့်လူ မရှိခဲ့ပါဘူး။

Johnson က စိတ်ကျရောဂါဖိစီးမှုကြောင့် စိတ်ကုထုံးနဲ့ ကုသမှုတွေခံယူခဲ့ရဖူးကြောင်းလည်း ပြောပြပါတယ်။ ပထမဆုံးအကြိမ်က သူ့ရဲ့အိမ်ထောင်ကွာရှင်းရတဲ့အချိန်မှာ ဖြစ်ပါတယ်။ ၂၀၀၈၊ ၂၀၀၉ ခုနှစ် ဝန်းကျင်လောက်မှာ စိတ်ညစ်စရာတွေအများကြီး ကြုံတွေ့နေရချိန်မှာ ဖခင်ကောင်းတစ်ယောက်ဖြစ်လိုတဲ့စိတ်လည်း ရှိနေတဲ့ Johnson အတွက် စိတ်ဖိစီးမှုတွေ များခဲ့ရတာဖြစ်ပါတယ်။

ဟောလိဝုဒ်လောထဲကို Johnson ဝင်ရောက်ချိန်မှာ ပရိသတ်တွေ သတိထားမိခဲ့ကြတယ်။ ၂၀၀၂ ခုနှစ်ထုတ် **The Scorpion King** ဇာတ်ကားအတွက် သရုပ်ဆောင်ကြေး အမေရိကန် ဒေါ်လာ ၄ သန်းရခဲ့ပါတယ်။ ဒါပေမဲ့ ကလေးကြိုက်ဇာတ်ကားတွေချည်း ရိုက်ရတာကို သူက မလိုလားဘူး။ နပန်းလောကဘက်ကိုလည်း မပြန်ချင်ဘူး။ အရှုံးနဲ့ မပြန်ချင်ဘူးလေ။

Johnson က သူ့ရဲ့ အေးဂျင့်တွေကို အစည်းအဝေးခေါ်ပြီး သူ့စိတ်ကူးကို ချပြတယ်။ သူက မင်းသား Will Smith လို ဖြစ်ချင်တာ။ လူကောင်ကြီးတာပဲ ကွာရင်ကွာတယ်ပေါ့။ 'ဒါက ဘာအဓိပ္ပာယ်လဲဆိုတာ ကျွန်တော်မသိပေမဲ့ အဲဒါကို ကျွန်တော်မြင်နေတယ်။ ကျွန်တော် မြင်သလို လူတိုင်းလည်းမြင်ဖို့ လိုတယ်' လို့ Johnson က ပြောပြလာတယ်။ အဲဒီတုန်းကတော့ ကိုယ့်ကိုယ်ကို သတ်သေတာနဲ့ အတူတူပဲလို့ ပြောကြတဲ့ မိသားစု ပျော်ဖြေရေးဇာတ်ကားကို တတိယမြောက် ဇာတ်ကားအဖြစ် သူက ဆက်ရိုက်ချင်တာကို ပြောတာပါ။ ဒါပေမဲ့ အေးဂျင့်အဖွဲ့ ပြောင်းသွားရတယ်။ မကြာခင်မှာပဲ အေးဂျင့်အဖွဲ့အသစ်တစ်ဖွဲ့ ထပ်ရတယ်။ နောက်ဆယ်နှစ်အကြာမှာလည်း သူလုပ်ချင်တာက Will Smith လိုမျိုးဖြစ်ဖို့ပါပဲ။

နပန်းကြိုးဝိုင်းထဲကို Johnson စတင်ဝင်ရောက်ချိန်မှာ သူ့ရဲ့နာမည်ရင်းကို မသုံးခဲ့ပါဘူး။ ဆွဲဆောင်မှုမရှိတာကြောင့်လို့ ဆိုပါတယ်။ အခုတော့ သူ့နာမည်ရင်းက လက်တွေ့ကျတဲ့ ကိုယ်ပိုင်အမျိုးအစားတစ်ခု လို ဖြစ်နေပါပြီ။ Warner Bros ရုပ်ရှင်ကုမ္ပဏီရဲ့ ဥက္ကဋ္ဌ Toby Emmerich က 'Dwayne Johnson ရဲ့ ဇာတ်ကားသစ်လို့ သိလိုက်တာနဲ့ လူတွေက လာကြည့်လိုက်တော့တာပဲ' လို့ ပြောပြပါတယ်။ Warner Bros ရဲ့ နိုင်ငံတကာဈေးကွက် ရှာဖွေရေးအဖွဲ့ဥက္ကဋ္ဌ Blair Rich ကလည်း 'သူကိုယ်တိုင်ကိုက အမှတ်တံဆိပ် ဖြစ်နေတော့တာပါ' လို့ ဆိုလာပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် Johnson ကတော့ သူ့ရဲ့တိုးတက်ရေး ကြိုးပမ်းမှုတွေကို ရပ်တန့်မပစ်ခဲ့ပါဘူး။ သရုပ်ဆောင်နည်းပြတွေဆီမှာ သင်ယူတယ်။ စီးပွားရေးလုပ်ငန်းနဲ့ ဈေးကွက်ဖော်ဆောင်ရေးလုပ်ငန်းတွေအကြောင်း ဆည်းပူးလေ့လာတယ်။

'Dwayne ဟာ အားကစားသမားဘဝက လာတဲ့သူဆိုတော့ လေ့ကျင့်ရေးဝင်တာ တွန်းအားပေးတာတွေနဲ့ အသားကျပြီးသားဖြစ်တယ်။ 'ဒါရိုက်တာ Rawson Marshall Thurber က ပြောပြလာတာပါ။ သူက Johnson ရဲ့ **Central Intelligence** နဲ့ **Skyscraper** အမည်ရ ဇာတ်ကားတွေကို ရိုက်ကူးပေးခဲ့သူ ဖြစ်ပါတယ်။ 'သူက အဲဒီလိုတွန်းအားပေးတာမျိုးတွေအပေါ် ကောင်းကောင်းတုံ့ပြန်နိုင်စွမ်းရှိတယ်။ လိုအပ်လို့ အခါတစ်ရာ ပြန်ရိုက်ရလည်း သူက ပြဿနာမရှိဘူးပဲ'။

ရိုက်ကွင်းပေါ်က အောက်ခြေသိမ်းအလုပ်သမားတွေကအစ ကင်မရာအဖွဲ့သားတွေအထိ တစ်ယောက်မကျန် နာမည်အလွတ်ရနေတဲ့ Johnson ဟာ လူချစ်လူခင်ပေါများသူလည်းဖြစ်လာတယ်။ အရန်ရိုက်ကူးရေးအဖွဲ့က အဖွဲ့ဝင်တစ်ယောက်ရဲ့ ညီဖြစ်သူနဲ့တောင် ဘယ်သူကမှ မတောင်းဆိုရဘဲ ဓာတ်ပုံရိုက်ပေးခဲ့ပါသေးတယ်။ ဇာတ်ကားနှစ်ကားလောက် အတူလက်တွဲ ရိုက်ကူးပြီးနောက်မှာ Thurber က Johnson အပေါ် ပိုပြီးနားလည်လာတယ်။ သူက ရိုက်ကွင်းပေါ်မှာ သရုပ်ဆောင်ပြီးရင် ရိုက်ထားတာတွေ ပြန်မကြည့်တတ်တာ စိတ်ပျက်စရာကောင်းပေမဲ့ တစ်ခုခု စိတ်တိုင်းမကျတာရှိရင် အဖွဲ့သားအားလုံးကို ရိုက်ကွင်းအလယ်မှာ စုဝေးပြီး မကြိုက်တဲ့နေရာ ထောက်ပြ၊ ဘယ်လိုဖြေရှင်းမလဲ၊ အကြံဉာဏ်တောင်း၊ ဘယ်လိုရှေ့ဆက်မလဲ မေးတတ်တာကတော့ တကယ်ကောင်းပါတယ်လို့ Thurber က ဆိုပါတယ်။ 'သူက နာမည်ကြီးမင်းသားပဲ။ သူ့ဘာသာလမ်းလျှောက်ထွက်သွားလို့ရပေမဲ့ မသွားဘဲ အားလုံးခေါ်ပြီး ဝိုင်းစဉ်းစားခိုင်းတတ်တာ။ အဲဒီအချိန်မှာ သူ့ကို ကျွန်တော် တော်တော်လေးစားသွားခဲ့ရတယ်' လို့လည်း Thurber က ပြောပြခဲ့ပါတယ်။

၂၀၁၆ ခုနှစ်တုန်းက **The Fate of the Furious** ဇာတ်ကားရိုက်ကွင်းမှာ ပြဿနာနည်းနည်းရှိခဲ့ပါတယ်။ ရိုက်ကူးရေး နောက်ဆုံးသီတင်းပတ်အရောက်မှာ Johnson က ယုံကြည်ကိုးစားလောက်တဲ့ ယောကျ်ားကောင်းတစ်ယောက်၊ စစ်မှန်တဲ့ ပညာသည်တစ်ယောက်လို ကျင့်ကြံဖို့ ပျက်ကွက်တဲ့တွဲဖက်သရုပ်ဆောင်တွေကို အင်တာဂရမ်ပေါ်မှာ ရှုတ်ချရေးသားခဲ့ပါတယ်။ အဲဒီလူတွေရဲ့ နာမည်တွေကိုတော့ ထည့်မရေးခဲ့ပါဘူး။

Johnson ရည်ညွှန်းတဲ့လူက မင်းသား Vin Diesel ဖြစ်တယ်ဆိုတာကို သိပ်မကြာခင်မှာပဲသိလာကြရတယ်။ ရုပ်ရှင်ရုံတင်ပြချိန်မှာ အမြင်စူးရှတဲ့ပရိသတ်တွေက Vin Diesel နဲ့ Johnson တို့ နှစ်ယောက်တွဲပါဝင်တဲ့အခန်းတွေဟာ သီးခြားစီရိုက်ထားသလို ဖြစ်နေတာကို သတိပြုမိကြတယ်။ 'အဲဒါအမှန်ပဲ' လို့ Johnson က အတည်ပြုဖော်ပြခဲ့တယ်။ 'ဘယ်အခန်းမှာမှ ကျွန်တော်တို့ အတူတူတွဲပြီး သရုပ်မဆောင်ခဲ့ဘူး' လို့ သူက ဆိုတယ်။

သူတို့ချင်း သဘောထားကွဲလွဲမှု



www.burmeseclassic.com

www.burmeseclassic.com

က သရုပ်ဆောင်အတတ်ပညာအကြောင်း ဆွေးနွေးရာကနေ စ,တာကို Johnson က ပြောပါတယ်။ 'ကျွန်တော့်ရဲ့ နောက်တွဲယာဉ်ထဲမှာ နှစ်ယောက်သား မျက်နှာချင်းဆိုင် ဆွေးနွေးဖြစ်ခဲ့ကြတာပါ။ ကျွန်တော့်အထင်ပြောရရင် ရုပ်ရှင်ဇာတ်ကားတစ်ကား ဖန်တီးရာမှာနဲ့ လက်တွဲလုပ်ကိုင်ရာမှာ ဘယ်လိုချဉ်းကပ်ရမယ်ဆိုတာနဲ့ ပတ်သက်တဲ့ အခြေခံအတွေးအခေါ်ချင်း ကွဲပြားတယ်ထင်တာပါပဲ။ အဲဒီအတွက် ကျွန်တော် အချိန်ပေးစဉ်းစားခဲ့တယ်။ သူနဲ့ရှေ့ဆက်လက်တွဲလုပ်တာ မလုပ်တာအပထားလို့ ရှင်းရှင်းလင်းလင်း သိမြင်ခွင့်ရတဲ့အတွက် သူ့ကို ကျေးဇူးတင်ပါတယ်'။

ဒါဆိုရင် နဝမမြောက် Fast and Furious မှာ မပါတော့ဘူးလားလို့ မေးတဲ့အခါမှာ Johnson က 'မသေချာသေးပါဘူး'လို့ ဖြေလာတယ်။ 'လောလောဆယ်မှာ **Hobbs and Shaw** ဇာတ်ကားကိုပဲ အကောင်းဆုံးဖြစ်အောင် အာရုံစိုက်ထားပါတယ်'။ ဒီကားမှာ Johnson နဲ့ Jason Statham တို့ တွဲဖက်သရုပ်ဆောင်ထားပြီး ရှေ့နှစ်ထဲမှာ ရုံတင်ပြသမှာ ဖြစ်ပါတယ်။ 'ဒါပေမဲ့ သူ့အတွက် အားလုံးကောင်းပါစေလို့ ကျွန်တော်ဆုတောင်းပေးပါတယ်။ စိတ်ထဲမှာလည်း ဘယ်လိုမကောင်းစိတ်မှ မထားပါဘူး'။

လက်နက်ကိုင် အကြမ်းဖက်မှုကို တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ဆန့်ကျင်ဆန္ဒပြတဲ့ March for Our Lives လူထုချီတက်ပွဲကျင်းပတဲ့နေ့မှာ Johnson က အင်စတာဂရမ်ပေါ်ကနေ ချီတက်ပွဲဓာတ်ပုံတစ်ပုံတင်ပြီး သူ့ရဲ့ အင်စတာဂရမ်ပရိသတ် ၁၀၂ သန်းကျော်ဆီကို အမှာစကားပေးပို့ပါတယ်။ အခုလို လူထုလှုပ်ရှားမှုမျိုးမှာ လူငယ်တွေ ဦးဆောင်ပါဝင်လာတာဟာ ဂုဏ်ယူစရာဖြစ်ကြောင်း အပါအဝင် အားပေးစကားတွေ ရေးသားဖော်ပြခဲ့ပါတယ်။ Johnson က နိုင်ငံရေးကိစ္စတွေမှာ ပါဝင်ပတ်သက်လေ့ရှိခဲ့ပေမဲ့ ဖလော်ရီဒါပြည်နယ် Parkland မြို့မှာ ကျောင်းသား ၁၄ ယောက် ပစ်ခတ်သတ်ဖြတ်ခံရတာနဲ့ ပတ်သက်ပြီး အခုလို ပါဝင်ရေးသားခဲ့တာပါ။ Parkland ဟာ သူ့နေအိမ်နဲ့နီးပြီး ပစ်ခတ်မှုဖြစ်ပွားတဲ့နေရာကနေ နာရီဝက်လောက် ခရီးအကွာမှာရှိတဲ့ ကျောင်းတစ်ကျောင်းမှာ သမီးကြီး Simone က ကျောင်းတက်နေတာပါ။

ခေါင်းဆောင်မှုနဲ့ပတ်သက်ပြီး Johnson ရဲ့သဘောထားက စာနာတတ်ရမယ်၊ ခွဲခြားမှုမရှိဘဲ အားလုံးပါဝင်ရမယ်၊ တစ်ပါးသူတွေရဲ့အမြင်တွေကို လမ်းဖွင့်ပေးထားတတ်ရမယ်၊ ခေါင်းအေးရမယ်၊ အလျှင်စလို မတုံ့ပြန်ရဘူး စတဲ့ အချက်တွေပဲဖြစ်ပါတယ်။ ဥပမာပြောရရင် အမေရိကန်သမ္မတ ဒေါနယ်လ်ထရမ့်ပ်နဲ့ NFL ဘောလုံးသမားတွေကြားက ပြဿနာပါ။ ပွဲမစခင် နိုင်ငံတော်သီချင်းသီဆိုရာမှာ NFL ကစားသမားတွေက ဒူးထောက်ထိုင်ပြီး ဆန္ဒပြခဲ့ကြတယ်။ သူသာဆိုရင်လည်း ဒူးထောက်ဆန္ဒပြမှာပဲလို့လည်း သူကဆိုတယ်။ တကယ်တော့ ဒါဟာ ရဲတွေ ပစ်သတ်ခံရတဲ့ အာဖရိကန်- အမေရိကန်တွေအတွက် ဆန္ဒဖော်ထုတ်တာဖြစ်ပြီး အထင်လွဲမှားခံခဲ့ရတယ်လို့ Johnson က ဆိုပါတယ်။ 'သမ္မတရဲ့တုံ့ပြန်ချက်က ပတ်ဝန်းကျင်ကနေ ထွက်ပေါ်လာတဲ့ ဆူညံသံတွေ အလိုအတိုင်းထွက်ပေါ်လာခဲ့တာ ဖြစ်ပြီး ပြဿနာအစစ်အမှန် မပေါ်ခဲ့ဘူး'လို့ သူက ဆိုပါတယ်။ ဆန္ဒဖော်ထုတ်တယ်ဆိုတာ အကူအညီတောင်းတာပဲလို့လည်း သူက ပြောပြပါတယ်။ 'ကျွန်တော်တို့မှာ ဒီလိုပြဿနာတွေရှိနေပြီ။ ဒီပြဿနာတွေက နိုင်ငံတော်နဲ့ ကလေးသူငယ်တွေကို ထိခိုက်စေလိမ့်မယ်။ ခင်ဗျားရဲ့ အကူအညီကို လိုအပ်ပါတယ်လို့ လူတစ်ယောက်က နောက်လူတစ်ယောက်ကို ပြောတာပဲ။ ဘေးအန္တရာယ်ကျရောက်လာတဲ့အခါမျိုးမှာ လူတွေက အကူအညီတောင်းတတ်ကြတာပဲ။ ဘယ်မှာပဲနေနေ၊ အဆင့်အမြင့်ဆုံး တာဝန်ထမ်းဆောင်နေသူပဲဖြစ်ဖြစ် အရည်အသွေးပြည့်ဝတဲ့ လူဆိုရင် အကူအညီပေးကြမှာပဲ'။

Johnson က ထရမ့်ပ်ကို မသိပါဘူး။ လွန်ခဲ့တဲ့ ၁၅ နှစ်၊ အနှစ် ၂၀ လောက်တုန်းက Madison Square Garden မှာ ကျင်းပတဲ့ နပန်းပွဲမှာတော့ ထရမ့်ပ်နဲ့ ဆုံဖူးပါတယ်။ သူက ထရမ့်ပ်ကို မဲမပေးခဲ့ပါဘူး။ အိုဘားမားကိုတော့ နှစ်ကြိမ်မဲပေးခဲ့ဖူးတယ်လို့ ဆိုပါတယ်။ ပြီးခဲ့တဲ့နှစ်က စစ်တမ်းတစ်ရပ်မှာ ထရမ့်ပ်နဲ့ Johnson ကိုလူကြိုက်များမှု ဆန္ဒကောက်ယူကြတော့ Johnson က ထရမ့်ပ်ကို ၄၂-၃၇ နဲ့ အသာရခဲ့ပါတယ်။

ဒါပေမဲ့ Johnson က အချိန်တိုတစ်ခုအတွင်းမှာတော့ သမ္မတရွေးကောက်ပွဲဝင်ဖြစ်မှာမဟုတ်ပါဘူး။ Dwayne Johnson က အခုအချိန်မှာ သူက သမ္မတမဖြစ်နိုင်လောက်သေးဘူးဆိုတာ သိထားပါတယ်။ ဒါပေမဲ့ တစ်နေ့ကျရင်တော့ ဖြစ်ကောင်း ဖြစ်လာမှာပါ။

'နိုင်ငံရေးပဂေးတစ်ယောက်က ပြောဖူးတယ်'။ Johnson က ပြောလာတာပါ။ 'ကောင်းပြီ၊ နားထောင်။ မင်းသမ္မတဝင်ပြိုင်ချင်ပြီဆိုရင် ငါ့ဆီကို ဖုန်းကနေ မက်ဆေ့ချ်ပို့လိုက်။ ငါ အပြေးလာခဲ့မယ်။ တခြား ဘာစာသားမှမရိုက်နဲ့၊ ဟိုင်းတို့၊ နေကောင်းလားတို့ မရိုက်နဲ့။ ဒါတွေ မလိုဘူး။ ပြောတာကိုသာ ရိုက်ပို့လိုက်'လို့ သူက ပြောတာ'။

'ဘာကို ရိုက်ပို့ရမှာလဲ'

'အက်ဖ်နဲ့ စ,တာပဲ၊ ကျွန်တော် မပြောနိုင်ဘူး'

'ဖရီးဒမ်း(Freedom)လား'

Johnson ကပြုံးတယ်။ 'ဖရီးဒမ်းပက်ထရီးယော့တ်(Freedom Patriot)ပါ။ နှစ်လုံးတည်းရယ်။

၂၀၃၂ ခုနှစ်မှာ Johnson အသက်ခြောက်ဆယ်ပြည့်ပါလိမ့်မယ်။ ဖရီးဒမ်းပက်ထရီးယော့တ်(Freedom Patriot) ဆိုတဲ့ စကားလုံးကို ပရိသတ်တို့ မှတ်ထားလိုက်ကြပါလား။ ■

ရာပြည့်

***Reference: Dwayne's World***
***by Josh Eells***
***Photograph by Mark Seliger***
***Rolling Stone Magazine***
***April 29- May 3, 2018.***



www.burmeseclassic.com

www.burmeseclassic.com



ဒါရိုက်တာ ညွန့်မြန်မာ ညီညီအောင်က RV ရုပ်ရှင် ထုတ်လုပ်ရေးအတွက် မင်းခိုက်စိုးစန်နဲ့ ထက်မြက်နိုင်ဇင်တို့ရဲ့ ဝတ္ထုဇာတ်ညွှန်းကို **တိမ်ခိုမိုး** လို့ အမည်ပေးပြီး နေတိုး၊ ရွှေမှုံရတီတို့နဲ့ ရုပ်ရှင်ဇာတ်ကားရိုက်ကူးနေပါတယ်။ ဒါရိုက်တာ ညွန့်မြန်မာညီညီအောင်က 'ဒီကားကို ပထမ ဇာတ်လမ်းစိစစ်ရေးတင်တုန်းက **ဝေးသွားတဲ့အခါ** လို့ အမည်ပေးထားပေမဲ့ အခုတော့ **တိမ်ခိုမိုး** လို့ နာမည်ပြောင်းပြီး ရိုက်ဖြစ်တယ်။ **တိမ်ခိုမိုး** ဆိုတာက ကျွန်တော်တို့ သိတဲ့ မိုးဆိုတာက တိမ်မှာ သွားပြီးတော့ ခိုတယ်။ အဲဒီတော့ မိုးနဲ့ တိမ်နဲ့က တွဲစပ်နေတယ်။ တိမ်မရှိရင် မိုးလည်း ဖြစ်မလာဘူး။ မိုးရွာချပြီးရင် တိမ်လည်းပျောက်သွားတယ်။ မင်းသားနဲ့ မင်းသမီးကို တိမ်နဲ့ မိုးနဲ့ ကိုယ်စားပြုပြီးတော့ ကဗျာတွေမှာ ရေးကြတဲ့ နှစ်လွှာပေါင်းမှ တစ်ရွက် ဆိုတဲ့ စွယ်တော်ရွက်လို အဓိပ္ပာယ်ပါပဲ' လို့ ပြောပြခဲ့ပါတယ်။ ဒါရိုက်တာ ညွန့်မြန်မာ ညီညီအောင်က တစ်ခါလာလည်း ဒီအိမ်နောက်တစ်



www.burmeseclassic.com

www.burmeseclassic.com



ညွှန့်မြန်မာညီညီအောင်ရဲ့

# တိမ်ခိုမိုး

**လင်းနိုင်ဦး**


ကားရိုက်လည်း ဒီနေရာမျိုး မဖြစ်အောင် သူငယ်ချင်းတစ်ယောက်ရဲ့ အိမ်ကို အကူအညီတောင်းပြီး ဧပြီလ ၂၀ ရက်ကစလို့ အင်းစိန်လမ်းနဲ့ ပါရမီလမ်းထောင့်မှာ ရှိတဲ့ အောင်ဓမ္မရိပ်သာလမ်းက ရှိုင်းကွန်ဒိုမှာ ရိုက်ကူးနေတာ ဖြစ်ပါတယ်။ ရိုက်ကူးတဲ့ ဇာတ်ဝင်ခန်းက ဆင်း(န)နံပါတ် ၃၂ နဲ့ ၃၃ တို့ဖြစ်ပြီး ဒီအိမ်မှာပဲ ဇာတ်ဝင်ခန်းတော်တော်များများကို ရိုက်ကူးသွားမယ်လို့ သိရပါတယ်။ နေတိုးနဲ့ ရွှေမှုံရတီတို့ နှစ်ယောက်စလုံးက ဆေး



www.burmeseclassic.com

www.burmeseclassic.com






ကျောင်းသား၊ ဆေးကျောင်းသူ ကာရိုက်တာနဲ့ သရုပ်ဆောင်နေကြတာဖြစ်ပြီး နေတိုးက ရန်ကုန်ဆေးတက္ကသိုလ်မှာ တက်ရောက်ပညာသင်ယူနေတဲ့ ဆရာဝန်လောင်းတစ်ဦးဖြစ်ပြီး ရွှေမှုံရတီကတော့ နယ်ဆေးကျောင်းကနေ ရန်ကုန်ဆေးကျောင်းကို ပြောင်းလာသူအဖြစ် သရုပ်ဆောင်နေကြတာ ဖြစ်ပါတယ်။ **တိမ်ခိုမိုး**မှာ နေတိုးက သူငယ်ချင်းတွေကို စ,တတ် နောက်တတ် ပြောင်တတ်ပြီး ပျော်ပျော်နေတတ်တဲ့သူဖြစ်ပြီး ရွှေမှုံရတီကတော့ မိဘတွေ ကွဲနေကြလို့ မိခင်ရဲ့မေတ္တာကိုလည်း မရ၊ အဖေကလည်း မခင်တွယ်။ ဒီကြားထဲ မိခင်အရင်းက နောက်အိမ်ထောင်နဲ့ မွေးတဲ့ကလေးကို ပိုချစ်ပြီး သူ့ကို လျစ်လျူရှုထားတဲ့အတွက် တစ်ယောက်တည်း အထီးကျန်နေတယ်လို့ ခံစားရပြီး အဲဒီခံစားချက်ကြောင့်ပဲ ဘယ်သူနဲ့မှ အဆင်မပြေဖြစ်နေရသူပါ။ ရန်ကုန်ဆေးကျောင်းကို ရောက်လာတဲ့အခါမှ ပျော်ပျော်နေတတ်တဲ့ နေတိုးနဲ့တွေ့ပြီး နေတိုးက ရွှေမှုံရတီရဲ့ စိတ်ဓာတ်လေးကို ပြုပြင်ပေးတဲ့ အနေ



www.burmeseclassic.com

www.burmeseclassic.com


အထားကနေ ချစ်သူတွေဖြစ်သွားကြတယ်လို့ သိရပါတယ်။

ဆေးကျောင်းသား၊ ဆေးကျောင်းသူနှစ်ယောက်ကို အဓိကထား ရိုက်ကူးတာဖြစ်လို့ ကျောင်းတက်တဲ့ဆင်း(န)တွေကို ဘယ်လိုရိုက်ပြသွားမှာလဲ မေးကြည့်တဲ့အခါ ဒါရိုက်တာက "ကျွန်တော်တို့ဆီမှာက ဘာဖြစ်နေသလဲဆိုတော့ အကယ်ဒမီပေးပွဲမှာတောင် အမေစုမိန့်ခွန်းပြောသွားတဲ့အထဲမှာ ပါ, ပါတယ်။ မြန်မာ့ရုပ်ရှင်တွေနိုင်ငံခြားကို ထိုးဖောက်ဖို့ အစရှိသဖြင့်ပြောသွားတယ်။ ကျွန်တော်တို့ ခေါင်းဆောင်ကိုယ်တိုင်က ဒီလိုစိတ်ရှိနေတဲ့အတွက် ကျွန်တော်ကလည်း ဒီကားရိုက်တဲ့အချိန်မှာ တကယ့်ဆေးကျောင်းအစစ်မှာ ရိုက်ချင်တယ်။ ရိုက်ချင်ရတဲ့ အကြောင်းအရာကလည်း ပရိသတ်တွေက ကျွန်တော်တို့ကားတွေကို ဝေဖန်ကြတယ်။ သူတို့ပြောတာလည်း မမှားပါဘူး။ ကျွန်တော်တို့က တက္ကသိုလ်ဆိုရင် အင်းလျားကန်ပေါင်နဲ့ မြို့မကျောင်းလောက်သာ ရိုက်ခွင့်ရလို့ ဝေဖန်နေကြတဲ့အတွက် ဆေးကျောင်းအစစ်မှာ ရိုက်ချင်တယ်ဆိုပြီး မတ်လဆန်းလောက်ကတည်းက လျှောက်ထားတာ သက်ဆိုင်ရာလူကြီးတွေက အိုကေတယ် ဆိုပေမဲ့ အထက်က ခွင့်ပြုချက်မရသေးလို့ ဆိုပြီး အခုချိန်အထိ ဆေးကျောင်းရိုက်ခွင့် မရသေးဘူး။ "ကျွန်တော် ဖြစ်ချင်တာက ကျွန်တော်တို့လည်း ဆေးကျောင်းမှာ ရိုက်ခွင့်ရရင် ကိုယ့်ရဲ့ဓာတ်လမ်း၊ ဓာတ်ကားနဲ့ ပတ်သက်လို့ တာဝန်ယူမယ်၊ တာဝန်ခံမယ်။ ဆေးကျောင်းရဲ့ ဂုဏ်သိက္ခာကိုလည်း မထိခိုက်စေရဘူး။ ဓာတ်လမ်းလည်း တရားဝင်တင်ပြပြီး ခွင့်ပြုချက်ရပြီးသားဖြစ်တယ်လေ။ ဆေးကျောင်းရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေမယ့် အကြောင်းအရာ





www.burmeseclassic.com

www.burmeseclassic.com







မျိုး မပါဘူး။ ဆေးကျောင်းတက်နေတဲ့ ကောင်လေးနဲ့ ကောင်မလေး ချစ်သွားကြတဲ့ တကယ့်ဖြစ်ရပ်မှန်ဇာတ်လမ်းကို၊ စာရေးဆရာ မင်းခိုက်စိုးစန်က သူတို့ ဆေးကျောင်းတက်တုန်းက ဖြစ်ခဲ့တာတွေကို အခြေခံထားတဲ့ ဖြစ်ရပ်မှန်ဇာတ်လမ်းကို ကျောရိုးယူထားတာပါ' လို့ ပြောပြခဲ့ပါတယ်။

ဆင်း(န)နံပါတ် ၃၂ က နေတိုးနဲ့ ရွှေမှုံရတီတို့ Final Part I မှာ ခရီးထွက်ရတယ်။ အဲဒီအချိန်ကျမှ ပွင့်ပွင့်လင်းလင်းနဲ့ သမီးရည်းစားဖြစ်သွားကြတယ်။ တစ်ကိုယ်တည်းဖြစ်နေတဲ့ ရွှေမှုံရတီကို နေတိုးက ပံ့ပိုးပေးပြီး တကယ်ချစ်ခွင့်ပန်တဲ့အချိန်မှာ ရွှေမှုံရတီကလည်း လက်ခံလိုက်တဲ့အတွက် ခရီးစဉ်က အပြန်နေတိုးက ရွှေမှုံရတီရဲ့ အိမ်ကိုလိုက်ပို့တဲ့ ဇာတ်ဝင်ခန်းကို ရိုက်ကူးနေတာ တွေ့ခဲ့ရပါတယ်။ ရွှေမှုံရတီက တစ်ယောက်တည်းနေတာဖြစ်လို့ မိဘက ချမ်းသာတဲ့အတွက် ကွန်ဒိုနဲ့ထားပေမဲ့ အိမ်ကို မရှင်းလင်းဘဲ ရှုပ်ပွနေတာကို နေတိုးက မြင်သွားပြီး မေးတဲ့အခါကျတော့ မဟုတ်ဘူး၊ ဒါက ရှေ့တုန်းက ဟာပါ။ အခုတော့ စိတ်တွေလည်း ရှင်းသွားပြီ၊ ငြိမ်းချမ်းသွားပြီ။ အခုကစလို့ အကုန်ရှင်းလင်းပါတော့မယ်ဆိုတော့ နေတိုးကလည်း သူ့ရဲ့ချစ်သူအတွက် ကူညီပြီး ရှင်းပေးမယ် ဆိုတဲ့ ဇာတ်ဝင်ခန်းကို ရိုက်ကူးနေကြတာ ဖြစ်ပါတယ်။

တိမ်နိုမိုး နဲ့ ပတ်သက်ပြီး ရွှေမှုံရတီက 'ဒီကားကသဲအတွက် အိုက်တင်အသစ်တွေ လုပ်ရတဲ့ကားပါ။ စိတ်ထိခိုက်နေတဲ့ ကာရိုက်တာမျိုး လုပ်ရတာဖြစ်လို့ စိတ်လည်း အရမ်းရှုပ်ထွေးတယ်။ တစ်ဆင်း(န)ပြီးလို့ ခဏလေးနားရင် သီချင်းလေးနားထောင်



www.burmeseclassic.com

www.burmeseclassic.com

ပြီး စိတ်ထွက်ပေါက်ယူရတယ်။ ဒီလိုကာရိုက်တာ အသစ်မျိုးကိုလည်း စိန်ခေါ်မှုမျိုးနဲ့ ရိုက်ချင်တယ်။ ဒါကြောင့် ဒီကားရဲ့ ဇာတ်ညွှန်းကို ဖတ်မိတာ အကြိမ်ဘယ်နှခါလဲတောင် မသိတော့ဘူး။ ဖတ်မိတိုင်းလည်း သက်ပြင်းအခါခါ ချမိတယ်။ ဒီကာရိုက်တာအတွက် အရမ်းစိတ်ပူတယ်။ ဘာဖြစ်လို့လဲဆိုတော့ လုပ်ရမယ့် အိုက်တင်က အရမ်းအရေးကြီးတယ်။ ကိုနေတိုးကလည်း သေသေချာချာ မှာတယ်။ နင်လုပ်ရမယ့် အိုက်တင်က အရမ်းအရေးကြီးတယ်။ နင်လွဲလို့ မရဘူး။ အဲဒီလို ကိုယ့်ဆရာသမားဖြစ်တဲ့ ကိုနေတိုးကရော၊ ဒါရိုက်တာ ဦးညီညီအောင်ကပါ မှာထားတဲ့အတွက် ပိုပြီးတော့ စိတ်ဖိစီးမှုဖြစ်တယ်။ ငါမှားလို့ မရဘူးဆိုတဲ့ စိတ်က ပိနေတယ်။ အဲဒီလို ပိနေတဲ့ အတွက်ရတဲ့ အချိန်လေးမှာ စိတ်ကို ပြန်လျှော့ပြီးအာရုံ ပြောင်းရတယ်။

'ဇာတ်တစ်ဇာတ်ကို လာပေးပြီဆိုကတည်းက ကိုယ်လုပ်ရမယ့် ကာရိုက်တာဝင်အောင် ကြိုတင်ပြီးတော့ နေရတယ်။ ဒီရက်ပိုင်းအတွင်းမှာလည်း ဒီကာရိုက်တာဝင်နေတဲ့အတွက် ဘာပဲလုပ်လုပ် စိတ်ဖိစီးနေတဲ့သူတစ်ယောက်လို့ ခံစားပြီး နေလိုက်ရတယ်။ စကားပြောတဲ့အခါမှာလည်း ဘုကန့်လန့်တွေဖြစ်၊ စိတ်တွေရှုပ် အဲဒီလိုဖြစ်နေတာကိုက ကောင်းတယ်။ အဲဒါကို ကြိုက်တာ။ ဒါက ကာရိုက်တာဝင်နေတာလေ။ အဲဒီလိုဖြစ်အောင်လည်း အမြဲကြိုးစားတယ်။ ဒီကာရိုက်တာဝင်ဖို့ လေးငါးရက်လောက် ကြိုမွေးထားရတယ်။ ဒါတောင် စ,ရိုက်တဲ့ ရက်မှာ အိုက်တင်က မငြိမ်သေးဘူး။ ဒါကြောင့် ည အိမ်ပြန်ရောက်တဲ့အချိန် ကိုယ်လုပ်ရမယ့် ကာရိုက်တာကို သေချာပြန်စဉ်းစား၊ ကိုနေတိုးကိုလည်း တိုင်ပင်တဲ့အတွက် ဒုတိယနေ့မှာ တော်တော်လေး အဆင်ပြေသွားတယ်' လို့ ပြောပြခဲ့ပါတယ်။

**တိမ်ခိုမိုး** ရိုက်နေတဲ့ ရှုတင်ကို စာရေးဆရာ မင်းခိုက်စိုးစန်နဲ့ စာရေးဆရာမ ထက်မြက်နိုင်ဇင်တို့လည်း ရောက်ရှိလာပြီး ဒါရိုက်တာနဲ့ သရုပ်ဆောင်တို့ သိလိုတဲ့ တချို့မသဲကွဲတဲ့ ဇာတ်ကောင်စရိုက်တွေနဲ့ ပတ်သက်ပြီး ထားရှိရမယ့်အပိုင်းတွေကို လာရောက်ဆွေးနွေးပေးကြတာလည်း တွေ့ခဲ့ရပါတယ်။

■ **လင်းနိုင်ဦး**







www.burmeseclassic.com

www.burmeseclassic.com



အမှတ် ၃၄၃၊ ဇွန်၊ ၂၀၁၈

လမ်းညွှန်သူ၏
ပြောပြချက်အရဆိုလျှင်
မွန်းတည့်ချိန် မတိုင်မီ သွားလိုရာကို
ရောက်နိုင်သည်။ သို့သော်
ညွှန်ပြသည့် လမ်းကလေး
ဆုံးပြီးနောက်တွင် လမ်းဟူ၍
မည်မည်ရရ မတွေ့တော့။
ခြေသွားလမ်းကြောင်းလေး၏
နောက်သို့လိုက်ရင်း လမ်းပျောက်နေပြီ။
နေလုံးသည် ကျသည်ထက်
ကျလာရင်း လောကတစ်ခုလုံးကို
နီစွေးစွေးဖြင့် ကြည့်နေသည့်
အချိန်သို့ ရောက်လာခဲ့၏။
လူသွားလူလာလည်း လုံးဝကင်းရှင်း
နေသည်။ စိုးရိမ်သည့်အတွေးများက
သူ့ဆီ ဝင်ရောက်လာပြန်သည်။
ခေါင်းကို ခပ်သွက်သွက်
ခါယမ်းလိုက်ပြီး မြန်နိုင်သမျှမြန်မြန်
ဆက်လျှောက်လိုက်၏။ သူ
ဆက်လျှောက်လာတာ နာရီဝက်မကတော့။
ဝန်းကျင်ရှိ အလင်းရောင်သည်

www.burmeseclassic.com

www.burmeseclassic.com

# ကမ္ဘာဦးကအိမ်ကလေးများ



အနီရောင် ဝတ်ရုံကို ပိရိသေသပ်စွာ ဝတ်ဆင်ထားသော မိန်းမပျိုတစ်ယောက် လှရက်ပါပေ့။ ဖန်ဆင်းရှင်၏ နောက်ဆုံးလက်ရာအလား ပါးလျှာသော အနီရောင်ဇာဝတ်စုံရှည်သည် လေမှာ ဝဲလွင့်လွင့်

အနည်းငယ် ပြောင်းလာသည်။ သဘာဝနှင့် ဆန့်ကျင်စွာ ဝိုးတဝါးမှ တဖြည်းဖြည်း ပြတ်သားလာသည်။ ခြေသွားလမ်းလေးသည် ကျယ်ဝန်း၍ ညီညာပြန့်ပြူးလာလေ၏။ ထူးဆန်းသည့် ခံစားချက်ကို ထိန်းသိမ်းမျိုသိပ်ရင်း သူ့ခြေလှမ်းတွေကို ဆက်လှမ်းလိုက်သည်။ လမ်းလေး၏ ဘေးတစ်ဖက်စီမှ မြက်ခင်း စိမ်းစိမ်းလေးများပေါ်တွင် တစ်ခါတစ်ရံ ဖြတ်ပြေးသွားသည့် ယုန်လေးများ၊ လူးလာပျံသန်းနေသည့် လိပ်ပြာရောင်စုံများ၊ စိုးစိုးစီစီ တေးသီနေသည့် ငှက်ကလေးများကို နေရာအနှံ့ တွေ့နေရသည်။ လျှောက်နေရင်း ထူးခြားစွာ မွှေးပျံ့လှသည့် ရနံ့များ တိုးဝင်လာပြန်သည်။ ဖန်တီးပြုလုပ်ထားသော ရနံ့များမဟုတ်။ သေသေချာချာ ခံစားကြည့်လျှင် ပန်းရနံ့နှင့် ဆင်လှသည်။ ဝန်းကျင်၏ ဖမ်းစားမှုကြောင့် စိုးရိမ်ထိတ်လန့်စိတ်တို့ ကြက်ပျောက်ငှက်ပျောက် ဖြစ်သွားရသည်။ လျှောက်နေရင်း မြင်ကွင်းတစ်ခုကြောင့် ခြေလှမ်းတို့ တုံ့ဆိုင်းသွားရ၏။ လမ်းတစ်ဖက်ဆီက မြက်ခင်းစိမ်းစိမ်းလေးများ၏ အနားသတ်တွင် အလွန်လှပစွာ ပွင့်ဖူးနေကြသော ပန်းခင်းကြီးတစ်ခုပေါ်လာသည်။ ပန်းခင်းကြီးကို တစ်မျှော်တစ်ခေါ် ငေးကြည့်နေရာမှ ပန်းခင်းကြီး၏ အဆုံးတွင် သစ်သားတံတားလေးတစ်ခု တွေ့လိုက်ရသည်။ လှိုက်ခနဲ ဝမ်းမြောက်သွားမိ၏။ သေချာပေါက် လူရှိနိုင်သည်။

သစ်သားတံတားလေး၏ အောက်တွင် စမ်းချောင်းတစ်ခုက တသွင်သွင်။ စမ်းချောင်းလေးမှာ မျက်မြင်အနေ အထားအရ

www.burmeseclassic.com

နက်လှသည်တော့ မဟုတ်။ ရေထဲတွင် ကူးခပ်နေသော ရောင်စုံ ငါးလှလှလေးများ၊ ချောင်းကြမ်းပြင်က ကျောက်စရစ်ခဲဖြူဖြူလေး များလည်း တွေ့နေရသည်။ တစ်နေကုန် လျှောက်ခဲ့ရသော ခရီးအတွက် ပင်ပန်းနွမ်းနယ်မှုကို လုံးဝ မခံစားရ။ အသစ်အသစ်သော မြင်ကွင်းတွေကို စိတ်ဝင်စားမိသည့် အလျောက် ထပ်မံခံစားလို စိတ်သာ တဖွားဖွား ပေါ်ပေါက်နေရသည်။ တံတားလေး၏ အဆင်းတွင် သစ်ပင်ကြီး တစ်ပင်။ ထူးခြားလှ၏။ အလွန်ခမ်းနားသေသပ်စွာ ရေးထားသည့် လေးထောင့် လက်ရေးမျိုးဖြင့် သစ်ပင်ကြီး၏ ပင်စည်တွင် ထွင်းထုထားသည်။

'သတ္တဘာဂ'

စာ၏ အဓိပ္ပာယ်ကို သူမသိ။ ပါဠိဘာသာဖြင့် ရေးထားပုံကိုတော့ ခန့်မှန်းမိသည်။ လမ်းလေးအတိုင်း ဆက်လျှောက်လာရင်း အိမ်လေးတွေကို တွေ့လာရသည်။ ကျောက်တုံးဖြူဖြူများကို စီကာ ဆင့်ကာ ဆောက်လုပ်ထားသော အိမ်ကလေးတွေ။ ခေါင်မိုးကို အနီရောင်ကျောက်ပြားများဖြင့် မိုးထားသည်။ အိမ်လေးတွေ တစ်လုံးနှင့်တစ်လုံး ပုံစံမကွာသလို အရောင်မှာ အားလုံး ဆင်တူဖြစ်လေသည်။ လမ်းလေးမှာ လုံးဝ ပြောင်းလဲသွားသည်။ ကျောက်ပြား ဖြူဖြူလေးများ စီရရီခင်းထားသည်။ ခန့်မှန်းခြေအားဖြင့် အိမ်အလုံးပေါင်း တစ်ရာခန့် ရှိ

> ခရမ်းရောင်
> နတ်မိမယ်လေးက
> သွားတက်ကလေး
> ပေါ်အောင်ပင်
> ပြုံးပြန်သည်
> ပြုံးနေသော
> မိန်းကလေးအပေါ်
> နှစ်သက်မိသည့်
> စိတ်က
> အထပ်ထပ်
> ပေါ်နေသည်
> မိန်းကလေးငယ်၏
> လက်
> သွယ်သွယ်ကလေး
> များအား
> ငေးကြည့်ရင်း
> မြက်ခင်းစိမ်း
> စိမ်းများအပေါ်
> အတူလက်တွဲ
> ပြေးလွှားချင်စိတ်
> ဖြစ်မိသည်

မည်။ လူသံသူသံတော့ မကြားရ။ တိတ်ဆိတ်သော်လည်း ခြောက်ကပ်မနေ။ ထူးဆန်းလွန်းသည့် ဝန်းကျင်ကြောင့် အလိုလို ရွှင်မြူးသည့် စိတ်က ဖြစ်လာရသည်။ ထူးခြားချက်တစ်ခုကို သတိပြုလိုက်မိပြန်သည်။ အိမ်လေးတွေသာ ဆင်တူသည်မဟုတ်။ အိမ်လေးတွေ၏ ရှေ့တံခါးမကြီးအနီးတွင် အဖြူရောင် ပန်းအိုးတစ်အိုးစီကို တွေ့ရပြန်သည်။ အမျိုးအမည် ခွဲခြားရခက်လှသော ပန်းပွင့်ခပ်ကြီးကြီးတစ်ပွင့်စီ ပွင့်နေပြန်သည်။ ထူးခြားလှပေ၏။

ညှိုးနွမ်းမှောင်ရီသော အရာတစ်ခုမျှ မတွေ့ရ။ အလင်းရောင်သည် လုံးလုံး ပြောင်းလဲခြင်း မရှိတော့ဘဲ တစ်သမတ်တည်းပင် လင်းနေတော့သည်။

လမ်းလေးမှာ ညီညာသော်လည်း ပြန့်မနေတော့။ အနိမ့်အမြင့်လေးများရှိနေသည်။ လမ်းမပေါ်သို့ အာရုံရောက်သွားခိုက် လူရိပ်တစ်ခုက သူ့ဆီ ဦးတည်လျှောက်လှမ်းလာသည်ကို တွေ့လိုက်ရသည်။ အဖြူရောင် ကျောက်လမ်းလေးပေါ်မှာ ပန်းတစ်ပွင့် လမ်းလျှောက်လာသည်နှင့်တူလှသည်။ အနီရောင်ဝတ်ရုံကို ပိရိသေသပ်စွာ ဝတ်ဆင်ထားသော မိန်းမပျိုတစ်ယောက်။ လှရက်ပါပေ့။ ဖန်ဆင်းရှင်၏ နောက်ဆုံးလက်ရာအလား။ ပါးလွှာသော အနီရောင်ဇာဝတ်စုံရှည်သည်လေမှာ ဝဲလွင့်လွင့်။ ဖိနပ်စီးမထားလေသည့် ခြေတစ်လှမ်း လှမ်းလိုက်တိုင်း ပန်းရောင် အသွေးက ဖဝါးမှာ လှဲ့လှဲ့ပြေးလျက်။ ခါးသိမ်သိမ်တွင် အစိမ်းရောင် နှယ်ပင်တစ်ပင်ကို ထူးခြားစွာပတ်ထားသည်။ လမ်းလျှောက်တတ်သည့် ပန်းတစ်ပွင့်ဖြစ်လေ၏။ လည်တိုင်ကြော့ကလှပသော မျက်နှာအား ပြောင်မြောက်စွာ ထောက်ပံ့ထား၏။ အနည်းငယ်မျှ လစ်ဟာနေသော ရွှေရင်မို့မို့ပေါ်တွင် သော့လေးတစ်ချောင်းက တွဲလောင်းကျလျက်။ ကြာကြာမကြည့်ရဲ။ တံတွေးတစ်ချက် မျိုချလိုက်သည်။ မိန်းကလေးကို ကြည့်ရင်း အမည်တစ်ခုကို သူ့နှုတ်က အလိုလို ထွက်လာသည်။

'ရိုဇီ'

မိန်းကလေးက သူ့အား ကြည့်ရင်း ပြုံးပြသည်။ ထိုအပြုံးကြောင့် ဝန်းကျင်ရှိ သစ်ပင်ပန်းမန်များ က, တတ်လျှင် ပျော်ရွှင်စွာက,ကြပါလိမ့်မည်။ သူကတော့ မလှုပ်။ မလှုပ်ရှားနိုင်ဟုဆိုလျှင် ပိုမှန်ပါလိမ့်မည်။ ချိုလွင်သော အသံတစ်ခု ထွက်ပေါ်လာသည်။

'ဟုတ်ပါတယ်ရှင်၊ ကျွန်မက ရိုဇီပါ။ ရှင်က ဒီကို တမင်သက်သက် လာခဲ့တာလား'

'ဟုတ်ကဲ့။ ကျွန်တော် လမ်းညွှန်သူကြောင့် ရောက်လာခဲ့တာပါ'

မိန်းကလေးက အလင်းတိုင်ငယ်ငယ်လေးဆီက အလင်းရောင်လို လဲ့လဲ့ကလေး ပြုံးလိုက်ပြန်သည်။ မျက်နှာပေါ်သို့ ဝဲကျလာသော ဆံနွယ်တချို့ကို သပ်တင်လိုက်ချိန် လည်တိုင်ပေါ်က ဆွဲထားသည့် သော့ကလေး လှုပ်ခါသွားသည်။ သူ့လည်ပင်းက ဆွဲထားသော သော့လေးကို အလိုလို စမ်းမိလိုက်သည်။ မိန်းကလေးဆီက စကားသံ ထွက်ပေါ်လာပြန်သည်။

'ရှင် ဒီနေရာလေးမှာ နေချင်လို့လား'

သူ မငြင်းဆန်နိုင်။ ခေါင်းက အလိုလို ငြိမ့်လျက်သား ညိတ်ပြနေမိသည်။

'ဒါဖြင့် လာပါရှင်။ ရှင်နဲ့ သင့်တော်မယ်ထင်တဲ့ အိမ်လေးတွေ လိုက်ကြည့်ကြတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com

မိန်းကလေး ဦးဆောင်ခေါ်သွားသည့် နောက်ကို အလိုလို လိုက်ပါမိသည်။ အိမ်ဖြူဖြူလေးတစ်လုံးရှေ့ကို ရောက်မှ မိန်းကလေးက ရပ်လိုက်သည်။ အိမ်ကလေး၏ အဝင်တံခါးမှာ သော့နှစ်လုံး ခတ်ထားသည်။ ဘေးတံခါးတွေကြည့်တော့လည်း အားလုံးက ပိတ်လျက်သား။

'ရှင် ဒီအိမ်ကလေးကို သဘောကျရဲ့လား။ ကျွန်မတော့ သဘောကျတယ်ရှင်။ သော့ခလောက်တွေကို ကျွန်မတို့ ကြိုးစားဖွင့်ကြတာပေါ့။

'ကဲ ဘာစောင့်နေသလဲ ရှင်ရယ်။ အိမ်တံခါးလေးကို ဖွင့်ကြည့်ကြပါစို့'

မိန်းကလေးဆီက လောဆော်သံထွက်လာတော့ လက်ကာပြရင်း မေးခွန်းတစ်ခု သူ မေးလိုက်သည်။

'ရှိဇီ၊ အခု ဂီတသံ တစ်ခု မင်းကြားရရဲ့လား'

သေးငယ်ကာ ထင်းနေသော မိန်းကလေး၏ မျက်ခုံးနှစ်ခုက အနည်းငယ်ပူးကပ်သွားသည်။ ထို့နောက် ခေါင်းခါပြသည်။ သူကြားသည့် တေးဂီတကို မိန်းကလေးက မကြားနိုင်ပါလား။

'ဘာသံမှ မကြားမိဘူး ရှင်'

သူ မတုံ့ပြန်တော့ဘဲ သူ့လည်ပင်းမှ သော့ကလေးဖြင့် သော့ခလောက်ကို ဖွင့်ရန် ကြိုးစားကြည့်သည်။ တစ်ကြိမ်၊ နှစ်ကြိမ်၊ ထို့နောက် အကြိမ်ကြိမ်။ သော့နှစ်လုံးစလုံးအတွက် သူ့သော့တံလေးမှာ အပိုသက်သက်သာ။ အရိပ်လို ကြည့်နေမိသော မိန်းကလေး၏ မျက်နှာမှာ

ပန်းရောင်
နှုတ်ခမ်းအစုံက
တဆတ်ဆတ်
တုန်နေသည်
ဝ,လုံးလေး
တစ်လုံးလို
ဝိုင်းစက်သွားပြီး
မိန်းကလေးက
နှုတ်ခမ်းကို
လက်ဖြင့်ကာရင်း
အံ့သြနေဟန်
ရှိသည်
ဖောင်းအိနေသော
လက်ချောင်းကလေး
များက
တံတားကို
ဆုပ်ကိုင်ထားသည်

အနည်းငယ်ပျက်သွား၏။ သို့သော် အပြုံးလှလှလေးတစ်ပွင့်က ချက်ချင်းကြွေကျ အစားထိုးသွားသည်။

'စိတ်မပျက်ပါနဲ့ရှင်။ နောက်ထပ် အိမ်လေးတွေကို ရှင် ကြိုးစားဖွင့်ကြည့်နိုင်ပါတယ်'

'ကျွန်တော်၊ ကျွန်တော် ကြိုးစားရမယ်။ ဒါဖြင့် ရှိဇီက နောက်ထပ်အိမ်လေးတွေကို လိုက်မပို့တော့ဘူးလား'

မိန်းကလေးက ညင်သာစွာ ခေါင်းကို ခါယမ်းလိုက်ရင်း...

'လိုက်မပို့တော့ဘူး ရှင်၊ ကိုယ်တိုင်သာ ဖွင့်ဖို့ကြိုးစားပါနော်။ ဒါပေမဲ့ ဒီနေရာက အိမ်လေးတွေ တစ်လုံးချင်းမှာ သော့နှစ်လုံးစီ ခတ်ထားကြတယ်။ အိမ်ကလေးထဲမှာ နေဖို့ဆိုရင် ရှင် နောက်ထပ် သော့တစ်ချောင်းတော့ လိုလိမ့်မယ်'

'ဟုတ်ကဲ့။ ကျွန်တော် နားလည်ပါပြီ၊ ခွင့်ပြုပါဦး ခင်ဗျာ'

သူ၏ နှုတ်ဆက်စကားကို မိန်းကလေးက ပြုံးပြုံးလေး နားထောင်ရင်း ကျန်နေခဲ့သည်။ အိမ်ဖြူဖြူလေး၏ ရှေ့မှာ လမ်းလျှောက်တတ်သည့် အနီရောင်ပန်းပွင့်လေးကို သူ နောက်ဆုံးအနေဖြင့် ကြည့်လိုက်သည်။ ကျန်နေခဲ့သူမှာ ပြုံးနေဆဲ။

သူက အဖြူရောင်လမ်းလေးထက်ကို ပြန်လျှောက်သွားသည်။ အချိန်တွေမည်မျှ လွန်သွားသည် သူ မသိ။ ဖြူဝင်းနေသည့် ခြေအစုံပိုင်ရှင်ကိုတွေ့မှ ခေါင်းကို မော့ကြည့်မိသည်။ ခရမ်းရောင်ဖျော့ဖျော့ ဝတ်ရုံကို ဝတ်ဆင်ထားသည့် နောက်ထပ် နတ်မိမယ်လေးတစ်ပါး။ ခရမ်းရောင် မိန်းကလေးကို သူ အမည်မခေါ်တတ်။ စိတ်ထဲမှာတော့ အလိုလို နှစ်သက်မိသည်။ ဖြူဖွေးညီညာလှသည့် သွားလေးတွေကို ပေါ်အောင်ပြုံးပြရင်း နှုတ်ဆက်နေသည်။

'ရှင်က အိမ်ကလေးတွေမှာ နေခွင့်ရဖို့ ကြိုးစားနေတဲ့ သူလား'

သူက တည်တည်ငြိမ်ငြိမ်ပင် ခေါင်းညိတ်ပြမိသည်။

'မိန်းကလေးကရော အိမ်တံခါးတွေကို ဖွင့်ဖို့ ကူညီမယ့်သူလားဗျ'

ခရမ်းရောင် နတ်မိမယ်လေးက သွားတက်ကလေး ပေါ်အောင်ပင် ပြုံးပြန်သည်။ ပြုံးနေသော မိန်းကလေး အပေါ် နှစ်သက်မိသည့်စိတ်က အထပ်ထပ်ပေါ်နေသည်။ မိန်းကလေးငယ်၏ လက်သွယ်သွယ်ကလေးများအား ငေးကြည့်ရင်း မြက်ခင်းစိမ်းစိမ်းများအပေါ် အတူ လက်တွဲ ပြေးလွှားချင်စိတ်ဖြစ်မိသည်။ သို့သော် မိန်းကလေး၏ လည်တိုင်တွင် သော့မတွေ့။

'ကျွန်မ ကူညီချင်ပါတယ်ရှင်။ ဒါပေမဲ့ ကျွန်မရဲ့ သော့လေးက ပျောက်နေတယ်ရှင့်။ ဆက်လျှောက်သွားပါဦးနော်'

သူ ခေါင်းကို လေးပင်စွာယမ်းရင်း ဆက်လျှောက်သည်။ ဘယ်အထိ လျှောက်ရဦးမည်မသိ။ အိမ်တန်းလေးတွေက ကုန်ဆုံးတော့မည်။ ဒီနေရာလေးမှာ သူ နေချင်သည်။ နောက်ကို ပြန်လျှောက်ကြည့်၏။ နောက်ထပ် ကူညီမည့် တစ်စုံတစ်ဦးကို မတွေ့ရ။ သာယာလွန်းသော နေရာလေးမှာ မောပန်းနွမ်းနယ်မှုကို ပထမဆုံး အကြိမ် ခံစားလိုက်ရသည်။ စမ်းချောင်းလေးအထိရောက်အောင် လျှောက်လိုက်ရင်း ရေပြင်ကို အကြောင်းမဲ့ ငေးနေမိသည်။ ကြေးမုံသဖွယ် အလင်းပြန်နေသော ရေပြင်မှာ သူ့ပုံရိပ်က ပေါ်နေသည်။ သူ ဘယ်လောက်ကြာကြာ ငေးမောနေမိသည် မသိ။

ရုတ်တရက် ရေပြင်သည် တွန့်လိမ်လှုပ်ခတ်သွား

*စာမျက်နှာ(၈၇)သို့...*



www.burmeseclassic.com

www.burmeseclassic.com


စာပေညီလာခံက
ဆုံးဖြတ်တဲ့
နံပါတ် ၁၄
'ပြည်သူ့
စာကြည့်တိုက်များကို
သက်ဆိုင်ရာမြို့နယ်
ရပ်ကွက်တိုင်းတွင်
တည်ထောင်ရေးနှင့်
စာကြည့်တိုက်များသို့
ဖတ်မှတ်သိမ်းဆည်း
ထားဖွယ်ရာ
ကောင်းသော
စာအုပ်များကို
ဖြည့်ဆည်းပေးရန်'
ဆိုတဲ့အချက်ကတော့
ဒီနေ့
ပြည်သူ့
စာကြည့်တိုက်တွေ
အတွက်
တကယ့်ကို
မှန်နေပါတယ်

ဒီစာရေးဖို့တွေးပြီး ခေါင်းစဉ်ကို စဉ်းစားကတည်းက စိတ်ထဲပေါ်လာတာ နှစ်မျိုးရှိတယ်။ 'ဆရာ ဦးဖေမြင့်သို့ ပေးစာ'၊ ဒါမှမဟုတ် 'ဆရာ ဦးဝင်းငြိမ်းသို့ ပေးစာ' ဆိုပြီးပေါ့။ အဲဒီလိုတွေးလိုက်တာနဲ့ ကျွန်တော့်ခေါင်းစဉ်က အဂါရဝ ဖြစ်သွားလေမလား၊ ရိုင်းရာကျနေလေမလားဆိုပြီး ချီတုံချတုံ ဖြစ်နေသေးတယ်။ နောက်တော့ ကိုယ်လေးစား ချစ်ခင်ရတဲ့ ဆရာ့ဆီကို တိုင်တည်ပြီး ပြောမှာပဲဆိုတဲ့ အတွေးနဲ့ ဒီခေါင်းစဉ်ကိုပဲ ရွေးဖြစ်ခဲ့ပါတယ်။ တိုးတက်လာတဲ့ နည်းပညာခေတ်ကြီးမှာ ရွှေအမြုတေရဲ့ 'ရွှေချစ်သူမှ ရွှေချစ်သူသို့' ဆိုတဲ့ ကဏ္ဍလေးပြုတ်သွားခဲ့တာ ကြာပါပြီ။ ခေတ်ကလည်း မေးခွန်းတစ်ခုအတွက် လချီပြီး အဖြေစောင့်ရတဲ့ခေတ်မျိုးမှ မဟုတ်တော့ဘဲကိုး။ သိချင်တာကို အခုမေး၊ အခုဖြေ၊ အခုသိနိုင်တဲ့အထိ နည်းပညာတွေတိုးတက် မြန်ဆန်လာတော့ ဒီကဏ္ဍလေး မလိုတော့ဘူးပေါ့။


ဆရာ၊ ဆရာမတွေအချင်းချင်း ပြောကြဆိုကြတာတွေကို မြင်ရကြားရပါတယ်။ ကြည်နူးဝမ်းမြောက်ရပါတယ်။ ဆရာနဲ့ ပြောကြတာတွေကိုလည်း ဖတ်ရပါတယ်။

ပထမတော့ အဲဒီလိုပြောရမလား၊ ဖုန်းဆက်ရမလား တွေးမိသေးတယ်။ ဒါပေမဲ့ ဆရာ့အချိန်တွေကို ဖြုန်းမိသွားမှာစိုးတာရယ်၊ ဖုန်းဆက်ပြောရုံနဲ့ မလုံလောက်ဘူး ထင်တာရယ်ကြောင့် အားသန်ရာ စာနဲ့ပဲ ရေးဖြစ်ခဲ့ပါတယ်။

ကျွန်တော်တို့ အရပ်ဆိုတာက 'ရွှေ'ဖတ်ရဖို့ မလွယ်တဲ့ဒေသတစ်ခုပါ။ အွန်လိုင်းမှာ မဖတ်ချင်တဲ့ ကိုယ့်စိတ်က စာအုပ်စစ်စစ်ကြီးကိုင်ပြီး တရွှန်းရွှန်း လှန်ဖတ်ချင်တာဆိုတော့ ခက်တယ်။ မြို့လေးမှာလည်း စာအုပ်ဆိုင်က တစ်ဆိုင်မှ မရှိတော့ဘူး။ ဒါပေမဲ့ နားလိုက်တဲ့ စာအုပ်ဆိုင်လေးကိုပဲ အပူကပ်ပြီး ကျွန်တော့်အတွက် 'ရွှေ'မှာပေးဖို့ ပြောဖြစ်တယ်။ အားနာလို့ အစမှာ သူတို့လည်း မှာပေးပါသေးတယ်။ ဒါပေမဲ့ တစ်အုပ်၊ နှစ်အုပ်တည်း မှာရတာ ဆိုတော့ ခက်တယ်တဲ့။ ကျွန်တော် မြို့ရောက်လို့ မေးတိုင်း အဆင်မပြေဘူး။ သူတို့ကိုယ်တိုင်က ဒီအလုပ် နားလိုက်တာမို့ အာရုံမစိုက်နိုင်တာလည်း ပါ,ပါ



www.burmeseclassic.com



၂၀၀၈ ခုနှစ် ရွှေအမြဲတော ရုပ်ပုံမှုရှင် ဂျ

www.burmeseclassic.com

www.burmeseclassic.com

တယ်။ ဒါကြောင့် 'ရွှေ' မဖတ်ရတာ ၄၊ ၅ လလောက် ကြာသွားတယ်။

နောက်တော့ ကားလိုင်းတစ်ခုနဲ့ ချိတ်ပြီး ပြည်ကနေ မှာလို့ရသွားတယ်။ ချုပ်ခနဲ့ ဝန်ဆောင်ခ ပေးရတာတောင် ပေးရတယ် မထင်ဘူး။ စာအုပ်အသစ်စစ်စစ်ကြီးကိုကြည့်ပြီး တစိမ့်စိမ့် ဝမ်းသာနေမိတာလေ။ ဒါပေမဲ့ မကြာဘူး ဆရာရေ။ ဂိတ်ကပဲ မပေးသလိုလို၊ ဆိုက်ကားသမားနဲ့ အဆင်မပြေသလိုလိုနဲ့ ၇၊ ၈ လလောက် ဆက်ဖတ်ပြီးတာနဲ့ မဖတ်ရတော့ဘူး။

အဲဒီအချိန် ကျွန်တော်တွေးမိတာ လင်ကွန်းပဲ။ ဆရာ မြသန်းတင့်ပဲ။ သူတို့က စာတစ်အုပ်ဖတ်ရဖို့ မိုင်ချီသွားပြီး ခက်ခက်ခဲခဲ ဖတ်တယ်တဲ့။ သူတို့က စာအုပ်ရှိတဲ့နေရာကို သိတယ်။ သွားတယ်။ ဖတ်တယ်ပေါ့။

ကျွန်တော်လည်း စာအုပ်ရှိတဲ့ နေရာကို သိပါတယ်။ ပြည်မှာ ရှိတယ်။ မကွေးမှာ ရှိတယ်။ ဒါပေမဲ့ ကျွန်တော် မသွားနိုင်ဘူး။ ကြုံကြိုက်တဲ့အခါမှ အဟောင်းကလေးတွေဝယ်၊ အဆင်ပြေရာ အသစ်လေးတွေ ဝယ်ရတယ်။

ဖတ်ချင်တဲ့ ရသစာပေကိုတော့ ပြန်/ဆက်မှာ စိတ်ရှိ ဖတ်နိုင်လို့ အဆင်ပြေတယ်လေ။

အစိုးရသစ်တက်ပြီး နိုင်ငံမှာ ဝုန်းခနဲ ဒိုင်းခနဲ မြင့်မလာပေမဲ့ ပြန်/ဆက်မှာ စာအုပ်စစ်စစ်တွေ ဝုန်းခနဲ ဒိုင်းခနဲ ဖြစ်လာတာတော့ သေချာတယ်။

အရင် ပြန်/ဆက်ဆိုတာက ပေါ်လစီ စာအုပ်တွေ၊ 'ဒေါ်အောင်ဆန်းစုကြည် ဘာလဲ ဘယ်လဲ' ဆိုတဲ့ စာအုပ်မျိုးတွေနဲ့ ပြည့်နေတဲ့နေရာတစ်ခုပေါ့။ ကိုယ်ဖတ်ချင်တဲ့ စာရေးဆရာစစ်စစ်နဲ့ စာအုပ်စစ်စစ်တွေကို ဖတ်ရဖို့ ငါးသဲ့သလို ရှာရတယ်။ ပြည်သူ့စာကြည့်တိုက်က ပြည်သူ့အလှူရှင်တွေကိုပဲ အားကိုးခဲ့ရတာကိုး။ အခုတော့ စာရေးဆရာစစ်စစ်တွေနဲ့ စာအုပ်စစ်တွေ ဆိုတာ တစ်လတစ်လ ဖတ်မကုန်ဘူး။ ဒါပေမဲ့ မဂ္ဂဇင်းတွေ မဖတ်ရတော့ မပြည့်စုံသလို ခံစားခဲ့ရတယ်။

အဲဒီခံစားမှုက ၂၀၁၇ ခုနှစ်၊ ဩဂုတ်လမှာ ပြည့်စုံသွားတယ် ဆရာရေ။ ဘာကြောင့်ဆိုတော့ မြို့နယ်ပြန်/ဆက် စားပွဲပေါ်မှာ 'ရွှေ'ကို သန့်သန့်ခန့်ခန့် တွေ့လိုက်ရလို့ပဲ။ ရင်ခုန်သံကို ဆရာ ကြားစေချင်တယ်။ ကိုယ်မြတ်နိုးတဲ့ပစ္စည်းတစ်ခုကို အမှတ်တမဲ့ ကောက်တွေ့လိုက်ရသလိုမျိုးပေါ့။ ဒါကြောင့် အားရဝမ်းသာ ငှားဖြစ်တယ်။ 'ဒီစာအုပ် ဘယ်က ရတာလဲ'ဆိုတော့ ရန်ကုန် ရုံးချုပ်ကပေးတာတဲ့။ ဒါပေမဲ့ မမျှော်လင့်ရဲသေးဘူး။ တခြားစာအုပ်တွေလို တစ်လ၊ နှစ်လပဲ ဖြစ်နိုင်တယ်လို့ တွေးကြောက်ခဲ့ရသေးတယ်။

နောက်တော့ မဟုတ်ဘူး ဆရာရေ။ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ (အခု ဒီစာရေးနေတဲ့အထိ) အထိ လစဉ်ပို့ပါတယ်တဲ့။

ရုံးချုပ်က ပို့တဲ့ မဂ္ဂဇင်းတွေထဲမှာ ရွှေအမြုတေ၊ မဟေသီ၊ ငွေတာရီ၊ မြဝတီ၊ သုတစွယ်စုံ စတဲ့ မဂ္ဂဇင်းတွေ ပါတယ်။ ရွှေအမြုတေနဲ့ မဟေသီ ဆိုတဲ့ ရသမဂ္ဂဇင်းကြီးတွေ ပါလာတာဟာ မဂ္ဂဇင်းလောကအတွက်၊ ကျွန်တော်တို့အတွက် အားတစ်ခုပဲ ဆရာ။

ယနေ့ မြန်မာမဂ္ဂဇင်းတွေ ရင်ဆိုင်နေရတဲ့ အခြေအနေတွေနဲ့ပတ်သက်ပြီး ဆရာတို့ ဆွေးနွေးကြတာတွေကို မြင်ရ၊ ကြားရ၊ ဖတ်ရပါတယ်။

စာပေညီလာခံက ဆုံးဖြတ်တဲ့ နံပါတ် ၁၄၊ 'ပြည်သူ့ စာကြည့်တိုက်များကို သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်တိုင်းတွင် တည်ထောင်ရေးနှင့် စာကြည့်တိုက်များသို့ ဖတ်မှတ်သိမ်းဆည်းထားဖွယ်ရာကောင်းသော စာအုပ်များကို ဖြည့်ဆည်းပေးရန်'ဆိုတဲ့ အချက်ကတော့ ဒီနေ့ ပြည်သူ့စာကြည့်တိုက်တွေအတွက် တကယ့်ကို မှန်နေပါတယ် ဆရာ။

ဟိုးအရင် ပြန်/ဆက်က စာရေးဆရာစစ်စစ်ကို ငံ့ရှာရ တယ်။ အခုတော့လည်း လစဉ်ရောက်လာတဲ့ စာရေးဆရာ စစ်စစ်တွေရဲ့ စာအုပ်စစ်စစ်တွေက ဖတ်မကုန်တော့ဘူး။

စာအုပ်ဆိုင်တွေပြုတ်ပြီး နားသွားလို့ မဂ္ဂဇင်းတွေ ဖတ်ရခဲတဲ့အချိန်က တောင့်တ,ခဲ့ဖူးတယ်။ ပြန်/ဆက်တွေမှာ မဂ္ဂဇင်းတွေရှိရင် ကောင်းမှာပဲလို့။ အခုတော့ ကျွန်တော့်ဆန္ဒတွေ ပြည့်ပြီ ဆရာရေ။

မဟေသီနဲ့ ရွှေအမြုတေလို ရသမဂ္ဂဇင်းကြီးတွေ ပြန်/ဆက်မှာ ဆက်တိုက်ဖတ်နိုင်ပြီလေ။

မဂ္ဂဇင်းတွေရဲ့ ရပ်တည်မှု အခက်အခဲကိုလည်း နိုင်ငံတော်က အခုလို ပံ့ပိုးပေးမယ်ဆိုရင် မဂ္ဂဇင်းစောင်ရေတွေ တက်ပြီး ပြန်အားကောင်းလာလိမ့်မယ်လို့ ယုံကြည်မျှော်လင့်မိပါတယ် ဆရာ။

အစိုးရသစ်တက်လာပြီး နိုင်ငံမှာ ဝုန်းခနဲ အဆင့်မမြင့် သေးပေမဲ့ ပြန်/ဆက်မှာ စာအုပ်ကောင်းတွေ ဝုန်းခနဲ မြင့်လာတာတော့ သေချာတယ်။ ဒါကြောင့် ဘယ်သူတွေ ဘယ်လို ဝေဖန်ကြပါစေ၊ ပြန်ကြားရေးဝန်ကြီး ဆရာဦးဖေမြင့်နဲ့ တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ကြောင်းလည်း ပြောချင်ပါတယ် ဆရာ။

ကျွန်တော်တို့ မြို့နယ်မှာ ရှိတဲ့ ရွှေအမာခံ ပရိသတ်တွေလည်း ရွှေကို လစဉ်ဖတ်ခွင့်ရနေပြီမို့ အားရဝမ်းသာ ဖြစ်နေရတဲ့အကြောင်း ဆရာသိအောင် ရေးလိုက်ရခြင်းဖြစ်ပါတယ်။ ဆရာလည်း ကျန်းမာချမ်းသာပြီး စာပေတာဝန်များကို ဆက်လက်ထမ်းဆောင်နိုင်ပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

*ချစ်ခင်လေးစားလျက်...*

နော်(ကျောက်တိုင်)

*မြန်မာကြားရေးဝန်ကြီးဌာနက စာပေအသားပေးတဲ့ မဂ္ဂဇင်းများကို လစဉ်အုပ် ၄၀၀ ကျော်ဝယ်ယူပြီး မြို့နယ်စာကြည့်တိုက်များသို့ ပို့ပေးနေပါတယ်။ မြို့နယ်စာကြည့်တိုက်များမှာ ဖတ်ရှုနိုင်ကြပါပြီ။* ■

**ငြင်းငြိမ်း**



www.burmeseclassic.com

www.burmeseclassic.com

စာမျက်နှာ(၈၃)မှ...

သည်။ ခဲတစ်လုံး ရေထဲသို့ ကျလာသောကြောင့် ဖြစ်၏။

တံတားပေါ်မှာ မိန်းကလေးတစ်ဦး။ ထူးခြားသော ခံစားချက်များ အလိုလို ပေါ်လာပြန်သည်။ မိန်းကလေး မှာ အဝါရောင်နုနု ဝတ်ရုံကို ဝတ်ဆင်ထားသည်။ မိန်းကလေး၏ ခေါင်းပေါ်တွင် ထူးခြားသော ပန်းလေးတစ်ပွင့်ကို ပန်ထား၏။ သူ မလှုပ်မယှက် အကဲခတ်နေတုန်း မိန်းကလေးဆီက စကားသံ ထွက်ပေါ်လာသည်။

'ရှင်က မွန်း… မွန်း ဟုတ်ပါတယ်နော်'

ပန်းရောင်နှုတ်ခမ်းအစုံက တဆတ်ဆတ်တုန်နေသည်။ ဝ,လုံးလေးတစ်လုံးလို ဝိုင်းစက်သွားပြီး မိန်းကလေးက နှုတ်ခမ်းကို လက်ဖြင့်ကာရင်း အံ့သြနေဟန်ရှိသည်။ ဖောင်းအိနေသော လက်ချောင်းကလေးများက တံတားကို ဆုပ်ကိုင်ထားသည်။ သူလည်း နှုတ်က တရွရွဖြစ်လာသည်။ အမည်တစ်ခုကို အလိုလို ရေရွတ်ချင်လာသည်။

'ဟုတ်ပါတယ်၊ ကျွန်တော်က မွန်းပါ။ မိန်းကလေးကရော ဟန်နီ မဟုတ်လားဗျ'

မိန်းကလေး၏ မျက်လုံးလေးများပါ ဝိုင်းစက်သွားပြီး ခေါင်းကို ကယျာကယာ ညိတ်ရင်း နှုတ်ကလည်း အဖြေရှာသည်။ ထို့နောက် နှစ်ဦးသား ပြိုင်တူ ပြုံးလိုက်မိသည်။ သူမလည်တိုင်တွင် သော့လေးတစ်ချောင်း။ အိမ်ကလေးတွေမှာ နေရဖို့ မျှော်လင့်ချက်က အသက်ဝင်လာပြန်သည်။ သူ အကူအညီတောင်းရန် ဟန်ပြင်လိုက်စဉ်။

'ရှင် ဂီတသံတစ်ခု ကြားရရဲ့လား'

ဟုတ်ပါ၏။ ဝန်းကျင်တွင် အလွန်ငြိမ့်ညောင်းသည့် ဂီတသံတစ်ခု ထွက်ပေါ်နေသည်။ စည်းချက်ညီညာကာ လှပသည်။ ဝါစနာလက်ာရ အတွက် တီးခတ်သည့် ဂီတသံမျိုးမဟုတ်ဘဲ နားဝင်ပီယံ ခံစားရန်အတွက် သီးသန့်ထွက်ပေါ်နေသော ဂီတသံမျိုး ဖြစ်ကြောင်း သူ ခံစားလိုက်မိသည်။ နောက်ထပ် ပြိုင်တူ ပြုံးလိုက်မိပြန်သည်။

ချောင်းနံဘေးက ထ,ရင်း မိန်းကလေး၏ အနီးကို အလိုလို လျှောက်သွားမိ၏။ တံတားလေးပေါ်တွင် မိန်းမလှလေးတစ်ဦး။ သက်ဝင် ပန်းချီကားတစ်ချပ်လို တင့်တယ်လှ၏။ မည်သို့မည်ပုံ ရဲတင်းစိတ်ပေါ်လာသည် မသိ။ မိန်းကလေး၏ လက်ကို ရုတ်တရက်ဆွဲကာ အိမ်လေးတွေဆီကို ခပ်သွက်သွက် လှမ်းလိုက်သည်။ မိန်းကလေးက မျက်ဝန်းနက်နက်လေးများကို သိမ်းရင်း ရှက်ရွံ့ဟန်ပေါ်နေသော်လည်း လက်ကို မရုန်းဖယ်ချေ။ အနီးဆုံးအိမ် ကလေးရှေ့တွင် ရပ်လိုက်မိချိန်တွင် အိမ်ကလေး၏ ရှေ့တွင် စိုက်ပျိုးထားသည့် ပန်းပွင့်ခပ်ကြီးကြီးတစ်ပွင့်ဆီမှ ရနံ့ကို အလိုလိုရလာသည်။ သူ အလျင်လိုနေသည်။ ငြင်းပယ်ခံရမည်လား၊ သော့ကလေးများ အံလွဲနေမည်လား စိုးရိမ်လွန်နေ၏။ လည်ပင်းမှ သော့ကို ချွတ်လိုက်ရင်း သော့ခလောက် တစ်လုံးကို ဖွင့်ကြည့်သည်။ ချပ်ခနဲ ညင်သာသည့်အသံ ထွက်ပေါ်လာပြီး သော့ခလောက်က ပွင့်သွားသည်။ မိန်းကလေးကလည်း သော့ကို အလွယ်တကူ ပွင့်အောင် ဖွင့်နိုင်သည်။ သူတို့ တတိယအကြိမ် ပြိုင်တူပြုံးမိသည်။ အိမ်ကလေး၏ တံခါးမသည် အလွယ်တကူ ဖွင့်နိုင်ခဲ့သည်။ မိန်းကလေး၏ လက်ကို ဆွဲလျက် အိမ်ကလေးထဲသို့ လှမ်းဝင်လိုက်ချိန်တွင် ဝန်းကျင်တစ်ခုလုံး မှောင်သွားသည်။ တံခါးမကြီးသည် အလိုလို ပြန်ပိတ်သွား၏။


ရုတ်တရက် ဖြစ်ပေါ်လာသော အမှောင်ကြောင့် ရှေ့ကို ဆက်လှမ်းမသွားနိုင်သေး။ တစ်ဦးလက်ကို တစ်ဦး ဆုပ်ကိုင်လျက် အတန်ကြာအောင် စောင့်ကြည့်နေမှ အမှောင်တွင် တဖြည်းဖြည်း ကျင့်သားရလာသည်။ ထို့နောက် အိမ်ကလေး၏ ပြတင်းပေါက်တံခါးများကို လိုက်ဖွင့်ကြသည်။ အိမ်ကလေးက လင်းလင်းကျင်းကျင်း ပြန်ဖြစ်လာ၏။ အိမ်ကလေး၏ အတွင်းပိုင်းကို လျှောက်ကြည့်တော့ ကျောက်စားပွဲဖြူဖြူတစ်လုံးကို တွေ့ရသည်။ ထိုကျောက်စားပွဲ အထက်တွင် ရိုးတံတစ်ခုက ထမ်းပိုးထားသည့် အနီရောင်နှင်းဆီပန်းတစ်ခိုင်။ သူ အမှတ်တရ လက်ဆောင်ပေးချင်လာသည်။ ထို့နောက် ပန်းအိုးလေးကို လှမ်းယူလိုက်သည်။ အနည်းငယ်သေးငယ်သော်လည်း ကြွေသားဖြင့် ပြုလုပ်ထားသော ပန်းအိုးလေး။ ပန်းအိုးလေးကို ညင်သာစွာ ကိုင်တွယ်ပြီး မိန်းကလေးဆီ ကမ်းလိုက်သည်။ မိန်းကလေးက ပြုံးလျက် လက်ခံရှာသည်။ ထိုပန်းအိုးလေးကို မိန်းကလေးလည်း ကျိုးပဲ့ပျက်စီးမှာ စိုးရိမ်နေပုံရ၏။

မိန်းကလေး၏ ဆံစလေးများကို သပ်တင်လိုက်ပြီး နဖူးပြင်ပြေပြေကလေးအား ဖွဖွမွှေးကြူလိုက်ချိန်တွင် မျက်လုံးလေးများ အလိုလို မှိတ်သွားကြလေ၏။ ■

**ကိုစက်ဖေ**

ပန်းအိုးလေးကို
ညင်သာစွာ
ကိုင်တွယ်ပြီး
မိန်းကလေးဆီ
ကမ်းလိုက်သည်
မိန်းကလေးက
ပြုံးလျက်
လက်ခံရှာသည်
ထို
ပန်းအိုးလေးကို
မိန်းကလေးလည်း
ကျိုးပဲ့ပျက်စီးမှာ
စိုးရိမ်နေပုံရ၏

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# ဝိညာဉ်ဖြူ ဘယ်သူဆေးခြယ်ပါ့

## ခင်ဆွေဦး

ရင်ထဲမှလာသော အသံနှင့်
စကားပြောရင်း ငိုနေသည်
ကလေးငယ်ကဲ့သို့သော မျက်နှာတွင်
ရိုးသားဖြူစင်ခြင်း အရိပ်သည် ထင်ဟပ်
နေသည်။ ဆင်းလည်း ဆင်းရဲသည်
အသိပညာလည်း မဲ့သည်ဟု ဝန်ခံကာ
ငိုနေသော မယားအလှကို
ကိုထွန်းရှင်က တွေတွေကြီး
စိုက်ကြည့်လိုက်သည်

၁။

စိမ်းစိမ်းလန်းလန်း ညိုဖပ်သော သစ်ရွက်များနှင့်
သရက်အုပ်ညိုညိုတို့သည် အမြင်ကို
အေးချမ်းစေသည်မှာလည်း အမှန်ပင်။
ဝါးရုံပင်တို့၏ ထူးကဲသန့်စွမ်းသော လုံးပတ်
စိမ်းမှောင်မှောင်တို့၏ ဝါးဆစ်များ၊
ဝါးဆစ်ထိပ်ဖျားမှ ဝါးတို့
နွဲ့ဟန် ယိမ်းကဟန်တို့ကလည်း
အနုစိတ်လှသည်မှာလည်း အမှန်ပင်။
ရန်ကုန်မြို့ တစ်နေရာ တစ်ဌာန ထိုတောအုပ်အကြားမှ
ညိုရင့်ရင့် ခနိမိုးနှင့် ဝါးကပ်ကာ ဘုန်းကြီးကျောင်း
တို့မှာလည်း အရိပ်ခိုနားရာဖြစ်သည်မှာ အမှန်ပင်။
ထို့ပြင် ထိုကျောင်းများအနီး စေတီတစ်ဆူမှ
ဆည်းလည်းသံတို့သည်လည်း သာယာသော
တေးဂီတကို ဖန်တီးနေခဲ့သည်။ သို့သော်လည်း
ထိုစေတီထဲမှ ငိုသံတစ်ချက် ခပ်သဲ့သဲ့ကြားရပြီးနောက်
လူတွေ အုံနေတာကို တွေ့ရပြန်တော့
ဘာများဖြစ်လိမ့်မလဲဟု လုံးတင်က
အထိတ်တလန့် စူးစမ်းချင်သလို ပြေးကြည့်မိသည်။
စေတီ ရာဟုထောင့်ဘေးတွင် မိန်းမငယ်တစ်ယောက်
ငိုသလို ရယ်သလို တိမ်းမူးယိမ်းယိုင်ဖြစ်နေကာ
သူ့အနီးမှ အမေနှင့်တူသူ အမျိုးသမီးက
ပွေ့ဖက်လျက် ယပ်ခတ်ပေးနေတာကို တွေ့ရသည်။
ဝိုင်းအုံရပ်ကြည့်နေကြသော 'ဈ' ရပ်ကွက်မှ
လူစုသည် များသည်ထက် များလာသလိုပင်။
ခပ်စောစော ဆုတောင်းပြည့်စေတီတော်

အမှတ် ၃၄၃၊ ဇွန်၊ ၂၀၁၈

ရုပ်စုံမဂ္ဂဇင်း

ရွှေဝတ္ထုများကို ပြန်လည်တူးဖော်ခြင်း

*စာရေးဆရာမကြီး ခင်ဆွေဦး ရေးသားပြီး ၁၉၇၉ ခုနှစ်၊ ဇွန်လထုတ် မိုးဝေမဂ္ဂဇင်းတွင် ဖော်ပြပါရှိခဲ့သည့် 'ဝိညာဉ်ဖြူ ဘယ်သူဆေးခြယ်ပါ့' ဝတ္ထုကို ပြန်လည်ဖော်ပြပါသည်။*



www.burmeseclassic.com

www.burmeseclassic.com

ပရိဂုဏ်ကအထွက် မြေနီလမ်းအနီးတွင် ဆိုက်ကပ်ထားသော ကိုယ်ပိုင်ကားနှစ်စီးနား ဝိုင်းအုံနေခဲ့သော ကလေးတစ်သိုက် သည်ပင်လျှင် သည်ဘက်သို့ အာရုံကူးပြောင်းလာကာ အပြေးအလွှား ရောက်လာကြလေသည်။

❑

၂။

လုံးတင်သည် ခေါင်းရွက်ဈေးသည်လေးများအကြားမှ အသာတိုးဝင်လာကာ တစ်စတစ်စနှင့် မြင်သာသော နေရာအရောက်တွင် သတင်းမေးမြန်းပြီး အချက်အလက် စုဆောင်းရသလောက် စုဆောင်းမိပြီးဖြစ်သည်။

'ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ'

နောက်မှ ရောက်လာသူတို့အား စိတ်ကျေနပ်စေရန် လုံလောက်သော အဖြေများ လုံးတင် ပေးနိုင်ပြီဖြစ်သည်။ သူ့ကိုယ်သူ ကျေနပ်အားရခြင်းလည်း ဖြစ်မိသည်။

'ကောလိပ်က ကောင်မလေးပဲ။ အဲဒါ သူ့အမေနဲ့ ဆုတောင်းပြည့်ဘုရားလည်း ရောက်ရော ငိုလိုက်၊ ရယ်လိုက် ဖြစ်လို့'

'ဩော် ဒါများ'

လုံးတင် ဘေးက ကောင်လေးတစ်ယောက်ကတော့ ပခုံးတစ်ချက် တွန့်ကာ သူ နင်းလာသော ဆိုက်ကားရပ်ထားသော နေရာသို့ ခပ်သုတ်သုတ် ပြန်သွားသည်။

'ဩော် ဒါများ လုပ်မနေနဲ့ ချစ်အေးရဲ့၊ ခုဟာက ဆန်းတယ်'

လုံးတင်က ချစ်အေး နောက်ကျောကို ဆတ်ခနဲ လှမ်းကြည့်ပြီး မျက်စောင်းတစ်ချက် ဝင့်လိုက်သည်။ သူ့လက်ထဲမှ သင်လက်စ မချစ်စု သရက်သီးတစ်လုံးကို ကျစ်ကျစ်ပါအောင် လက်ထဲဆုပ်ကိုင်ပြီး ရှေ့သို့ ခြေတစ်လှမ်း တိုးကြည့်ပြန်သည်။ ပြန်သွားကြသော ခေါင်းရွက်ဈေးသည် အချို့၏ နေရာကွက်လပ်များ အားသွားသဖြင့် နည်းနည်း အသက်ရှူချောင်သွားသည်။

'ကောင်မလေးက ချောတော့ ချောသားနော်'

'ချောတာတော့ မချောပါဘူး၊ မင်းသမီးတွေလို ပြင်ထားလို့ပါ'

'လှပါတယ်တော့'

လူတွေ ပြောသံဆိုသံကြားထဲ လုံးတင်ကတည်း သူ့ထင်မြင်ချက်ကို မရမနေတစ်ချက် ပစ်သွင်းလိုက်သည်။

'ဖြူတာလေးပါပဲ။ ဒီလို ၁၉ နှစ် ၂၀ အရွယ်မျိုးကတော့ ချစ်စရာကောင်းတာပေါ့'

'အနားက နေကာမျက်မှန်ဝိုင်းကြီး တပ်လို့ ယပ်ခတ်ပေးတဲ့ အမျိုးသမီးက သူ့အမေလား'

'ဟုတ်မယ်၊ ဟုတ်မယ်။ သမီးလေး သမီးလေးလို့ ပျာယာခတ်နေတာပဲ မတွေ့ဘူးလား'

'ယောဂီဝတ်စုံနဲ့ ပုတီးကိုင်ထားတဲ့ အမျိုးသမီးကရော'

'ဒီဘက်က အပျိုစားယောဂီကို မေးတာ မဟုတ်လား။ ခပ်စုတ်စုတ် မဟုတ်ဘူးလေ'

'နင့်နှယ်ဟယ်၊ လုံးတင်တစ်ယောက်ဟာ ပြောလည်း ပြောတတ်ပါ့။ အပျိုစား ယောဂီရယ်လို့'

'ဟုတ်တယ် အဒေါ်ရဲ့။ သူ့ယောဂီဝမ်းဆက် ဝတ်ထားတာကြည့်၊ တကယ်မိတယ်။ ဖိနပ်တောင် စင်ကာပူဖိနပ်ခေါ်တယ်တဲ့။ အညိုရင့်ရောင်လေး။ လိုက်တယ်နော်။ ဘရာစီယာကလည်း အကောင်းစားတော့၊ လက်သည်း အညိုရောင်ဆိုရင် အဲလို တောက်တာမျိုးက နိုင်ငံခြားဖြစ်'

'ဟဲ့ ကြားသွားပါ့မယ်ဟယ်'

'မကြားပါဘူး၊ အဝေးကြီးဥစ္စာ။ အဲဒီမိန်းမက ဟိုလိပ်ခုံးကားဖြူဖြူနဲ့ လာတာတဲ့။ ခု မူးလဲနေတဲ့ ကောင်မလေးက ဒီဘက်က တိုယိုတကား အဝါစိမ်းက'

'အဲဒီမိန်းမကြီး ဒီကို ခဏခဏ လာတာတော့ တွေ့ဖူးပါတယ်။ ရာဟုထောင့်မှာ ထီးတွေ၊ ပန်းတွေ လာလာကပ်တာ ၁၀ ကျပ်ဖိုး အနည်းဆုံးရှိမယ်။ နှင်းဆီတွေမှ 'အက်'လို့ လှလိုက်တာ'

'သူတို့က ပိုက်ဆံ သိပ်သုံးနိုင်တာ။ ပိုက်ဆံအိတ်တောင် ၂၀၀ ကျော် ပေးဝယ်သုံးတာမျိုး'

လုံးတင် ဝမ်းနည်းစိတ်နှင့် ငိုင်နေမိသည်။ ငါ သရက်သီးရောင်းလို့ တစ်နေကုန်သွားတာ တစ်လတစ်လ ဝင်တဲ့ ပိုက်ဆံတောင် ဒါလောက် မရှိဘူး။ အို ကိုထွန်းရှင်ရတဲ့ ဘီစကွတ်စက်ရုံ လုပ်အားခ လစာထက်တောင် များသေး။

'သူတို့က လူချမ်းသာတွေပဲ ထင်ရဲ့'

'အင်းလေ၊ ဒါလောက် ချမ်းသာနေမှ ငိုရ၊ ရယ်ရနဲ့ အဖြစ်က'

'အဲဒီကောင်မလေးက ဘာဖြစ်တာလဲ'

'သူက ရှေးတုန်းက ဘုရင်တစ်ပါးရဲ့သမီးတော်တဲ့တော်။ ဒီဘုရား မြင်တော့ သူ့ဘဝဟောင်းကို အောက်မေ့ပြီး ငိုတာ။ ဒီဘုရားဟာ သူ့ခမည်းတော် တည်ခဲ့တာတဲ့။ ခုကတော့ အသစ်ပြန်တည်တာကိုး။ နန်းဟန် ပန်းဟန် စကားတွေလည်းပြောတယ်။ သူ့ခမည်းတော်ကိုလည်း ဖူးမြင်ချင်လိုက်တာတဲ့တော်'

'အဲဒါ ဘဝဟောင်းက အဆက်အနွယ်ပေါ့'

'မသိပါဘူး၊ သူ့အမေက ဟိုအမျိုးသမီးတွေကို ပြောပြတာတော့ သူ့သမီးလေးက ဘုရင်သမီးတော် အထုံပါလာတာမို့ မသန့်တဲ့အရပ်တွေ ဘာတွေ သွားလို့မရဘူးတဲ့။ အသုဘအိမ်ဆိုရင် တစ်ကိုယ်လုံး ယားယံလာရောတဲ့။ သင်္ချိုင်းဆို ဘယ်တော့မှ မသွားရဘူးတဲ့'

'သူ သေမှ သွားရမှာပေါ့နော်'

လုံးတင်အနီးမှ ခုနစ်နှစ်သား ကလေးတစ်ယောက်က ဖျတ်ခနဲ မေးလိုက်လေသည်။

'ဟဲ့ သေမှတော့ သွားရမှာပေါ့။ လူကြီးတွေ စကားပြောတဲ့အထဲ နားမလည်ဘဲ ဝင်မပြောနဲ့'



www.burmeseclassic.com

www.burmeseclassic.com

လုံးတင်မှာ သူ့စကားစ ပြတ်သွားသဖြင့် နှုတ်ခမ်းတလန်ပန်းတလန်နှင့် အနားက ကောင်လေးကို ပေါက်လိုက်သည်။ ကောင်လေးက မျက်လုံးလေး ပေကလတ် ပေကလတ်နှင့် နှပ်တစ်ချက်ရှုံ့ကာ အပြစ်ရှိသူပမာ အသာငြိမ်သက်နေသည်။ လုံးတင်သည် စိတ်ဝင်စားကာ ထက်သန်နေဆဲမို့-

'သူ့နာမည်က မေမာသီတဲ့'

'မေမာသီ'

'အင်း… ချစ်စရာလေးနော်။ သူ့အမေက မမကေသီဆိုလား၊ သူတို့ခေါ်သံကြားတာပဲ။ အဲဒီ မေမာသီရဲ့ ခမည်းတော်ဟောင်း ဘုရင်ကလည်း ခု ဘယ်နိုင်ငံမှာ ဆိုလားပဲ။ ဘာဆိုလား မသိဘူး ဖြစ်နေတာတဲ့။ အဲဒီဘုရင်ဆိုတဲ့ လူကြီးအိမ်ကို မိတ်ဆက်သွားပြီး အဲဒီအကြောင်း ပြောပြဖို့ဟာ မပြောလိုက်ရလို့ ကောင်မလေးအမေက စိတ်မကောင်းဘူးတဲ့'

'ပြောလို့ ဘုရင်ဆိုတဲ့ လူကြီးက ယုံမလား'

'ယုံမှာပါတဲ့'

လုံးတင်သည် သူ စကားပြော လောသွားတာကို သတိရကာ ခေတ္တငြိမ်သွားပြီးမှ-

'ကောင်မလေးက အဲဒီလူကြီးအကြောင်းကို အဝေးကနေ လှမ်းလှမ်းသိနေတယ်တဲ့။ တော်နေကျ ဖေဘုရား ဖျားနေတယ်၊ ဖေဘုရား ရာထူးတိုးမယ်၊ ဖေဘုရား အိမ်မှာ ဘာပစ္စည်း ပျောက်တယ်ဆိုတာကအစ စုံစမ်းရင် မှန်လွန်းလို့တဲ့'

'အဲဒါ သူ့အမေက ပြောတာလား'

အနားက လူတစ်ယောက်က မေးသည်။

'အင်းပေါ့'

'သူ့အမေက ပြောတယ်ဆိုတော့ ဖြစ်နိုင်ပါတယ်'

တစ်စုံတစ်ယောက်က ပြောတော့ စောစောက မေးခွန်းထုတ်သူက ခပ်အုပ်အုပ် ရယ်မောနေသည်။

'အဲဒီလူကြီးကို မပြောလိုက်ရတာတော့ နာတယ်နော်။ နိုင်ငံခြားပစ္စည်းတွေ ဘာတွေ မှာလို့ မရတော့ဘူးပေါ့'

'သြော် လုံးတင်တစ်ယောက်ကလည်း ရူးတယ်ဆိုမှပဲ ဖော်ပြနေပြန်ပြီ။ နိုင်ငံခြားပစ္စည်း နင်လည်း ရမှာမဟုတ်ဘဲနဲ့'

'နေစမ်းပါ အဒေါ်ရဲ့။ ကျုပ်ကလည်း ဒါတွေ မမက်မောပါဘူး။ စကားအဖြစ် ပြောတာပါ။ ကောင်မလေးကလည်း ခုဘဝမှာ သူလည်း ကောင်းစားတာပဲ။ သူ့ကို မေမြို့မှာ မွေးတာတဲ့'

'မေမြို့မှာ မွေးတာနဲ့ ကောင်းစားရောလား'

ပုဆိုးစိမ်းနှင့် ချွေးတွေ ရွှဲနစ်လျက် ချဉ်စော်နံနေသော ၁၀ တန်းကျောင်းသားအရွယ် ကောင်လေးက ပြောလိုက်သည်။

'ဟဲ့ ဖိုးညိုရဲ့၊ ရှေးတုန်းက မျက်နှာဖြူ ဗိုလ်ကြီးတွေ နေခဲ့တဲ့မြို့မှာ မွေးတာ ကံကောင်းလွန်းလို့တဲ့။ သူ့အမေပြောတာ ဒါလေးက မေမြို့မွေးလေးတဲ့'

'အင်္ဂလန် မွေးရင် ပိုကံကောင်းမှာပေါ့နော်'

ပြောင်သည်လား၊ နောက်သည်လား မသိ။ တစ်စုံတစ်ယောက်က ဝင်ထောက်ဆဲ။

'ဖင်လန်မှာတော့ မမွေးချင်နဲ့၊ ကြည့်ကောင်းမှာ မဟုတ်ဘူး'

အဘယ် လူရှုပ်လူနောက်က ဝင်ပြောသည် မသိလိုက်ရ။ လုံးတင်ကတော့ မျက်တောင်လေး ပုတ်ခတ်လုပ်လျက်-

'စကားကောင်း ပြောနေတာတော့ မနောက်ကြနဲ့'

အံ့သြစရာကောင်းလောက်အောင်ပင် လုံးတင်သည် စိတ်ပါဝင်စားမှု ပြင်းထန်လျက်ရှိသည်။ သူ့မှာ နည်းနည်းမှ ငြီးငွေ့နိုင်ခြင်းမရှိ။ ကိုယ့်အလုပ် သူ့အလုပ်နှင့် အသီးသီး ပြန်သွားကြသော်လည်း လုံးတင် မပြန်နိုင်သေး။ ကလေးတွေပင် ကြာတော့ ပျင်းလာဟန်ရှိသည်။ ကလေးတစ်သိုက် စေတီပရိဝုဏ်မှ ထွက်ကာ ကားနားတွင် ရစ်ဝဲနေကြပြန်သည်။

လုံးတင်သည် ကားနားမှ ကလေးတစ်အုပ် ဆူညံနေသည်ကို ကြည့်ရင်း ကားတွေကို ငေးကာ-

'တို့ ရပ်ကွက်နာမည်ကလည်း အပျံစားပဲ၊ ဈ ရပ်ကွက်။ ကားသာဆိုရင် ဘယ်လောက် အဖိုးတန်လိုက်မလဲနော်။ ငါ့ကို ဘာလို့များ လူချမ်းသာဗိုက်ထဲ မဝင်စားစေတာလဲ။ အမေတို့၊ အဖေတို့ လင်သည် ကိုထွန်းရွှေတို့လို ဆင်းရဲသား ဝမ်းဗိုက်မှာ သန္ဓေတည်စေရတာလဲ။ ကြည့်စမ်း၊ ကောင်မလေးဟာ အရင်တုန်းက ဘုရင့်သမီး၊ ဒီဘဝမှာ သူဌေးကြီး သမီးလား၊ အရာရှိကြီး သမီးလား၊ ကောင်းတော့ ကောင်းစားတာပဲ။ အံမယ် သူ ဟိုတုန်းကအကြောင်း နန်းဟန်အသံပဲ ပြောတာ နားထောင်ကောင်းရကောင်းနဲ့။ အင်းဟင်း ရှေးက နန်းဟန်အသံပဲဟာ၊ ငါသိလို့လား။ ဟုတ်သေးပါဘူး။ တစ်ခါမှလည်း မကြားဖူးဘဲနဲ့'

လုံးတင်သည် သူ့ဘာသာသူ ရယ်ချင်သလိုဖြစ်ပြီး ရှက်သွားသည်။ ငါ တွေးတာ ဘယ်သူမှ မသိလို့ တော်ပါသေးရဲ့။ ဘေးဘီကို အသာခိုးကြည့်ပြီးမှ မေမာသီကို အားပါးတရ စိုက်ကြည့်နေမိပြန်သည်။

❑

၃။

မေမာသီ အသံဝဲပြောတာ နားထောင်ကောင်းသည်ဟု အောက်မေ့ပြီးမှ တစ်ချက် သတိရသည်။ မေမာသီ စကားဝဲပြောတာ ရုပ်ရှင်ထဲမှ ရုပ်ရှင်မင်းသမီးတွေ ရှမ်းသံဝဲတာနှင့် တူသလိုလို၊ ကရင်သံဝဲတာနှင့် တူသလိုလို၊ ကချင်သံဝဲတာနှင့် တူသလိုလိုရှိသည်။ နောက်ဆုံး ဤသုံးမျိုးကို တစ်လှည့်စီ ဝဲနေသည်ဟုလည်း ထင်မိသည်။

'ဖေဖျားနဲ့ မေမာနဲ့ တစ်နေ့ကျ တွေ့မှာပါ မာမီရယ်'

ခုဘဝ မာမီကို ဖက်ထားသည်။ လုံးတင်သည် သူတို့ သားအမိနှစ်ယောက်ကို ငေးကြည့်ရင်း တောင်စဉ်ရေမရတွေ တွေးပြန်သည်။ ဟိုတုန်းက ငါ ဘာဖြစ်ခဲ့ပါလိမ့်။ လူလား၊ နတ်လား၊ ဘီလူးလား၊ ခွေးလား၊ ဝက်လား။ ဒီနေ့ အချိန်အခါမှာတော့ ဝက်မဖြစ်ချင်ဆုံးပဲ။ ဝက်က ဈေးပေါပေါနဲ့ အလုပ်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်လို့ ဝက်ချည်းပဲ စားနေကြတာ။ မှိန်းနဲ့ချည်း အသတ်ခံရတော့မှာပဲ။ ဒီကြားထဲ ဝက်သားနေရာ ခွေးသား အစားထိုးရောင်းသေး။ တစ်လောက ချက်စားတဲ့ ဝက်သားဆိုတာ မသက်သာပါဘူး။ အသားက နူးလည်း နူးညံ့ ချိုမြမြနဲ့။ ဒါ စားပြီး ပူလွန်းလို့ ရေချည်း ချိုးချင်နေတာ'

နွေခေါင်ခေါင် မိုးရေကလည်း ရှားပါးလှသည်။

ရေဆို၍ ခုမှ သတိရသည်။ ရေဘုံပိုင်တွင် ရေပုံးထားခဲ့တာ ကိုယ့်အလှည့်ရောက်ပြီလား မသိ။ ပုံးတန်းက အရှည်ကြီးရယ်။ ဈေးရောင်းရတာ တစ်ဖက်နှင့် ရေခံရတဲ့အလုပ်က တစ်ဖက်။

မေမာသီ အိမ်ဆို ရေပိုက်က ဖွေးခနဲ စီးကျလာမှာပဲနော်။ သူတို့အိမ်ကလည်း အပျံစားလား မသိ။ ကြွေရေချိုးကန်လည်း ရှိမလား မသိ။ နိုင်ငံခြား ရုပ်ရှင်ထဲကလို မျက်နှာသုတ်ပဝါကြီး ပတ်လျက် ရေချိုးကန်သွားမည် ထင်သည်။ ဒီလို ဖြူဖြူနွဲ့နွဲ့နှင့် မိန်းကလေးမျိုးသည် ရုပ်ရှင်ထဲကလို ကြည့်ကောင်းမည် ထင်သည်။

လူ့ဘဝတွင် လူဖြစ်လာရတာ လူအဖြစ်က ဘာလို့များ ကွဲပြားခြားနားနေရသလဲ။ လှတာ၊ အရုပ်ဆိုးတာ၊ ပိန်တာ၊ ဝ,တာ၊ ပညာတတ်တာ၊ မတတ်တာတွေ ကွဲပြားခြားနားပါစေတော့။ ပိုက်ဆံရှိတာ၊ မရှိတာတော့ မခြားနားဘဲနေရင် ဘယ်လောက် ကောင်းမလဲနော်။

'မာမိုသမီးလေးကိုတော့ နောက် ဘုရားစေတီတွေဆီ ခေါ်လာလို့ မဖြစ်ဘူး။ အိမ်မှာပဲ စိတ်မှန်းနဲ့ ဖူးတော့နော်။ ဒါကြောင့် မမကေသီကို ဆရာက ပြောတာ။ ညီမရဲ့ ကလေးက စေတီပေါင်းတွေဆီ သွားရင်လည်း မရဘူးတဲ့။ တစ်ယောက်တည်းလည်း မလွှတ်နဲ့တဲ့၊ သိုက်က ခေါ်မှာကြောင့်'

လုံးတင် ကြက်သီး ဖြန်းခနဲ ထ,သွားသည်။ အရေးထဲ လုံးတင် နောက်မှ ကောင်လေးနှစ်ယောက် အငြင်းပွားနေကြသည်။ ဘယ်စကားစ ဘယ်လိုစ၍ ဘယ်လိုငြင်းကြသည် မသိ။

'ဟော့၊ မင်း နောက်ဘဝရှိတယ်ဆိုတာ အခိုင်အမာ သက်သေပြနိုင်လား'

'ဟ၊ ဒါမျိုး ဘယ်ပြနိုင်မှာလဲ၊ ရှိတယ်လို့ ငါ ယုံတာပေါ့'

'ငါလည်း ယုံချင်ပါတယ်၊ ရှိလည်း ရှိစေချင်ပါတယ်'

'မင်းက မရှိဘူး ထင်လို့လား'

'မရှိပါဘူးကွ'

'ရှိပါတယ်ကွာ'

'မရှိပါဘူး၊ ဟော့ ရှိတယ်သာ အာမခံချက် အသေအချာ ပေးနိုင်ရင် ငါ အခုချက်ချင်း ငါ့ကိုယ်ငါ သတ်သေတယ်'

'ကဲ သက်သေတော့ ရှိတယ်ကွ'

'ရှိရင် တကယ် သတ်သေတယ် သူငယ်ချင်း။ ငါ ဒီဘဝမှာ မနေချင်ဘူးကွ'

လုံးတင်က နောက်ဘက်သို့ မျက်စောင်းတစ်ချက် လှည့်ထိုးကာ ဒီကောင်လေးတွေဟာ တောင်စဉ်ရေမရတွေ ငြင်းနေတာပဲ။ ဘာမှလည်း နားမလည်ဘဲနဲ့ဟု စိတ်ကြီးဝင်လျက် တွေးမိပြန်သည်။ စောစောက တစ်ကိုယ်လုံး ချဉ်စော်နံနေသည့် ၁၀ တန်း ကျောင်းသားအရွယ် ဖိုးညှိဆိုသည့် ကောင်လေးနှင့် အပေါင်းအသင်းတွေပဲဖြစ်မည် ထင်သည်။ ရေမချိုးသည့် ချဉ်စုတ်ကောင်လေးတွေ။ အေးလေ၊ ရေကလည်း မရှိဘဲကိုး။ လုံးတင်ပင် တစ်မနက်ခင်းလုံး ရေမချိုးရသဖြင့် အနေရအထိုင် ရ ခက်နေသည်ကို အမှတ်ရမိသည်။ ငါလည်း လက်ပပ်စော်နံနေမှာပဲ။ သူ့ကိုယ်နံ့ကို သူ မသိမသာ ရှူကြည့်ပြီး နှာခေါင်း ရှုံ့လိုက်သည်။

ကောင်လေးတွေ ပြန်ခါနီးတော့ တစ်စုံတစ်ရာကို ပြောင်ပြက်ရင်း ရေရွတ်သွားကြသည်။ 'ဒီကမ္ဘာမှာ ကျွန်တော် အနံဆုံး'တဲ့။ သူတို့ဘာသာ သူတို့လည်း သိသားပဲ။ လုံးတင်သည် တစ်ယောက်တည်း ကျိတ်ရယ်ကာ ကျန်ရစ်ခဲ့သည်။

❑

၄။

လူတွေလည်း တစ်စတစ်စ နည်းပါးသွားပြီ။

မေမာသီ နဖူးချွေးများကို ဒေါ်ကေသီက သုတ်ပေးလိုက်သည်။ လုံးတင်သည် သူတို့နှင့် အနီးကပ်ဆုံး နေရာသို့ တရွေ့ရွေ့ တိုးလာသည်။ သူတို့ကိုယ်ကလား၊ လက်ကိုင်ပဝါကလား မသိ၊ မွှေးလိုက်သည့်ဖြစ်ခြင်း။ ရေမွှေးနံ့မှာ သင်းသင်းလေး ပျံ့မွှေးနေသည်။ မျက်နှာမှာ ပေါင်ဒါရနံ့ကလည်း ချွေးနံ့နှင့် ရောနေသော်လည်း မွှေးမြ။

'အင်း ဒီနေ့တော့ မေမာရဲ့ ဖေဖျားဘဝ၊ မနက်ဖြန်တော့ မမကေသီရဲ့ ကိုကြီးကျော် ဇာတ်လမ်းကလည်း ရှိသေးတယ်'

ဒေါ်ကေသီက ဟန်ဆောင် စိတ်ရှုပ်သလို အမူအရာနှင့် ရယ်လျက် ပြောသည်။

'ဘယ်အိမ်မှာလဲ'

'ဦးငွေးမြင့်တို့ အိမ်မှာလေ'

'ဘယ်အိမ်လဲ၊ အိမ်ကြီးလား အိမ်သေးလား'

'ဟင်း ဟင်း လုပ်ရေ့မယ် ညီမကလည်း အိမ်ကြီးပေါ့။ သူ့မယားကြီးရဲ့ သားက တစ်လောက ထီပေါက်တယ်လေ။ မင်းကလေးက အိပ်မက်ပေးတာတဲ့။ အဲဒီအိပ်မက်ထဲက ဂဏန်းအတိုင်း ထိုးတာ'

'ဘယ်လောက် ပေါက်တုံး'

'ငါးသောင်း'

'ဩော် ရတနာရှိရာ ရတနာစုပဲ'

သူတို့ပြောသော စကားကို လုံးတင် အကုန်နားမလည်။ ဗမာစကားအစစ်မှ ဟုတ်ရဲ့လား။

ထိုအခိုက် မေမာသီတို့လည်း ပြန်သွားကြပြီ။

မေမာသီနှင့် ဒေါ်ကေသီတို့ဇာတ်လည်း ဤတွင် နိဋ္ဌိတံလေပြီ။

❑



www.burmeseclassic.com

www.burmeseclassic.com

၅။

လုံးတင်၏ ဇာတ်ကတော့ ဤနေ့အဖို့ အဆုံးမသတ်။

အိမ်အပြန် လုံးတင်၏ ရေပုံး ပျောက်တာကို သိရသည်။ မောင်လေး အစောင့်ထားခဲ့လျက် ဘယ်သူ အလစ်သုတ်သွားသည်မသိ။

အဖေနှင့်အမေတို့ ဆူကြသည်မှာ ဝက်ဝက်ကွဲ။ ရေနံဆီပုံး တစ်ပုံး အစိတ် သုံး,လေးဆယ်တန်သည်ကိုလည်း လုံးတင် မစဉ်းစားချင်။

'ကျုပ် ပြန်ဝယ်ပေးပါ့မယ်တော်'

မရဲတရဲ ပြောလည်း မရ။ ဘာထူးလဲ။ ပိုက်ဆံ အလကား ရသလားတဲ့၊ မချစ်စု သရက်သီးစိတ် ရောင်းတာလည်း ကနေ့အဖို့ နှစ်ကျပ်တစ်မတ်ပဲ ရသေးတယ်။

'ပိုက်ဆံက အလကားရတယ်ပဲ ရှိမလားတော်၊ ကျုပ် သိတာပေါ့'

လုံးတင်သည် ဆူလွန်းမက ဆူလာတော့ နှုတ်လုန်ထိုးသည်။

'ဘုရင့်သမီး ဖြစ်တာနဲ့ နင်နဲ့ ဘာဆိုင်လို့လဲ'

'ဆိုင်တော့ မဆိုင်ဘူးပေါ့၊ ဗဟုသုတလေး ဘာလေး ရလိုရငြား သွားကြည့်တာပေါ့'

'ဘာဗဟုသုတလဲ။ ဒါမျိုး ဗဟုသုတက နင့်ကို ထမင်း ကျွေးထားလား'

အမေက မြည်သံရှည်ကြီးနှင့် မြည်ပြန်သည်။

'နင်လား နင်၊ ထွန်းရှင်လို လင်မို့ ငါလိုဆို ကွာပစ်တယ်'

'အို ကွာပေါ့။ လင်ပဲ ပေါလွန်းလို့'

အမေ့စကားကို မခံချင်သဖြင့် ပြောမိပြောရာတွေ ပြန်ပြောသည်။

'ဟဲ့ မိလုံး၊ ဒါ ဘာစကားလဲ'

အမေက ထ,ဟောက်သည်။

'ဘုရင့် သားအဖဇာတ် သွားကြည့်မိတာနဲ့ တကတဲ ရာဇဝတ်မှု ကျူးလွန်တာကျနေတာပဲ'

မကြားတကြား ပြန်ပြောပြီးမှ အဖေ မကြားပါစေနှင့် ကပျာကယာ ဆုတောင်းလိုက်ရသည်။ အမေကတော့ ကတ်ကတ်သတ်သတ် ကြားလိုက်ပြီး-

'တစ်နေ့လုပ်မှ တစ်နေ့စားရတာကို ခု အလုပ်ပျက်တော့ နင့်ကို ဘယ်သူက ကျွေးမှာလဲ။ ကြည့်စမ်း၊ ဈေးရောင်းတာ ဆန်တစ်ပြည်ဖိုးတောင် မရဘူး။ ငါ ဟောဒီပိုက်ဆံဘူး မြင်ရင် အသည်းယားတယ်၊ စိတ်တိုတယ်'

ကိုထွန်းရှင် ပြန်လာတော့ အခြေအနေက ပိုဆိုးသည်။ စကားနည်းသလောက် စိတ်တိုကာ အလုပ်က မောမောပန်းပန်း ပြန်လာသော ကိုထွန်းရှင် လုံးတင်၏ တင်ပါးကို ခြေထောက်နှင့် နှစ်ချက် ကန်သည်။ ရေနံဆီပုံးက ကိုထွန်းရှင် ဝယ်ပေးထားတာ ဖြစ်သည်။ ရှိစုမဲ့စု ဆင်းရဲသားတို့၏ အိမ်ထောင်ဦးပစ္စည်းလည်း ဖြစ်သည်။

'မှတ်ထား၊ နင့်လင် ကိုကြီးကျော် ရှိရာနောက် လိုက်ကြည့်တာမှ ကြက်သားကြော် စားရဦးမယ်၊ ခုဟာက အရည်မရ…'

ခါတိုင်း ညာညာတာတာ ကန်နေကျ။ ဒီတစ်ခါ ခါးရိုးမျက်သွားအောင် အကန်ခံရသဖြင့် လုံးတင်သည် ရှူးရှူးရှားရှားဖြစ်ကာ-

'အို လိုက်မယ်၊ လိုက်မယ်။ ဘာဖြစ်သေးလဲ။ ဘုရင့်ဇာတ်ဖြစ်ဖြစ်၊ ဘုရင့်သမီးတော်ဇာတ်ဖြစ်ဖြစ် ကျုပ်ဘာသာ ကျုပ် သွားကြည့်တာ တော်က ဘာမနာလိုတာလဲ။ လာသမျှ ဇာတ်တွေ အကုန်ကြည့်ပစ်မယ်။ ဒီဘုရားမှာကို ကျုပ် သွားနေပြီး ကြည့်ကို ကြည့်ပြမယ် မှတ်ပလား'

လုံးတင်က ငိုရှိုက်သံနှင့်အတူ အော်ကြီးဟစ်ကျယ် ခုနစ်သံတင်ကာ ပြောလိုက်လေသည်။ ကိုထွန်းရှင်က သူ့မိန်းမ၏ ကလေးဆန်သော မျက်နှာကို စိန်းစိန်းဝါးဝါး ကြည့်ကာ မသိမသာ လျော့ကျလာသော မျက်နှာထားကို ပြန်တင်းလျက် တောက်တစ်ချက် ခေါက်သည်။

'တောက်၊ တော်တော် အသိဉာဏ်မဲ့တဲ့ မိန်းမ'

'အဲဒါ အပြစ်လားတော့၊ မသိတာ ဘာဖြစ်လဲ။ ကျုပ်နိမ့်ကျတဲ့ဘဝ ကျုပ် သိပါတယ်တော့။ ကျုပ်က ဆင်းရဲတယ်၊ ဉာဏ်လည်း မဲ့တယ်။ ကျုပ် ဘာမှမသိပါဘူး။ ရှင်မချစ်ရင်လည်း မချစ်နဲ့ပေါ့။ ကျုပ်မသိတာ ကျုပ် ဘယ်တတ်နိုင်မလဲ'

ရင်ထဲမှ လာသော အသံနှင့် စကားပြောရင်း ငိုနေသည်။ ကလေးငယ်ကဲ့သို့သော မျက်နှာတွင် ရိုးသားဖြူစင်ခြင်းအရိပ်သည် ထင်ဟပ်နေသည်။ ဆင်းလည်း ဆင်းရဲသည်၊ အသိပညာလည်း မဲ့သည်ဟု ဝန်ခံကာ ငိုနေသော မယားအလှကို ကိုထွန်းရှင်က တွေတွေကြီး စိုက်ကြည့်လိုက်သည်။ လုံးတင်၏ မောင်ငယ် သူ့ယောက်ဖ အထွေးဆုံး၏ ရူပဗေဒစာအုပ်မှ စာရွက်လွတ်ပေါ်တွင် ကိုထွန်းရှင်သည် စိတ်မငြိမ်မသက်နှင့် တောင်ခြစ် မြောက်ခြစ် ရေးနေသည်။

*လုံးတင်လေး၊ နင် ဆင်းရဲတာနဲ့ အသိဉာဏ်မဲ့တာနဲ့ ဘယ်သူက မချစ်ဘူး ပြောလို့လဲ။ ခက်ရပါလားနော်။*

ယောက္ခမတွေရှေ့ မယားအလှကို ကိုယ်ထိလက်ရောက် ချော့ရမှာ ရှက်သဖြင့် လုံးတင်အနီး မယောင်မလည် ကပ်သွားရင်း-

'ကလေးလည်း ဟုတ်ပဲနဲ့ ငိုမနေစမ်းပါနဲ့ တိတ်'

ဟု ခပ်ဆတ်ဆတ်လေး ပြောကာ စောစောကမှ ယောက်ဖလေး လေ့ကျင့်ခန်းစာအုပ်မှ ဆုတ်ယူသော စက္ကူလွတ်ပေါ် ဤသို့ ရေးခဲ့လေသည်။

အံ့သြဖွယ်ရာတော့ မဟုတ်။ လုံးတင် ရုတ်ခြည်း အငိုတိတ်သွားလေသည်။ ■


**ခင်ဆွေဦး**

*၁၉၇၉၊ ဇွန်လ၊ မိုးဝေမဂ္ဂဇင်း။*



www.burmeseclassic.com


www.burmeseclassic.com




# ကဗျာစာအုပ်ပါးပါးအတွက် ဝေဖန်ခံစားမှုပါးပါး

**သင့်အေးရိပ်**







ဆရာ ကျော်စွာခေါင်နဲ့ ဆရာမ ဝင့်ပြုံးမြင့် ၂ ယောက်တွဲဆက်ရေးသားပြီး Journalist Publishing စာအုပ်တိုက်ကနေ ၂၀၁၈၊ မတ်လမှာ တန်ဖိုး ၂၀၀၀/ ကျပ်နဲ့ ထုတ်ဝေလိုက်တဲ့ **အချစ် ကဗျာများ** ဆိုတဲ့ ကဗျာစာအုပ် ခပ်ပါးပါးကို ကျွန်တော် ခပ်ပါးပါး ဝေဖန်၊ ခံစား ကြည့်ပါမယ်။

စကားအတင်းစပ်ပြီး ပြောရရင် ကျွန်တော်တို့ဆီမှာ စာပေလေ့လာ ဝေဖန်သူ တချို့က စာအုပ်တစ်အုပ်၊ စာပေအနုပညာ လက်ရာတစ်ခုကို ဝေဖန်ရာမှာဖြစ်စေ၊ ခံစားညွှန်းဆိုရာမှာဖြစ်စေ ပုံမှန်အားဖြင့် "SUBJECTIVISM"လို့ခေါ်တဲ့ 'ပရိသတ်အခြေပြု သီအိုရီ'ကို ကိုင်စွဲမိတတ်ကြပါတယ်။ အားလုံး နားလည်ထားပြီးတဲ့အတိုင်း ပရိသတ်အခြေပြု သီအိုရီသဘောတရားအရ အနုပညာပစ္စည်းတစ်ခုရဲ့ တန်ဖိုး၊ စံ၊ စနစ်တွေကို အကဲခတ် သတ်မှတ်ရာမှာ ခံစားသူသို့မဟုတ် ပရိသတ်ရဲ့ အမြင်၊ သဘောထား၊ ခံစား နားလည်မှုက အဓိက အခရာ ဖြစ်နေခဲ့ပါတယ်။

ကဗျာတစ်ပုဒ်ကို
ဖတ်ပြီးချိန်မှာ ကိုယ့်ခံစားမှုထဲ
ကောင်းလိုက်တာဆိုတဲ့
နှစ်သက်ကြည်နူးမှု
ဖြစ်ပေါ်လာလျှင် အဲ့ဒီကဗျာကို
အနုပညာပစ္စည်းကောင်းလို့
သတ်မှတ်ပြီး၊ ကိုယ့်ခံစားမှုအရ
နှစ်သက်ကြည်နူးမှု
မဖြစ်ပေါ်ခဲ့ရင် ဒီကဗျာဟာ
အနုပညာပစ္စည်းကောင်း
မဟုတ်ဘူးလို့ လွယ်လွယ်
သတ်မှတ်ကြတာမျိုးပါ။
အနုပညာပစ္စည်းတစ်ခုရဲ့
'တန်ဖိုး'ဟာ ဖတ်ရှု၊ ခံစား၊
လေ့လာသူရဲ့ ကြိုက်ခြင်း၊
မကြိုက်ခြင်းပေါ်မှာမူတည်ပြီး
တန်ဖိုးတွေ ကွဲပြားသွားတဲ့
သဘောတရားမို့
အနုပညာဖန်တီးသူတွေဘက်က
ကြည့်ရင် ဒီသဘောတရားဟာ
သိပ်လျော့ရဲပြီး အလေးအနက်

www.burmeseclassic.com

မဆန်ရာကျပါတယ်။
ဒီဆောင်းပါးမှာတော့
OBJECTIVE RELATIVISM ဆိုတဲ့
သီအိုရီဘောင်အတွင်းကနေ
(အကျဉ်းချုံးပြီး) ခံစားဝေဖန်ဖို့
ကျွန်တော် ရည်ရွယ်ပါတယ်။
လိုသွားတာ ပိုသွားတာတွေ ရှိရင်
ကျွန်တော့်ကို တန်ပြန်
ထိန်းညှိပေးဖို့လည်း
ပြောလိုပါတယ်။ သီအိုရီ၊
သဘောတရားပိုင်းတွေကို
အများကြီး ပြောနေရင်
စာနေရာကျယ်သွားမှာမို့
ဒီလောက်နဲ့ ကိစ္စဖြတ်ပြီး ကဗျာ
စာအုပ်ကိစ္စကို ဆက်ပါမယ်။

❑

ဒီကဗျာစာအုပ်ကို အပေါ်ယံ
မြင်ရတာကနေ စပြီး
ဝေဖန်ရမယ်ဆိုရင်တော့
ဒီစာအုပ်ဟာ အပြင်အဆင် နည်းနည်း
မသေသပ်ဘူးလို့ဆိုရမယ်
ထင်ပါတယ်။ မျက်နှာဖုံးပန်းချီကို
ဖန်တီးသူက ကဗျာဆရာ၊
ပန်းချီဆရာ ကိုကျော်စွာခေါင်
ကိုယ်တိုင်ပါပဲ။ တချို့စာအုပ်တွေရဲ့
မျက်နှာဖုံးပန်းချီလက်ရာတွေဟာ
အတွင်းက စာသားတွေနဲ့
ချိတ်ဆက်မိပြီး ဒီပန်းချီထဲက
ဒီအရောင်၊ ဒီသင်္ကေတဟာ
ဒီစာသားကို ကိုယ်စား
ပြုတာပါလားရယ်လို့
ခံစားနားလည်လို့ရတဲ့
မျက်နှာဖုံးပန်းချီ ဖန်တီးမှုတွေ
အများကြီး ကျွန်တော်တို့
တွေ့ဖူးပါတယ်။ ဒီစာအုပ်ရဲ့
မျက်နှာဖုံးပန်းချီကို
ကြည့်ရသလောက်တော့
ဘယ်အရောင်၊ ဘယ်သင်္ကေတက
ဘာကို ကိုယ်စားပြုထားတယ်၊
ဘယ်အဓိပ္ပာယ်ကို
သိုဝှက်ထားတယ်ရယ်လို့
လိုက်ဖက်ညီအောင် ကျွန်တော်
မတွဲဆက်နိုင်ခဲ့ဘူး။ ဒါဟာ
မျက်နှာဖုံးပန်းချီရဲ့
လိုအပ်မှုလို့တော့ ကျွန်တော်
မပြောလိုပါ။
လိုအပ်တယ်ဆိုရင် ကျွန်တော့်
ခံစားနားလည်နိုင်စွမ်း အတိမ်အနက်
လိုအပ်ချက်သာ ဖြစ်ပါလိမ့်မယ်။
တကယ်တမ်း ပြောရရင်တော့
စာအုပ်အပြင်အဆင်
ဒီဇိုင်းပိုင်းဆိုင်ရာဟာ
စွဲမက်လောက်စရာ ဖြစ်မနေပေမဲ့
မြန်မာနိုင်ငံရဲ့လက်ရှိကဗျာစာအုပ်
ဈေးကွက် အခြေအနေအရဆိုရင်တော့
ဒီလောက် အပြင်အဆင်နဲ့
ထုတ်ဝေပေးတာကိုက တော်တော်
အရဲစွန့်ရာရောက်ပါပြီ။
ကောင်းပါပြီ။ ကျွန်တော်နဲ့အတူ
စာအုပ်အတွင်းပိုင်းထဲက
စာသားတွေဆီကို အခုပဲ
သွားလိုက်ကြပါစို့။

❑

တစ်ယောက်ယောက်ကို
မညှာစတမ်း အမှန်အတိုင်း
ပြောရမယ်ဆိုရင်
ဒီကဗျာစာအုပ်ထဲက
ကဗျာတွေထဲမှာ
ဆရာ ကျော်စွာခေါင်ရဲ့ ကဗျာတွေကို
ဖတ်ပြီးချိန်မှာ တွေးမိတဲ့ အတွေးက
မြန်မာကဗျာလောကထဲမှာ
ဆရာခေါင်လို ကဗျာသမားတွေ
များများ ထပ်မံပေါ်ထွက်
လာပါစေလို့ ဆန္ဒပြုမိတာပါပဲ။
ဘာကြောင့်လဲ။ ဘာကြောင့်ဆိုတာ
မပြောခင် ဘယ်အရာတွေဆိုတာကို
အရင်ပြောပါရစေ။
ဆရာခေါင်ရဲ့ ကဗျာ ၂၂ ပုဒ်ထဲမှာမှ
ကျွန်တော့်ရင်ထဲနှစ်သက်အားရမှုတွေ
တလှိုက်လှိုက် ကျန်နေရစ်ခဲ့တဲ့
ကဗျာတွေ ရှိပါတယ်။
**‘မစ်ရှင်... ၃၁-၀၁’**၊
**‘မြင်းရိုင်း’**၊ **‘အိုး...’**၊
**‘အဝေးဆီမှာ’** ၊
**‘မာယာ’**... စသည်...။
အဲဒီ ကဗျာတွေထဲမှာမှ ‘မြင်းရိုင်း’

တကယ်တမ်း
ပြောရရင်တော့
စာအုပ်
အပြင်အဆင်
ဒီဇိုင်းပိုင်းဆိုင်ရာဟာ
စွဲမက်လောက်စရာ
ဖြစ်မနေပေမဲ့
မြန်မာနိုင်ငံရဲ့
လက်ရှိ
ကဗျာစာအုပ်
ဈေးကွက်
အခြေအနေအရ
ဆိုရင်တော့
ဒီလောက်
အပြင်အဆင်နဲ့
ထုတ်ဝေ
ပေးတာကိုက
တော်တော်
အရဲစွန့်ရာ
ရောက်ပါပြီ

www.burmeseclassic.com

www.burmeseclassic.com

ဆိုတဲ့ ကဗျာကို ဖတ်ပြီး ဆရာခေါင်ရဲ့ ဝိညာဉ် မြင်းရိုင်းတွေ နေရာကို ကိုယ်က ရောက်သွားလိုက်၊ ကျွန်တော်ကိုယ်တိုင် ကျွန်တော့်ဝိညာဉ် မြင်းရိုင်းတွေနောက် ကဆုန်ပေါက် ပြေးလိုက်မိသလို ဖြစ်လား ဖြစ်ရဲ့။

*'ချစ်မိနေပါရက်နဲ့*
*မချစ်ရက်အောင်ကို ပိုချစ်မိတဲ့အခါ*
*ချစ်ခြင်းတရား ဈာပနတစ်ခုကို*
*ကိုယ်တိုင်ဖန်တီးလို့...*
*ရင်ဖွင့်ခဲ့တယ် ပင်လယ်ကို။*
*ဇင်ယော်တွေ၊ လှိုင်းတံပိုးတွေ၊*
*ငါးတွေ...ပင်လယ်နဲ့အတူ*
*အံ့သြစွာ တိတ်ဆိတ်လို့...။'*

အဲ့ဒီ ကဗျာတိုလေး နာမည်က **'အိုး...'**တဲ့။ ခေါင်းစဉ်ကိုက အံ့သြတကြီး လွတ်ခနဲအော်ဟစ်လိုက်တဲ့ အာမေဍိတ်။ ကျွန်တော်လည်း(ကဗျာထဲက) သူ့လို 'မချစ်ရက်အောင် ပိုချစ်တတ်ချင်ရင်းနဲ့' ဇင်ယော်တွေ၊ လှိုင်းတံပိုးတွေ၊ ငါးတွေနဲ့အတူ ပင်လယ်ဆန်ဆန် အံ့သြလို့။ ကျွန်တော်ကတော့ ဆူညံစွာ။ စိတ်ထဲမှာ Alarm တစ်ခုက ပဲ့တင်ထပ်မြူ မြည်နေတယ်။ ငါလည်း တစ်စုံတစ်ယောက်ကို မချစ်ရက်လောက်အောင် ချစ်ဖူးခဲ့သလား၊ မချစ်ရက်လောက်အောင် ချစ်တတ်ခဲ့သလားရယ်လို့။

ကဗျာတစ်ပုဒ်ချင်းစီကို ဘယ်လိုစနစ်နဲ့ ဘယ်လို နိမိတ်ပုံတွေကိုပြပြီး ဘယ်စကားလုံးလေးတွေ ဘယ်လိုဘယ်နည်းနဲ့ သုံးထားတယ် ဘာညာ အသေးစိတ်ပြောနေရင် ဆောင်းပါး အလွန်ရှည်သွားမှာစိုးလို့ အကျဉ်းချုံးပြီးပဲ ဝေဖန်ခံစားခဲ့ပါရစေ။

ဆရာ ခေါင်ရဲ့ ကဗျာတွေထဲမှာ ယောကျ်ားတစ်ယောက်ရဲ့ ချစ်ခြင်းတရားတွေ၊ မာနတွေ၊ ထိရှခံစားမှုတွေ၊ ပြီးတော့ အလွမ်းတွေ၊ မျှော်လင့်ချက်တွေ အများကြီးပဲ၊ နင့်ခနဲပဲ။ တွေ့လိုက်ရတယ်။ ဆရာ ခေါင်ရဲ့ ကဗျာတွေက ဝိုင်ယစ်မူးပြီး ကဗျာဖတ်သူရဲ့ စိတ်နှလုံးကို တိုက်စစ်တွေ လာဆင်တယ်။

ဆရာ ခေါင်အနေနဲ့ ကဗျာတွေ ဒီထက်ပို၍ ရေးသားဖော်ပြနိုင်ပါစေကြောင်းနဲ့ မြန်မာစာပေလောကရဲ့ တစ်ထောင့်တစ်နေရာ ကဗျာနယ်ပယ်မှာ နေရာတစ်နေရာ ဝင်ယူဖို့ရာ တိုက်တွန်းပါကြောင်း။

❑

ဘာသာပြန်စာပေ ရေးသားသူတစ်ယောက်အဖြစ် သိကြတဲ့ ဆရာမ ဝင့်ပြုံးမြင့်တစ်ယောက် ကဗျာစာအုပ်ထုတ်တယ် ကြားစဉ်ကတည်းက ကျွန်တော် မျက်ခုံးလှုပ်မိတယ်။ 'လိုင်းစုံ' သွားတာပဲ ဖြစ်ပါစေကြောင်းနဲ့ 'လိုင်းကြောင်'သွားတာ မဖြစ်စေပါနဲ့လို့ ဆုတောင်းမိပါတယ်။ အခု သူ့ကဗျာတွေ ဖတ်ပြီး နောက်မှာတော့ ကျွန်တော့်ဆုတောင်း ပြောင်းရမလို ဖြစ်သွားတယ်။ 'ဆရာမ ဝင့်ပြုံးမြင့်တစ်ယောက် ပြေးပေါက် မမှားပါစေနဲ့'လို့။

ဘာသာရေးအရဖြစ်စေ၊ လူမှုဝန်းကျင် ဓလေ့ထုံးတမ်းစဉ်လာတွေအရဖြစ်စေ၊ ယဉ်ကျေးမှုနဲ့ စရိုက်သဘာဝတွေအရဖြစ်စေ အကဲဆတ်လှတဲ့ ကျွန်တော်တို့ တိုင်းပြည်အဝန်းအဝိုင်းထဲမှာ ဆရာမ ဝင့်ပြုံးမြင့် ရေးပြထားတဲ့ ကဗျာစာသားမျိုးတွေက မြင်တွေ့ရခဲလှပါတယ်။

အရဲစွန့်ပြီး ရေးတဲ့သူတွေရှိပေမဲ့ အရေအတွက်(အထူးသဖြင့် အမျိုးသမီး ကဗျာဆရာထဲမှာ) နည်းပါးနေတာကို ကြည့်ရင် တော်ရုံသတ္တိ(လို့ ခေါ်မလား/ မိုက်ရူးရဲတယ်ခေါ်မလား မသိ)နဲ့တော့ ဒါမျိုးရေးမှာ မဟုတ်ဘူးလို့ ကောက်ချက် ချချင်ပါတယ်။ ဆရာမ ဝင့်ပြုံးမြင့်ရဲ့ ကဗျာ ၂၂ ပုဒ်ထဲမှာ အငြင်းပွားဖွယ်ရာ၊ မျက်မှောင်ကြုတ်ပြီး စဉ်းစားဖွယ်ရာ၊ ပျစ်ပျစ်နှစ်နှစ် ဝေဖန်ချင်စရာ ကဗျာစာသားတွေ ပါနေပါတယ်။

ဥပမာ- **'ချစ်ဆိပ်ရည်'**၊ **'ရမ္မက်'**၊ **'မှောင်နေဆဲပဲ'**ဆိုတဲ့ ကဗျာ ၃ ပုဒ်ဟာ အမျိုးသမီးတစ်ယောက်အနေနဲ့ ရေးရဲ၊ တွေးရဲ၊ ချပြရဲလှတဲ့ စာသားတွေပါ။ သူ့ကို မကြောက်မရွံ့လို့ ပြောရမလိုပါပဲ။ (အထူးသဖြင့် **'မှောင်နေဆဲပဲ'**ဆိုတဲ့ ကဗျာဟာ အမျိုးသမီးငယ်တစ်ယောက် ခြုံထားတဲ့ ဝတ်ရုံစကို ရုတ်တရက် ချွတ်ချပြလိုက်တာကို မြင်လိုက်ရသလိုပဲ။

*ကျောက်ခက်မိုးမျှော်တွေ*
*ကျောက်စက်ပန်းဆွဲတွေ*
*ချစ်စရာ ထောင်ချောက်လေးတွေနဲ့*
*လှချင်တိုင်းလှနေတဲ့ ကျမရဲ့*
*တွင်းမှောင်မှောင်လေး။*

(အဲ့ဒီ ပထမအပိုဒ်ကို ဖတ်ရှုသူတွေ အနေနဲ့ ဘာကို ပြေးမြင်ယောင်မိပါသလဲ)။

*နှလုံးသား သော့နဲ့ ဖွင့်မှ*
*ပွင့်တဲ့တံခါးလေး ရှိတယ်*
*ဘဝတစ်ခုလုံးနဲ့ ရင်းပြီး*
*လောင်းကြေး ထပ်ထားတယ်။*

(ဟောဒီ ဒုတိယပိုဒ်ဟာ ပထမအပိုဒ်မှာ ကျွန်တော်တို့ မြင်ယောင်မိထားတဲ့(အမျိုးသမီးတစ်ယောက်ရဲ့ အစိတ်အပိုင်းနေရာ)တစ်ခုခု မှန်းဆချက်ဟာ မှန်ကန်ကြောင်း အတည်ပြုနေသလိုပဲ။ ပြီးတော့ မြန်မာမိန်းကလေးတစ်ယောက်ရဲ့ အချစ်ရေး၊ အိမ်ထောင်ရေးကိစ္စမှာ ဓလေ့ထုံးတမ်းစဉ်လာတွေကို လိုက်နာတန်ဖိုးထားကြောင်းထိ တွေးဆကြည့်မိပါသေးတယ်)။

*ပတ္တမြားရည်တွေ ရှုံးသွားတော့*
*စမ်းချောင်းလေး အရည်ပျော်တယ်*
*Spot တစ်မှာတော့*
*ဂန္ဓီရတွေ...ခိုတွယ်။*

(ခပ်ကြမ်းကြမ်း ဝေဖန်ရရင် ဒီအပိုဒ်ရဲ့ အပေါ်စာကြောင်း ၂ ကြောင်းဟာ အမျိုးသမီးတွေရဲ့ Menstruation Period ကိစ္စကို ပြောနေသလားလို့တောင် တွေးမိပါတယ်။ ထုံးတမ်းအစဉ်အလာအရ တစ်ဆင့်နိမ့်တယ်လို့ ယူဆထားတဲ့ ကိစ္စတစ်ခုကို 'ပတ္တမြားရည်တွေ'ဆိုတဲ့ စကားလုံးနဲ့ ချေဖျက်ပြီး တန်းမြင့်ချင်နေတဲ့ သဘောထားလား။ ရေးသူပဲ အသေအချာ သိပါလိမ့်မယ်။ ဒီအပိုဒ်ရဲ့ တတိယစာကြောင်းနဲ့ စတုတ္ထစာကြောင်းတွေကို ပထမဆုံးအပိုဒ်ထဲက 'ကျွန်မရဲ့ တွင်းမှောင်မှောင်လေး'ဆိုတဲ့ စာသားနဲ့ တွဲဆက် စဉ်းစားလိုက်တဲ့ အခါ...။ ဆရာမ ဝင့်ပြုံးမြင့်အနေနဲ့

www.burmeseclassic.com

www.burmeseclassic.com

ဦးပုည အဖတ် များထားသလားလို့ တောင် တွေးမိပါရဲ့)။

နောက်ဆုံး ကျန်တဲ့ တစ်ပိုဒ်ကို ဆက်ပြောမနေတော့ပါဘူး။ သူ ဘာကို ပြောချင်တာလဲ ကျွန်တော်တို့ ဖတ်မိတဲ့သူတွေ သိတယ်။ ဒါပေမဲ့ စိတ်နဲ့ပဲ သိလိုက်ပြီး စိတ်ထဲကနေပဲ ပြန်ပြောမိတဲ့ စကားတွေ ရှိလာတယ်။ ကိုယ့်အသံကို ကိုယ် ပြန်ကြားပြီးတော့လည်း ပြုံးမိတယ်။ အဲဒီကဗျာကို တခြားအမျိုးသမီး တစ်ယောက်ယောက်က ပျစ်ပျစ်နှစ်နှစ် ဝေဖန်စေချင်တယ်။

အဲဒီ ကဗျာ ၃ ပုဒ်ထဲမှာ မိန်းမ တစ်ယောက်ရဲ့ 'အချစ်စိတ်ခံစားမှုတွေ' နဲ့အတူ တွေ့လိုက်ရတာက 'မြန်မာ့လူမှုဝန်းကျင်မှာ ထုံးတမ်းဓလေ့အစဥ်အလာတွေကြား မပြောဝံ့ဘဲ သိုဝှက်ထားရတဲ့ မြန်မာမိန်းကလေးတစ်ယောက်ရဲ့ မဝံ့မရဲ ရမ္မက်တွေ' ကို ရဲရဲတင်းတင်း လှစ်ဟ ပြသထားတယ်လို့ ဝေဖန်ပါရစေ။

**'ချစ်တယ်'၊ 'သစ္စာ'၊ 'နီနီနက်နက်'၊ 'သိမ့်'**။ အဲ့ဒီ ကဗျာ ၄ ပုဒ်ဟာ ဆယ်ကျော်သက်အရွယ် မိန်းမငယ်လေး တစ်ယောက်ရဲ့ စိတ်ခံစားချက်မျိုးနဲ့ ရေးထားသလား ထင်ရတဲ့ ကဗျာတွေပါ။ နားလည်လွယ်တဲ့ အရေးအသား၊ စကားလုံးတွေ သုံးထားတဲ့ ကဗျာတိုလေးတွေ ဆိုပေမဲ့ 'ခရာတာတာရေးချန်နဲ့ မှ ခရုတုတု' ရေးထားတဲ့ ဆိုလိုချက်၊ အကြောင်းအရာတွေက မိန်းကလေးတွေရဲ့ အကဲခတ်ရခက်လှတဲ့ စိတ်အခြေအနေတွေဟာ ဒီလိုလည်း ရှိပါလား၊ ဟိုလိုလည်း ရှိနေပါလားရယ်လို့ တွေးတောပြီး နားမလည်ချင်စရာ။

**'ကိုကိုနဲ့ကျမ'၊ 'အချစ်ညီလာခံ'၊ 'နိုင်ငံတော် တူနှစ်ကိုယ်'၊ 'မှဲ့'၊ 'အချစ်ဝန်'**။ အဲ့ဒီကဗျာ ၄ ပုဒ်ကတော့ အမျိုးသမီးတစ်ယောက်ရဲ့ အချစ်စိတ်ကို ချစ်စရာကောင်းတဲ့ အဖွဲ့အနွဲ့လေးတွေနဲ့ ရေးထားတဲ့ ကဗျာလေးတွေ။

(သတိပြုမိတာတစ်ခုက ဒီစာအုပ်ထဲက ကဗျာဆရာ ၂ ယောက်စလုံးဟာ ကဗျာထဲမှာ 'ကျနော်'၊ 'ကျမ' ဆိုတဲ့ သတ်ပုံနဲ့ စကားလုံးတွေ သုံးထားကြတယ်။ 'ကျွန်တော်'၊ 'ကျွန်မ' လို့ မသုံးထားဘူး။ သူတို့အနေနဲ့ စာလုံးပေါင်းသတ်ပုံကို မသိတဲ့သူတွေ မဟုတ်ဘူးဆိုတာကို ကျွန်တော် သိနေတော့ သူတို့ တမင်လုပ်ချထားတာကို ကြည့်ပြီး ပြုံးမိတယ်။ ကဗျာဟာ ကဗျာပါပဲလေ။ အသံ၊ ရစ်သမ်တွေထက်များ သတ်ပုံက အရေးကြီးဦးမှာလား။ ဒါ ကဗျာ၊ သတ်ပုံကျမ်း မဟုတ်)။ ဆက်ပြောရရင် ဆရာမ ဝင့်ပြုံးမြင့်ရဲ့ ကဗျာ ၂၂ ပုဒ်ထဲမှာ ပေါ့ပေါ့ပါးပါး ရေးထားပေမဲ့ နည်းနည်း ဒဿနဆန်တဲ့ ကဗျာတစ်ပုဒ်ပါတယ်။ ကဗျာနာမည်က 'ဘုရားသခင်ရဲ့ နိုင်ငံတော်' တဲ့။ ဖတ်ကြည့်ကြဖို့ ညွှန်းဆိုပါတယ်။ ကျန်တဲ့ အပုဒ်တွေကတော့ သိပ် အရသာ မတွေ့လှ။

❑

ဆရာ ကျော်စွာခေါင်ရဲ့ ကဗျာတွေထဲက အချစ်နဲ့ ဆရာမ ဝင့်ပြုံးမြင့်ရဲ့ ကဗျာတွေထဲက ရမ္မက်တချို့ကို တစ်စချင်းစီ ဆွဲထုတ်ခံစားမိပြီးတဲ့နောက်မှာတော့ ကဗျာတွေဟာ ဝိုင်တွေလို ရီဝေယစ်မူးစေတတ်တယ် ဆိုတာကို လက်ခံလိုက်ရတော့မယ် ထင်တယ်။

ဘာပဲဖြစ်ဖြစ် 'ကျန်းမာရေး အခြေအနေ သိပ်မကောင်းလှတဲ့ ကျွန်တော်တို့ရဲ့ မြန်မာကဗျာလောက' ထဲကို ဘယ်သံရော ညာသံပါ ပေးပြီး မကြောက်မရွံ့ ချီတက်လာတဲ့ ကဗျာသမားနှစ်ယောက်ကိုတော့ မြင်လိုက်ရပါပြီ။ သူတို့ အခုလိုလက်သံပြောင်ပြောင်နဲ့ ကဗျာတွေ ရေးသားထုတ်ဝေလိုက်တာကို ကြိုဆိုပါတယ်။

ကျွန်တော်တို့ရဲ့ ကဗျာကောင်းကင်ပြင်မှာ ကဗျာကြယ်ပွင့်လေးတွေ စုံညီစွာနဲ့ အခု လက်သည်ထက်ပို၍ လက်ပဖြာလင်းကာ ပြီးပြည့်စုံသော ကဗျာကောင်းကင်တစ်ခု ဖြစ်တည်လာဖို့ရာ ကဗျာသမားမိတ်ဆွေများ ဝိုင်းဝန်းတည်ဆောက်နိုင်ကြပါစေကြောင်း။ ။

■

**သင့်အေးရိပ်**


ရုပ်စုံမဂ္ဂဇင်း

**ဖြန့်ချိရေး**

စာပေ

အမှတ် ၁၃၃
လမ်း ၄၀
ကုန်သည်လမ်းနှင့်
မဟာဗန္ဓုလလမ်းကြား
ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့
ဖုန်း
၀၁-၈၃၉၈၂၂၀

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# မြက်ပင်ကလေးရဲ့ အရိပ်

ရသမွှန်

၁။

'မေမေရေ.. မမ ပြန်လာပြီ... မမ ပြန်လာပြီ'

သူ့ရှေ့ မလှမ်းမကမ်းတွင် ဆော့ကစားနေကြသည့် အငယ်နှစ်ကောင်က သမီးကြီး ညိုမီ၏ အရိပ်အယောင် တွေ့သည်ဆိုသည်နှင့် အပြေးအလွှား သွားကြိုကြလေသည်။ ဖတ်လက်စ သတင်းစာကို ဘေးနားချထားပြီး သမီးလမ်းလျှောက်လာနေသည် ကိုကိုအေးမောင် ငေးကြည့်နေမိသည်။ ပိန်ပိန်သွယ်သွယ် ခန္ဓာကိုယ်လေးက အနည်းငယ် ကိုယ်ရည်စစ်သွားသယောင်ပင်။ တော်တော်များများ ပင်ပန်းနေပြီနဲ့ တူပါရဲ့လို့

၂၀၀၈ ဖွန် ရွှေအမြုတေ ရုပ်စုံစာစောင်မှ

www.burmeseclassic.com

> အဲ့လောက် ပြတ်ထား နိုင်တာတောင် ဖယား ကပ်ချင်တာတွေ လည်း ရှိတာပဲဗျ ကြည့်ကျက်ပြီး ချော့ထားရတာပေါ့ ဒါမှ ကိုယ် လိုအပ်တဲ့အချိန် လှမ်းခေါ်လို့ရမှာ တဒင်္ဂ ခံစားချက်အပေါ်မှာ နှစ်ပါးသွား က,နေကြတာမျိုးပါ

တွေးမိတော့ ကိုအေးမောင် စိတ်မကောင်းဖြစ်ရပြန်သည်။

အရွယ်ရောက်သည်အထိ ခန္ဓာကိုယ်ပေါ်တွင် တောက်တောက်ပပ အဝတ်အစား ဆင်ယင်ဖို့ထက် မိသားစု ထမင်းအိုးကိုသာ ဦးစားပေးသူ၊ ရွှေတိုရွှေစ ဝတ်ဆင်ဖို့ထက် မောင်ငယ်နှစ်ယောက်၏ ပညာရေးကို ပိုတန်ဖိုးထားသည့် သမီးကြီးကို ကိုအေးမောင် သနားမိသလို ကျေးဇူးလည်း အခါခါတင်မိသည်။ မိသားစုစားစရိတ်ကို တစ်ဖက်တစ်လမ်းမက ဝိုင်းဝန်းရုန်းကန်ပေးနေသည့် သမီးကြီးသည် သူ့အတွက်တော့ အားကိုးရလွန်းသည့် သမီးရတနာဖြစ်သည်။

သမီးကြီးအလုပ်မှာ ဆယ့်ငါးရက်အလုပ်ဆင်းပြီးတိုင်း တစ်ရက်နားခွင့်ရသည်မို့ ပြီးခဲ့သည့် အပတ် လကုန်ရက်က သမီးပြန်လာချိန်နှင့် တိုက်ဆိုင်စွာ အိမ်ရှင်မိန်းမကြီး အိမ်ကိုရောက်လာခဲ့သည်။ အိမ်ငှားစာချုပ်ပြည့်ဖို့ တစ်လသာလိုတော့သည်မို့ ဆက်ငှား၊မငှား ထုံးစံအတိုင်း လာမေးခြင်းဖြစ်၏။ ဆက်ဆက်ဆက်ငှားဖြစ်ကြောင်း၊ နောက်လကုန်တွင် အိမ်စာချုပ်အသစ်ပြန်ချုပ်မည်ဖြစ်ကြောင်း သမီးကပင် ဦးဆောင်ပြီး အာမခံတော့ ကိုအေးမောင်မှာ စိတ်အေးရသလို မျက်နှာလည်း ပူရသေးသည်။ ထို့ကြောင့် ဒီတစ်ခေါက် သမီးကြီးပြန်လာချိန်တွင် မည်သည့် အပူကိစ္စမျှ မပြောရန် ဇနီးကိုပါ သူ မှာထားလေသည်။

ဤအပတ်ထဲတွင် ကိုအေးမောင်၏ ပုံမှန်အလုပ်ဖြစ်သော ဆောက်လက်စကန်ထရိုက်တိုက်မှာ အချောသပ်ပြီးစီးသွား၍ နောက်အလုပ်သစ်မရခင်စပ်ကြား အလုပ်ခဏနားနေချိန် ဝင်ငွေခန်းခြောက်ပြီး ရှိတာလေးနှင့် အသက်ဆက်နေရသည်။ ယခုလိုရက်မျိုးတွင် သမီးကြီး ပြန်လာသည်နှင့် ကြုံလျှင် သူ အားတက်မိတာတော့အမှန်။ ယနေ့သည် သမီးကြီးနားရက်ဖြစ်တာကြောင့် မနက်ခင်းကတည်းက သမီးကြီးလာရာ လမ်းမထက်ဆီ လည်တဆန့်ဆန့်နှင့် တမျှော်မျှော်ဖြစ်နေတုန်း သမီးအရိပ်လေး တဖြည်းဖြည်းဝေးရာမှ နီးလာ၍ သူ ပြုံးလျက် သမီးကို ကြိုလိုက်သည်။

'အဖေ၊ ဒီနေ့ အလုပ်နားလား'

သမီးက လှမ်းမေးရင်း လက်ထဲ အသင့်ပါလာသည့် သူကြိုက်သော လက်ဖက်ရည်ချိုပေါ့ကျကို သူ့အမေဖြစ်သူထံ လှမ်းပေးသည်။

'အေး... သမီးရ.. အလုပ်သစ်က ဒီရက်ပိုင်း ပြန်စ,မယ်ပြောတာနဲ့ ငါလည်း ဘောက်လိုက်မလုပ်ဘဲ ထိုင်စောင့်နေလိုက်တာ'

'ကောင်းပါတယ် အဖေရယ်၊ ခဏအနားရတာပေါ့။ ဟိုနေ့က သမီးတို့အလုပ်နားက တိုက်မှာ လူတစ်ယောက် ပြုတ်ကျသံကြားတော့ သမီးဖြင့် ရင်ကို ပူသွားတာပဲ။ အဖေ့ကို စိတ်ပူလိုက်တာလေ'

'မပူပါနဲ့ သမီးရယ်၊ ကိုယ့်အလုပ်သာကိုယ် စိတ်ဖြောင့်ဖြောင့်လုပ်။ အဖေ အမြဲဂရုစိုက်တယ်နော်'

ထိုအချိန်တွင် အငယ် စိုးစိုးမှ အကြီးကောင် တိုးတိုးကို လက်ညှိုးထိုးရင်း အော်ငိုသံ ထွက်လာသည်။

'ကိုကြီး သားကို ဗွက်ထဲ တွန်းချတယ်၊ အီး... ဟီး... ဟီး...'

'မဟုတ်ဘူး အဖေ၊ သား မတော်တဆ တိုက်မိတာ။ သား မလုပ်ဘူး'

ကိုအေးမောင် လှမ်းကြည့်တော့ အငယ်ကောင်က အိမ်ခြေရင်းနားက ဗွက်အိုင်ထဲမှ ငိုနေရင်း လူးလဲထ,လာသည်။

'ဟေ့ကောင် တိုးတိုး၊ အငယ်လေးကို မြန်မြန်ထူလိုက်လေ။ မင်းတော့ နာတော့မယ်'

'ကဲ စိုးစိုး မငိုနဲ့တော့၊ လာ ဒီကိုလာ၊ မမ ရေချိုးပေးမယ်'

သမီးကြီး ညီမြီက လွယ်လာသည့် စလင်းဘက် အိတ်ပင် မချနိုင်ဘဲ အိမ်ရှေ့ပြန်ထွက်ကာ စိုးစိုးကို ရေလောင်းပေးနေသည်။ အိမ်ပြန်ရောက်ချိန် ခဏကလေးမှာပင် အနားမရရှာသည့် သမီးကြီးကို ကြည့်ရင်း ကိုအေးမောင် သက်ပြင်းတစ်ချက် ရှိုက်လိုက်သည်။ ဆယ့်ငါးရက်မှ တစ်ကြိမ်သာ အိမ်ပြန်လာရသည့် သမီးကို သူတို့ ကြိုဆိုပုံမျိုးက ထိုသို့ပင်။ ❑

၂။

လူလေးယောက် ထိုင်နေသည့် ကားသေးသေးလေးထဲတွင် ဘီယာနံ့၊ ချွေးနံ့နှင့် ကားရေမွှေးနံ့များ ပေါင်းစပ်ပြီး အမျိုးအမည် မခွဲခြားနိုင်သော အနံ့တစ်မျိုး ခပ်လှိုင်လှိုင်ထွက်နေသည်။ အနည်းငယ် ရီဝေဝေဖြစ်နေသည့် ကိုအေးမောင်က လက်ကလေးပိုက်လို့ ခပ်ကုပ်ကုပ်ထိုင်ရင်း သူ့ အိမ်ပြန်လမ်းနှင့် ဆန့်ကျင်ရာ အရပ်ဆီ မောင်းနှင်နေသော ကားလေးပေါ် လိုက်ပါလာ၏။ ကားပြတင်းပေါက်မှ လှမ်းကြည့်ရင်း ဒီနေရာကနေ ဆင်းရင်တော့ ဘုရားလမ်း ဘူတာနဲ့ နီးရဲ့လို့ တွေးလိုက်မိသော်လည်း ကိုမော်ကြီးတို့၏ အူလှိုက် သည်းလှိုက်ရယ်သံများကြောင့်



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

အားတင်းပြောဖို့ ပြင်ထားသည့် နှုတ်ဆက်စကားက မစ,ဖြစ်ဘဲ လည်ချောင်းဝမှာပင် တစ်ဆို့ ပျောက်ကွယ်ကုန်သည်။ အားလုံး စိတ်လွတ်လက်လွတ် ပျော်နေချိန်တွင် သူ့ကြောင့် စိတ်အနှောင့်အယှက် မဖြစ်စေချင်တာတော့ အမှန်ပင်။ ကိုမော်ကြီးဆိုတာကလည်း တခြားမဟုတ်။ သူတို့ ကန်ထရိုက်သူဌေးဆီ သွားရာလမ်းတွင် ပိတ်ဆို့ထားသည့် တံခါး မှန်သမျှကို အလွယ်တကူ ဖွင့်နိုင်သော မာစတာကီး သော့တစ်ချောင်းဆိုလည်း မမှားပါ။ သူဌေး၏ မျက်နှာလွှဲခြင်း ခံရသူဖြစ်ပြီး အလုပ်သမားများ၏ ကိစ္စအဝဝအပြင် လစာအတိုး အလျှော့ပါ စိတ်တိုင်းကျ စီမံခန့်ခွဲနိုင်သူ သူဌေးလူယုံဖြစ်သည်။ သူက ရိုးရိုးအေးအေးသာ နေတတ်သည့် ကိုအေးမောင်ကိုတော့ ခင်ခင်မင်မင် ဆက်ဆံတတ်၏။ ထို့ကြောင့်လည်း ကိုမော်ကြီးမှ အလုပ်သစ်နေရာ သွားကြည့်ရန် ဖုန်းဆက်ခေါ်သဖြင့် ကိုအေးမောင် ထွက်လာခြင်းဖြစ်ပြီး သန်ဘက်ခါ စ,ဝင်ရမည့် အလုပ်သစ်ကြောင့် ကိုအေးမောင် အပါအဝင် တခြားသူများပါ စိတ်အားတက်ကြွနေကြသည်။ အလုပ်သစ်ရခြင်း အထိမ်းအမှတ်အဖြစ် ကိုမော်ကြီးမှ ဘီယာတစ်ခွက်၊ နှစ်ခွက်သောက်ရန် အဆိုပြုလာချိန်တွင် အားလုံး သဘောတူကာ စည်ဘီယာဆိုင် ထိုင်ဖြစ်ကြသည်။ ကိုအေးမောင်လည်း မသောက်ရသည်မှာ ကြာနေသည်မို့ ဘီယာနှစ်ခွက်ခန့် ဝင်သွားချိန် အိမ်ပြန်ချင်စိတ် ပျောက်ပြီး သူလိုက်မမီနိုင်သည့် ကိုမော်ကြီးတို့ နယ်ပယ် အတွေ့အကြုံတွေအကြောင်း စိတ်ဝင်တစား နားစွင့်နေမိသည်။ ကိုမော်ကြီးကတော့ ရင်လှိုက်ဖိုစရာ သူ့ဇာတ်လမ်းတွေကို ဘီယာခွက်နှင့် မြည်းရင်း အာပေါင်အာရင်းသန်သန်ဖြင့် သူတို့ကို ဖောက်သည် ပြန်ချနေတယ်။

'ကျုပ်ပြောရင် ပိုတယ်ထင်မယ်။ ညဘက် အိမ်ပြန်ရောက်ရင် ဖုန်းပိတ်တဲ့အခါပိတ်၊ ဒါမှမဟုတ် တချို့နံပါတ်တွေကို ဘလော့ခ်လုပ်ထားရတယ်။ မဟုတ်လို့ကတော့ အီကြာကွေးလို အီလည်းအီ၊ ကြာလည်းကြာတဲ့ဖုန်းကို နားထောင်နေရတာနဲ့ အိပ်ချိန်မရချင်ဘူး'

'ဒါဆို ခင်ဗျားက စားပြီး နားမလည်အကွက်တွေပေါ့လေ'

သူတို့နှင့်လည်း သိနေပြီဖြစ်သော ကိုမော်ကြီး၏ မိတ်ဆွေဖြစ်သူက စကားဝင်ထောက်သည်။

'အဲ့လိုပဲ ဆိုချင်ဆိုဗျာ။ ကျုပ်ကတော့ ငါ့ဘာလိုချင်တယ် နင်ပေးနိုင်မလား။ ပေးမယ်ဆိုဆက်သွားမယ်၊ မပေးနိုင်ရင် နေခဲ့ဆိုတဲ့ ကောင်မျိုး။ ဝေ့မနေဘူး။ သူလည်း ကိုယ့်ကို ကြွေတာမဟုတ်သလို ကိုယ်လည်း သူ့ကို ကြွေတာ မဟုတ်ဘူးလေ။ သိတယ်မဟုတ်လား'

'အဲ့ဒီလိုဆိုတော့လည်း ဇယားရှင်းတာပေါ့လေ။ ခင်ဗျား နည်းကလည်း ကောင်းသားပဲ'

'အဲ့လောက် ပြတ်ထားနိုင်တာတောင် ဇယားကပ်ချင်တာတွေလည်း ရှိတာပဲဗျ။ ကြည့်ကျက်ပြီး ချော့ထားရတာပေါ့။ ဒါမှ ကိုယ်လိုအပ်တဲ့အချိန် လှမ်းခေါ်လို့ရမှာ။ တဒင်္ဂခံစားချက်အပေါ်မှာ နှစ်ပါးသွား က,နေကြတာမျိုးပါ။ ဒီလောကမှာ ရင်ထဲလည်း ဘယ်သူ့ဘယ်သူမှ တကယ်မရှိကြပါဘူး'

'ဒါဆို အခုနောက်ဆုံး နှစ်ပါးသွားက,ထားတာလေးကရော ဘယ်ကလဲ'

'အခု...နောက်ဆုံးက... အင်း... ငါးရက်လောက်တော့ရှိပြီ။ အနှိပ်ခန်းက ကောင်မလေးဗျ။ အဲ့ဆိုင်မှာ သွားသွားနှိပ်နေတာတော့ ကြာပါပြီ။ ပြီးခဲ့တဲ့ ဆယ်ရက်လောက်ကမှ အဆင်ပြေသွားတာ။ ဒါနဲ့ သူ့အလုပ်နားရက်ကို ချိန်းပြီး သွားကြတာ။ နာမည်က ညိုမီတဲ့ဗျ။ မိုက်တယ်။ မဆိုးဘူး'

'ကျုပ်တို့လည်း အဲ့လို မိုက်ချင်လိုက်တာ ဟားဟား'

ကိုမော်ကြီး၏ မိတ်ဆွေ ရယ်သံက ကိုအေးမောင် နားထဲသို့ မဝင်လာပေ။ ညိုမီဆိုသည့်နာမည်ကို ကိုမော်ကြီး ပြောလိုက်ချိန် ကိုအေးမောင် စိတ်ထဲ ဖျတ်ခနဲ ဖြစ်သွားရသည်။ ညိုမီတဲ့လား။ သူ့သမီးကြီးနာမည်နှင့် တူနေတာကြောင့် ကိုအေးမောင် အနည်းငယ် စိုးထိတ်သွားရသည်။ နောက်မှ သတိရသည်။ သူ့သမီးကြီး ညိုမီက အမျိုးသမီးအလုပ်ပြင်ဆိုင်တွင် လုပ်နေသည်။ ကိုမော်ကြီး ပြောတာက အနှိပ်ခန်းက ကောင်မလေး။ နာမည်တူ မရှား၊ လူတူမရှားဆိုသည့် အတွေးကို တွေးမိတော့မှ စိတ်သက်သာရာ ရသွားတော့သည်။ ထိုသို့ ပြောရင်းဆိုရင်းဖြင့် ဘီယာအရှိန် တက်လာကာ ထိုအနှိပ်ခန်းသို့ သွားကြမည်ဆိုပြီး ဖြစ်လာကြသည်။ ရိုဝေနေသော ခံစားချက်များအပြင် ပစ်ချက်မိထားသော သားကောင်ကို ဝင့်ကြွားချင်သည့် မုဆိုးတစ်ယောက်၏ စိတ်ကြီးဝင်မှုမျိုးဖြင့် ကိုမော်ကြီးက အနှိပ်ခန်း လိုက်ပို့မည်ဟု ဆိုလာချိန် ကိုအေးမောင်မှ လွဲ၍ ကျန်သည့် သူများအားလုံးက သဘောတူကြသည်။ ကိုအေးမောင်ကတော့ မလိုက်ချင်။ တခြားအကြောင်းကြောင့် မဟုတ်ဘဲ အိမ်ပြန်ချင်စိတ်ကြောင့်သာ ငြင်းမိတော့ ကိုမော်ကြီးက မရမက လိုက်ရန် ခေါ်သည်။ အိမ်အထိ ပြန်ပို့ပေးမည်ပါ ပြောလာသောအခါ ကိုအေးမောင်တွင် ငြင်းစရာအကြောင်းပြချက် ကောင်းကောင်း မရှိတော့။

ထိုသို့ဖြင့် ဘီယာနံ့များ ချွေးနံ့များဖြင့် ကားလေး တစ်စီးတည်း လူလေးယောက်မှာ ကိုမော်ကြီး ခေါ်ဆောင်ရာ အနှိပ်ခန်းသို့ လိုက်ပါလာကြသည်။

❑

၃။

ခုံပုလေးပေါ်တင်ထားသည့် ခြေထောက်လေးကို ခပ်ဖွဖွမ,ကာ ကြမ်းပြင်တွင် ချထားသည့် ရေနွေးဇလုံလေးထဲသို့ ညင်ညင်သာသာ ချပေးလိုက်သည်။ ရေနွေးစိမ်နေသည့် ခြေထောက်ကလေး



www.burmeseclassic.com

www.burmeseclassic.com

ကို ညိုမို့လက်ကလေးနှင့် ခပ်ဖွဖွ ပွတ်သပ်ဆေးကြော ပေးတော့ ညိုမီနှင့် အသက် မကွာလှသည့် ထိုခြေထောက် ပိုင်ရှင် ကောင်မလေးကလှမ်း ကြည့်သည်။ ညိုမီမှ ပြုံးပြရင်း-

'မမ နာရင် ပြောနော်'

ညိုမို့ စကားသံကြား တော့ ထိုကောင်မလေးက ခေါင်းညိတ်ပြသည်။

ရေစိုနေသည့် ခြေထောက်လေးတွေကို တဘက် အညိုခြင်းထားသည့် သူ့ ပေါင်ပေါ်ကို တင်ပြီး ခပ်ဖွဖွ လေးသုတ်ပေးလိုက်၏။ ရေစက်များခြောက်ပြီဆိုသည် နှင့် သူ့လက်တွေက စန္ဒရားခလုတ်တွေပေါ်ကို သံစဉ်ရှာဖို့ ဆော့ကစားတီးခတ်သလို ခြေထောက်အကြောတွေဆီ အာရုံခံစားပြီး တဖြည်းဖြည်း နှိပ်နယ်နေလိုက်တော့သည်။ သူ၏ နေ့စဉ်ဘဝတွင် ဒီအလုပ်နှင့်သာ ထမင်းစား အသက်မွေးရသူမို့ သူနှိပ်နယ်ပေးရသည့် ခြေထောက်မှန်သမျှကို တူရိယာပစ္စည်းတွေလို စိတ်ပါလက်ပါ ဂရုတစိုက် နှိပ်နယ်ပေးရင်း အလုပ်မှာ နေပျော်ဖို့ ကြိုးစားရသည်။ ဧည့်သည်အလာများသည့် နေ့ဆိုလျှင် မလှုပ်ချင်တော့လောက်အောင် ပင်ပန်းလွန်းလှသော်လည်း ရရှိလာသည့် အပိုဆုကြေးများက မက်လောက်စရာဖြစ်နေတာကြောင့် ပျော်ရာမဟုတ်သော်လည်း သည်နေရာသည် ညိုမီ အတွက်တော့ တော်ရာနေရာ ဖြစ်နေသည်။ တကယ်တော့ ညိုမီက အသန့်ကြိုက်၊ ဇီဇာလည်းကြောင်သူပါ။ တစ်ပါး

> အနှိပ်ခန်းက
> ကောင်မလေး'ျ
> အဲ့ဆိုင်မှာ
> သွားသွား
> နှိပ်နေတာတော့
> ကြာပါပြီ
> ပြီးခဲ့တဲ့
> ဆယ်ရက်
> လောက်ကမှ
> အခဆင်ပြေသွားတာ
> ဒါနဲ့
> သူ့
> အလုပ်နားရက်ကို
> ချိန်းပြီး
> သွားကြတာ
> နာမည်က
> ညိုမီတဲ့'ျ

သူ ခြေထောက်ကို ပယ်ပယ် နယ်နယ်ကိုင်ပြီး နာရီပေါင်းများစွာ နှိပ်နယ်ပေးရသည့် အလုပ်ကို တစ်ခါမှုပင် မတွေးဖူးခဲ့ပါ။ လူ၏ ခန္ဓာကိုယ်မှာ အထွတ်အမြတ် နေရာက ခေါင်းဆို၊ အနိမ့်ကျဆုံးနေရာက ခြေထောက်ဆိုသည့် ကလေးဘဝက အစွဲကိုလည်း အားတင်းကြိုးစား ဖျောက်ဖျက်ရသေးသည်။

ညိုမီ အလုပ်လုပ်နေသည့် အနှိပ်ခန်းသည် သီးသန့် ခြံဝန်းလေးဖြင့် တည်ရှိသည်။ အတွင်းပိုင်းတွင် မီးခပ်မှိန်မှိန် ထွန်းထားကာ အခန်းနံရံတွေကို ဝါးပင် အတုလေးများဖြင့် ဆင်ယင်ထားသလို တူရိယာသံ တိုးတိုးလေး ဖွင့်ထားတာကြောင့် တိတ်ဆိတ်ငြိမ်သက်နေသော တောအုပ်ကလေးထဲ ရောက်သွားသလို ဖန်တီးထားသည်။ ဆွဲသိမ်းလို့ရသည့် အဖြူရောင်လိုက်ကာများနှင့် ကာရံထားတာမို့ တချို့အမျိုးသားဧည့်သည်များကို နှိပ်နယ်ပေးရချိန်မျိုးဆို စိတ်ပျက်စရာကောင်းလှသည်။ တချို့လူများက တကယ်ပင်ပန်းပြီး အနားယူချင်လို့ လာတာဟု ညိုမီအနေနှင့် ဘုရားစူး ယုံရခက်သည်။ ညိုမီတို့ပေါင်ပေါ် တင်ထားသည့် သူတို့ခြေထောက်တွေကို ဟိုလိုလို ဒီလိုလိုဖြင့် အငြိမ်မနေချင်သည့်အခါတိုင်း ညိုမီ အော်ငိုချင်စိတ်ကို မနည်းထိန်းထားရသည်။ အလုပ်ရှင် ငြိုငြင်မှာ စိုးရိမ်စိတ်နှင့် အောနလုံးနာသည့် စိတ်တို့ကြားတွင် မလုံးသာမလွန်သာ အခြေအနေမျိုးမှ လွတ်မြောက်ရန် နာရီကိုသာ အခါခါမော့ကြည့်နေရတတ်သည်။ အလုပ်နားရက်မေးခြင်းနှင့် ဖုန်းနံပါတ်တောင်းသံသည် အမျိုးသားဧည့်သည်များဆီမှ အများဆုံးကြားရလေ့ရှိသော စကားစုများသာဖြစ်သည်။

အိမ်ကိုတော့ ညိုမီက အမျိုးသမီး အလှပြင်ဆိုင်တစ်ဆိုင်မှာ အလုပ်လုပ်နေရကြောင်း ပြောထားသလို၊ ဆယ့်ငါးရက်လျှင် တစ်ကြိမ်သာ ပြန်လာခွင့်ရှိကြောင်းပါ ပြောထားသည်။ အဖေနှင့် အမေကလည်း ညိုမို့ကို အလှပြင်ဆိုင်တွင်သာ လုပ်နေသည်ဟု ယုံကြည်နေတာကြောင့် အနှိပ်ခန်းထဲ အလုပ်နှင့် ပတ်သက်သည့် ရင်ဖွင့်စရာကိစ္စမှန်သမျှ ညိုမီ ဘယ်သူ့ကိုမှ ရင်ဖွင့် တိုင်ပင်ခွင့် မရခဲ့ပါ။ ဒီဆိုင်မှာက ရွယ်တူမိန်းကလေးများပြီး စားစရာနှင့် နေစရာ စီစဉ်ပေးသော်လည်း ကိုယ့်ဘဝ၊ ကိုယ့်ဇာတ်လမ်းကို တိုင်ပင်ဆွေးနွေးလေ့မရှိဘဲ အပေါ်ယံပေါင်းရင်း အားလုံး သူစိမ်းဆန်ဆန် သိုသိုသိပ်သိပ်သာ နေတတ်ကြသည်။ ဒီဆိုင်ထဲ ကိုယ်၏ လုပ်အားခအပြင် အပိုဘောက်ဆူးမျိုးလည်း ရှိတတ်သည်မို့ ဆယ့်ငါးရက်တစ်ခါ အိမ်ပြန်ခွင့်ရတိုင်း ဆင်ရုပ်ပုံငွေစက္ကူများ၊ ခြင်္သေ့ပုံနှင့် ငွေစက္ကူများကို ညိုမီ ယူဆောင်သွားခွင့်ရသည်။ သူတို့ကို မလွတ်ထွက်အောင် ကျစ်ကျစ်ပါအောင် ဆုပ်ပြီး အမေ့လက်ထဲ ထည့်ပေးရချိန်က ညိုမီအတွက် ကြည်နူးရဆုံးအချိန် ဖြစ်သည်။

အဖေကတော့ ညိုမီ အိမ်ပြန်လာသည့်ရက်နှင့် သူ အလုပ်မသွားဖြစ်သည့် အချိန်မျိုး တိုက်ဆိုင်လျှင် အိမ်ရှေ့ကွပ်ပျစ်လေးတွင်ထိုင်ပြီး ညိုမီကို အမြဲ စောင့်ကြိုနေတတ်သည်။ ဆောက်လက်စ အထပ်မြင့်တိုက်၊ အုတ်၊ သဲများနှင့် ဝေးရာအရပ်မှာ အဖေ့ကို ညိုမီ တစ်ရက်တွေ့ရလျှင် တစ်ရက် စိတ်ချမ်းသာရသည်။ အဖေ့လို ဆောက်လုပ်ရေးအလုပ်သမားများ၏ ဘဝမှာ ဆင်းရဲပင်ပန်းပြီး ခက်ခဲကြမ်းတမ်းသည်ကို ညိုမီ မျက်ဝါးထင်ထင် မြင်တွေ့ဖူးခဲ့သည်လေ။ ထိုနေ့က ညိုမီ



www.burmeseclassic.com

www.burmeseclassic.com

အလုပ်ကနေ ခဏ အပြင်ထွက်ပြီး အချဉ်ထုပ်သွားဝယ်ရင်း လူများ အုံခဲနေသည်ကို တွေ့၍ ဝင်စပ်စုကြည့်မိသည်။ ဆောက်လက်စ,တိုက်ပေါ်မှ အလုပ်သမားတစ်ယောက် ပြုတ်ကျသွားသည်မှာ ပွဲချင်းပြီး သေသွားကြောင်း ကြားသည်နှင့် လှည့်ထွက်ရန်ပြင်ချိန် မလှမ်းမကမ်းတွင် ရော်ဘာဖိနပ် အစိမ်းလေးတစ်ရန်ကို တွေ့လိုက်မိသည်။ အဲ့ဒါက သေသူရဲ့ ဖိနပ်လေးအဝေးကို လွင့်စဉ်ခဲ့တာတဲ့။ ဖိနပ်လေးကို ကြည့်နေရင်းနှင့် ညိုမီ တစ်ကိုယ်လုံး ကျင်စက်နှင့်တို့သလို တဖြည်းဖြည်း တုန်ယင် ထိတ်လန့်သွားခဲ့သည်။

ထိုအစိမ်းရောင်ရော်ဘာဖိနပ်လေးက အဖေ စီးနေကျ ဖိနပ်လေးနှင့် တူလွန်းသည်။ အဖေများလားဆိုပြီး တွေးမိတော့ ညိုမီတစ်ကိုယ်လုံး မူးမေ့လဲကျသွားမတတ် ထိတ်လန့်တုန်လှုပ်သွား၏။ လူအုပ်ကြားထဲ အတင်းတိုးဝင်ကြည့်မှ သွေးအလိမ်းလိမ်းနှင့် မြင်မကောင်းသည့် ထိုအလောင်းမှာ ညိုမီ ထင်သလို အဖေ မဟုတ်မှန်းသိပြီး စိတ်အေးရသည်။ ဘိလပ်မြေမှုန့်နှင့် သွေးများရောနေသည့် ထိုလူ၏ ခန္ဓာကိုယ်ပေါ်မှ အဝတ်အစား အနွမ်းများကိုမြင်လျှင် မပြည့်စုံသည့် ညိုမီတို့လို မိသားစုက အဖေတစ်ယောက်ဖြစ်ပုံရမှန်း သိသာသည်။ ထိုကတည်းက ညိုမီမှာ အဖေ့အလုပ်ကိုပို၍ စိုးရိမ်ပူပန်တတ်လာသလို ညိုမီတစ်ယောက်တည်း ဒီအလုပ်ထဲ ကျိတ်ပြီး ရပ်တည်နေသည်မှာလည်း မိသားစုအတွက် အဖေ့ကို တစ်ဖက်တစ်လမ်း ဝန်ပေါ့စေချင်တာလည်း ပါသည်။ ထို့ကြောင့် ခြေထောက်များကိုကိုင်တွယ်ပြီး နှိပ်နယ်ပေးနေရသည့် အလုပ်မှ တော်တော်နှင့် ရုန်းထွက်နိုင်ဦးမည်မဟုတ်မှန်း သိနေသောကြောင့် နာရီမော့ကြည့်ရင်း သက်ပြင်းချရင်းသာ ရှေ့ဆက်နေရဦးမည် ဖြစ်သည်။

❑

၄။

ခြံဝန်းလေးထဲ ကားချိုးဝင်လိုက်ပြီးနောက် အပေါက်ဝ,တွင် မီးအိမ်နီနီနှစ်လုံး ထွန်းထားသည့် အဆောက်အဦကို တွေ့လိုက်ရသည်။ သောက်လာသည့် ဘီယာအရှိန်ကြောင့်လား၊ ကိုမော်ကြီး၏ ကောင်မလေးကို မြင်ချင်စိတ်ကြောင့်လား ဝေခွဲမရသော်လည်း သူတို့အားလုံး၏ ခြေလှမ်းများ သွက်လက်နေကြသည်။ တံခါးပေါက်ဝ,တွင်တော့ ဧည့်ကြို မိန်းကလေးမှ 'မင်္ဂလာပါရှင်'ဟု အပြုံးဖြင့် နှုတ်ဆက်ကာ တိုက်ပုလေးထဲသို့ ဝင်ရန် မှန်အမည်းတပ်ထားသည့် ကျွန်းတံခါးကို ဆွဲဖွင့်ပေးသည်။ လေအေးစက်အရှိန်ဖြင့် တစ်ခန်းလုံးအေးစက်နေပြီး အဝါရောင်မီးလုံးမှိန်မှိန်လေးနှင့် တူရိယာသံ တိုးလျလျလေးကြောင့် ကိုအေးမောင်၏ စိတ်ထဲ အေးအေးငြိမ့်ငြိမ့် ခံစားချက်လေးဖြစ်တည်လာသည်။ အတွင်းခန်းနံရံများကို အစိမ်းရောင်ဝါးပင်များဖြင့် အလှဆင်ထားသည်ကို ငေးကြည့်ရင်း ကိုအေးမောင်အနေဖြင့် ကံကောင်းလွန်း၍သာ ဤနေရာမျိုးသို့ ရောက်ဖူးခြင်းဖြစ်ကြောင်း တွေးရင်း ကျေနပ်ရသည်။ ကိုမော်ကြီးသာ မခေါ်လာလျှင် ဒီလိုနေရာမျိုး၊ ဒီလိုဖွဲ့စည်းပုံမျိုး ရှိမည်ဟုပင် သူ စဉ်းစား၍ရမည်မဟုတ်။

ဧည့်ကြိုကောင်တာမှ မိန်းကလေးက သူတို့ကိုအပြုံးဖြင့် ဆီးကြိုရင်း 'အစ်ကိုတို့က ဘယ်နှစ်ဆက်ရှင် ယူမှာလဲရှင့်၊ လေးယောက်လုံး နှိပ်မှာလား'ဟု မေးချိန် ကိုမော်ကြီးက 'တစ်ဆက်ရှင်စီပဲ ညီမ'ဟု ခေါင်းညိတ်ပြရင်း ပြန်ဖြေသည်။ ကိုမော်ကြီးမှလွဲ၍ ကျန်သူများအားလုံးမှာ နေရာသစ်တစ်ခုကို စူးစမ်းချင်စိတ်ဖြင့် တစ်ခန်းလုံးကို လှေ့လာနေကြသည်။ ကောင်တာနှင့် အနီးဆုံးအခန်းမှ အဖြူရောင်လိုက်ကာ ဆွဲဖွင့်သံနှင့်အတူ လက်ပွေ့အိတ်ကို ပွေ့ထားသည့် အမျိုးသမီးကြီးတစ်ယောက် ထွက်လာသည်။ ထိုအမျိုးသမီးကြီးအနောက်မှ အပေါ်အောက် အပြာရောင် တူညီဝတ်စုံဝတ်ထားသည့် ဝန်ထမ်းအမျိုးသမီးလေး ရေဇလုံကို ကိုင်ရင်း ထွက်လာကာ လှမ်းပြောသံ ကြားလိုက်ရသည်။

'ကျေးဇူးတင်ပါတယ်နော် အန်တီ။ နောက်လည်း လာပါနော်။ ဖြည်းဖြည်းနော် အန်တီ'

သူ ရင်းနှီးသည့် အသံလေးကြောင့် ထိုကောင်မလေးကို ကိုအေးမောင် လှမ်းကြည့်မိချိန် ထိုမိန်းကလေးမှလည်း သူတို့ဆီ အမှတ်မထင် လှမ်းကြည့်သည်။

'ညိုမီ'

ကိုအေးမောင် အကျယ်ကြီး အော်လိုက်သော်လည်း လည်ချောင်းထဲမှ မည်သည့် အသံမျှ ထွက်မလာ။ အသံထွက်ခွင့်မရလောက်အောင် လည်ပင်းကို ခပ်တင်းတင်း အညှစ်ခံလိုက်ရသလို ဓားတစ်ချောင်းဖြင့် ထိုးစိုက်ထားသလို အသက်ရှူမရပါဖြစ်သွားသည်။ ရပ်တည်ရာမြေကြီးမရှိတော့သလို လေထဲ တွင် လွင့်နေသလိုလိုဖြင့် ကိုအေးမောင် အသားများ တဆတ်ဆတ် တုန်ယင်လာသည်။ ခေါင်းက ရုတ်တရက် မိုးကြိုးပစ်ချခံလိုက်ရသလို အစိတ်အစိတ် အမြွာမြွာကွဲထွက်ကာ ချာချာလည်သွား၏။

သူ့မျက်လုံးပင် သူမယုံနိုင်။ သူ့သမီးကြီး ညိုမီမှ ညိုမီအစစ်။ သမီးထံမှ သူ့မျက်လုံးများက လွှဲမရတော့။ သူ့နှုတ်ခမ်း တဆတ်ဆတ်တုန်ကာ ထိုနေရာမှာပင် အခိုးအငွေ့အဖြစ် ကွယ်ပျောက်သွားချင်မိတော့သည်။

'သမီးကြီး'

သူ နှုတ်ခမ်းလှုပ်ရုံလေး ရေရွတ်လိုက်မိသလို သမီးကလည်း သူ့ကို အံ့သြတကြီး ကြည့်နေသည်။ စိတ်နှင့်ကိုယ် တဒင်္ဂ အဆက်ပြတ်သွားပုံရသည့် သမီးက လက်ထဲမှ ရေဇလုံစောင်းပြီး မှောက်သွားမလို ဖြစ်သွားပြီးမှ သမီးက ပြန်သတိဝင်လာပုံရသည်။ မျက်လွှာချ ခေါင်းကလေးငုံ့ကာ အနောက်ဘက်အခန်းထဲသို့ ခပ်သွက်သွက် ဝင်သွားတော့သည်။ ကိုအေးမောင်မှာ ငယ်ထိပ်မွှေပေါက်သလို တုန်တုန်ယင်ယင်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ဘာဆက်လုပ်ရမှန်းကို မသိတော့။ ကိုမော်ကြီးပြောသည့် ညိုမီဆိုတာ သူ့ သမီးဖြစ်နေခဲ့ပြီ။

'မိုက်လိုက်တာ သမီးရယ်၊ မိုက်လိုက်တာ' ဆိုသည့် စကားသံများသာ ကိုအေးမောင့်ရင်ထဲတွင် ပဲ့တင်ထပ်နေသည်။ သူ ထိုနေရာမှ အမြန်ဆုံးထွက်ပြေးမှ ဖြစ်မည်။ သူ မခံစားနိုင်တော့ပါ။ ကြာကြာရပ်တည်ဖို့ပင် ခက်ခဲလွန်းနေသည်။ ကိုမော်ကြီးကို သူဘာလုပ်ရမလဲ။ သူ့သမီးမှန်းတော့ ကိုမော်ကြီး သိပုံမရ၍သာ သူ့ကိုပါ ခေါ်လာမှန်း တွေးမိသွားတော့ သူ့စိတ်အနည်းငယ် တည်ငြိမ် စ ပြုသွားသည်။ ပွဲကြမ်းဖို့ ဝန်မလေးသော်လည်း ဒီလိုနေရာ၊ ဒီလို အခြေအနေမှာ ငဲ့ညှာရမှာတွေက များလွန်းလှသည်။ ကျန်သည့်သူများကို ကိုအေးမောင်ကြည့်မိတော့ သူတို့သားအဖအဖြစ်အပျက်ကို သတိထားမိပုံမရ။ ကိုမော်ကြီးပင် ကောင်တာမှ မိန်းကလေးနှင့် ခုထိ စကားမပြတ်သေးပေ။ သူဘာပြောမှန်း သဲသဲကွဲကွဲ မသိလိုက်သော်လည်း ညိုမီဆိုသည့် နာမည်ကိုတော့ ခပ်သဲ့သဲ့ ကြားလိုက်ရသည်။ သူ့နားနားကပ်ကာ ဗုံးကွဲသွားသလို တုန်သွားရသည်။

'မခေါ်နဲ့တော့ ကိုမော်ကြီး၊ မခေါ်ပါနဲ့တော့' သူ တိုးတိုးလေး တောင်းပန်ကာ အပြင်ထွက်ရန် ပြင်သည်။

'အစ်ကို ပြောတာက ဘယ်ညိုမီလဲရှင့်။ ဒီမှာက ညိုမီရယ်၊ ညိုမီခင်ရယ်ဆိုပြီး နှစ်ယောက် ရှိပါတယ်'

'ဆံပင်ကောက်ကောက်လေးနဲ့လေ။ အရပ်ကတော့ နည်းနည်းနိမ့်တယ်ဗျ။ သူရှိရင် သူ့ကို ခေါ်နှိပ်ခိုင်းချင်ပါတယ်'

'သြော် အစ်ကိုပြောတာက ညိုမီခင်ပါ။ သူဒီနေ့ ခွင့်ယူထားပါတယ်။ အမေ နေမကောင်းလို့ အိမ်ပြန်မယ်ဆိုပြီး ခွင့်တိုင်ထားပါတယ်'

လှည့်ထွက်မည့်ဟန် ပြင်နေသည့် သူ့ကို ကောင်တာမှ မိန်းကလေး၏ စကားလုံးများက သေရွာမှ အသက်ပြန်ရှင်အောင် ဩသဓဆေး ကျွေးလိုက်သလိုပင်။ သူ့ရင်ထဲမှ သောကအပူမီးများကို သက်ပြင်းရှည်တစ်ချက်နှင့် မှုတ်ထုတ်လိုက်ရင်း စိတ်သက်သာရာရသွားမှ ချွေးစေးပြန်နေသည့် လက်နှစ်ဖက်လုံးကို ပွတ်ခြေလိုက်မိသည်။ ကိုမော်ကြီးက ပခုံးတစ်ချက်တွန့်ပြီး သူတို့အဖွဲ့ကို လေသံနှင့် လှည့်ပြောသည်။

'ဒီနေ့မှ တိုက်တိုက်ဆိုင်ဆိုင် ကျုပ်ဘေဘီလေးက ခွင့်ယူထားတယ်တဲ့၊ ခင်ဗျားတို့ အတော် ကံဆိုးသွားတယ်'

မဟုတ်ဘူး။ အဲ့ဒါက ကမ္ဘာပေါ်မှာ ကျုပ်ကို ကံအကောင်းဆုံးဖြစ်စေသွားတာပဲဟု ကိုအေးမောင် ရင်ထဲမှ ကျေကျေနပ်နပ်ကြီး ရေရွတ်မိလိုက်တော့သည်။ ❑

၅။

သည်နေ့က သမီးကြီး ညိုမီ အိမ်ပြန်လာမည့်ရက်ဖြစ်သည်။ ကိုအေးမောင်မှာ ညကလည်း တော်တော်နှင့် အိပ်မပျော်နိုင်။ အဖြေမရှိသည့် ပုစ္ဆာဟု ဆိုရမည်လား၊ အဖြေတွေများလွန်း၍ ဘယ်တစ်ခုအကောင်းဆုံး အဖြေမှန်းမသိသည့် ပုစ္ဆာတွေလားဖြင့် အိပ်မပျော်နိုင်လောက်အောင် အတွေးများနေခဲ့ရသည်။ အဓိက ပြဿနာမှာ သမီးကြီးကို မည်သည့် စကားဖြင့် စ ပြောရမှန်းမသိသလို ဘယ်လောက်အတိုင်းအတာအထိပဲ ပြောသင့်သည်ကို စဉ်းစားမရခြင်းဖြစ်သည်။ ဟိုတစ်နေ့က အိမ်ပြန်လမ်းတွင် ကိုမော်ကြီးကို တီးခေါက်ကြည့်တော့ ကျေနပ်စရာ စကားကြားခဲ့ရသည်။ တချို့ဆို 'အနားကပ်မရဘူးဗျ'၊ 'သွားစမ်းလို့မရဘူး'၊ 'ဒါမျိုးဆို ကျုပ်တို့ကလည်း အချိန်ကုန်မခံနေပါဘူးဗျာ' တဲ့။ သူ့သမီးကြီး ညိုမီသည် အနားကပ်လို့မရသည့်၊ စမ်းသပ်လို့ မရသည့်သူမျိုးဖြစ်မည်ဟု ကိုအေးမောင် ယုံကြည်ထားသည်။ ပြဿနာမှာ သူ့သမီးကြီးက သူတို့ကို လိမ်ပြီး အလှပြင်ဆိုင်အလုပ်မဟုတ်ဘဲ အနှိပ်ခန်းတွင် အလုပ်ဝင်နေသည့် ကိစ္စကို ဘယ်လို ဖြေရှင်းရမှန်း မသိတာသာ ဖြစ်သည်။ အိမ်နှင့်ပတ်သက်သမျှ ဖြည့်ဆည်းပေးနေသည့် သမီးကြီးဖြစ်တာကြောင့် လက်ရှိအလုပ်ကို မလုပ်နဲ့တော့ဟုလည်း ခပ်မာမာ ပြောခွင့်မရှိသည့် သူ့ဘဝ။ ထုတ်ပြောလိုက်မှ သမီးကြီးမှာ ဝမ်းနည်းအားငယ်သွားမှာလည်း စိုးရပြန်သည်။ အဖြေကို စဉ်းစားမရ။ အိမ်လခပေးရန်ရှိသည့် ငွေလေး ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ကာ ဒီနေ့ရောက်လာမည့် သမီးကြီးကိုလည်း ဝမ်းမနည်းစေချင်ပါ။

နောက်ဆုံးတော့ သူ ဒီနေ့ သူ့အလုပ်ဆီ အိမ်မှ စောစောထွက်သွားတာ အကောင်းဆုံးဟု အဖြေထွက်သည်။ ဘာမှပြောမထွက်၊ မပြောတတ်တော့။ ကိုအေးမောင် အလုပ်သွားခါနီးတွင် သမီးလာလျှင် ပေးဖတ်ရန် သူ့မိန်းမကို စာလေးတစ်စောင် ရေးခဲ့လိုက်သည်။ မိန်းမကတော့ မရေးစဖူး စာတစ်တန် ပေတစ်တန်ဖွဲ့နေသော သူ့ကို အထူးအဆန်းဖြစ်နေချိန် သူကတော့ မသိချင်ယောင်ဆောင်နေလိုက်သည်။ သူပြောချင်သည့် စကားများကို ဒီစာလေးက သမီးနားလည်အောင် သူ့ကိုယ်စား ပြောပြပေးမှာ ဖြစ်သည်။

*'သမီးရေ လေဆန်လေထန်မှာဆို မြက်ပင်ကလေးတွေဟာ ယိမ်းနွဲ့ရင်း ကြံ့ကြံ့ခံကြရတယ်။ သူတို့ အလွယ်တကူ အရှုံးမပေးကြဘူး။ မြက်ပင်ကလေးတွေ ကိုယ်တိုင်တောင် မသိနိုင်ပေမဲ့ သူ့အရိပ်မှာလည်း အရိပ်ခိုနေရတဲ့ ပုရွက်ဆိတ်လေး အကောင်ငယ်ကလေးတွေ ရှိနိုင်တာပဲ မဟုတ်လား။ ဒါကြောင့် အလွယ်တကူ မကြွေလွင့်ဖို့အတွက် အစစအရာရာ သတိထားပါ သမီးရေ'*

ထိုစာကို ညိုမီ ဖတ်ပြီးလျှင် သူပြောချင်သမျှ သူ့ဆိုလိုရင်းကို သမီး နားလည်သဘောပေါက်ပါလိမ့်မည်ဟု ထင်ပါသည်။ ■

**မိုးသဲမွှန်**




www.burmeseclassic.com

www.burmeseclassic.com

ဝင်းငြိမ်း စီစဉ်သည့်

# ရွှေအမြုတေ စာပေဆု ဆယ်စုနှစ် မှတ်တမ်း




တန်ဖိုး – ၉၀၀၀ ကျပ်

ထွက်ပြီ

ဖြန့်ချိရေး – လင်းလွန်းခင်စာပေ

အမှတ် (၁၁)၊ ပထမထပ်(လယ်)၊ လိပ်ကန်လမ်း၊ မုဒ္ဒန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း – [illegible]


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



တစ်ခုနဲ့တစ်ခု ဆက်ပြီး သွယ်တန်းထားတဲ့
ဝါးသယောက်တွေပေါ် စမ်းရေ
ကြည်ကြည်လေးတွေက တရိပ်ရိပ်စီးမျောနေလို့ပေါ့။
အဲဒီစမ်းရေကြည်နဲ့အတူ မကြာခဏဆိုသလို
မျောမျော ပါလာတတ်တဲ့ အမှိုက်တို
အမှိုက်စတွေကို ဦးဖေရှိန်းက သူ့ရဲ့
လက်တစ်ဖက်နဲ့ ဖယ်ဖယ်ပေးရတယ်။ အဲဒီလို
အမှိုက်စတွေကို ဖယ်နေရတဲ့

၂၀၁၈ ခုနှစ် ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

သူ့လက်ချောင်းကလေးတွေ တောင် တုန်ယင်ချင်သလိုလို ဖြစ်နေတယ်။ တုန်ယင်ဆို ရှာရဲ့ မူလတန်းကျောင်းအုပ်ဆရာလေးဘဝကနေ သက်ပြည့်ပင်စင်နဲ့ အနားယူခဲ့တာ ၁၀ နှစ်တောင်ကျော်ခဲ့ပြီလေ။ ရေရှည်ထားတဲ့ ဝါးသယောက်တွေဟာ တောင်ကြားထဲမှာ စီးနေတဲ့ စမ်းရေကို တစ်ဆင့်သွယ်ပြီး ခွထောက်တိုင်လေးတွေနဲ့ တောင်ခါးပန်းအတိုင်း သွယ်တန်းလာတာပါ။

အဲဒီလို အမှိုက်စလေးတွေကို ဖယ်ဖယ်ပေးရတဲ့ အလုပ်က အခုမှ ကောက်ကာငင်ကာ လုပ်တဲ့အလုပ်တော့ မဟုတ်ပါဘူး။ မနက်ပိုင်းတစ်ခါ၊ ညနေပိုင်းတစ်ခါ နေ့တိုင်းအလုပ် ပြောပါတော့။ အဲဒီလိုမှ ဖယ်မပေးရင်လည်း အမှိုက်တွေက တစ်နေရာမှာ စုပြုံတစ်ဆို့ပြီး ရေတွေက လိုရာခရီးကို မရောက်တော့ဘဲ လမ်းမှာတင် လျှံကျကုန်တယ်လေ။ မူလတန်းကျောင်းအုပ်ဆရာကြီးတစ်ဖြစ်လဲ ပင်စင်စားကြီး ဦးဖေရှိန်းအဖို့ သူတတ်နိုင်တဲ့ အလုပ်ဆိုတာကလည်း ဒီအလုပ်ပဲရှိတာကိုး။ ဝါးသယောက်ပေါ်မှာ စီးမျောသွားတဲ့ စမ်းရေကြည်တွေဟာ ထိပ်ဆုံးက လှေကားထစ်အကွက်ထဲကို စီးဝင်သွားတယ်။ ထိပ်ဆုံးလှေကားထစ်အကွက် ကန်သင်းအထိ ရေပြည့်သွားတာနဲ့ လျှံကတွတ်ကလေးကနေ ရေတွေက အောက်က လှေကားထစ်အကွက်ထဲကို ဆက်ပြီး ကူးသွားကြတယ်။ အဲဒီလို တစ်ကွက်ပြီးတစ်ကွက် အဆင့်ဆင့် ကူးသွား

လူတစ်ယောက်ရဲ့
နာကျင်မှုဟာ
အဆိုးဘက်ကို
ဦးတည်
သွားတတ်သလို
အကောင်း
ဘက်ကိုလည်း
ဦးတည်
သွားတတ်ပါတယ်
ဒါပေမဲ့ ဆိုးခြင်း
ကောင်းခြင်းဟာ
လူတစ်ယောက်ရဲ့
အကျင့်စရိုက်နဲ့
မသက်ဆိုင်ဘဲ
သူ့ရဲ့
တွေးခေါ်
မြော်မြင်မှုနဲ့ပဲ
သက်ဆိုင်တာပါ

တဲ့ ရေတွေဟာ ဟိုးတောင်ခြေက အောက်ဆုံးလှေကားထစ်အကွက်မှာ သွားဆုံးတယ်။ တောင်ကြောကို ပတ်ပြီး ခပ်ကွေးကွေး တူးဖော်ထားတဲ့ လှေကားထစ်အကွက်တွေဟာ လခြမ်းတွေကို တစ်ခြမ်းချင်းစီထားသလိုပါပဲ။ အကွက်ပေါင်း ၅၀ လောက်ရှိမယ့် အဲဒီလှေကား ထစ်အကွက်တွေဟာ လယ်ဧကနဲ့တွက်ရင်တော့ ၃ ဧကလောက်ရှိမှာပေါ့။

အဲဒီလှေကားထစ်အကွက်တွေထဲမှာ စိုက်ပျိုးထားတဲ့ စပါးပင်လေးတွေဟာ မြေဆီလွှာတွေ ဝဝ၊ စားပြီး စမ်းရေကြည်တွေ ဝဝ၊ သောက်ရတော့ စိမ်းစိမ်းမြမြပါပဲ။ အခုတော့ တစ်လသားရနေပြီလေ။ တချွဲချွဲနဲ့ လေယူရာလေသိမ်းနေကြပုံကလည်း တစ်မျိုးတစ်ဘာသာ ကြည်နူးစရာ။ ဝါးသယောက်တွေထဲက အမှိုက်စလေးတွေ ဖယ်ပေးတဲ့အလုပ်လေး လက်စသတ်ပြီးတဲ့ ဦးဖေရှိန်းဟာ တောင်ကြောပေါ်က လူသွားလမ်းကလေးအတိုင်း ခပ်ဖြည်းဖြည်းလေး ပြန်တက်လာခဲ့တယ်။ ငယ်ရွယ်စဉ်တုန်းကတော့ ဒီလမ်းလေးအပေါ် ပြေးလွှားဆော့ကစားရင်း မောရမှန်းမသိခဲ့တဲ့ လမ်းလေးပါ။ ဒါပေမဲ့ ကုန်ဆုံးခဲ့တဲ့ ငယ်စဉ်ဘဝဆိုတာ ပြန်လည် ရယူပိုင်ဆိုင်ချင်လို့မှ မရဘဲလေ။ ဦးဖေရှိန်းဟာ တောင်ကြောထိပ်ပေါ် ရောက်တယ်ဆိုရင်ပဲ အတော်လေး မောပန်းနေပါပြီ။ တောင်ကြောထိပ်ပေါ်မှာ ခဏ အမောဖြေရင်း လည်ပင်းမှာ ပတ်ထားတဲ့ တဘက်ဟောင်းလေးနဲ့ မျက်နှာပေါ်က ဇရာကြောင်းတွေပေါ် စို့ထွက်နေတဲ့ ချွေးစတွေကို အသာလေး သုတ်လိုက်ပါတယ်။ ပြီးတော့ တစ်ဖက်တောင်ကြောက လှေကားထစ်အကွက်တွေဆီ မျှော်ကြည့်လိုက်ပြန်တယ်။

တစ်ဖက်တောင်ကြောက တောင်ခြေပိုင်းလှေကားထစ် အကွက်တွေမှာတော့ မိုးမရွာရင် တစ်လမှတစ်ခါ အစိုဓာတ်ရရုံကလေး ရေပေးရတဲ့ ကော်ဖီပင်နဲ့ နာနတ်သီးကို တစ်ပိုင်းစီ စိုက်ပျိုးထားသည်။ ကော်ဖီခင်းထဲမှာ ပေါက်ကူးလေးတွေ ကိုယ်စီကိုင်ပြီး ပေါင်းဝင်နေကြတဲ့ သမီးနှစ်ယောက်နဲ့ ချွေးမနှစ်ယောက်ကို တွေ့ရတယ်။ တောင်ကြောအပေါ်ပိုင်း လှေကားထစ်အကွက်တွေမှာတော့ တစ်မိုးကောင်းကောင်း သောက်ရုံနဲ့တင် တစ်နှစ်တာအတွက် ရှင်သန်ကြီးထွားဖို့ လုံလောက်တဲ့ ပန်းသီးပင်နဲ့ သစ်တော်သီးပင်တွေကို တစ်ကွက်စီခြားပြီး စိုက်ပျိုးထားတယ်။ အခုတော့ အနှစ် ၂၀ သား ရနေကြပြီ။ ပန်းသီးပင်နဲ့ သစ်တော်သီးပင်က စနစ်တကျ ပြုပြင်ထိန်းသိမ်းမယ်ဆိုရင် နှစ်ပေါင်း ၆၀ လောက်တော့ စားရတယ်လေ။ သားကနေ မြေးအထိ စားလို့ရတာပေါ့။

ပန်းသီးပင်နဲ့ သစ်တော်သီးပင်ပေါ်မှာတော့ သားကြီးနှစ်ယောက်က ဓားတစ်လက်စီနဲ့ ကိုင်းခြောက်ကိုင်းတက်တွေကို တောက်တောက်ပြီး ရှင်းပေးနေတာ တွေ့ရတယ်။ အဲဒီလို ရှင်းပေးတာကတော့ လေဝင်လေထွက်ကောင်းအောင်လို့ပါ။ လေဝင်လေထွက်ကောင်းမှ ရောဂါပိုးမွှားတွေ ကင်းဝေးမယ်။ ရောဂါပိုးမွှားကင်းမှ အသီးများ သန်စွမ်းမယ်၊ သီးလုံးတွေ ချောမယ်။ ပြီးတော့ အပင်တွေလည်း သက်တမ်းပြည့် ရှင်သန်မှာပေါ့။ ဦးဖေရှိန်းပိုင်တဲ့ လှေကားထစ် စိုက်ပျိုးမြေတွေက လယ်ဧကနဲ့ တွက်မယ်ဆိုရင် ဧကပေါင်း ၃၀ ကျော်တယ်။ ဟိုတုန်းကတော့ ဒီလှေကားထစ် မြေကွက်တွေဟာ တောကွက်တစ်ကွက်၅ ဧကစာ တစ်ကွက်ရှိန်းနဲ့



www.burmeseclassic.com

www.burmeseclassic.com

တစ်နှစ်တစ်ခါ ခုတ်ရတဲ့ ရွှေပြောင်း တောင်ယာကွက်ကြီးပေါ့။ အခုတော့ နှစ်ပေါင်း ၄၀ ကျော်အတွင်း ချေးတွေ၊ သွေးတွေ၊ ခါးသီးမှုတွေ၊ နာကျင်မှုတွေနဲ့ လှေကားထစ်စိုက်ပျိုးမြေအဖြစ် ပြောင်းလဲခဲ့ပြီ။ အနာဂတ်အတွက် ပစ္စုပ္ပန်မှာ ပေးဆပ်ခဲ့ရတဲ့ ခါးသီးမှုတွေဟာ လှိုင်လှိုင်သီးပြီး မြိုင်မြိုင်ကလေး စားရတော့မယ့်အခါကျမှ သူ့ဘဝဟာ ပင်စည်ပေါ်မှာ မြဲမြဲဖို့ မသေချာတော့တဲ့ အမှည့်လွန်သစ်သီးတစ်လုံးနဲ့ ဘာမှ မထူးတော့ဘူးလေ။ ဩော် နှစ်ပေါင်း ၄၀ ကျော်တောင် ကြာခဲ့ပြီပဲ။

❑

'မင်းရဲ့စားက လူသွေးစော် မနံပါဘူးကွာ၊ ဟား ဟား ဟား'

တစ်နေ့မှာတော့ ကင်သားမျိုးနွယ် ခွဲလုံရွာသားတွေက သူတို့ခုတ်ထားတဲ့ ဘုံတောင်ယာကွက်ကို မီးရှို့ကြတယ်။ မီးတောက်မီးလျှံကြီးတွေ အရှိန်တညီးညီးနဲ့ လောင်ကျွမ်းနေတဲ့ တောင်ယာမီးကို ဘေးက တောအုပ်တွေဆီ မကူးရလေအောင် ရွာသူရွာသားအားလုံးက သစ်ကိုင်း သစ်ခက်တွေ၊ ရေပုံးတွေ ယူဆောင်ပြီး မီးတားလမ်းကနေ ပတ်ပတ်လည် စောင့်ကြပ်နေကြပေမဲ့ လေနဲ့အတူ လွင့်ပါသွားတဲ့ မီးပွားလေးဟာ နံဘေးတောအုပ်က သက်ငယ်ခြောက်ပေါ် သွားကျပါလေရော။ ဘယ်သူမှ မသိလိုက်ခင် အဲဒီမီးပွားကနေ လောင်ကျွမ်းသွားတဲ့ မီးဟာ တောအုပ်တစ်ခုလုံးအပြင် တမ်သာမျိုးနွယ်တွေ နေထိုင်တဲ့ ထုံလောက်ရွာကိုပါ ကူးစက်ပြီး လောင်ကျွမ်းသွားခဲ့တယ်။ အဲဒီမှာ တောင်ယာမီးရှို့ခဲ့တဲ့ ခွဲလုံရွာသားတွေက မတော်တဆမီးမို့ တောအုပ်က အကြောင်းမဟုတ်ပေမဲ့ လူတွေနေတဲ့ ထုံလောက်ရွာအတွက်ကိုတော့ မီးသင့်တဲ့ အိမ်အမျိုးအစားနဲ့ ပစ္စည်းအားလုံးကို ကာလတန်ဖိုးနဲ့ တွက်ချက်ပြီး လျော်ကြေးပေးကြတယ်။ အဲဒီမှာ ဦးဟုန်းဖေထန်းရဲ့ တဲကုပ်သာသာပဲရှိတဲ့ အိမ်ကိုတော့ အိမ်အမျိုးအစား အင်္ဂါရပ်နဲ့ မကိုက်ညီဘူးဆိုပြီး လျော်ကြေးငွေ မပေးကြဘူး။ ဦးဟုန်းဖေထန်းရဲ့ အိမ်က တဲကုပ်လို့ အားနာနာနဲ့ သတ်မှတ်ကြပေမဲ့ အမှန်က တဲကုပ်လောက်တောင် အဆင့်မရှိတဲ့ ဝက်လှောင်အိမ်အဆင့်ပဲ ရှိတာကိုး။ ဒါပေမဲ့ ဝက်လှောင်အိမ်ဖြစ်ဖြစ်၊ ကြက်လှောင်အိမ်ဖြစ်ဖြစ် လူနေတဲ့အိမ် မဟုတ်လား။ ဒါနဲ့ ဦးဟုန်းဖေထန်းက သူ့အိမ်အတွက် လျော်ကြေးငွေ မရရင်တော့ သွေးကြွေးပေးဆပ် ရလိမ့်မယ်ဆိုပြီး ခြိမ်းခြောက်တယ်။ လူပုပုညက်ညက်ကလေးက သွေးကြွေးတွေ ဘာတွေနဲ့ ခြိမ်းခြောက်လာတော့ ခွဲလုံရွာအတွက် အောင်တမန်လုပ်တဲ့ ကင်သာမျိုးနွယ် ဦးခွီအွမ်ဟာက ဟားတာပေါ့။

အဲဒီမှာ အောင်တမန် ဦးခွီအွမ်ဟာက ဦးဟုန်းဖေထန်းရဲ့ ခါးလွယ်ပလိုင်းထဲက ဆောင်စားကို ဆတ်ခနဲ ဆွဲနုတ်လိုက်တယ်။ ပြီးတော့ စားကို နမ်းကြည့်ပြီး စောစောက စကားအတိုင်း မင်းစားက လူသွေးစော် မနံပါဘူးကွာဆိုပြီး မခံချင်အောင်ပြောတယ်။ ဦးဟုန်းဖေထန်းက ဘယ်သူနဲ့ပဲဖြစ်ဖြစ် လက်ရုံးရည်ချင်း ယှဉ်ကြေးဆိုရင် မြေကြီးပေါ် ပြားပြားမှောက်ရာကနေ ဘယ်တော့မှ ထ, နိုင်မှာမဟုတ်တဲ့ ပုညက်ညက်ကလေးဆိုပေမဲ့ သူလည်း လူတစ်ယောက်ပဲလေ။ တစ်ယောက်နဲ့တစ်ယောက် ငြင်းခုံခြင်းတွေရဲ့နောက်မှာ ထိပါးလာတဲ့ မာနနဲ့သိက္ခာရဲ့ အဆုံးသတ်ကတော့ မြားတစ်ချောင်းပါပဲ။ ပုညက်ညက်လူကလေးက ဒီလောက်အထိ မစွမ်းနိုင်ပါဘူးလို့ ထင်ခဲ့တဲ့ အောင်တမန် ဦးခွီအွမ်ဟာ ခါးလွယ်ပလိုင်းထဲက သူ့ဆောင်စားကို ဆွဲနုတ်ချိန်တောင်မရလိုက်ဘဲ လည်ပင်းမှာ ထုတ်ချင်းပေါက်သွားတဲ့ မြားတန်းလန်းနဲ့ စကားမေးတောင် မရလိုက်ပါဘူး။ အဲဒီခေတ်က နယ်ချဲ့အင်္ဂလိပ်အစိုးရအုပ်ချုပ်တဲ့ ခေတ်ဖြစ်တယ်။ ဦးဖေရှိန်းတို့ အဖေခေတ်ပေါ့။ ဘာပဲဖြစ်ဖြစ် လူသတ်မှုဖြစ်လာပြီဆိုတော့ အစိုးရဥပဒေနဲ့ အရေးယူရတော့မယ် မဟုတ်လား။

အဲဒီမှာ အင်္ဂလိပ်လူမျိုး ပုလိပ်အင်စပက်တော်ကြီးက ပုလိပ်ရာဇဝတ်အုပ်လုပ်တဲ့ ဒေသခံ ဦးအောင်သာကို လူသတ်တရားခံကို ဖမ်းဆီးပြီး ဥပဒေအရ အရေးယူဖို့ အမိန့်ပေးတယ်။ အဲဒီမှာ ကင်သာမျိုးနွယ်ဖြစ်တဲ့ ရာဇဝတ်အုပ် ဦးအောင်သာက ချင်းဒေသမှာဖြစ်တဲ့ အမှုဖြစ်လို့ သေစားသေစေခြင်း ဥပဒေနဲ့ အရေးယူဖို့ တင်ပြတော့ ပုလိပ်အင်စပက်တော်ကြီးကလည်း သဘောတူတယ်။ ဒါနဲ့ ပုလိပ်ရာဇဝတ်အုပ် ဦးအောင်သာက အောင်တမန် ဦးခွီအွမ်ဟာ အသက်အတွက် တရားခံ ဦးဟုန်းဖေထန်းကို လက်စားချေ ပြန်သတ်ဖို့ အမိန့်ချမှတ်တယ်။ ဒီနေရာမှာ ဘယ်သူက မှားတယ်၊ ဘယ်သူက မှန်တယ်ဆိုတဲ့ တရားကို ဆုံးဖြတ်ဖို့ တရားရုံးမလိုဘူး။ သူ့အသက်သတ်ရင် သူ့အသက်ကိုလည်း ပြန်သတ်ရမှ ညီမျှမှုရှိတယ်တဲ့။ ဒါနဲ့ ရာဇဝတ်အုပ် ဦးအောင်သာရဲ့ တာဝန်ပေးချက်အရ မကြိုင်ရွာက ကင်သာမျိုးနွယ်များဖြစ်တဲ့ ဦးကိကေယောနဲ့ ဦးကိကေမနားတို့ ညီအစ်ကိုဟာ တရားခံ ဦးဟုန်းဖေထန်းကို ရှာဖွေပြီး သတ်ဖြတ်လိုက်ကြပါတယ်။ ဒါကို ဦးဟုန်းဖေထန်းရဲ့ ဆွေမျိုးဆက်များ နေထိုင်တဲ့ မချုံရွာက တမ်သာမျိုးနွယ်တွေ မကျေနပ်ကြဘူး။ ဒါနဲ့ တမ်သာမျိုးနွယ်တွေဖြစ်တဲ့ မချုံရွာသားတွေဟာ လူအင်အားအလုံးအရင်းနဲ့ ပုလိပ်ရာဇဝတ်အုပ် ဦးအောင်သာရဲ့ ကင်သာမျိုးနွယ်များနေထိုင်ရာ ဘောင်ထဲရွာကို ဝင်တိုက်ကြပြီး ယောက်ျား၊ မိန်းမ စုစုပေါင်း ၁၁ ယောက်တိတိ သတ်ဖြတ်ပစ်ခဲ့ကြတယ်။ ပြီးတော့ ရွာနဲ့ စပါးကျီတွေကိုလည်း မီးရှို့ဖျက်ဆီးခဲ့ကြတယ်။

တမ်သာမျိုးနွယ် မချုံရွာသားတွေရဲ့ တိုက်ခိုက်မှုဟာ မျိုးနွယ်တစ်စုအပေါ် နယ်မြေကျူးကျော်ပြီး တိုက်



www.burmeseclassic.com

www.burmeseclassic.com

နိုက်တဲ့ စစ်ပွဲသဏ္ဌာန်ဖြစ်သွားပြီလေ။ ဒါနဲ့ ကင်သာမျိုးနွယ်တွေက လူအင်အားစုပြီး မချုံရွာကို ပြန်တိုက်ဖို့လုပ်တော့ အင်္ဂလိပ်အရေးပိုင်မင်းကြီးက တားလိုက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အရေးပိုင်မင်းကြီးက မျိုးနွယ်တစ်စုအပေါ် အခြားမျိုးနွယ်တစ်စုက မင်းမဲ့စရိုက်ဆန်ဆန် အင်အားသုံး ကျူးကျော်ပြီး တိုက်ခိုက်တာမျိုးဟာ လုံးဝ ခွင့်လွှတ်စရာ မရှိဘူး။ သူတို့ အင်္ဂလိပ်အစိုးရကလည်း သိက္ခာကျတယ်။ ဒါကြောင့် သူတို့ အစိုးရကိုယ်တိုင်ပဲ လူသတ်မှု ကျူးလွန်သူတွေကို အရေးယူမယ် ဆိုတော့ ကင်သာမျိုးနွယ်တွေက ကျူးကျော်သူ တမ်သာမျိုးနွယ်တွေကို ဖမ်းဆီးပြီး ထောင်ချတာမျိုး မလိုချင်ဘူး။ မချုံရွာသားတွေထဲက ၁၁ ယောက် ပြန်သတ်ပြီး ရွာကိုလည်း မီးပြန်ရှို့မှ ကျေနပ်မယ်ဆိုပြီး စောဒကတက်တော့ အရေးပိုင်မင်းကြီးကလည်း လက်ခံတယ်။ ဒါနဲ့ ပုလိပ်အင်စပက်တော်ကြီးဟာ အရေးပိုင်မင်းကြီးခေါ် နယ်ပိုင်ဝန်ထောက်ရဲ့ အမိန့်နဲ့ လက်နက်ကိုင် ပုလိပ်တွေလွှတ်ပြီး မချုံရွာကို ပြန်တိုက်ခိုင်းတယ်။

လက်နက်ကိုင် ပုလိပ်တွေ မချုံရွာရောက်လာတော့ ရွာသားတွေ တစ်ယောက်မှ မရှိတော့ပါဘူး။ ထွက်ပြေးသွားကြတာပါ။ ဒါနဲ့ ပုလိပ်တွေဟာ လူမရှိတော့တဲ့ မချုံရွာကို မီးလောင်တိုက်သွင်းလိုက်ကြတယ်။ ပြီးတော့ ထွက်ပြေးကုန်ကြတဲ့ တမ်သာမျိုးနွယ်တွေကို လိုက်လံရှာဖွေပြီး တစ်ယောက်ပြီးတစ်ယောက် ပစ်သတ်လိုက်တာဟာ တစ်လအတွင်း တမ်သာမျိုးနွယ် ၁၁ ယောက်တိတိ ပြန်လည် သတ်ဖြတ်နိုင်ခဲ့ကြတယ်။ ဒီတော့ တမ်သာမျိုးနွယ်တို့အပေါ် တင်ရှိတဲ့ ကင်သာ မျိုးနွယ်တို့ရဲ့ သွေးကြွေးကတော့ ကျေသွားပါပြီ။ အဲဒီတော့မှ အရေးပိုင်မင်းကြီးဟာ နှစ်ဖက်မျိုးနွယ် ခေါင်းဆောင်တွေကို ခေါ်ပြီး တစ်မျိုးနွယ်က တစ်မျိုးနွယ်ပေါ် တင်ရှိတဲ့ သွေးကြွေးတွေ ညီတူညီမျှ ဖြစ်သွားတဲ့အတွက် နောက်နောင်မှာ သွေးကြွေးအတွက် ပေးဆပ်စရာမရှိတော့ကြောင်း ကျေအေးလက်မှတ်ထိုးခိုင်းတော့မှ သွေးကြွေးတွေကိစ္စ ပြီးပြတ်သွားတော့တယ်။

ပြဿနာတစ်ခုဟာ ပြီးဆုံးသွားပြီဆိုပေမဲ့ အဲဒီပြဿနာနောက်က လိုက်နေတဲ့ အရိပ်မည်းကြီးကတော့ မျိုးနွယ်နှစ်ခုကြားမှာ အကင်းမသေသေးတဲ့ အနာဟောင်းတစ်ခုလို တင်ကျန်ခဲ့တယ်လေ။ တောင်ယာမီးရှို့တဲ့ မီးပွားကနေ တစ်မျိုးနွယ်နဲ့ တစ်မျိုးနွယ် သွေးချောင်းစီးခဲ့တဲ့ လူသတ်ပွဲကြီးဟာ တကယ်တော့ ရင်နာခါးသီးစရာပါ။ အဲဒီသွေးချောင်းစီး လူသတ်ပွဲမှာ ဘောင်ထဲရွာမှာ နေတဲ့ ဦးဖေရှိန်းရဲ့ အဖေတောင် အဆစ်ပါသွားခဲ့တယ်။ အဲဒီတုန်းက ၂ နှစ်သားအရွယ်ပဲရှိသေးတဲ့ ဖေရှိန်းတစ်ယောက် အမေနဲ့ တောင်ယာရောက်နေခဲ့လို့သာ အသက်ဘေးကလွတ်မြောက်ခဲ့တာပေါ့။ လူတစ်ယောက်ရဲ့ နာကျင်မှုဟာ အဆိုးဘက်ကို ဦးတည်သွားတတ်သလို အကောင်းဘက်ကိုလည်း ဦးတည်သွားတတ်ပါတယ်။ ဒါပေမဲ့ ဆိုးခြင်းကောင်းခြင်းဟာ လူတစ်ယောက်ရဲ့ အကျင့်စရိုက်နဲ့ မသက်ဆိုင်ဘဲ သူ့ရဲ့ တွေးခေါ်မြော်မြင်မှုနဲ့ပဲ သက်ဆိုင်တာပါ။ ဘာပဲဖြစ်ဖြစ် အတိတ်ရဲ့ ခါးသီးမှုတွေဟာ အနာဂတ်မှာ ချိုမြိန်လာမလား၊ ဒါမှမဟုတ် ခါးသီးလက်စနဲ့ ဆက်ပြီး ခါးသီးမလားဆိုတာကတော့ . . .။

❑

ဦးဖေရှိန်းအဖို့ ပုံသေကားကျမရှိတဲ့ လူ့ဘဝမှာ မထင်မှတ်တာတွေ၊ မမျှော်လင့်တာတွေ ကြုံဆုံရတတ်မှန်း နားလည်ပေမဲ့ အခုလို အဖြစ်မျိုး ကြုံဆုံရလိမ့်မယ်လို့တော့ ဘယ်တုန်းကမှ မတွေးခဲ့မိပါဘူး။ မိမိအလုပ်အပေါ်မှာ တစ်သက်လုံး လိပ်ပြာသန့်ခဲ့တယ်လေ။ ဒါပေမဲ့ ဘယ်လောက်ပဲ ကိုယ့်ကိုယ်ကို လိပ်ပြာသန့်သန့်၊ တစ်ခါတလေ မျက်ကွယ်ပြုတတ်တဲ့ ကံတရားနဲ့ ကြုံတဲ့အခါမှာ . . .။

'ဟေ့ကောင် ဖေရှိန်း၊ ထွက်ခဲ့စမ်း။ ထမင်းလုတ်ပုတ်ချတဲ့ သစ္စာဖောက်ကောင်၊ ထွက်ခဲ့စမ်းဟေ့'

မိုးလင်းပိုင်းမှာ မေးခနဲ ပြန်အိပ်ပျော်သွားချိန် ဦးဖေရှိန်းတစ်ယောက် အိမ်ရှေ့မှ ဆူညံသံတွေကြောင့် ဖျတ်ခနဲ ပြန်နိုးလာခဲ့တယ်။ အိပ်ချင်မူးတူးနဲ့ အိမ်ရှေ့ထွက်အကြည့်မှာ ရုတ်တရက် မြင်လိုက်ရတဲ့ မြင်ကွင်းတွေကြောင့် အံ့ဩခြင်း၊ မယုံနိုင်ခြင်း၊ နားမလည်ခြင်း စတဲ့ ဒွိဟတွေက မှင်တက်သွားစေခဲ့တယ်။ တခြားရွာက လူတွေမဟုတ်ဘဲ ကိုယ့်ရွာသားတွေက ဓားတွေ၊ တုတ်တွေ တဆဆနဲ့ သူ့အိမ်ကို ဝိုင်းထားကြလို့ပါလား။ ပြီးတော့ ဒီလူတွေကို ဦးဆောင်လာတဲ့ ပုဂ္ဂိုလ်ကလည်း တခြားသူမဟုတ်ဘဲ သူ့အဖေရဲ့ အစ်ကိုတော်စပ်တဲ့ သူ့ဘကြီးဖြစ်နေတယ်လေ။ နာကြည်းမုန်းတီးမှုတွေရဲ့ အခံကြောင့် ဒေါသအမျက် ခြောင်းခြောင်းထွက်နေကြတဲ့ ရွာသားတွေရဲ့မျက်နှာဟာ အခုပဲ သူ့ကိုသတ်ပြီး နုပ်နုပ်စဉ်းပစ်ကြတော့မယ့်အတိုင်းပါပဲ။ သူ့မှာ ဘာအပြစ်မှ မရှိဘဲနဲ့ အသားလွတ်ကြီး အိမ်ကို လာဝိုင်းကြတာဟာ လူကြားလို့မှ ကောင်းသေးရဲ့လား။ ကြက်ခေါင်းဆိတ်မခံတဲ့ ငယ်ရွယ်စိတ်ဟာ ထောင်းခနဲ တက်လာကြတယ်။ အခြေအနေဟာ တုတ်တပြက် ဓားတပြက်ယှဉ်ရမယ့် အနေအထားမို့ လက်မဲ့ဖြစ်နေတဲ့ ဦးဖေရှိန်းဟာ အိမ်ထဲက ငှက်ကြီးတောင် ဓားကို ဝင်ယူဖို့ ချာခနဲ ပြန်လှည့်လိုက်ပေမဲ့ သားဦးလေးကို မီးနေ နေတဲ့ သွေးနုနု သားနုနု ဇနီးသည်ကို သတိရပြီး ခြေတစ်ဖဝါးတောင် မရွှေ့လိုက်ရဘူး။ ဒီကိစ္စကို မီးနေသည်ခန်းက ဇနီး သိလို့ မဖြစ်ဘူး။

'ကျုပ်လည်း ဒီမျိုးနွယ်၊ ဒီရွာသားပါဗျာ။ ခင်ဗျားတို့ကို ကျုပ်က ဘာသစ္စာဖောက်ခဲ့လို့လဲ'

www.burmeseclassic.com

www.burmeseclassic.com

မခံချင်စိတ်ကို မျိုသိပ်ထားရင်းပြောလိုက်တဲ့ စကားနှစ်ခွန်းဟာ မရှည်လျားပေမဲ့ သူ့ဘဝမှာ အခက်ခဲဆုံးပြောတဲ့ စကားနှစ်ခွန်းဖြစ်ခဲ့တယ်။

'ဘာ သစ္စာဖောက်ခဲ့လို့လဲ ဟုတ်လား။ မင်းကို ငါတို့တစ်ရွာလုံးက ရွာရဲ့တစ်ဦးတည်းသော ခေတ်ပညာတတ် ကျောင်းဆရာဆိုပြီး လေးစားခဲ့ကြတာ။ အခုကျတော့ မင်းက ကလေးတွေကို တောင်ယာတွေမခုတ်ဖို့၊ တောင်ယာတွေမီးမရှို့ဖို့ သင်ပေးတယ်ဆို။ ငါတို့ တောင်ယာမခုတ်ရရင် တစ်ရွာလုံး ထမင်းငတ်ကုန်မှာပေါ့ကွ။ အဲဒါ ငါတို့ ထမင်းလုတ်ကို ပုတ်ချဖို့ မင်း ကြိုးစားနေတာပဲ။ ဒါကြောင့် မင်းကို သစ္စာဖောက်လို့ မပြောရင် ဘယ်လိုပြောရမှာလဲကွ'

သူ့ကို လက်ညှိုးငေါက်ငေါက်ထိုးရင်း စားမတတ်ဝါးမတတ် အော်ဟစ်နေတဲ့ ဘကြီးကိုကြည့်ရင်း သူ့ဘကြီးမှ ဟုတ်ရဲ့လားလို့တောင် ထင်ယောင်ထင်မှားဖြစ်လိုက်သေးတယ်။ ဒါပေမဲ့ လက်စသတ်တော့ ဒီလိုကိုးလို့ အကြောင်းအရင်းကို သိလိုက်တဲ့အချိန်မှာ သူ့ဘကြီးနဲ့ သူ့ရွာသားတွေကို အပြစ်မမြင်တော့ပါဘူး။ အရိပ်ပြလို့မှ အကောင်မထင်နိုင်တော့လည်း ဘာတတ်နိုင်မှာလဲ။ သူတို့ရဲ့ အသိတရားကလည်း ဒီရွာကိုပဲ ကမ္ဘာကြီးထင်နေကြတာကိုး။

'ကျုပ် တောင်းပန်ပါတယ်ဗျာ။ သင်ခန်းစာနဲ့ဆက်စပ်ပြီး ကလေးတွေကို သင်ပေးခဲ့တာဟာ ဘကြီးတို့က ထမင်းလုတ်ပုတ်ချတယ်လို့ မြင်ရင် ကလေးတွေကို အဲဒီသင်ခန်းစာမျိုး မသင်ပေးတော့ပါဘူး'

အရှုံးပေးတာ မဟုတ်ပေမဲ့ ပြေလည်ရာပြေလည်ကြောင်း ရွာသားတွေလိုချင်တဲ့ အဖြေကလည်း ဒါပဲမဟုတ်လား။ တစ်နေ့က စတုတ္ထတန်းကျောင်းသားတွေကို ပတ်ဝန်းကျင် ထိန်းသိမ်းရေး သင်ခန်းစာတွေ သင်ပေးလိုက်မိပါတယ်။ တချို့ကလေးတွေက ဘာရယ်ညာရယ်ဆိုတဲ့ ရည်ရွယ်ချက်ထားပုံမရပါဘူး။ ကျောင်းမှာ သင်ခဲ့ရတဲ့ စာအကြောင်းတွေကို မိဘတွေကို ပြန်ကြွားပုံရပါတယ်။ အစကတည်းက အဲဒီအကြောင်းတွေကို ဒီလိုရွာမျိုးမှာ သွားပြောလို့ကတော့ ခေါင်းရိုက်ခံရမှာဆိုတာ နားလည်ပြီးသားပါ။ ဒါကြောင့် အနာဂတ်မှာ ကောင်းကျိုးတွေဖြစ်မလာနိုင်တောင်မှ ဆိုးကျိုးတွေဖြစ်မသွားအောင် ကလေးတွေ နားနဲ့ကြားပြီး ဦးနှောက်နဲ့ သိသွားအောင် အခုကတည်းက သင်ပေးခဲ့တာပါ။ တကယ်လည်း ကလေးတွေဆိုတာ အနာဂတ်ရဲ့ သားကောင်းတွေပဲမဟုတ်လား။ ဒါပေမဲ့ မိဘတွေကတော့ ဒီကိစ္စကို ထမင်းလုတ်ပုတ်ချတဲ့အဖြစ်လို့ပဲ မြင်နေကြတာလေ။ ဘာတတ်နိုင်မှာလဲ။ ကျောင်းဆရာ ဦးဖေရှိန်းတစ်ယောက်ရင်ထဲမှာ မကောင်းသလို ဒီရွာရဲ့ အနာဂတ်ကို မျှော်တွေးရင်းရင်လည်း မောနေမိတယ်။

တကယ်တော့လည်း အတ္တဆိုတာ ဆန္ဒတစ်ခုခုကြောင့် ဖြစ်တည်လာတာပါ။ ဆန္ဒမပါဘဲနှင့်တော့ အတ္တဆိုတာ ဖြစ်လာမှာမဟုတ်ပါဘူး။ ဒီတော့ ကောင်းကျိုးဆိုးကျိုးတွေဟာလည်း အကြောင်းတရားတစ်ခုခုကြောင့် ဖြစ်လာတာပါ။ ဒါပေမဲ့ အဲဒီအကြောင်းတရားဟာ အကြောင်းခံတစ်ခုခု မရှိဘဲနဲ့တော့ ဖြစ်လာမှာမဟုတ်ပါဘူး။ ဒါဆိုရင် အဲဒီအကြောင်းခံတွေက ဘာတွေလဲ။ တခြားတော့ မဟုတ်ပါဘူး။ အသိပညာမဲ့မှုပါပဲ။ အသိပညာမဲ့တော့ ဆင်ခြင်တုံတရားဆိုတာ ဝေလာဝေးပေါ့။ ဒီတော့ ခါးသီးဖွယ်ကောင်းလှတဲ့ အတိတ်က သွေးချောင်းစီးလူသတ်ပွဲကြီးရဲ့ အကြောင်းခံဟာ အဲဒီအသိပညာမဲ့မှုကြောင့်ပဲမဟုတ်လား။ ဒီတော့ ဒီလူတွေ အသိပညာမမဲ့အောင် ဘယ်လိုလုပ်ရမလဲ။ ဦးဖေရှိန်းတစ်ယောက် လုပ်သားကောလိပ်မှာ မြန်မာစာနဲ့ ဘွဲ့ရတဲ့အထိ ပင်ပန်းခက်ခဲစွာ ခေတ်ပညာ သင်ယူခဲ့ပြီး ကျောင်းဆရာ ခံယူခဲ့တဲ့ အကျိုးဟာ အဲဒီအကြောင်းတရားနဲ့ အကြောင်းခံတွေကြောင့်ပဲလေ။ အခုတော့ ခေတ်ပညာတတ် လူသားဆိုလို့ ဒီရွာမှာ သူတစ်ဦးတည်းပဲ ပေါ်ထွန်းဖူးတယ်။ အခြေခံပညာ မူလတန်းကျောင်း မရှိခဲ့တဲ့ ဒီရွာကိုလည်း မူလတန်းကျောင်းဖြစ်လာအောင် စွမ်းဆောင်ခဲ့တဲ့လူလည်း သူပဲလေ။ အခုတော့ ထမင်းလုတ်ပုတ်ချတဲ့ သစ္စာဖောက်ကောင်တဲ့။ ဘာပဲဖြစ်ဖြစ် ဦးဖေရှိန်းအဖို့ အသိတရားတစ်ခုတော့ ရလိုက်ပါတယ်။ ဒါကတော့ ဒီလူမှုအသိုင်းအဝိုင်းကြားမှာ ဘယ်အရာမဆို လက်တွေ့မပါရင် အရာမရောက်ဘူးဆိုတာပါပဲ။

❑

'ကျုပ်တို့ တောင်ယာခုတ်တာနဲ့ ရာသီဥတုဖောက်ပြန်တာ ဘာဆိုင်လို့လဲဗျ'

ဒီလိုလူမျိုးတွေက ဒီလိုမျိုး စောဒကတက်လာတာ မဆန်းတော့ပါဘူး။ တုံ့ပြန်လာမယ့် မေးခွန်းတွေဟာ ကျိုးကြောင်းခိုင်လုံမှု ဖြစ်မနေဘူးဆိုတာကိုလည်း ကျောင်းဆရာ ဦးဖေရှိန်းဆိုတဲ့သူက မျှော်လင့်ပြီးသားပါ။ ဟိုတုန်းကလို ထမင်းလုတ်ပုတ်ချတဲ့ သစ္စာဖောက်ကောင်ဆိုပြီး တုတ်တွေ၊ ဓားတွေနဲ့ လာမဝိုင်းတာကိုပဲ သူ့မှာ ကျေးဇူးတင်နေရတယ်လေ။ အကြောင်းကတော့ ရွာသားတွေရဲ့လက်တွေ့နဲ့ မျက်မြင်ဆိုတဲ့ ကန့်လန့်ကာရဲ့နောက်မှာ ထမင်းလုတ်ပုတ်ချတဲ့ သစ္စာဖောက်ကောင်ဆိုတဲ့ စွပ်စွဲချက်တွေက ပြည်ဖုံးကားကျသွားလို့ပဲ။ ဒါပေမဲ့ စောဒကအတွက် ပြန်လည်ချေပဖို့က သူ့တာဝန်ပဲ မဟုတ်လား။

'ကျုပ်တို့ နှစ်စဉ်နှစ်တိုင်း ဒီအတိုင်းသာ တောင်ယာခုတ်သွားမယ်ဆိုရင် မကြာခင် သစ်တောအားလုံး ပြုန်းတီးကုန်မှာပဲ။ အခု ဒီပတ်ဝန်းကျင်မှာလည်း ခင်ဗျားတို့ မြင်တဲ့အတိုင်းပဲ တော



www.burmeseclassic.com

www.burmeseclassic.com

အုပ်တွေ တဖြည်းဖြည်းပါးသွားပြီ။ သစ်တောတွေ ပြုန်းတီးကုန်ရင် အပူရှိန်တွေမြင့်မားလာမယ်၊ အပူရှိန်တွေ မြင့်မားလာတဲ့အတွက် ရာသီဥတုတွေ ဖောက်ပြန်လာမယ်။ ပုံမှန်ရာသီဥတု မဟုတ်တော့ဘူး။ လွန်ခဲ့တဲ့ ငါးနှစ်က မိုးသုံးနှစ်ဆက်တိုက်ခေါင်တယ်။ အားလုံးဒုက္ခရောက်ကြတယ်။ ပြည်မက အထောက်အပံ့တွေနဲ့ ကျုပ်တို့ အသက်ဆက်ခဲ့ရတယ်။ မနှစ်က မကြုံစဖူး မိုးကြီးတယ်။ မြေပြိုပြီး ခင်ဗျားတို့ တောင်ယာခင်းအားလုံး ပါသွားတယ်မဟုတ်လား။ အဲဒါဟာ သစ်တောပြုန်းတီးမှုကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးဆက်တွေပဲ။ ဒါကြောင့် တစ်နှစ်တစ်တောခုတ်ရတဲ့ ရွှေ့ပြောင်းတောင်ယာစနစ်အစား တစ်နေရာတည်းမှာ လှေကားထစ်စိုက်ပျိုးရေးနဲ့ ဥယျာဉ်ခြံမြေစိုက်ပျိုးရေးစနစ်အဖြစ် ပြောင်းလဲလုပ်ကိုင်ကြမယ်ဆိုရင် သစ်တောပြုန်းတီးမှုတွေ တဖြည်းဖြည်း လျော့ပါးသွားမှာပဲ…။

‘ကျုပ်တို့ ချင်းတောင်ဒေသဟာ မုတ်သုံမိုးကောင်းတဲ့ ဒေသပါ။ ဒါကြောင့် တောင်ယာဟောင်းတွေကို နောက်ထပ် မခုတ်ဘဲထားရင် ၆ နှစ်အတွင်း တောအုပ်တွေ ပြန်ဖြစ်သွားလိမ့်မယ်။ တောအုပ်တွေ ပြန်ကောင်းလာရင် ရာသီဥတုဖောက်ပြန်မှုတွေလည်း လျော့ပါးသွားမှာပဲ။ ဒါကြောင့် အခုကတည်းက စပြီး ရွှေ့ပြောင်းတောင်ယာစနစ်ကို စွန့်လွှတ်ပြီး ဥယျာဉ်ခြံမြေစိုက်ပျိုးရေးစနစ်ကို ပြောင်းလဲလုပ်ကိုင်ကြဖို့ ကျုပ်တိုက်တွန်းချင်တာပါ။ ကျုပ်တို့ မိသားစုဆိုရင် တောင်ယာ မခုတ်တာ ၁၀ နှစ်ကျော်ပြီ။ ခင်ဗျားတို့ သိပါတယ်။ ကျုပ်တို့မိသားစု ဒီခြံမြေ စိုက်ပျိုးရေးနဲ့ပဲ စားနေကြတာပဲ။ ခင်ဗျားတို့ လက်တွေ့ မြင်ခဲ့ကြတဲ့အတိုင်း ဒီလို ဥယျာဉ်ခြံမြေဖြစ်လာအောင် ကျုပ်တို့မိသားစု ၁၀ နှစ်လောက် ပင်ပန်းခဲ့ရတယ်’

သူ့စကားတွေက နည်းနည်းတော့ ရှည်လျားသွားတယ်။ ဒါပေမဲ့ ဒီလိုလူမျိုးတွေကို တစ်နေရာတည်းမှာ စုပြီး ဒီလိုစကားမျိုးပြောဖို့ဆိုတာ ကြုံတောင့်ကြုံခဲမဟုတ်လား။ ဒါကြောင့် ဒီလိုအခွင့်အရေးနဲ့ကြုံတုန်း ပြောချင်တဲ့ စကားတွေကို တစ်ခါတည်း ပြောလိုက်တာလေ။ တကယ်တော့ ဒီလိုစကားမျိုးတွေပြောနိုင်အောင် နှစ်ပေါင်း ၂၀ ကျော် သူမှာ စောင့်ခဲ့ရတာပါ။ အခုတော့ အဲဒီလို စောင့်ရကျိုးနပ်ခဲ့ပါပြီ။ သူ့ရဲ့ ဆွေးနွေးချက်တွေကို ရွာသားတွေ တကယ်ပဲ နားလည်ကြရဲ့လားဆိုတဲ့ စိုးရိမ်စိတ်ကလေး ဝင်မိပေမဲ့ ပုတ်သင်ညိုလို ခေါင်းတညိတ်ညိတ်လုပ်နေကြတာကို မြင်ပြန်တော့ ဘာပဲဖြစ်ဖြစ် စိတ်ထဲမှာ ကျေနပ်မိတာတော့ အမှန်ပါ။ ဒီနေ့ ဟာန်ပုံရွာ၊ လုပ်ရှုံရွာ၊ ဝမ်းသူရွာ၊ ရန့်ပန်းရွာ၊ ဇွန်တောင်ရွာ၊ မချုံရွာ စတဲ့ လက်လှမ်းမီရာရွာတွေက ရွာသားတွေကို တကူးတကဖိတ်ကြားပြီး သူ့ရဲ့ လှေကားထစ်စိုက်ပျိုးရေးစနစ်ကို လက်တွေ့ပြသခဲ့တာလေ။ အောင်မြင်ဖြစ်ထွန်းနေတဲ့ သူ့ရဲ့ လှေကားထစ်စိုက်ပျိုးရေးစနစ်ကိုကြည့်ပြီး ရွာသားတွေ အားကျမိတာတော့ အမှန်ပါ။

‘ဆရာ ပြောတာတွေကို သဘောပေါက်သလိုလိုတော့ ရှိပါတယ်။ ဥယျာဉ်ခြံမြေစိုက်ပျိုးရေးစနစ်ကို ပြောင်းလဲတာတော့ ဟုတ်ပါပြီ။ ထွက်လာတဲ့ သစ်သီးဝလံတွေ ဥပမာ-ပန်းသီး၊ လိမ္မော်သီး၊ သစ်တော်သီး၊ နာနတ်သီးလို သစ်သီးမျိုးကျတော့ လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့အတွက် ဘယ်ကိုသွား ရောင်းရမှာလဲ။ ဘယ်သူက လာဝယ်မှာလဲ’

ရွာသားတွေ ရွှေ့ပြောင်းတောင်ယာစနစ်ကို မစွန့်လွှတ်လိုတဲ့ အဓိကအချက်ဟာ အဲဒါပါပဲ။ အဲဒီအချက်ကိုတော့ ရွာသားအများစုကလည်း ဟုတ်တယ် မှန်တယ် ဆိုပြီး ထောက်ခံကြတယ်။ တကယ်တော့ စစ်မဖြစ်ခင် မြားကုန်နေတဲ့အဖြစ်မျိုးဟာ ဒီရွာသားတွေနဲ့ အဖြစ်မျိုးပါ။

‘အဲဒီအတွက်တော့ မပူကြပါနဲ့ဗျာ။ အောင်မြင်ဖြစ်ထွန်းအောင်သာ အရင်လုပ်ကြည့်ကြပါ။ ကုန်မရှိဘဲနှင့်တော့ ဘယ်ပွဲစား ဘယ်ကုန်သည်မှ လာမှာမဟုတ်ဘူး။ ကျုပ်တို့ရဲ့ ဥယျာဉ်ခြံမြေ စိုက်ပျိုးရေး အောင်မြင်လာပြီဆိုရင် ဈေးကွက်ရလာမှာပါ။ ဈေးကွက်ရလာရင် သက်ဆိုင်ရာ တာဝန်ရှိသူတွေကို လမ်းပန်း ဆက်သွယ်ရေးကိစ္စ တင်ပြရင် အကောင်အထည်ဖော်ပေးကြမှာပါ။ ပြီးတော့ ကျုပ်အကြံပေးချင်တာက ရွှေ့ပြောင်း တောင်ယာစနစ်ကို တစ်ခါတည်း စွန့်လွှတ်တာမျိုးမလုပ်ဘဲ ဥယျာဉ်ခြံမြေစိုက်ပျိုးရေးလုပ်ရင်းနဲ့ တဖြည်းဖြည်း စွန့်လွှတ်တာမျိုးက အကောင်းဆုံးပါပဲ’

သူ့ရဲ့ ဖြေရှင်းချက်တွေက ဖြစ်သင့်ဖြစ်နိုင်စရာ၊ လက်သင့်ခံနိုင်စရာ အနေအထားမို့ ဘယ်သူတစ်ဦးတစ်ယောက်ကမျှ စောဒကတက်တာမရှိပါဘူး။ ဒါဆို ဒီနေ့ အကောင်အထည်ဖော်လိုက်တဲ့ သူ့အိပ်မက်ဟာ အောင်မြင်တယ်လို့ တပ်အပ်မပြောနိုင်သေးပေမဲ့ အလကား မဖြစ်တာတော့ သေချာတယ်လေ။ အဲဒီလိုဆိုရင် သူကျေနပ်ပြီ။

‘ကျုပ်တို့ တောင်ယာမခုတ်လည်း သူများတွေ ခုတ်နေမှာပဲ။ ဒီတော့ ဘာထူးလာမှာလဲ ယောကျ်ားရယ်။ အများမိုးခါးရေသောက်ရင် ကျုပ်တို့လည်း သောက်ရုံရှိတာပဲ’

ရွှေ့ပြောင်းတောင်ယာစနစ်ကို စွန့်လွှတ်ဖို့ သူ ဆုံးဖြတ်တုန်းက ဇနီးဖြစ်သူ ဒေါ်လောင်းယ ပြောခဲ့တဲ့ စကားပါ။ သူ့ဆုံးဖြတ်ချက်ကို ကန့်ကွက်တာမဟုတ်ပေမဲ့ အများနဲ့တစ်ယောက်ဖြစ်နေတဲ့ လင်ယောကျ်ားအပေါ် မိန်းမသားပီပီ ဟိုတုန်းကလိုဖြစ်မှာကို ပူပန်မိတာလေ။ ဒါပေမဲ့ ခါးသီးဖွယ်ကောင်းလှတဲ့ အတိတ်က အိပ်မက်ဆိုးကြီးကို ဇနီးဖြစ်သူရဲ့ စကားက မကျော်လွှားနိုင်ခဲ့ပါဘူး။ အခုတော့ သူဟာ ထမင်းလုတ်ပုတ်ချတဲ့ သစ္စာဖောက်ကောင် ဘဝက လွတ်မြောက်ခဲ့ပါပြီ။ ❑

လှေကားထစ်အတွက်



www.burmeseclassic.com

www.burmeseclassic.com

တွေပေါ်က စပါးခင်းတွေနဲ့ သစ်သီးဝလံတွေဟာ ဝေဆာစိမ်းမြလို့နေတယ်။ ကျောင်းဆရာဟောင်း ဦးဖေရှိန်းအဖို့ ဒီလို အောင်မြင်ဖြစ်ထွန်းနေတဲ့ စိုက်ပျိုးသီးနှံတွေကို မြင်ရပြန်တော့ ရင်ထဲက ပီတိတွေဟာ မျက်လုံးအိမ်မှာ စိုစွတ်လာကြတဲ့အထိပါပဲ။ နှစ်ပေါင်း ၇၀ ကျော်ကြာခဲ့တဲ့ ဘဝအမောတွေလည်း ကွယ်ပျောက်ခဲ့ပြီလေ။ သူ့ရဲ့ ဥယျာဉ်ခြံမြေတစ်ခုတည်းလား။ မဟုတ်ပါဘူး။ ဝမ်းသူးရွာ၊ ဟန်ပုံရွာ၊ လုပ်ရှဲရွာ၊ ခွန်တောင်ရွာ စတဲ့ သူလက်လှမ်းမီရာ ရွာတွေမှာလည်း ဥယျာဉ်ခြံမြေစိုက်ပျိုးရေးစနစ် လုပ်ကိုင်နေကြပြီ။ အဲဒီရွာပတ်ဝန်းကျင်က တောအုပ်တွေလည်း တဖြည်းဖြည်းနဲ့ ပြန်လည်စိမ်းညို့လာကြပြီ။

ပြီးတော့ သူ့ရွာက သူ့ရဲ့ မူလတန်းကျောင်းလေးတောင် သက်ဆိုင်ရာက တွဲဖက်အလယ်တန်းကျောင်းအဖြစ် တိုးမြှင့်ပေးခဲ့ပြီ။ ဒီရွာကနေ တက္ကသိုလ်ဘွဲ့ရတဲ့ အထိ တက်လှမ်းနိုင်ခဲ့ကြတဲ့ ကျောင်းသားအချို့ဟာ သူ ပြုစုပျိုးထောင်ပေးလိုက်တဲ့ သူ့ကျောင်းထွက်တွေပါပဲ။ အနာဂတ်မှာ ထွန်းတောက်လာမယ့် လူငယ်တွေလည်း သူ့ကျောင်းလေးမှာ တန်းစီနေကြပြီ။ ဝါသနာ၊ စေတနာ၊ အနစ်နာ စတဲ့ နာသုံးနာ ပေးဆပ်မှုရဲ့ ရလဒ်ဟာ ဒါတွေပါပဲ။ အဲဒီ နာသုံးနာဟာ စိန်တွေ၊ ပတ္တမြားတွေလို တန်ဖိုးရှိမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ကိုယ်ပြုစုပျိုးထောင်ပေးလိုက်တဲ့ ပန်းပင်လေးတွေ ဖူးပွင့်လာတဲ့အခါ ခံစားရတဲ့ ဥယျာဉ်မှူးတစ်ယောက်ရဲ့ ပီတိမျိုး ဘယ်အရာနဲ့လဲလို့ရနိုင်မလဲ။ ဘယ်အရာနဲ့ နှိုင်းယှဉ်လို့ရမလဲ။ ဘယ်အရာနဲ့ တိုင်းတာလို့ရပါ့မလဲ။

တကယ်တော့ ဦးဖေရှိန်းတစ်ယောက် သူ့အဖြစ်ချင်ဆုံး ဆန္ဒတွေဟာ သူ့ပတ်ဝန်းကျင် ကွက်ကွက်ကလေးကိုမဟုတ်ဘဲ ချင်းတောင်တန်းတစ်ခုလုံးကို ပြောင်းလဲစေချင်ခဲ့တာပါ။ ဒါပေမဲ့ သူက တစ်ကမ္ဘာလုံး ရှယ်ယာဈေး ကွက်တွေ ကမောက်ကမဖြစ်အောင် လုပ်ခဲ့တဲ့ ဂျူးသူဌေး ဂျော့ဆိုးရော့စ်လို မိလျံနာ သူဌေးကြီးလည်းမဟုတ်ဘူး။ ပြီးတော့ ပြည်သူတွေ ဘယ်ဘဝရောက်ရောက် ကိုယ်ဖြစ်ချင်တာကို ပါးစပ်ဟလိုက်တာနဲ့ အရာရာဖြစ်မြောက်သွားတဲ့ ဟစ်တလာလို အာဏာရှင်မျိုးလည်း မဟုတ်လေတော့ သူ မတတ်နိုင်ခဲ့ပါဘူး။ ဒါပေမဲ့ ရွှေ့ပြောင်းတောင်ယာ စနစ်ကနေ ဥယျာဉ်ခြံမြေစိုက်ပျိုးရေးစနစ်ဆီ ပြောင်းလဲရေးနဲ့ ပညာရေးတွေ ပြောင်းလဲသွားအောင် သူ့ပတ်ဝန်းကျင် ကွက်ကွက်ကလေးမှာ စွမ်းဆောင်နိုင်ခဲ့တာတော့ သက်တမ်း ၇၀ ကျော် ရှင်သန်ခဲ့ရတဲ့ လူ့ဘဝမှာ လူဖြစ်ကျိုးနပ်မှုရဲ့ တစ်စိတ်တစ်ဒေသလေးပါပဲ။ ဒါကြောင့် ရှင်သန်ဖို့အတွက် ကျန်ရှိတဲ့ သက်တမ်းလေးဟာ သိပ်မဝေးတော့ပေမဲ့ သူ သေပျော်ပါပြီ။ ဘာပဲဖြစ်ဖြစ် လေထဲမှာ လွင့်ပါးပျောက်ကွယ်တတ်တဲ့ တိမ်ခိုး တိမ်တောင်တွေလို အားအင်တွေ သူ့မှာ မရှိပေမဲ့ ဒီတောင်တန်းကိုတော့ မိုးနိုင်ခဲ့ပြီပဲ။ သြော် အနောက်ရိုးမတောင်တန်းတွေပေါ် တိမ်နဲ့ တောင်ခိုးတွေတောင် မိုးနေပြီပဲ။ ဒါဆို ဒီတောင်တန်းပေါ် မိုးတွေ ရွာတော့မယ်လေ။ ॥ ■

ကော၊တောင်တန်းပြာ၊

Dictionary for All

THALUN Bookstore Yangon

သာလွန်

အင်္ဂလိပ် - မြန်မာ

အဘိဓာန်

သာလွန်စာအုပ်တိုက်

၃၆၉၊ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၄၂၄၁၈၊ ၂၄၉၂၀၈

အမှတ်(၃၇၇/၃၇၉)ဗိုလ်ဆွန်ပက်လမ်း(အထက်)၊ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၄၀၁၅၃၊ ၂၄၂၀၃၈၊၃၈၂၂၈၀

၁၆၅/၂ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၄၅လမ်းထောင့် ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၂၉၉၂၂၈

၁၀၆/၁၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ရန်ကုန်မြို့။ ဖုန်း - ၂၉၂၄၉၂၊ ၀၉ ၅၁၅၇၇၁၆

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





ဦးဘသာတစ်ယောက်
ဂနာမငြိမ်နိုင်။
ထိုင်မရ ထမရဖြင့်
ခြံဝသို့ တကဲကဲ
ကြည့်နေမိသည်။
အိမ်၏
ကြမ်းကိုလည်း
တရှပ်ရှပ်အသံထွက်
သည်အထိ
အိမ်ခေါင်းနှင့်
ခြေရင်းသို့
ခေါက်တုံ့ခေါက်ပြန်
လျှောက်နေမိသည်။
တကယ်တော့
ဤသို့ဖြစ်နေသည်မှာ
ဦးဘသာတစ်ယောက်
တည်းတော့မဟုတ်၊
ဇနီးဖြစ်သူ
ဒေါ်ငွေမြလည်း
ပါသေးသည်။
သို့သော် သူက
ဣန္ဒြေဆယ်နိုင်သည်။
ခေါင်းရင်းရှိ
ဘုရားစင်အောက်နားတွင်
ခပ်ကျုံ့ကျုံ့ထိုင်ရင်း
ဆေးကြမ်းလိပ်ကိုသာ
အာရုံစိုက်၍
ဖွာထုတ်နေသည်။
အိမ်တွင်း
အောင်းနေတတ်သော
ဘွားလေးစိန်သည်ပင်



www.burmeseclassic.com

www.burmeseclassic.com

ခုတော့ ကွပ်ပျစ်ပေါ်တွင် အထိုင်သား၊ တဘက်ကြီးကို ခေါင်းတွင်ပေါင်းထားလျက် ရွာအလယ်လမ်းကို တကြည့်ကြည့်။

'မလာသေးပါလား ဖိုးစိန်ရ'

'ခွေးပုတို့ကို အစောကြီးကတည်းက လှည်းနဲ့ အကြိုလွှတ်ထားတာပဲ သူကြီး'

ဦးဘသာက စောင့်နေရသည်ကို သိပ်ဘဝင်ကျ ဟန်မတူ။ အတွင်းရေးမှူး ဖိုးစိန်ကို ခပ်ဆတ်ဆတ်မေးရင်း စိတ်မရှည်သည့်ပုံကို ပြသည်။

'အေးပုံ ညည်းတို့ကော မပြီးနိုင်တော့ဘူးလား'

နေရင်းထိုင်ရင်း နောက်ဖေးတွင် ချက်ပြုတ်နေသော သူ့သမီးများကိုပါ ရောနှောကာ မာန်ဖီလိုက်သေးသည်။ စိတ်မရှည်သော အဖေဖြစ်သူကို အကဲပိုတယ်ဟူသော မျက်နှာပေးဖြင့် ပြန်တုံ့ပြန်သောအခါ ဦးဘသာက သူမဟုတ်သလို ချာခနဲ ပြန်လှည့်ထွက်သွားသည်။ အေးပုံက မျက်စောင်းကိုပစ်ရင်း...

'ပြီးမှ ကြာပေါ့အဘရယ်၊ ခုက အချိုပွဲတွေကို ရှယ်ပြင်နေတာတော့'

ပြောရင်းဆိုရင်း လက်ထဲက ဆန္ဒင်းမကင်းဗန်းကို ထောင်ပြလိုက်ပါမှ ဦးဘသာက အနည်းငယ် ကျေနပ်ဟန် ပြုံးသည်။ အိမ်ခြေ ၅၀ ခန့်သာရှိသော ချောင်ကျကျရွာလေးတွင် သူကြီးဖြစ်သူ ဦးဘသာကို လူတိုင်းက ရိုသေကြသည်။ သူဆိုသည်မှာလည်း သူ့ကို ရိုသေပြလျှင်

ဦးဘသာကို ကွယ်ရာတွင် အတင်းတုတ်ကြသည်မှလွဲ၍ ရင်ထဲမှ နှစ်နှစ်ကာကာ ကျေးဇူးတင်ကြသည် ထို့ကြောင့် ဆရာကြီး ဆရာမကြီးများ လာလျှင် နေရေး၊ ထိုင်ရေး စားရေး သောက်ရေးတို့ကို အတတ်နိုင်ဆုံး အဆင်ပြေအောင် ဦးဘသာ စီစဉ်ရသည်

တယ်မှပင် သဘောလွေ့တတ်လေသော သူကြီး။ ထို့ကြောင့် သူ့အကြောင်းသိသော ရွာသားများက သူ့ကိုတွေ့လျှင် ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ၊ စိတ်ထဲပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ရိုကျိုးပြကြသည်ချည်း။ ထိုအရသာကို ဦးဘသာက လွန်စွာမှ သဘောကျပြနေလိုက်သေးသည်။ ကွယ်ရာတွင်တော့ ဦးဘသာ အမြောက်ကြိုက်ပုံကို တီးတိုးတီးတိုးပြန်ပြောကြရင်း ဟာသဇာတ်ခင်းနေသည်ကို ဦးဘသာ မသိရှာ။ သမီးများနှင့် ဇနီးဖြစ်သူတို့ကတော့ သိသည်။ သို့သော် ပြောလည်းနိုင်မည်မဟုတ်မှန်းသိသမို့ သည်အတိုင်းသာ လွှတ်ထားကြတော့သည်။ ထိုအခါ ဦးဘသာ၏ သူသည်သာ သူကြီး၊ သူသည်သာ အကြီးဆုံးဟူသော အစွဲသည်လည်း တစ်နေ့တခြား ပိုမိုကြီးထွားလာရသည်။

ယခုလည်း မနက်ခင်းကတည်းက တစ်ရွာလုံးကို သူ့အိမ်သို့လာရန် တစ်ချက်လွှတ် အမိန့်ချထားသည်။ ယနေ့လာမည့် ဧည့်သည်များသည် မည်မျှပင် အရေးကြီးကြောင်း၊ သေသေချာချာ ဧည့်ဝတ်ကျေကြရန်လိုကြောင်းကို သည်နေ့မတိုင်မီ ပြုလုပ်ခဲ့သော အခေါက်ပေါင်း မရေတွက်နိုင်သည့် အစည်းအဝေးပွဲတို့တွင် ရွာသားများ နားမခံသာအောင် တတွတ်တွတ် ပေါက်ပေါက်ဖောက်ခဲ့ပြီးပြီ။ ခုလည်း ထပ်မံ မှာတမ်းပြုလေပြန်သည်။

'သေသေချာချာ သွားကြိုကြရဲ့လားဟ ခွေးပုတို့က'

သည်တစ်ခါတော့ သူ၏ ဝေယျာဝစ္စများကို အမြဲဒိုင်ခံ လိုက်လုပ်ပေးသော အတွင်းရေးမှူး ဖိုးစိန်သည်ပင် နှုတ်ခမ်းတရွဲ့ရွဲ့၊ မျက်စတပစ်ပစ်ဖြင့် ပြန်ဖြေလေပြီ။

'သေသေချာချာကို နွားလှည်းသုံးစီးလွှတ်ပြီး မှာထားတာပါ။ မြို့ကကား မရောက်သေးလို့နေမှာပါ သူကြီးရယ်'

ထိုအဖြေကို ဦးဘသာ သဘောကျသည့်ပုံမပြ။ အိမ်ပေါ်မှဆင်း ခြံတံခါးဝနားသို့ လျှောက်ကာ အပြင်သို့ တစ်ချက်ကဲကြည့်လိုက်သေးသည်။ ရွာသားများသည်လည်း ဦးဘသာကြည့်သည့်အခါ ဧည့်သည်လာပြီလားဆိုသောအတွေးနှင့် ရောယောင်ကာ ပြူတစ်ပြူတစ် လိုက်ကြည့်ကြသည်။ တစ်ဖန် တံခါးဝမှနေ၍ အိမ်ဘက်သို့ သွားချည် ပြန်ချည် လျှောက်ကာ သူ့မျက်စိထဲတွင် အမြင်မတော်သည်တို့ကို ပါးစပ်က မနားတမ်း ရေရွတ်နေပြန်သည်။ ထိုအခါ ရွာသားများပါ အငြိမ်မနေရ။ ဟိုထလုပ်၊ သည်ထလုပ်ဖြင့် ဗျာများရသည်။

တကယ်တော့ ဦးဘသာ အကဲပိုလျှင်လည်း ပိုသင့်သည်။ ယခုလာမည့် ဧည့်သည်တို့မှာ ဦးဘသာတို့ရွာလေးအတွက် အလင်းဆောင်မည့်သူများဆိုလည်း ဟုတ်သည်၊ အနာဂတ်ဆိုလည်း ဟုတ်သည်၊ မီးအိမ်ရှင်ဆိုလည်း ဟုတ်သည်ဟုဆိုရမည်ပင်ဖြစ်သည်။ နယ်မြို့လေးနှင့်ပင် မိုင် ၅၀ ခန့် ဝေးလံပြီး လမ်းပန်းဆက်သွယ်ရေး မကောင်းလှသော ဦးဘသာတို့ရွာတွင် ပညာတတ်သူဟူသည် လက်ညှိုးထိုးပြရန် တစ်ယောက်ပင် မရှိ။ ခေတ်တွေ မည်မျှပင် ပြောင်းပြောင်း ကျောက်တုံးကမူတို့ဖြင့် ပြည့်နှက်နေသော လှည်းလမ်း တစ်လမ်းသာရှိသည့် ဤရွာလေးတွင်မူ တိုးတက်မှုဟူသည် ဝေးစွ။ လက်ရှိ အနေအထားနှင့်ပင် နပ်မှန်အောင် မနည်း ထိန်းထားရသည်မျိုး။ ရွာ။ မြေအခံလေးကမူ [illegible]လေး



www.burmeseclassic.com

www.burmeseclassic.com

ကို ကောင်းကျိုးပေးရာပေသည်။ ရွာချောင်းမှ စုစုလာသော အဆီအနှစ်တို့ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးတို့တွင် အဆင်ပြေနေသေး၍ တော်လှသည်။

ထိုသို့သော အခြေအနေမျိုးတွင် ပညာရေးကို ရှာဖွေနိုင်ရန်မှာ လွန်စွာမှ ခက်လှသည်။ ကံကောင်းစွာပင် လွန်ခဲ့သော ငါးနှစ်ခန့်က မြို့မှ အလှူရှင်များ လာရောက်ဆောက်လုပ်ပေးသော သစ်သားကျောင်းဆောင်လေးတစ်ခုသာ ရွာလေးတွင် ပညာဟူသော လမ်းစတစ်ခု ဖြစ်ခဲ့သည်။ သို့သော် ဝေးလံခေါင်လှသောနေရာမို့ တစ်နှစ်လျှင် ဆရာတစ်ယောက်သာ လာရောက်နိုင်ပြီး မနှစ်ကဆိုလျှင် လာမည့်ဆရာပင် မရှိ။ ထို့ကြောင့် ရွာရှိကလေးများမှာ လေးတန်းသို့ပင် ရောရောရှူရှူ မရောက်နိုင်ကြသေး။ ယခုကဲ့သို့ နွေရာသီ ကျောင်းပိတ်ချိန်ဆို လာသင်သည့် ဆရာမှာလည်း အိမ်သို့ပြန်သွားကြမြဲဖြစ်ရာ ရွာကျောင်းလေးမှာ အတော်လေးပင် ခြောက်ကပ်ကပ်နိုင်လှသည်။ ထို့ကြောင့် ရွာသူရွာသားတို့သည် သူတို့၏ သားသမီး မြေးမြစ်များကို ပညာတတ်ဖြစ်စေချင်လှသည်မှာ မဆန်းလှ။ သို့သော် ဆန်းသည်မှာက မြို့တွင် အစည်းအဝေးသွားတက်စဉ်က ပါလာခဲ့သော ဦးဘသာ၏ သတင်း။ ဦးဘသာသည် တစ်လတစ်ခါ မြို့သို့ အစည်းအဝေးသွားတက်ကာ ရွာ၏ ရေးပေါင်းများစွာအတွက် ကိုယ်စားလှယ် လုပ်ပေးရသည်။ ထို့ကြောင့် သူမြို့မှပြန်လာတိုင်း ပြန်လာတိုင်း ဘာသတင်းများပါလိမ့်မည်နည်းဟု ရွာသားများက နားစွင့်ရမြဲ။ ရွာအတွက် မြေဆီထုပ်များအား လှည်းနှင့် သွားသယ်ကြပါ။ ရွာမှ စပါးများကို လမ်းမကြီးဆီကို လှည်းနှင့်သွားပို့ကြပါ စသဖြင့် ပုံမှန်သတင်းများသာယူ လာတတ်သော ဦးဘသာသည် သည်တစ်ခေါက်တွင်မူ ထူးထူးခြားခြား သတင်းတစ်ခု ယူလာခဲ့ခြင်းဖြစ်သည်။

တကယ်တော့ ထိုသတင်းကို မရရအောင် ဦးဘသာကိုယ်တိုင် ကြိုးစားအားထုတ်ခဲ့ခြင်းဆိုက ပို၍မှန်ပေသည်။ ရွာ၏ ပညာရေးအခြေအနေကို အစည်းအဝေးတက်တိုင်း တက်တိုင်း အမြဲတမ်း တင်ပြပြောဆိုလွန်းသောကြောင့် မြို့ပေါ်ရှိ သက်ဆိုင်ရာတို့မှတစ်ဆင့် ထိုသတင်းကောင်းကို ရရှိခဲ့ခြင်းဖြစ်သည်။ ဦးဘသာသည်လည်း ထိုသို့ အားမနာတမ်း တင်ပြရသည်မှာ အကြောင်းတော့ရှိသည်။ သူ့တွင်လည်း မျိုးသိပ်ခဲ့ရသော ခံစားချက်တို့မှာ တစ်ပွေ့တစ်ပိုက်။ အခြားရွာမှ သူကြီးများမှာ ဘွဲ့မရသော်ရှိ ၁၀ တန်းအောင်၊ ၈ တန်းအောင်လောက်တော့ ရှိကြသည်မို့ အစည်းအဝေးတွင် တစ်ခုခုဆိုလျှင် အချေအတင် ဆွေးနွေးနိုင်ကြသည်။ ဦးဘသာကမူ မိမိ၏ ရွာအတွက် အဆင်ပြေရေးသာ တင်ပြတောင်းဆိုသက်သက် ဖြစ်နေရပြီး မျက်နှာငယ်ရလွန်းလှသည်။ ထို့ကြောင့် ဦးဘသာ ပညာတတ်ချင်သည်။ သူတို့နှင့်အပြိုင် ဆွေးနွေးချင်သည်။ အနည်းဆုံး စာရေး၊ စာဖတ်လောက်ကိုတော့ ဦးဘသာ တတ်မြောက်လိုမိသည်။ အစည်းအဝေးတွင် အခြားသူများကလည်း ဦးဘသာ ပညာမတတ်မှန်း သိကြသော်လည်း နှိမ်ပြော ပြောဆိုခြင်းတော့မရှိကြ။ အသက်ကြီးသော ဦးဘသာကို သူတို့အားလုံး ချစ်ခင်ကြသည်။ ဦးဘသာကိုယ်တိုင်ကသာ သိမ်ငယ်နေမိခြင်းဖြစ်သည်။ မြို့နယ် အုပ်ချုပ်ရေးမှူးကလည်း ဦးဘသာ၏ အခက်အခဲကို ရိပ်စားသိရှိသောကြောင့် ဦးဘသာ တင်ပြစဉ်ကပင် အထက်သို့ စာပို့အကြောင်းကြားခဲ့ဟန်တူသည်။ သုံးလေးလကြာသောအခါ ဦးဘသာ အလိုရှိသော သတင်းတစ်ခုကို သူက ပြန်လည် ယူဆောင်ပေးခဲ့သည်။

'ဒီနွေရာသီမှာ ဦးဘသာတို့ ရွာက စာမတတ်သူတွေအတွက် စာတတ်မြောက်ရေး အစီအစဉ်နဲ့ ဆရာကြီး၊ ဆရာမကြီးတွေကို ချပေးမယ်တဲ့ ဦးဘသာရေ'

ထိုစကားကို ကြားကြားချင်း ဦးဘသာ မိမိနားပင် မိမိမယုံမိသေး။ အပျော်လုံးဆို့လွန်းလှသည်မို့ ပါးစပ်အဟောင်းသား ဖြစ်ခဲ့ရသေးသည်။ သတင်းစကားကို ရွာကလေးဆီသို့ အပြေးကလေး ပြန်ယူလာခဲ့သော ထိုနေ့က တစ်ရွာလုံးပျော်ကြသည်။ စာမတတ်ကြသော ရွာရှိ လူကြီးများအတွက် ပိုလို့ပင် သတင်းကောင်းဖြစ်ရသည်။ သူတို့မှာ စာတတ်ချင်ပါသော်လည်း စာသင်ကျောင်းတွင် ကလေးများနှင့် ကျောင်းသွားတက်၍လည်း မသင့်တော်။ အတန်းအားလုံးကို တစ်ယောက်တည်း ဒိုင်ခံသင်ပေးရသော ဆရာကြီးကိုလည်း အချိန်ပိုဖြင့် အသင်ခိုင်းရန် အားနာလှသည်နှင့် စာတတ်ချင်သော သူတို့အိပ်မက်မှာ မနိုးထနိုင်ခဲ့။ ခုတော့ သူတို့၏ အိပ်မက်များက အကောင်အထည်ပေါ်တော့မည်ဖြစ်၍ ဦးဘသာကို ကွယ်ရာတွင် အတင်းတုတ်ကြသည်မှလွဲ၍ ရင်ထဲမှ နှစ်နှစ်ကာကာ ကျေးဇူးတင်ကြသည်။

ထို့ကြောင့် ဆရာကြီး၊ ဆရာမကြီးများလာလျှင် နေရေး၊ ထိုင်ရေး၊ စားရေး သောက်ရေးတို့ကို အတတ်နိုင်ဆုံး အဆင်ပြေအောင် ဦးဘသာ စီစဉ်ရသည်။ ရွာသားများမှာလည်း ထိုကိစ္စအတွက်မူ ခါတိုင်းကဲ့သို့ အနည်းငယ်မျှပင် အတွန့်တက်ခြင်းမရှိကြတော့။ အားလုံးစိတ်အားထက်သန်ကြသည်။ ဦးဘသာကဲ့သို့ အစည်းအဝေးတက်ရသည် မဟုတ်သော်လည်း သူတို့လည်း သူတို့ကိုယ်တိုင် စာရေးတတ်၊ ဖတ်တတ်လို ကြရာသည်။ ထွေးခင်ကို ရည်းစားစာ လှလှရေးပေးရန် ဟူသော ဖိုးမောင်၏ အိပ်မက်၊ ဖိုးမောင်ပေးသော ရည်းစားစာကို နိုးနိုးပြီး ဖတ်ချင်သည့် ထွေးခင်တို့လို လူငယ်တစ်


www.burmeseclassic.com

www.burmeseclassic.com

သိုက်မှာလည်း သူ့အတွေးနှင့်သူ၊ ပါးစပ်က အမြုပ်ထွက်အောင် တစ်အိမ်တက်တစ်အိမ်ဆင်း တတွတ်တွတ် မပြောတော့ဘဲ စာတစ်တန်ပေတစ်တန် စာရင်းဇယားနှင့် ကြွေးတောင်းချင်သော အရီးလေး ဒေါ်မြရင်ကလည်း သူ့အတွေးနှင့်သူ၊ မျက်စိမှုန်စပြုပြီဖြစ်သော်လည်း တရားစာအုပ်လေးများကို မိမိမြင်နိုင်သလောက်လေး ဖတ်ကြည့်ချင်မိသည့် ဘွားလေးစိန်တို့ သက်ကြီးပိုင်းတစ်အုပ်မှာလည်း သူ့အတွေးနှင့်သူ အိပ်မက်တို့ ကိုယ်စီနှင့် ဖြစ်ပါသည်။

ဦးဘသာကမူ ဆရာကြီး၊ ဆရာမကြီးတို့အပေါ် မျှော်လင့်ချက်ခပ်ကြီးကြီး တိုးထားမိသည်။ မြန်မာစာကိုသာမက ဖြစ်နိုင်လျှင် အင်္ဂလိပ်စာလေး တစ်လုံးစ နှစ်လုံးစပါ တတ်ချင်မိသေးသည်။ ဝ,မရှိဘဲ ဝိလုပ်သည်ဟု ပြောပြော၊ နဂိုမရှိဘဲ နဂိုင်းထွက်ချင်သည်ဟုပဲ ပြောပြော ဆရာကြီး၊ ဆရာမကြီးတို့ကို အရဲစွန့်ပြီး ထပ်တိုးကာ အကူအညီတောင်းမည်ဟု စိတ်ထဲ တေးထားသည်။ သို့မှသာ မြို့အစည်းအဝေးတွင် ဘိုလိုလေးပါ ညှပ်ညှပ်ပြီး မှတ်တတ်နိုင်မည်ဟု ဦးဘသာ တွေးမိသည်။ ထိုသို့တွေးတိုင်း တွေးတိုင်း သူ့ရင်ထဲတွင် ဖျဉ်းခနဲ ဖျဉ်းခနဲ ကြက်သီးထ,ကာ ကျိတ်ကျိတ်ပြီး ပျော်ရွှင်ရသည်။ ဦးဘသာနှင့် ရွာသူရွာသားများအားလုံး အတွေးကလေး ကိုယ်စီတို့ရယ်နှင့် ဆရာကြီး၊ ဆရာမကြီးများ၏ အလာကို စောင့်

> တွေးခင်ကို ရည်းစားစာလှလှ ရေးပေးရန်ဟူသော ဖိုးမောင်၏အိပ်မက် ဖိုးမောင်ပေးသော ရည်းစားစာကို ခိုးခိုးပြီးဖတ်ချင်သည့် တွေးခင်တို့လို လူငယ် တစ်သိုက်မှာလည်း သူ့အတွေးနှင့်သူ ပါးစပ်က အမြုပ်ထွက်အောင် တစ်အိမ်တက် တစ်အိမ်ဆင်း တတွတ်တွတ် မပြောတော့ဘဲ စာတစ်တန် ပေတစ်တန် စာရင်းဇယားနှင့် ကြွေးတောင်းချင်သော အရီးလေး ဒေါ်မြရင်ကလည်း သူ့ အတွေးနှင့်သူ

မျှော်နေကြပါသည်။

❑

နေသည် အတော်မြင့်လာပြီဖြစ်သည်။ ခွေးပုတို့ သွားသည်မှာလည်း အတော်လေးကြာပြီဖြစ်သည်မို့ လမ်းမှာ တစ်ခုခုများဖြစ်နေမည်လားဟု ဦးဘသာ အစိုးရိမ်ပိုရသည်။ မိမိအစည်းအဝေးသွားစဉ်က လှည်းဘီးတစ်ခါ ကျိုးဖူးသည်။ ကိုယ့်ရွာသို့လာသည့် လမ်းအကြောင်းကို ကိုယ်အသိဆုံးဖြစ်သည်မို့ လှည်းကို သုံးစီးအလွှတ်ခိုင်းခဲ့ခြင်းလည်းဖြစ်သည်။ ဘေးမသီ၊ ရန်မခပါစေနဲ့ဟု စိတ်ထဲ အကြိမ်ကြိမ်ဆုတောင်းရသည်။ စကားအပြောအဆိုနည်းသော ဇနီးဖြစ်သူသည်ပင် အိမ်ရှေ့ကွပ်ပျစ်နားသို့ ရစ်သီရစ်သီ ရောက်နေပြီဖြစ်သည်။ အိမ်ရှေ့တွင်လည်း ပုဆိုးထ,ခါသူ ထ,ခါ၊ ထဘီပြင်ဝတ်သူ ပြင်ဝတ်၊ ဖင်အငြိမ်မနေနိုင်ဖြစ်နေကြပြီး ရွာအလယ်လမ်းဘက်သို့ တကဲကဲ ကြည့်နေကြလေသည်။

'ကလောက် . . . ကလောက်. . . ချွင် . . . ချွင်'

ထိုစဉ် ရွာထိပ်ဘက်မှ နွားလှည်းချူသံကို ရုတ်တရက်ကြားလိုက်ရသောအခါ အားလုံး လှုပ်လှုပ်ရွရွဖြစ်လာကြသည်။ ချူသံတို့ ပို၍ ကျယ်လာလေလေ ဦးဘသာ၏ ရင်အစုံမှာ ပို၍ ခုန်လာလေလေဖြစ်သည်။ အားလုံးလည်း ထို့နည်းတူပင်ဖြစ်မည်ဟု ဦးဘသာ ကိုယ်ချင်းစာမိသည်။ သို့သော် လူအုပ်မှာ တလှုပ်လှုပ် တရွရွဖြင့် ဣန္ဒြေမရှိလှသဖြင့် ဦးဘသာ အသံကိုမြှင့်ကာ သတိပေးရသေးသည်။

'ဟိတ် ဟိတ် အားလုံး ကိုယ့်နေရာကိုယ် ငြိမ်ငြိမ်ပြန်ထိုင်ကြ'

ဦးဘသာ ဟန့်လိုက်မှ ကိုယ့်နေရာကိုယ် ပြန်ထိုင်ကြသည်။ အေးပုံတို့ကတော့ ဧည့်သည်များသောက်ရန် အအေးပုလင်းများကို ဧည့်သည်များအတွက်ချထားသော စားပွဲများပေါ်သို့ လာချထားနှင့်ပေပြီ။ စိတ်ထဲတွင်တအားတွေ့ချင်နေသော်လည်း မိမိမှာ ရွာသူကြီးဖြစ်နေရကား ဆေးပေါ့လိပ်ကို ခပ်ပြင်းပြင်း ရှိုက်၍သာ လှည်းအလာကို ဦးဘသာ မျှော်ရသည်။

မကြာလိုက်ပါ။ ခွေးပုတို့အဖွဲ့ မောင်းလာသော လှည်းများသည် ဦးဘသာ၏ ခြံဝန်းအတွင်းသို့ တစ်လိမ့်တစ်လိမ့်ဖြင့် ရောက်ရှိလာပါတော့သည်။ လှည်းပေါ်တွင် ပါလာသူများကို အားလုံးက တငေးတမော ကြည့်ရှုကြသည်။ ပထမဆုံး ဝင်လာသည်မှာ ခွေးပုမောင်းလာသောလှည်း၊ ထိုလှည်းသည် လမ်းပြလှည်းဖြစ်သည်မို့ ခွေးပုနှင့် သူ့အပေါင်းအပါနှစ်ယောက်သာပါသည်။ ထို့နောက် ဒုတိယလှည်းကို အားလုံးအာရုံစိုက်ကြပြန်သည်။ ထိုလှည်းကမူ အချွတ်အချော်ဖြစ်လျှင် အကူအညီရအောင် ထည့်ပေးလိုက်သော လုခင်တစ်ယောက်တည်းသာပါသော လှည်းဖြစ်နေပြန်ပါသည်။ ထို့ကြောင့် အားလုံး၏ အကြည့်သည် နောက်ဆုံးမှဝင်လာသော လှည်းပေါ်သို့ စုပြုကာ ရောက်ကြကုန်သည်။ ဦးဘသာကမူ မအောင့်နိုင်တော့ဘဲ လှည်းအနားသို့ ဧည့်သည်ကို ကြိုရန်ပုံစံနှင့် ပြေးသွားမိတော့သည်။ ထို့နောက် လှည်းပေါ်ရှိ ပါလာသော သူများကို တစ်ယောက်ချင်း အကဲခတ်ကြည့်သည်။ လှည်းမောင်းလာသူမှာ ဘဒင်၊ ဘဒင်၏နောက်တွင် ဘဒင်၏ ညီမဖြစ်သူ မယ်ခွေး။ နောက် . . . နောက် . . .။

ဦးဘသာ၏ ခေါင်းပေါ်သို့ အလုံးကြီးတစ်လုံး ပြုတ်ကျလာသလို အရုပ်ကြိုးပြတ် ခံစားလိုက်ရသည်။ အနှစ်နှစ်အလက စောင့်စားမျှော်လင့်ခဲ့ရသော မျှော်လင့်ချက်တစ်ခုကို



www.burmeseclassic.com

www.burmeseclassic.com

တစ်စစီ ရိုက်ချိုးလိုက်သလိုမျိုး ဝမ်းနည်းမှုတစ်ခုကို ခံစားရသည်။ တစ်ခုခုကို အကြီးကြီး မျှော်လင့်ထားပြီး ထိုမျှော်လင့်ချက်အတိုင်း ဖြစ်မလာပါက သာမန်ထက် ပိုခံစားရသည်ကို သိပါလျက် ဦးဘသာ မျှော်လင့်ခဲ့ခြင်းဖြစ်သည်။ ယခုမူ မိမိ အမှားကြီးတစ်ခုကို လုပ်မိပြီလားဟူသော နောင်တကိုပါ ဆင့်ကဲခံစားနေရပြီဖြစ်သည်။

လှည်းပေါ်တွင် အုပ်ချုပ်ရေးမှူးကြီး ပြောလိုက်သည့် မြို့မှလာကြမည့် ဆရာကြီး၊ ဆရာမကြီးတို့၏ ပုံရိပ်ဟူသည်ကို ဦးဘသာ တစ်စက်မျှပင်မတွေ့။ ဘဒင်၊ မယ်ခွေ၊ မျက်နှာစိမ်းသော ကောင်လေး နှစ်ယောက်နှင့် ကောင်မလေးနှစ်ယောက်။ အားလုံးသည် အေးပုံတို့၏ သားအရွယ်တွေလောက် ရှိပြီး ဘဒင်တို့နှင့် မတိမ်းမယိမ်း။ ကောင်လေးနှစ်ယောက်သည် ဂျင်းဘောင်းဘီတိုလေးများကို ဝတ်ဆင်ထားပြီး ကောင်မလေးနှစ်ယောက်မှာမူ ဒူးခေါင်းထိ ဖုံးရုံသာဖုံးသော စကပ်တိုလေးများနှင့်ဖြစ်သည်။ မြို့မှ ဘဒင်တို့ အမျိုးများ အလည်လိုက်လာသည်ဟု ဦးဘသာ ထင်သည်။ ဆရာကြီး၊ ဆရာမကြီးတို့ ပါမလာသောကြောင့် သူတို့သည် မည်သူ့အမျိုး၊ မည်သူမည်ဝါလဲဟု သိချင်စိတ်ကလေး တစ်စက်ရယ်မျှပင် ဦးဘသာတွင် မရှိလေတော့။ သူတို့လေးယောက်ကတော့ ဦးဘသာကို ပြုံးပြကြသည်။ ရွာသူ ရွာသားများဘက်သို့ လှည့်ကြည့်လိုက်သောအခါ သူတို့လည်း ထိုနည်းတူစွာပင်ဖြစ်သည်။ ခြေဝိုင် လက်ဝိုင်ဖြင့် ခေါင်းများ ငိုက်စိုက်ကျနေကြပုံများ။

'သူကြီး ဘာလုပ်နေတာလဲ ရပ်ပြီးတော့'

ဘဒင်က ဝေါင်စီစီဖြစ်နေသော သူ့ကို လှမ်းမေးသည်။ ဦးဘသာကလည်း သူသိချင်သည်ကိုသာ ဦးစိုက်မေးသည်။

'ဘဒင် ငါလည်း မေးချင်နေတာ မင်းကို၊ ဆရာကြီး ဆရာမကြီးတွေ မလာနိုင်တော့ဘူးလား'

ဦးဘသာ၏အမေးကို ဘဒင် နားမလည်ဖြစ်သည်မို့ ချက်ချင်းမဖြေနိုင်။ နောက်မှ အတွေးပေါက်သွားပြီး ဟက်ဟက်ပက်ပက် ရယ်တော့သည်။

'သူကြီးကလည်း ဒီရွာကို စာလာသင်ပေးတာ ဒီက ဆရာလေး၊ ဆရာမလေးတို့လေ။ သူတို့က တက္ကသိုလ်ကျောင်းသားတွေတဲ့၊ ကျောင်းပိတ်ရက်မှာ ကျွန်တော်တို့ရွာမှာ စာသင်ဖို့ လာကူညီပေးတာတဲ့ဗျ'

'ဟင်'

ဦးဘသာ့ရင်ထဲ အံ့သြမှုဟူသော အလုံးကြီးတစ်လုံးသည် ဒီရေကဲ့သို့ အပေါ်သို့တိုး၍ တက်ဆောင့်သည်။ ခေါင်းနားပန်းလည်း ကြီးသွားသည်။ ရွာသူရွာသားများကမူ စာသင်ပေးမည့်သူများ ပါလာသည့်အတွက် ခုမှ စိတ်အေးရပြီဆိုသော မျက်နှာပေးများဖြင့် ရွှင်ရွှင်ပျပျ ဖြစ်လာကြသည်။ ဦးဘသာကမူ ရတက်မအေးနိုင်။ ရင်ထဲ ပို၍ပင် ပူလောင်လာရသည်။ ဦးဘသာ တစ်သက်နှင့်တစ်ကိုယ် အရှက်နှင့် လူလုပ်လာခဲ့သမျှ ခုမှ အိုးစားကွဲတော့မည်လားဟု စိုးရိမ်ပူပန်လာရသည်။ တစ်ရွာလုံးတွင် မိမိသည် သူကြီးဟူသော ဂုဏ်ဖြင့် အားလုံးကို အုပ်ချုပ်ခဲ့သည်၊ လူကြီးပီပီ ဆုံးမခဲ့သည်၊ ညွှန်ကြားခဲ့သည်။ ယခုကျမှ မိမိမြေးအရွယ်လောက်ရှိသော မျက်စိအပိုးမကျိုးသည့် မလောက်လေး၊ မလောက်စားလေးများက မိမိကို စာပြန်သင်မည့် ဆရာလေး၊ ဆရာမလေးများ ဖြစ်နေသည်မှာ ဦးဘသာအတွက် လက်ခံနိုင်စရာ မရှိလှ။ မြို့အစည်းအဝေးတွင် နားနှင့် ဆတ်ဆတ်ကြားခဲ့သည်မှာ 'ဆရာကြီး၊ ဆရာမကြီး' ဟူသော အသုံးအနှုန်းများသာဖြစ်သည်။ ဆရာလေး၊ ဆရာမလေးများဟူသော စာလုံးပါလျှင်ပင် သူမေးကြည့်ခဲ့မိဦးမည်ဖြစ်သည်။ ဦးဘသာ ထင်ထားသည်မှာ သူ့လောက်အသက်ကြီးသော ဆရာကြီး၊ ဆရာမကြီးများ မဟုတ်လျှင်ပင် အနည်းဆုံး ရွာကျောင်းတွင် စာလာသင်သည့် သူမြင်တွေ့ဖူးသည့် ဆရာကြီး ဦးဘုန်းမြင့်လောက်ရှိမည်ဟု မှန်းဆထားခဲ့ခြင်းဖြစ်သည်။ ဆရာကြီး ဦးဘုန်းမြင့်သည် ဦးဘသာထက်လေး၊ငါးနှစ်ခန့် ငယ်သော်လည်း စာသင်ကြားခဲ့သော အတွေ့အကြုံ လုပ်သက်အရ ဦးဘသာက ဆရာကြီးဟု သတ်မှတ်ထားသော ဆရာကြီးပင်ဖြစ်သည်။ ယခုကဲ့သို့ တက္ကသိုလ်တက်နေစ ကျောင်းဆရာ၊ ဆရာမ မလုပ်ဖူးသော ကျောင်းသားများ မဟုတ်။

သူတို့ကို မြို့သို့ပြန်လွှတ်ရမည်လားဟု ဦးဘသာ စဉ်းစားလိုက်သည်။ သို့သော် ဤသို့ လုပ်၍လည်းမဖြစ်၊ တစ်ရွာလုံးက လက်ခံမည်မဟုတ်သလို မြို့ကစီစဉ်ထားသူများအတွက်ပါ မျက်နှာပျက်ရချေမည်ဖြစ်သည်။ ထိုသို့ဆိုက မိမိကဲ့သို့ အသက်အရွယ်အရသာမက ဝါအရပါကြီးနေသော သူကြီးတစ်ယောက်ကို ဆရာလေး၊ ဆရာမလေးဟု ဘဒင်ခေါ် ခေါ်နေသည့် ကောင်လေး ကောင်မလေးများက ဆရာကြီး၊ ဆရာမကြီးများ လုပ်ကြတော့မည်လားဟု ဦးဘသာ ပိုစိုးရိမ်မိလာသည်။ မဖြစ်နိုင်ပါ။ ဒါမျိုးကို ဦးဘသာ လက်ခံနိုင်စရာ အကြောင်း ပို၍ပင်မရှိပါ။ အငယ်တို့သည် အကြီးတို့ကို ပြန်၍ ဆရာလုပ်ပါက ဦးဘသာ့သမိုင်းတွင် ရာဇဝင်ရိုင်းချေတော့မည်ဖြစ်သည်။ သို့ဆိုက မည်သို့လုပ်ရမည်နည်း။ ဦးဘသာသည် သူ၏ အတွေ့အကြုံရင့်ကျက်လှသော ဦးနှောက်ကို ခပ်လျှင်လျှင် အသုံးပြုကာ တွေးတောကြံဆနေမိသည်။ လှည်းပေါ်ရှိ ဆရာလေး၊ ဆရာမလေးများကမူ ကြောင်စီစီဖြစ်နေသော ဦးဘသာကို ပြုံးပြနေဆဲ။ စားပွဲပေါ်မှ အေးပုံ ဖျော်ထားသော အအေးတို့မှာလည်း အေးစက်နေဆဲဖြစ်ပါသည်။


■

**အေထူးအောင်၊အဖျာပါ၊**



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# ကောက်စား

## မော်မော့်မောင်

၁။

ဩော်…
မောင်ဇော်ပါလား။
မင်းအဖေ ဘယ်သွားလဲဟ။
ကိစ္စအထွေအထူးရှိလို့
မဟုတ်ပါဘူးကွာ။
လမ်းလည်း ကြုံ၊
မရောက်တာလည်း
ကြာလို့ ဝင်လာတာပါ။
ဒါနဲ့ မင်း အိန္ဒိယမှာ
အလုပ်သွားလုပ်နေတာဆို။
ဘယ်တုန်းက
ပြန်ရောက်တာလဲ။
ကြာတော့ မကြာလောက်
သေးဘူးထင်တာပဲ။
ပြီးခဲ့တဲ့လက ငါဒီကို
ရောက်သေးတယ်။
အဲဒီတုန်းက မင်းမရှိပေါင်။

ခဏထိုင်ဦးမယ်ကွာ။
မင်းလည်း ထိုင်ပါဦး။
စကားလေးဘာလေး
ပြောရအောင်။
စပ်စုတယ်လို့တော့
မထင်နဲ့ကွာ။ အိန္ဒိယမှာ
မင်းက ဘာအလုပ်
သွားလုပ်တာလဲ။ အခုလို
မေးတာကလည်း
တခြားကြောင့်
မဟုတ်ဘူးဟေ့၊ နည်းနည်း
ထူးဆန်းနေသလားလို့ပါ။
ငါသိသလောက် နိုင်ငံ
ရပ်ခြားကို အလုပ်
သွားလုပ်ကြသူ အများစု
သွားတတ်တဲ့နိုင်ငံ

အင်း… မင်းပြောတာလည်း
ဟုတ်တော့ အဟုတ်သားပဲ
ခေါင်းပေါ်ကခံပင်တွေ
ဝယ်တဲ့ အလုပ်မို့
ခေါင်းပုံဖြတ်တဲ့ အလုပ်တဲ့
အခေါ်အဝေါ်လေးတော့
သဘောကျသကွာ



www.burmeseclassic.com

www.burmeseclassic.com

> **အင်အားကြီး နိုင်ငံနှစ်ခုကို အမှီပြုပြီး ခေါင်းပုံဖြတ်အမြတ်ကြီးစားမယ် ဆိုတာ အိန္ဒိယက ဆံပင်တွေကို ဝယ်ပြီး တရုတ်နိုင်ငံမှာ ပြန်ရောင်းတာ ဟုတ်လား ဒါဆို ဈေးကွက်က တော်တော် ကြီးမှာပေါ့**

မဟုတ်လို့ မေးကြည့်တာ။ ထိုင်း၊ မလေးရှား၊ ကိုရီးယား၊ စင်ကာပူ၊ ဂျပန် ဆိုတဲ့ နိုင်ငံတွေကို သွားကြသူတွေပဲ များတာလေ။ မင်းကျမှ အိန္ဒိယသွားအလုပ် လုပ်ရတယ်လို့။ အဲဒီမှာ ဘာအလုပ် လုပ်ရတာလဲကွ။ ဘာ… ခေါင်းပုံဖြတ်တဲ့အလုပ် ဟုတ်လား။ မကြားဖူးပါဘူးကွာ။ ငါက အဘိုးကြီးစာရင်း ဝင်နေပြီဟ။ ခေတ်စကားတွေ သိပ်လိုက်မမီချင်တော့ဘူး။ ဆိုတော့ ရှင်းရှင်းလင်းလင်းနဲ့ ငါနားလည်အောင် ပြောစမ်းပါ။ ခေါင်းပုံဖြတ်တဲ့အလုပ်က ဘာအလုပ်လဲဆိုတာ။ ဩော်…ဆံပင်တွေဝယ်တဲ့ အလုပ်ကိုပြောတာကိုး။

အင်း…မင်းပြောတာလည်း ဟုတ်တော့ အဟုတ်သားပဲ။ ခေါင်းပေါ်ကဆံပင်တွေ ဝယ်တဲ့အလုပ်မို့ ခေါင်းပုံဖြတ်တဲ့အလုပ်တဲ့။ အခေါ်အဝေါ်လေးတော့ သဘောကျသကွာ။ ဒါနဲ့ နေစမ်းပါဦး။ အဲဒီက ဆံပင်တွေဝယ်ပြီး ဘယ်ကို တစ်ဆင့်ပြန်ရောင်းတာတုံး။ မြန်မာနိုင်ငံဈေးကွက်တော့ ဟုတ်မယ် မထင်ဘူး။ ငါတို့ဆီမှာ ဆံပင်တွေသုံးပြီး ပစ္စည်းတစ်ခုခု ထုတ်လုပ်တဲ့ စက်ရုံ ဒါမှမဟုတ် လုပ်ငန်းမျိုးရှိမှ မရှိဘဲ။ ရှိတယ်ဆိုရင်လည်း ကိုယ့်ထက်လူဦးရေ အဆမတန်များတဲ့ နိုင်ငံဆီကနေ ကုန်ကြမ်းဝယ်ပြီး လုပ်ရလောက်အောင် ကြီးမားတဲ့ အလုပ်ရုံမျိုးမရှိတာ သေချာတယ်။ ဟော…ပြောပြန်ပြီ။ ငါ နားမလည်ပါဘူးဆိုတဲ့ စကား။ ဘာတွေလဲ။ အင်အားကြီး နိုင်ငံနှစ်ခုကို အမှီပြုပြီး ခေါင်းပုံဖြတ်အမြတ်ကြီးစားမယ်ဆိုတာ အိန္ဒိယက ဆံပင်တွေကိုဝယ်ပြီး တရုတ်နိုင်ငံမှာ ပြန်ရောင်းတာ ဟုတ်လား။ ဒါဆို ဈေးကွက်က တော်တော်ကြီးမှာပေါ့။

တရုတ်နိုင်ငံကိုကျ ဘယ်လိုပို့တုံး။ မြန်မာနိုင်ငံက တစ်ဆင့် ပို့တယ်ဆိုတာကလွဲပြီး ဘယ်လိုပို့တုံးမသိဘူး ဟုတ်လား။ ကောင်းကွာ။ ကိုယ်စီးတဲ့မြင်း အထီးမှန်း အမမှန်း သေချာမသိဘူးရယ်လို့။ အေးလေ… မင်းပြောတာလည်း မှန်ပါတယ်။ လုပ်ငန်းခွင်က အကျယ်ကြီးဆိုတော့ ကိုယ့်အပိုင်းနဲ့ ပတ်သက်တာကလွဲရင် ကျန်တာတွေကို ဘယ်လိုလုပ် အသေးစိတ် သိနိုင်ပါ့မလဲ။ မင်းက အလုပ်ရှင်မှမဟုတ်ဘဲ။ မင်းပြောတာ ငါ လက်ခံပါတယ်။ အိန္ဒိယကနေ မြန်မာနိုင်ငံကိုကျ ဘယ်လိုပို့တုံးဟ။ အဲဒါကိုတော့ မင်းသိလောက်မယ် ထင်ပါတယ်။ မင်းကိုယ်တိုင် ဝင်ပါရတဲ့ အပိုင်းပဲလေ။ ဩော်… ရထားနဲ့တန်ဆာလုပ်ပြီး ကလေး၊ တမူးကို ပို့တာပေါ့လေ။ ဒီရောက်တော့ရော ဘာတွေ ထပ်လုပ်ရသေးလဲ။

ငါသိချင်တာက အိန္ဒိယက ဝယ်ပို့လိုက်တဲ့အတိုင်းပဲ တရုတ်နိုင်ငံကို လက်လွှဲထပ်ပို့တာလား။ ဒါမှမဟုတ် ကြားထဲမှာ တခြားလုပ်ငန်းစဉ်တစ်ခုခု ရှိ၊မရှိ။ ရှိသေးတယ်ဆိုရင် ဘာလုပ်ရသေးတာလဲဆိုတာ။ ဆံပင်တွေကို ပြန်ရှင်းလင်းသန့်စင်တဲ့ အချောထည်လုပ်ငန်းကျ ဒီမှာလုပ်တာကိုး။ အလုပ်သမားတွေတော့ အများကြီးလိုမှာပဲနော်။ လုပ်ငန်းနယ်ပယ်က အကျယ်ကြီးဆိုတော့လေ။ တရုတ်တွေကရော ဆံပင်တွေ အဲဒီလောက်အများကြီးကို ဘယ်နေရာမှာ သုံးတာလဲ။ အဲဒါလည်း မင်းမသိဘူးပေါ့။ အင်း… အင်း… ထားလိုက်ပါတော့။

မင်းက အဲဒီမှာ ဘာလုပ်ရတာတုံး။ ဒီက ဆံပင်ဝယ်သူတွေလို အရပ်ထဲလှည့်ပြီး ဆံပင်ကျွတ်တွေ လိုက်ဝယ်ရတာလား။ ဘယ်လို… ဒီမှာလို ခြေတိုအောင်လျှောက်ပတ်ပြီး လိုက်ဝယ်နေစရာ မလိုဘူး။ ဆံပင်ဝယ်တဲ့ဒိုင်ကြီးတွေက လှမ်းခေါ်ချိန်ကျမှ သူတို့ဆီ ကားနဲ့သွားပြီး သူတို့လက်လီဝယ်စုထားတာတွေကို ကိုယ်က ဂရိတ်ခွဲ၊ ဈေးဖြတ်ပြီး ပြန်ဝယ်ရုံပဲဟုတ်လား။ ပစ္စည်းထည့်တာ၊ ချိန်တာတွယ်တာ၊ အိတ်ချုပ်တာနဲ့ ဘူတာရုံ ရောက်တဲ့အထိ သူ့အလုပ်သမားနဲ့သူ ဆိုတော့ ဘာမှ ပင်ပင်ပန်းပန်း မလုပ်ရဘူးပေါ့။

အဲဒါတွေအတွက် ကီလိုငါးဆယ်ဝင် အိတ်တစ်လုံးကို ရူပီးတစ်ရာ ပေးရတယ်လား။ ဘာပဲဖြစ်ဖြစ် တန်ပါတယ်ကွာ။ သူများနိုင်ငံမှာ သွားလုပ်ရတယ်ဆိုပေမဲ့ အလုပ်သမား သဘောမျိုးမှ မဟုတ်တာ။ သူတို့ကို ပြန်ခိုင်းရတဲ့ အလုပ်ရှင်ပုံစံဆိုတော့ မင်းအလုပ်က အနိုပ်သားပဲဟ။ ဒါနဲ့နေပါဦး။ မင်းက ဘာဖြစ်လို့ပြန်လာတာတုံး။ ဟိုမှာ အဆင်မပြေလို့လား။ ဩော်…ဗီဇာသက်တမ်းကုန်သွားလို့ကိုး။ သက်တမ်းထပ်တိုးပြီးရင် ပြန်သွားမယ်ဆိုပါတော့။ ဟင်… မသွားတော့ဘူး၊ ဘာဖြစ်လို့တုံးဟ။ မင်းပြောတော့ အိပ်ချိန်၊ စားချိန် မမှန်တာကလွဲရင် လခလည်းကောင်း၊ အဆင်လည်းပြေတယ်ဆို။ ကိုယ့်မှာ နောက်ဆံတင်းစရာသားမယားလည်း မရှိတုန်းထပ်သွားပေါ့။ ဒီလိုအလုပ်မျိုးရဖို့ဆိုတာ လွယ်မှတ်လို့။ မင်းနေရာမှာ ငါသာဆိုရင် ပြန်သွားမှာပဲ။ ဟင်…အဲဒီလိုကိုး။ အေးလေ၊ ကျန်းမာရေး အခြေအနေကြောင့်ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com

လည်း ဘယ်တတ်နိုင်ပါ့မလဲ နော့။

❑

၂။

ကြည့်စမ်း၊ အခုမှ သတိထားမိတယ်။ မင်းလက်ထဲမှာကိုင်ထားတာ ဘောလုံးဂျာနယ်ပဲ။ မင်းလည်း ဘောလုံးဝါသနာပါတယ်ပေါ့။ မဟုတ်ဘူးကွ။ မင်းမှားနေပြီ။ ယောကျာ်းလေးတိုင်း ဘောလုံးဝါသနာမပါကြဘူးရယ်။ တချို့ဆို ကန်ဖို့မပြောနဲ့ ကြည့်ဖို့တောင် ဝါသနာမပါတာ။ တကယ်ဝါသနာမပါဘဲ လောင်းလို့ကြည့်တဲ့ လောင်းကစားဝါသနာရှင်တွေ ဆိုတာလည်း ဒုနဲ့ဒေး။ မင်းကရော လောင်းကစားဝါသနာရှင်လား၊ အားကစားဝါသနာရှင်လား။ မန်ယူ၊ လီဗာပူး၊ ချဲလ်ဆီး၊ မက်ဒရစ်၊ ဘာကာ၊ ဘိုင်ယန်၊ ဒေါ့မွန် ဘယ်အသင်းကို အားပေးတာလဲ။ ဘာ… မင်းမှာ အသင်းစွဲမရှိဘူး။ ကောင်းမယ်ထင်တဲ့ပွဲဆို အသင်းငယ်အချင်းချင်းကန်လည်း ကြည့်တာပဲဟုတ်လား။ ဒါဆိုမင်းက ဘောလုံးပွဲကို ကြည့်ရှုသက်သက်ပဲ ဝါသနာပါတဲ့ အားကစားဝါသနာရှင်စစ်စစ်ပဲ့။ အတော်ပဲ။ အသင်းစွဲမရှိတဲ့ မင်းနဲ့ ဘောလုံးနဲ့ပတ်သက်တဲ့ ဝေါဟာရလေးတစ်ခုအကြောင်း ဆွေးနွေးရဦးမယ်။ တခြားမဟုတ်ပါဘူးကွာ။ 'ကောက်စား'ဆိုတဲ့ အခေါ်အဝေါ်နဲ့ ပတ်သက်ပြီးတော့ မင်းအမြင်လေးကို သိချင်တာပါ။

မင်းလည်း သိတဲ့အတိုင်းပဲ။ 'ကောက်စား'ဆိုတဲ့ ဝေါဟာရကို ဘယ်လိုအဓိပ္ပာယ်မျိုးနဲ့ ခေါ်ဝေါ်သုံးစွဲကြသလဲဆိုတာကိုလေ။ အပေါ်ယံလျှပ်ပြီး ပြောရမယ်ဆိုရင် သူများဖန်တီးပေးတဲ့ ဘောလုံးကို အဆင်သင့်စောင့်ဆိုင်းပြီး ဂိုးအဖြစ်ပြောင်းလဲတတ်သူပေါ့။ ဒါပေမဲ့ အဲဒီနောက်မှာ အနုတ်လက္ခဏာဆန်တဲ့ သဘောထားအမြင်တွေ ပါနေတယ်ကွ။ ကိုယ်ပိုင်အရည်အချင်းမရှိဘဲ သူများဖန်တီးပေးမှ ဂိုးသွင်းတတ်သူ၊ အခွင့်အရေးကို ရဖို့ အကွက်ချောင်းနေသူ…အဲဒီလို အဓိပ္ပာယ်မျိုးတွေ ကပ်ပါနေတာ အသေအချာပဲ။ အထင်သေးရိပ်မကင်းတဲ့ ချီးကျူးမှုလို့ ပြောရင်ရမယ်ထင်တယ်။ ငါပြောတာကို မင်း လက်ခံရဲ့လား။ အေး… 'ကောက်စား'ဆိုတာနဲ့ ပတ်သက်ပြီး ငါ မကျေနပ်တာလည်း အဲဒါပဲ။ တကယ်ဆို'ကောက်စား' တစ်ယောက်ဖြစ်ဖို့ဆိုတာတော်ရုံအရည်အချင်းနဲ့ မဖြစ်နိုင်ဘူးကွ။

ဒီလိုပြောလို့ ငါ့ဆွေမျိုးသားချင်းတွေထဲမှာ ဘောလုံးသမားရှိတယ်လို့ မထင်နဲ့ဦးနော်။ တစ်ယောက်တလေမှ မရှိဘူးရယ်။ 'ကောက်စား' ကိစ္စကို ပြန်ဆက်ရအောင်။ ခုနက ပြောခဲ့သလိုပေါ့ကွာ၊ 'ကောက်စား'ဆိုတာကို အနုတ်လက္ခဏာဆောင်တဲ့ အမြင်မျိုးနဲ့ မြင်တာကို ငါ လက်မခံချင်ဘူး။ သူများရဲ့ ဖန်တီးပေးပို့မှုနဲ့ မပင်မပန်းဘဲ ဂိုးသွင်းဘုရင်ဆု ရတယ်ဆိုဦးတော့လေ၊ သူ့မှာ အချောင်သမားဆိုတာထက်ပိုတဲ့ အရည်အချင်းတွေ အများကြီးရှိတယ်။ အဲဒါကို ငါ့ကိုယ်တွေ့အဖြစ်အပျက်တစ်ခုနဲ့ ယှဉ်ပြီးပြောပြမယ်။

ငါ့ကိုယ်တွေ့က ဘောလုံးလောက အတွေ့အကြုံတော့ မဟုတ်ဘူးပေါ့ကွာ။ ကျောက်ပွဲစားလုပ်တုန်းက ငါကိုယ်တိုင်လူပ်ရှားခဲ့တဲ့ ခွင်တစ်ခွင်အကြောင်းပါ။ နယ်ပယ်ချင်း မတူပေမဲ့ အခြေခံ သဘောတရားချင်းကတော့ တူနေတယ်လို့ ငါထင်တယ်လေ။

အဲဒီနေ့က ကျောက်ဝိုင်းကိုထွက်လာတော့ ငါ့လက်ထဲမှာ အပွင့်ငါးပွင့်ပါလာတယ်။ ကိုထွန်းမြင့်က အိမ်ကိုလာပေးသွားပြီး ပွဲတိုက်ခိုင်းထားတဲ့ အပွင့်တွေ။ သူ့ပစ္စည်းတွေက အရည်ကောင်း အရွယ်ညီတွေချည်းပဲ။ သူလိုချင်တဲ့ ဈေးနဲ့ဆို နေ့မကူးဘဲ အရောင်းအဝယ်ဖြစ်မယ့်ပစ္စည်းမျိုး။ ပစ္စည်းကောင်းကိုင်ပြီး ပွဲတိုက်ရတာမို့ ငါလည်း အားရှိတာပေါ့ကွာ။ ဝိုင်းထဲကိုရောက်တော့ ငါ အရင်ဆုံးသွားတဲ့နေရာက 'စိန်ဝင်းဝင်း'လက်ဖက်ရည်ဆိုင်ပဲ။

လက်ဖက်ရည် သောက်ဖို့သက်သက် သွားတာမဟုတ်ဘူး၊ ကိုကျော်နိုင့်ကိုရှာဖို့သွားတာ။ သူ့ကိုပစ္စည်းတွေပြဖို့ စိတ်ကူးထားတာမို့ သူထိုင်တတ်တဲ့ လက်ဖက်ရည်ဆိုင်မှာ သွားရှာတာလေ။ ကံကောင်းချင်တော့ သူနဲ့တန်းတိုးပါလေရော။ ငါက သူ့ကို ပစ္စည်းထုတ်ပြလိုက်တော့ သူကကြိုက်တယ်တဲ့။ မကြိုက်ဘဲနေမလားကွာ။ ကိုကျော်နိုင်မှ မဟုတ်ဘူး၊ ဘယ်ဝယ်လက်ကိုသွားပြပြ ကြိုက်မယ့်ပစ္စည်းမျိုးဥစ္စာ။ ဒါနဲ့ ဈေးစကားပြောကြရောဆိုပါတော့။

ငါက ကိုထွန်းမြင့် ရောင်းခိုင်းတဲ့ဈေးထက် ရှစ်ထောင် ပိုပြောလိုက်တယ်။ အောင်မာ…ရှစ်ထောင်ဆိုလို့ မင်းက ရယ်တယ်ပေါ့။ မရယ်နဲ့ကွ။ အဲဒီအချိန်တုန်းက ရှစ်ထောင်ဆိုတာ အခုခေတ် သိန်းဂဏန်းနဲ့ တန်ဖိုးချင်းညီမျှတယ်။ ဈေးပိုပြောလိုက်တဲ့အကြောင်းလား။ ရှင်းရှင်းလေးပါကွာ။ ပွဲခအပြင် ပွဲညွှန့်ပါလိုချင်လို့ပေါ့။ အဲဒါမျိုးက ငါတစ်ယောက်တည်းမှ လုပ်တာမျိုးမဟုတ်ဘူး။ ကိုယ့်ကို'ဝ'ကွက်အပ်ထားရင် ပွဲစားတိုင်းနီးပါး လုပ်တတ်ကြတာချည်းပဲ။ ဒါက လိမ်တာမဟုတ်ဘူးနော်။ ကိုယ့်ရပိုင်ခွင့်ကို ကိုယ်လုပ်ယူတာလို့ ပြောမှမှန်မယ်။ ပွဲညွှန့်ဆိုတာလည်း အမြဲတမ်းမရပါဘူး။ ကိုယ်ကိုင်ထားတဲ့ ပစ္စည်းက ညံ့နေရင် လိုချင်တဲ့ ဈေးရအောင် အာပေါက်မတတ်ပြောပြီး ထုတ်ရတာကလား။ ထားပါ။ ခုနက စကားကိုပဲ ဆက်ပြောမယ်။

ကိုကျော်နိုင်က ပစ္စည်းကိုကြိုက်ပေမဲ့ ဈေးကိုကျတော့ မကြိုက်ဘူးတဲ့။ ကိုထွန်းမြင့်ရောင်းခိုင်းတဲ့ဈေးအထိ ကွက်တိဆင်းခိုင်းတယ်။ သူ ဈေးဆစ်ပုံက ကိုထွန်းမြင့်ရောင်းခိုင်းတဲ့ဈေးတန်းကို ကြိုသိထားတဲ့ ပုံစံမျိုး။ အမှန်က အဲသလိုမဟုတ်ဘူးရယ်။ ကျောက်လုပ်စားလာတာ ဝါရင့်နေပြီမို့ သူ့အတွက် အမြတ်များများ ကျန်နိုင်မယ့်



www.burmeseclassic.com

www.burmeseclassic.com

ဈေးတန်းကို အောက်ဆုံးထိ နှိုက်လိုက်တာ။ ဒါပေမဲ့ ငါက သူ့ဆွဲချသလောက် မဆင်း ပေးဘဲ သုံးထောင်ပဲ လျှော့ ပေးနိုင်မယ်လို့ ပြောလိုက် တယ်။ သူ တအားကြိုက်နေ မှန်း ရိပ်မိနေတာကြောင့် လည်း ပါတာပေါ့ကွာ။

ကိုကျော်နိုင်က ငါ ဆင်းပေးတာကို ချက်ချင်း လိုက်မတက်ဘူး။ ငါ့ကိုပဲ ထပ်ဆင်းပေးဖို့ ဖွတ်ဖိအား ပေးနေလို့ နှစ်ဖက်အပြိုင် လွန်ဆွဲရင်း တင်းခံနေကြတယ် ပြောပါတော့။ အဲဒီအချိန်မှာ ကိုထွန်းမြင့်ကို ငါလှမ်းမြင် လိုက်တာပဲ။ ငါတို့ဆီလာနေ တာ မဟုတ်ဘူး။ သူ့ရဲ့ တခြားမိတ်ဆွေတွေနဲ့ လက် ဖက်ရည်ဆိုင် အပြင်ဘက်မှာ ရပ်ပြီး စကားပြောနေကြတာ။ အဲဒါနဲ့ ငါက ကိုကျော်နိုင့်ကို 'ခင်ဗျားပြောတဲ့ဈေးနဲ့ ရချင် ရင်တော့ ပိုင်ရှင်နဲ့ မျက်နှာ ချင်းဆိုင်တွေ့ပြီး ကိုယ်တိုင် ဆစ်မှဖြစ်မယ်။ သူနဲ့တွေ့ မလား၊ ကျွန်တော် လှမ်းခေါ် လိုက်မယ်လေ'လို့ ပြောလိုက် တယ်။ သူလိုချင်တဲ့ အောက် ဈေးနဲ့ရမယ်ဆိုတော့ ကိုကျော် နိုင်က မဆိုင်းမတွဘဲ'ဟုတ် လား၊ အခု သူက ဘယ်မှာ လဲ။ ခေါ်ဖို့လွယ်ရင် လှမ်း ခေါ်လိုက်ဗျာ'တဲ့။

ငါကလည်း 'ဟောဟို မှာ... ဆိုင်ရှေ့ရပ်ပြီး စကား ပြောနေတဲ့သူပဲ'လို့ ပြောလည်း ပြော လက်ညှိုးလည်း ထိုးပြ လိုက်တယ်။ ကိုထွန်းမြင့်ကို လည်းမြင်ရော ကိုကျော်နိုင် မျက်မှောင်ကြုတ် သွားတော့ တာပဲ။ ပြီးတော့ 'ခင်ဗျား ပြောတဲ့ဈေးနဲ့ပဲ ယူလိုက်မယ်

> ဟင်...
> မသွားတော့ဘူး
> ဘာဖြစ်လို့တုံးဟ
> မင်းပြောတော့
> အိပ်ချိန်
> စားချိန်
> မမှန်တာကလွဲရင်
> လခလည်းကောင်း၊
> အဆင်လည်း
> ပြေတယ်ဆို
> ကိုယ့်မှာ
> နောက်ဆံတင်းစရာ
> သားမယားလည်း
> မရှိတုန်း
> ထပ်သွားပေါ့

ဗျာ။ အဲဒီလူနဲ့တွေ့ပြီး ဈေး ဆစ် မနေချင်တော့ဘူး'တဲ့။ ပွဲက အဲဒီမှာ ပြတ်သွားတာပဲ။ ကိုကျော်နိုင်က ငါနဲ့ လက်ဝါး ချင်းရိုက်ပြီး ထ,ထွက်သွား ပါလေရော။ ကျောက်လော ကမှာ ဝယ်သူ ရောင်းသူ လက်ဝါးချင်းရိုက်တယ်၊ ဒါမှ မဟုတ် လက်ဆွဲနှုတ်ဆက် တယ်ဆိုတာ ပွဲတည့်သွားပြီ ဆိုတဲ့သဘော သက်ရောက် တယ်။ ငွေအကျေမချေဘဲ ပစ္စည်းလိုချင်တယ်ဆိုရင်လည်း ယူသွားလို့ရပြီ။ ကိုယ့်အပေါ် ယုံကြည်မှုရှိအောင် တည် ဆောက်ထားနိုင်ရင် လုပ်စား လို့ရတဲ့အလုပ် အမျိုးအစားထဲ မှာ ပါတယ်ဆိုပါတော့။

မင်း ဒီမေးခွန်းမျိုးမေး လာလိမ့်မယ်လို့ ငါ မျှော်လင့် ထားပြီးသားပါ။ ဟင့်အင်း၊ သူတို့နှစ်ယောက်ဆုံမိလို့ ငါ ပွဲညှိနှင့်တင်ထားတာပေါ်သွား ပြီးချောက်ကျမှာကို လုံးဝ တွေးမပူပေါင်ကွာ။ အမှန် အတိုင်း ဝန်ခံရရင် ကိုကျော် နိုင့်ကို ကိုထွန်းမြင့်နဲ့တွေ့ မလားလို့ တမင်မေးလိုက် တာပဲဟေ့။ ဘယ်အကွက်ကို ရွှေ့လိုက်ရင် ဘယ်လိုဖြစ်လာ မယ်ဆိုတာ ငါ သိထားပြီး သားမို့လည်း အဲဒီလိုလုပ်ရဲ တာလို့ ပြောရလိမ့်မယ်။

ဒီလိုကွ။ ကိုကျော်နိုင်နဲ့ ကိုထွန်းမြင့်က သိပ်အစေး မကပ်ကြဘူး။ သူတို့ကြားမှာ တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းဆိုင်လို့မရတဲ့ အကြိတ်အခဲလေးတွေရှိထား တယ်။ လူတိုင်းမသိတဲ့ အဲဒီ အကြောင်းကို ငါက သိထား လို့ ပျော့ကွက်ကို အပိုင်ချနင်း ပြီး ခွင်ဖန်လိုက်တာဆိုပါ တော့။ ဘယ်လိုလဲ၊ ဘောလုံး စကားနဲ့ပြောရင်'ကောက်စား' လုပ်တဲ့သဘောမျိုး သက် ရောက်မနေဘူးလား။ အဲဒါ ကြောင့် ပြောတာပေါ့။ 'ကောက်စား'လုပ်တယ်ဆို တာ တကယ်တော့ ပြော သလောက် မလွယ်ဘူးလို့။

ပထမဆုံး လိုအပ်ချက် က 'ကောက်စား'လုပ်လို့ရ မယ့် နေရာမှာ ကိုယ်က အသင့်ရှိနေရမယ်။ အဲဒီလို ရှိနေဖို့ ဘောလုံးလမ်းကြောင်း ကို ခန့်မှန်းတတ်ဖို့လိုတယ်။ ချိန်သားကိုက် လှုပ်ရှားတတ် ဖို့နဲ့ ရလာတဲ့ အခွင့်အရေးကို မိမိရရ အသုံးချနိုင်စွမ်းလည်း ရှိထားဦးမှရယ်။ ကွင်းထဲမှာ လျှောက်ပတ်ပြေးနေရုံနဲ့တော့ မောတာပဲအဖတ်တင်မယ်။ 'ကောက်စား'ကောင်းတစ် ယောက်ဖြစ်မလာနိုင်ဘူး။ အခြေအနေအရပ်ရပ်ကို မြန် မြန်ဆန်ဆန်၊ မှန်မှန်ကန်ကန် ဝေဖန်ပိုင်းခြား သုံးသပ်နိုင်တဲ့ ဉာဏစွမ်းရည် ဒါမှမဟုတ် ဘောလုံးဦးနှောက်ပေါ့။ သွက်လက်ဖျတ်လတ်စွာ ရွေ့ လျားပြီး တိတိကျကျ၊ သေ သေသပ်သပ် အဆုံးသတ်နိုင် တဲ့ ကျွမ်းကျင်လိမ္မာမှု။ လို အပ်ချိန်မှာ လိုအပ်သလို ထုတ်ယူလို့ရမယ့် ကာယခွန် အား။ အဲဒါ'ကောက်စား' တိုင်းမှာ ရှိကိုရှိထားရမယ့် အရည်အချင်းတွေပဲလို့ ငါ တော့ မြင်တယ်။ ဆိုတော့ 'ကောက်စား'ကို အနုတ် လက္ခဏာဆန်တဲ့ အနက် အဓိပ္ပာယ်မျိုးနဲ့ ပြော,ပြောနေ ကြတာကို ငါ လက်မခံချင် ဘူးကွာ။


မင်းရော ဘယ်လိုမြင် လဲ။ မင်းအမြင်လေးကိုလည်း လုပ်စမ်းပါဦး။ ငါနဲ့ အမြင် ချင်း ထပ်တူကျတယ် ဟုတ် လား။ ဒီလိုပဲဖြစ်ရမှာပေါ့ လေ။ ငါပြောတာတွေက နည်းလမ်းကျနေတာပဲဥစ္စာ။ ကဲ...တခြားမိတ်ဆွေတစ် ယောက်ဆီ သွားလိုက်ဦးမယ်။ မစောင့်တော့ပါဘူးကွာ။ မင်းအဖေ ပြန်ရောက် လာရင် သာ ငါ လာသွားတယ်လို့ ပြောလိုက်။ ပြီးတော့ အားရင် အိမ်ဘက်လှည့်ခဲ့ဖို့ ငါကမှာ သွားတယ်လို့လည်း ပြောပေး ပါဦး။ ■

မော်မော့်အောင်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၁။
ကျုပ်
လုပ်ငန်းခွင်ထဲရောက်တာ
နှစ်နှစ်ဆယ်ကျော်ပြီ။
ဒီအလုပ်မျိုး တစ်ခါမှ
မလုပ်ဖူးဘူး။ အခြား
ဘာကော်မတီ၊
ညာကော်မတီက
လုပ်ငန်းနဲ့ ဆက်စပ်သေး
တယ်။ ခုဟာက အစိမ်း
သက်သက်ကြီး။
ပြင်ပတာဝန်ပေါ့ဗျာ။
ပေးလာတော့လည်း
လုပ်ရတော့မှာပေါ့။
ငြင်းလို့မရတာထက်
ကိုယ့်သိက္ခာတရားက
ရှိသေးတယ်။
လူလတ်ပိုင်းမို့
သွက်လက်တာကိုပဲ
ကြည့်ကြသလား၊
အပင်ပန်းခံနိုင်မှုကိုပဲ
တွက်ဆထားသလားတော့
ကျုပ်လည်း
စဉ်းစားမရဘူး။
ဥက္ကဋ္ဌတာဝန်က
ခေါင်းပေါ်
ရောက်လာတော့တာပဲ။
အဲဒါအပြင်
ဒိုင်ချုပ်ဆိုတာကိုလည်း
ပူးတွဲ
အပ်နှင်းလိုက်ပါရော။
ကဲ...
မခက်ပေဘူးလား။
'ကိုယ့်ညီ ဘာမှမပူနဲ့၊
ကိုယ်တို့ ရှိနေတာပဲ'
ကျုပ်စိုးရိမ်နေတာ
ဒါမှ မဟုတ်
မျက်နှာငယ်လေး
ဖြစ်နေတာကို
သိသွားသလား
မဆိုနိုင်ဘူး။ ညီနှိုင်း
အစည်းအဝေးမှာ
အာပေါင်အာရင်း
သန့်သန့်နဲ့ ပြောသွားတဲ့ လူက အားပေးရှာတယ်။ ကျုပ်လို ဥက္ကဋ္ဌကို ပြောတဲ့သူ ဆိုတော့ ဒီဦးစီးကော်မတီက လူကြီး တစ်ယောက်ပဲ ဖြစ်မှာပေါ့။ နောက်မှ သိလိုက်ရတာက သူ့နာမည် ဦးကိုကျော်ဌွေး၊ ဘုရားလူကြီး။ အစဉ်အဆက် ပွဲလုပ်လာတဲ့သူ။ သူနဲ့ ရင်းနှီးသွားတဲ့နောက် ပိုင်းမှာ သူ့ကို ကိုကိုလို့ပဲ ခေါ်တော့ တယ်။


ဘုရားပွဲက အဝေးကြီး လိုသေးတာ။ လုပ်လိုက်ရတဲ့ အစည်းအဝေးတွေ။ ကြိုတင် ပြင်ဆင်ခြင်းကလည်း ပြင်နေ တုန်းပဲ။ ကြော်ငြာကိစ္စ။ သီချင်းကိစ္စ၊ ပွဲလေလံကိစ္စ တွေ၊ နေရာချထားခြင်းတွေနဲ့ ရှုပ်နေတာပဲ၊ မာတ်ပုံပြိုင်ပွဲဝင် ဖို့၊ ပြိုင်နေတုန်း တိုက်ရိုက် အသံလွှင့်ဖို့၊ ဖွင့်ပွဲ၊ ပိတ်ပွဲတွေ နဲ့ အစီအစဉ်ဆွဲနေကြတာ မိခင်လုပ်ငန်းတောင် လစ် ဟင်းချင်တယ်။ ဒီနေ့လည်း အစည်းအဝေးက ရှိနေပြန်ပြီ။ အထက်ကျောင်းမှာ။ ပွဲစဉ် ဇယားရေးဆွဲနိုင်ဖို့နဲ့ ပြိုင်ပွဲဝင် အသင်းတွေ မဲနှိုက်မယ့်ကိစ္စ ပေါ့။

ကျုပ်ကသာ စိတ်တွေ ညစ်နေတာ။ ကိုကိုဆိုတဲ့ လူကြီးက အားတက်သရော ပဲ။ တခြားကော်မတီတွေ လည်း ရှိပါရဲ့။ ကျုပ် လောက် မများမရှုပ်သလိုပဲ လေ။

❑

၂။

မဆိုးပါဘူး။ ပြော ကြည့်လေ ရင်ထဲပေါ့သွား တာပေါ့လို့ ခေတ်သုံးစကား အရ ကျုပ်ပြောကြည့်ချင်



တယ်။ ပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ၊ ဒိုင်ချုပ်ဆိုတဲ့ ဂုဏ်ပုဒ်က မနည်းဘူး။ တချို့ ပြိုင်ပွဲဝင်မယ့်အသီတွေက 'ဒိုင် ချုပ်ကြီး ကျွန်တော်တို့ကို အမှတ်ပိုပေးနော်' တဲ့။ ကော်မတီ ဝင်တွေအားလုံး အန္တေးထည့်အကျႌရတယ်။ ခေါင်းစွပ်ရတယ်။ အဲဒါထက် ပိုရတာက ကုသိုလ်ပေါ့ဗျာ။ ပွဲကိစ္စနဲ့ ပတ်သက် ပြီး ကိုကိုနဲ့အတူ ပြင်ဆင်တဲ့နေရာ ရောက်သလို ဘုရားပေါ် ကိုလည်း မကြာမကြာ ရောက်ဖြစ်တယ်။ ဒေသခံတွေက 'ပြည်ချစ်'ဘုရားလို့ ခေါ်ကြသလို 'မဟာအံ့ထူး ကံသာ ဘုရား



www.burmeseclassic.com

www.burmeseclassic.com



လေ။ ကျုပ်တို့ ပြင်ဦးလွင်ရဲ့ လားရှိုးလမ်း အထွက်ဘက်မှာ ရှိတယ်။

နှစ်စဉ် တန်ဆောင်တိုင်မှာ ကျင်းပတဲ့ပွဲ။ လူသိများလာပြီး တစ်နှစ်ထက်တစ်နှစ် ပိုစည်ကားလာတယ်တဲ့။ နို့ဝင်ဘာလ ချမ်းချမ်းစီးစီးထဲမှာပေါ့။ ကျုပ်ကို ဝိုင်းကူညီမယ့်သူတွေကလည်း အတွေ့အကြုံရှိပြီးသားမို့ အစောပိုင်းကလို ကျုပ်စိတ်မပူတော့ဘူး။ ကျုပ်လည်း အတော်အတန် လိမ္မာပတ်လည်နေပြီ။ ကျုပ်နဲ့အတူ တွဲဖက်ဒိုင်ချုပ်ရှိတယ်။ အပေါ်ဒိုင်၊ အောက်ဒိုင်တွေ ရှိတယ်။ အမှတ်ပေးစည်းမျဉ်းတွေလည်းရှိပြီးသား။ ပြိုင်ပွဲဝင်ပွဲစဉ်ဇယားလည်း ထွက်ပြီလေ။ ကျုပ်က ကြီးကြပ်ရုံပဲရှိတော့တာ။ ထူးခြားတာကတော့ ပြိုင်ပွဲဝင်အသင်းတွေရဲ့ စည်းကမ်းရှိမှု၊ ဖျော်ဖြေမှုအတွက် အမှတ်ပေးတာရှိသလို ဒိုင်ချုပ်ရဲ့ သီးသန့်အမှတ်ပေးမှုလည်း ရှိတယ်။ ခုမှ သတိရတယ်။ ကျုပ်ကို ဥက္ကဋ္ဌပေးတာ သမာသမတ်ကျတဲ့ ဥပမိရုပ်ရှိတယ်လို့ ထင်ပါရဲ့။

တာဝန်ရှိနေတော့ ကျုပ် ပွဲခင်းဘက် စောစောထွက်လာ



www.burmeseclassic.com

www.burmeseclassic.com

လိုက်တယ်။ လမ်းမှာဗျာ လူတွေသွားနေလိုက်ကြတာ ကိုယ့်ထက်စောနေရဲ့။ ကား တန်းကလည်း ရန်ကုန်မှာ လိုပဲ။ ဆိုင်ကယ်တွေလည်း ပေါပ့်။ တော်သေးတာပေါ့။ ကိုယ်က ဥက္ကဋ္ဌဆိုတော့ သီး သန့်နေရာလေးက ဝင်ခဲ့ရ တာ။ ကားပေါ်က ယာဉ်ဝင် ခွင့်လက်မှတ်ကြောင့်လည်း ပါမှာ ထင်တယ်။ ဟင်... လူတွေတောင် တော်တော် စုံနေပြီပဲ။ *'ပြင်ဦးလွင်မီးပုံးပျံ ပွဲတော်'* စာသားပါ သီချင်း ကလည်း မြိုင်လို့။ ကွင်းထဲ မှာ အသင်းတွေ နေရာယူနေ ကြပြီ။ လေကာကုန်းဘက်က ကြော်ငြာတွေ၊ နာရီစင်၊ မြင်းလှည်းပါတဲ့လိုဂိုတွေ၊ အယ်လ်အီ! ဒီဘုတ်နဲ့ မီးဆိုင်း တွေက လှနေတာပဲ။ ကျုပ် ဖြင့် တစ်ခါမှ မကြုံဖူးဘူး။ အရှေ့ဘက်ကုန်းမှာ ထင်း ရှူးတောနဲ့ ခါတော်မီပင်တွေ ကလည်း မြင်ကွင်းကို ပြည့်စုံ စေတယ်။ လလည်း ထွက် လာပြီလေ။

ကျုပ် သတိထားမိတာ က ကြေညာပေးနေတဲ့လူ။ ပြောလိုက်တာမှ မိုက်ကို မချ ဘူး။ တီးလုံးနားလိုက်၊ သူ က ပြောလိုက်နဲ့ နားတောင် ငြီးရဲ့။ ပုံတိုပတ်စ၊ သမိုင်း ကြောင်း၊ အမွှမ်းတင်စကား တွေနဲ့ ထိန်းနေတာ။ စကား များတဲ့ ကိုကိုတောင် အနား မကပ်ရဘူး။ အစီအစဉ်စ၊ တော့မှပဲ သူ့မိုက်ကိုချပြီး ရေ သောက်တော့တယ်။

'ခုချိန်ကစပြီး မီးပုံးပျံပွဲ တော်အား ကျွန်ုပ် ဖွင့်လှစ် လိုက်သည်'လို့ လူကြီး တစ် ယောက်ရဲ့ ကြေညာလိုက်

*'ပြင်ဦးလွင် မီးပုံးပျံပွဲတော်' စာသားပါ သီချင်းကလည်း မြိုင်လို့ ကွင်းထဲမှာ အသင်းတွေ နေရာယူနေကြပြီ လေကာကုန်းဘက် က ကြော်ငြာတွေ နာရီစင် မြင်းလှည်းပါတဲ့ လိုဂိုတွေ အယ်လ်အီးဒီ ဘုတ်နဲ့ မီးဆိုင်းတွေက လှနေတာပဲ ကျုပ်ဖြင့် တစ်ခါမှ မကြုံဖူးဘူး*

သံနဲ့အတူ အရှေ့ဘက်က မီးရှူးမီးပန်းတွေ တစ်လုံးပြီး တစ်လုံး ထွက်လာတယ်။ ကွင်းထဲကလည်း မီးပုံးငယ် လေးတို့ လွှင့်တက်လာတယ်။ ပရိသတ်ကလည်း တဝေး ဝေးနဲ့။ အိုးစည်သံတွေလည်း ထွက်လာတယ်။

'ပရိသတ်ကြီး ခုဆိုရင် တိမ်ပန်းချီမ,လာတဲ့ အရှေ့ ကောင်းကင်မှာ လမင်းနဲ့ အလှချင်းပြိုင်နေတဲ့ ရောင်စုံ မီးပန်းတွေဟာ သူလှတယ်၊ ငါလှတယ်နဲ့ အပြိုင်ကြဲနေကြ ပါပြီ။ မီးပုံးလေးတွေ လူးလွန့် နေပုံကလည်း လေလှိုင်းစီး နေသလိုပါပဲ။ ကျွန်တော်တို့ရဲ့ မီးပုံးပျံပွဲဟာ မင်္ဂလာအောင် စည်တော်ယွန်းပြီး လှည်းယဉ် စီးလာတဲ့ တန်ဆောင်တိုင် မင်းသမီးနဲ့အတူ ပါဝင် ဆင်နွှဲတော့မှာမို့... ပရိသတ် ကြီး'

'ဝေး...'

'လက်ခုပ်လေးနဲ့ ချီး မြှင့်ကြရအောင်လား'

အပေါ်နဲ့အောက် အပေး အယူမျှသား။ တိုင်ပင်ကိုက် ထားသလိုပဲ။ အဲဒီလူ ဘယ် တော့ကတည်းက မိုက်ကို ကောက်ကိုင်လိုက်လဲ မသိ ဘူး။ ကျုပ် ဒိုင်ချုပ်တောင် မသိလိုက်တာ။ ဒါပေမဲ့ သူ က အားရပါးရပြောနေ၊ ပရိသတ်နဲ့ အတိုင်အဖောက် ညီနေတော့ သည်းခံရမှာ ပေါ့။ သူ့လို နောက်တစ် ယောက်က ဝင်ပြောတော့ လည်း သူ့လောက်မကောင်း ပြန်ဘူး။

❑

၃။

ပြိုင်ပွဲက ငါးရက်။ ပထမညမှာ ညမီးကျည်မီးပုံး ပျံအမျိုးအစား၊ ယမ်းဆိုင်း ဟာ ပွဲကြည့်စင်နား ပြတ်ကျ လို့ ထ,ပြေးရသေးတယ်။ တချို့ဆို ပွန်းပဲ့ဒူးခေါင်း ကွဲလို့။ လူကများတော့ ဝရုန်း သုန်းကားဖြစ်တယ်။

'ပရိသတ်ကြီး မကြောက်ကြပါနဲ့ခင်ဗျာ၊ မီးပုံးပျံက သံယောဇဉ်နဲ့ နှုတ် ဆက်တာပါ။ အန္တရာယ် မရှိပါဘူး။ ကျီစားရုံလောက် ပါ။ လူတွေတောင် ခြေမနိုင် တာ ယမ်းဆိုင်းကလည်း ဖြစ် တတ်တဲ့သဘောကို သက် သေပြသွားတာ ကြည့်ပါဦး၊ မြေပြင်မှာ လျှပ်ပန်းတွေ စီး ဆင်းနေသလိုပဲ။ ဟုတ်တယ် မဟုတ်လား ပရိသတ်ကြီး'

'ဝေး...'

'ဟုတ်တယ်ဆိုရင် လက်ခုပ်သံလေး'

စံပါပဲဗျာ။ သူ့အသံကို ရင်းနှီးနေကြတာ။ ရှာရှာဖွေ ဖွေပြောနိုင်တဲ့သူ။ ရယ်တဲ့သူ ကရယ်၊ ရွဲ့တဲ့သူကရွဲ့နဲ့။ အဲဒီ ညမှာ သန်းခေါင်ကျော်မှ အိမ်ပြန်ရတယ်။ မအိပ်ဖြစ်ပါ ဘူး။ နားထဲမှာ အသံတွေနဲ့ ဗျာ။ အိပ်ရာထက်ထိ လာနှိပ် စက်တယ်။

ဒုတိယညမှာတော့ သာသာယာယာပါပဲ။ လ,က လည်း အရောင်ပိုတောက် လာတယ်။ ကျုပ်တို့ဆီမှာက မီးပုံးပျံအရေအတွက်က တောင်ကြီးထက်စာရင် နည်း နေတော့ အချိန်ယူပြီး လွှတ်ရ တာပေါ့။ စိန်နားပန်နှစ်လုံး လွှတ်လိုက်၊ ညမီးကျည်တစ် လုံး လွှတ်လိုက်နဲ့ ပွဲကို ထိန်း ထားရတာလေ။

'ပရိသတ်ကြီးရေ ကြည့်စမ်းပါဦးဗျာ၊ မိန်း ကလေးတွေရဲ့နားမှာ စိန်နား ကပ်တွေ ပန်ဆင်ထားသလို နဲ့ ကျွန်တော်တို့ရဲ့ စိန်နားပန် မီးပုံးဟာလည်း ကြော့မော့ လှပနေပါပြီ။ တလက်လက် တောက်ပနေတဲ့ မီးပုံးငယ် လေးတွေဟာလည်း တကယ့် စိန်အစစ်ပင်လား အောက် မေ့ရပါတယ်။ တစ်မူပိုတဲ့ မိန်းမပျိုလို မကြာမီမှာ ကောင်းကင်ထဲ တေးဆိုပါ တော့မယ်။ ပရိသတ်ကြီး ဟုတ်ပါလား'

'ဝေး...'

အအေးတော့ကနေ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်လာရပြီး အိမ်ရောက်တဲ့အထိ မနေနိုင်တဲ့ကိုယ်ဟာ အသံတွေကြောင့် ပိုပြီးတော့တောင် တုန်ခါနေရဲ့။ သည်လို ညမျိုးတွေ အခါတစ်ရာမက တွေ့ရရင်တော့ ဒုက္ခ။ ကျုပ်မှာလည်း နေ့၊ ည မှားချင်ပေမဲ့ နေ့တာဝန်က ရှိသေးတယ်။ တတိယနေ့ခင်းမှာ ကျုပ်ပွဲခင်းဘက် သွားရတယ်။ နေ့အလှပြိုင်ပွဲရှိတယ်လေ။ ရုပ်ပုံမျိုးစုံနဲ့ လွှတ်ရတာ။ ခြေနှစ်ချောင်း၊ ခြေလေးချောင်း၊ နှစ်ကောင်အစု၊ သုံးကောင်အစု မီးပုံးယဉ်တွေ ပုံသဏ္ဌာန်ဖော်ပြီး လွှတ်တယ်။ လှပတဲ့ အကောင်မှန်သမျှကို ဖန်တီးပြီး အကောင်းဆုံးဖြစ်အောင် အပြိုင်အဆိုင် လွှတ်ကြတာပေါ့။ ကြက်တူရွေးအမြီး မီးလောင်တာရှိသလို မြေပြင်မှာတင် နွားခေါင်းမီးစွဲတဲ့အဖြစ် ရှိတယ်။ အဲဒီအဖြစ်ထက် ဆိုးတာက ကျုပ်ပါ။

ကျုပ်ကားလေး နောက်ဆုတ်ရပ်ဖို့လုပ်တာ ကုန်းစောင်းပေါ်ကနေ ဘရိတ်လျှော့ပြီး ပွဲကြည့်စင်နောက်ကျောနံရံကို ဝင်ဆောင့်ပါလေရော။ စက်မှုဇုန်ဂျစ်ကားက မာသလားတော့ မမေးနဲ့။ ဆေးနည်းနည်း ပွန်းသွားတယ်။ ဒါပေမဲ့ အုတ်နံရံဟာ အက်ကွဲယိုင်နဲ့ပြီး အတွင်းဘက်ကို ပြိုကျပါလေရော။ အထဲမှာ ကြည့်နေတဲ့သူရှိရင် မတွေးဝံ့ဘူး။ ဆယ်ပေခန့် နှစ်ခန်း ပျက်စီးသွားတဲ့အား၊ ပလတ်စတာစ်ထိုင်ခုံ လေးဆယ့်နှစ်လုံး ကျိုးသွားတဲ့အားက ဘယ်နည်းပါ့မလဲ။ ကျုပ်ဖြင့် ရင်တွေပန်းတွေတုန်လို့။

## ဒိုင်ချုပ် ဦးမျိုးအောင်ရဲ့ တစ်တော့ပ် စက်မှုဇုန်ထုတ် ဂျစ်ပုလေးဟာ အသွားမတော် တစ်လိမ့် အတိုက်မတော် နံရံဆိုတဲ့အတိုင်း မိတ်ဆက်အပြီးမှာ ထုံးနဲ့ဖြူ့ဖြန်း ရောစပ် တည်ဆောက်ထားတဲ့ အထူးတန်း ပွဲကြည့်စင်ကို ကားနောက်ဖင်နဲ့ အသာတို့လိုက်တာ ဝုန်းခနဲပြိုကျ အုန်းခနဲ ကွဲပါလေရော ဗျာ

လူတွေ မထိခိုက်တာရယ်၊ ဟိုလူ မရှိတာရယ်ကြောင့် ခံသာသွားတယ်။ နောက်ဆို...။

'ဟုတ်ကဲ့ခင်ဗျာ၊ ခုဆိုရင် ကျွန်တော်တို့ရဲ့ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ ဒိုင်ချုပ် ဦးမျိုးအောင်ရဲ့ တစ်တော့ပ်စက်မှုဇုန်ထုတ် ဂျစ်ပုလေးဟာ အသွားမတော်တစ်လိမ့်၊ အတိုက်မတော် နံရံဆိုတဲ့အတိုင်း မိတ်ဆက်အပြီးမှာ ထုံးနဲ့ဖြူ့ဖြန်း ရောစပ် တည်ဆောက်ထားတဲ့ အထူးတန်းပွဲကြည့်စင်ကို ကားနောက်ဖင်နဲ့ အသာတို့လိုက်တာ ဝုန်းခနဲပြိုကျ၊ အုန်းခနဲ ကွဲပါလေရောဗျာ။ ရှန်းခနဲ ဖြစ်မသွားပါနဲ့ ပရိသတ်ကြီး'

အဲဒီလို ထ,ပြောရင် ဒုက္ခပဲ။

ဒိုင်လုပ်တဲ့ ကျုပ်ဘဝမှာ ဒီတစ်ခါ အလျှော်အစားကြီးသွားတယ်။ စဉ်းစားကြည့်ပါဦး။ အုတ်နံရံတဲ့ဗျာ။ လေကာရုံအဖြစ်လေးပဲလား မသိဘူး။ ကျုပ်လက်ကလေးနဲ့ အကွဲအစတွေကို ခြေကြည့်တယ်။ အမှုန့်ဖြစ်သွားလေရဲ့။

❑

၄။

လပြည့်ည အစည်ဆုံးပဲဗျာ။ ကြိတ်ကြိတ်တိုးထက် ပိုတယ်။ အားလုံးမျှော်လင့်ကြည့်ချင်တာက စုစုစည်းစည်းရှိပြီး အဆန်းတကြယ် ဖန်တီးလေ့ရှိတယ်၊ နာမည်ကြီးတယ်ဆိုတဲ့ 'မြန်မာပြည်သား'မီးပုံးပျံပဲ။ ကွင်းထဲကို အရင်ဝင်လာတာက မြင်းရယ်၊ စစ်သူကြီးဝတ်စုံရယ်၊ လှံရယ်နဲ့လူ။ မြင်းကိုပတ်ပြီး ပြေးခိုင်းနေတုန်း ပွဲကြည့်စင်ပေါ်က 'မြန်မာပြည်သား' သီချင်းကို လွှင့်ထားပေးတယ်။ ကျုပ်ဖြင့် ကြည့်ရတာ ဇာတိမာန် တောင်ကြွသွားသလိုပဲ။

'ပရိသတ်ကြီး အစဉ်အလာရ လပြည့်ညမှာ မြန်မာပြည်သားအသင်းဟာ မြင်းခင်းသဘင်နဲ့အတူ ကွင်းအတွင်း လှမ်းလာခဲ့ပါပြီ။ ယမ်းပီသသာချိန် အများဆုံးနဲ့ မှိုင်းခံစက္ကူသုံးပြီး လွှတ်တင်မယ့် မီးပုံးပျံကြီးဟာ မကြာမီ နတ်ဘုံဌာနီဆီ ပျံသန်းပါတော့မယ်။ မြန်မာပြည်သားအတွက် ပရိသတ်ကြီး...'

'ဝေး...'

သူ မပြောနဲ့ ကျုပ်တောင် ရင်ခုန်လာပြီ။ လေက နည်းနည်းတိုးလာသလို မီးဆလိုက်ကြောင့် နှင်းမှုန်တွေပါ မြင်ရတယ်။ တက်ညီလက်ညီနဲ့ မှိုင်းတိုက်နေကြပြီ။ သီချင်းသံ၊ တီးလုံးသံများကို အဘက်ဘက်က ကြားနေရတယ်။ မီးပုံးကြီး ပတ်လည်မှာ အသင်းသားတွေက လက်ချင်းချိတ်ပြီး စက်ဝိုင်းပုံကာထားကြတယ်။ မှိုင်းရည်ဝ,လာပြီး မြန်မာပြည်သားဟာ ရှန်းထ,လာတယ်။ ဘူးသီးပုံသဏ္ဌာန် အချိုးညီ၊ ရောင်စုံတွေ ခြယ်သ,ထားလိုက်တာ လက်ရာတကယ်မြောက်တယ်။

'ပရိသတ်ကြီး မြန်မာပြည်သားဟာ ယမ်းဆိုင်းချိတ်ဆွဲပြီး ပရိသတ်ကို တဝကြီးကြည့်ရအောင် သုံးရာ့ငါးဆယ် ဒီဂရီလှည့် ပြနေပါတယ်။ ဆလိုက်မီးလေးထိုးပေးထားပါ'


ရော... ဒီလူနဲ့တော့ ခက်ပြီ။ ကမ္ဘာတစ်ပတ်ပြည့်ဖို့ ဆယ်ဒီဂရီကို သူ ဘယ်မှာ ချန်ထားလဲ မသိဘူး။ သတိထားမိတဲ့သူတွေက ရယ်ကြပြီး သူ့ကို သတိပေးလိုက်တယ်။ ကိုကိုကလည်း သူ့ကိုကိုယ်တောင် မနိုင်ဘူးတဲ့။ သြော်... ဘုရားလူကြီးကို နိုင်တဲ့သူ ရှိသေးတာပဲ။

'ဟုတ်ကဲ့၊ ကျွန်တော်ပြောတာ သုံးရာ့ခြောက်ဆယ် မပြည့်လိုက်ပါဘူး။ မြန်မာပြည်သားက ပရိသတ်ကို ချစ်တဲ့အနေနဲ့ ဆယ်ဒီဂရီ ပိုပြီး လှည့်ပြနေပါပြီ'



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဒါလည်း ကောင်းတာပဲ။ သူ့လောက်မှ ကျုပ်တို့ ညစဉ်ရက်ဆက် မပြောနိုင်တာ။ ဒီလူဗျာ၊ တန်ဆောင်မုန်း ရာသီကို နတ်တော်လကတည်းက ကြိုပြီးကျင့်ထားသလား မသိဘူး။ ညမီး ကျည်အမျိုးအစား၊ လွှတ်ခဲ့သမျှ အကြီးဆုံး မြန်မာပြည်သား မီးပုံးပျံဟာ စ,တက်ပါပြီ။ တစ်ကွင်းလုံး အသံများ ဖုံးလွှမ်းကုန်တယ်။ တီးလုံး မြိုင်ဆိုင်စွာ ထွက်လာတယ်။ အပေါ်က အားပေး၊ အောက်က အားပေးနဲ့ ရသ,က အမျိုးမျိုးပေးတယ်။

'ပရိသတ်ကြီးရေ ခုဆိုရင် မြန်မာပြည်သား မီးပုံးပျံဟာ အုံ့မခန်းတဲ့ အသွင်နဲ့ မဟာ အံ့ထူးကံသာဘုရားကြီးကို ဦးခိုက်ဖို့ တက်သွားပါပြီ။ မီးပန်းတွေလွှတ်ချနေပါပြီ။ ကြည့်ပါဦး၊ တိမ်သလ္လာကင်းစင်တဲ့ ကောင်းကင်မှာ တက်သွားပုံက ပြန်မလာတော့မယ့် ခရီးသည်တစ်ယောက် ယဉ်ကျေးစွာ နှုတ်ဆက်နေသလိုပဲ။ ပြောရင်းဆိုရင်း မီးရေတံခွန်တွေ၊ မီးပုလဲပေါက်တွေ၊ ခိုပျံတွေ လွှင့်ထုတ်နေပုံများက မိုးနတ်မင်းကြီးက ရွှေမိုး ငွေမိုး ကျောက်သံပတ္တမြားမိုးတွေ ရွာချပေးနေသလိုပဲ၊ ပရိသတ်ကြီး မြန်မာပြည်သားအတွက်'

'ဝေး… ဝေး'

တကယ်လည်း လှတယ်ဗျာ။ သူ့အပြောကြောင့်လည်း ပိုလှသွားသလိုပဲ။ လူတွေအားလုံးက ကောင်းကင်ကို မော့ကြည့်ရင်း လက်ခုပ်တီးဝမ်းသာအားရနဲ့။ ကျုပ်ကြည့်နဲ့သမျှထဲမှာ အကောင်းဆုံးလုပ်ပြသွားခြင်းပါပဲ။ စိတ်ကူးထဲမှာ ဒိုင်ချုပ်အမှတ်လေး ပိုပေးမလားဆိုပြီး တွေးနေတုန်း မီးပုံးပျံဟာ အမြင့်ကို ဆက်မတက်ဘဲ ဇာတ်ပွဲခင်းဘက် တဖြည်းဖြည်းကျလာသလိုပဲ။ ခဏအတွင်းမှာပဲ မြန်မြန်ဆန်ဆန် ပျက်ကျပါလေရော။

'ခုဆိုရင် မြန်မာပြည်သား မီးပုံးပျံဟာ ဇာတ်ပွဲထဲက ပရိသတ်ကို သွားနှုတ်ဆက်နေပါတယ်။ သူ့ခင်တွယ်ရာ လူတွေကျန်သေးတာကြောင့် တဝကြီး နှုတ်ဆက်နေပါပြီ'

ဟိုမှာက ဝုန်းဒိုင်းကြဲပြီး ယမ်းတွေထ,ပေါက်ကုန်ပြီ။ အဲဒီပွဲရုံဘေးမှာ ဆိုင်ကယ်စတန်းက ရှိသေးတယ်။ ကျုပ် ကောင်းကောင်းနားလည်လိုက်ပြီ။ ဟိုလူက မိုက်မချသေးဘူး။

'ပရိသတ်ကြီး'

'ဝေး'လို့ ပြန်မအော်ကြတော့ဘူး။ ဘယ်အော်နိုင်တော့မလဲ။ ပြေးသူက ပြေးနေပြီ။

'ဟောလူ ခင်ဗျား စွတ်အော်မနေနဲ့၊ မီးသတ်ကားကို လှမ်းပြော၊ ဒီလောက်မီးလောင်နေတာ တွေ့လျက်နဲ့ နှုတ်ဆက်နေသေးတယ် လုပ်နေသေးတယ်'

ကျုပ် စိတ်အချဉ်ပေါက်ပြီး ငေါက်ပစ်လိုက်တယ်။ သူ့မျက်မှန်ထူထူထဲကနေ မျက်လုံးငယ်သွားတာပေါ့။ ကျုပ်က ဥက္ကဋ္ဌ၊ ဒိုင်ချုပ်လေ။ ဒီမှာ ဆွဲဆုတ်ပစ်လိုက်လို့ ရတာပေါ့။

'ပရိသတ်ကြီး အဲယောင်လို့ မီးသတ်ကားများ အမြန်ထွက်ပေးပါ၊ လမ်းရှင်းထားပေးပါခင်ဗျာ။ မြန်မာပြည်သားရင်ခွင်အေးမြဖို့အတွက် ရေခွက်နဲ့လောင်းပေးကြပါဦး၊ တတ်နိုင်သမျှ ကူညီကြပါဦး'

'ဝင်းအောင်… ဝင်းအောင်'ဆိုပြီး မီးသတ်ကား ထွက်သွားတယ်။

အဖြေက ဆိုင်ကယ်လေးစီး မီးလောင်သွားတယ်။ ဝယ်တာ မကြာသေးဘူးဆိုပဲ။ အားခဲသမျှ သွားရှာသော မြန်မာပြည်သား အသင်း။ ကြဲကြဲဖန်ဖန်ဗျာ၊ ကိုယ့်ယမ်းက ကိုယ့်မီးပုံးကို ပြန်ဖောက်ပြီး ပျက်ကျရတယ်လို့။ ကျုပ် ဒိုင်ချုပ်လုပ်တဲ့ နှစ်မှပဲ ဖြစ်ရသလား။ ကိုယ်ကပဲ ကံမကောင်းတာလား၊ တိုက်ဆိုင်တာလား၊ အမှားအယွင်းရှိနေတာလား မသိဘူး။ နောက်နေ့မှာ ကလေးတွေကို ရောင်းတဲ့ မိုးပျံပူဖောင်းရောင်းသူရဲ့ ဂက်စ်အိုးကလည်း ထ,ကွဲလို့။

ပြီးမှပဲ ကိုးမြို့ရှင်နတ်နန်းမှာ ပွဲသွားထိုးဦးမှလို့ တွေးရင်း မတ်ပဲကြော်နဲ့ ဗယာကြော်ကိုစားပြီး ရေနွေးကရားကို ငှဲ့လိုက်တယ်။ မိုက်ကိုင်သူက မေးတယ်။

'ဆရာက သောက်လို့လား'

ကျုပ်နားမလည်ဘူး။ ရေနွေးပဲ သောက်မှာပေါ့။

'အဲဒီထဲမှာ အရက်ထည့်ထားလို့'

'ဟင်…'

■

ပိုင်ဒွေးသချာ၊

အယ်ဒီတာအဖွဲ့

အခန်း (၄-၀၁)
တိုက်အမှတ် ၁၇/၁၉
၃ လွှာ၊ ၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၅၀၁
E-mail:
nyeinfamily@gmail.com



www.burmeseclassic.com

www.burmeseclassic.com

ကိုသိန်းမောင်တစ်ယောက် ကျုပ်တို့ သပြေကွင်းရွာကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတာ ကျုပ်ဖြင့် ပျော်လွန်းလို့။ ပထမတော့ တစ်ယောက်နဲ့တစ်ယောက် ဘယ်သိလိမ့်မတုံး။ ကျုပ်တို့ ရွာက လယ်သမားတွေကို စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးတဲ့အဖွဲ့မှာ ကိုသိန်းမောင် ပါလာပြီး ကျုပ်တို့အိမ်မှာ တည်းခိုရာကစ,လို့ သူနဲ့ ကျုပ် အဖွဲ့ကျသွားတာပ။ ဟိုအရင်နှစ်တွေကလည်း စိုက်ပျိုးစရိတ်ချေးငွေအဖွဲ့တွေ လာနေကျပါပဲ။ အဲဒီတုန်းကတော့ ကိုသိန်းမောင် ပါမလာသေးဘူး။ လွန်ခဲ့တဲ့ လေးလလောက်ကမှ ဒီမြို့နယ်ရုံးကို ပြောင်းလာတာဆိုရဲ့။ လာခဲ့ဖူးတဲ့အဖွဲ့တွေလည်း ကျုပ်တို့ အိမ်မှာ တည်းကြတာချည်း ဆိုတော့ကာ သူတို့ရုံးနဲ့





www.burmeseclassic.com

www.burmeseclassic.com

ကျုပ်တို့အိမ်နဲ့က သဟဇာတ ကျပြီးသားလို့ ပြောနိုင်တယ်။ ကျုပ် အဖေကလည်း ကျုပ်တို့ရွာမှာ လယ်ဧကအများဆုံးပိုင်တဲ့ အပြင် အိမ်ကြီးရခိုင်နဲ့ ခံ့ခံ့ထည်ထည်နေနိုင်တာလည်း ပါတာပေါ့။ ဒါကြောင့် ကျုပ် တို့ရွာကို မြို့နယ်က ဘယ်ဌာနလာလာ အုပ်ချုပ်ရေးမှူးတွေက လမ်းကြောင်းထည့် လိုက်တာပါပဲ။ လာကြပါစေ၊ အိမ်သာလို့ ဧည့်လာတယ်ဆို ပြီးကို ကျုပ်အဖေက ဂုဏ်ယူနေတာလေ။ ဒီတော့ ကျုပ် မိန်းမဆိုတာ မီးဖိုချောင်ထဲမှာ ပိတ်မိနေရော။

ကိုသိန်းမောင်နဲ့ ကျုပ်နဲ့ အဖွဲ့ကျတာထဲမှာ အဲဒီ မီးဖိုချောင်ကိစ္စလည်း ပါသဗျာ။ သူက နှစ်တိုင်း လာနေကျလူတွေနဲ့



၂၀၁၈ ခုနှစ် ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း

www.burmeseclassic.com

မတူတာက သူ့လက်ကိုင်အိတ်ထဲမှာ ကျုပ်အကြိုက် အချို အချဉ်လေးတွေ ပါလာတတ်လို့ပဲ။ အချို အချဉ်ဆိုလို့ အဘိုးကြီးတွေအကြိုက် ထမင်းစားပြီး အချိုတည်းတာမျိုး မဟုတ်ဘူးနော်။ ပြောရရင်ဗျာ ထမင်းစားခါနီးလေးမှာ ပက်လို့ရတဲ့ဟာမျိုး။ သူယူလာတဲ့တံဆိပ်က အကောင်းစားကြီးဆိုတာ ကျုပ်သိတယ်။ ဟိုးအရင်က လာဖူးတဲ့ ခရိုင်အုပ်ချုပ်ရေးမှူးတစ်ယောက်က ကျုပ်တို့ အိမ်မှာတည်းပြီး အပြန်မှာ သူပက်လို့ ကျန်တဲ့ ပုလင်းကို ကျုပ်ကို လက်ဆောင်ပေးထားခဲ့လို့ ကျုပ် ကျကျနနသိတာ။ ကျော်နီ လမ်းလျှောက်လို့ ခေါ်တယ်။ တံဆိပ်ချင်းတူတောင် အနက်ရောင်က ပိုကောင်းဆိုပဲ။ ကိုသိန်းမောင်က အဲဒီပုလင်းကို ဖုံးဖုံးအုပ်အုပ်ကလေးနဲ့ လှစ်ခနဲ ကျုပ်ကို ပြလိုက်တော့ ကျုပ်မှာဖြင့် ရွှေဘောတော်ကျလို့ တဟီးဟီးနဲ့ စပ်ဖြဲဖြဲလုပ်လိုက်ရသေးတယ်။ သူကလည်းပဲ လူပါးပဲဗျ။ ကျုပ်ကို စည်းရုံးလို့ အိုကေတဲ့အခါ သူနဲ့ကျုပ်နှစ်ယောက်တည်းပဲ မီးဖိုချောင်ထဲမှာ အိမ်သားတွေစားလို့ပြီးတော့မှ အေးအေးဆေးဆေး ပက်ဖြစ်တယ်။ ကျုပ်ကလည်း ကျုပ်မိန်းမလောက်တော့ ပိုင်တာပေါ့ဗျာ။ အိုးနှိုက်ခွက်နှိုက် အမြည်းဆာဒါးကလေး ရတတ်ပါတယ်။ ပြောသာပြောရတယ် ကိုသိန်းမောင်က ဒီဘက်မှာလည်း မညံ့ဘူးရယ်။ မြို့က ပါလာတဲ့ အရန်သင့်အမြည်းကလည်း သိပ်ပြတ်တယ်လို့မှ

ဦးလေးပဲ
အသိဆုံးလေ
လှသွယ်ရဲ့
အဖေ
အရက်စွဲလို့
အမေ
ဘယ်လောက်
ဒုက္ခပင်လယ်
ဝေခဲ့သလဲဆိုတာ
သွားလေသူ
အဖေ့ကိုတော့
တစ်ကြိမ်နှစ်ကြိမ်
ဦးချပါတယ်
ဒါပေမဲ့
ဦးလေးရယ်
အရက်သမားယူပြီး
လင်ဆိုးမယား
တဖားဖားတော့
အဖြစ်မခံနိုင်ဘူးရယ်

မရှိတာလေ။ ပုလင်းတူ ဘူးဆို့ဆိုတာ ကျုပ်နဲ့ ကိုသိန်းမောင်အတွက် ကွက်တိ။

ကျုပ်တို့ရွာက မြို့နဲ့ မိုင်နှစ်ဆယ်လောက် လှမ်းတယ်။ နည်းနည်းဆိုးတာက ရန်ကုန်မြို့ကိုသွားတဲ့ အဝေးပြေးကားလမ်းမကြီးက ကျုပ်တို့ရွာကို ဒက်ထိမရောက်တာပဲ။ ကားလမ်းမကြီးကနေ နှစ်မိုင်လောက်နီးနီး ကျောက်ခင်းလမ်းကို ဝင်ပြီးမှ ကျုပ်တို့ရွာရောက်တာ။ ဆိုလိုတာက မြို့နဲ့ တအားအလှမ်းကြီး မဟုတ်သလို သိပ်လည်း အလွယ်ကြီး မဟုတ်ဘူးပေါ့။

ဒါကပဲ ကိုသိန်းမောင်နဲ့ ကျုပ်တို့ ချစ်ကြည်ရေးရွေလမ်းငွေလမ်းခင်းလို့ ပိုကောင်းတယ် ပြောရမှာပေါ့။ ဘာကြောင့် လဲဆိုတော့ ကိုသိန်းမောင်က သူ့ရိက္ခာပြတ်ခါနီးရင် သူ့လက်အောက်တပည့်တစ်ယောက်ကို မြို့လွှတ်ပြီး ရက်ချင်းပြန်ယူခိုင်းလိုက်တယ်။ ဆိုင်ကယ်နဲ့ အလွန်အကြူးသွားရ သုံးနာရီတင်းတင်းရယ်။ သူ့တပည့်ကလည်း မြို့ကို ခဏခဏ ပြန်ချင်ပုံရပါတယ်။ မြို့တက်ရဦးမှာလားနဲ့ ကျုပ်ရှေ့တင် ခဏခဏမေးနေတာပဲလေ။ လယ်သမားတွေကို ပြောဆိုရတာနဲ့၊ စာရင်းကိုက်ညှိရတာနဲ့၊ စာချုပ်စာတမ်းတွေလုပ်ရတာနဲ့တင် ကျုပ်တို့ ရွာမယ် သုံးလေးရက်ကြာတာကိုး။ တကယ်ဆို နေ့ချင်းပြန် သွားလိုက်လာလိုက်လုပ်ရင်လည်း ရက်နည်းနည်း ပိုကြန့်ကြာတာကလွဲရင် အလုပ်ဖြစ်ပါတယ်။ ဟိုးအရင်အဖွဲ့တွေတုန်းကလည်း စာရင်းကိုက်အောင် အမြန်လုပ်ပြီး မြို့ကို ပြန်သွားတတ်တာမျိုးရှိတယ်။ ငွေလာချေးတဲ့အခါတော့ ရက်ချင်းပေါက် ပြီးအောင် လုပ်ကြရတယ်။ ငွေရေးကြေးရေးနဲ့ ရွာမှာ ညမအိပ်ရဘူးထင်ပါရဲ့။ အခု ကိုသိန်းမောင်တို့ဟာက လယ်သမားတွေနဲ့ ကြိုတင်လို့ စာရင်းကိုက်ကြတာပါ။ ဒါတင် သုံးလေးရက်ပေါက်လာပြီ။ ကိုသိန်းမောင်တို့ အေးဆေးလိုက်ပုံများ ပြောပါတယ်။ ကျုပ်အတွက်ကတော့ ဖိုးသူတော်မျက်စိလည်လေ ဆန်ရလေကိန်းဆိုက်နေတာမို့ ကွမ်းကလေးတမြုံ့မြုံ့နဲ့ပဲ အားပေးထောက်ခံရတာပေါ့လေ။

နောက် တဖြည်းဖြည်းသိလာရတာက ကိုသိန်းမောင်ဟာ လူပျိုကြီးဆိုပဲ။ ရောက်တဲ့နေရာ တစ်ရွာတစ်ကျိဆောက်လို့ရတဲ့ ကိုယ်တော်ကြီးပေါ့ဗျာ။ အဲဒီလို နောက်ကြောင်းအေးလို့ပဲ ကျုပ်တို့ရွာမှာ အလုပ်တွေ လက်စသိမ်းပြီးလို့ မြို့ကို ပြန်သွားပြီးတဲ့နောက်တောင် မကြာမကြာလာနေသေးတယ်။ ကျုပ်တို့အိမ်ကလည်း သူ့ကို ဆွေမျိုးလိုမှတ်ပြီး ဝင်ချင်ဝင်၊ ထွက်ချင်ထွက်ပေါ့။ ခင်ရာဆွေမျိုး၊ မြိန်ရာဟင်းကောင်းလို့ဆိုတယ် မဟုတ်လား။

ဒီတစ်ခါ ပြောစရာ ထူးထူးခြားခြား ရှိလာတာက အဆန်းပဲဗျာ။ သူက ကျုပ်နဲ့ တကယ် ဆွေမျိုးစပ်ချင်နေမှန်း နောက်တစ်ခေါက်မှာ သိလာရတယ်။ အင်းပေါ့လေ။ ဒါကလည်း ဖြစ်တတ်တဲ့ကိစ္စကိုး။ တခြားဟုတ်ရိုးလား။ ကျုပ်တို့နဲ့ ခြံချင်းကပ်က မလှသွယ်ကို ကျိတ်ပြီး သဘောကျပါသတဲ့။ ကျုပ်နဲ့ မလှသွယ်က အဘိုးညီအစ်ကိုဆိုတော့ကာ မောင်နှမပေါ့ဗျာ။ ဒါကြောင့် ကိုသိန်းမောင်က ဆွေမျိုးတော်ချင်တာလို့ ပြောတာပါ။ မလှသွယ်ဆိုတာကလည်း သားအမိနှစ်ယောက်တည်း တစ်အိမ်နေတဲ့ အပျိုကြီးရယ်။

ကျုပ်တို့မှာ မလှသွယ်တို့သားအမိကို စောင့်ရှောက်ပေးနေရတာပါ။ အိမ်ဗာဟီရကိစ္စတွေ၊ ညရေးညတာ၊ ရပ်ရေးရွာရေးအားလုံးဆိုပါတော့။ ကျုပ်က သူတို့အဖေဘက်က



www.burmeseclassic.com

www.burmeseclassic.com

ရွှေမျိုးတွေ၊ သူတို့အမေ ဆုံးသွားတော့ ကျန်ခဲ့တဲ့ ကိုင်းတွေ၊ လယ်တွေကအစ ကျုပ်တို့ အမေကပဲ ထိန်းထားပေးရတာ။ ဒီတော့ ကျုပ်တို့အိမ် ခြည်လာစောင်လာဆိုလည်း မလှသွယ်က လာကူညီနေကျ။ အဲဒီမှာ ကိုသိန်းမောင်က မလှသွယ်ကို ငြိတာထင်ပါတယ်။ ဒါကြောင့် ကိုသိန်းမောင်တစ်ယောက် ကျုပ်နဲ့ နှစ်ယောက်တည်း မီးဖိုချောင်မှာ ထမင်းစားကြရင် မလှသွယ်ကိုခိုးခိုးကြည့်တာ အခုမှ အပ်ကျမပ်ကျ သိတော့တယ်။ ကျုပ်မှာဖြင့် ကိုယ့်ကိုယ်ကို ပါးလှပြီထင်ခဲ့တာ ကိုသိန်းမောင်နဲ့ကျတော့ လူပါးပုလင်းထိတဲ့ ကိန်းဆိုက်ကရော။

အေးလေ ဒီလိုနဲ့ ပြောစရာလိုသေးလားဗျာ။ ကိုသိန်းမောင်တစ်ယောက် ကျုပ်တို့ရွာဆီ ချောင်းပေါက်မတတ် ရောက်ခဲ့ပေါ့။ မစွမ်းရင်းကလည်းရှိ ကန်စွန်းခင်းကလည်းငြိပြီကိုး။ ကျုပ်တို့ရွာကနေ ရုံးတက်ပါလားလို့ နောက်ရတဲ့အထိ။

အမယ် ကျုပ်ညီမ မလှသွယ်ကလည်း ပေါ့သေးသေးတော့ မဟုတ်ဘူးနော်။ အတန်းပညာမတတ်တဲ့ တောသူပေမဲ့ အထာတော့ကိုင်တတ်သဗျ။ အဖေ့ကို နားဖောက်နိုင်းတော့ မလှသွယ်က ပြောသတဲ့။

‘ဦးလေးက လှသွယ်ကို အရက်သမားနဲ့ ညားစေချင်လို့လား။ အရက်သမား လာလာ ဘာလာလာ အိမ်ထောင်ပြုရပြီးရောဆိုရင် ရွာက ကောင်တွေနဲ့ ညားတာကြာပေါ့။ ဦးလေးပဲ အသိဆုံးလေ။ လှသွယ်ရဲ့အဖေအရက်ခွဲလို့ အမေ ဘယ်လောက်ဒုက္ခပင်လယ်ဝေခဲ့သလဲဆိုတာ၊ သွားလေသူ အဖေ့ကိုတော့ တစ်ကြိမ်နှစ်ကြိမ် ဦးချပါတယ်။ ဒါပေမဲ့ ဦးလေးရယ်၊ အရက်သမားယူပြီး လင်ဆိုးမယား တဖားဖားတော့ အဖြစ်မခံနိုင်ဘူးရယ်’

ကိုင်း လှသွယ်ကတော့ လှုပ်ရင်နဲ့နဲ့ကလေး၊ ဆွဲနုတ်တော့ မရဆိုသလို ဖြစ်နေပါလား။ လှသွယ့်စကား ပြန်ပြောနေတဲ့ အဖေ့မျက်နှာကို ကိုသိန်းမောင်က မျက်တောင်တဖျပ်ဖျပ်ခတ်ပြီး စူးစိုက်ကြည့်နေရင်း တိတ်ဆိတ်ငြိမ်သက်နေတယ်။

‘မလှသွယ်က နောက်ထပ်ကော ဘာတွေပြောသေးလဲ ဦးလေး’

‘ဒါပါပဲ ဆရာ ကိုသိန်းမောင်ရယ်၊ နောက်ထပ်ကော သူ့မှာ ဘာပြောစရာရှိမှာတဲ့လဲ’

‘အင်း ဘယ်လိုပြောရမလဲ ဦးလေးရယ်၊ အိမ်ထောင်ပြုဖို့ မစဉ်းစားပါဘူးတို့၊ ဘာတို့ပေါ့’

အဖေက ခပ်လေးလေး စဉ်းစားရင်း ခေါင်းခါပြတယ်။

‘ဟာ… ဒါဆို ရပြီ ဦးလေး၊ ကျွန်တော် လှသွယ်ကို မိသားဖသားပီပီ တောင်းရမ်းလက်ထပ်ယူမှာပါဗျာ။ ဦးလေးတို့သာ ကျွန်တော့်ကို ဆက်ကူညီကြပါ။ ဒီကနေ့ တောက်လျှောက် ကျွန်တော် အရက်မသောက်တော့ဘူးရယ်၊ အားလုံးကို ကျွန်တော် ကတိပေးပါတယ်’

‘ဟော’

အဖေ့ဆီက အံ့သြဟန်နဲ့ အာမေဋိတ်သံ ထွက်လာတယ်။ ကျုပ်ကလည်း ဘာထူးလို့တုံး။ နှုတ်ကနေ အသံမထွက်နိုင်လောက်အောင် အံ့သြပြီး ကိုသိန်းမောင်ကိုသာ ကြောင်တက်တက်နဲ့ ကြည့်နေမိတော့တာပေါ့။

‘အင်း… ဒီအတိုင်းဆိုရင် ဆရာ သိန်းမောင်လည်း ဆရာတော် ဦးသောဘိတဆီ ရောက်ဦးမှာပေါ့’

အဖေပြောတဲ့အတိုင်း ပါပဲဗျာ။ ဆရာတော် ဦးသောဘိတဆိုတာက ကျုပ်တို့ ကိုးကွယ်တဲ့ တောင်ပေါ် ဘုန်းကြီးကျောင်းဆရာတော်လေ။ ရွာထဲက အရက်ဖြတ်တဲ့လူတွေကို ရေမန်းတိုက်ပြီး တရားဟောပေးတာမှာ ဒီနယ်တစ်ဝိုက်နာမည်ကြီးပေါ့။ အခုလည်း ကိုသိန်းမောင် အရက်ဖြတ်ဖို့ကိစ္စမှာ လူအမှူ ဘုန်းကြီးပတ်ပြီလေ။ နောက်တစ်ခုက ကိုသိန်းမောင် အရက်ဖြတ်ကြောင်းကို လူသိရှင်ကြားဖြစ်ဖို့လိုတယ်။ ကိုယ့်ဟာကိုယ် တိခနဲ့ ဖြတ်နိုင်ဦးတော့ ဘယ်သူကမှ အတည်ပြုမှာ မဟုတ်တဲ့အတွက် ဘယ်လောက်မှန်မှန် တရားမဝင်ဘူးဆိုတာမျိုးဖြစ်မယ်လေ။ သိကြတဲ့အတိုင်းပေါ့။ ရည်ရွယ်ချက်ကတော့ ကိုသိန်းမောင်အရက်ဖြတ်တာကို မလှသွယ်က အထူးအားဖြင့် အသိအမှတ်ပြုဖို့ လိုသကိုး။

ကျုပ်အဖေကလည်း ကိုသိန်းမောင်အတွက် စိတ်ရှည်သဗျာ။ သူ့တူမတော်ကို ကိုသိန်းမောင်လို အလုပ်နဲ့အကိုင်နဲ့၊ ရာထူးဌာနနဲ့ရဲ့ ခေတ်ပညာတတ်တစ်ယောက်နဲ့ အတည်တကျဖြစ်မှာကို သဘောညီရှာတယ် ထင်ရဲ့။ ကျုပ်ကိုယ်တိုင်လည်း ထီးလိုမင်းလိုပဲလေ။ အဲဒီတော့ ကျုပ်တို့အိမ်ကပဲ ကမကထလုပ်လို့ ကန်တော့ပွဲ စီစဉ်တယ်။ ကောက်ညှင်းပေါင်းတစ်ဒယ်၊ ကော်ဖီတစ်အိုးနှပ်လို့ ဆရာတော် ဦးသောဘိတဆီ ချီတက်တာပေါ့။ ကျုပ်တို့သားအဖရယ်၊ ရပ်ရွာက သက်ကြီးပိုင်းတချို့ရယ် ဖိတ်ကြားပြီး ကျောင်းကိုသွားတယ်။ သွားတာမှ ဝါဆိုလပြည့်နေ့ အခါကြီးရက်ကြီး လူစုံတဲ့ရက်ကို တမင်ရွေးသွားတာ။ ကျုပ်အဖေရဲ့ အစီအစဉ်ကို ကျုပ်ရိပ်မိပါတယ်။ ရွာနီးချုပ်စပ် လူတွေပါ အုတ်အော်သောင်းတင်းသိသွားတော့ ကိုသိန်းမောင်ကို ခြည့်ပရိသတ်အများကြီးရှေ့မှာ ချည်ပြီးတုပ်ပြီး လုပ်နိုင်တယ်လေ။ ရွာသားတွေထဲကလည်း ဆရာတော်ဆီမှာ ဒီလို အရက်လာဖြတ်တာမျိုးရှိခဲ့တာဆိုတော့ အထူးအဆန်းကြီးမှ မဟုတ်တာ။

‘ကိုင်း ဆရာ ကိုသိန်းမောင်လည်း ခေတ်ပညာတတ် တစ်ယောက်ပဲလေ။ ဘုန်းကြီး သိပ်မပြောတော့ပါဘူးနော်။ တို့ဘုရားရှင်က ဝေနေယျသတ္တဝါတွေအပေါ် မေတ္တာထားပြီး အမှားသံသရာမလည်ရလေအောင် သတိထားဖို့ သွန်သင်ဆုံးမတော်မူခဲ့တယ်။ လူတွေမှာ ငါးပါးသီလကို ခါးဝတ်ပုဆိုး



www.burmeseclassic.com

www.burmeseclassic.com

ကဲ့သို့ မြဲမြဲလုံခြုံဖို့ ပြသတယ်။ လောကီလူသားတွေအတွက် ၃၈ ဖြာမင်္ဂလာတရားတော်နဲ့အညီ နေထိုင်ရင် အကျိုးစီးပွားတိုးတက်ကြီးပွားမယ်။ အဲဒီမှာ သေရည်အရက်မူးယစ်ဆေးဝါးတွေမသုံးမစားဖို့ လမ်းညွှန်တော်မူတယ်။ ကိုင်း… ဒီနေ့က စ,လို့ အကုသိုလ်မကောင်းမှုသိပြီး ရှောင်ကြဉ်ဖယ်ခွာမယ်ဆိုတဲ့ အဓိဋ္ဌာန်နဲ့ သစ္စာရေကိုသောက်စေ။ ဤသစ္စာရေနဲ့အတူ အကုသိုလ်ဒုစရိုက်ဆယ်ပါးတို့ကို ဆေးကြောသန့်စင်လျက် တစ်နေ့တခြားကောင်းကျိုးချမ်းသာလိုရာဆန္ဒတို့ကို ဆောင်ကြဉ်းနိုင်ပါစေသတည်း'

'သာဓု သာဓု သာဓု'

ရွာသားတွေနဲ့အတူ သာဓုခေါ်တာမှာ ကိုသန်းမောင်ရဲ့အသံက အထင်ပေါ်ဆုံးပေါ့။ အေးလေ၊ သူက ဒီလိုလုပ်လိုက်တော့ ကျုပ်မှာသာ ကြားက အူကြောင်ကျားဖြစ်ကျန်ခဲ့ရတယ်။ ကျုပ်မိန်းမကလည်း ကျုပ်ဆီပဲ မျက်စောင်းတထိုးထိုးနဲ့။ ကိုသိန်းမောင်နဲ့ အတူပါစေချင်တဲ့သဘော။ ဘာထူးလဲ။ ကျုပ်မှာလည်း အရက်ပြတ်တော့ ခွက်ကပ်နဲ့မူးဆိုသလို ပြတ်တောင်းပြတ်တောင်းအခြေအနေကလေးနဲ့ ရောင့်ရဲရတော့တာပ။

'ကိုသိန်းမောင်ကြီးက တကယ်အရက်ဖြတ်တယ်တော့'

မလှသွယ်ရဲ့ မှတ်ချက်ကို ကြားရတာလေ။ မရှိမသေပြောရရင် ဒီအတိုင်းဆို ကျုပ်နှမကြောင့် ကျုပ်မှာ

> တစ်ညတော့ ငါတို့ လင်မယား နှစ်ယောက် အိပ်ရာဝင်ပြီး ကိုယ့်အတွေးနဲ့ ကိုယ် တိတ်ဆိတ် နေတုန်းမှာပေါ့ လှသွယ်က ငါအုံးနေတဲ့ ခေါင်းအုံးကို ဖြုန်းခနဲ အတင်း ဆွဲထုတ်ယူပြီး ဘာ မေးတယ်မှတ်လဲ ဒီမှာ ကိုသိန်းမောင် ဒါ ဘယ်သူ့ ခေါင်းအုံးလဲပြောတဲ့

ဖင်ကျိန်းရချည့်ရဲ့။ ဒါတောင်မှပဲ ကိုသိန်းမောင်ကြီးက မလှသွယ်ကို သုံးနှစ် သုံးမိုးစောင့်စားပြီးမှ အဆင်ပြေတာဗျ။ တိုတိုပြောရရင် ကိုသိန်းမောင်ရဲ့ မိအိုဖအိုတွေနဲ့ ဆွေမျိုးနည်းနည်းပါးပါး လာရောက်တောင်းရမ်းပြီးမှ ရွာမှာပဲ အကျဉ်းချုံးလို့ မင်္ဂလာပွဲလုပ်လိုက်ကြတယ်။ ကိုသိန်းမောင်ရယ်ဗျာ၊ တကယ်ပဲ တောက်လျှောက်မသောက်ဘဲ နေနိုင်တာကို အကြောင်းသိတွေအားလုံးက အံ့ဩလို့ မဆုံးကြဘူးလေ။ ဆရာတော်ဦးသောဘိတရဲ့ ရေမန်းကပဲ စွမ်းသလား၊ မလှသွယ်အပေါ်ထားတဲ့ မေတ္တာတန်ခိုးရှိန်ကပဲ စွမ်းသလား။ ပြောသာပြောရတယ်၊ ဦးသောဘိတ ရေမန်းအစွမ်းပြယ်ပြီး ပြန်သောက်တဲ့ ရွာသားအချို့ရှိနေတာကြောင့် တချို့ကလည်းပဲ ကိုသိန်းမောင်အပေါ် သရိုးသရီရယ်။ အဖေကတော့ပြောပါတယ်။ အရက်ပြန်သောက်ရင် ရေမန်းပြန်သောက်ခိုင်းမှာပေါ့တဲ့။

ဒီလိုနဲ့ ကိုသိန်းမောင်ကြီးနောက်ကို မလှသွယ်တို့သားအမိ သျှောင်နောက်ဆံထုံးပါလိုက်သွားတော့ မြို့ကိုရောက်သွားရော။ လယ်ယာတွေကို ကျုပ်တို့ပဲ ထိန်းရတော့ သူတို့နဲ့ အဆက်အသွယ်မပြတ်ဘူးပေါ့။ မကြာခင်မှာတော့ ကိုသိန်းမောင် ရာထူးတိုးပြီး သူ့ဇာတိနဲ့ နီးရာ မြို့ကို ပြောင်းသွားရတယ်တဲ့။ ပြီးတော့ သူတို့မှာ နွားမနောက်ကျသားဆိုသလို သမီးကလေးတစ်ယောက်မွေးတာကိုလည်း ကြားရပါတယ်။ မလှသွယ်တောင်မှ သမီးကလေး ခါးထစ်ချီလို့ စပါးဖိုးတွေ သိမ်းရင်း မနှစ်က အလည်အပတ်လာသွားလေရဲ့။

အဲ… သူပြန်သွားပြီး သိပ်မကြာဘူးရယ်။ နောက်တစ်ခုကြားရတာကတော့ ကျုပ်တို့အဖို့မှာ သိပ်မထူးလှပေမဲ့ စိတ်တော့ရှုပ်သွားတာပေါ့။ ကိုသိန်းမောင်ကြီး အရက်ပြန်သောက်တဲ့ကိစ္စ။

'အေးကွာ ဒီနှစ်နွေမှာ စပါးသိမ်းဖို့ လှသွယ်ကို တကူးတက မလာစေနဲ့တော့ဟေ့။ စပါးဖိုးကိုလည်း ဘဏ်ကနေ လွှဲမနေနဲ့။ ငါလည်း အသက်ရပြီ၊ ငါ့ညီမနဲ့လည်း ဆုံချင်တယ်။ ဘုရားဖူးရင်း လှသွယ်တို့ဆီ ငါတို့မိသားစုသွားလည်ကြတာပေါ့။ ဆရာသိန်းမောင်ကိုလည်းပဲ ဆရာတော် ဦးသောဘိတဆီမှာ ရေမန်းပြန်သောက်ဖို့ ခေါ်လာရမယ်လေ။ ဆရာတော်ကြီးလည်း ကျန်းမာရေးချူချာတဲ့ကြားက လုပ်ပေးနိုင်တုန်းကလေး'

အဖေကတော့ တစ်ချက်ခုတ် သုံးလေးချက်ပြတ်အောင် စီစဉ်တော့တာ။ အသက်ကြီးလာတော့ နောက်ကြောင်းအေးအောင် ကိုသိန်းမောင်ကို ကြပ်ပေးချင်တာ အဓိကမှန်း ကျုပ် ရိပ်မိပါတယ်။

❑

'ချဗျာ ကိုသိန်းမောင်၊ နွေကလည်း ပူတော့ ဘီယာကလေးနဲ့ အတော်ပဲဗျ'

ခမ်းနားလှတဲ့ ဘီယာဥယျာဉ်ကြီးထဲ ကျုပ် လွတ်ကြမ်းနေတဲ့ကြားမှာ ကိုသိန်းမောင်က ပြုံးတုံ့တုံ့နဲ့ မထုံတက်တေးရယ်။ မှိုကန်စွန်းကြော်ပန်းကန်ထဲကိုပဲ သူ့လက်ထဲ က တူတွေဝဲနေတယ်။

'ဘာလဲ ခင်ဗျားက ဦးသောဘိတရေမန်း ပြန်သောက်ရမှာ ကြောက်နေတာလား။ ရှက်နေတာလားဗျ။ နောင်ခါလာနောင်ခါချေးပေါ့ဗျာ။ ကျုပ်နဲ့တွေ့တုန်း ကြိစမ်းပါ။ ဒါမျိုးအရသာ ရွာမှာမရမှန်း ခင်ဗျားသိသားနဲ့'

'ငါမှ မသောက်တော့တာ ဟကောင်ရ'

ကျုပ်ဗျာ၊ ကိုသိန်းမောင်



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာကို စေ့စေ့ကြည့်ပြီး ရယ်လိုက်တာ မပြောနဲ့တော့။ ဘီယာတွေသီးလို့။ ငါသိပါတယ် သာလိကာရယ်ဆိုတာမျိုး ဖြစ်နေတာကိုး။

'ငါ အခု လုပ်သက်ခွင့် နှစ်လယူထားပြီကွ၊ မင်းတို့နဲ့ ငါတို့မိသားစုတွေ အားလုံး ရွာအတူတူလိုက်ပြီး အဲဒီရက်တွေမှာ ပဥ္စင်းဝတ်မယ်၊ ရွာမှာ အလှူအတန်းလည်းလုပ်ချင်လို့'

'ကိုသိန်းမောင်က ဆရာတော် ဦးသောဘိတရဲ့ ရေမန်းလောက်နဲ့ မတိုးတော့ဘူးလို့ ပဥ္စင်းဝတ်ပြီးတောင်မှ ဖြတ်မယ်ဆိုတဲ့သဘောလား'

'ဘယ်ကလာ၊ ငါ့ကို ဆရာတော်က မှာလိုက်ပြီးသားပါကွာ၊ သူက တရားပြပြီး သစ္စာရေတိုက်တာတဲ့။ မင်းတို့ ရွာသားတွေကသာ ရေမန်းဆိုပြီး မှတ်ယူနေကြတာဆိုပဲ။ တကယ်ဆိုရင် အရက်ဖြတ်ဖို့အတွက် ဘယ်က ရေမန်းမှ မစွမ်းဘူးရယ်။ အရက်ဖြတ်ဆေးလို့လည်း မရှိဘူးလေ။ ကိုယ်ကိုယ်တိုင်က ဒီဟာကို ငြီးငွေ့စွန့်လွှတ်ချင်ရင် အလေ့အကျင့်တစ်ခုအကူအညီနဲ့ ဖြတ်ရတာပဲ ရှိတယ်။ အခု ငါကိုယ်တိုင်က ကြောက်ရွံ့တုန်လှုပ်ပြီးတော့မှ စိတ်တုံးတုံးချပြီး ပြတ်သွားတာဟေ့ သိပြီလား'

'နေပါဦးဗျ၊ ကြောက်လို့ ပြတ်တာဆိုတော့ ထူးထူးဆန်းဆန်းပါလား၊ ဘာလဲ ခင်ဗျားကြောက်တာက ရောဂါကိုလား၊ လှသွယ်ကိုလား လင်းစမ်းပါဦး'

ကိုသိန်းမောင် တည်တည်တံ့တံ့ကြီးပြောနေသလောက် ကျုပ်လည်း စိတ်ဝင်တစားမေးရတော့တာပ။

'အင်း… ပြောရတော့ ခက်တယ်ကွ၊ မင်းပဲ အဖြေထုတ်ကြည့်ပေါ့၊ ငါပြောပြမယ်'

ကိုသိန်းမောင်က အားရပါးရ ပြောပြဖို့ လေတဝရှူလိုက်တယ်။

'ပြီးခဲ့တဲ့ သင်္ကြန်တုန်းက ငါတို့ဌာန ရေကစားမဏ္ဍပ်မှာ ငါ တာဝန်ကျတယ်။ မင်းသိတဲ့အတိုင်းပဲလေ။ ရက်ကလည်းရှည်၊ ပျော်ကလည်း ပျော်ပွဲဆိုတော့ အသောက်အစားကိစ္စမှာ ငါ တောင့်မခံနိုင်ခဲ့ဘူး။ ဒီတော့ ဘာပြောကောင်းမလဲကွာ၊ ငါ့မှာ နွားငတ်ရေကျပေါ့။ ဘယ်လောက်များသောက်သလဲဆိုရင် ပွဲပြီးတောင် မီးမသေသေးဘဲ မီးဆက်နေတော့တာ။ ဌာနဆိုင်ရာ မိတ်ဆွေတွေက နှစ်သိမ့်ပြီး ငါ့အိမ်ကို လိုက်ပို့ကြပါရောလား။ အဲဒီမှာ ယောက္ခမကြီးက အိမ်ခြံဝမှာ ငုတ်တုတ်ကြီးထိုင်နေတာကို ငါ ဘာပြောမိခဲ့သလဲဆိုတော့-

'ဟေ့ သမီးရေ ညည်းအမေ ဘယ်သွားလဲလို့ မေးမိတဲ့အထိ'

ကျုပ်ပါးစပ်ထဲက ဘီယာတွေနဲ့ ဖွီးခနဲဖြစ်ကုန်ရော။

'အေးကွ၊ ငါလည်း တွေးမိတိုင်းရှက်နေတာ၊ ငါ့ကို လိုက်ပို့တဲ့လူတွေလည်း အခုထိ ရယ်ပွဲဖွဲ့လို့မပြီးကြဘူး။ ထားပါတော့ကွာ၊ နောက်နေ့မနက် ငါ သတိပြန်ရတဲ့အခါ အရက်နာကျတော့တာပေါ့။ သုံးလေးရက်တိုင်သွားတယ်။ ဒါလည်း ပြဿနာမဟုတ်သေးဘူး။ မင်းတို့ငါတို့ ဖြစ်နေကျပဲလေ။ မလှသွယ်ကတော့ ငါ အန်ထားလို့ ပေရေနေတဲ့ အိပ်ရာတွေ ပြန်လျှော်ပြီး တဖျစ်တောက်တောက်၊ ပြီးတော့မှ ငါ့ကို ပညာပေးတော့တာ'

ဘယ်လိုကြီးပါလိမ့်လို့ တွေးကြည့်ရင်း ကျုပ်လည်း ငြိမ်။

'တစ်ညတော့ ငါတို့ လင်မယားနှစ်ယောက် အိပ်ရာဝင်ပြီး ကိုယ့်အတွေးနဲ့ကိုယ် တိတ်ဆိတ်နေတုန်းမှာပေါ့။ လှသွယ်က ငါအုံးနေတဲ့ ခေါင်းအုံးကို ဖြုန်းခနဲ အတင်းဆွဲထုတ်ယူပြီး ဘာမေးတယ်မှတ်လဲ။

'ဒီမှာ ကိုသိန်းမောင်၊ ဒါ ဘယ်သူ့ခေါင်းအုံးလဲ ပြောတဲ့။ ငါလည်း ကြောင်အမ်းအမ်းနဲ့ ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားတယ်။ ငါ့ခေါင်းအုံးပေါ့ လှသွယ်ရာ၊ ဘာဖြစ်လို့တုံးဆိုတော့…။

'ရှင့်ခေါင်းအုံးဆိုရင် ဟုတ်ပါပြီ၊ တခြားလူဝင်မအုံးစေချင်ရင် ရှင်ကောင်းကောင်းနေမှ ဖြစ်မယ်နော်။ ရှင်တစ်ခုခုဖြစ်သွားလို့ကတော့ ကျွန်မက ဘာမှလုပ်စားတတ်တာမဟုတ်ဘူး၊ အားကိုးရာရမှာပဲ။ ကိုယ့်မှာ သမီးပဲရှိတာ မဟုတ်လား။ အခုခေတ် ပထွေးတွေကလည်း ရှင်သိတဲ့အတိုင်းတဲ့။ ပြတ်ကရောဟာကောင်ရာ'

ကျုပ် သောက်လက်စ ခွက်ထဲမှာ အမြှုပ်သေနေတဲ့ ဘီယာတွေ ဒီအတိုင်းကျန်ခဲ့လေရဲ့။ ■

**လှမြင့်အောင်၊တောင်ကုတ်၊**

**အယ်ဒီတာအဖွဲ့**


အခန်း (၄-၀၁)
တိုက်အမှတ် ၁၇/၁၉
၃ လွှာ၊ ၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၅၀၁
E-mail:
nyeinfamily@gmail.com

www.burmeseclassic.com



www.burmeseclassic.com

# မောင်သန်းဆွေ(ထားဝယ်)

# မွန်သွေးပါသည့် သီပေါမင်း

BURMESE CLASSIC .com

၂၀၁၇ ခုနှစ်၊ ဩဂုတ်လထုတ် ရွှေအမြုတေရုပ်စုံမဂ္ဂဇင်းတွင် စာရေးသူက **သီပေါမင်း၏ ဘိုးတော်တည်ခဲ့သော ရန်ကုန်မြို့မှ စေတီတော်** အမည်ရှိ ဆောင်းပါးကို ရေးခဲ့သည်။ ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားလမ်း၊ ယခင် စစ်သမိုင်းပြတိုက် (ရှေးအခါက ဂျူဗလီဟောလ်နေရာ)ရှေ့၌ တည်ရှိသော စိန်ရောင်ခြည် စေတီတော်အကြောင်း ဖြစ်သည်။ ထိုစေတီတော်သည် စကြာဝန်ကြီး (ခေါ်)ညောင်ရမ်းဝန်ကြီး တည်ခဲ့သော စေတီဖြစ်၏။ ထိုစကြာဝန်ကြီး (ခေါ်)ညောင်ရမ်းဝန်ကြီး ဦးမြတ်ရာ၏သမီး မိမိနှောက်နှင့် ချွန်းတောင်မြို့စား မိုးနဲ ဗိုလ်မှူးတို့မှ သီပေါမင်း၏ မယ်တော် လောင်းရှည်မိဖုရားကို မွေးခဲ့သဖြင့် စကြာဝန်ကြီး (ခေါ်)ညောင်ရမ်းဝန်ကြီး ဦးမြတ်ရာသည် သီပေါမင်း၏ ဘိုးတော် ဖြစ်သောကြောင့် စိန်ရောင်ခြည်စေတီတော်ကို **သီပေါမင်း၏ဘိုးတော် တည်ခဲ့သော ရန်ကုန်မြို့မှ စေတီတော်** ဟု ဆောင်းပါးအမည် ပေးခဲ့ခြင်းဖြစ်ပါသည်။

ထိုဆောင်းပါးကိုဖတ်ရသော စာဖတ်ပရိသတ်တစ်ဦးက စာရေးသူထံ ဖုန်းဆက်၍-

'သီပေါမင်းဟာ မွန်သွေးပါတယ် လို့ ကြားရဖူးတယ်ဆရာ၊ အဲဒါ ဟုတ်လား'

ဟု မေးခဲ့ပါသည်။ စာရေးသူ၏ ဖုန်းနံပါတ် ထိုသူ ဘယ်ကရသည် မသိပါ။ စာရေးသူက-

'ဟုတ်ပါတယ်'

'ဘယ်လို မွန်သွေးပါတယ်ဆိုတာ ပြောပြပါ ဆရာ'

'ပြောရရင်တော့ အရှည်ကြီးမို့ ဆောင်းပါးအနေနဲ့ ရေးပြပါ့မယ်'

ဟု ပြန်ဖြေလိုက်ရပါသည်။ ထို့ကြောင့် ဤဆောင်းပါးကို ရေးရခြင်းဖြစ်၏။ သီပေါမင်း မွန်သွေးပါသည်ကလည်း သူ၏ မယ်တော်ဘက်မှပင် ဖြစ်ပါသည်။ သီပေါမင်းမယ်တော်၊ လောင်းရှည်



www.burmeseclassic.com

www.burmeseclassic.com

မိဖုရား၏မယ်တော် မိမိနှောက်ဘက်မှ ဟံသာဝတီမင်းရိုး(မွန်သွေး)ပါခဲ့ခြင်း ဖြစ်၏။ ရှင်းအုံ။ (ရွှေအမြုတေမှ စာရေးသူ၏ဆောင်းပါးတွင်လည်း ဤအကြောင်း တစ်စွန်းတစ်စ ပါပြီးဖြစ်ပါသည်)

ညောင်ရမ်းဆက် နောက်ဆုံးမင်းဖြစ်သော မဟာဓမ္မရာဇာဓိပတိလက်ထက်တွင် မြန်မာတို့ တန်ခိုးသြဇာကျဆင်းမှုသည် အဆိုးဆုံးအခြေအနေသို့ ရောက်နေသည်။ ဟံသာဝတီ၊ တောင်ငူ၊ မုတ္တမ၊ ပုသိမ် စသည့် အဝေးမြို့များသို့ စိတ်ချယုံကြည်ရသော မြို့ဝန်များကိုသာ ရွေးချယ်စေလွှတ်ရသည်။ ဟံသာဝတီမြို့သို့ မြို့ဝန်အဖြစ် ဦးရီးတော် ဦးသာအောင်ဆိုသူကို ရွေးချယ်စေလွှတ်ခဲ့ရသည်။ ထိုသူသည် အင်းဝတွင် မြင်းမှူးအဖြစ် ထမ်းဆောင်ခဲ့သူ ဖြစ်သည်။ ထိုအချိန်က အင်းဝသည် ကသည်းတို့၏ကျူးကျော်မှုနှင့် ရင်ဆိုင်နေရ၍ အင်းဝ၏အခြေအနေ မဟန်ပုံကို သိထားသော ဘုရင့်ဦးရီးတော် ဦးသာအောင်သည် အင်းဝကို ပုန်ကန်ရန် ကြံစည်၍ ဟံသာဝတီသား အများအပြားကို အတင်းအကျပ် သစ္စာရေတိုက်သည်။ မသောက်သူများကို ရက်စက်စွာသတ်၏။ ဦးသာအောင် လုပ်ရပ်များကို မခံမရပ်နိုင်သော ဟံသာဝတီသားများသည် ဦးသာအောင်ကို သတ်ဖြတ်လိုက်ကြသည်။

ဦးသာအောင်၏ နေရာတွင် လူသစ်တစ်ဦးကို မြို့ဝန်ခန့်ရန် အင်အားချည့်နဲ့နေသော အင်းဝအတွက် သန်လျင်မြို့ဝန် မင်းရဲအောင်နိုင်ကိုပင် ဟံသာဝတီနှင့် သန်လျင်ကို ပူးတွဲအုပ်ချုပ်စေခဲ့သည်။ မင်းရဲအောင်နိုင်၏ အုပ်ချုပ်မှုသည်လည်း ရက်စက်ကြမ်းကြုတ်လှသဖြင့် ဟံသာဝတီသားများက မခံမရပ်နိုင်ဖြစ်ကာ မင်းရဲအောင်နိုင်ကိုလည်း သတ်ဖြတ်လိုက်ကြပြန်သည်။

အင်းဝသည် ဟံသာဝတီသို့ တပ်များ မစေလွှတ်နိုင်တော့သည့်အခြေအနေတွင် ရောက်နေသည်။ မြို့ဝန်အသစ်ကိုလည်း ခန့်အပ်ခြင်း မပြုနိုင်တော့ပေ။ ထိုကဲ့သို့သော အခြေအနေတွင် ဟံသာဝတီသားတို့သည် မင်းလောင်းရှာကာ နန်းတင်ခဲ့သည်။ ထိုသူမှာ ပဲခူးအနီး၊ ဝမ်းဘဲအင်းရွာတွင်နေထိုင်သော ဦးသာလှဆိုသူ ဖြစ်သည်။ ဦးသာလှသည် မင်းဖြစ်သောအခါ သမိန်ထောဗုဒ္ဓကိတ္တိဘွဲ့ကို ခံယူသည်။ သူသည် အခြားသူ မဟုတ်ပေ။ အင်းဝဘုရင် တနင်္ဂနွေမင်း၏ ဘထွေးတော် ဖြစ်သော ပုဂံဘုရင်ခံနှင့် ကိုယ်လုပ်တော် သုပဗ္ဗာတို့၏သားဖြစ်သည်။ ဦးသာလှမှာ မဟာဓမ္မရာဇာဓိပတိ၏ ဦးရီးတော်တော်စပ်သည်။ သူသည် ညောင်ရမ်းဆက်မင်းရိုးဖြစ်သည့် မြန်မာမင်းသားတစ်ပါးပင်ဖြစ်သည်။ သူ၏လက်ထက်တွင် ဟံသာဝတီသည် တည်ငြိမ်အေးချမ်းလာသည်။ ဇင်းမယ်စားကပင် သမီးကညာ ဆက်လာ၏။ ဟံသာဝတီဘုရင် သမိန်ထောဗုဒ္ဓကိတ္တိ(ဦးသာလှ)သည် ငယ်ရွယ်စဉ်ကပင် တောရွာဒေသတွင်သာ နေထိုင်ကြီးပြင်းခဲ့ရသဖြင့် တောလိုက်ဝါသနာပါသည်။ ဟံသာဝတီကိုစိုးစံ၍ မင်းဖြစ်သောအခါ မကြာခဏ တောကစားထွက်သည်။ တောသို့ထွက်ကာ ဆင်ကျော့၍သာနေလေသည်။ ဆင်ကျားတစ်ကောင်ရရှိသဖြင့် ဆင်ကျားရှင်ဘွဲ့ခံသည်။

တစ်ခါသော် အချိန်ကြာမြင့်စွာ တောကစားနေ၍ မှူးကြီးမတ်ရာများက နိုင်ငံကိုပစ်ကာ အချိန်ကြာမြင့်စွာ တောလိုက် မကစားသင့်သောကြောင့် လိုက်ခေါ်မှသင့်တော်မည်ထင်ကြောင်း စည်းဝေး တိုင်ပင်ကြကာ ဆင်ကျားရှင်မင်း၏ ယောက္ခမတော်စပ်သော ဦးအောင်လှဆိုသူကို ကိုယ်စားလှယ်အဖြစ်ခန့်၍ဘုရင်ကို တောထဲမှပြန်ခေါ်ရန်စေလွှတ်သည်။ ဆင်ကျားရှင်မင်းသည် သူတောလိုက်ကစားနေသည်ကို မကျေနပ်၍ နေပြည်တော်မှ လာတိုက်သည်ဟုထင်၏။ ဇင်းမယ်သို့ ထွက်သွားသည်။ ဇင်းမယ်စားသည် ဆင်ကျားရှင်မင်း၏ယောက္ခမဖြစ်ရာ ဆင်ကျားရှင်

ဦးသာအောင်သည်
အင်းဝကို
ပုန်ကန်ရန်
ကြံစည်၍
ဟံသာဝတီသား
အများအပြားကို
အတင်းအကျပ်
သစ္စာရေ
တိုက်သည်
မသောက်သူများကို
ရက်စက်စွာ
သတ်၏
ဦးသာအောင်
လုပ်ရပ်များကို
မခံမရပ်နိုင်သော
ဟံသာဝတီသားများသည်
ဦးသာအောင်ကို
သတ်ဖြတ်
လိုက်ကြသည်



www.burmeseclassic.com

www.burmeseclassic.com

သည် ဇင်းမယ်တွင်ပင် စော်ဘွားပြုလုပ်၍ အုပ်ချုပ်နေလေသည်။ ဦးအောင်လှသည် ဘုရင့်ယောက္ခမတော်စပ်ခဲ့သဖြင့် ဗညားဒလဟူသော ဘွဲ့မည်ရသည်။ ဆင်ကျားရှင်ဘုရင် ပြန်မလာမှန်း သေချာသွားသည့်အချိန်တွင် သူ့ကိုယ်သူ ဗြမိုင်းမိရာဇာနရာ မိပတိဟု ဘွဲ့မည်ခံကာ ဟံသာဝတီထီးနန်းကို သိမ်းပိုက်လိုက်လေသည်။

ဆင်ဖြူရှင်မင်းလက်ထက်တွင် ယိုးဒယား(ထိုင်း)သို့ စစ်ချီ၍ ဇင်းမယ်ကိုတိုက်ရာ အောင်နိုင်သဖြင့် ဆင်ကျားရှင်ဘုရင်ဟောင်းကို ပြန်လည်ခေါ်ဆောင်လာပေသည်။ ဘုရင်ဟောင်းတွင် ရှင်အောင်ပံဟုခေါ်သော သမီးတော်တစ်ပါးရှိ၏။ ရှင်အောင်ပံသည် ဟံသာဝတီတွင် ပုတ္တကျော်ဆိုသူနှင့် လက်ဆက်ခဲ့သည် (ပုတ္တကျော်သည် တလပန်း၏ ညီဖြစ်သည်)။ ပုတ္တကျော်နှင့် ရှင်အောင်ပံတို့က ရှင်ပုဇွန် ဟူသော သမီးတော်တစ်ပါး ထွန်းကားသည်။ ရှင်ပုဇွန်သည် စစ်ကိုင်းမင်း (ဘကြီးတော်)လက်ထက် စကြာဝန်ကြီး (ခေါ်) ညောင်ရမ်းဝန်ကြီး ဦးမြတ်ရာနှင့် လက်ဆက်သည်။ ၎င်းတို့မှ သမီး မိမိနှောက်ကို ဖွားမြင်သည်။ မိမိနှောက်သည် သီရိသုမဟာဓမ္မရာဇာ မိုးနဲဗိုလ်မှူး ချွန်းတောင်မြို့စားနှင့် လက်ဆက်ခဲ့သဖြင့် လောင်းရှည်မိဖုရားဖြစ်လာမည့် သမီးတော်ကို ဖွားမြင်ခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်၍ သီပေါမင်း၏ မယ်တော် လောင်းရှည်မိဖုရားဘက်မှ ညောင်ရမ်းဆက်မင်းရိုးနှင့် ဟံသာဝတီမင်းရိုး(မွန်သွေး) ပါသည်ဟု ဆိုခဲ့ခြင်းဖြစ်ပါသည်။

သီပေါမင်းမယ်တော် လောင်းရှည် မိဖုရား၏ဘိုးတော် ဆင်ကျားရှင်ဘုရင်သည် ဟံသာဝတီ၌ မင်းဖြစ်ခဲ့၍လည်းကောင်း၊ ဘေးမ ရှင်အောင်ပံသည် ပုတ္တကျော်နှင့် လက်ဆက်ခဲ့သဖြင့် ဘွားတော် ရှင်ပုဇွန်သည် မွန်သွေးပါခဲ့၍လည်းကောင်း သီပေါမင်း၌ ဟံသာဝတီမင်းရိုးနှင့် မွန်သွေးပါသည်ဟု ဆိုရပါမည်။ ■

**မောင်သန်းဆွေ၊ထားဝယ်၊**

ဟံသာဝတီ ဆင်ကျားရှင်မင်း

ပုတ္တကျော် + ရှင်အောင်ပံ

ညောင်ရမ်းဝန်ကြီး ဦးမြတ်ရာ + ရှင်ပုဇွန်

မောင်မွေး + မိမိနှောက်
(ချွန်းတောင်မြို့စား မိုးနဲ
ဗိုလ်မှူးမင်းသား)

မင်းတုန်းမင်း + လောင်းရှည်မိဖုရား

သီပေါမင်း

ရွှေအမြုတေ
ချပ်စုံမဂ္ဂဇင်း

ဖြန့်ချိရေး

စာပေ

အမှတ် ၁၃၃
လမ်း ၄၀
ကုန်သည်လမ်းနှင့်
မဟာဗန္ဓုလလမ်းကြား
ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့
ဖုန်း
၀၁-၈၃၉၈၂၂၀

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

လွင့်နေပုံကို အမှတ်မဲ့ကြည့်ကာ ဘုရား၏ အုတ်လှေကားများပေါ်တက်စဉ် ရင်ထဲမှာ နွေးလာခဲ့သည်။ မနက်နှင်းတို့စဲစ အအေးဓာတ်ငွေ့ငွေ့သည် ဧရာဝတီမြစ်ကို ဖြတ်သန်းလာသော လေထဲမှာ ဝဲ၍ ပါလာသည်။

ရွှေစည်းခုံစေတီတော်ကြီးကား သပ္ပာယ်ခဲ့ညားလှပါဘိ။

အနော်ရထာမင်းမြတ် အပြီးသတ်အောင် တည်မသွားနိုင်ခဲ့သဖြင့် ကျန်စစ်သားမင်းကြီးက ဆက်လက်တည်ခဲ့သည်ဟု အဆိုရှိသည်။ တူးရွှင်းတောင်မှ ကျောက်များကို ထုဆစ်ပြီး လက်ဆင့်ကမ်းသယ်ယူခဲ့ကြသည်ဟု မမြကလေး မှတ်သားဖူးသည်။

လောကနန္ဒာဆိပ်သို့ ဆိုက်ရောက်လာသော သီဟိုဠ်ဘုရင်၏ လက်ဆောင်တော်မြတ်စွာဘုရားရှင်၏ စွယ်တော်ကို အနော်ရထာမင်းကြီးကိုယ်တိုင် ဧရာဝတီမြစ် ရေထဲသို့ လည်ပင်းမြုပ်သည်ထိ ဆင်းကာ ပင့်ဆောင်ခဲ့ကြောင်း ပုရပိုက်တစ်ဆူမှာ ဖတ်ခဲ့ရဖူးသည်။ ရွှေစည်းခုံစေတီတော်မှာ ထိုစွယ်တော်ကို ဌာပနာခဲ့ကြောင်း ကြားဖူးသည်။

အနောက်နန်းတို့၏ မောင်တော်မင်းကြီးကိုယ်တိုင် စိတ်တော်ရွှင်ရွှင်လန်းလန်း ဖြစ်နေတာ မြင်ရသည်။

ကျန်စစ်သားမင်းကြီး လက်ထက် စေတီတော်ကို ဖူးမြော်ရာတွင် မော့ကြည့်ဖူးမြော်ခြင်း မပြုရအောင် ပြုလုပ်ထားသော ကျောက်စက်အိုင်ကလေးအနီးမှာ မောင်တော်မင်းကြီးကိုယ်တိုင် ရေထဲက ထီးတော်၏အရိပ်ကို တစိမ့်စိမ့်ကြည့်ရင်း ပူဇော်နေခဲ့သည်။ အစောင့်ရဲမက်များမှ လွဲ၍ မင်းကြီးအနီးမှာ အရှင်မိဖုရားခေါင်ကြီးနှင့် မိဖုရားများက ဒူးတုပ်လျက်။ မင်းညီမင်းသား၊ ရဲမက်များအားလုံး ဘုရားကို ဝပ်တွားပူဇော်နေခဲ့ကြသည်။

> သူ့ကို
> အရှင်ဦးအောင်
> နှိမ်ကြ
> သတ်ကြမှ
> ရာဇပလ္လင်မှာ
> မြဲမယ့်
> သွေးချောင်းစီး
> လူသတ်ဝါဒကြီး
> ရှင်သန်နေသရွေ့
> စိတ်နှလုံး
> ချမ်းမြေ့မှု
> အစစ်ဆိုတာသည်
> နန်းတော်ထဲမှာ
> ရှိပါ့မလား

ထိုစဉ် 'နောင်တော်မင်းတရားကြီး ချီတော်မူလာပါတယ် ဘုရား'

ရဲမက်မှူးတစ်ဦး၏ အောင်မြင်သောအသံကို ကြားလိုက်ရသည်။ ဘုရင်မင်းမြတ်က ဘုရားပူဇော်ရာမှ ထ,ကာ နောင်တော်ကို ဆီးကြိုသည်။ နောင်တော်က ခပ်တုန့်တုန့်နှင့်ပင် ဘုရင်မင်းမြတ်အနီး ရောက်လာခဲ့သည်။ မိဖုရားများ ဘေးသို့ ရှဲပေးလိုက်ကြသည်။

ဘုရင်မင်းမြတ်က နောင်တော် နန်းကျဘုရင်၏ လက်ကို ချစ်ကြည်စွာ တွဲကာ-

'နောင်တော် ကျန်းခဲ့သာပါစ'

နောင်တော်၏ မျက်နှာမှာ အတန်ငယ်နွမ်းနေသည်။ နောင်တော် စစ်ကိုင်းမင်းမှာ ရှိရင်းအသက်ထက် အတော်ပင် အိုစာသွားခဲ့ပြီ။

'ညီညီ့မေတ္တာကြောင့် ကျန်းမာပါရဲ့'

'အတန်ငယ် ကြုံလှီသွားတယ်ဘုရာ့၊ ပွဲတော်စာများ ခံတွင်းတွေ့မှ တွေ့ပါစ'

မမြကလေးက ယခင်က သူတို့ မော်ဖူးခဲ့ရသော နောင်တော်ဘုရင်ကို အမှတ်မထင်ကြည့်မိကာ ရင်ထဲမကောင်းဖြစ်ရသည်။ သူ့အာဏာရှိစဉ်က ညီတော်ကို မိဖုရားကြီး မယ်နုနှင့် သူ့မောင် မောင်အို့၏ ရန်က ကာကွယ်မပေးနိုင်ခဲ့။ ခုတော့ နန်းကျဘုရင်၏ ရုပ်လက္ခဏာမှာ အတော်ပင် ကျဆင်းအိုမင်းလျက်ရှိခဲ့ပြီ။

သူ့ အချစ်ဆုံး မယ်နုကို မောင်တော်က သုတ်သင်လိုက်ပြီးကတည်းက ဖြစ်သည်။

မောင်မောင်ရယ် ဘဇာကြောင့်များ ပွဲတော်စာ ခံတွင်းတွေ့၊ မတွေ့ မေးနေရပါသလဲရှင်၊ သူ့ရင်ထဲ ဘယ်လောက်ပူရှာလိမ့်မလဲ မောင်ရယ်။ သို့ပေမဲ့ သူ့ကို အရှင်ဦးအောင် နှိမ်ကြသတ်ကြမှ ရာဇပလ္လင်မှာ မြဲမယ့် သွေးချောင်းစီး လူသတ်ဝါဒကြီး ရှင်သန်နေသရွေ့ စိတ်နှလုံးချမ်းမြေ့မှုအစစ်ဆိုတာသည် နန်းတော်ထဲမှာ ရှိပါ့မလားရှင်။

စိတ်ထဲကသာ ပြောမိသည်။

❑

၂။

သရပါတံခါးကို ဖြတ်သန်းစဉ် သာယာဝတီမင်းက ဆင်ပေါ်မှ ဆင်းကာ တံခါးအဝင် ဝဲဘက်နှင့် ယာဘက်တွင်ရှိသော ဂူငယ်နှစ်ခုမှ မင်းမဟာဂီရိနတ်မောင်နှမရုပ်တုကို လှူဖွယ်များဖြင့် ပူဇော်ပ,သခဲ့သည်။ နတ်မောင်နှမတွင် ပန်းပဲမောင်တင့်တယ်နတ်နန်းအုတ်ဂူက တံခါးအဝင် ဝဲဘက်မှာရှိပြီး အနည်းငယ် နိမ့်သည်။ လက်ယာဘက် နတ်ကွန်းဂူငယ်က ဝဲဘက် နတ်ကွန်းထက် အနည်းငယ်မြင့်ပြီး နှမတော် နတ်ရုပ်ထားသည်။ နတ်မောင်နှမ၏ မျက်နှာများကို ရွှေစင်ရွှေသားအစစ်ဖြင့် ဘိုးတော်ဘုရားလက်ထက်မှာ အသစ်ပြုလုပ်ထားခဲ့သည်။

သိုးဦးထုပ်ပေါ်တွင် ပုသိမ်ပဝါစည်းထားသော နတ်ထိန်းကြီး သီရိဇေယျကျော်စွာက ဘုရင်မင်းမြတ်လက်မှ လှူဖွယ်များဖြစ်သော တစ်ကျွန်းပုဆိုးနှင့် ခါသာပိတ်များကို ယူ၍ နတ်မောင်နှမ၏ ကိုယ်ပေါ်တွင် ဆက်သနေသည်။

နတ်တို့၏ ဂူများရှေ့ ခင်းကျင်းထားသော ဝါးကွပ်ပျစ်တွင် ကတ္တီပါ ခုပ်လျက်



www.burmeseclassic.com

www.burmeseclassic.com

တင့်တယ်စွာ ပြင်ဆင်ထားသော ရေစင်အိုးများ၊ ထန်းရည်ချိုမြူတာအိုးများ၊ မုန့်များ၊ အုန်း၊ ငှက်ပျော၊ ထန်းလျက်၊ ကွမ်း၊ လက်ဖက်စသော ချိုချဉ်ခဲဖွယ်များဖြင့် ပြည့်လျက်။ စံပယ်ကြက်ရုံးနှင့် မြတ်လေးပန်းများကို ဖွေးဖွေးလှုပ်မျှ ပူဇော်ထားသကဲ့သို့ ကံ့ကော်၊ သရဖီပန်းခိုင်ပန်းခက်များကလည်း ပျားတစီစီနှင့်။ ထိုပြင် အင်ကြင်းပန်းများ၊ အင်ကြင်းပန်းခက်များကို လှပသော မြေတကောင်းထဲတွင် ထိုးစိုက်ထားဟန်မှာ နန်းဆန်လှပြီး ပန်းခက်တို့က ရေတကောင်းမှ ညွတ်ကွေးငိုက်ကျနေခဲ့သည်။

အနောက်နန်းမိဖုရားနှင့် မိဖုရားများကလည်း မောင်တော် ပူဇော်သကဲ့သို့ပင် လိုက်၍ ပူဇော်ကြရသည်။ အနောက်နန်းမိဖုရားအဖို့ အင်ကြင်းပန်းများကို မြင်တိုင်း ရင်ထဲမှာ တသိမ့်သိမ့်ပေါ်လာသော စိုးရိမ်စိတ်ကို ခံစားရသည်။ နတ်ရုပ်တုတို့၏ မျက်နှာမှာ ရွှေစင်ရွှေသားဖြင့် ထုလုပ်ထားခဲ့ပြီး လက်ရာမြောက်လှရာ ပကတိလူတစ်ယောက်၏ မျက်နှာများပမာ ခံစားမိရသည်။ နှမတော်ရုပ်တုက ပို၍ အသက်ဝင်သလို ခံစားမိရကာ ရုပ်တုက နှုတ်မှ ဖွင့်၍ သူ့ကို တစ်စုံတစ်ရာ ပြောလိုက်တော့မည်ပမာ ထင်မြင်လိုက်မိသည်။ အပြာရောင်ပုသိမ်ပန်းဝါဆေးရေးကို နှမတော်နတ်၏ ကိုယ်ပေါ် ဆက်သဖို့ နတ်ထိန်းကြီးကို လှမ်းပေးရင်း ရုပ်တုကို အမှတ်မထင်လှမ်းအကြည့် မျက်လုံးတွေက ရုပ်တု၏ မျက်နှာပေါ်မှ လွဲဖယ်မရနိုင်ခဲ့။

သူ့ကိုများ တစ်စုံတစ်ရာ ပြောလိုက်လေသလား၊ ဘာများ ပြောချင်ရှာပါလိမ့်။ ပန်းပဲမောင်တင့်တယ်၏နှမ ရှင်ထွေးလှဟု ခေါ်ခဲ့ဖူးသော နတ်မိမယ်။ ရွှေရေးဆောင် မိဖုရားအလှည့်မို့ အသာနေရာ ဖယ်ပေးလိုက်ရသည့်တိုင် ရင်ထဲမှာ တလှပ်လှပ်ခုန်နေမိဆဲ။

ရင်ထဲက တလှပ်လှပ်ခုန်ရာမှ ငြိမ်သက်စ၊ အာနန္ဒာဂူဘုရားဝယ် ကကုသန် ဘုရားရှင်၏ ခြေတော်ရင်းတွင်ပန်း၊ ဆီမီးတို့ဖြင့် ပူဇော်စဉ် အနောက် နန်းမိဖုရား မမြကလေး၏ရင်ဝယ် အတိတ်အတိတေ ဘဝတစ်ခုခုက သည်နေရာတွင် သည်သို့ ဝတ်တွားကာ ပူဇော်ခဲ့ဖူးလေသလား စိတ်ထွေပြားမိရပြန်သည်။

သူနှင့် ရှေ့ခပ်လှမ်းလှမ်းတွင် ဘုရင်မင်းမြတ်က ခြေတော်စုံကို မတ်တတ်ရပ်၍ ဖူးမြော်နေလေသည်။ ထို့နောက်တစ်ဖန် လက်အုပ်ချီကာ မြတ်စွာဘုရား၏ ကိုယ်ပွားရုပ်တုတော်၏ မျက်နှာတော်ကို ပီတိဖြင့် မော့ကြည့်ဖူးမြော်နေပြန်သည်။ ဘုရင်မင်းမြတ်၏နောက်တွင် ပခန်းမင်းသားကလည်း လက်အုပ်ချီလျက်။ ပခန်းမင်းသား၏ မျက်နှာရိပ်ကဲမှာ မသာယာလှပေ။ ခါတိုင်း ဘ,ဘုရားနား ကပ်၍ ဝတ်ကြီးဝတ်ငယ် ပြုစုလေ့ရှိသော ပြည်ကိုယ်တော်ကို မမြင်မိ။ ပြည်ကိုယ်တော် ဘယ်များ ချီတော်မူနေပါလိမ့်။ ထူးထူးခြားခြား ရွှေတောင်မြို့စား မင်းသားကို သူ့ ဘ,ဘုရားအနီးမှာ မြင်တွေ့လိုက်မိသည်။

နန်းမတော်မိဖုရားခေါင်ကြီးကား အနောက်နန်းမိဖုရား မမြကလေး၏ ရှေ့ဘက်တွင် ဘုရားဝတ်ပြုနေလေသည်။ ပဒုမ္မာကြာတို့၏ ရနံ့၊ ကံ့ကော်နှင့် သရဖီပန်းတို့၏ ရနံ့တို့ကို ရနေသည်။ ထိုအရာတို့ကို ကျော်လွန်၍ လေအသန့်ဝယ် အင်ကြင်းပန်းရနံ့များကို ရလိုက်သလို ခံစားလိုက်ရသည်။ ပန်းစိုက်အိုးများတွင်တော့ အင်ကြင်းပန်းများ မမြင်မိ။ အနောက်နန်းမိဖုရား ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ ရင်ထဲတွင် တစ်စုံတစ်ရာသော စိုးရွံ့မှုသည် ကြီးထွားလာခဲ့လေသည်။ ဘဇာကြောင့်များပါလိမ့်။

အတိတ်ဘဝတစ်ခုခုက သည်နေရာတွင် ကျိန်စာတစ်ခုခု စူးခဲ့လေသလား။ ရင်ထဲက စိုးရွံ့မှုသည် စကားလုံးများဖြင့် ဖော်မပြနိုင်အောင်ပင် မွန်းကျပ်လာခဲ့သည်။ နှမတော်နတ်ရုပ်တု၏ မျက်နှာကိုမြင်စဉ်က ခံစားမှုက ဆက်၍ လိုက်ပါလာသည့်နှယ်။ နှမတော်နတ်နှင့်များ အတိတ်အတိတေက သိကျွမ်းခဲ့လေသလား။ ဘဇာကြောင့်များပါလိမ့်။

မြတ်စွာဘုရားရှင်၏ မျက်နှာတော်မှာ ဘုရား၏ အပေါ်ဘက် လေဝင်ပေါက်များမှ အလင်းရောင်ဖြင့် လင်းကျင်းနေခဲ့သည်။ ကြည်လင်စွာဖူးမြင်ရသဖြင့် တခဏ စိတ်သက်သာရာ ရသွားမိသည်။

မိဖုရားခေါင်ကြီးသည် ဝတ်ပြုပြီးသည်နှင့် ခေါင်းကို မော့ကာ-

'နှမတော်တို့ ဝတ်ဆင်ထားသဲ့ လက်စွပ်များ လှူလိုပါတယ် မောင်မောင်'

သူ့လက်မှ စိန်နှင့် ပတ္တမြားလက်စွပ်တော်များကို ချွတ်ကာ ရွှေပန်းကလပ်ထဲသို့ ထည့်သည်။ ပြီးလျှင် အခြားမိဖုရားများဘက်သို့ လှည့်ကာ-

'မမတို့လည်း လှူကြပါဦး၊ မောင်မောင်က ခွင့်ပြုတော်မူမှာပါ။ အာနန္ဒာဘုရားက ဖူးရခဲဘိခြင်း'

မိဖုရားတို့က ဝမ်းသာအားရပင် လက်စွပ်တော်များ ချွတ်ကာ အသီးသီး ပန်းကလပ်ထဲ ထည့်ကြသည်။ ဘုရင်မင်းမြတ်က-

'နှမတော် စိတ်စေတနာ မွန်မြတ်လှဘိခြင်း၊ မောင်မောင်လည်း ပါဝင်ပါမယ်'

နဝရတ်ကိုးသွယ်လက်စွပ်တော်ကို ချွတ်ကာ လှူမည့် ပန်းကလပ်ထဲ ထည့်ရန် ပခန်းမင်းသားသို့ ကမ်းလိုက်သည်။

အနောက်နန်း မမြကလေး၏ စိန်ခြိယ်မြရုံလက်စွပ်မှာ လက်နှင့် ကျပ်နေပြီး ရုတ်တရက် ချွတ်မရ။ အတင်းချွတ်သော်လည်း ကျပ်နေသဖြင့် လက်ခလယ်အရေပြားပင် အသားနီလန်လာသည်။ ထိုလက်စွပ်မှာ သာယာဝတီတွင် မောင်မောင် မင်းသားဘဝ သူ့ကို သိမ်းပိုက်ခါစက ချီးမြှင့်သော လက်စွပ်တော်ပင်။ သူ့မှာ လက်စွပ်၊ လက်ကြပ် အများအပြားရှိခဲ့ပါ၏။ သို့ရာတွင် ရွှေတိဂုံဘုရား၏ အနောက်ဘက်စောင်းတန်းအတွက် အသုံးကဲကျွေးပေး



www.burmeseclassic.com

www.burmeseclassic.com

ရာတွင် ထုခွဲခဲ့ပြီးလေပြီ။

မိဖုရားခေါင်ကြီးက-

'အနောက်နန်းက တယ်လက်နှေးသကိုးကွယ့်'

အပြစ်တင်သံဖြင့် ပြောလိုက်သည်။

'ချွတ်ရခက်လို့ပါ အစ်မတော်ဘုရား'

ဘုရင်မင်းမြတ်က ကြားသွားသည်။

'နန်းမတော်ကြီးရယ် မြကလေး လက်စွပ် ချွတ်မရလျှင် ရှိပါစေ၊ သူ့ကိုယ်စား မောင်မောင် ပိုလို့ထည့်ဝင်ပူဇော်ပါ့မယ်'

လက်တော်အားလုံးမှ လက်စွပ်တော်များကို ချွတ်ကာ ပခန်းမင်းသားမှတစ်ဆင့် ကမ်းလိုက်သည်။ ပန်းကလပ်ထဲသို့ လက်စွပ်များ ကျဆင်းသံ မြည်သွားသည်။

နန်းမတော်မိဖုရားခေါင်ကြီး မျက်စိမျက်နှာ ပျက်သွားသည်။

'အနောက်နန်းတို့များ တယ်ကံထူးသကိုး'

အနောက်နန်းမိဖုရား မမြကလေးမှာ မိဖုရားခေါင်ကြီး စကားကြောင့်-

'မှန်ပါ မောင်မောင် သနားတော်မူလို့သာပါဘုရား၊ ဘုရားကျွန်မ မဝံ့ပါဘုရား'

'ရှိပါစေ နန်းမတော်ကြီးရယ်၊ မြကလေးလည်း ရွှေတိဂုံဘုရား အနောက်ဘက်မုခ် စောင်းတန်းတော်အတွက် ကံကျွေးလက်ခပေးခဲ့ရမင့်ကိုး။ ကိုင်း... မြကလေးရေ မယ်မင်းကိုယ်စား မောင်မောင့်အလှူတော်အတွက် တေးချင်းတစ်ပုဒ် ပြန်ဆက်ရမယ်ကွဲ့'

အခြားမိဖုရားများက အလိုက်သင့်ပြုံးနေကြသော်လည်း မိဖုရားခေါင်ကြီး၏ မျက်နှာတော်မှာ ကြည်လင်ရွှင်ပျမှုမရှိတော့ဘဲ မြကလေးဟု ဘုရင်မင်းမြတ်က ခေါ်လိုက်သည့် အနောက်နန်းမိဖုရားကို စိန်းစိန်းကြည့်လေသည်။

ပခန်းမင်းသားမှာ အခြေအနေအားလုံးကို ရိပ်စားမိလျက် စိတ်မသက်မသာ ဖြစ်မိလိုက်သည်။ နောင်တော်ကို အရာမှ ချသည့်ကိစ္စအား ပြန်၍ စဉ်းစားရန် လျှောက်တင်ခွင့် မသာသေးပေ။ မိဖုရားခေါင်ကြီး၏ စကား တစ်ခွန်းကား တစ်ခွန်းဆို ဆိုသလောက်ပင်။

'ပြည်သခင်ဘုရားက ထီးနန်းအရိုက်အရာလိုချင်လို့ ရွှေစက်တော် အဖူးသွားပါသတဲ့' ဆိုရုံမျှနှင့် နောင်တော် အရာကျခဲ့ရသည်။ ယခုလည်း အနောက်နန်းမိဖုရား မမြကလေးအပေါ် အမျက်သိုလေမလား ပခန်းမင်းသား တွေးနေသည်။

ဘ,ဘုရားကား စိတ်အတက်အကျ မြန်လှသည်။ ယခု ချိုချင်ချိုကာ အတန်ကြာလျှင် နောက်ချင်နောက်တတ်သူမို့ အနောက်နန်းမိဖုရားကို ဦးစားပေးလေ အနောက်နန်းမိဖုရား အနေရခက်လေဖြစ်လိမ့်မလား စိတ်မသက်မသာ တွေးနေသည်။

ပခန်းမင်းသားသည် မသိမသာ ပင့်သက်ရှိုက်လိုက်မိသည်။

သူ့ဘက်သို့ ဝေ့ဝဲလာသော အနောက်နန်းမိဖုရား မျက်လုံးထဲတွင် မေးခွန်းတစ်စုံတစ်ရာ တွေ့မြင်မိလိုက်သလိုလို။ သို့သော် ရုတ်ခြည်းမျက်လွှာချသွားရှာလေသည်။

❑

၃။

ဖောင်တော်သို့ ပြန်ရောက်သည်အထိ အနောက်နန်းမိဖုရား မမြကလေးမှာ စိတ်လက်မကြည်လင်ပေ။ နန်းဆောင်ရ မိဖုရားတွေထဲ အနိမ့်ကျဆုံးဖြစ်သော်လည်း ရွှေရေးဆောင်မမများနှင့် မိဖုရားငယ်၊ မောင်းမငယ်များထက်တော့ သူ့အဆင့်က မျှော်ကြည့်မော်ဖူးရသည့်အဆင့်ဖြစ်ဆဲ။ သို့သော် သူ့ထက်နိမ့်သည့် မိဖုရားငယ်တွေအပေါ် ချိုကြည်မှုတစ္စာ ဆက်ဆံတတ်၍ ခေါင်ဖုရားကို မျက်နှာလိုအားရ လုပ်တတ်သူ မိဖုရားအချို့နှင့်ကလွဲ၍ ပြဿနာမရှိလှ။ သူမပျော်ပါပေ။ ဘာဇာကြောင့် မပျော်ရသလဲ မသိပါ။

ကွမ်းအစ်တော်ထဲတွင် လက်စွပ်တော်များ ကျန်နေသေးသော်လည်း အာနန္ဒာဘုရား ဖူးမြော်စဉ် သူ့အပျိုတော် ခင်အိအား ယူလာရန် မမှာခဲ့မိ။ ထိုသို့ သတိတစ်ချက်လစ်လိုက်သည်နှင့် မောင်ဘုရားကဝင်၍ လှူလိုက်ရာ ထိုအရာက အပြစ်ဖြစ်ရပြန်ချေပြီ။ ရွှေတိဂုံဘုရား၏ အနောက်ဘက်စောင်းတန်းတော်လှူစဉ်ကပင် မိဖုရားခေါင်ကြီးထက်ကျော်၍ အလှူတော်ရဲရပါ့မလားဟု အနောက်ဆောင် မိဖုရားတွေကြား ပြောသံကြားခဲ့ရပြီ။

ရုတ်တရက် သဒ္ဒါပေါက်၍ လှူရန် လျှောက်တင်လိုက်ပြီး စောင်းတန်းသစ်လှူခဲ့သည်။ မောင်ဘုရားကလည်း ခွင့်ပြုခဲ့သည်။ ငွေအသပြာတော်များလည်း ကူညီထည့်ဝင်ပေးခဲ့သည်။

ဩော်... ခက်လိုက်ပါဘိ။ နန်းအဆောင်ဆောင်ကြား ရွှေလင်ပန်းနှင့် အချင်းဆေးသော မင်းသွေးများသာ မြင့်မြတ်သည်ဆိုသော ရွှေနန်းတော် အနောက်ဆောင်လောကမှာ မြကလေး မပျော်ပိုက်ပါ မောင်မောင်ရယ်။ မောင်မောင့် အလှူတော်အတွက် တေးသီချင်းဆက်သဖို့ရန်လည်းရေးဖွဲ့လိုစိတ် မရှိ။

'ခင်အိရယ် မဖုရားကို စောင်းတော်ဆက်စမ်းပါ'

ခင်အိကို လှမ်းပြောမိသည်။

ခင်အိက စောင်းတော်ကို ဆက်သည့်တိုင် မည်သည့်သီချင်းကို ဖွဲ့ဆိုညည်းရမည် မသိ။

ရေလှိုင်းများပေါ်တွင် ဖောင်တော်က တအိအိလှုပ်ယမ်းနေသည်။ မြစ်၏ရနံ့ရသည်။ နေဝင်တော့မည်။ ဆည်းဆာတိမ်တို့က မြစ်ပြင်ပေါ်တွင် ရွှေလျှားနေကြသည်။ ရေထဲတွင် တိမ်ရိပ်တို့ ထိုးဆင်းကျလျက်။ ဗျိုင်းငှက်များ ပျံသွားကြသည်။ ငှက်တို့ ကောင်းကင်လမ်းမှာ ပျံသန်းရင်း အော်မြည်သံ ကြားလိုက်ရသည်။ ခြေမြန်တော်လှေလျှင်တစ်စင်း မြစ်ကို ဆန်တက်သွားသည်။ အေးသလိုလို ဖြစ်လာသည်။ လေက တသွင်သွင် တိုက်ခတ်နေလေသည်။

ထိုစဉ်-

'ပြည်ထိပ်ခေါင်ခင်



www.burmeseclassic.com

www.burmeseclassic.com

ချီတော်မူလာပါတယ် ဘုရာ့'

အထိန်းတော် ခင်မိက ရုတ်တရက် ရှေ့တော်သို့ ဝင်လာလျှောက်တင်သည်။ ခင်မိကား ခင်အိ၏ ညီမအငယ်ပင်။

'ပြည်ထိပ်တင်'

အနောက်နန်းမိဖုရားက အံ့သြသွားရသည်။ ပြည်ထိပ်တင် ဘဇာကြောင့် ကြွချီလာလေသနည်း။

ပြည်မင်းသား၏ သားတော်ကြီးနှင့် သမီးတော်လေး လှိုင်ထိပ်ခေါင်တင်ကို ရည်စူးထားခဲ့ကြသည်။ သို့သော် လှိုင်လေးက ငယ်လွန်းပါသေးသည်။

ပြည်မင်းသား၏ ကြင်ရာတော် ပြည်ထိပ်တင်က သူ့သလွန်တော်အနီးသို့ လျင်မြန်စွာ တိုးဝင်လာပြီး ငိုချလိုက်သည်။

ကော်ဇောခင်းထားသော ကြမ်းပြင်ပေါ်ထိုင်ကာ ရုတ်တရက် ငိုချလိုက်သဖြင့် မမြကလေး ဘာလုပ်ရမှန်းမသိ ဖြစ်သွားရသည်။ သူ့မောင်တော် ပြည်မင်းသားနှင့်များ ရွှေစိတ်တော်ဆိုးလေ၍လား၊ ပြည်သခင်ဘုရားက တစ်ပါးသော မိန်းမ တွေ့မြင်၍လေလား။ အို… သည်လိုလည်း မဖြစ်နိုင်ပါလေ။

'အို… ထိပ်တင်ရယ် ဘဇာဖြစ်လာပါစံ့၊ မဖုရားကို တင်စမ်းပါဦး။ ဒီသလွန်တော်မှာ ထိုင်ပါလေ၊ ညီမတော်ပေပဲ'

'အနောက်နန်းမယ်တော်ဘုရာ့ သလွန်တော်မှာ ထိုင်ဖို့ မဝံ့ပါဘုရား။ သားတော်ကြီး ပြည်မင်းသားကို ရွှေစက်တော်ဘုရား သွားဖူးရမလားဆိုပြီး ရွှေနန်းရှင် ဘ,ဘုရားက အရာချထားပါတယ် ဘုရာ့၊ ကယ်ပါဦး မိထွေးတော်ဘုရား'

ပြည်ထိပ်တင်က အနောက်နန်းမိဖုရားခြေကို ဖက်ကာ ငိုယိုလေသည်။ အနောက်နန်းမိဖုရား မမြကလေးအဖို့ သူ့စကားကို နားမလည်လိုက်။

'ဘဇာ၊ ဘ,ဘုရားက အရာချတယ်။ ဘုရားဖူးလို့။ မဖုရား နားမလည်နိုင်ပါဘူး'

'မှန်ပါ့၊ ဘ,ဘုရားကို ခွင့်မပန်ဘဲသွားလို့ပါတဲ့ ဘုရား'

တဖြည်းဖြည်းချင်း ရှင်းပြမှ နားလည်လာရသည်။ သြော်… ဒါကြောင့် ဘုရားသွားဖူးစဉ် ပြည်ကိုယ်တော်ကို မမြင်တွေ့ခဲ့တာကိုး ဟု တွေးနေသည်။

'ဖြစ်ရလေကွယ်'

သူပါ ဝမ်းနည်းလိုက်ဖိုလာသည်။ သည်စနက်မှာ မိဖုရားခေါင်ကြီး ပယောဂ မကင်းကြောင်း ကြားသိလိုက်ရသည်။

'ဒီက ပြန်ရင် အိမ်ရှေ့စံပေးဖို့ အိမ်တော်များလည်း ဆောက်နေပြီဆိုတော့ သူ့သားတော်ရင်း ပုဂံမင်းသားကို မပေးဘဲ မောင်မောင့်ကို နန်းရံထားမယ်ဆိုတော့ ဘယ်ကျေနပ်ပါ့မလဲ ဘုရား၊ ဘုရာ့ကျွန်မ ဒီစကားကကို ကိုယ့်မိထွေးတော်မို့သာ လျှောက်ဝံ့တာပါဘုရာ့'

ပြည်ထိပ်ခေါင်တင်က ငိုရှိုက်ရင်း ပြောလိုက်သည်။ အနောက်နန်းမိဖုရား မမြကလေးက ပင့်သက်ရှိုက်ရင်း-

'မငိုပါနဲ့ကွယ်၊ နေပြည်တော်ရောက်ရင် မဖုရား ကြိုးစားလျှောက်တင်ပေးပါ့မယ်လေ။ မောင်မောင်ရွှေနန်းရှင်က သွေးပူတုန်း ခဏပါ။ သူ့လက်ရုံးသားတော်ကြီးကို ပစ်ပစ်ခါခါလုပ်ပါ့မလား'

'မှန်ပါ့ မိထွေးတော် လျှောက်တင်ပေးမယ်ဆိုလို့ စိတ်အေးပါပြီဘုရာ့'

'ယခု ပြည်ကိုယ်တော် ဘယ်မှာ စံစေသလဲ'

'ညီတော် ပခန်းမင်းသားလှေတော်မှာပါ ဘုရား'

'အို မပူပါနဲ့ကွယ်၊ ညီတော်ကလည်း ကောင်းမွန်စွာစောင့်ရှောက်မှာပါ။ နေပြည်တော်ရောက်ရင် သူကတောင် သူ့ဘ,ဘုရားကို လျှောက်တင်ပေးမယ့် ညီတော် မင်းသားပါ'

'သို့ပေမဲ့ မြအမေ မကူရင် သေဖွယ်ပါဘုရား'

'မသေတန်ပါဘူးကွယ်၊ စိတ်ပူလို့ မမာမကျန်း ဖြစ်ဦးမယ်။ ကဲ… ကဲ စိတ်အေးစွာ ပြန်ပေရော့'

'ဦးတင်ပါတယ် ဘုရား'

ပြည်ထိပ်တင် ပြန်သွားလျှင် အနောက်နန်းမိဖုရားမှာ ငိုင်သွားရသည်။ ယနေ့ ဖြစ်ခဲ့သော အရေးကြောင့် စိတ်ထဲမှာ စိုးနောင့်တိမ်းပွေဆဲ ပြည်ကိုယ်တော်အရေးက ပါဝင်လာပြန်ချေပြီ။ ပွဲတော်စာမျှ မစားနိုင်။

သမီးတော်လေး တင်တင်က 'မယ်မယ် လ, ကလေးကလည်း ကွေးကွေးလေးဘုရာ့၊ ဘ,ဘုရားကို ကတိပေးလိုက်သလို တေးသီချင်းများစပ်ဆိုပါဦး ဘုရာ့'

စောစောက အပါးတော်မှာ မရှိဘဲ အစ်မတော် စုဖုရား၏ဖောင်တော်သို့ သွား၍ ဝမ်းကွဲညီမတော်များနှင့် ရွှေဇယ်ငွေဇယ်ခုတ်တမ်း ကစားနေသဖြင့် ဘာမျှ သိပုံမရသော သမီးတော်ကလေး။

'အေးကွယ့် တင်တင်ရယ်၊ မယ်မယ် မစပ်လိုသေးပါ'

'အို မယ်မယ်ကလည်း လေလေးတဖြူးဖြူးနဲ့ ကမ်းဆီက လောကနန္ဒာစေတီတော်ရဲ့ ဆည်းလည်းသံလေးကလည်း တချွင်ချွင်နဲ့ သာယာလှပါဘိ ဘုရား'

ဆီမီးမြိုင်မြိုင် ပူဇော်ထားသော လောကနန္ဒာစေတီတော်ကို လှမ်းကြည့်မိသည်။ တိမ်လွှိုင်းတို့ကြား လခြမ်းကွေးကွေးကို မြင်ရသည်။ ယခု ရပ်နားရာမှာ ရေနဲ့သာ တပ်တော်ရာဆိပ်ကမ်းနှင့်လည်း မလှမ်းမကမ်းပင်။ ထိုတပ်တော်စုဆီက မီးရောင်ပျပျလည်း မြင်နေရသည်။

အနောက်နန်းမိဖုရား ပင့်သက်ရှိုက်မိသည်။

မောင်မောင့်ကို တေးသီချင်းဆက်ဖို့ ရုတ်တရက်ဆိုတော့ ဘယ်လိုတေးမျိုး သီဖွဲ့ရလေမလဲ မသိပါ။ ရင်ထဲက နာလာသည်။

မိဖုရား မဖြစ်ချင်ပါဘူး မောင်မောင်ရယ်။ သို့ပေမဲ့ မောင်မောင်က ၁၇ နှစ်အရွယ်သာရှိသေးပြီး ချစ်ခြင်းမေတ္တာဆိုတာ ဘဇာမှန်း မသိတဲ့ မိမြကို အလိုဆန္ဒမပါဘဲ တော်ကောက်ခဲ့တာကိုး။

ပြီးတော့ ထီးရေးနန်းရေးဆိုတဲ့ ဒီလှောင်ချိုင့်ထဲ ဆွဲသွင်းခဲ့ပြန်တယ်။ နှမတော်ကို မြကလေးလို့ အရေးပေးပေမဲ့



www.burmeseclassic.com

www.burmeseclassic.com

# စစ်ကိုင်းတောင်ရိုး ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံ

စစ်ကိုင်းတောင်ရိုး ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံအတွက် အလှူ (၁၁) မျိုး၊ ဘက်စုံအလှူ (၁၃၁၀၀၀/ –) နှုန်းနှင့် ထာဝရငွေပင် ငွေကျပ်၅သိန်းနှင့်အထက် ထူထောင်လှူဒါန်းလိုပါက အောက်ပါနေရာဌာနများနှင့် နီးစပ်ရာအမှုဆောင်များထံတွင် လှူဒါန်းနိုင်ကြပါသည်။

## ဆက်သွယ်လှူဒါန်းရန်

စစ်ကိုင်းတောင်ရိုးဆေးရုံတည်နေရာ ကျစ္စာချောင်

ဖုန်း၀၉–၂၁၃၂၀၇၆၊၀၉–၄၅၀ ၂၀၀၇၃၇၊၀၉–၉၁၀၄၃၇၃၇

### မန္တလေး

ဦးမြင့်စိုး(စိုးပုလဲပွဲရုံ) ဖုန်း၀၉–၉၁၀ ၂၃၇၈၇၊ ဒေါ်တင်ဝင်း(လူထု)ဖုန်း၀၂–၃၉၇၁၇၊ ဒေါ် ရီရီမြင့်(သွင်စက်မှုလက်မှု)ဖုန်း၀၉–၂၀၀၁၇၁၇

### ရန်ကုန်

သီဟသုဓမ္မသီဂိ သီရိသုဓမ္မသီဂိ ဒေါ်ခင်သန်းမြင့်(ပပဝင်းရတနာ)(မှတ်၉၈၊ကမ္ဘာအေးဘုရားလမ်း၊ဗဟန်း)၀၁–၅၅၄၃၉၇/၀၉လ–၅၁၁၃၅၁၈)

ဒေါ်ယဉ်သန်း(အမှတ်၁၊ ငွေကြာယံအိမ်ရာ၊ ၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း ၀၉–၅၁၅၂၂၇၇၊ ၀၉–၇၉၉၂၅၇၂၀၃)

ဒေါ်ခင်စန်း (AMBO Hotel) အမှတ်–၈၁/အေ–၁၀၊ စုပေါင်းလမ်းသွယ်၊ အင်းယားမြိုင်၊ဗဟန်း။ ဖုန်း၀၉–၅၁၂၂၀၀၁၊၀၁–၅၁၆၆၈၀)

ဒေါ် မြင့်မြင့်ကြည်(အမှတ် ၁၆၊ ကွင်းကျောင်းလမ်း၊ အလုံမြို့နယ်။ ဖုန်း ၀၉–၇၃၀၇၂၄၉၂၊၀၉–၇၉၀၅၆၂၁၃၁)

ဒေါ် မြင့်မြင့်စန်း(အမှတ် ၈၊ ပဏ္ဍိတလမ်း၊ လှိုင်မြို့နယ်။ ဖုန်း ၀၉–၇၃၁၀၉၁၃၄၊၀၉–၂၆၀၉၇၀၁၂၇)

ဒေါ်စန်းစန်းခိုင်(Real Gems)(အေ–၁၀၊ အမှတ် ၂၃–၂၅၊ ဂျိုးဖြူရိပ်သာ၊ ဂျိုးဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

ဖုန်း၀၁–၂၅၂၂၇၂၊၀၉–၅၀၈၂၂၄၁၊၀၉–၇၉၅၄၄၈၂၇၆)

ဒေါ်ယဉ်ယဉ်နီ(ပွင့်ဦးရတနာ၊ဗိုလ်ချုပ်ဈေး၊ဖုန်း–၀၉–၂၅၀၇၉၃၈၇၃)

ဒေါ်ခင်မြရွှေ(အမှတ် ၂၅၊ကမ္ဘောဇရိပ်သာ၊ဗဟန်း၊ရန်ကုန်၊ဖုန်း–၀၁–၅၄၃၉၂၀၊၀၉–၇၉၈၂၃၅၀၀၉)

## အလှူရှင်များ

၁။ ဗိုလ်မှူးကြီး ကြည်မောင်(ငြိမ်း)၊ ဒုဝန်ကြီး(ငြိမ်း)ပညာရေးဝန်ကြီးဌာန + ဒေါ်မြင့်မြင့်သိန်း မိသားစု
မန္တလေး နှစ်ငါးဆယ်ပြည့်ရွှေရတုမင်္ဂလာအထိမ်းအမှတ်တွင် ၁၀၂ သိန်း လှူဒါန်း၍ ယခု ၁၀ သိန်း ထပ်မံလှူဒါန်းပါသည်။ — ၁၁၂,၀၀,၀၀၀/- (တစ်ရာတစ်ဆယ့်နှစ်သိန်း)

၂။ ဦးသက်လွင်+ဒေါ်ဥမ္မာလွင်၊ သမီး မဆောင်းယုလွင်၊ မမေသူလွင် မိသားစု
String Road, 14-15 Queen, Singapore.
ယခင် ၅ သိန်း၊ ၂၂·၃·၁၇ တွင် ၁၀ သိန်း၊ ယခု ၁၀ သိန်း ထပ်မံလှူဒါန်းသည်။ — ၂၅,၀၀,၀၀၀/- (နှစ်ဆယ့်ငါးသိန်း)

၃။ ဦးသက်ဦး+ဒေါ်မီးမီး၊ (သား) ကိုစိုးမင်းထက်၊ ကိုရန်ရှင်းပိုင်၊ ကိုပြည်ဟိန်းထက် မိသားစု
၁၈၃/၁၈၅ ဘီရုံ၊ သိမ်ကြီးဈေး၊ ပန်းဘဲတန်းမြို့နယ်။
ယခင် ၅ သိန်း၊ ၆/၁၆ တွင် ၅ သိန်း၊ ၁၅·၃·၁၇ တွင် ၁၀ သိန်းနှင့် ယခု ၁၀ သိန်း ထပ်မံလှူဒါန်းသည်။ — ၃၀,၀၀,၀၀၀/- (သိန်းသုံးဆယ်)

www.burmeseclassic.com

www.burmeseclassic.com

၄။ ဦးစိန်မင်း(ပိုကောင်းကုမ္ပဏီ)+ Drဒေါ်ပင်းပင်း၊ (သား) မောင်ဟိန်းထက် မိသားစု
ဒဂုံစင်တာ၊ မြေနီကုန်း၊ ရန်ကုန်။ ၃၅,၀၀,၀၀၀/-
ယခင် ၂၅ သိန်း + ၃/၁၇ တွင် ၅ သိန်းနှင့် ယခု ၅ သိန်း ထပ်မံလှူဒါန်းသည်။ (သုံးဆယ့်ငါးသိန်း)

၅။ Mr. CHAI WING HUAT + ဒေါ်အေးအေးသက် မိသားစု
အမှတ် ၈၄၊ ၆၇ ရပ်ကွက်၊ ရတနာအဆင့်မြင့်အိမ်ရာ ၁၊ ဒဂုံဆိပ်ကမ်းမြို့နယ်။
၇.၅.၁၄ တွင် ၁၀ သိန်း၊ ၃/၁၆ တွင် ၁၀ သိန်း၊ ၄/၁၇ တွင် ၅ သိန်းနှင့် ၃၀,၀၀,၀၀၀/-
ယခု ၅ သိန်း ထပ်မံလှူဒါန်းသည်။ (သိန်းသုံးဆယ်)

၆။ ဦးတင်ထူး+ဒေါ်နွဲ့နွဲ့ဝင်း၊ (သား) ကိုထူးအောင်ဝင်း၊
(သမီး) ကိုဖြိုးသူရ+မခင်စုစုဝင်း၊ (မြေး) မောင်ထူးဇေယျာဖြိုး မိသားစု
အမှတ် ၂၂၊ အထက်ပုဇွန်တောင်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
ယခင် ၂၅ သိန်း၊ ၃/၁၆ တွင် ၅ သိန်း၊ ၃/၁၇ တွင် ၅ သိန်းနှင့် ၄၀,၀၀,၀၀၀/-
ယခု ၅ သိန်း ထပ်မံလှူဒါန်းသည်။ (သိန်းလေးဆယ်)

၇။ အဘွား ဒေါ်မြအင်၊ မိဘများဖြစ်သော ဦးဘအီ+ဒေါ်သိန်းတင်နှင့်
အဒေါ် ဒေါ်တင်ထွေးတို့အား ရည်စူး၍ Drသန်းသန်းဝင်း
အမှတ် ၂၃(E)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား ၂ ရပ်ကွက်၊ ဗဟန်း။
ယခင် ၅ သိန်း၊ ၃.၂.၁၇ တွင် ၁၀ သိန်းနှင့်အတူ ၂၅,၀၀,၀၀၀/-
ယခု ၁၀ သိန်း ထပ်မံလှူဒါန်းသည်။ (နှစ်ဆယ့်ငါးသိန်း)

၈။ ဦးအောင်လင်း+ဒေါ်သန်းသန်းစီ မိသားစု
အမှတ် ၆၀၊ သာယာဝတီလမ်း၊ ဗဟန်း၊ ရန်ကုန်။
၃/၁၃ တွင် ၅ သိန်း၊ ၅.၃.၁၄ တွင် ၅ သိန်း၊ ၃/၁၆ တွင် ၅ သိန်းနှင့် ၂၅,၀၀,၀၀၀/-
၃/၁၇ တွင် ၅ သိန်း၊ ယခု ၅ သိန်း ထပ်မံလှူဒါန်းသည်။ (နှစ်ဆယ့်ငါးသိန်း)

၉။ သား မောင်ဘုန်းနိုင်အား ရည်စူး၍ ဒေါ်မြစိန် ကောင်းမှု။
ဒေါ်မြစိန်၏ ၈၁ နှစ်ပြည့်အလှူ
အမှတ် ၈၄၊ ဝါးတန်းလမ်း၊ လမ်းမတော်၊ ရန်ကုန်။
ယခင် ၂၅ သိန်း၊ ၄/၁၆ တွင် ၅ သိန်း၊ ၁၀/၁၇ တွင် ၅ သိန်းနှင့် ၄၀,၀၀,၀၀၀/-
ယခု ၅ သိန်း ထပ်မံလှူဒါန်းသည်။ (သိန်းလေးဆယ်)

၁၀။ မိဘများအား အမှူးထား၍ ဒေါ်ဝါဝါသန်း
အမှတ် ၃၀၁၊ နီလာတိုက်၊ မြခွာညိုအိမ်ရာ၊ သာကေတမြို့နယ်။ ၁၀,၀၀,၀၀၀/-
ယခင် လှူ ၅ သိန်း၊ ယခု ၅ သိန်း ထပ်မံလှူဒါန်းပါသည်။ (ဆယ်သိန်း)

၁၁။ မိဘနှစ်ပါးဖြစ်သော ဦးလွင်+ဒေါ်ကျင်ဆွေတို့ကို ရည်စူး၍
Drတင်တင်(UK)ကောင်းမှု
အမှတ် ၇၈၊ ၁၅ လမ်း၊ လမ်းမတော်မြို့နယ် ရန်ကုန်။ ၁၀,၀၀,၀၀၀/-
၅.၁၁.၁၅ တွင် ၅ သိန်းနှင့် ယခု ၅ သိန်း ထပ်မံလှူဒါန်းသည်။ (ဆယ်သိန်း)

၁၂။ ဖခင်ကြီး ဦးဘရွှေနှင့် မိခင်ကြီး ဒေါ်မြသိန်းတို့အား ရည်စူး၍
သမီး ဒေါ်ခင်မြလွင် မွေးနေ့အလှူ
အမှတ် ၂၅၊ ကမ္ဘောဇရိပ်သာလမ်း၊ ရွှေတောင်ကြား ၁ ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ၁၃၁၀၀၀/-
အလှူ ၁၁ မျိုး ဘက်စုံအလှူ။ (တစ်သိန်းသုံးသောင်းတစ်ထောင်)

၁၃။ Drဦးအောင်စန်း(ဆေးရုံအုပ်ကြီး-ငြိမ်း)+
ဒေါ်ခင်ညွန့်ရီ(ကျောင်းအုပ်ဆရာမကြီး-ငြိမ်း)မိသားစု
အမှတ် ၁၁၃/၃(A) ကမ္ဘာအေးစေတီလမ်း၊ အောင်မြေသာလမ်းသွယ်၊
ရွှေတောင်ကြား ၁ ရပ်ကွက်၊ ဗဟန်း။ ၁၃၁၀၀၀/-
အလှူ ၁၁ မျိုး ဘက်စုံအလှူ။ (တစ်သိန်းသုံးသောင်းတစ်ထောင်)

(ဆက်လက်ဖော်ပြပါမည်)

www.burmeseclassic.com

www.burmeseclassic.com

လင်လုဘက်လို အမြဲရန်စောင်နေကြတဲ့ ဒီနန်းတော်မှာ မပျော်ပါဘူး မောင်မောင်ရယ်။ ခုလည်း ကိုယ့်ကို ထီးနန်းရအောင် တိုက်ခိုက်ရယူပေးခဲ့တဲ့ သားတော်ကြီးကို ငြိုငြင်ပြန်ပြီ။

သမီးတော်လေးက သူ့မေးလေးကို လက်ဖြင့်တို့ရင်း-

'မယ်မယ် တေးမသီချင် နေပါနော်၊ တင်တင့်ကို မျက်နှာတော်ညိုပါနဲ့'

သူက ရုတ်တရက် သမီးတော်လေးကို သတိရသွားပြီး-

'မဟုတ်ပါ သမီးတော်ရယ်၊ ဘွားဘွားဖုရားဆီ သွားပြီး အတူစက်ချေတော့နော်'

ညင်သာစွာပြောလိုက်သည်။ ခင်အိက သမီးတော်လေးကို ခေါ်သွားသည်။ အတန်ကြာငိုင်ပြီးမှ စောင်းတော်ကို ပွေ့ကာ စောင်းကြိုးများကို တို့ထိရင်း သည်ညတေးသီချင်းတစ်ပုဒ်တော့ စပ်ဆိုရလျှင်ကောင်းမှာပဲ တွေးနေသည်။ သို့ပေမဲ့ ဘယ်လိုစပ်ဆိုရမလဲ စဉ်းစားမရပါ။ ရင်ထဲမှာ တင်းကျပ်လှပါသည်။

အမရပူရရွှေမြို့တော်သို့ ရောက်ခါစကဆိုလျှင် တော်တော်လေး ငယ်သေးပြီး အထိန်းတော်အမေများက ဟိုလိုနေ၊ သည်လိုထိုင် သွန်သင်မှုများကြားမှာ မပျော်ရွှင်နိုင်လောက်အောင် ဖြစ်ရသည်။ ထိုစဉ်က မောင်မောင်မှာ ထီးနန်းရိုက်ရာနှင့် ဝေးသေးချိန်၊ စလင်းစားနှင့် နန်းမတော်ကြီး မယ်နုတို့ကသာ နောင်တော်ဘုရင်မင်းမြတ်ထက် ကျော်လွန်၍ အာဏာပြနေကြချိန်လည်း ဖြစ်သည်။

လခြမ်းကွေးလေးက
ပို၍
လင်းလာသယောင်
ညလေအေး
ကလည်း
ပန်းရနံ့ကို
သယ်လာပြန်သည်
ဘယ်ဆီကမှန်း
မသိသည့်
အင်ကြင်းပန်းနံ့
ရင်ထဲထိ
လှိုက်အောင်
သင်းပျံ့လာပြန်သည်
လ,ကို
မျှော်ကြည့်ရင်း
*'ပုဏ္ဏာမာ*
*ယုန်ရှာခင်းxxx*
*ဘုံသာလင်းရှို့*
*ဝင်းပြေပြေxxx*
*သပြေဒီပါ*
*အေးမြလေးxxx*
*သပြေဒီပါ*
*အေးမြလေး'*

သူတို့၏ စံအိမ်တော်မှာ နန်းတော်သစ်တပ်၏ အပြင်မှာဖြစ်ပြီး ဧရာဝတီ မြစ်ကမ်းနံဘေးမှာလည်း ဖြစ်သည်။ ကျယ်ပြောသောဥယျာဉ်တော်၏ထောင့်တွင် ကိုယ်လုပ်တော်မောင်းမများကို ထားရာအဆောင်တစ်ခုရှိပြီး ထိုအဆောင်တွင် အတော်အတန်ကျယ်ပြောသော အခန်းတစ်ခန်းသာ မြကလေးက ပိုင်ဆိုင်ခဲ့သည်။

ဘုရင်ကိုယ်တိုင် လက်ထပ်ပေးခဲ့သော ကြင်ရာတော်ကြီးကသာ မောင်မောင်၏ စံအိမ်တော်ရှင် သခင်မဖြစ်ပြီး ပြည်ကိုယ်တော်၏မိခင်နှင့် အခြား ဖနီးတစ်ယောက်မှာ သီးခြားအိမ်ငယ်ဆောက်၍ ဥယျာဉ်တော်ဝင်းထဲမှာပင် နေထိုင်ခဲ့ကြသည်။ မြကလေး အဖို့ အမေများထံမှ ဂီတကို သင်ယူခွင့်ရခြင်းသာ ကြည်နူးစရာဖြစ်ခဲ့သည်။

*'သီတာ သီတာမြသား*
*ကြာ ကြာ ကြာငါးပါးxxx*
*ကမ်းနား ကမ်းနား ဝန်းကျင်*
*ငွေသဲပြင်လေတည့်မှ ပျော်*
*တည့်ပျော်ချင်ဖွယ်'*

မနက်ခင်းများကို ဘုရားဝတ်ပြုပြီးလျှင် စောင်းသင်ခန်းစာ စ,လေသည်။ ထိုစဉ်က မြကလေး စတင်ပိုင်ရသော စောင်းကို သဲညှာလို့ သူ့ဘာသာ အမည်ပေးခဲ့သည်။ အောက်ပြည်အောက်ရွာတွင် နေထိုင်စဉ်ကပင် အဆိုအတီးဝါသနာရှိခဲ့သော်လည်း မောင်မောင် သနားတော်မူမှသာ စောင်းတစ်လက် ရခဲ့သည်။

သဲညှာကို ပွေ့ဖက်တီးခတ်နေခြင်းသာ သူ့အတွက် ဖြေသိမ့်ရာပင်။ အိမ်တော်မှာ ပွဲလမ်းများရှိ၍ သွားရတိုင်း စိတ်ကျဉ်းကျပ်လွန်းလှသည်မှာ နေစရာမရှိခဲ့ပေ။ စကားအားဖြင့်လည်း ထိပ်ထားသခင်မတို့ နားဝင်အောင် မပြောတတ်။ ကူစရာရှိတာ ကူကာအေးအေးသာနေတတ်သဖြင့် သင်းကလေးက မာနမသေးပါလားလို့ ယခုမိဖုရားခေါင်ကြီးဖြစ်နေသည့် စကေရီမင်းသမီးကြီးက မျက်စိစပါးမွေး စူးခဲ့သည်။

'သခင်မကလေး ယခုဘာဇာများ လုပ်နေပါသလဲ'

သခင်မကြီးဖုရားက အမေးတော်ရှိလျှင်-

'စောင်းတီးသင်နေပါသဖျာ့'

သခင်မကြီးက ရယ်သွမ်းရင်း-

'တို့မောင်တော်ကြီးကတော့ စိတ်ကူးနှယ်ရပလေ၊ စောင်းမတတ်လည်း အပြုအစုနပ်ပြီးသား မဟုတ်လားအေ့'

ဟု သူ့ဘေးမှ အထိန်းတော်ကို မေးငေါ့ကာ ပြောလိုက်ရာ မြကလေးမျက်နှာ ရဲခနဲဖြစ်ခဲ့ရသည်။ ကိုယ့်အဆောင် ကိုယ်ပြန်ရောက်မှသာ သဲညှာကို ပိုက်၍ ငိုခဲ့ရသည်။

အထိန်းတော်အမေများက တယုတယ ချော့မော့ကြသော်လည်း စိတ်မပြေနိုင်ခဲ့ပါ။ သည်အရပ်ဒေသကို မောင်မောင်သာ ခေါ်မလာခဲ့လျှင် ဘယ်လောက်ကောင်းလိုက်ပါ့မလဲ။ ချစ်ခြင်းမပါဘဲ သူ့ခန္ဓာကိုယ်ကို ပိုင်ဆိုင်သိမ်းယူခဲ့သော မောင်တော်၊ သည်လို အနိမ့်စံ တော်မဝင် မိန်းမသူများကြားမှာ ပစ်ထားခဲ့သော မောင်တော်ကို မုန်းလိုက်ပါဘိ။ မောင်မောင်ကတော့ သူ၏ မုန်းမာန်ဝင်နေစိတ်ကို မသိခဲ့။

'မြကလေးရေ မောင်မောင့်ကို တီးပြပါဦး၊ ဘာဇာသီချင်းတွေ ရပြီလဲ'

ကြိုးသီချင်းများမှ လွဲ၍ ဘာဇာသီချင်းများမှ မရသေးပါ။ မြကလေး ငိုတော့ မောင်မောင် ချော့သည်။

'အမယ်မင်း စောင်းတော်ကိုပိုက်ပြီး မျက်ရည်ကျလောက်အောင် ဘာအရေး



www.burmeseclassic.com

www.burmeseclassic.com

များရှိလို့လဲ မြကလေးရယ်။ ဒီအညာမှာ မြ မပျော်ဘူးလား၊ မောင်မောင် သာယာဝတီကိုသွားရင် မြကလေးကို ခေါ်ပါ့မယ်ကွယ်'

သည်စကားတွေကလည်း မြကလေးကို နှစ်သိမ့်မှုမပေး။ သိပါတယ် ကိုယ်တော်ကြီးရယ်၊ အောက်ပြည်ရောက်ရင်လည်း မိန်းမသူတွေ ထပ်ယူဦးမှာပါပဲ။

စိတ်ထဲက တွေးသည်။

'မြ ဘာဇာမကျေနပ်လဲ၊ ပြောပါ မြကလေးရယ်'

'တောင်းတော်ကို သေသေချာချာတီးတတ်ပြီး တေးသီချင်းများ ရေးဖွဲ့လိုပါတယ် မောင်မောင်'

သည်လိုဆိုတော့ မောင်မောင်က မြကို အလိုလိုက်ခဲ့ပါသည်။

မြဝတီမြို့စား ဝန်ကြီးဦးစက အားချိန်တချို့တွင် သားတော်၊ သမီးတော်များကို သီချင်းသင်နေရာ မြကလေးပါ သင်ယူစေဖြစ်ခဲ့ရသည်။

ဥယျာဉ်တော်ထဲက ကြာကန်စါးအေး တဲတော်ထဲမှာ သားတော်၊ သမီးတော်တို့ကို တေးသီချင်းသာမက အခြား အဋ္ဌာရသများပါ သင်နေရာ ဂီတသင်ရိုးမှာ အထိန်းတော် အမေများနှင့် အတူ မြကလေး သင်ယူခဲ့ရသည်။ ခုအခါ တစ်ပင်တိုင် မင်းသမီး စုဖုရားက တောင်းတီးမကျွမ်းလှ။ သူက ပုဏ္ဏားတော်များထံမှ နက္ခတ်နှင့် ဗေဒင်ပညာ သင်ယူနေခဲ့သည်။

ပြည်ကိုယ်တော်နှင့် သူက အရွယ်မတိမ်းမယိမ်း။

ပြည်ကိုယ်တော် ပခန်းမင်းသားနှင့် တရုတ်မှော်မင်းသားတို့က သူနှင့် ဂီတသင်ဖက်တွေ ဖြစ်ခဲ့ကြသည်။ မြဝတီမင်းကြီးဦးစ၏ သီချင်းများကို သင်ကြားစဉ် အခြား မင်းသားတို့က ပါရမီမပါဟု ဆိုကာ ဓားရေး၊ လှံရေးလောက် စိတ်မဝင်စားကြပေမဲ့ ပြည်ကိုယ်တော်နှင့် သူက ကြိုးကြိုးစားစားသင်ယူခဲ့ကြသည်။ အချင်းချင်းတော့ စကားမပြောကြ။

ပြောကြလျှင်လည်း ပြည်ကိုယ်တော်အတွက် သူက မိထွေးတော်ဖြစ်နေရာ ရိုကျိုးစွာ ဆက်ဆံရခြင်းကို အားနာနေမိသည်။ ဂီတသာ မရှိလျှင် အမြဲလို အဆင့်အတန်း ဂုဏ်ကျက်သရေအပေါ် ခွဲခြားဆက်ဆံရခြင်းကို သူ မုန်းနေခဲ့သည်။ သို့တိုင် သည်စဉ်က သူလည်း အညတရတစ်ယောက်သာ ဖြစ်ခဲ့သည်မို့ ထိပ်တင်သခင်မကြီးတွေလောက် ရိုကျိုးပြစရာမလိုရာ ပြည်ကိုယ်တော် (သည်စဉ်က ဘွဲ့မှာ သတိုးမင်းဖျား)နှင့်ပါ ရင်းနှီးလာခဲ့သည်။

အသက် ၂၀ ပင်မပြည့်ကြသေးသည့် အရွယ်မှပင် ခင်မင်ခဲ့ကြခြင်းဖြစ်သည်။ စစကလည်း တာဝန်တွေများလှသဖြင့် ရောက်မလာနိုင်သည့်နေ့တွေမှာ လက်ကွက်များ မမေ့အောင် လေ့ကျင့်ရင်း-

'သခင်မ၊ စစရဲ့ တေးချင်းအသစ်ကို ရပါပြီလား'

'မရသေးပါ အစ်ကိုကြီး'

သည်တုန်းကတော့ မောင်မောင် ချစ်စနိုးခေါ်သလို အစ်ကိုကြီးဟု လိုက်၍ ခေါ်ခဲ့သည်။ အစ်ကိုကြီးဟုသာ လေးစားစွာခေါ်ရသည်။ မောင်တော့ မကြည့်ဝံ့ပါ။ ထိုအရွယ် ငယ်စဉ်ကပင် တနာစိတ်အတိပြီးသော အစ်ကိုကြီး သတိုးမင်းဖျားအသံက သာယာနာပျော်ဖွယ်ရှိလှသည်။ သူ့အသံကြားရတိုင်း ရင်ထဲမှာ လှိုင်းခတ်သလို ခုန်နေမိသည်။ သို့သော်လည်း မြကလေးသည် ရိုကျိုးစွာ မှတ်သားတတ်သော တောင်းသင်ဖက်တစ်ယောက်မျှထက် မပိုအောင် ကိုယ်နှုတ်လှုံ့ဆော်စောင့်ထိန်းခဲ့ရသည်။

'အကျွန် တီးပြပါ့မယ် မှတ်တော်မူပါနော်၊ သီချင်းက တိုတိုလေးပါ'

*'အိုဗ×××လျှံညီးလင်း*
*လျှံညီးလင်း×××ပျို့သင်း*
*သည်လည်ဖွေ×××ဖျော်ဖြား*
*များယဉ်ရွှေ စက်ပါရော*
*မေ×××ညည့်ရှုံတော်ထွား ညည့်ရှုံ*
*တော်ထွား×××တိမ်ဦးနန်း*
*ဘုံဖွေ တိမ်ဦးနန်းဘုံဖွေ×××*
*စွာသင်းနှင်းမှုန်ခြွေ×××*
*လုံနိုင်ပါဘူး မေ'*

သည်တစ်ခါတော့ 'သီချင်းက တိုတိုလေးပါကလား'ဟုပြောမိသွားသည်။

'စက်တော်ချင်းပါ အစ်မတော်'

သတိုးမင်းဖျားက အမှတ်မထင် အစ်မတော်ဟု ခေါ်လိုက်သည်။ သူက စုစု ဘက်လှည့်၍-

'အစ်မတော် စုဖုရားရော ရလွယ်လိမ့်မလား'

'တီးကြည့်ရမှာပလေ'

သူတို့နှစ်ယောက်တည်းတော့ မဟုတ်ပါ။ သူ့ဘေးမှာ စုစု ရှိသည်။ စိတ်ထားကောင်းသော စုစုသည် သူ့ကို အမြဲလို အဖော်လုပ်ပေးခဲ့သည်။ စုစုက သူတို့ထက် အသက်ကြီးသည်။ မင်းသမီးကြီးမို့လည်း ရှိသေရသည်။

စုစုကိုယ်တိုင်ကတော့ ဂီတပါရမီမပါဟု ဆိုခဲ့သည်။ သို့သော်လည်း သူက နားပါးလှသည်။ ကိုယ်တိုင် မကျွမ်းပေမဲ့ အမှားကို သိတတ်လှသည်။

*အို×××လျှံညီးလင်း*
*လျှံညီးလင်း×××ပျို့သင်း*
*သည် လည်ဖွေ×××ဖျော်ဖြား*
*များယဉ်ရွှေ စက်ပါရော*
*မေ×××ညည့်ရှုံတော်ထွား ညည့်ရှုံ*
*တော်ထွား×××တိမ်ဦးနန်း*
*ဘုံဖွေ တိမ်ဦးနန်းဘုံဖွေ×××*
*စွာသင်းနှင်းမှုန်ခြွေ×××လုံ*
*နိုင်ပါဘူး မေ'*

သည်သီချင်းကို ညစဉ်လို ညည်းမိတတ်ခဲ့သည်။ သည့်နောက် မကြာခင်မှာပင် ကိုယ်ဝန်ဆောင်ရသည်။ ဂီတသင်ခန်းစာက တစ်ခန်းရပ်ခဲ့ရပြန်သည်။

နောက်တော့ သူက ပြည်ကိုယ်တော်ထက် ပို၍ တေးချင်းဖွဲ့သီတတ်လာခဲ့သည်။ စစ၏ တေးများကို အမှီပြု၍ ပြန်လည်ဖွဲ့စပ်ခဲ့သည်။ ယိုးဒရားနန်းရေးတွေ ရှုပ်ထွေးမလာခင်အထိ ဂီတကို ဆက်လေ့လာခဲ့ကြသည်။ သည်စဉ်က ပြည်ကိုယ်တော်လည်း မဖြစ်သေး၊ ကြင်ရာတော် ခဲပေါင်မင်းသမီးနှင့်လည်း လက်မဆက်ရသေး။ ခဲပေါင်မင်းသမီးနှင့် လက်ဆက်ပေးမည်ပြုစဉ် မင်းသားက သူ့မယ်မယ်ကို ကြင်ဖက်မရှာလိုသေးကြောင်း ပြောသည်ဟု ကြားသိရဖူးသည်။ မင်းညီမင်းသားတို့ ထုံးစံ



www.burmeseclassic.com

ရုပ်ရှုပ်ပွေပွေမဟုတ်သော သားတော်အတွက် သူ့မယ်မယ် ရတက်မအေးခဲ့ရကြောင်း ကြားဖူးလိုက်ရသည်။

'မြကလေးရေ မောင့်သားတော်ကြီးက ကြင်ဖက်မရှာလိုကြောင်းပြောလို့ မောင်ကိုယ်တိုင်ခေါ်ပြီး အမိန့်တော်မှတ်လိုက်ရတယ်'

ရင်သွေးတော် သားဦးလေး ဆုံးရှုံးခဲ့ပြီး စိတ်နှလုံးညှိုးငယ်ရစဉ် ကာလမှာ မောင်မောင်က သည်လိုပြောခဲ့ဖူးသည်။ မြကလေး၏ စိတ်ညှိုးငယ်မှုထက် မောင်တော်၏ သာယာချမ်းမြေ့မှုက အရေးပါသည်မို့ နောက်ထပ်အသစ်သော ဇနီးမယား ယူပြန်သည်ကြားရကာ မောင်မောင် ပေါ်မလာပြန်ခဲ့။

သည်တုန်းက အထိန်းတော်အမေတို့ကို ခေါ်ကာ စိတ်ပြေလက်ပျောက် ကြာကန်ကို သွားကြည့်ခဲ့သေးသည်။ ကြာကန်ထဲမှာ ရွှေငါးကြင်းတို့က လူးလွန့်ပြေးလွှားလျက်။ တဲတော်တွင်းဝယ် လူသူမရှိ။ ထိုနေရာလေးမှာ ပကတိတိတ်ဆိတ်ငြိမ်သက်လှသည်။

ပဒုမ္မာကြာတို့ကား ပွင့်မြဲ။ ဘဝဖြစ်စဉ် မတူညီကြသော သတိုးမင်းဖျားလည်း မိဘတို့စကားကြောင့် ခဲပေါင်မင်းသမီးနှင့် လက်ဆက်ဖို့ ရက်ရွေးခဲ့ကြပြီ။ ဘဝဟူသည် ပဒုမ္မာကြာဖက်တို့ပေါ်တွင် တင်သော ရေစက်တို့အလားပါကလား။

ကြာကန်ကိုကြည့်ရင်း သတိုးမင်းဖျား သီဆိုပြခဲ့သော စက်တော်ချင်းသံ ကြားယောင်လာသည်။

*'ညဉ့်ရုံတော်ထူး ညဉ့်ရုံတော်ထူး××× တိမ်ဦးနန်းဘုံဗွေ တိမ်ဦးနန်းဘုံဗွေ××× ခွာသင်း နှင်းမှုန်ခြွေ××× လုံနိုင်ပါဘူးလေ'*

သြော်... ခုတော့ နှစ်ကာလများစွာ ကုန်ဆုံးခဲ့ပြီးပါပေါ့လား။ သူ့လက်ရုံး သားတော်ကြီးမို့ အစ်ကိုကြီးဟု ချစ်ခင်စွာ အာလုပ်သံနှင့် ခေါ်ခဲ့သော သားတော်ကြီးကို နေပြည်တော် ပြန်ရောက်လျှင် နန်းရံထားတော့မည် ကြံရွယ်ပြီးခါမှ။ အင်း... သည်မီးကလည်း မအေးပါ့ကလား။

ပြည်ကိုယ်တော်နှင့် သူကတော့ အိမ်တော်ပါ အစေတော်များမှတစ်ဆင့် တေးသီချင်းများ လဲလှယ်ဖတ်ရှု တီးခတ်ကြမြဲ။

သူတို့၏ ခင်မင်ရင်းနှီးမှုမှာ တိုးတက်လာပြီး သားတော်၊ သမီးတော်ချင်းပင် လက်ဆက်စေဖို့ မောင်တော်ကပါ ရည်ရွယ်ရင်းရှိခဲ့သည်။ စားကောင်းသောက်ဖွယ် လက်ဆောင်တော်များရလျှင်လည်း အိမ်တော်နှစ်ခုလုံးက သတိတရ ဖလှယ်ကြမြဲ။ ပြည်ထိပ်တင်နှင့်လည်း ခင်မင်ရင်းစွဲရှိခဲ့သည်။ ရိုးသားအေးချမ်းသော မင်းသမီးတစ်ပါးမို့ နှစ်လိုခင်မင်ခဲ့မိသည်။ ပြည်ထိပ်တင်၏ မျက်ရည်တစ်စက သူ့နှလုံးအိမ်ကိုပါ ပူပင်ဗွက်စိုစေခဲ့ပြီ။

သြော် အိမ်ရှေ့အိမ်တော် ဆောက်ပြီးခါမှ ဘဇာကံပါလိမ့် ပြည်မင်းသားရယ်။ ညက နက်သည်ထက် နက်လာသည်။

ခင်အိက ကတ္တီပါခြုံစောင်ကို ကျောပေါ် ညင်သာစွာ ခြုံပေးပြီး-

'စက်တော်မူပါ မဖုရား'

'ဟင်... ခင်အိရယ်၊ စက်လိုသေးပါဘူး၊ စိတ်စက်ညစ်ပါဘိ'

အမှောင်ထုထဲတွင် ကြယ်ကလေးများကို မြင်ရသည်။ လက တပေါင်းလလေရူးကြောင့် တိမ်မည်းစုစု တစ်လိပ်ကြား ပြေးလွှားနေပြန်သည်။

တပ်တော်များဆီမှ ညကင်းများ စစ်သံကြားရသည်။ သန်းခေါင်ကြက်တွန်သံကတော့ ဘယ်ဆီကရယ် မသိ။

ညငှက်မြည်သံ ကြားရပြန်သည်။ ညဥ့်ငှက်ဆိုး မိန်ကောင်ပိုးလေလား။ ခဏနေတော့ အသံတိတ်သွားသည်။ ညငှက်လည်း လေးသည်တော်တို့၏မြား မှန်သွားဟန်ရှိသည်။ မောင်တော် အကြောက်ဆုံးအသံမှာ ငှက်ဆိုးမြည်သံမို့ပင်။

ညကောင်းကင်ဝယ် ခုနစ်စဉ်ကြယ်ပင် အမြီးထောင်ပါပြီကော။ စိတ်နှလုံးတော် ညှိုးငယ်ရလွန်းပါရဲ့။

စောင်းကြိုးကို ညင်သာစွာ တီးခတ်မိသည်။ တီးကွက်ကိုကား ရှာမရနိုင်ခဲ့။ ရေလှိုင်းတွေကလည်း ဖောင်တော်ကို ရိုက်ပုတ်လို့။ စောင်းတော်ကို ပိုက်လျက်သား တစ်ခဏမျှ အိပ်ပျော်သွားခဲ့သည်။

❑

၄။

ပန်းပဲမောင်တင့်တယ်၏ နှမ စောမိယာသည် လေပေါ်မှာ ပျံဝဲလာပြီး ဖောင်တော်စွန်းမှသည် အနောက်နန်းမိဖုရား အိပ်စက်နေပုံကို ငုံ့ကြည့်နေခဲ့သည်။ ရွှေသားမျက်နှာဖုံးမပါ ပကတိလူမျက်နှာနှင့် ဖြစ်သည်။

နတ်နန်းသခင်မ၏ မျက်နှာမှာ ကြင်နာရိပ်လွှမ်းနေသည်။

'သြော်... သနားစဖွယ်ပါ့ကလား။ ညီမငယ် ထ,ထပါလေ'

သူ့ကို နှိုးလိုက်သလို ခံစားလိုက်ရသည်။ အနောက်နန်းမိဖုရား မမြကလေးက အိပ်မှုန်စုံမွှားဖြင့် မျက်လွှာကို ပင့်ကာ ပြန်ကြည့်ဖို့ ကြိုးစားသည်။ မျက်လုံးတွေက ဖွင့်မရခဲ့။

'ဘုရင်ဆိုတဲ့ လူတွေဟာ လူလိမ်၊ လူညာ၊ လူယုတ်မာတွေပါကွယ့်။ ညီမတော်ရေးဖွဲ့မယ့် တေးသီချင်းက သင်းတို့နဲ့ မတန်ပါဘူးလေ'

မျက်လုံးတွေကသာ ဖွင့်မရသော်လည်း စိတ်ထဲက သိနေခဲ့ပါသည်။ အသည်သူ ရှင်ထွေးလှတစ်ဖြစ်လဲ မိဖုရားစောမိယာက သူ့ကို ငုံ့ကြည့်ရုံသာ ကြည့်ပြီး နှုတ်မှ တစ်စုံတစ်ရာမပြောခဲ့ပါဘဲ ပြောလိုက်သလို ဘဇာကြောင့် ခံစားနေခဲ့ရပါသလဲ။ ပြောလိုက်သလို ဘာကြောင့် ကြားနေမိတာလဲ။

'အစ်မတော်ရဲ့ မောင်ကြီးကို နယ်စားမြို့စားရာထူး အပ်နှင်းမယ်ဆိုလို့ တောမှာ သူ့ဘာသူ ပန်းပဲအတတ်နဲ့ ရတတ်သမျှ ရောင့်ရဲနေတဲ့ မောင်ကြီးကို မင်းနေပြည်တော်ကို ခေါ်ခဲ့မိတဲ့အပြစ် ဘယ်တော့များမှ ဆေးနိုင်ပါ့

www.burmeseclassic.com

မလဲကွယ်။ အစ်မတော်ကိုယ်တိုင်ကလည်း ရှင်ဘုရင်ဆိုတဲ့ သတ္တဝါကို လင်တော်ချင်ခဲ့တာ မဟုတ်ပါဘူး။ အစ်မတော်မှာ ချစ်ဦးသူရှိခဲ့ပါတယ်ကွယ့်။ မမြကလေးရယ် သဟာတွေ ညည်းသိရဲ့လား။ ညည်းက စည်းစိမ်ရှင် မိဖုရားဆိုတော့ နားလည်ကောင်းမှ နားလည်လိမ့်ဦးမယ်။ တစ်ချိန်တော့ဖြင့် ညည်းသိလာမှာပါအေ။ သာကလည်း မဝေးတော့ပါဘူးလေ'

မမြလေးဟု အနီးကပ်ခေါ်သံပင် ကြားလိုက်မိသလိုလို။ အို… မျက်လုံးတွေကလည်း ဖွင့်လို့မရပါလား။

စောမိယာ နတ်နန်းရှင်မက ဆက်၍-

'မောင်ကြီးကို သူက စံကားပင်မှာ နှောင်ကြိုးတည်းပြီး မီးရှို့သတ်တယ် ကြားတာနဲ့ အစ်မတော်လည်း မောင်ကြီးနဲ့အတူ သေပါရစေလို့ မီးပုံထဲ ခုန်ဆင်းခဲ့တယ်။ ဒီအပူမီးတွေက ခုချိန်ထိ ရင်ထဲ၊ နှလုံးထဲမှာ လောင်မြိုက်ဆဲပဲ။ အသည်းထဲမှာ အပူတွေ ဟပ်နေတုန်းပဲ၊ ညည်းလည်း ငါ့လိုပဲ ဒီဘုရင်ကို လင်မတော်ချင်ဘဲ တော်ထားခဲ့ရ မဟုတ်လား'

'သတိ သာ ထား ပါ အငယ်ရှေ၊ သတိနဲ့သာ နေပေဦးတော့။ သင်းတို့က အလိုဆန္ဒနဲ့ အာဏာစည်းစိမ်ဆိုတာကလွဲလို့ ဘာမှ နားမလည်၊ ရက်စက်ရိုင်းပျလွန်းလှတဲ့ ဒီလိုသတ္တဝါမျိုးတွေ။ သင်းတို့လက်မှာ နောက်ထပ် စတေးခံရမယ့် သားကောင်ကို ငါ လာကြည့်တာအေ။ သနားလိုက်ပါဘိကွယ်'

အနောက်နန်းမိဖုရား မမြကလေး ဖျတ်ခနဲ လန့်နိုးလာသည်။ ဧရာဝတီမြစ်ရေစီးသံမှတစ်ပါး အားလုံး တိတ်ဆိတ်လျက်။ တိမ်ပုပ်တွေကြားမှာ လရောင်က မှုင်မှုင်လေး စောင်း၏ လက်ရုံးပေါ် ကျနေခဲ့သည်။

'အို… အိပ်မက်မက်နေခဲ့ပါလား။ အိပ်မက်လား၊ တကယ်လိုလို ပါပဲလား။ အို… ဖြစ်ရတယ် အိပ်မက်ကလည်း ဆိုးလိုက်တာနော်'

နတ်နန်းရှင်သခင်မ လာပြီး အိပ်မက်ပေးလေသလား။ ရင်ထဲမှာ တလှပ်လှပ်ခုန်လျက်။ နောက်ထပ် စတေးခံရမယ့်သားကောင်…။ အိုကြောက်စရာကောင်းလိုက်တာ။ စံကားပင်မှာ မီးပုံထဲ သူ့မောင်ကြီးနဲ့အတူ သေဖို့ ခုန်ဆင်းခဲ့တဲ့ သခင်မ စောမိယာ ကိုယ်ယောင်လာပြလေသလားနော်။

'အို… မောင်ဘုရားရယ်၊ မယ့်ကို သေစေသွန်းတော့သလိုပါပဲလား'

'မြကလေး… မြကလေးလို့ သူခေါ်ပေမဲ့ တစ်နေ့မှာ ရက်စက်စိမ်းကားတော့မယ့် နိမိတ်တွေပဲလား'

လေအေးကြောင့် ကိုယ်လက်တွေနာကျင်နေခဲ့သည်။ စောင်းတော်ကိုပင် မသယ်ချင်လောက်အောင် အားမဲ့နေခဲ့ပြီ။

သို့သော်လည်း စောင်း၏လက်ရုံးပေါ်မှာ ကျဆင်းသည့် လရောင်က သူ့အာရုံထဲမှာ အလင်းတစ်စ ရလိုက်သည်။ တေးသီချင်းတစ်ပုဒ်…၊ တေးသီချင်းတစ်ပုဒ်က သူ့နှုတ်ဖျားသို့ အလိုလိုစီးဆင်းလာခဲ့သည်။ စောင်းကြိုးများကို အမှတ်မထင် တီးခတ်မိသွားသည်။

*'စိန်ခြယ်ခြူးသန်းရေနန်းဘုံလယ်ပျော်စံပယ်×××မျှော်နေနတ်ကယ် သေးသေးသွယ်သွယ် ယဉ်မှူးမျှားမယ်အိုလှနတ်ကယ် ကေသွယ်ကျော့ရှန်း×××သွန်းရေအရုပ်ကယ်×××အိုခင်မယ် လွမ်းမဆန့်နိုင်ဘု×××ပျို့ကြင်ဖွယ်ကျွမ်းကမန်းသာပ လွမ်းမဆန့်ခွေယိမ်းမူး'*

တီးတိုးသီဆိုရင်း တေးသီချင်းများမှာ ရှာန်ဝင်သွားခဲ့သည်။ ရင်ထဲက အနာက အုံကြွလာပြန်သည်။ နှလုံးသားထဲက အုံကြွလာသော ဝေဒနာကြောင့် တေးသွားစကားလုံးတွေက အလိုလိုစီးဆင်းလာခဲ့ရသည်။ ထိုအခါမှာတော့ အနောက်နန်းမိဖုရား မမြကလေး၏ နှလုံးသွေးမှ စိမ့်ယိုစီးကျလာသော တေးသီချင်းစာသားများ၊ စောင်းတော်ကို တီးခတ်သည့် လက်ချောင်းများကလည်း ထိုတေးသွားတို့ကို အလိုလိုပင် တီးခတ်မိလျက်သား။

*'ရေနွံသာဦး မြူးစိမ့်နှံ့ရှဲ့ ပေါမာန်ပွေဟန်××လေပြန်လောင်းရွှေလျှံမောင်းလို့ ဒေါင်းယာဉ်သာ ဂေါယာစကြာ×××ယွန်းလှုဖန်မင်း ပုပ္ဖာမာ ယုန်လွှာခင်း×××ဘုံသာလင်းလို့ ဝင်းပြေပြေ×××သပြေဒီပါ အေးမြလေး×××သပြေဒီပါ အေးမြလေး'*

ကျောပေါ်မှ ကတ္တီပါစောင် လျှောကျသွားသည်။ ခင်အိကတော့ သလွန်ခြေရင်းမှာ ခွေခွေကလေး အိပ်ပျော်နေခဲ့ပြီ။

လခြမ်းကွေးလေးက ပို၍ လင်းလာသယောင် ညလေအေးကလည်း ပန်းရနံ့ကို သယ်လာပြန်သည်။ ဘယ်ဆီကမှန်း မသိသည့် အင်ကြင်းပန်းနံ့။

ရင်ထဲထိ လှိုက်အောင် သင်းပျံ့လာပြန်သည်။ လ, ကို မျှော်ကြည့်ရင်း-

*'ပုပ္ဖာမာ ယုန်လွှာခင်း×××ဘုံသာလင်းလို့ ဝင်းပြေပြေ×××သပြေဒီပါ အေးမြလေး×××သပြေဒီပါ အေးမြလေး'*

ရင်ထဲမှာတော့ မအေးနိုင်ခဲ့ပါ။

*'သပြေဒီပါ အေးမြလေး×××ကြေးသွင်နီတုံဆင်းရွှေမှုံ×××ယမုန်သီတာစရာလမ်း ခွေကာပန်းရ လွမ်းမပြေ×××မယ့်ကိုသေစေသွန်းရှောသလား×××မယ့်ကို သေစေသွန်းရှောလေသလား'*

■

ခင်မြစင်

မှတ်ချက်။ ။

*၁။ သာယာဝတီမင်း၏ သမီးတော် တစ်ပင်တိုင်နန်းရှင် မင်းသမီး စုဖုရားမှာ နောင်အခါတွင် မင်းတုန်းမင်းကြီး၏ မိဖုရားခေါင် စကြာဒေဝီမိဖုရားကြီး ဖြစ်လာခဲ့ပါသည်။(မင်းတုန်းမင်းနှင့် ကနောင်မင်းသားမှာ သာယာဝတီမင်း၏သားတော်များ ဖြစ်ကြသည်။)*


*၂။ တင်တင်မှာ လှိုင်ထိပ်ခေါင်တင်မင်းသမီးဖြစ်ပြီး နောင်အခါတွင် အိမ်ရှေ့စံ ကနောင်မင်းသား၏ ကြင်ရာ ဖြစ်လာခဲ့သည်။* ■

စာရေးသူ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

လုပ်ငန်းတာဝန်ကျရာ
လှည့်လည် သွားလာ
နေထိုင်ရ၍ ဇာတိမြေနှင့်
ကင်းကွာခဲ့သော ကျွန်တော်
တစ်ခါတစ်ခေါက်
အိမ်ပြန်ရောက်လျှင်ဖြင့်
ရွာအကြောင်းကို
တစ်ခေါက်တစ်မျိုး
မရိုးရအောင် ကြားသိ
နေရသည်။ ဘယ်သူတို့ဖြင့်
ဘယ်လထဲမှာ လှူကြမယ်၊
ဘယ်သူ့သမီးနှင့်
ဘယ်သူ့သားတို့
မင်္ဂလာဆောင်ကြတော့မှာ၊
လယ်ရေယူရင်း
ရွာအနောက်ဖျားက ကြင်မြတို့
ညီအစ်ကိုတစ်တွေ ဓားတပြက်
တုတ်တပြက်ဖြစ်လို့
စသည် စသည်တို့ ဖြစ်သည်။
ဒီတစ်ခေါက်
ရွာပြန်အရောက်
လွန်ခဲ့တဲ့လက ဘဒွေး
ကိုသာအေးတစ်ယောက်
လူကြီးရောဂါနှင့်
ကွယ်လွန်ခဲ့ကြောင်း ကြားသိ
လိုက်ရသည်။ အဖေ့ဘက်မှ
အမျိုးဆို၍ ဘဒွေး
တစ်ယောက်သာ
နောက်ဆုံးကျန်ကာမှ ခုတော့
တိမ်းပါးသွားခဲ့ရရှာပြီ။
ဘဒွေးတို့ သက်ရှိ
ထင်ရှားရှိစဉ်က
အလုပ်အကိုင်နှင့်
အစုအဆောင်းကောင်း၍
သောင်သာကြသည်။
သားနှစ်ယောက်နှင့်
မိသားစု 'လက်ချ'ညီသည်။
ဘဒွေး မိန်းမ အရီးဒေါ်ဒွေး
တင်က ဘဒွေးအရင်
တိမ်းပါးခဲ့၍
နှစ်ပါးသော မိဘများ
မရှိကြတော့သည့်အတွက်
လှည်း၊ နွား၊ လယ်၊ ယာ၊
ချောင်း၊ မြောင်းတို့က
သားဖြစ်သူ ကိုကျော်ရွှေနှင့်
ညီစိန်မောင်တို့သာ
စံစားခံစားစေတော့သည်။
ကိုကျော်ရွှေနှင့် ကျွန်တော်က
ဝမ်းကွဲညီအစ်ကို
တော်စပ်သော်လည်း
ငယ်စဉ်က
အကျွမ်းတဝင်ရှိခဲ့သလောက်
ကြီးလာကြတော့
အနေဝေးကွာမှုကြောင့်
သူစိမ်းဆန်သွားကြသည်။
ကိုကျော်ရွှေက ကျွန်တော့်ထက်
နှစ်နှစ်ကြီးပြီး ရွာ
ကျောင်းတွင် ပညာရေးဆုံး
ခန်းတိုင်ခဲ့ပြီး ကျွန်တော်က
မြို့ကျောင်းဆက်တက်၍
ပညာသင်ကြားခွင့်ရခဲ့သည်။
❑

# ကိုကျော်ရွှေ

(ကျောက်ဆည်)

## စိတ်အကွာအဝေး



www.burmeseclassic.com

www.burmeseclassic.com

'မနီလာခင်… မနီလာခင်… အေ့ မနီလာခင်'

အိမ်ရှေ့မှ ဇနီးသည့် နာမည်ခေါ်သံကြား၍ ကြည့်လိုက်ရာ အသွားအိုတစ်ယောက် ဖြစ်နေသည်။ အိမ်နောက်မှ ထွက်လာသော ဇနီးသည်က-

'အယ်… ကြီးတော်… လာလေ… လာပါ… လာပါ'

'ကို ဒါ ရွာရှေ့ဖျားက မအေးတင်တို့ ကြီးတော် ဒေါ်ကြင်ပိုလေ'

'သြော်…'

မတွေ့မမြင်တာကြာပြီ ဖြစ်သည့်အလျောက် ကြီးတော် ဒေါ်ကြင်ပို တစ်ယောက် ဤမျှ အိုမင်းရင့်ရော်သွားမှန်း မသိ၍ ရုတ်တရက် မမှတ်မိရခြင်း ဖြစ်သည်။

'ထိုင်ပါဦး ကြီးတော်၊ ခု ဘယ်က လှည့်လာလိုက်တာလဲ။ စားလို့သောက်လို့ကော ကောင်းရဲ့လား'

'ကောင်းလိုက်၊ မကောင်းလိုက်ပေါ့ကွယ်။ မင်းမိန်းမကို ဈေးမှာချင်လို့ လာခဲ့တာ။ မင်းမလည်း နေနိုင်လိုက်တာ ကိုယ့်ရပ်ရွာနဲ့ ကင်းကွာပြီး နေနေရတယ်လို့'

'ဟုတ်ကဲ့ ကြီးတော်၊ ကျွန်တော်လည်း ဒီဘက်ကို ပြောင်းရွှေ့ဖို့ ကြိုးစားနေပါတယ်'

'ကြီးတော် ခဏနော်၊ ဟင်းအိုးလေးချချင်လို့၊ ရောက်တုန်း ထမင်းစားပြီးမှပြန်'

ဇနီးသည်က ပြောပြောဆိုဆို မီးဖိုချောင်အတွင်း ဟင်းအိုးချပြီး ချက်ချင်း ပြန်ထွက်လာသည်။

ကိုကျော်ရွှေက သူ့ထံလာရောက် ပေါင်းသင်းသူများကို ရက်ရောစွာ ပေးကျွေးသောက်စားစေပြီး ပေါင်းသင်းသူများကလည်း ဂရိတ်ကြီး ဂရိတ်ကြီးဟု မြှောက်ပင့်ပြောဆို စားသောက်နေသည်ကိုပင် သာယာပျော်မွေ့လျက် ရှိနေသည်

'တော်ပါပြီကွယ်၊ မနီလာခင် ဈေးရောက်ရင် သာ တဘက်လေးတစ်ထည် ဝယ်ခဲ့ဖို့ မှာချင်လို့၊ ဒီမှာ ပိုက်ဆံ'

'အယ်… ပြီးခဲ့တဲ့ တစ်ပတ်ကလည်း ကြီးတော်မှာလို့ ဝယ်ပေးပြီးပြီလေ'

'ဒါတော့ ဒါပေါ့ တူမကြီးရယ်၊ နောက်တစ်ထည်ပေါ့။ အခါတွင်း ကျောင်းတက်ရင်း ကိုယ်ပေါ်ရုံရတာပေါ့'

ဇနီးသည်ကို ဈေးမှာ၍ ကြီးတော် ဒေါ်ကြင်ပို ပြန်သွားခဲ့သည်။ ထမင်းစားဖို့တားသည်ပင် မရတော့။

'ကြီးတော်က သူ့တူ၊ တူမတွေနဲ့ အတူနေတာလား'

'ဟုတ်တယ်လေ၊ ကြီးတော်မှာ သားထောက်သမီးခံမှ မရှိခဲ့တာ။ ဘကြီးထိ ဆုံးကတည်းက တူ၊ တူမတွေကို သူ့ဝိုင်းထဲမှာ အိမ်လေးတွေ ပေးဆောက်၊ နေနိုင်းပြီး အတူနေကြတာ။ ကြီးတော်က နားအေးတော့ ရွာထဲက လူတွေ ကလည်း ချစ်ကြတယ်။ တစ်ခါတစ်ခါ တွေ့တဲ့လူတွေက ကြုံရင်ကြုံသလို လှူဖို့ တန်းဖို့၊ ဆေးဖိုး၊ မုန့်ဖိုးဆိုပြီး ပေးပေးသွားကြတာ။ ကြီးတော်ကလည်း ဒါတွေစုပြီး ဘုရားလှူ၊ ကျောင်းလှူနဲ့ ပိုတဲ့ဟာတော့ တဘက်တွေ၊ ပဝါတွေ၊ လုံခြည်တွေကို ကျွန်မပဲ ဝယ်,ဝယ်ခိုင်းတာ။ နည်းနည်းကျဉ်းကျဉ်းလိုတဲ့ ငွေကိုတော့ ကျွန်မပဲ စိုက်ဝယ်ပေးနေတာပေါ့။ ဝယ်သာ ဝယ်ခိုင်းတာပါ ကိုရယ် ဝယ်ထားတဲ့ အဝတ်အထည်၊ တဘက်၊ ပဝါတွေ တစ်ခါမှ ဝတ်ဆင်တာ မတွေ့ဖူးပါဘူး'

❑

ကျွန်တော်၏ ကြိုးပမ်းမှုကြောင့် ဇာတိရပ်ရွာနှင့် နီးသော ဌာနသို့ အလုပ်ပြောင်းရွှေ့လုပ်ကိုင်ခွင့်ရခဲ့သည်။ အိုးမကွာ၊ အိမ်မကွာ နေထိုင်ခွင့်ရနေသဖြင့်လည်း ရွာထဲက ဖြစ်ရပ်မျိုးစုံကို ကိုယ်တွေ့မျက်မြင် ကြားသိနေရသည်။ ကိုကျော်ရွှေတို့မှာ မိဘနှစ်ပါးတိမ်းပါးပြီးနောက် ညီအစ်ကိုနှစ်ယောက် စည်းစည်းလုံးလုံးနှင့် လယ်ယာမြေများကို စိတ်ဝင်တစား လုပ်ကိုင်ခဲ့ကြသည်။ သို့နှင့် တစ်နှစ်ခန့်အကြာ၌ ညီဖြစ်သူ စိန်မောင်က တခြားရွာတစ်ရွာမှ ရွာသူတစ်ဦးနှင့် အိမ်ထောင်ပြုရာ ပိုင်ဆိုင်ခွင့်များကို ထုခွဲဝေခြမ်း၍ ညီဖြစ်သူက အိမ်ထောင်ဖက်ရှိရာ ရွာသို့ လိုက်ပါသွားခဲ့တော့သည်။ ကိုကျော်ရွှေမှာ ညီဖြစ်သူနှင့် ခွဲခွာချိန်အထိ လယ်ယာလုပ်ငန်းကို လုပ်ကိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် အရက်သေစာများ သောက်စားမူးယစ်၍ နေညိုချိန် လေပြိုစ,ပြုလာခဲ့သည်။ အိမ်ထောင်ပြုချိန်အရွယ်လွန်သော်ငြား အိမ်ထောင်ပြုဖို့ စိတ်မကူးဘဲ တစ်ကိုယ်ရေတစ်ကာယအဖြစ်နဲ့ အသောက်အစားခုံမင်ကာ လောင်းကစားပါ ဖက်တွယ်လာခဲ့တော့သည်။

ကိုကျော်ရွှေက သူ့ထံလာရောက် ပေါင်းသင်းသူများကို ရက်ရောစွာ ပေးကျွေးသောက်စားစေပြီး ပေါင်းသင်းသူများကလည်း ဂရိတ်ကြီး၊ ဂရိတ်ကြီးဟု မြှောက်ပင့်ပြောဆို စားသောက်နေသည်ကိုပင် သာယာပျော်မွေ့လျက် ရှိနေသည်။ အစားအသောက်၊ အနေအထိုင်မှာလည်း စည်းကမ်းမထားတော့။ အမြင်မတော်သော ဆွေရိပ်မျိုးရိပ် မကင်းသူ လူကြီးများက ပြောဆိုဆုံးမ၊ နားချသော်လည်း နားမဝင်တော့။ တဖြည်းဖြည်းနှင့် သောက်စား လောင်းကစားဘက် ပို၍ နစ်မြုပ်သွားရာက ပိုင်ဆိုင်သော လယ်ယာမြေတချို့သည်ပင် ပေါင်နှံရောင်းချသည်အထိ ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

> **တစ်နေ့နေ့ ကြီးတော် တိမ်းပါးသွားခဲ့ရင် ကြီးတော်မှာ ဘာမှ ချန်ထားခဲ့စရာ မရှိဘူးလေကွယ် ကွယ်လွန်သွားမှ ကြီးတော်ရဲ့ ဝေယျာဝစ္စတွေကို လုပ်ကိုင်ပေးကြမယ့် ကလေးတွေ အတွက် အထတ်အစားကောင်း သန့်သန့်လေးတွေ ရစေချင်လို့ ချန်ခဲ့တဲ့သဘောပါ**

'ဟေ့ ငါပိုင်ပစ္စည်း ငါ့ဟာငါ ဘာလုပ်လုပ် ဘယ်သူ့ဂရုစိုက်ရမှာလဲကွ'

ယစ်မူးလာသောအခါ ရမ်းကားသောစကားများက ပါလာတတ်သဖြင့် နောက်ပိုင်းတွင် မည်သူကမျှ သွန်သင်ဆုံးမပြောဆိုခြင်း မရှိကြတော့ပေ။ ကိုကျော်ရွှေတစ်ယောက် ဤသို့ မူးယစ်ရမ်းကားလေလေ ဝါသနာတူ အပေါင်းအသင်းများက တစ်စထက်တစ်စ ပိုမိုများလာခဲ့သည်။

'ဂရိတ်ကြီး၊ ကိုပြုံးတဲမှာ အသစ်လေးတွေ ရောက်နေတယ်တဲ့ဗျ'

'ဟေ သွားကြတာပေါ့ ငါ့လူရာ ဟင်း… ဟင်း… ဟင်း'

ဥစ္စာဆိုတာ မျက်လှည့်မျိုး ဟူသည့်စကားကို မေ့လျော့ခဲ့သည့် ကိုကျော်ရွှေတစ်ယောက် မွေ့လျော်မြဲဖြစ်သော မကောင်းမှုများ၌ ကိုယ်ရှိန်သတ်၍မရတော့ပေ။ တစ်နေ့ အနည်းငယ် အလှမ်းဝေးသော မြို့ပေါ်သို့ ပစ္စည်းတချို့ ဝယ်ယူရန် ကျွန်တော် အိမ်မှထွက်ခဲ့၏။ လမ်းတစ်လျှောက် အသွားအလာက လူရှင်းနေသည်။ လမ်းတစ်ဝက်အရောက် လူနှစ်ယောက်က ထူချီဆွဲမ လုပ်နေသည်ကို လှမ်းမြင်နေရသည်။ အနီးရောက်မှ ကြည့်လိုက်တော့ ကိုကျော်ရွှေနှင့် သူ့အဖော်။

'ဟာ… ကိုတင်မောင် ကူတွဲထူပါဦးဗျာ၊ ဒီမှာ ဂရိတ်ကြီးပေါ့။ စက်ဘီးနှစ်ယောက်စီးလာရင်း စက်ဘီးပေါ်ကနေ ဘုန်းခနဲ ကျပြီး ပြန်မထ,နိုင် တော့လို့'

ကိုကျော်ရွှေ့အဖော်က ကျွန်တော့်ကို ရှင်းပြနေသည်။ ကိုကျော်ရွှေက ဘာမှမပြောနိုင်တော့။ ဈေးသွားဖို့ကိစ္စ ဖျက်လိုက်ရပြီး ကိုကျော်ရွှေ ရွာပြန်ပို့ဖို့ စီစဉ်လိုက်ရတော့သည်။ ကိုကျော်ရွှေတစ်ယောက် ခြေလက်များပင် သယ်မ,ဖို့ ဝေးစွ၊ ရုတ်တရက် ထွက်လာသော သူ့စကားသံပင် ဂူးဂူးဝါးဝါးနှင့် ပါးတစ်ခြမ်းပါ ရွဲ့သွားတော့သည်။

'လေဖြတ်တာတဲ့'

ကိုကျော်ရွှေ့သတင်းက တစ်မှုဟုတ်ချင်း ပျံ့နှံ့သွားသည်။ ညီဖြစ်သူ စိန်မောင်ရောက်လာပြီး ရက်အတန်ကြာသည်အထိ ဆေးဝါးများနှင့် ကုသ၊ ပြုစုစောင့်ရှောက်ကာမှ ကိုကျော်ရွှေတစ်ယောက် ပြန်လည်ကျန်းမာစ,ပြုလာသည်။ တစ်စတစ်စနှင့် ကိုကျော်ရွှေပို၍ ကျန်းမာလာရာ ယခင်အမူအကျင့်ဆိုးများနှင့် အလေ့အထဟောင်းများက သူ့ထံ ပြန်လည်ရစ်သီလာပြန်သည်။ ကိုကျော်ရွှေ မကျန်းမာစဉ်က ယခင်ပေါင်းသင်းခဲ့သောသူများကို တစ်ယောက်စ၊ နှစ်ယောက်စသာ တွေ့မြင်ရပြီး ကျန်းမာလာပါမှ ဂရိတ်ကြီး၊ ဂရိတ်ကြီးနှင့် ပြန်လည်ဝိုင်းအုံလာကြပြန်သည်။

'ဂရိတ်ကြီး ကျန်းမာလာပြီဗျ'

'ဂရိတ်ကြီးကို ပစ်လိုက်ရပြီ ထင်နေတာ၊ တော်တန်ရုံလူဆို သွားပြီပေါ့'

'သေနိုင်ရိုးလားကွာ ဟား…ဟား…ဟား…ဟား၊ အင်း တကယ်လို့ ငါသာ ရုတ်တရက်သေသွားခဲ့ရင် ဒီပစ္စည်းတွေနဲ့ ငါ့ပိုင်ဆိုင်မှုတွေအားလုံး ဒီအတိုင်း ကျန်ရစ်ခဲ့၊ ထားရစ်ခဲ့တော့မှ'

'ဟုတ်တယ်လေ ဂရိတ်ကြီး'

'အာ… အဲဒီလို မဖြစ်ရဘူးလေ'

'ဒီတော့…'

'ဒီတော့…'

❑

တစ်နေ့ ကိုကျော်ရွှေက ကျန်ရှိနေသေးသည့် လယ်ယာမြေတချို့တစ်ဝက် ညီဖြစ်သူကို ယူထားဖို့ ကမ်းလှမ်းစကား ဆိုသည်။

'တော်ပြီ အစ်ကိုရာ၊ ကျွန်တော် မယူချင်ဘူး။ ခု ကျွန်တော် ရှိနေတဲ့ လုပ်ငန်းတွေကို မနိုင်မနင်းဖြစ်နေတာ။ အစ်ကိုသာ လုပ်ကိုင်စားပါဗျာ၊ ကျန်းမာရေးလည်း ဂရုစိုက်ဦးဗျ'

ကိုကျော်ရွှေ လေဖြတ်ခဲ့စဉ်က ထိတ်လန့်သွားပုံရသည်။ သူမျက်ကွယ်ပြုသွားလျှင် ကျန်ရစ်မည့်ပစ္စည်းများအတွက် နောက်ဆံငင်နေသည်။ ထားခဲ့ရမှာ နှမြောတာ,ပုံရသည်။

ကိုကျော်ရွှေက ခွေးမြီးကောက် ကျည်တောက်စွပ်၊ ဒုံရင်းဒုံရင်းပင်။ ယခင်လို သောက်စားမူးယစ်ရမ်းကားမှုများက ပိုမိုစိပ်လာသည်။ ပိုင်ဆိုင်သမျှ လယ်ယာမြေများကို ပေါင်နှံရောင်းချသုံးစွဲသည်။ လှည်းနွားများပင် မကျန်တော့။ ရက်ကာလများစွာ ကြာမြင့်လာသောအခါ နောက်ဆုံး နေစရာအိမ်လေးနှင့် ကိုကျော်ရွှေတစ်ယောက်သာ ထီးတည်းကျန်ရစ်ခဲ့တော့သည်။ ပစ္စည်းများအားလုံး ကုန်ဆုံးသွားချိန်၌ နေမထိ ထိုင်မသာဖြစ်နေခဲ့သည်။ ပစ္စည်းလည်း ကုန်၊ လူသည်လည်း သေဆိုပြီး တွက်ဆထားသော ကိုကျော်ရွှေမှာ အသက်မသေဘဲ ပစ္စည်းများစွာပဲ ကုန်ဆုံးပျက်စီးသွားခဲ့သည်သာ အဖတ်တင်ခဲ့သည်။

မနေနိုင်သော ညီဖြစ်သူက တစ်ရပ်တစ်ကျေးမှလာ၍ ကိုကျော်ရွှေအတွက် စားသောက်နေထိုင်ရေးကို ပံ့ပိုးပေးသည်။ ညီဖြစ်သူ၏ ကူညီစောင့်ရှောက်မှုက



www.burmeseclassic.com

www.burmeseclassic.com

ကိုကျော်ရွှေ သုံးဖြန်းပုံနှင့် မလောက်င။ နှစ်နှစ်နီးပါးထိသာ အထောက်အပံ့ပေးနိုင်ခဲ့ပြီး ကြာလာတော့ ပေးကမ်းမှုများပါ ရပ်ဆိုင်းပြတ်တောက်သွားခဲ့သည်။ ယခင်က အခြွေအရံဟု ထင်ခဲ့သောလူများသည်ပင် ကိုကျော်ရွှေနား တစ်ယောက်မှ မရှိကြတော့။ နောက်ဆုံး သားချင်းမကင်းသူများက မနေနိုင်ကြတော့ဘဲ တစ်လုတ် တစ်ဆုပ်အတွက် ပေးစာကမ်းစာ စားနေရသော ကိုကျော်ရွှေတစ်ယောက် ဆင်းရဲပင်ပန်းကြီးစွာနှင့် ကွယ်လွန်သွားခဲ့တော့သည်။

❑

ကိုကျော်ရွှေ ကွယ်လွန်ပြီး မေ့မေ့ရေးရေးဖြစ်နေချိန်၊ တစ်နေ့-

'မနီလာခင်၊ မနီလာခင်အွှေ့ မနီလာခင်'

'အယ် ကြီးတော်၊ လာပါ ကြီးတော် ဝင်ခဲ့ပါ'

'မင်း မိန်းမကို ဈေးမှာချင်လို့ပါကွယ်'

အလုပ်ပိတ်ရက် ကျွန်တော် အိမ်တွင်ရှိနေခိုက် ကြီးတော် ဒေါ်ကြင်ပိုက အိမ်သူထံ ဈေးမှာရန် လာပြန်သည်။

'ထိုင်ပါဦး ကြီးတော်၊ ကြီးတော် တူမ တောင်ပိုင်းက မခင်လေးတို့အိမ် သွားနေလို့။ ခဏနေ ပြန်လာတော့မှာပါ'

ကျွန်တော်ကပင် လောကဝတ်ပြုကြိုဆိုရင်း-

'ကြီးတော်က ဘာမှာချင်လို့လဲဗျာ'

'လုံ ခြည် လေးတစ်ထည်ပါ ငါ့တူရယ်၊ မင်းမိန်းမက လူကြီးကြိုက်အဆင်အသွေးလည်း ရွေးတတ်တယ်ကွဲ့။ သူ့ကို ဈေးမှာရတာ စိတ်အေးချမ်းတယ်လေ'

'ကြီးတော်မှာသမျှ ဝယ်ပြီး အဝတ်အထည်တွေ ဘာမှလည်း ဝတ်ဆင်တာ မတွေ့ဘူးလို့ ပြောတယ်၊ ဟုတ်လား ကြီးတော်။ ကြီးတော် တူမ ပြောတာ မယုံလို့'

ကျွန်တော့်စကားအဆုံး ကြီးတော် ဒေါ်ကြင်ပိုတစ်ယောက် တွေးတွေးဆဆ ဖြစ်သွားသည်။

'ဩော် . . . ကြီးတော်လည်း အသက်ရပြီ မဟုတ်လား'

'ဟုတ်ပါတယ်'

'အနိစ္စသဘောနဲ့ သခ်ါရတရားကို ဘယ်သူမှ ကြိုမပြောနိုင်၊ မသိနိုင်ဘူးကွဲ့။ ကြီးတော်မှာက ကျန်ရှိနေတဲ့အချိန်၊ နေခွင့်ရနေသေးတဲ့ လူ့ဘဝလေးမှာ ကောင်းမှုကုသိုလ်လေးပဲ တတ်အားသရွေ့ လုပ်နေရတာလေ'

'ဟုတ်ကဲ့၊ ကျွန်တော်တို့ အတွေ့အမြင်ပါပဲ။ ခု ကျွန်တော်ပြောတာက ကြီးတော်မှာယူသမျှ ပစ္စည်းပစ္စယတွေကို မသုံးဆောင်ဘဲရှိနေတာကို ပြောတာပါ'

'ဩော် . . . တစ်နေ့နေ့ ကြီးတော် တိမ်းပါးသွားခဲ့ရင် ကြီးတော်မှာ ဘာမှချန်ထားခဲ့စရာ မရှိဘူးလေကွယ်။ ကွယ်လွန်သွားမှ ကြီးတော်ရဲ့ ဝေယျာဝစ္စတွေကို လုပ်ကိုင်ပေးကြမယ့် ကလေးတွေအတွက် အဝတ်အစားကောင်း သန့်သန့်လေးတွေ ရစေချင်လို့ ချန်ခဲ့တဲ့သဘောပါ။ သူတို့လေးတွေ ဝတ်ဆင်ကြပါစေပေါ့ကွယ်။ ဒီသဘောနဲ့ ကြီးတော် မဝတ်မဆင်ဘဲ ထားခဲ့ချင်လို့ပါ'

ဩော် . . . စိတ်နှစ်ခုရဲ့ အကွာအဝေးက . . .။ ■

**ကိုကောင်းသော်**

၊ကျောက်ဆည်၊




**သင့်ရင်သွေးနာမည်ပေးမယ်ဆိုလျှင် "မူလပထမ"**

**ကွန်ပျူတာဗေဒသုခုမ**

**မှာ**

**အပ်နှံမှ စိတ်ချရမယ်။ ဖုန်းတစ်ချက်သာ ဆက်လိုက်ပါ။**

■ သင့်ရင်သွေးအတွက် ပညာထူးချွန်ထက်မြက်ပြီး ဘဝတစ်လျှောက်လုံး ကံကောင်းတိုးတက်အောင်မြင်စေမည့် နာမည်လုလု ရွေးချယ်စရာများစွာနှင့် ဟောစာတမ်း၊ နာမည်ပေးလမ်းညွှန်၊ ဗြိစက္ကဇာတာများကို ကွန်ပျူတာနှင့်ရွေးချယ်ပေးပြီး အိမ်အရောက်ဝန်ဆောင်မှုဖြင့် ပို့ပေးနေပါသည်။

■ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ မိဘပေါင်းများစွာယုံကြည်စိတ်ချအားထားသလို သင်လည်းယုံကြည်စိတ်ချနိုင်ပါသည်။ (နယ်သို့ V.P.L စနစ်ဖြင့် စာတိုက်မှပို့ပေးသည်)

■ ၁၉၉၈ ခုနှစ်မှစတင်တည်ထောင်ခဲ့ပြီး ယနေ့တိုင် အောင်မြင်လျက်ရှိပါသည်။

**ဒေါက်တာတင်ဗိုလ်ဗိုလ်** (နာမက္ခရ ကျမ်းပြုပညာရှင်) ကိုယ်တိုင် နာမည်ပေးသည်။

**(နာမည်ပေးလုပ်ငန်းဆင်တူရိုးမှားများနှင့်မကြာခဏမှားယွင်းတတ်ပါ၍မိဘများသတိပြုကြပါ)**

အမှတ်-၄၆၊ အခန်း-(၆)၊ နံ့သာထမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၂၂၈၆၅၁၊ ၀၉-၇၃၀၇၇၇၃၀၊ ၀၉-၅၀၇၄၂၂၆

**Website: www.baydathukhuma.com**




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com


www.burmeseclassic.com

၁။
'အဖေ နေမကောင်း ဘူးလား' မေးတော့
ဦးချက်စု ခေါင်းညိတ်ရုံပဲ ညိတ်ပြလိုက်၏။
ဘာမှဆက်မမေး၊ ဘာမှ မပြောတော့ဘဲ
သားကိုမြဆောင်က သူ့အဖေအနားမှ
လှည့်ထွက်သွားသည်။ ခုမှ လွတ်လပ်သွားသူလို
သိုးမွေးခေါင်းစွပ်ကိုလည်း ချွတ်၊ အနွေးထည်
ဆွယ်တာများကိုလည်း

# ဘယ်သူတွေ ဘာပြောပြော
# ကိုယ့်တောပဲ ကိုယ်လွမ်းတယ်

**သာထပ်ဖေ**

ဦးချက်စု ချွတ်ပစ်လိုက်သည်။ စိတ်က
ဆောင်သူမို့ သွက်လက်စွာ
ဆွဲခွာချွတ်သော်လည်း
လက်အမြောက် အကွေးမှာ လက်မောင်းရင်းဆီမှ
နာသလိုလို၊ ကိုက်သလိုလိုဝေဒနာ
ခံစားလိုက်ရတာ ဦးချက်စု သိလိုက်၏။
'ဘုရား… ဘုရား' ဟု နှုတ်မှ
လွှတ်ခနဲ ထွက်တော့မလို ဖြစ်သွားပြီးခါမှ
သူ့စိတ်သူ ပြန်တင်းထားလိုက်၏။
ဘာလို့ ဘုရားတ,ရမှာလဲ။
ငါ မတ,ဘူး။ ဘုရားတ,တယ်ဆိုတာ
မာန်လျှော့သူတွေရဲ့ အလုပ်။
စိတ်ဓာတ်ပျော့သူတွေရဲ့ အလုပ်။
အနွေးထည်သုံးထပ် ဝတ်ထားရတာ၊
သားစကား နားထောင်ရတာ
စိတ်လည်းအိုက်၊ လူလည်းအိုက်၊
ခုလို စွပ်ကျယ်လေးနှင့်ဆိုလည်း ရတာပါပဲ။
ပိတ်ထားသည့် ပြတင်းတံခါးကြား
လျှာထိုးပျဉ် အဟ,ထဲမှ
လေဝင်လာတာ အေးညှံ့သက်သည့်
အရသာကို ဦးချက်စု ပြုံးပြုံးကြီး
ခံစားနေလိုက်မိသေး။
ဇက်ကလေးထိုးရုံ၊ စိတ်မကြည်ဘဲ
ခေါင်းနောက်ရုံလောက်ပါပဲ။ အသက်
ခုနစ်ဆယ်ကျော် ရှစ်ဆယ်နီးလာသည့်တိုင်
သွေးတိုး၊ ဆီးချို၊ ပန်းနာ၊
ရင်ကျပ် စသည့် လက္ခဏာမျိုး





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

သူ့မှာ အလျှင်းမရှိ။

'ဟော့ ကလေးတစ်ယောက်'

ဦးချက်စူက လှမ်းခေါ်သဖြင့် ဆယ့်ငါးနှစ်ရွယ် အိမ်ဖော်မလေးက မီနစ်မဆိုင်း ရောက်လာသည်။

'ဘာလုပ်ပေးရမလဲ ဘိုးဘိုး'

'အဲဒီ တံခါးပေါက်လေး' ဟု ပြောရုံ ရှိသေး ကောင်မလေးက-

'မဖွင့်ရဲဘူး ဘိုးဘိုး၊ အစ်ကိုကြီးက ကျွန်မကို ဆူလိမ့်မယ်'

ပြောပြောဆိုဆို လစ်ထွက်သွားသဖြင့် ပက်လက်ကျွန်းကုလားထိုင်ပေါ်ထိုင်နေရာမှ ထ,ကာ ဦးချက်စူကိုယ်တိုင် တံခါးပေါက်ပြတင်းကို ဖွင့်ပစ်လိုက်သည်။ တံခါးဖွင့်ထားတာတွေ့လျှင် 'အဖေကလည်းဗျာ' အစချီကာ ကိုမြဆောင်က ရွတ်နေကျ ကရုဏာဒေါသော ညည်းချင်းကို ရွတ်ရင်း တဖျစ်တောက်တောက် လုပ်လာမှာကို ဦးချက်စူလည်း ကြောက်တာပါပဲ။ ကြောက်တယ်ဆိုတာ စိတ်ရှုပ်တာကို ဆိုလိုပုံပေါ်ရဲ့။ မတတ်နိုင်။ ကိုယ့်ဆန္ဒကို ကိုယ်တိုင်တိုက်ပွဲဆင် တောင်းဆိုရမှာပဲ မဟုတ်ပါလား။

အရသာရှိလိုက်တာ လေပြည်လေညင်းလေး။ ရွာဘာဘုန်းကြီးကန်နား ထနောင်းပင်အရိပ်မှာ ပုတတ်ကွင်းထောင်ရင်း နားနေသခိုက် ခုလို လေပြည်ညင်းလေးပဲပေါ့။ ဘယ်လောက်ကြည်နူးစရာကောင်းလိုက်ပါသလဲ။ အောင်မောင်းက မိုးနံ့ချိုစပ်တွေပုတ်ပြီး ပုတတ်ကို ခြောက်၊ ပုတတ်တွင်းဆီ လာမလာ ထနောင်းပင်ရိပ်မှာနားရင်း ကိုချက်စူက စောင့်အကြည့်။ ပျော်စရာကောင်း လိုက်တာနော်။ သူတစ်ယောက်တည်း ဦးချက်စူ အတွေးစကားတွေ ပြောနေမိခဲ့။ ငယ်ဘဝပုံရိပ်ကို မြင်ယောင် လွမ်းနေတုန်း သူခံစားနေရသည့် အလွမ်းရသကိုက ဘယ်အရာနှင့်မှ နှိုင်းယှဉ်မရနိုင်ပေါင်။ အလွမ်းရသကို ဘယ်ရသကမှ မီမယ်မထင်ပေါင်။

ကုလားထိုင်ပေါ် ပြန်မှီကာ ဦးချက်စူ မျက်လုံးကို ပိတ်ထားလိုက်သည်။ ပိတ်ထားသည့် မျက်ခွံအောက်ကလား၊ မျက်လုံးထဲကလား မသိ ဖြူ၊ စိမ်း၊ နီ၊ ဝါ အရောင်တွေ မှုန်မွှားလွင့်စဉ်သွားလိုက်၊ စုပိုင်းလုံးထွေးသွားလာလိုက်၊ ပြိုကွဲသွားလိုက် ရောင်စဉ်အမျှင်တန်းတွေ ဖြစ်သွားလိုက်၊ အလုံးအဝန်းတွေ ပြန်ပြားလွင့်ပြေးနေလိုက်၊ အရောင်စုံတွေ ပျောက်သွားကာ အဝါပြင်ကြီး ပေါ်လာလိုက်၊ အပြာပြင်ကြီးပေါ်လာလိုက်နှင့် ထိုအရောင်များနောက်၊ ထိုဖြစ်စဉ်များနောက် သူ့အာရုံက မျောပါသွားရင်း အသံတစ်သံကြားလိုက်ရသလို...။

'လိုက်ဟေ့၊ တောင်ဘက် ပန်းပြီးလိုက်'

ဘယ်သူ့အသံလဲ ကွဲကွဲပြားပြားမရှိ။ အောင်မောင်းလည်းဖြစ်နိုင်တာပဲ၊ ကျောက်ဒိုးလည်း ဖြစ်နိုင်တာပဲ။ ခွေးသံ၊ လူသံတွေ ဆူညံသွားပါပကော။ ခွေးသံတွေက တအိုင်အိုင်၊ လူသံတွေက တဟေးဟေး။ ဒါ ပုတတ်လိုက်နေတာပဲ။ ဘယ်မှာလဲ။ ဦးချက်စူ ပြန်စဉ်းစားကြည့်သည်။ မှတ်မိပြီ။ အာရုံထဲမှာ မြင်လာပေါ်လာပြီ။ ကျောက်ပထိုးခင်မှာ ပုတတ်လိုက်နေကြတာကလား။ ခုလို အဘိုးကြီးတွေ ဘယ်ဟုတ်မလဲ။ ဆယ်နှစ်ကျော်၊ ဆယ့်ငါးနှစ်အတွင်း ကာလသားပေါက်အရွယ်တွေပဲပေါ့။ အောင်မောင်းရယ်၊ ကျောက်ဒိုးရယ်၊ ငရွှေရယ်၊ ငါရယ်။ ငယ်ဘဝလေးဆီ၊ ရွာမှာ ပျော်ခဲ့ရသည့် ကာလများဆီ ဦးချက်စူ အာရုံလုံးလုံးရောက်သွားခဲ့သည်။

အအေးခန်းထဲမှာ အဲယားကွန်းကို အိမ်ဖော်မလေးက လာပိတ်ပေးသည်။ လူက မြို့လယ်ကောင် တိုက်ကြီးတစ်လုံးအတွင်းမှာ ရှိနေသော်လည်း သူ့စိတ်က၊ ဦးချက်စူစိတ်က ဘန့်ဘွေးကုန်းရွာ ကျောက်ပထိုးခင်ကြောထဲ ရောက်နေလေပြီ။ အအေးခန်းထဲမှာ အပူအအေးမျှတစွာ နေခွင့်ရသော်လည်း သူ့စိတ်က နေပူပြင်းလှသည့် အညာနွေ၏ နေ့လယ်ခင်းကို လွမ်းနေပြီ။ ငရွှေက စုံ့စုံ့မှိုမှိုလေးဖြစ်နေသည့် ဂယ်ပေါက်ကို ပိတ်ထားပြီး သူကိုယ်တိုင်က ပုတတ်ကျင်းထဲ လက်ထိုးကာ ပုတတ်၏ မေးကြောကို ဆုပ်ထားလျက် ပုတတ်ကို တွင်းထဲမှ ဆွဲထုတ်ဖို့ ကြိုးပမ်းနေပုံကို မြင်ယောင်နေသည်။ နှုတ်သီးချွန်ချွန်၊ ကိုယ်ထည်သေးသေး၊ တောလိုက်ခွေးငနီ၏ တအိုင်အိုင်မြည်သံကို ကြားယောင်ပြီး အမြီးတနန့်နန့်ဖြင့် တွင်းဝင်ယက်ပေးနေပုံကိုပါ မြင်ယောင်နေတုန်းပင်။ ကျောက်ဒိုးနှင့် အောင်မောင်းက ပုတတ်အပြေးကို သတိကြီးစွာ စောင့်ကြည့်ဖို့ နေပူအောက်မှာ ခါးထောက်ရပ်နေကြပုံကိုပါ ဦးချက်စူ မြင်ယောင်နေသည်။ တိမ်ကြားနေကလည်း ကျဲကျဲတောက်ပူနေခဲ့တာကလား။ ကျောပြောင်ပြောင်ကို ဖောက်ကာ နေရောင်က အရိုးထိ တောက်လောင်မတတ် ပူလောင်ပြင်းလှပေစွ။

'ဟော ဖေကြီးကတော့ လုပ်ပြီ'

ချွေးမဖြစ်သူ ပပလှိုင်က အခန်းထဲဝင်လာလာချင်း ကိုမြဆောင်ကြားအောင် အသံကို တမင်မြှင့်၍ ပြောလိုက်ခြင်းပင်။ ဘာများလုပ်လိုက်ပါလိမ့်၊ ဘာဖြစ်သွားပါလိမ့် ဆိုသော စိုးရိမ်စိတ်များဖြင့် ကိုမြဆောင်လည်း အပြေးတစ်ပိုင်းရောက်လာသည်။ ပပလှိုင်ကို တွေ့လိုက်ရတော့ ကိုမြဆောင် စိတ်သက်သာရာ ရသွားသည်။ ပပလှိုင်ကို ကိုမြဆောင်က လှမ်းကြည့်ရုံရှိသေး ပပလှိုင်က-

'ဒီမှာလည်း ကြည့်ဦး၊ ဖေကြီးရယ်လေ အနွေးထည်တွေချွတ်ပြီး စွပ်ကျယ်အင်္ကျီလေးနဲ့ ထိုင်နေတာ ဘယ်လောက်တောင်ကြာနေပြီလဲ' ဟု ခင်ပွန်းဖြစ်သူကို တိုင်တည်ပြောရင်းမှာပင် ကလေးတစ်ယောက်ကို ပြုစုသလို 'ကဲ...ဖေကြီး လက်မြှောက်၊ စွပ်ကျယ်ချွတ်လဲမယ်။ ပြီးတော့ အနွေးထည်တွေ ထပ်ဝတ်ရမယ်' ဟု ပြောရင်းဆိုရင်း ဦးချက်စူကို အင်္ကျီချွတ်ပေးလိုက်၏။ အင်္ကျီကို



www.burmeseclassic.com

www.burmeseclassic.com

ချွတ်ပေးရင်းကပင် 'တံခါးပေါက်ကိုလည်း ဖွင့်ထားတယ်လေ။ မြင်တယ်မဟုတ်လား' ဟု ခင်ပွန်းဆီ မေးဆတ်ပြလျက် ပြုံးပြုံးရယ်ရယ် ပြောနေလေ၏။

'အဲဒါ အဖေကိုယ်တိုင်ဖွင့်တာ ဖြစ်မယ်။ နှင်းရီကတော့ လုပ်ပေးရဲမှာ မဟုတ်ဘူး'

ကိုမြဆောင်က မှတ်ချက်ချလိုက်၏။ တစ်လက်စတည်း-

'အသက်ကြီးပြီနော၊ ကိုယ့်ကိုယ်ကို တောမှာချီးတည် တောလိုက်အရွယ်မှတ်မနေနဲ့ဦး။ ဦးခေမာကျောင်းကို ဘုရားတရားနဲ့နီးအောင် ပို့ပေးချင်တာ၊ တော်ကြာ ရွာကလူတွေက မြဆောင်ရယ်လေ အဖေကိုပြုစုဖို့ ခေါ်သွားပြီးမှ ဘုရားပို့ ကျောင်းပို့လုပ်နေပြီလို့ ပြောမှာစိုးလို့' ဆိုသော စကားဖြင့် ဗျောက်အိုး ဖောက်လေတော့၏။

□

၂။

ဘန့်ဘွေးကုန်းရွာ၊ ဦးချက်စု မွေးဖွားကြီးပြင်းခဲ့ရာ ဘန့်ဘွေးကုန်းရွာ။

အညာမှာ ဘန့်ဘွေးကုန်းရွာ ဘယ်မျှရှိမည်ကို ဘယ်သူမှ သိမှာ မဟုတ်။ မြို့နယ်တကာ ကွင်းဆင်းကာ ဘယ်သူကမှလည်း စာရင်းကောက်ထားတာ မရှိနိုင်။ ဘယ်မြို့နယ်မှ ဘန့်ဘွေးကုန်းရွာကား မြို့နှင့် ဘယ်မျှကွာဝေးကာ အိမ်ခြေဘယ်လောက်၊ လူဦးရေဘယ်မျှမှအစ၊ ကျောင်းကန်ဘုရားအဆောက်အဦမှအစ လယ်ယာဧရိယာဇကတွေ ပါစာရင်းကောက်ယူဖို့က ပို၍အလှမ်းဝေးပေလိမ့်မည်။ (ကျေးရွာအုပ်စု ဒိုင်နယ်ချုပ်ထဲမှာတော့ ရှိနိုင်ကောင်းပါရဲ့။)

ဦးချက်စု မွေးဖွားကြီးပြင်းရာ ဘန့်ဘွေးကုန်းရွာသည်ကား အညာတောမြို့လေးတစ်မြို့အတွင်း မြို့နှင့်မိုင်နှစ်ဆယ်ကျော် ကွာလှမ်းလျက် အင်မတန် ချောင်ကျကာ ခေါင်လှသည့် အိမ်ခြေတစ်ရာမပြည့်သည့် ရွာတစ်ရွာမျှသာ ဖြစ်ပါသည်။ ကားလမ်းမရှိ၊ ရထားလမ်းမရှိ၊ မြစ်ချောင်းနှင့်လည်း မနီး၊ မြို့သို့ လာချင်ပါက နှစ်တိုင်ကွာ ဒဟတ်တောရွာကားကို သွားစီးပါမှ မြို့ရောက်နိုင်သည့် အခြေအနေ။ ထန်းလျက်ပေါ်ချိန်မှာတော့ ရွာသိမ်ရွာငယ်ဖြစ်လင့်ကစား ဒဟတ်တောကားက ရွာထိ လမ်းဖောက်ကာ ထန်းလျက် လာတင်လေ့ရှိပါသည်။ တစ်ရွာလုံးမှာ ထန်းသမားလေးငါးယောက်မျှသာရှိတာမို့ ထန်းလျက်ရာသီချိန်မှာ ထန်းသမားဗိုက်ကို ခွေးနမ်းခံရမြဲပင်။

ထိုလေးငါးယောက်မျှသော ထန်းသမားထဲမှ တကယ်တမ်း ထန်းတက်သူမှာ သုံးဦးမျှသာ။ ကျန်တစ်ဦး၊ နှစ်ဦးကတော့ ပင်စင်သမားများအတွက် အခါးလောင်းပေးကြသည်။ ထိုပင်စင်သမားတွေထဲမှာ ဦးချက်စုလည်း တစ်ဦးအပါအဝင်ဖြစ်ခဲ့သည်။ သား ကိုမြဆောင်က ကျောက်တူးရင်း ကျောက်ပွင့်သဖြင့် ကျောက်သူဌေးအဖြစ် ကုမ္ပဏီထောင်ထားပြီး သူ့အဖေ ဦးချက်စုကို မသေမီပြုစုဖို့ မြို့ကြီးဆီ၊ မိမိဆီခေါ်ထားကာ အကောင်းဆုံးစည်းစိမ်ဖြင့် စိမ်ကျွေးမွေးထားသော်လည်း မနက်မိုးလင်း အိပ်ရာထ၊ ဘုရားရှိမခိုးမီမှာ အိပ်ရာထဲမှာ စောင်ကို ခွာချပြီးသည်နှင့် ဂါထာရွတ်သလို 'ဘယ်သူတွေဘာပြောပြော ကိုယ့်တောပဲကိုယ်လွမ်းတယ်' ဟု ဦးချက်စု တီးတိုးရေရွတ်နေကျ။ တကယ်ပါပဲ။ အချိန် ရှိသရွေ့ သူ့စိတ်အာရုံက သူ့ရွာ သူ့တောမှာချည်း ကူးချည်သန်းချည်ဝဲပျံနေတတ်တာကလား။ တစ်နေ့မှာ ကိုမြဆောင်တို့ မိသားစု ခရီးထွက်နေတုန်း အိမ်ဖော်မလေး နှင်းရီကို ခေါ်ပြီး စကားစမြည်ပြောဖို့ စိတ်ကူးပေါ် လာပါရော။ နှင်းရီက မြို့သူလေးလို လှအောင် ဝတ်စား ပြင်ဆင်တတ်သော်ငြား တောသူစရိုက်မပျောက်တာကို ဦးချက်စုက အကဲခတ်မိထားတာကိုး။

'နင့်ရွာကို မလွမ်းဘူးလား' မေးလိုက်ရုံနှင့် နှင်းရီကလည်း 'လွမ်းတာပေါ့ဘိုးဘိုး' ဟု သွက်လက်မြူးကြွသည့်လေသံဖြင့် ဖြေလိုက်ပြီးပြီပေါ့။ 'တစ်ယောက်တစ်လှည့်စီ ရွာအကြောင်း ပြောကြေး' အဖြစ် အလွမ်းပြေအစီအစဉ်ကို ဦးချက်စုက နှင်းရီကို ပြောပြလိုက်ပြီး 'ငါ အရင်ပြောမယ်နော်' ဟုပင် သနားစဖွယ် ခွင့်ပန်လိုက်သေးရဲ့။ နှင်းရီက ပြုံးပြုံးလေးနှင့် ခေါင်းညိတ်တော့ 'အေး... ငါပြောမယ်' ဟု ရှေ့ကို ကုန်းထ,ပြီးမှ ပက်လက်ကုလားထိုင်ကို ပြန်မှီကာ 'ငါ ရွာကို သိပ်လွမ်းတာပဲဟာ။ ခုချိန်ပေါ်တော်မူ ဘုရားပွဲ စ,နေပြီပေါ့။ တောဘုရားပွဲ ဆိုတော့ သူများတွေအဖို့ ခြောက်ကပ်ပေမဲ့ တို့အဖို့တော့ ပျော်စရာကြီးပေါ့နော' ဟု စကားတောင် ခေါ်မိသေး။ နှင်းရီကလည်း သူ့ကို ပြုံးပြုံးလေးငေးကြည့်ကာ စိတ်ဝင်တစားနားထောင်ပေးတာမို့ အားတက်သရော အရွယ်တူငယ်သူချင်းနှင့် စကားပြောနေရသည့်အလား။

'ဟဲ ဟဲ ဟဲ တောဘုရားပွဲဆိုတော့ ထန်းရည်အရက်ကတော့ ပေါမှပေါလေ။ နင်က မိန်းကလေးဆိုတော့ သိမှာ မဟုတ်ပါဘူး။ ငါက ထန်းရည်သောက်ပေမဲ့ တော်ရုံတန်ရုံ ထန်းရည်ကို သောက်တာ မဟုတ်ဘူး။ စိမ်းကြည်ပြီး ငှက်ခါးတောင်ကျမှ၊ အမြှုပ်လေးတွေဝေနေမှ၊ တို့ရွာက ကိုကျောင်းခွေးထန်းရည်မှ သူ့ဆီမှာ ငါက ပင်စင်သောက်တာ။ ပင်စင်သောက်တယ်ဆိုတာ နင်နားလည်လား'

နှင်းရီက ခေါင်းယမ်းပြသည်။ နှုတ်က ဖြေမနေတော့။

'အမြဲသောက်တာကို ပြောတာ။ တို့အတွက် သီးသန့်အိုးဆွဲပေးထားရတာ။ ခုခေတ်အခေါ်တော့ ရှယ်ပေါ့ဟာ။ ဘာပြောကောင်းမလဲ။ ပုတတ်ကို အတုံးလေးတွေစဉ်းပြီး သောက်စလူးချက်၊ ပင်စိမ်းရွက်လေးခတ်၊ အုန်းမှုတ်ခွက်နဲ့ ခပ်သောက်လိုက်၊ ပုတတ်ချက်လေး မြည်းလိုက်နဲ့ သိကြားမင်းစည်းစိမ်နဲ့ ဘယ်လဲမလဲ မှတ်။ ဒါပေမဲ့ တို့က မူးပြီးရမ်းတာ မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com

အပျော်သောက်တာ။ အဲ… ပေါ်တော်မူဘုရားပွဲရောက်ရင်တို့ပျော်တာ အထွတ်အထိပ်ပဲလေ။ ရွာဘုရားပွဲမှာ ဘယ်ဇာတ်ကိုမှ မငှားဘူး။ ကိုယ့်ရွာက ခြောက်လုံးပတ်ဆိုင်းနဲ့ပဲ ပြဇာတ်က,ကြတာ။ ဟား ဟား ရယ်စရာကောင်းတာက ထွန်းအေး ဒါရိုက်တာလုပ်တဲ့နှစ်က ပြဇာတ်မင်းသား လုပ်ချင်ရင် ငါးဆယ်ပေးရမယ် ပြောလို့ ကာလသားတိုင်းက ပေးတဲ့ကြေးနဲ့ ဒီကောင် တစ်မိုးလုံး ထိုင်စားလို့ရတယ်'

'ဟင် ဒါဖြင့် ပြဇာတ်မင်းသားက'

နားမလည်သလို နှင်းရီက ခပ်ငေးငေးဆဆလေး ဖောက်မေးလိုက်ရာ-

'ဟား ဟား အဲဒါကိုပဲ ပြောတာ၊ ရယ်စရာကောင်းတယ်ပြောတာ။ မင်းသမီးငှားပြီး က,တဲ့ ပြဇာတ်က (လက်ပုတ်ဘောပွဲ)တဲ့။ မင်းသမီးက ဘောလုံးပေါ့။ ငါးဆယ်ပေးထားတဲ့သူတိုင်း ပြဇာတ်မင်းသားတွေလေ၊ ဘောလုံးသမားတွေပေါ့။ ဟိုလူကဆွဲ၊ သည်လူကဆွဲနဲ့ ပရိသတ်ကလည်း ရယ်လိုက်တာ အုန်းအုန်းထ,လို့ ပတ်တုတ်လို့တောင် မရဘူး'

နှင်းရီကပါ နှစ်ခြိုက်စွာ ရယ်မိလိုက်သေး။

'နောက် ရယ်စရာကောင်းတာရှိသေး။ ဒီ ပေါ်တော်မူဘုရားပွဲမှာပေါ့၊ ငါ ဆက်ပြောရမလား'

'ပြောပါ ဘိုးဘိုး'

နှင်းရီကလည်း အသာတကြည်ပဲ ခွင့်ပြုလိုက်တော့-

'ရွာကျောင်းက ကျောင်းထိုင်ဆရာတော် ပျံလွန်သွားတော့ ဂိုဏ်းအုပ်ဘုန်းကြီးက တစ်နယ်က ဦးပဥ္စင်းပျိုတစ်ပါးကို ရွာကျောင်းမှာ လာထားတယ်။ အဲ… ဘုရားပွဲနီးကပ်လာတော့ ရွာကို ဦးပဥ္စင်းက အစည်းအဝေးခေါ်တယ်လေ။ 'ခင်ဗျားတို့ရွာ ဘုရားပွဲရက်မှာ မူးတာကို ကျုပ် သဘောမကျဘူး။ ဓမ္မကထိက တစ်ပါးပါးကို ပင့်ပြီး တရားပွဲလုပ်ပေးမယ်။ ဘယ့်နှယ်လဲ'မေးတော့ ဘယ်သူကမှ မလှုပ်ဘဲ ငြိမ်နေကြသေးတယ်။ ခဏကြာတော့ ဘိုးဘိုးကပဲ ကန့်ကွက်လိုက်တယ်'

'ဘာလို့ ကန့်ကွက်တာလဲဟင်'

'ဘိုးဘိုး ကန့်ကွက်ခဲ့တာက ဒီလို'

ထိုသို့ ဦးချက်ရှုက အစချီပြီး-

'တပည့်တော်တို့ ဘုရားပွဲလုပ်တယ်ဆိုတာ ဘုရားအတွက် လုပ်တဲ့ပွဲမဟုတ်ပါဘူး ဘုရား။ ဘုရားကို အကာအကွယ်ယူပြီး တပည့်တော်တို့အတွက် လုပ်တာပါ။ ဟိုးအစဉ်အဆက်ကတည်းက တပည့်တော်တို့ အလုပ်ပါးရက်ကို တမင်ရွေးပြီး ပွဲရက်သတ်မှတ်ခဲ့တာပါ ဘုရား။ ထန်းတစ်ဖက်၊ ယာတစ်ဖက် ဆင်းရဲတွင်းနက်ခဲ့သမျှ ပင်ပန်းဖြေတဲ့သဘော ပျော်ပျော်ပါးပါး ကိုယ့်အရုပ်၊ ကိုယ့်ဇာတ်၊ ကိုယ့်ဆိုင်းနဲ့ ကကြခုန်ကြတဲ့သဘောပါ ဘုရား။ မူးတယ်ဆိုတာကလည်း ပျော်ကောင်းရုံပါပဲ ဘုရား။ ဆူပူရမ်းကားသောင်းကျန်းတာမဖြစ်အောင် အချင်းချင်း ထိန်းကျောင်းသွားနိုင်ပါတယ်ဘုရား။ ဒါကြောင့် တပည့်တော်တို့အပေါ် ခွင့်လွှတ်ပေးပါ ဘုရား။ မျက်နှာလွှဲတော်မူပါ ဘုရားလို့ လျှောက်ထားလိုက်ရတာပေါ့'

ရယ်ရယ်ပြုံးပြုံးနှင့်ပင် 'ဘိုးဘိုးကတော့ ရှာမှရှားပါပဲ'ဟု နှင်းရီက မှတ်ချက်ချတော့ ဦးချက်ရှုမှာ နှစ်ခြိုက်သဘောကျစွာ ရယ်နေတော့၏။ နှင်းရီက သူပြောလှည့်ရောက်တော့ ရွာဝါကျွတ်ပွဲမီးကြာလှည့်ပုံကို ကြည်နူးလွမ်းဆွတ်စွာ ပြန်လည်ပြောပြပြန်သည်။ 'ရွှေမုဋ္ဌောဘုရားမှာ လက်ယာရစ်မီးကြာဖြင့် ခုနစ်ပတ်လှည့်နေတုန်း ငပိန်က ဟူးခနဲ မီးမှုတ်ပြီး ခါးကိုလှမ်းဖက်လို့ အမေ့လို့ အော်လိုက်မိရော၊ ဒွေးခါ သိလိုက်တာနဲ့ တကာတဲ ပွဲကြမ်းလိုက်တာ ငပိန်ခမျာ ပြေးကိုပြေးရော'ဟု ရယ်ရွှန်းဖတ်ရွှန်းစားမြုံ့ပြန်ရင်း မျက်နှာပေါ် ဆွေးရိပ်သန်းသွားတာကို ဦးချက်ရှုက ရိပ်စားမိသွား၏။ ထို့နောက် ပုန်းမကြည်မှောက်တုန်းက နွားရုပ်၊ လှည်းရုပ်မုန့်တွေ စားရတာ ပျော်ဖို့ကောင်းကြောင်းကိုပါ နှင်းရီက ဆက်ပြောလာ၏။

'အစ်မက အားကြီးရယ်ရတာ၊ လူရုပ်မှာ ငယ်ပါတွေတောင် ထည့်ထားတာ'

ပြောပြောရယ်ရယ်နှင့် နှစ်ယောက်သား ရွာလွမ်းချင်းဖွဲ့ကာ ကြည်နူးတသနေကြစဉ် အိမ်ရှေ့မှကားရပ်သံ ကြားလိုက်ရသဖြင့် နှင်းရီခမျာ 'ဟော အစ်ကိုကြီးတို့ ပြန်လာပြီ၊ ကျွန်မ တံခါးသွားဖွင့်ပေးရမယ်'ဟု ပြောရင်း ဦးချက်ရှုအခန်းထဲမှ သစ်ရွက်ခြောက်လေလွင့်သလို နှင်းရီ လစ်ပြေးသွားပေတော့၏။

❑

၃။

ထိုသို့ နှင်းရီထံ သွန်မှောက်အန်ချကာ ရွာလွမ်းချင်းဖွဲ့ပြီးနောက် သုံးရက်မြောက်မှာ ဘာရောဂါမှမရှိဘဲ ရုတ်တရက် ဦးချက်ရှု ကွယ်လွန်အနိစ္စရောက်သွားလေတော့၏။ ရွာမှ ကားတစ်စီးအပြည့် ရောက်လာပြီး သတင်းမေးသူမှန်သမျှကို ကိုမြဆောင်က ဒိုင်ခံရှင်းလင်းပြနေရတော့၏။

'ကျွန်တော်ကတော့ အေးအေးလူလူနေလို့ရအောင် ပြုစုချင်တာလည်း ပါတာပေါ့ဗျာ။ စည်းစိမ်အပြည့်ပေးထားတာ သူက မပျော်ဘူး။ အချိန်ရှိသရွေ့ ရွာကိုပဲ လွမ်းနေတာ။ ဟိုတစ်နေ့ကပဲ မနက်ဖြန် ရွာအလည်ပြန်ချင်ရင် လိုက်ပို့ပေးမယ်လို့ ပြောမိတယ်။ ညနေကျတော့ ကျောက်တွင်းမှာ အရေးပေါ်မြေပြိုတဲ့ သတင်းကြားလို့ တစ်ရက်၊ နှစ်ရက်ဆိုင်းပေးပါ အဖေလို့ တောင်းပန်ရပြန်တာပေါ့။ အေး…အေး လို့တော့ ပြောပါရဲ့။ ည ဆယ်နာရီလောက်မှာ အိုဗာတင်းတိုက်ဖို့ နှင်းရီ သွားတော့ အခန်းထဲမှာ သူသေနေပြီလေ။ နှင်းရီက တငိုတည်းငိုရင်း ပြောပြတာ သူနဲ့ စကားတွေပြောနေတုန်းက တကယ်လို့ ငါသေသွားရင် နင်က ငါ့ကိုယ်စား 'ဘယ်သူတွေ ဘာပြောပြော ကိုယ့်တောပဲ ကိုယ့်လွမ်းတယ်ဆိုတာလေး ရွတ်ပေးပါနော်'လို့မှာသွားသေးသတဲ့'။ ■

သာထပ်ဖေ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com

**ရုပ်ရှင်ရဲ့ အစ**

မနက် ၁၀ နာရီ၊ ရန်ကုန်တိုးဂိတ်ကျော်လို့ ‘ရောဝတီတိုင်းမှ လှိုက်လှဲစွာ ကြိုဆိုပါ၏’ ဆိုတဲ့ ဆိုင်းဘုတ်ကို ဖြတ်သန်းလာခဲ့ပြီ။ ရန်ကုန်တိုင်းနဲ့ ရောဝတီတိုင်းကို ဆက်သွယ်ထားတဲ့ အဝေးပြေးလမ်းမပေါ် မြတ်ကောင်းကင် အမြန်ယာဉ်ကြီးက တငြိမ့်ငြိမ့်မောင်းနှင်နေတယ်။ ဒါပေမဲ့ ကျွန်တော့်စိတ်တွေကတော့ အတော်လေး လှုပ်ခတ် ယိုင်နဲ့နေမိတယ်။ သမ္ဗုဒ္ဓေဂါထာကို ပါးစပ်ဖျားက တတွတ်တွတ်ရွတ်နေပေမဲ့



ကြောက်လန့်မှုကမပြေ။ ခုံနေရာ အခက်အခဲကြောင့် ကားဒရိုင်ဘာရဲ့ နံဘေးမှာ ကပ်လျက် လိုက်ပါခဲ့ရခြင်းကို ကနဦးကတော့ ဘာမှမဖြစ်။ လှိုင်သာယာ ဒဂုံရော အဝေးပြေးကနေ ထွက်ခွာလာစက စပြီး ဒရိုင်ဘာကြီးရဲ့ဖြစ်ပုံကို အနီးကပ်ကြည့်နေရင်းက ကျွန်တော့်ပါးစပ်ဖျားမှာ ဂါထာအထပ်ထပ် ကပ်ငြိပါလာခဲ့ရပြီ။ လမ်းကရှင်းနေပေမဲ့ ကားကြီးကားငယ်တို့နဲ့ မျက်နှာချင်းဆိုင် တိမ်းရှောင်ချိန်တိုင်း ဘုရားတ,မိတယ်။



www.burmeseclassic.com

www.burmeseclassic.com

'ဟယ်လို၊ အေးပါ၊ အဖေ ပြန်လာမှာ။ ခုက ကား မောင်းနေတာ၊ အေး အေး။ အဖေ နားလည်တယ် သမီး၊ အမေ့ကိုပြောလိုက်၊ အိမ်ဂရန် ကို မထိနဲ့ဦးလို့။ အဖေ ပြန် လာမှ စီစဉ်မယ်'

ဒရိုင်ဘာကြီးက ယာ ဘက်လက်မှာ ဖုန်းကို မနား တမ်းကပ်ထားတယ်။ ဘယ် ဘက်လက် တင်ထားတဲ့ စတီယာရင်က လှုပ်လီလှုပ် လဲ့။ ယာဉ်မောင်းကျွမ်းကျင်ပုံ ရပေမဲ့ ဒရိုင်ဘာနားမှာ ကပ် ထားတဲ့ဖုန်းကို ကျွန်တော် မယုံရဲဘူး။ ဖုန်းလာကတည်း က ဒရိုင်ဘာကြီး မျက်နှာမှာ သောကရိပ်တွေ လွှမ်းနေတာ မြင်ခဲ့တယ်။ ကွေ့ကြောများ ကွေ့တိုင်း တည်ငြိမ်အောင် မနည်းထိန်းကွေ့နေပုံပေါက် တယ်။ ဂီယာမချိန်းဘဲ လီဗာ ကို တိုးလိုက်လျှော့လိုက်နဲ့ ကွေ့နေတာ။

'သမီး အမေ့ကို စောင့် ကြည့်ထား သမီး။ သူသွား နေတဲ့ ဖဲဝိုင်းက ရဲတိုင်ခံထား ရတာနော်။ ဒါနဲ့ မျိုးဆိုတဲ့ ကောင်ကကော အိမ်ကို အမြဲ လာနေတာပဲလား'

ညောင်တုန်းမြို့ထဲကို ရောက်လာတယ်။ ဒါပေမဲ့ ဒရိုင်ဘာက ဖုန်းကို လက်က မချသေးဘူး။ ဖုန်းဘက်ထရီ ပဲ ကောင်းလွန်းနေသလား မသိ။ ကျွန်တော်ကတော့ ကိုယ့်ကိုယ်ကို သရဏဂုံတင် ထားရတယ်။

'ဘာ၊ အေး အဖေလာ မှ အဲကောင်နဲ့တွေ့မယ်။ သမီး အမေကကော ပြုံးပြုံးရွှင်ရွှင်ပဲ လား၊ ဟုတ်မယ်၊ ဟုတ်မယ်။ ဒီကောင်က အဖေတို့ မညား

---
သူ ဖုန်းခဏ ချလိုက်တဲ့ တစ်မိနစ်စာလေးမှာ ကျွန်တော် သက်ပြင်းမောတွေ တရစပ် ချလိုက်ရတယ် ကျွန်တော့် အိမ်ပြန်ခရီးက ရင်တမမ ကျွန်တော် ရွာကို မရောက်ဖြစ်တာ အတော်ကြာပြီ

---

ခင်ကတည်းက သမီးအမေ ကို ကပ်နေတာ။ အဲ့ဖဲဝိုင်းမှာ လည်း ဒီကောင်အမြဲရှိတယ်။ ဩော် အေးပါ သမီးရယ်၊ သမီးအမေနဲ့ ဒီကောင့်အခြေ အနေကို စောင့်ကြည့်၊ အိမ် ဂရန်ကို ဖြစ်နိုင်ရင် သမီး ဝှက် ထားသိလား။ ဟုတ်တယ် လေ၊ အဖေ့သေတ္တာသော့ သမီးကိုပေးထားတာပဲ အဲဒီ မှာ ဝှက်၊ ဟာ မဖြစ်သေးပါ ဘူး။ သမီး ကျောင်းတက်ရင် ယူသာသွား၊ တော်ကြာ စိတ် မချရဘူး'

ကျွန်တော် သတိထားမိ လာတာက သူ့ရဲ့လက်တွေ။ တည်ငြိမ်မှုကင်းမဲ့လာသလို ခံစားရတယ်။ ဘရိတ်ကို လည်း ယောင်ပြီး ခဏခဏ နင်းမိနေတာ သတိထားမိ တယ်။ သူ့ရဲ့စိတ်တွေက အဝေးပြေးလမ်းထက် အိမ်ကို ပဲ ဦးတည်နေပုံရတယ်။

'သမီး၊ အဖေ သားကြီး ကိုပေးထားတဲ့ လေးသောင်း က သမီးအမေ ယူထားတယ် ဆို၊ အဲဒါ ပြန်တောင်းခိုင်း။ သားကြီးက ကျောင်းလခ တွေ မနက်ဖြန်သွင်းရမှာ'

'.....'

'ဘာ၊ အိမ်ပြန်မလာ ဘူး ဟုတ်လား။ ဒီကောင် ကျောင်းရော တက်ရဲ့လား၊ ဟာကွာ၊ သမီး သူငယ်ချင်း တွေကို စုံစမ်းပါဦး၊ ကျွတ်...အဖေ ဆက်မေး လိုက်မယ်၊ ခဏပြီးမှ သမီး ကို ပြန်ခေါ်မယ်'

သူ ဖုန်းခဏချလိုက်တဲ့ တစ်မိနစ်စာလေးမှာ ကျွန် တော် သက်ပြင်းမောတွေ တရစပ် ချလိုက်ရတယ်။ ကျွန်တော့် အိမ်ပြန်ခရီးက ရင်တမမ။ ကျွန်တော် ရွာကို မရောက်ဖြစ်တာ အတော်ကြာ ပြီ။ အမေ့ကို လွမ်းလွန်းလို့ သာ ပြန်ရတယ်၊ ကားစီးရ တာ တော်တော် အဆင်မပြေ။ သူ့လုပ်ပုံနဲ့တော့ ကျွန်တော် အမေ့ကိုတောင် မြင်ရပါ့ မလားလို့ မဆီမဆိုင် တွေးမိ နေသေးတော့တယ်။

ခဏအတွင်းမှာပဲ ဒရိုင် ဘာကြီးက သူ့ရဲ့ ယာဘက် လက်နဲ့ ဖုန်းခလုတ်တွေကို နှိပ်နေတာ မြင်လိုက်ရပြန် တယ်။ ကျွန်တော်လည်း ဘုရားစာကို အစကနေ ပြန် ရွတ်ဖို့ ပြင်လိုက်တယ်။ ကား ကြီးက ဗိုလ်မြိတ်ထွန်းတံတား ပေါ် ဖြတ်သန်းလာခဲ့ပြီ။ လယ်ကွင်းစိမ်းစိမ်းနဲ့ မြစ်ပြင် ကို ငေးမောနေတဲ့ ခရီးသွား တွေကို မြင်ရပေမဲ့ ကျွန်တော့် ခံစားချက်တွေကတော့ ကြောက်စိတ်နဲ့ မစိမ်းနိုင် မစို နိုင်။

❑

'အေး သားကြီး၊ မင်း အိမ်ပြန် မအိပ်ဘူးဆို။ ဘာ တွေ လုပ်နေတာလဲ။ ဘာ မင့် သူငယ်ချင်း မိုးဆွေမှာ အစ်မ တွေ၊ ညီမတွေ ရှိတယ်လေ။ မင်း သူတို့အိမ် ညအိပ်တော့ ပတ်ဝန်းကျင်က တစ်မျိုးမြင် မှာပေါ့။ အိမ်မှာ မင်းညီမ လေး တစ်ယောက်တည်း။ မင်းအမေက ဖဲဝိုင်းပဲရောက် နေတာ သိသားနဲ့။ ပြီးတော့ မင့် ငါပေးထားတဲ့ ပိုက်ဆံ မင်းအမေဆီမှာဆို'

'.....'

'သူက အကြွေးဝိုင်းနေ တာကွ၊ မင့်ပိုက်ဆံ ကုန် လောက်ပြီ။ ငါ အတန်တန် မှာထားလျက်နဲ့ကွာ။ ငါက ကုန်းရုန်းပြီး ပိုက်ဆံရှာ၊ မင်း ကျောင်းတက်ဖို့၊ မင်းညီမ ကျောင်းတက်ဖို့။ မင်းက ငါ့ ပိုက်ဆံကို တန်ဖိုးမထားဘူး နော်။ သားကြီး၊ မင်းအမေဆီ က ကျန်သလောက်ပြန်တောင်း။ သူ အိမ်ဂရန်တောင်ပေါင်ဖို့ လုပ်နေတာနော်'

'.....'

ပုသိမ်-မုံရွာ လမ်းခွဲကို ကွေ့လာပြီးတဲ့အခါ ဟင်္သာ တ-အင်္ဂပူ ကားလမ်းက ပိုပြီး ကျဉ်းမြောင်းလာတယ်။ ကားအသွားအလာ ကျဲပါးပေ မဲ့ တစ်စီးတစ်စီး ဆုံတိုင်း အတော်လေး ရှောင်ယူရတာ။



www.burmeseclassic.com

www.burmeseclassic.com

ဒရိုင်ဘာကြီးရဲ့ဖုန်း ဘက်ထရီ မကုန်သေးဘူးလားလို့ ကျွန်တော် အံ့သြမိတယ်။ ဘက်ထရီမကုန်လည်း ဘေသာ ကုန်စေချင်မိတယ်။ ဒါပေမဲ့ ဒရိုင်ဘာကြီးကတော့ ပိုပြီး အရောင်တောက်လာတဲ့ သောကစိတ်တွေနဲ့ ဖုန်းကို တရစပ် ကိုင်ထားတုန်း။

'သားကြီး၊ မင်းအမေက ဖုန်းပါ ရောင်းသုံးထားတာ။ ငါဆက်မရဘူး။ ခု အိမ်ပြန်။ မင်းညီမလေးတစ်ယောက်တည်း။ အဖေပိုက်ဆံလိုရင် ထပ်ရှာပေးမယ်။ အခု ကွင်းကောက်ကိုရောက်ရင် အဖေ တစ်ရက်နားမယ်၊ ရန်ကုန် မတက်ဘူး။ အဖေ ဆိုင်ကယ်ကယ်ရီနဲ့ ခဏပြန်လာမယ်။ မင်းအမေနဲ့လည်း ပြဿနာရှင်းစရာရှိတယ်။ ခဏလေး၊ ပြီးရင် ငါ အငယ်မကို ဖုန်းပြန်ခေါ်ဦးမယ်။ မင်း ငါပြောတဲ့အတိုင်းလုပ်နော်'

'.....'

ခဏ အကြာမှာပဲ ဒရိုင်ဘာကြီး ကားကို လမ်းဘေးကပ်ရပ်လိုက်တယ်။ ခနဖြူ ရောက်နေပြီ။

'ကဲ အားလုံးပဲ အပေါ့အပါးကိစ္စ၊ နေ့လယ်စာကိစ္စလေးတွေ ဒီမှာ ဖြေရှင်းလို့ရပါတယ်။ နာရီဝက်နားပါ့မယ်'

ကျွန်တော် သက်ပြင်းကို အားပါးတရ ချလိုက်တယ်။ ခရီးစဉ်က တစ်ဝက်ကျော်ပြီ။ နာရီဝက် ရပ်နားချိန်က ကျွန်တော့်ကို ဆူနာမိမုန်တိုင်းထဲက လွတ်မြောက်လာသလို ခံစားချက်ကို ပေးနိုင်တယ်။ ဒရိုင်ဘာကြီးကတော့ သူ့ရဲ့ ဖုန်းကလေးကို ကိုင်ပြီး ထမင်းဆိုင်ထဲ အပြေးအလွှား ဝင်သွားပါတယ်။

> **လီဗာကို**
> **ခပ်ပြင်းပြင်း**
> **ဖိနင်းလာတာကြောင့်**
> **အရှိန်က**
> **သိသိသာသာ**
> **များလာတယ်**
> **ကျွန်တော်လည်း**
> **ဘုရားစာကို**
> **ပြန်ရွတ်ပြီး**
> **ဆု**
> **တောင်းနေမိတယ်**
> **အကွေ့အကောက်**
> **တွေကိုတောင်**
> **အရှိန်**
> **သိပ်မလျှော့ဘူး**

ကျွန်တော် အတော်အသင့် ဆာလာတာနဲ့ ထမင်းဆိုင်ထဲ လိုက်ဝင်လာခဲ့တယ်။ သူ့ကိုကြည့်တော့ ဆိုင်ထောင့်က ပလပ်ခုံတစ်ခုမှာ ဖုန်းကို အားသွင်းနေတယ်။

'အင်း၊ ဒီတိုင်းဆို ဒီဘက်ထရီကုန်မှာ မဟုတ်သေးဘူး'လို့ စိတ်ထဲက တွေးလိုက်မိတော့တယ်။

❑

**ရုပ်ရှင်ရဲ့ အလယ်**

ကားကြီးက တရိပ်ရိပ်နဲ့ ဇလွန်မြို့နယ်ထဲကို ရောက်လာခဲ့ပြီဖြစ်ပါတယ်။ ဒရိုင်ဘာကတော့ ထုံးစံအတိုင်း ပြောတုန်း။

'သူငယ်ချင်း မင်းကို ငါ စုံစမ်းခိုင်းထားတဲ့ကိစ္စလေး လုပ်ပါဦး'

'.....'

'ဘာ အဲ့တော့ မင်းလိုက်သွားလားနောက်က။ အေး အေး ကြားတယ်ပြော။ ဟင်၊ သူတို့ ဝင်သွားတာ ကျော်ကြီးအိမ်ဟုတ်လား။ အဲ့ကောင် ကျော်ကြီးက ရပ်ကွက်ထဲက အတွဲတွေ သူ့အိမ်ပေးပြီး ငွေယူနေတာမလား။ ဟာ အဲ့တော့'

'.....'

ဒရိုင်ဘာရဲ့ မျက်နှာပေါ် ဒေါသရိပ်တွေ ပိုပြီးအုပ်မိုးလာတယ်။ စတီယာရင်ကိုင်တဲ့လက်တွေက မငြိမ်ချင်တော့ဘူး။ မလိုအပ်ဘဲ ဟွန်းကိုလည်း ခဏခဏ တီးနေတယ်။ စိတ်အတော် လှုပ်ရှားနေတာ သိသာတယ်။

'တောက်'

တောက်ခတ်သံက အတော်ပြင်းပါတယ်။ ခရီးသည်တချို့ ခဏလှမ်းကြည့်ပြီး နေမြဲအတိုင်း ဘာသိဘာသာပါပဲ။ ကျွန်တော်ကသာ သူနဲ့တစ်သားတည်း စီးမျောနေသလို ဖြစ်နေတာရယ်။

ဒရိုင်ဘာကြီးက သူငယ်ချင်းနဲ့ပြောပြီး နောက်တစ်လုံးကို ဖုန်းပြန်ခေါ်နေတယ်။

'ဟာ တောက်၊ ဒီကောင်မလေး စောနကတောင် ဖုန်းပြောနေသေး၊ ဖုန်းနားမရှိဘူးလား မသိဘူးကွာ'

သူ့ခမျာ ဖုန်းခေါ်မရလို့ စိတ်ကသိကအောက်ဖြစ်နေတယ်။ သူပြောတဲ့ ဒီကောင်မလေးဆိုတာ သူ့သမီးအငယ်ဖြစ်တယ်ဆိုတာ ကျွန်တော်သိနေနှင့်ပြီ။ အတော်ဗျာများနေပုံရတဲ့ သူ့လက်တွေက ပိုမိုတုန်ယင်လို့။

'ဟာ ရှေ့မှာ ရှေ့မှာ'

ကျွန်တော် ဗျာဗျာသလဲ ထ,အော်လိုက်တယ်။ နွားတစ်အုပ်က ကားလမ်းကို ရုတ်တရက် ဖြတ်ကူးလာတာပါ။ သွားပြီလို့ စိတ်ထဲက သတ်မှတ်ပြီး ဘေးနားက တိုင်ကလေးကို ကိုင်ထားလိုက်တယ်။

'ကျွီ'

'အမယ်လေး'

သီသီလေးမှ တကယ့်သီသီလေးပါ။ နွားအုပ်ရဲ့ ရှေ့မှာ ကပ်လျက် ဒရိုင်ဘာကြီးက ရပ်တန့်သွားတယ်။ ပုံပျက်ပန်းပျက်ဖြစ်သွားတဲ့ ခရီးသည်တွေကို တစ်ချက်လှည့်ကြည့်လိုက်တယ်။ နောက် ဒရိုင်ဘာကြီးကို ပြန်ကြည့်တော့ မျက်လုံးအသေတစ်စုံနဲ့ ဆွံ့အ,နေတာမြင်ရပါတယ်။ ဘာပဲပြောပြော ဒရိုင်ဘာကြီးအနေနဲ့ မတော်တဆ ဖြစ်ရပ်တစ်ခုကနေ အောင်မြင်စွာ ကျော်ဖြတ်နိုင်လိုက်တယ် ဆိုရပါ့မယ်။ ကျွန်တော်လည်း 'တော်ပါသေးရဲ့'လို့ ရေရွတ်လိုက်မိပါတယ်။

'တီ တီ တီ'

ဒရိုင်ဘာကြီးက ကားကို ပြန်လည် မောင်းနှင်ချိန်မှာပဲ ဖုန်းမြည်သံကို ကြားလိုက်ရပြန်ပါတယ်။

'ဟယ်လို သားကြီးပြော'



www.burmeseclassic.com

www.burmeseclassic.com

'.....'

'ဘာ'

ကားက တုံ့ခနဲ ထိုးရပ်မလို ပြန်ဖြစ်သွားတယ်။ နင်းထားတဲ့ လီဗာကို သတိလက်လွှတ် လွှတ်လိုက်ဟန်တူတယ်။ ကျွန်တော်လည်း ကြောက်စိတ်က တစ်ဖက်၊ စိတ်လှုပ်ရှားမှုက တစ်ဖက်နဲ့ နားစွင့်နေမိတော့တယ်။ စပယ်ယာကတော့ လေလေးတချွန်ချွန်နဲ့ ဘာမှ မသိသလိုပါပဲ။

ဓနုဖြူ-ဇလွန် လမ်းမကြီးကတော့ ကွေ့လိုက်ကောက်လိုက် တည်တည်ကြည်ကြည် ခင်းကျင်းထားတယ်။ လမ်းဘေးတစ်လျှောက် ဆိုင်ကယ်တချို့ လူးလာမောင်းနှင်နေကြသလို စပါးခင်းတချို့က စိမ်းဖြာလွင့်လင်းလို့နေပါတယ်။ မြတ်ကောင်းကင် ကားကြီးပေါ်မှာ လိုက်ပါလာတဲ့ ခရီးသည်များစွာနဲ့အတူ ဒရိုင်ဘာကြီးကတော့ ကျဉ်းကျပ်တဲ့ စိတ်ဝတ်ရုံလွှာကြီး ဝတ်ဆင်ရင်း အမောတကော ခရီးဆက်ကောင်းတုန်းပေါ့။

❑

'အငယ်မ လင်နောက်လိုက်သွားတယ်၊ ဟုတ်လား။ ဟာကွာ ခွေးထက်မိုက်တဲ့ သမီး။ ငါနဲ့ ဖုန်းပြောနေတုန်းကတော့ ဘာမှမဖြစ်သလိုမျိုး။ ဟေ့ကောင်၊ အဲ့ဒါ မင်းကြောင့်လည်းပါတယ် သားကြီး။ အစ်ကိုတစ်ယောက်ဖြစ်ပြီး မင်း မစောင့်ရှောက်နိုင်ဘူးနော်'

'.....'

'အေး ငါသိတယ်။ မင်းက အဝေးသင် တစ်ပတ်

> ဒရိုင်ဘာကြီးရဲ့ အော်သံက အတော်လေး ကျယ်လာပါတယ် ခရီးသည်တွေလည်း အတော်လေး လှုပ်လှုပ်ရှားရှား ဖြစ်သွားတယ် ကွေ့ကြော တစ်နေရာကို ဖြတ်မောင်းနေချိန် တစ်ခဏပေါ့

နှစ်ရက်လောက် တက်ရတာလေ။ ကျန်တဲ့အချိန် ကိုယ့်ညီမလေး အခြေအနေကို လေ့လာလို့ရတာပဲ။ မင်း သူများအိမ် သွားအိပ်တယ်။ ဟို မိုင်းနာမက လင်ငယ်နဲ့ပျော်၊ ဖဲကြွေးတင်၊ အိမ်ကိုတောင် ပေါင်ဖို့ လုပ်နေတယ်။ ငါ ငါ ကျောမှာ ဘုပေါက်အောင် ရှာကြွေးနေတာ အဲ့လိုတွေဖြစ်ဖို့လားကွာ'

သိသိသာသာ အက်ကွဲလာတဲ့ ဒရိုင်ဘာကြီးရဲ့ အသံထဲမှာ ယူကျုံးမရခြင်းတွေ ရောပြွမ်းနေတာ ကျွန်တော်သိတယ်။ အရှေ့ပိုင်းကနေ လိုက်ပါတဲ့ ခရီးသည်တချို့က စူးစမ်းသလို ကြည့်ကြတယ်။ တချို့ ကျိတ်ရယ်နေတာကို ကျွန်တော် မြင်လိုက်ရတယ်။ ဘာမှမဆိုင်ဘဲ ကျွန်တော် ဒေါသတခြောင်းခြောင်းထွက်မိသေးတယ်။ ဒါပေမဲ့ ဒါ လူ့သဘာဝတစ်ခုပဲမဟုတ်လား။ ဒါကိုတော့ ကားဒရိုင်ဘာကြီး ဂရုပြုမိပုံ မပေါ်ပါဘူး။

'သားကြီး အဲ့ကောင်ကို သိလား'

'.....'

'ဟုတ်လား၊ ဒါဆို ဒီကောင်က ဆေးသမားပေါ့။ ဟာ သွားပါပြီကွာ။ ရဲကိုပါ တိုင်ထားကွာ။ အသက်က ဆယ့်ခုနစ်နှစ်တောင် မပြည့်သေးဘူး။ ဟူး ငါ ပြန်လာရင် အဲ့ကောင်တွေ့မယ်။ အေး ငါ ကွင်းကောက်မှာ ကားသိမ်းပြီးတာနဲ့ ပြန်လာခဲ့မယ်ကွာ။ မင်းအမေရော သိလား၊ အေး ကောင်းတယ်။ ကိုယ့်သားသမီး လင့်နောက်လိုက်တာတောင် မသိတဲ့ဟာမ။ သားကြီး၊ မင်း အမေ အခု ဘယ်မှာလဲ၊ အရင်လိုက်ရှာကွာ'

လီဗာကို ခပ်ပြင်းပြင်း ဖိနင်းလာတာကြောင့် အရှိန်က သိသိသာသာများလာတယ်။ ကျွန်တော်လည်း ဘုရားစာကို ပြန်ရွတ်ပြီး ဆုတောင်းနေမိတယ်။ အကွေ့အကောက်တွေကို တောင် အရှိန်သိပ်မလျှော့ဘူး။

'ကဲ ဇလွန်သမားတွေ ပြင်ထားပါ'

ဇလွန်ကိုရောက်တော့ နေ့လယ် ၁ နာရီတိတိ ရှိနေပါပြီ။ ဟင်္သာတကို မိုင် ၂၀ သာသာ မောင်းရဦးမယ်။ နောက်ကွင်းကောက်အထိကို မိုင် ၃၀ နီးပါး။ မိုင်ပေါင်း ၅၀ သာသာခန့်ကို အမြန်ယာဉ်ကြီးဟာ ဒေါသတခြောင်းခြောင်း အူပြီး ဆက်လက်ဖြတ်သန်းရလိမ့်ဦးမယ်။ မောဟ အလိပ်လိပ်နဲ့ ခရီးဆက်ဖို့ ကျန်နေသေးတယ်။

'ဘုရား ဘုရား၊ သတ္တဝါတွေ ဘေးရန် ကင်းကြပါစေ'

ရင်ထဲက တိတ်တဆိတ် တောင်းဆုပြုလိုက်တယ်။ ဒရိုင်ဘာကြီးရဲ့ နဖူးပြင်မှာ ချွေးစေးတွေစို့ထွက်နေလေရဲ့။ ဇလွန်ကနေ ဟင်္သာတကို ဆက်လက် မောင်းနှင်လာတဲ့ အချိန် ဒရိုင်ဘာကြီးရဲ့ လက်အစုံဟာ တုန်ယင်နေတယ်။ စက်သံ၊ လေသံ ကြားကပဲ သူ့ရဲ့ အသက်ရှူသံတွေ ကျယ်လောင်လွန်းနေတာ သတိပြုမိပါတယ်။ အကွေ့အဝိုက်များကို ရှောင်ရင်းတိမ်းရင်း ဘဝများစွာကို တင်ဆောင်လာတဲ့ ကားကြီးရဲ့ ပဲ့ကိုင်ရှင်တစ်ယောက်။ နှစ်ပေါင်းများစွာ ကျင်လည်မောင်းနှင်ခဲ့ဟန်ရှိတဲ့ သူ့ရဲ့ လက်နှစ်ဖက်ထဲမှာတော့ ကျွန်တော်တို့ အားလုံးရဲ့ အိပ်မက်တွေ၊ အလွမ်းတွေ၊ မျှော်လင့်ချက်တွေ၊ အပျော်စီးကြောင်းတွေက တနင့်တပိုး။ ကျွန်တော်ကိုယ်တိုင်လည်း ရင်ဘတ်ထဲ တလှပ်လှပ်ဖြစ်နေမိတယ်။

❑

ကားကြီးကတော့ ဟင်္သာတမြို့ကို ဖြတ်သန်းကျော်ဖြတ်လာခဲ့ပြီး တလုတ်ထော်မြို့အနီးကို ရောက်ရှိလာပါပြီ။ ကားပေါ်မှာ ခရီးသည် ၃၀ လောက် ကျန်နေသေး



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ဒီအတိုင်းဆို ကွင်းကောက်ကို နောက်ခန့်မှန်းခြေ လေးဆယ့်ငါးမိနစ်လောက်မှာ ရောက်နိုင်တယ်။ ခရီးသည်တွေကတော့ ဝန်မြစ်ကိုဖြတ်ပြီး တည်ဆောက်ထားတဲ့ ဝန်တံတားကြီးနဲ့ ပါးပါးလျလျ မြင်စပြုနေပြီဖြစ်တဲ့ ရခိုင်ရိုးမတောင်တန်းတွေကို လက်ညှိုးထိုး စကားဆို ဖွဲ့နွဲ့နေကြတယ်။ ပတ်ဝန်းကျင်မှာ မြင်မြင်သမျှ မြင်ကွင်းများက ပိုမိုစိမ်းလန်းလာပေမဲ့ ဒရိုင်ဘာကြီးရဲ့ မျက်ဝန်းများကတော့ မှိုင်းညို့နေတာကို သိသိသာသာ မြင်နေရတယ်။

'တီ တီ တီ'

ဖုန်းမြည်သံနဲ့အတူ ကားကြီးက တစ်ချက် ယိုင်ထိုးသယောင်ဖြစ်သွားတယ်။ ကျွန်တော်ကိုယ်တိုင်ကလည်း ဒရိုင်ဘာရဲ့ ဖုန်းပြောသံကလွဲပြီး တခြား ဘာကိုမှ စိတ်မဝင်စားတော့ပါဘူး။

'ဘာ သားကြီး၊ ဘာပြောတယ်။ မင်းအမေနဲ့ ဟိုကောင် ကျော်ကြီး အိမ်မှာ ဟုတ်လား။ တောက်၊ ငါ ကွာ။ ငါ သူ့ကိုပါ သတ်ပစ်လိုက်မှ အေးမယ်ထင်တယ်'

'.....'

'သားကြီး၊ ရဲကို တိုင်ထားလား။ အေး ဟုတ်ပြီ။ အဲဒီ ဆေးသမား သွားနိုင်တဲ့ နေရာတွေ စုံစမ်းကွာ၊ ဘာ၊ ဟာ...အရေးထဲ မင်းက တစ်မှောင့်။ ဒီလောက်ဖြစ်နေတာတောင် မင်း ပိုက်ဆံ စိုးရိမ်နေသေးတယ်။ မင်း အမေဆီကမရရင် ငါပေးမယ် ကွာ။ လောလောဆယ် မင်း ညီမကိစ္စကို အရင်လုပ်'

'.....'

'ဒါနဲ့ သားကြီး သေတ္တာရိုက်ဖွင့်စမ်းကွာ။ အိမ်ဂရန် သိမ်းထားတာရှိသေးလားလို့။ မင်း ညီမလေးဆီ သော့အပ်ထားတာ'

ဒရိုင်ဘာ ခဏငြိမ်ပြီး စောင့်နေတယ်။ ကျွန်တော်လည်း နားကို သေသေချာချာ စွင့်ထားရတယ်။ ကားကြီးက ခြောက်ရွာကိုကျော်ဖြတ်ကာ ကွမ်းအုံ အရှေ့ခြမ်းကို ရောက်လာပြီဖြစ်ပါတယ်။ လမ်းဘေးတစ်လျှောက် စေတီပုထိုးလေးများစွာကို မြင်နေရပြီ။ ခရီးစဉ်က နောက်ဆယ်မိုင် မောင်းစရာပင် မလိုတော့ပါ။

'ဘာ...'

ဒရိုင်ဘာကြီးရဲ့ အော်သံက အတော်လေး ကျယ်လာပါတယ်။ ခရီးသည်တွေလည်း အတော်လေး လှုပ်လှုပ်ရှားရှားဖြစ်သွားတယ်။ ကွေ့ကြောတစ်နေရာကို ဖြတ်မောင်းနေချိန် တစ်ခဏပေါ့။

'တောက်... လူမှဟုတ်သေးရဲ့လားကွာ။ အဲဒါ မင်း အမေလား၊ မင်းညီမလား သိလား သားကြီး'

'.....'

'အေး မသိနဲ့ကွာ၊ မသိနဲ့။ အဲ့ဒါ ငါ့အမေရဲ့ အမွေကွ။ ငါ့အမေ ခေါင်းချခဲ့တဲ့အိမ်။ မင်းလည်း ဘာမှမသိနဲ့ အေးတာပဲ။ ငါ ပြန်လာရင် အားလုံး တွေ့မယ်။ တောက်...'

ကားကြီးက အကွေ့နှစ်ဆင့်သုံးဆင့်ကို ဒယီးဒယိုင် ကွေ့ဝိုက်လာခဲ့တယ်။ သာသာယာယာ မဟုတ်ပေမဲ့ အန္တရာယ် ကင်းကင်းပါပဲ။ ကျန်ခဲ့တဲ့ မိုင်များစွာသော လမ်းတွေကိုလည်း မောဟအပြည့် လည်ပတ်နေတဲ့ ဟောဒီ ကားကြီးရဲ့ ဘီးတွေနဲ့ကျော်ဖြတ်လာခဲ့ လာခဲ့ပြီး ဖြစ်ပါတယ်။ နှစ်ပေါင်းများစွာ အတွေ့အကြုံကြောင့် လို့ ခေါင်းစဉ်တပ်ရမလား၊ သီးခြား သတိလို့ပဲ သတ်မှတ်ရမလား၊ ဒါမှမဟုတ် လောကပါလ တရားလား။ ပြုံးပျက်ပျော့ခွေပြီး အသိစိတ်ပျောက်လုလု အနေအထားနဲ့ ဒရိုင်ဘာကြီးရဲ့ လက်တွေဟာ လူများစွာကို လိုရာခရီး အရောက်ပို့ပေးဖို့ မိနစ်အနည်းငယ်သာ လိုပါတော့တယ်။

ဒရိုင်ဘာကြီးရဲ့ မျက်ဝန်းပေါ်မှာ မျက်ရည်ဥတွေ ဝေ့သီနေတာကို ကျွန်တော်မြင်ရတယ်။ ကျောခိုင်းထားတဲ့ ခရီးသည်တွေတော့ မြင်ပုံမရပါဘူး။ သူ ဘာတွေ တွေးနေလဲ။ ဒီလမ်းကြီးကို သူ ကြည်ကြည်လင်လင်ရော မြင်နေပါသေးရဲ့လား။ သူ့ရဲ့ ခြေတွေ၊ လက်တွေကိုရော အသိစိတ်နဲ့ စည်းချက်ညီညီ လှုပ်ရှားရန်း ကြွနေနိုင်ပါသေးလား။ လားပေါင်းများစွာကို ကျွန်တော် အစီအရီ ခေါင်းထဲထည့်မိခဲ့တယ်။

'တီ တီ တီ'

ဒက်ရှ်ဘုတ်ပေါ်က ဖုန်းသံ မြည်လာပြန်သည်။ ကျွန်တော် စိတ်ဝင်စားမိသွားပြန်တယ်။ တစ်ပြိုင်တည်း စိုးထိတ်မှုက ကျွန်တော့်ဆီပါ ကူးစက် လာနေတာမျိုးဖြစ်မှာပါ။

'တီ တီ တီ'

ကျွန်တော် ငေးကြည့်နေပေမဲ့ ဒရိုင်ဘာကြီးဟာ ဖုန်းကို လုံးဝ မကိုင်တော့ပါဘူး။ □

**ရုပ်ရှင်ရဲ့ အဆုံး**

အောက်ပြည်ရဲ့ လတ်ဆတ်တဲ့ လေကို တဝကြီး ရှူရှိုက်ဖို့ အခွင့်အရေးရခဲ့ပါပြီ။ ကားကြီးက ကွင်းကောက်ကို ညနေ ၃ နာရီခန့်မှာ ဆိုက်ရောက်ခဲ့ပါတယ်။ ကားပေါ်ကနေဆင်းသွားတဲ့ ခရီးသည် ကုန်တဲ့အထိ ကျွန်တော် ငေးကြည့်နေမိတယ်။ ဘာပဲပြောပြော ကျွန်တော် အမေ့ကို တွေ့ရတော့မယ်မဟုတ်လား။ မျှော်လင့်ချက်မတူ အကြောင်းအရာကွဲပြားကြပေမဲ့ ကျွန်တော်တို့အားလုံး လိုရာခရီးကိုတော့ အန္တရာယ်ကင်းကင်း ရောက်ရှိလာကြပြီး ဖြစ်ပါတယ်။ ခရီးသည် ကုန်သွားချိန်မှာ ဒရိုင်ဘာကြီးက လေးပင်တဲ့ ခြေလှမ်းတွေနဲ့ လျှောက်လာတယ်။ သူ့ပုံစံက ဦးတည်ချက် ပျောက်နေပုံမျိုး။

ကျွန်တော့်ရင်ထဲ တစ်ခုခု တစ်ဆို့နေသလို ခံစားမိလာတယ်။ ဘာကြောင့်မှန်းမသိ။ ကျွန်တော် သူနဲ့ မျက်နှာချင်းဆိုင်ကို အရောက်သွားရင်း လက်ပြလိုက်မိတယ်။ သူ လှည့်ကြည့်ပါတယ်။ ကျွန်တော်လည်း ပြောဖို့လိုမယ်လို့ (မိမိဘာသာ)ထင်မိတဲ့ စကားတစ်ခုကို နှုတ်ဖျားက လေးလေးနက်နက် ဆိုလိုက်မိပါတယ်။

'ကျေးဇူးတင်ပါတယ်ဗျာ'

သူ ကျွန်တော့်ကို ကြောင်ပြီး စိုက်ကြည့်နေတယ်။


နောက်...မို့အစ် နီမြန်းနေတဲ့မျက်လုံးတွေနဲ့ ကျွန်တော့်ကို ပြုံးပြသွားခဲ့ပါတယ်။■

**မောင်ဩလေး**



www.burmeseclassic.com

www.burmeseclassic.com



# ရိုးစကျော်သွင်

# ကျွေးမြင်းည၏

ကြိုးစားတွန်းလှန်နေပေမဲ့
စိုးရွံ့တုန်လှုပ်ခြင်းသည်
ကိုယ့်နှလုံးသားကို တစစနှင့်
ကျူးကျော် နယ်ချဲ့လာနေပြီ။
မကြာခင် ရင်ခွင်ထဲ
ထိတ်လန့်ခြင်းတို့ ပြည့်နှက်
လာမှာလားဟုတောင် ထင်လာ၏။
အမှန်တကယ်တော့ ယခုလို
အချိန်တွင် ပြေလည်ရာ
ပြေလည်ကြောင်း အတွေးတို့ကိုသာ
ကိုယ် အဖော်ပြုနေသင့်သည်။

ဖြစ်နေကျသော
မဝေခွဲနိုင်ခြင်းတွေလေဟု
ရေရွတ်ရင်း သက်ပြင်းတို့နှင့်
အတူ အတွေးဆိုးတချို့ကိုပါ
ရောထွေးစွန့်ပစ်လိုက်သင့်ပြီ။
ကိုယ့်မှာ အနည်းငယ်လောက်
ဖြစ်ဖြစ် အကောင်းမြင်စိတ်
ရှိနေလျှင်လည်း ယခုလောက်
အထိတော့ မခံစားရနိုင်။ ဒီလိုသာ
မထိန်းချုပ်နိုင်အောင်
တုန်လှုပ်မှုတွေ ဆက်လက်



www.burmeseclassic.com

www.burmeseclassic.com



များပြားလာနေဦးမည်ဆိုလျှင်
ပိုမိုစူးနစ်နာကျင်လာမည့် ရင်ခွင်သည်
စိတ်ဆရာဝန် တစ်ဦးဦးဆီ သွားရမည်ဟူသော
ယိုင်နဲ့နဲ့ ဆုံးဖြတ်ချက်ကို ခိုင်မာသွားစေလိမ့်မည်။
လက်ထဲတွင် တင်းကျပ်စွာ ဆုပ်ကိုင်ထားသော
စာအုပ်ကို ငုံ့ကြည့်မိ၏။ မျက်နှာဖုံးတွင် Writing Is
Better Than Speech ဟု ရေးသားထားသော
အညိုရောင် မှတ်စုစာအုပ်လေးက
ကိုယ့်အတွက်တော့ နာကျင်စရာတွေ
သယ်ဆောင်လာသည့် မကောင်းဆိုးဝါး
တစ်ကောင်လို။ တင်းကျပ်နေသော နာကျင်မှုတွေ

www.burmeseclassic.com

www.burmeseclassic.com

အနည်းငယ်လောက်ဖြစ်ဖြစ် လျော့နည်းသွားစေရန် စာအုပ်ကို ဖွင့်မကြည့်ဘဲ နေလိုက်ရမလား။ စာအုပ်ထဲတွင် ရှိစေချင်သော စာပိုဒ်တချို့ ရှိမနေခဲ့လျှင် ပိုမိုတိုးပွားလာမည့် ဆို့ကျပ်ခြင်းတွေကို ကိုယ့်ရင်က ခံနိုင်ရည်ရှိပါဦးမည်လား။ အတွေးနှင့်ပင် ကိုယ်အသက်ရှူမဝချင်တော့။ စာအုပ်ကို သူ့နေရာသူ ပြန်ထား၍ မေ့ဖျောက်ပစ်လိုက်ရင်ကော။ မွန်းကျပ်နေသော ကိုယ့်စိတ်သည် လှောင်အိမ်ကနေ လွတ်မြောက်သွားသော ငှက်တစ်ကောင်လို လွတ်လွတ်လပ်လပ် ပျံသန်းသွားလေမလားပဲ။ သို့ပေမဲ့ ကိုယ့်ကိုယ်ကို ပျံသန်းနိုင်တယ်ဆိုတာ မေ့လျော့နေသော ငှက်တစ်ကောင် ဖြစ်နေခဲ့လျှင်…။

အို… တော်စမ်းပါလေ။ ဖြစ်မလာသေးသော ဆိုးဝါးခြင်းတွေကို အကြိမ်ကြိမ် မျှော်မှန်းရင်း ကိုယ့်နှလုံးသားကို ကိုယ်တိုင်ခွဲခြမ်းသလိုဖြစ်နေပြီ။ ဘယ်လိုအခြေအနေမျိုးနှင့်ပဲကြုံကြုံ၊ စာအုပ်ကိုဖွင့်ကြည့်လိုက်စမ်းပါ။ အနည်းဆုံးတော့ ကိုယ့်အခြေအနေကိုယ် သိနိုင်သေးတာပေါ့။ ဘာစာမှ ရေးသားထားတာမရှိလျှင် ဘာလုပ်သင့်သလဲဆိုတာ စဉ်းစားမည်။ ရှိနေလျှင်လည်း ဝမ်းမြောက်စွာနှင့် ကိုယ့်စိတ်ကို တိမ်တိုက်တွေပေါ် လွှတ်တင်ပစ်လိုက်မည်။ ဘာများ ခက်ခဲနေလို့လဲ။

*'Reply ပြန်မလာသော မက်ဆေ့ချ်တစ်ခုကို စိတ်ရှည်စွာ စောင့်မျှော်နေချိန်မှစ၍ ကိုယ်သည် နေရာတိုင်းတွင် စိတ်ရှည်တတ်လာခဲ့ပြီ'*

**စာဖတ်နေသော အချိန်တွင် ပြင်ပကမ္ဘာနှင့် အဆက်အသွယ် ပြတ်တောက် သွားတတ်သည့် ကိုယ့်ကို သိပ်မုန်းတာပဲဟု သူ ခဏတိုင်း ပြောဖူးသည် သူ့ထက် စာအုပ်တွေကို ပိုအလေးထား တတ်တာမျိုးကို သူ မကြိုက်**

ထိုစာကြောင်းကို မရေရွတ်မိခင် လွန်ခဲ့သော နာရီဝက်လောက်ကတော့ ကိုယ့်စိတ်သည် တိမ်တိုက်တွေထဲပဲ အမှန်တကယ် ရောက်နေရသလိုပေါ့ပေါ့ပါးပါး။ သီချင်းတစ်ပုဒ်ကိုတောင် ခပ်ရွှင်ရွှင် ဆိုမိနေသေးသည် ထင်၏။ မေ့လျော့နေသော တစ်စုံတစ်ရာကို ဖျတ်ခနဲ သတိရလာစေရန် စေ့ဆော်မှုတစ်ခုလိုအပ်မည်ဆိုလျှင် ခပ်သင်းသင်းမွှေးပျံ့လာသော တမာပန်းရနံ့သည် ထိုစေ့ဆော်မှုပဲဖြစ်လိမ့်မည်။ ကိုယ်သိပ်ချစ်သောသူသည် ခါးသက်သက်လေး မွှေးသော တမာပန်းနံ့ကို သိပ်ကြိုက်သည်။ ကိုယ့်အရုံထဲ သူဝင်လာတာနှင့် သူ့အကြောင်း ရေးသားလိုက်သော စာတစ်ပုဒ်ကို သတိရမိလာသည်။ မခွဲခွာခင် မျက်ရည်စက်လက်နှင့် နှုတ်ဆက်ရသည့်ည အကြောင်းရေးသားထားသော စာတစ်ပုဒ်။

မိသားစု အခြေအနေတွေကြောင့် မဖြစ်မနေ အလုပ်လုပ်ရတော့မည့် ကိုယ်နှင့် ဘွဲ့လွန်တွေ၊ သင်တန်းတွေ ဆက်တက်ရဦးမည့် သူတို့ နှုတ်ဆက်ဖြစ်ကြသောည။ ဒီလို ပုံစံနှင့် ဝေးရလိမ့်မည်ဟု တစ်ခါမှမတွေးခဲ့ဖူးတော့ ပြန်ဆုံရမှာပါဟူသော ယုံကြည်မှုက တစ်ဖက်၊ ပူလောင်မွန်းကျပ်မှုကတစ်ဖက်နှင့် ရင်ခွင်တစ်ခုလုံး နွမ်းလျှနေရသည်။ ငိုချင်စိတ်ကို ဘယ်လိုမှ ချုပ်ထိန်းထားလို့မရ။ မေ့မသွားပါနဲ့နော်ဟူသော သူ၏ တိုးဖွဖွ စကားသံကလွဲပြီး တွေ့ဖြစ်နေကျနေရာသည် ခါတိုင်းထက်ပို၍ တိတ်ဆိတ်နေရသလို။ ကိုယ့်နောက်ကျောကနေ သိုင်းဖက်ထားသော သူ့လက်တွေကို ပြန်ဆုပ်ကိုင်ရင်း ခေါင်းကိုသာ အခါခါ ညိတ်မိ၏။ အပြန်ကားပေါ်တွင်လည်း အရူးတစ်ယောက်လို ကိုယ် ငိုကြွေးခဲ့ရသည်။ ထိုအချိန်ကနေ သူပြောင်းလဲသွားချိန်အထိ ရင်ကိုအထိရှဆုံး နာကျင်မှုတွေကို စီကာစဉ်ကာ ရေးသားထားသော စာပုဒ်။

အလွတ်ရနေသော စာကြောင်းတချို့ကို ရွတ်ဆိုနေရင်းမှ ပြန်ဖတ်ကြည့်ချင်စိတ်ပေါက်လာသည်။ ခက်တာက ဘယ်စာအုပ်ထဲမှာ ရေးလိုက်တာလဲ မမှတ်မိတော့။

ကွန်ပျူတာနှင့် ရေးတာမဟုတ်။ အနက်ရောင်ဘော့ပင်ကို အဖုံးချွတ်လိုက်၊ ပြန်ပိတ်လိုက်လုပ်ရင်း တွေးတောရေးသားနေတာကို ပြတ်တောက်တောက် မှတ်မိနေသည်။ ယောင်ယမ်းကာ လက်ဖဝါးတို့ကို ဖြန့်ကြည့်လိုက်မိ၏။ စာရေးတိုင်း လက်ဖနောင့်တွင် မင်တွေပေကျံနေတတ်သည့် ကိုယ့်လက်သည် ဒီတစ်ခါတော့ ပြောင်ရှင်းလို့။ ရေးသားခဲ့တာ တော်တော်ကြာပြီထင်တယ်ဟု တွေးမိမှ ရေးခဲ့သောနေ့ကို တိတိကျကျမမှတ်မိတော့တာ သတိထားမိသည်။ ကိုယ့်ရင်ထဲ ထိတ်ခနဲဖြစ်သွား၏။

ဘာမှန်းမသိသော ခံစားချက်ကလည်း ရင်ကို ဖြတ်ပြေးသွားသည်။ ထိုခံစားချက်ကြောင့် ထိုစာရေးသားခဲ့ခြင်းကို မေ့မေ့ပျောက်ပျောက်လို သဘောထားရန် စဉ်းစားလိုက်သေး၏။ သို့ပေမဲ့ ဘယ်တုန်းကမှ မထိန်းချုပ်နိုင်ခဲ့သော အတွေးနှင့် စိတ်ကူးတွေကို ယခုလည်း ကိုယ်ဖမ်းချုပ်လို့မရ။ ဘယ်နေ့က ဘယ်စာအုပ်ထဲမှာ ရေးသားခဲ့တာလဲ တွေးတောလိုက်၊ တော်သင့်ပြီလေဟု ဆုံးဖြတ်လိုက်။ စိတ်သည် ဘာကိုကြောက်ရွံ့လာမှန်းလည်းမသိပြန်။ ငါ တကယ်ရေးခဲ့တာပဲလေဟူသော အတွေးသည် ထပ်ကာထပ်ကာ ဆင့်ပွားလာနေသော မေးခွန်းတွေကြားထဲတွင် ချောင်ပိတ်မိလာသည်။ ထုံပေပေဖြစ်နေသော ဦးနှောက်ကို ကြိုးစားအလုပ်ပေးတော့ အမှန်တကယ်ရှေ့



www.burmeseclassic.com

www.burmeseclassic.com

ပါတယ်ဟူသော နေရာတွင်သာ ရပ်တန့်နေ၏။ မိုးတွေ ခပ်ဖွဲဖွဲ ကျသောနေ့ကလေး၊ တမာပန်းတွေကြွေသောနေ့ကလေး စသည်ဖြင့် မှတ်မှတ်ရရ မရှိ။

'ဒါကလည်း အိပ်မက် မက်ခဲ့တာပဲလား။ ဟာ... မဟုတ်တာပဲ။' ကိုယ်တင်လိုက်သော စွဲချက်ကို ချက်ချင်း ပြန် ချေပနိုင်ပေမဲ့ အားအင်ဖျော့တော့နေသော ချေပစကားသာ ဖြစ်သွားရသည်။ စိတ်သည် ပြန်ပြေပါတော့မလားဟု တွေးမိလောက်အောင်အထိ ရှုပ်ထွေးလာ၏။ ညစ်ညူးစွာ ကျွတ်ခနဲ စုတ်သပ်ပစ်လိုက်ရသည်။ သေချာတွေးတော ကြည့်စမ်းပါဦး။ တကယ်လို့ သူ့အကြောင်းကိုသာ စာသားတချို့နှင့် ပုံဖော်ဖြစ်မည်ဆိုလျှင် ကိုယ်ဘယ်လိုစာအုပ်ထဲမှာ ရေးသားမှာလဲ။ အလုပ်စာရွက်တွေနှင့် ရောထွေးပြီး ဖိုင်အပြာထဲ ရောက်နေစရာတော့ အကြောင်းမရှိ။ စာအုပ်စင်ထဲမှ မှတ်စုစာအုပ်တွေထဲမှာလည်း မဖြစ်နိုင်။

မှတ်စုစာအုပ်...။ ဟာ... ဟုတ်ပါရဲ့။ ကိုယ့်ကို သူပေးခဲ့ဖူးသော မှတ်စုစာအုပ် ရှိတာပဲ။ သူနှင့်ပတ်သက်သော အမှတ်တရတွေကို သူနှင့်သက်ဆိုင်သည့် အစိတ်အပိုင်းတွေထဲမှာပဲ ကိုယ် သိမ်းဆည်းမှာပေါ့။ ဗီရိုအပေါ်ဆုံးထပ်မှ အညိုရောင် မှတ်စုစာအုပ်ကို ယူလိုက်သည်။ ဖွင့်ကြည့်မည်ဟု တွေးပြီးတော့မှ စိတ်ထဲမဝံ့မရဲ။ ဒီထဲမှာလည်း ရှိမနေခဲ့လျှင် အိပ်မက် မက်ခဲ့တာဟု ကိုယ် မဖြစ်မနေ လက်ခံရတော့မည်။ ကိုယ် လက်ခံရဲပါ့မလား။ စာအုပ်ကို ကိုင်ထားသော လက်တွေက တုန်ယင်လာ၏။

'ရှိနေမှာပါ'။ ကြိုးစားအားတင်ပြီး ရေရွတ်လိုက်မှန်း သိသာနေလောက်အောင်အထိ ကိုယ့်အသံက တုန်ခါတိမ်ဝင်နေရသည်။ ချက်ချင်း ခါးသက်လာသောစိတ်ကြောင့် မဝံ့ရဲသော ကိုယ့်ကိုယ်ကို ကျိန်ဆဲပစ်လိုက်သည်။ ကိုယ့်မျှော်လင့်ချက်သည် သေးငယ်သော လှိုင်းလုံးအောက်မှာတင် အလွယ်တကူ ပြိုပျက်သွားနိုင်သော သောင်ပြင်မှ သဲအိမ်လိုများ ဖြစ်နေပြီလား။ သို့ပေမဲ့ ထိုသို့ ထိုသို့ ကြိတ်မှိတ် မျှော်လင့်နေရုံကလွဲ၍လည်း ကိုယ့်မှာ ဖြေသာစရာ ဘာတစ်ခုမှမရှိ။ ဖရိုဖရဲ ကျဲပြန့်နေသော ရဲတင်းမှုကို သေချာစုစည်း၍ စာအုပ်ကို ဖွင့်ကြည့်လိုက်သည်။ ကိုယ့်နှလုံးခုန်သံသည် ဗုံတစ်လုံးကို တီးခတ်နေသလို ကျွယ်ကျွယ်လောင်လောင်။ ကိုယ့်စိတ်သည် အကောင်းဆုံးကို မျှော်လင့်ရန် မေ့လျော့နေသည်။ သက်ပြင်းကိုသာ အကြိမ်ကြိမ် ချနေမိ၏။ ရုတ်ခြည်း စိုနစ်လာသော လက်မှ ချွေးစေးတို့ကြောင့် စာအုပ်လေးတောင် နွမ်းဖတ်သွားသလိုပဲ။

ပထမ စာမျက်နှာသည် ဗလာ၊ နောက်တစ်ရွက်သည်လည်း ဗလာ၊ ထို့နောက် တစ်အုပ်လုံးသည်လည်း...။

ကိုယ့် ဦးခေါင်းတစ်ခုလုံး မူးဝေသွားရသည်။ နှလုံးသားသည် ဖျစ်ညှစ်ဆုပ်ကိုင်ခြင်းခံလိုက်ရသလိုမျိုး။ ခုတင်ထောင့်စွန်းတွင်သာ ပစ်ထိုင်မချလိုက်ပါက ကြမ်းပြင်ပေါ်အထိများ ပြိုလဲသွားမှာလား။ ကြိုတင်မျှော်လင့်ထားသလို ဖြစ်လာခဲ့ပေမဲ့ တကယ့်တကယ်လည်း ကြုံလာရသောအခါ ခံနိုင်ရည်မရှိပြန်ပါ။ အိပ်မက်နှင့် လက်တွေ့ မခွဲခြားတတ်တော့ခြင်းသည် ရောဂါတစ်ခုလို ကိုယ့်မှာ စွဲကပ်လာနေပြီပဲဟူသော သံသယသည် ဦးနှောက်ထဲ ပြန်လည်စွဲနစ်လာ၏။ ဒီတစ်ခါနှင့်ဆိုလျှင် ဘယ်နှကြိမ် မြောက်ပါလိမ့်။ ကိုယ် မရေတွက်နိုင်တော့။ ဒီလအတွင်း ထိုသို့ ဝေခွဲမရနိုင်ခြင်းတွေ ခပ်စိပ်စိပ် ဖြစ်လာနေတာတော့ သိသိသာသာပဲ။

အိပ်ပျော်နေရင်း လမ်းလျှောက်တတ်သော ရောဂါလို အိပ်ပျော်နေရင်း စာရေးမိသော ရောဂါမျိုးလား။ ရေးသားနေတာတွေကို မမှတ်မိ။ ရေးသားထားသောစာကို မတွေ့ရပေမဲ့ စာသားတွေက ကိုယ်နှင့်ရင်းနှီးလွန်းနေသည်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ဘဲ အိပ်မက်တွေထဲ လွင့်မျောနေရင်း ပြင်ပက ကားသံ၊ ခြေသံ၊ စကားသံတွေကိုပါ ကြားနေရတတ်သော အချိန်မျိုးမှာ ယောင်ယမ်းစွာ ရေရွတ်မိသော စကားတွေလည်း ဖြစ်နိုင်သည်ပဲ။ ဒါမျိုးက လူတိုင်းဖြစ်တတ်သလား၊ ကိုယ်တစ်ယောက်တည်းများလား။ ရံဖန်ရံခါ ဖြစ်တတ်တာပဲလေ ဟူသော စကားမျိုးနှင့် ကိုယ့်ကိုယ်ကို ဖြေသိမ့်၍ မရတော့သော အခြေအနေမျိုးတွင် ချောက်ကမ်းပါးတစ်ခုထဲ လွင့်စဉ်ကျသွားသလိုရင်ထဲ တလှပ်လှပ်နှင့်။

ဟိုအရင်တုန်းက အခုလောက်ထိတော့ မဆိုးဝါးသေး။ အကြောင်းအရာတစ်ခုကို ကြုံဆုံခဲ့ဖူးသလို၊ ဖြစ်ပျက်ခဲ့ဖူးသလို ခံစားမိတာလောက်သာရှိသည်။ တစ်ခါတစ်ရံတွင်တော့ အိပ်မက်များ မက်ဖူးခဲ့သလားဟု သံသယရှိရင်း မေ့မေ့ပျောက်ပျောက်ပါပဲ။ နေသာသော နေ့လယ်ခင်းတစ်ခုတွင် စာဖတ်ရင်း အိပ်ပျော်သွားသောအချိန်မှစ၍ အိပ်မက်တွေသည် ကိုယ့်လက်တွေ့ဘဝနှင့် ခွဲခြားရခက်လောက်အောင် ရောထွေးလာသည်။ ထိုနေ့က မေမေ့အိမ်ပြန်ရောက်နေတုန်း တဘက်ကို ဆပ်ပြာမှုန့် သေချာစိမ်၍ လျှော်ဖွပ်ခဲ့တာကို ထင်ထင်ရှားရှားမှတ်မိနေသည်။ မေမေက 'တဘက်ကြီး စိမ်ထားပြီး မလျှော်လို့ ငါလျှော်လိုက်ပြီနော်'ဟု ဆိုလာချိန် စိတ်ထဲ ဇဝေဇဝါဖြစ်သွား၏။ ကိုယ်တိုင်လျှော်တာကို သေချာသိနေသည့် စိတ်ဖြင့် စောဒက စကားတို့သည် ကိုယ့်နှုတ်ဖျားတွင် အပြည့်အနှက်။

'နေ့လယ်စာ စားပြီးမှ တဘက်ကိုစိမ်တယ်။ ပြီးတော့ စာအုပ်တစ်အုပ်နဲ့ အိပ်လိုက်တာ လေးနာရီလောက်မှ ထ,တယ်။ နင်နိုးတော့ တဘက်ကဖြင့် ခြောက်လို့ ဗီရိုထဲတောင် ပြန်ရောက်နေပြီ။ ဘယ်အချိန်က လျှော်လိုက်တာလဲ။ အိပ်မက်ထဲမှာလား'

မေမေ့ မျက်စောင်းဒဏ်ကို ခံလိုက်ရမှ ဟုတ်သားပဲဟု ရေရွတ်မိ၏။ သေချာပြန်

www.burmeseclassic.com

စဉ်းစားတော့ တကယ်ပဲ ကိုယ် လျှော်ခဲ့တာလိုလို စိတ်ကထင်နေရပြန်သည်။ လက်မှာတောင် ဆပ်ပြာနံ့က စွဲထင်ကျန်နေဆဲ။ ကိုယ့်ဘာသာ သေချာနေသော စိတ်ကတစ်ဖက်၊ အမေပြောတာကို ယုံကြည်သောစိတ်ကတစ်ဖက်။ နောက်ဆုံး စိတ်ဖွဲပြီး အိပ်မက်ထဲမှာ လျှော်မိတာနေမှာပါလေဟု ကြိုးစားယုံကြည်ရင်း ရယ်မောခဲ့ရသည်။

ထပ်ကာထပ်ကာ ကြုံတွေ့လာရပြန်ပေမဲ့လည်း ရောထွေးခြင်းတွေအပေါ် အာရုံမစူးစိုက်မိသေး။ ဝေခွဲရခက်ခဲတာကို သိနေပေမဲ့ မေ့မေ့ပျောက်ပျောက်လိုသာ သဘောထားနေဆဲ။ ကိုယ့်အနားမှာ သူသာရှိနေခဲ့လျှင်တော့ ဒီလိုမေ့ပျောက်ဖြစ်မည် မထင်။ သူဟာ ကိုယ့်စကားတွေကို အရေးတယူမရှိတတ်ပေမဲ့ ကိုယ့်မှာ ဘာလေးပဲဖြစ်ဖြစ် သူ့ကိုပြောပြနေကျ။ ဒီရောထွေးခြင်းတွေကိုလည်း ကိုယ်ပြောပြရင် ဟာသတစ်ခုလိုသာ နားထောင်ပေးမှာဆိုပေမဲ့လည်း ဘာလုပ်သင့်သလဲဆိုတာကိုတော့ အကြံမပေးဘဲ နေမှာမဟုတ်။ သူ ချန်ထားရစ်ခဲ့ပြီးမှ ရောထွေးလာတတ်တာကိုပဲ အပြစ်တင်ရတော့မှာလိုလို။

သူငယ်ချင်း အကြောင်း မက်ခဲ့သော အိပ်မက်ဆိုလျှင်လည်း ဘယ်လောက်တောင် သူနှင့်တိုင်ပင်ဖို့ ကောင်းလိုက်သလဲ။ အိပ်မက်ထဲမှာ သူငယ်ချင်းက သူသိပ်ကြိုက်သော မော်ဒယ်လ်နှင့် ဓာတ်ပုံတွဲရိုက်နေသည်။ သူ့ဆီက အပျော်ဓာတ်က ကိုယ့်ဆီ

**တိုးညင်းသော
အသံလေးတစ်ခုကို
ကြားလိုက်ရသည်
ကိုယ့်နာမည်ကို
ခေါ်လိုက်တာ
ထင်ပါရဲ့
ကြားဖူးနေကျ
အသံမျိုးပဲ
ကိုယ်
တရင်းတနှီး
အရှိဆုံးသော
အသံ
မေ့မသွားပါနဲ့ဟု
ပြောတုန်းကလို
တိုးလျှိုး
တောင်းဆိုခြင်းတွေ
ပါဝင်နေသော
အသံ**

တောင် ကူးစက်လာရသလို။ သူငယ်ချင်းကို အိပ်မက်အကြောင်း ဝမ်းသာအားရဖြင့် ပြန်ပြောပြတော့ 'နင် စိတ်စွဲလို့ နေမှာပါဟ။ မနေ့က အဲဒီ မော်ဒယ်လ်နဲ့တွေ့လို့ Selfie ရိုက်ထားတဲ့ပုံတောင် နင့်ကိုပြသေးတယ်လေ' တဲ့။ ဒီတစ်ခါလည်း ကိုယ် ဇဝေဇဝါ ဖြစ်ရပြန်ပါသည်။ သူ ပြသောပုံကိုတော့ မြင်ဖူးသလိုလို ရှိသားပဲ။ သို့ပေမဲ့ ဘယ်လို ပင်တွေးတွေး အိပ်မက်အဖြစ်သာ စိတ်ကစွဲနေ၏။ ဟုတ်မှာပါလေဟု လျှော့ချသလို အောင့်သက်သက်နှင့် ပြောလိုက်ရတော့ ပိုပြီးမကျေနပ်ရ။ ထိုအချိန်ရောက်မှ ငါ ရောထွေးနေတာလားဟု တွေးမိစပြုရုံပဲ ရှိသေးသည်အထိ ကိုယ်ဟာ ညံ့သက်နေဆဲ။

ဒါကြောင့်လည်း ကိုယ့်မှာ တကယ်မရှိသည့်အင်္ကျီကို ရှာဖွေနေမိတာမျိုးတွေအထိပါ ဖြစ်လာရတာလားပဲ။ လမ်းထိပ် စတိုးဆိုင်က အရုပ်တွင် ထိုအင်္ကျီကိုတွေ့မှ အိပ်မက်မက်ပြန်ပြီပဲဆိုတာ သတိထားမိ၏။ အိပ်မက်ကလည်း ထင်ရှားလွန်းလိုက်တာ။ 'Where Are You Now'ဟု ရေးသားထားသော ရင်ဘတ်က စတစ်ကာလေး ကွာစပြုနေတာတွေအထိပါ ပြတ်ပြတ်သားသား မှတ်မိနေသည်။ စိတ်က သူ ဘယ်ရောက်နေပြီလဲဆိုတာကိုပါ တစ်ဆက်တည်း တွေးမိသွားသည်။ ရွက်ကျပင်ပေါက်လို ရောက်သည့် နေရာ ပျော်နေမှာကတော့ သံသယရှိနေစရာမလို။ ကိုယ့်ကိုကော သူ သတိတရရှိနေမလား။ ကိုယ်တို့ သိပ်ချစ်ခဲ့ကြတာလေ။ အို... သူ့အတွက် ကိုယ်က ဖျတ်ခနဲမက်သော အိပ်မက်လို နိုးထ,လာချိန်မှာ သတိတရရှိရန် မလိုအပ်သော အပိုင်းအစတစ်ခုသာသာနေမှာ။ ရင်ခွင်တစ်ခုလုံး ခါးသက်သွားရသည်။ တော်ပါလေ။

အိပ်မက်တွေကို ဘယ်လို တားဆီးလိုက်ရမလဲ ဆိုတာကိုသာ တွေးစမ်းပါ။ အိပ်မက်ကို တားဆီးရန်ထက် အတွေးတွေကို ထိန်းချုပ်ပစ်ရန်က ပိုအရေးကြီးမလားပဲ။ ကိုယ့်အတွေးနှင့် အိပ်မက်တွေသည် ထပ်တူကျနေတတ်ခြင်းကြောင့် ရောထွေးနေတာလားမှ မသိတာ။ အတွေးတွေကို တားဆီးရန်ကလည်း ဘယ်လိုမှ ကြိုးစား၍မရ။ မတွေးမိအောင် ကိုယ့်စိတ်ကို ချုပ်ထားလေလေ၊ အတွေးတို့က လွင့်ပျံ့လွယ်လေလေ။ တစ်ခါတစ်ရံ ခေါင်းကိုလက်ဖြင့်စုံကိုင်၍ တော်ပါတော့၊ မတွေးပါနဲ့တော့ဟု ညည်းတွားအော်ဟစ်ရသည်။ စိတ်ပြေလက်ပျောက် သီချင်းနားထောင်ပြန်တော့လည်း သီချင်းစာသားတွေကိုပါ နယ်ချဲ့နေသော အတွေးထဲ ဆွဲယူ တွေးတောမိနေပြန်သေးသည်။ အတွေးတွေကို မထိန်းချုပ်နိုင်သေးသရွေ့ ကိုယ် ရောထွေးနေမှာပဲလား။ ဒါကလည်း မှတ်ဉာဏ်ဆုံးရှုံးခြင်း တစ်မျိုးပဲထင်၏။ ကိုယ် ရူးသွားတော့မှာများလား။

ပထမဆုံးအကြိမ် မေးခွန်းထုတ်မိချိန်က အသံထွက်အောင်ရယ်၍ မရူးပါဘူးဟု ပေါ့ပြက်ပြက်ပြန်ဖြေခဲ့ဖူးသည်။ ရောထွေးခြင်းတွေနှင့် ကြုံတွေ့ရပါများလာသောအခါ ရင်ထဲတထိတ်ထိတ်နှင့် ကိုယ့်အဖြေအပေါ် ကိုယ် သံသယရှိလာရသည်။ မေမေ နေမကောင်းဘူးဟု အိပ်မက်မက်ပြီးချိန်တွင်တော့ ကိုယ့်ကိုယ်ကိုပါ မယုံမကြည်ဖြစ်လာသည်။

အိပ်မက်ထဲတွင် မေမေသည် ပြတင်းပေါက်ဘေးက ခုံတွင် ထိုင်နေသည်။ မေမေ့ကြည့်ရတာ အရမ်းဖျားနေပုံပဲ။ မျက်နှာတွေက ထူထူအန်းအန်းကြီး။ ပရုတ်ဆီတွေ လိမ်းထားလိုက်တာကလည်း ခပ်ဝေးဝေးက ကိုယ့်ဆီတောင် အပူရှိန်တွေလာဟပ်နေသလို၊ နံ့ကလည်း နံသေးသည်။ နေ



www.burmeseclassic.com

www.burmeseclassic.com

မကောင်းဘူးဆိုပြီး ပြတင်းပေါက်လည်း မပိတ်ပါလား။ အအေးကြိုက်တတ်လွန်းသော မေမေ့ကို ပြတင်းပေါက်ပိတ်ရန် တဖျစ်တောက်တောက် ပြောနေပေမဲ့ မေမေက ကိုယ်ပြောနေတာတွေကို ကြားပုံမရ။ တွေတွေကြီးသာ ငေးမောနေမြဲ။ ပြီးမှ ဆတ်ခနဲလှည့်လာပြီး နင်ကအမေလား၊ ငါကအမေလား တဲ့။ အိပ်မက်ထဲမှာပင် ကိုယ်အသံထွက်အောင် ရယ်မိသွားသည်။

မနက်ကျတော့ စိတ်ပူပန်စွာ မေမေ့ကို ဖုန်းဆက်ရသည်။ အိပ်မက်တွေ မကောင်းလို့ ကျန်းမာရေးဂရုစိုက်ရန် ပြောရသည်။ မေမေက 'ညက ဖုန်းဆက်တုန်းကတင် ငါနေမကောင်းဘူးလို့ ပြောထားတာကို အခုမှ အိပ်မက်တွေမကောင်းဘူးလို့ ဘာလို့ လာပြောနေရတာတုံး' တဲ့။ ကိုယ် ခဏတော့ ကြောင်သွား၏။ ညက တကယ်ဖုန်းဆက်သေးလား ပြန်တွေးတော့ ဘာကိုမှ မမှတ်မိ။ အိပ်မက်ကိုသာ စွဲစွဲထင်ထင် ရှိနေသည်။ 'ငါ့ကို ဆရာဝန်ဆီသွား။ အိမ်မှာတင် ဆေးမြီးတိုနဲ့ ကုမနေနဲ့လို့ ဆရာလာလုပ်လို့ နင်ကအမေလား၊ ငါကအမေလားလို့ အပြောခံရတာတောင် မမှတ်မိဘူးလား'

ကိုယ့်စိတ်ထဲ ထင့်ခနဲဖြစ်သွားသည်။ လည်ချောင်းဝမှာလည်း ဆို့ဆို့ကျပ်ကျပ်ကြီး။ ညက တကယ်ပဲ ဖုန်းပြောဖြစ်ခဲ့လား။ သေချာ ပြန်တွေးကြည့်ပေမဲ့ ရှုပ်ထွေးနေသော ခေါင်းထဲကို ဘယ်လိုအကြောင်းအရာကမှ ရောက်မလာ။ Call Log ထဲမှာတော့ ဖုန်းပြောခဲ့တာ တွေ့သားပဲ။ သို့ပေမဲ့ ဘယ်လိုပင်တွေးတွေး အိပ်မက်ကိုသာ ပြက်ပြက်ထင်ထင် ရှိနေသည်။ တကယ်လို့ စိတ်စွဲပြီး အိပ်မက် မက်ခဲ့တာဆိုလျှင်တောင် ဖုန်းပြောခဲ့တာကို မေ့လျော့သွားစရာမှမလိုဘဲ။ ကိုယ်ဟာ အမေနှင့်ပတ်သက်ပြီးတောင် ရောထွေးနေတတ်ပြီလား။ ဝမ်းနည်းစိတ်က ရင်ကို ဖိစီးလာသည်။ ကိုယ့်နှလုံးသားကလည်း အေးစက်တင်းကျပ်နေ၏။ တစ်စုံတစ်ယောက်ကို ရင်ဖွင့်လိုက်လျှင် ကောင်းမည်ဟုထင်လာသည်။ ဒါမှမဟုတ် တစ်စုံတစ်ရာကို နံရံထက်တွင် ပစ်ပေါက်ခွဲလိုက်ရလျှင် ကောင်းမှာပဲဟုလည်း တွေးမိသည်။ စိတ်သည် ပုံစံမျိုးစုံဖြင့် ထွက်ပေါက်ရှာနေပေမဲ့ ခန္ဓာကိုယ်ကတော့ တွေဝေချုပ်ထိန်းခြင်းနွံထဲမှာပဲ နစ်မြုပ်နေဆဲ။

ကိုယ့်စိတ်ကို ကိုယ်ပိုင်နေသေးရဲ့လား။ ခန္ဓာကိုယ်သည် ဆတ်ခနဲ တုန်ယင်သွား၏။ သိပ်ကြောက်စရာကောင်းသော မေးခွန်းပါလား။ ကိုယ့်ကိုယ်ကို ပြန်ဆန်းစစ်သလို မေးခွန်းထုတ်တိုင်း စိုးရွံ့တုန်လှုပ်ရသည်။ အဖြစ်အပျက်တစ်ခုကို ဦးနှောက်က အစဖော်လာတိုင်း အိပ်မက် မက်ခဲ့တာလား၊ တကယ်လားဟု စဉ်းစားရတာလောက် စိတ်ညစ်ညူးဖွယ်ကောင်းတာ ရှိမည်မထင်။ တဖြည်းဖြည်း လက်တွေ့ဘဝကို အိပ်မက်ထင်ပြီး နိုးထလာချိန်ကို စောင့်မျှော်နေရမှာ၊ အိပ်မက်ကို အမှန်တကယ်ထင်၍ သာယာယစ်မူးနေရမှာ...။

ဘုရားသခင်...။ တွေးကြည့်ရုံနှင့်ပင် သေလုအောင် နာကျင်ဖွယ်ရာကောင်းလွန်းသည်။ စိတ်ဆရာဝန်တစ်ဦးဦးနှင့် တွေ့ကြည့်ရမည်။ စိတ်တွေ ညစ်ညူးလာတိုင်း ချဖြစ်တတ်သော ဆုံးဖြတ်ချက်သည် ယခုအချိန်အထိ အကောင်အထည်ဖော်ခြင်းအဆင့်သို့ ရောက်မလာသေး။ ဘာပဲဖြစ်ဖြစ် အကောင်အထည် ဖော်ဖြစ်အောင်တော့ ဖော်ရလိမ့်မည်။ နှင်းဝေသော ဆောင်းနံနက်ခင်းလို မှုန်မှိုင်းရီဝေနေသည့် ကိုယ့်စိတ်ထဲ အလင်းရောင် ခပ်သဲ့သဲ့လေးဖြစ်ဖြစ် ဝင်ရောက်လာစေရန် ဆရာဝန်တစ်ဦးဦး၏ အကူအညီကို လိုအပ်နေပြီ။ လွှမ်းစိတ်တွေကို ရင်ထဲ ခင်းကျင်းနေရာချရန် ကောင်းမွန်လွန်းသော ထိုနံနက်ခင်းများက သိပ်ချစ်ဖို့ကောင်းပါသည်။ သို့ပေမဲ့ ကိုယ့်ဘဝကိုတော့ မှုန်မှုန်မှိုင်းမှိုင်းမဖြစ်ချင်။ ချထားပြီးသော ဆုံးဖြတ်ချက်ကို ပိုပိုပြီးခိုင်မာလာစေမည့် အတွေးများက ဦးနှောက်ထဲ တစစ ပွားများလာသည်။

အကြည့်တို့သည် စာအုပ်ဆီကို ရောက်ရှိသွားပြန်သည်။ ထိုစာအုပ်ကို မြင်တွေ့နေရတိုင်း ရင်အစုံကို လက်သီးဖြင့် တဒုန်းဒုန်း ထုနက်နေသလို နာကျင်ရပေမဲ့ မမှိတ်မသုန် စိုက်ကြည့်နေမိသည်။ ဘာကြောင့် ထိုသို့ပြုမူနေမိမှန်းလည်း မသိပြန်။ စာရေးထားတာများ ရုတ်တရက် ပေါ်ထွက်လာမလားဟု ရူးသွပ်စွာ မျှော်လင့်နေ၍လားတော့မသိ။ ထို့နောက် ကိုယ့်အကြည့်တို့သည် စာအုပ်အောက်မှ လက်ဖက်ရည်ခွက်ဆီကို တဖြည်းဖြည်းရွှေ့လျားသွား၏။

ထိုခွက်ကို မြင်မှ လက်ဖက်ရည်မသောက်ဖြစ်တော့တာတောင် တော်တော်ကြာပြီပဲဆိုတာ သတိထားမိသည်။ သူရှိနေချိန်က သူဖျော်ပေးတတ်သော လက်ဖက်ရည်ကို တစ်နေ့တစ်ခွက်လောက်မှ မသောက်ရလျှင် မနေနိုင်။ ကိုယ့်အတွက် လက်ဖက်ရည်ဖျော်ပေးနေသော သူ့ကိုငေးစိုက်မိတိုင်း ပန်းချီဆွဲတတ်လျှင် ကောင်းမှာပဲဟုသော စိတ်ရင်ထဲ ဖြစ်တည်လာတတ်သည်။ သူ့ပုံက သိပ်ကဗျာဆန်လွန်းနေ၍တော့မဟုတ်။ ကိုယ့်အတွက် စိတ်ရောကိုယ်ပါနှစ်၍ သူ လုပ်ပေးတတ်သောအရာသည် လက်ဖက်ရည်ဖျော်တိုက်ခြင်း တစ်ခုတည်းသာရှိသည်လေ။ ထိုအချိန်တိုင်း သူ့မျက်နှာတွင် ထင်ဟပ်နေသော စိတ်အားထက်သန်ခြင်း အရိပ်ယောင်ကို နှလုံးသားထဲတွင်ကော နံရံထက်မှာပါ ကိုယ် သိမ်းဆည်းထားလိုက်ချင်သည်။

ယခု ကော်ဖီ၏ ခါးသက်သောအရသာကို ကိုယ်ကြိုက်နေတတ်ပြီဆိုလျှင် သူ ဘယ်လိုတုံ့ပြန်မည်လဲမသိ။ အပြောင်းအလဲ မြန်လိုက်တာဟုတော့ သူမှာပြောပိုင်ခွင့်မရှိ။ အို...၊ ဖုန်းထဲကနေတောင် နောက်တစ်ယောက်ရနေပြီဟု လွယ်လွယ်ကူကူပြောထွက်ရဲသော သူ့စိတ်က ခွင့်ရှိခြင်း၊


www.burmeseclassic.com

www.burmeseclassic.com

မရှိခြင်းတွေအပေါ်မှာ အာရုံစူးစိုက်မှုရှိမည်မထင်။ ကိုယ်ဘယ်လိုခံစားရမည်လဲဆိုတာ သူ နည်းနည်းလေးမှ မတွေးတတ်ခဲ့ဘူး။ သူ သွေးအေးသွားတာနဲ့ ကိုယ့်စိတ်ကိုပါ သူလိုဖြစ်နေပြီဟု အလွယ်တကူ သတ်မှတ်ခဲ့ပုံပဲ။ ပြန်တွေးကြည့်တိုင်း သစ်လွင်သော အဖြစ်အပျက်တစ်ခုလို နာကျင်ရပါသည်။ တအံ့တသြလည်း ဖြစ်မိသည်။ ကိုယ်နှင့်သူ့ကြားက ရှည်ကြာသော သူငယ်ချင်းသက်တမ်း၊ ထို့နောက်မှ ချစ်သူသက်တမ်းတွေကနေ ရစ်ဖွဲ့လာခဲ့သော သံယောဇဉ်ကို အလွယ်တကူ ဖြတ်တောက်သွားနိုင်ခဲ့တာပဲ။ သိပ်တော်တာပဲဟု ချီးကျူးရမလား၊ ရက်စက်လိုက်တာဟု ညည်းတွားရမလားပင် မဝေခွဲတတ်။ တကယ်တော့ သံယောဇဉ်တွေ၊ ချစ်ခြင်းမေတ္တာတွေဆိုတာ အယုံအကြည်ရှိချင်စရာ မကောင်းသော နောက်ကျောဓားထိုးသမားတွေပါပဲလေ။

တစ်ခါတစ်ရံတွင်တော့ ငါ့ကို ဘာလို့ထားခဲ့ရက်တာလဲဟူသော မေးခွန်းဖြင့် သူ့ကို ချောင်ပိတ်ချင်သည်။ ကိုယ့်ရင်ထဲက ချစ်စိတ်တွေကို ထိန်းချုပ်မထားနိုင်လောက်အောင် ဖြစ်ခဲ့ရခြင်းက သူ့အတွက် အလွယ်တကူ ငြီးငွေ့စရာ ဖြစ်သွားတာလား။ နောက်တစ်ယောက် ရနေပြီဟု ဆိုလာချိန် 'သူနဲ့ဆို ပျော်ရမှာ သေချာလား'ဟု မေးမိရဲကလွဲ၍ ဖွင့်အတင်း ဖက်တွယ်မထားခဲ့ခြင်းက ကိုယ်လည်း သူလို သွေးအေးနေပါပြီဟု ထင်မှတ်သွားစေတာလား။ ဒါမှမဟုတ် ကိုယ်က စာအုပ်တွေကို ချစ်တတ်သော စိတ်ရှိနေ၍လား။ သူ့ကို ပြင်းထန်စွာ မကျေမနပ်ဖြစ်လာသည်။

ကံကြမ္မာ၏ ပြောင်မြောက်သော ကျီစယ်မှုတစ်ခုလို ကိုယ်၏ ချစ်ရသူသည် စာဖတ်ခြင်းကို မုန်းတီးလွန်းသည်။ ကိုယ့်ကြောင့် ပိုမုန်းသွားတတ်တာဟုလည်း ဆိုသေး၏။ စာဖတ်နေသော အချိန်တွင် ပြင်ပကမ္ဘာနှင့် အဆက်အသွယ် ပြတ်တောက်သွားတတ်သည့် ကိုယ့်ကို သိပ်မုန်းတာပဲဟု သူ ခဏတိုင်း ပြောဖူးသည်။ သူ့ထက် စာအုပ်တွေကို ပိုအလေးထားတတ်တာမျိုးကို သူ မကြိုက်။ ဖတ်နေသော စာအုပ်တွေကို ယူပြီး လွှင့်ပစ်တတ်လွန်းလို့ စာအုပ်တွေပျက်စီးရပေါင်း၊ စာကြည့်တိုက်တွေကို အလျော်ပေးရပေါင်းလည်း မနည်းတော့။ ဒီအချက်ကြောင့် ထားခဲ့ဖို့ ဆုံးဖြတ်တာဆိုလျှင်လည်း ထားခဲ့စမ်းပါ့စေလေ။

စကားပြောမိသောသူတိုင်းနှင့် အလွယ်တကူ သမုတ်ပစ်တတ်သော သူ့သဝန်တိုခြင်းဒဏ်ကနေ လွတ်မြောက်သွားရတာပေါ့။ သူငယ်ချင်းတွေနှင့် စာအုပ်တွေအကြောင်း ပြောရမည့်အချိန် ပိုတိုးလာတာပေါ့။ ကိုယ့်စာအုပ်စင်ပေါ်မှ စာအုပ်တွေလည်း ဆုတ်ဖြဲခြင်း မခံရတော့တာပေါ့။ တွေးရင်း ဟက်ခနဲ ရယ်ချပစ်လိုက်သည်။ ရစ်ဝဲလာသော မျက်ရည်တွေကို သရော်လိုက်မိလိုက်တာ ထင်ပါရဲ့။

ဟိုအရင်အချိန်က သူ ပြန်လာမှာကို မျှော်လင့်ခဲ့ဖူးသည်။ ကိုယ့်ကို သိပ်ချစ်လွန်းလို့မဟုတ်ဘဲ သူ့နောက်တစ်ယောက်ပေးလာသော ချစ်စိတ်တွေက သူ့အတွက် မလုံလောက်လို့ ပြန်လာမှာမျိုး၊ ကိုယ့်လောက် ဂရုစိုက်မပေးနိုင်လို့ ပြန်လာမှာမျိုးကိုကျ မလိုချင်ပြန်။ နေပါဦး။ ဒါဆို အခုအချိန်ထိ ပြန်မလာသေးတာက သူ့နောက်တစ်ယောက်က ကိုယ့်ထက်ချစ်ပြနိုင်လို့လား၊ ဒါမှမဟုတ် ကိုယ့်ထက်ပိုပြီး သူ့ကို ချစ်သွားလို့လား။ ထိန်းချုပ်ထားသည့်ကြားကနေ တွေးဖြစ်အောင် တွေးလိုက်မိသေးသည်။ နှလုံးသားဆီက ကျဉ်ခနဲ...။

တော်ပါပြီ။ သူ့ကိုလည်း ပြန်မလာစေချင်တော့ပါဘူး။ မွန်းကျပ်ခါးသီးလွန်းသော လွမ်းစိတ်တွေထဲမှာ နေသားကျအောင်ကြိုးစားရင်း အလွမ်း၏အရသာကို ကိုယ်နှစ်ခြိုက်နေတတ်ပြီ။ *Someone Like You* သီချင်းနားထောင်ရင်း မျက်ရည်ကျချင်ကျမည်။ တိမ်တိုက်တွေထဲမှာ သူ့အပြုံးကို ပုံဖော်ချင်ဖော်မည်။ တဖွဲဖွဲကျနေသော မိုးရေစက်များကို ငေးရန် ကော်ဖီခါးခါး တစ်ခွက်နှင့်ပင် ကိုယ် လုံလောက်နေပါပြီ။ သူ့ကို လိုအပ်မနေချင်တော့ဘူး။

သူ့ကို ကိုယ် ချစ်နေဦးမည်။ စေ့ဆော်မှုတစ်ခုခု ရှိလာရင်လည်း ဖျတ်ခနဲပေါ်လာသော သူ့အကြောင်းတွေကို အတွေးထဲ နေရာပေးထားဦးမည်။ လုံးဝကြီး မေ့ပျောက်ပစ်၍ ရမှာတော့ မဟုတ်။ ဒါကိုသိလျှင် သူ သိပ်ဝမ်းသာမည် ထင်ပါသည်။ သူက သိပ်အချစ်ခံချင်သည်လေ။ ပြန်လာဦးမည်ဆိုလျှင်သာ ကိုယ် ငြင်းဆန်ပစ်ရမည်။ အရောင်လွင့်နေသော ပန်းချီကားတစ်ချပ်သည် ဆေးရောင်ထပ်လိုက်ရုံနှင့် အရင်လို ပြန်လှပမသွားနိုင်ဘူးဟူသော ယုံကြည်မှုက ကိုယ့်စိတ်ထဲ စွဲနစ်နေ၏။

သက်ပြင်းငွေ့ငွေ့ကို မှုတ်ထုတ်လိုက်သည်။ ထိုမှပဲ ရင်ထဲ တော်တော်ကြီး ပူလောင်နေတာကို သတိထားမိ၏။ အေးတာလေးတစ်ခုခု သောက်ရရင်ကောင်းမှာပဲ။ ရေခဲသေတ္တာထဲမှ အချိုရည်ဘူးကို သွားယူမည်တွေးပြီးမှ ထိုင်နေရာက မထမိ။ စိတ်သည် မျှောလွင့်နေချင်ပြန်သည်။

ရေခဲသေတ္တာဘေးမှ ရွက်ဆုတ်ပြက္ခဒိန်သည် မတ်လ၏ တစ်ခုသော တနင်္ဂနွေနေ့တွင် ရပ်တန့်နေသည်။ အခန်းထဲတွင် ရောထွေးခြင်းနှင့် နေသားတကျဖြစ်အောင် ကိုယ်ကြိုးစားနေချိန်တွင် သူတို့က First Anniversary ကို စားသောက်ဆိုင်တစ်ခုခု၊ ဒါမှမဟုတ် စိမ်းစိုသော မြက်ခင်းပြင်တစ်ခုခုတွင် ကျင်းပနေလောက်ပြီ။ ကိုယ့်အကြောင်းကို ဟာသတစ်ခုလို ရယ်ပွဲဖွဲ့ပြောဆိုနေမှာလားတောင်မသိ။ သေလိုက်ပါ့လား။

ယခုအချိန် ကိုယ့်ရှေ့မှာ သူရှိနေပါက သူ့ပခုံးများကို ခပ်ပြင်းပြင်းဆွဲလှုပ်၍ ဘယ်လိုမှ ခွင့်မလွှတ်နိုင်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com

ပြောမည်။ သိပ်ရက်စက်တာပဲဟု စွဲချက်တင်မည်။ သို့ပေမဲ့ သူသာ လှစ်ခနဲပြုံးပြလာမည်ဆိုလျှင် ကိုယ် စိတ်ကို ကြာကြာ တင်းထားနိုင်မည်မထင်။ အို… ကိုယ် သိပ်ညံ့သက်လွန်းတာပဲ။ သူ့လွှမ်းမိုးမှုအောက်ကနေ ရုန်းထွက်လိုက်စမ်းပါ။

တော်သင့်ပြီဟု စိတ်ကသိနေပေမဲ့ ဆက်ကာ ဆက်ကာ ပွားများလာနေသော အတွေးတွေကို ရပ်တန့်ပစ်ဖို့ မစွမ်းဆောင်နိုင်။ တွေးချင်ရာတွေ တွေးလိုက်၊ နာကျင်မှုတွေကို လက်သင့်ခံလိုက်နှင့် လူလည်း ခပ်ယဲ့ယဲ့သာ ကျန်တော့သည်။

ဟော… သင်းပျံ့သော တမာပန်းရနံ့ကို ရပြန်ပြီ။ ပြတင်းတံခါးကို ဖြတ်ကျော်လာခဲ့သော လေပြည်တို့နှင့် အတူ ရောယှက်လိုက်ပါလာသည့် ပန်းနံ့လေးက မွှေးလိုက်တာ။ ရှုပ်ထွေးနေသော ခေါင်းထဲ အနည်းငယ်တောင် ကြည်လင်သွားသလိုပဲ။ မျက်ဝန်းများကို မှေးစင်းရင်း ဦးနှောက်ထဲ ပိုပြီး ကြည်လင်မှုရလိုရငြား ပန်းနံ့ကို အာရုံစူးစိုက်လိုက်သည်။ စံပယ်လို ထုံအီနေသော မွှေးပျံ့ခြင်းမျိုးလည်း မဟုတ်၊ နှင်းဆီလို စူးရှနေသော မွှေးရနံ့မျိုးလည်း မဟုတ်။ ဆတ်ခနဲ မွှေးလာလို့ သေချာအာရုံစူးစိုက်မွှေးကြူကြည့်ပြန်လျှင် ဘာရနံ့မှ မရတော့သလို။ တမာသည် လှည့်စားတတ်သော ပန်းမျိုးလား။ သူနှင့်တောင် ဆင်တူနေပြီထင်၏။ နစ်ဝင်နေစရာ အာရုံတစ်ခုခုရှိနေလျှင် ဘာကိုမှ သတိမထားမိလောက်တော့အောင် မျော လွင့်သွားရသည့်စိတ်ကြောင့် နားစည်ကို လာရောက် တိုးထိသည့် အသံတစ်ခုကို ရုတ်တရက်မကြားမိ။ သတိထားမိချင်း ဘာသံပါလိမ့်ဟု ရေရွတ်မိသည်။ သေချာ စူးစိုက်နားထောင်တော့မှ… တံခါး ခေါက်သံ။

မေမေများလား။ အလုပ်ကြောင့် အိမ်နှင့်ခွဲနေရသော ကိုယ့်ဆီသို့ လာလည်တိုင်း အခန်းရှေ့ကနေ ကိုယ့်နာမည်ကို အော်ဟစ်ခေါ်ရတာ ပိုနှစ်သက်သည့် မေမေကတော့ တံခါးကို တိုးဖွဖွ ခေါက်နေမှာမဟုတ်။ ရုံးက မမငြိမ်းဆုလား၊ စည်သူလား။ ရှားရှားပါးပါး ကိုယ့်ဆီ တစ်ကြိမ်သာ လာလည်ဖူးသူတို့လည်း ဖြစ်နိုင်မည်မထင်။ သူတို့လာလည်ကြတုန်းက အခုလို ညနေခင်းကြီးမှ မဟုတ်ဘဲ။ ဘယ်သူပါလိမ့်။

တံခါးကို ကြောင်အစွာ ငေးစိုက်မိနေသည်။ တစ်ခုခုတော့ မှားယွင်းနေသလိုပဲ ဟူသောအသိကြောင့် ဖွင့်ရန်၊ မဖွင့်ရန် ဝေခွဲမရဖြစ်နေရ၏။ နေပါဦး။ 'ဖြည့်သည်လာတယ်၊ တံခါးခေါက်တယ်၊ ဘာများ ထူးဆန်းစွာ မှားယွင်းနေလို့လဲ'။ နားမလည်စွာ ကိုယ့်ကိုယ်ကို မေးခွန်းပြန်ထုတ်မှ စိတ်ထဲ နောက်ကျိသွားရသည်။ ကိုယ့်စိတ်တွေ ဘာဖြစ်နေရပြန်ပြီလဲ။ အလကားနေရင်း တလှပ်လှပ်ဖြစ်နေသည်။

'ဘယ်သူလဲ'။ ကိုယ့်အသံသည် အပြင်ကလူ ကြားနိုင်အောင် မကျယ်လောင်ဘူးထင်ပါ၏။ ဒါမှမဟုတ် သူ ဘယ်သူလဲဆိုတာကို ကိုယ် တံခါးဖွင့်မပေးမချင်း ဖုံးကွယ်ထားချင်၍လည်း ဖြစ်နိုင်သည်ပဲ။ သူ့ဆီက တုံ့ပြန်သံတစ်စွန်းတစ်စမှ မကြားရခြင်းသည် မကျေမနပ်ဖြစ်ချင်စရာကောင်းလွန်းသည်။ သူတောင် သူ့နာမည်ကိုသူ မဖွင့်ဟ,နိုင်တာကို ကိုယ်က တံခါးဖွင့် ကြိုဆိုနေရဦးမှာလားဟု ခပ်ကန်ကန်တွေးရင်း ထိုင်နေရာက မထ,မိ။ ဘယ်သူလဲဟုသာ နောက်တစ်ကြိမ် အော်မေးလိုက်သည်။ တိုတောင်းနေသောစိတ်ကြောင့် ကျယ်လောင်လောင် အသံတို့သည် အနည်းငယ် မောကျောသွားရသလို။ မတတ်နိုင်ဘူးလေ။ ခုတလော စိတ်တို လွယ်နေတာကို ကိုယ် မထိန်းချုပ်နိုင်တာတော့ အမှန်ပဲ။

တိုးညင်းသော အသံလေးတစ်ခုကို ကြားလိုက်ရသည်။ ကိုယ့်နာမည်ကို ခေါ်လိုက်တာထင်ပါရဲ့။ ကြားဖူးနေကျ အသံမျိုးပဲ။ ကိုယ်တရင်းတနှီးအရှိဆုံးသော အသံ။ မေ့မသွားပါနဲ့ဟု ပြောတုန်းကလို တိုးလျှိုးတောင်းဆိုခြင်းတွေ ပါဝင်နေသော အသံ။ ဘုရားသခင်။ ဒါ သူလား။

ကိုယ့်မျက်ဝန်းအစုံ ပြူးကျယ်သွားရသည်။ ခန္ဓာကိုယ်ထဲမှာ သွေးတို့သည် စီးဆင်းမှုကို ရပ်တန့်ပစ်လိုက်သလို၊ လည်ပတ်နေသော ကမ္ဘာကြီးထဲတွင် ကိုယ်တစ်ယောက်တည်း ရပ်တန့်နေရသလို ခြေဖျား၊ လက်ဖျားများပင် အေးစက်လာ၏။ ဒါ တကယ်ပင် သူပဲလား။ ကိုယ်အထင်မှားတာလည်း ဖြစ်နေပါဦးမည်။ သေချာပြန်နားစိုက်ထောင်ပါဦး။ နောက်တစ်ကြိမ် သူ့ဆီကအသံပြန်ကြားရန် စောင့်ဆိုင်းနေမိသော စက္ကန့်ပိုင်းက ရှည်ကြာလွန်းလိုက်တာ။

ဟော… ကိုယ့်နာမည်ကို ခေါ်ပြန်ပြီ။ ပြီးတော့ သူ့နာမည်ကိုလည်း အတည်ပြုပေးသလို ပြောလာသည်။ ဒါ… ဒါ…တကယ် သူပါပဲ။

ကိုယ့်တစ်ကိုယ်လုံး အေးစက်သွားသည်။ ဆို့ကျပ်လာသော ခံစားချက်ကြောင့် အသက်ရှူတောင် မဝ,ချင်တော့။ ငေးစိုက်ကြည့်နေမိသော တံခါးပေါက်သည် တဖြည်းဖြည်း ဝေဝါးပျောက်ရှသွားသည်။ ပါးပြင်ပေါ်သို့ မျက်ရည်များ လျှောခနဲ လိမ့်ဆင်းသွားသောအခါ ပြန်လည် ကြည်လင်လာပေမဲ့ ချက်ချင်း ဝေဝါးသွားရပြန်သည်။ ကိုယ့်စိတ်သည် ထိန်းချုပ်ရခက်လောက်အောင် လှုပ်ရှားရုန်းကန်လာသည်။ သေချာပါသည်။ ဒါတကယ် သူပါပဲ။ ကိုယ့်ဆီကို သူ ပြန်လာတာလား။ သူ့ကို ကိုယ် သေလောက်အောင် လွမ်းနေတာ။

အရူးတစ်ယောက်လို ရေရွတ်ရင်း တံခါးဖွင့်ရန် ထ,ရပ်လိုက်သည်။ ခွေညွတ်ကျချင်နေသော ခြေထောက်များက စားပွဲခုံကို ပစ်ဆောင့်မိ၏။ ဒူးခေါင်းဆီမှ နာကျင်မှုနှင့်အတူ ဦးနှောက်ထဲ ဖျတ်ခနဲ ဝင်ရောက်လာသည့်အသိတစ်ခုက…ဒါ အိပ်မက်လား၊ တကယ်ပဲလား။ ■

**မိုးခကျော်သွင်**



www.burmeseclassic.com


www.burmeseclassic.com

# အဖေခေါ်ခွင့်

ရေနွယ်၊ ကျောက်ဆည်း

ကိုယ့်ဘဝမှာ
မွေးကတည်းက
ဒီအချိန်ထိ
အဖေခေါ်ပြီး
တစ်ကြိမ်
တစ်ခါမှ
မခေါ်ခဲ့ရဖူးဘူး
ဒါကြောင့်
အဖေ
သက်ရှိထင်ရှား
ရှိတုန်း
တွေ့ဆုံခွင့်
ခေါ်ခွင့်လေး
ရချင်တယ်
ညီ

'ငါ့ညီ မင်း ကံကောင်းပါတယ်ကွာ။ လုံးဝ ကံကောင်းပါတယ်' သူ့ရှေ့ ထိုင်လိုက်သည်နှင့် ထိုစကားကိုစ,ကြားရခြင်း ဖြစ်သည်။ ဘာကို ဆိုလိုမှန်း ကျွန်တော်မသိ၊ အစ်ကိုကြီးစံက တွေ့ချင်သည်ဆို၍သာ သည်နေရာသို့ ရောက်လာရခြင်းဖြစ်သည်။ အစ်ကို့ကိုကြည့်တော့ မသိသလိုနှင့် တစ်ဖက်လှည့်နေ၏။ 'ငါ့ညီ၊ မင်း ငါ့ကိုသိလား' ခေါင်းခါပြမိသည်။ တစ်ကြိမ်တစ်ခါမှ မဆုံဖူး၍ ကျွန်တော် မသိ။ သို့သော် ရင်းနှီးသလို ခံစားရသည်။ မျက်နှာကို သေချာကြည့်တော့ မည်းနက်သည့် မျက်ခုံးအစုံနှင့် ဖြောင့်စင်းသော နှာတံကို တွေ့ရသည်။ ပိပြားသော နှုတ်ခမ်းအစုံသည် အဖေနှင့် အလွန်တူ၏။ အဖေ့ညီများဖြစ်လေမလား တွေးမိသည်။ အဖေသည် သူ့ရပ်သူ့ရွာတွင် ဆွေမျိုးအသိုင်းအဝိုင်း အလွန်ကြီးသည်ဟု ဆို၏။ သို့သော် ကျွန်တော် မှတ်မိသမျှ မွေးရပ်ဌာနီသို့ တစ်ကြိမ်တစ်ခါမှ ပြန်သည် မရှိ။ သည်ရွာသူ အမေနှင့် အကြောင်းပါပြီး တစ်ကောင်ကြွက်ဘဝနှင့် ဇနီးအမျိုးတွေအကြား ဇာတ်မြှုပ်နေခဲ့သူဖြစ်သည်။ ဖူးစာကံသည် အံ့သြစရာ ဖြစ်၏။



ရောင်စုံသူပုန်ခေတ် အသက်ဘေးကြောင့် အဖေ ပြေးခဲ့ရပြီး မြို့ကြီးတွေမှာ တစ်ဝမ်းတစ်ခါးအတွက် ရုန်းကန်ပြီးမှ ပုသိမ်-မုံရွာ လမ်းဖောက်လုပ်ရေးထဲပါလာ၊ သည်ရွာသူ အမေနှင့်ညားပြီး ဘဝကို တစ်ကပြန်စ,ကာ မိသားစုဘဝကို တည်ထောင်ခဲ့သည်တဲ့။ သို့သော် အဖေနှင့် အမေ့အသက်သည် အလွန်ကွာ၏။

၂၁ နှစ် ဟူသော ကွာဟမှုသည် ကြင်စဦးအချိန်မှာ၌ မသိသာသော်လည်း အိမ်ထောင်သက်ရလာသောအခါ အဖ

www.burmeseclassic.com



အထတ်တစ်ခု ဖြစ်လာရသည်။

အဖေ၏ ဇရာပိုင်းသည် အမေ၏ တက်ချိန်ဖြစ်၏။ ထို့ကြောင့် အမေက အလုပ်လုပ်ချင်သည်။ ပိုက်ဆံ လိုချင်သည်။ ဝတ်ချင်စားချင်သည်။ အဖေက ရသလောက်နှင့် တင်းတိမ်ချင်သည်။ ဘဝ၏ ဇရာပိုင်းကို အေးငြိမ်းစွာ ဖြတ်သန်းချင်သည်။ လောဘဟူ၍ သိပ်မရှိ။ ထိုအခါ အယူအဆနှစ်ခုတို့ ထိပ်တိုက်တွေ့ပြီး ရန်ပွဲများဖြစ်ကြသည်။ ကျွန်တော့် ငယ်ဘဝရက်များသည် ငိုခဲ့ရသည်ချည်း။ အဖေနှင့် အမေ ရန်သတ်လျှင် မည်သို့လုပ်ရမည် ကျွန်တော် မသိ။ အဖေ့ကို ဆွဲလည်း မနိုင်၊ အမေ့ကို ဆွဲလည်းမရ။ အသံဝင်သည်အထိ ကျွန်တော် အော်ငိုခဲ့ရဖူးသည်။

သို့သော် အဖေနှင့် အမေသည် ကျွန်တော့်ကိုတော့ ချစ်ပါ၏။ အဖေနှင့်အမေ ကွဲမည်ကွာမည်လုပ်တိုင်း ကျွန်တော့်ကို လုကြသည်ချည်း။ ကျွန်တော့်ကြောင့်သာ အဖေနှင့် အမေ၏ အိမ်ထောင်ရေး ခိုင်မြဲနေရခြင်း ဖြစ်သည်။

ဤသို့ဖြင့် တက္ကသိုလ် ဝင်တန်းအောင်၊ ဘွဲ့ရပြီး ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

ဆရာတစ်ယောက် ဖြစ်လာခဲ့သည်။ အဖေနှင့် အမေလည်း ငယ်စဉ်ကလို ရန်မသတ်တော့။ သို့တိုင် တစ်ခါတစ်ခါ ဖြစ်ချင်သေးသည်။ အသက် ၇၀ ကျော်နှင့် ၅၀ ကျော်ဆိုသည့်တိုင် အဖေ နှင့် အမေ့စိတ်ထဲကြီးလှသည်ဟု မထင်ကြ။

'အစ်ကို့ နာမည်က မောင်သင်းလို့ ခေါ်တယ်'

အသံနှင့်အတူ ကျွန်တော့်အတွေးများ လွင့်သွားရသည်။ သူ့ကိုကြည့်တော့ မျက်ဝန်းများရဲလာသည်ကို မြင်၏။ ထို့နောက် မျက်ရည်များ စီးကျလာသည်။

ကျွန်တော် ဘာမှ နားမလည်သေး။ ထို့ကြောင့် ငေး၍ပဲ ကြည့်နေမိသည်။ တော်တော်လေးကြာမှ စိတ်ငြိမ်ပြီး ပုံမှန်ဖြစ်သွားပုံရ၏။ မပြီးသေးသော သူ့စကားကို ထပ်၍ ဆက်သည်။

'နေတာကတော့ သဖန်မုန်းမှာ နေတယ်။ အခု ဒီကိုလာပြီး ညီကိုတွေ့ရတာကတော့ အဖေနဲ့ တွေ့ချင်လို့ပဲ'

ကျွန်တော် အံ့သြသွားရသည်။

ဘဝမှာ သည်အရွယ်ရောက်လာသည့်တိုင် အဖေ့မှာ သားရှိသည်ဟု ကျွန်တော် မသိ။ အဖေသည် အမေနှင့်ရပြီး ကျွန်တော်တစ်ယောက်သာ ထွန်းကားခဲ့ပါသည်။ ထို့ကြောင့် ကျွန်တော်သည် အဖေ၏ တစ်ဦးတည်းသော သား ဖြစ်၏။ အများနှင့် မိတ်ဆက်စရာရှိလျှင်လည်း တစ်ဦးတည်းသော သားအဖြစ်ပင် ပြောပြခဲ့ဖူးပါသည်။

ယခုမူ ကျွန်တော့်အဖေသည် သည်ပုဂ္ဂိုလ်၏ အဖေတဲ့။

နားမလည်စွာဘဲ ကိုကြီးစံကို ကြည့်မိသည်။

'ဟုတ်တယ် ညီရေ။ ဒါ ငါတို့ အစ်ကိုကြီးပဲ။ ဦးက သဖန်မုန်းမှာ အရင်မိန်းမရှိတယ်။ အစ်ကိုကြီး မောင်သင်းကို မွေးပြီးမှ ကွဲကြတာ။ နောက်တော့ ခေတ်တွေပျက်ပြီး အခုလိုတွေ ဖြစ်ကြရတာပဲ။ အဲဒါ ဦးကို တွေ့ချင်တယ်ဆိုတာနဲ့ အစ်ကို ခေါ်လာခဲ့တာလေ'

ရင်မှာ အံ့သြ၍ ထုံနေသည်။ ဘာပြောရမှန်းမသိ။

**ရင်မှာ
အတွေးတစ်စနှင့်
နင့်၍
ကျန်ခဲ့၏
ဘဝမှာ
ချမ်းသာခြင်း
ဆင်းရဲခြင်း
ဖြူခြင်း
မည်းခြင်းတွေ
အသာထား
အဖေရှိလျက်
အဖေခေါ်ခွင့်
ရဖို့ပင်
မလွယ်ကြောင်း
ဘဝနှင့်ရင်း၍
သိခဲ့ရသည်**

'ကိုယ့်ဘဝမှာ မွေးကတည်းက ဒီအချိန်ထိ အဖေဆိုပြီး တစ်ကြိမ်တစ်ခါမှ မခေါ်ခဲ့ရဖူးဘူး။ ဒါကြောင့် အဖေ သက်ရှိထင်ရှားရှိတုန်း တွေ့ဆုံခွင့်၊ ခေါ်ခွင့်လေးရချင်တယ် ညီ။ အစ်ကို့ကို ကူညီပါနော်'

ကျွန်တော် ဘာပြောရမည် မသိ။ သည်နေ့အချိန်၌ အဖေသည် ရပ်ရေးရွာရေး၊ သာရေးနာရေးများတွင် ရှေ့တန်းမှ ဦးဆောင်၍ နေ၏။ ဘုရားသွား ကျောင်းတက်ပြီး တတိယအရွယ်၏ ဖြတ်သန်းမှုကို ငြိမ်းအေးတည်ငြိမ်စွာ ဖြတ်သန်းနေသည်။ ထိုအချိန်မှ နှစ် ၄၀ ကျော် တိမ်မြုပ်နေခဲ့သော အပိုင်းအစတစ်ခုကို ဆွဲထုတ်လိုက်မည်ဆိုပါက လှိုင်းဂယက်၏ ရိုက်ခတ်မှုသည် ဝုန်းခနဲ တက်သွားနိုင်၏။ အဖေ မြောင်းထဲ ရောက်သွားနိုင်သည်။ ထို့ထက် အမေ သိ၍ မဖြစ်။ အမေ့အသက်နှင့် သိပ်မကွာသည့် ထိုသူသည် အဖေ့သားဖြစ်ကြောင်း သိ၍ မဖြစ်။

မည်သို့လုပ်ရမည်နည်း။

'ငါ့ညီက ပညာတတ် ကျောင်းဆရာဆိုတော့ အားလုံးကို နားလည်သဘောပေါက်မယ်ထင်လို့ ကူညီတောင်းတာပါ။ အစ်ကို့ဘဝမှာ အဖေလို့ အားရပါးရ ခေါ်ခွင့်ရရင် သေပျော်ပါပြီ ညီ'

ပြောရင်း မျက်ရည်များ ကျလာပြန်သည်။ မိဘကျေးဇူးဆိုသည် အသာထား။ ဘဝမှာ အဖေ၊ အမေခေါ်ခွင့်ရခြင်းသည်ပင် မည်မျှကုသိုလ်ထူးကြောင်း နားလည်လာမိသည်။ ထို့ကြောင့် 'ငါ့ညီ ကံကောင်းပါတယ်'ဟု ပြောသည့် သူ့စကားကို သဘောပေါက်လာမိသည်။

အမှန်ဆိုသော် သူနှင့်ကျွန်တော်သည် ဖခင်တစ်ဦးတည်းမှ မွေးသည့် အဖေတူ၊ အမေကွဲ ညီအစ်ကိုများ ဖြစ်၏။ သို့သော် ကံကြမ္မာသည် သူ့ဘက်၌ မရှိ။ ယနေ့အထိပင် အဖေဟု ခေါ်ခွင့်မရှိသေးသော သူ့ကံကြမ္မာကို သနားလာမိသည်။ ထို့ကြောင့်-

'ဒီ ဒီလိုလုပ်ပါလားဗျာ၊ အစ်ကိုကြီးစံက အဖေ့ကို တိုးတိုးတိတ်တိတ် လိုက်ပြောပေးပါလား။ ဘယ်သူမှတော့ သိလို့ မဖြစ်ဘူး။ အထူးသဖြင့် အမေပေါ့။ အဲဒီလိုပြောပြီး အဖေ့ဆန္ဒအတိုင်း လုပ်ကြမယ်လေ'

သဘောတူသဖြင့် သူ့ကိုထားခဲ့ပြီး ကျွန်တော်နှင့် ကိုကြီးစံတို့ အိမ်ပြန်ခဲ့ကြသည်။

အိမ်ရောက်သောအခါ ကုလားထိုင်တွင် ရေဒီယိုနားထောင်နေသော အဖေ့ကို တွေ့၏။

'ဦး၊ နေကောင်းတယ်နော်'

ကိုကြီးစံက နှုတ်ဆက်ပြီး အနား၌ ထိုင်၏။

'အေးဟေ့ မောင်စံ၊ နေကောင်းပါတယ်ကွ။ မင်းတို့ အမေရော နေကောင်းရဲ့လား'

နှမနှင့် မိသားစုအကြောင်းကို မေးသည်။ လုပ်ငန်းကိုင်ငန်းအကြောင်း မေးသည်။

'အဖေ... အမေရော'

မီးဖိုထဲမှာ မတွေ့ပါဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် မေးလိုက်ခြင်း ဖြစ်သည်။

'တို့ပိုင်းအလှူအတွက် ဘုန်းကြီးကျောင်းသွားတယ်လေ'

သိပြီးနေသည့် တိုင် ကိုကြီးစံအတွက် အတည်ပြုပေးကြောင်း အားလုံးနားလည်သည်။ ကိုကြီးစံသည် အဖေ့အရိပ်ကို ကြည့်နေ၏။ သို့တိုင် မည်သည့်စကားမှ မထွက်သေး။ စကားစ ခက်နေပုံရ၏။

'မောင်စံ ဘာပြောစရာရှိလို့လဲကွ'

'ဟို... ဟို သဖန်မုန်းအကြောင်း...'

'အဲဒါဆိုရင်တော့ မပြောပါနဲ့တော့ကွာ။ အခု ငါ့အသက် ၇၀ ကျော်ပြီ။ တချို့အကြောင်းတွေ မမှတ်မိတော့ဘူး။ အမှတ်မရှိတော့ဘူး'

ပြောပြီး အခန်းထဲ ဝင်သွားသည်။ ကိုကြီးစံပင် စကားဆက်ချိန်မရ။ ဝန်းကျင်သည် တိတ်ဆိတ်သွား၏။

ခဏကြာတော့ ကိုကြီးစံနှင့် ကျွန်တော် ပြန်ထွက်လာခဲ့သည်။

စိတ်စောနေသော သူ့ကို အဝေးမှပင် မြင်၏။ ကျွန်တော်တို့ ရောက်သည်အထိ မစောင့်ဘဲ ပြေးထွက်လာသည်။

'ညီ... ဘယ်လိုလဲ'

ကျွန်တော် မပြောချင်။ ကိုကြီးစံကို မေး ဆိုသည့်ပုံနှင့် မေးထိုးပြလိုက်၏။

'စိတ်မကောင်းပါဘူး ကိုကြီးရာ၊ သဖန်မုန်းအကြောင်း စ,လိုက်တာနဲ့ ဦးက အပြောမခံဘူး'

ဟီးခနဲ သူ ငို၏။ ၄၀ အရွယ် ယောကျာ်းကြီးတစ်ယောက်၏ ငိုကြွေးမှုသည် ကဗျာမဆန်သည့်တိုင် ရင်နင့်ဖွယ်တော့ အလွန်ကောင်း၏။

'မောင်စံ၊ ညီလေး၊ ငါ... အခု အဖေ့ကို တွေ့ချင်တယ်ကွာ။ ဘာဖြစ်ဖြစ် အဖေ့ကို တွေ့ပြီး အဖေ့ကို တစ်ခါလောက် ခေါ်ခွင့်ရရင် တော်ပြီ၊ နော်... မောင်စံ'

'မဖြစ်ဘူး ကိုကြီး။ တည်ငြိမ်အေးချမ်းနေတဲ့ဘဝတစ်ခုကို ကိုကြီးက အဲဒီလို လုပ်လိုက်တာနဲ့ ဦးရဲ့ သိက္ခာ၊ သမာဓိတွေ ပတ်ဝန်းကျင်ရဲ့ တံတွေးခွက်ထဲ မျောသွားလိမ့်မယ်။ ဦးရဲ့အပေါ် ပတ်ဝန်းကျင်က ပြောစရာဖြစ်အောင် မလုပ်ချင်ပါနဲ့တော့။ နှစ် ၄၀ ကျော် တိမ်မြုပ်နေခဲ့တဲ့ ဇာတ်လမ်းတစ်ခုကို ဒီလိုပဲ အဆုံးသတ်လိုက်တာပေါ့ ကိုကြီးရယ်'

ကိုကြီးစံ စကားဆုံးတော့ ဒူးညွှတ်၍ သူထိုင်၏။ ထို့နောက် ရှိုက်၍ရှိုက်၍ ငိုသည်။ အားရသည် ရှိမှ-

'ကဲ... ညီလေး၊ အစ်ကိုကြီး ပြန်မယ်ကွာ။ နောက်ကြုံတဲ့ဆုံတဲ့အခါဝင်ပေါ့။ ညီလေးရဲ့ ဖုန်းနံပါတ်ယူသွားမယ်'

ကျွန်တော့်ကို နှုတ်ဆက်ပြီး ကျောခိုင်းသွားကြသည်။ ရင်မှာ အတွေးတစ်စနှင့် နင့်၍ ကျန်ခဲ့၏။ ဘဝမှာ ချမ်းသာခြင်း၊ ဆင်းရဲခြင်း၊ ဖြူခြင်း၊ မည်းခြင်းတွေအသာထား အဖေရှိလျက် အဖေ ခေါ်ခွင့်ရဖို့ပင် မလွယ်ကြောင်း ဘဝနှင့်ရင်း၍ သိခဲ့ရသည်။

သည်အဖေက မွေးလျက် အဖေခေါ်ခွင့်မရှိသူများထက်စာလျှင် တရားဝင် အဖေခေါ်ခွင့်ရှိသော ကျွန်တော်သည် အားလုံးထက် ကံကောင်းလှပါသည်လေ။ ■

နော်၊ကျောက်တိုင်၊


နမော ဗုဒ္ဓါယ သိဒ္ဓမ်

ဝန္ဒာသုရိယ

သက်န်းတိုက်

ဖြန့်ရောင်းသင်္ကန်း-မဝယ်ပါ-မရောင်းပါ / သုံးပြီးသင်္ကန်း-မဝယ်ပါ-မရောင်းပါ / အနံ့ဖြည့်၊ အလျားဖြည့် အသစ်စက်စက်သင်္ကန်းမှ ရောင်းသည်။


မဆုမွန်

အမှတ်(၁၅)၊ ကွက်သစ်လမ်း၊ ကျိုက်တော်ရုပ်ကွက်(ရေကျော်)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
အမှတ်(၂၈၊ အေ)၊ မြေညီ၊ ဗဟိုရ်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း (၀၁) ၂၀၂၇၄၆၊ ၀၉၄၂၀၀၂၇၃၁၆၊ ၀၉၉၇၆၂၃၂၂၆၉




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကျုပ်နာမည် ဖိုးဝလုံး။ ဝလုံးတစ်လုံးလို လုံးဝန်းနေ တဲ့ ခန္ဓာကိုယ်ရှိလို့ပဲ အခုလို နာမည်တွင်သလား၊ ဒါမှမဟုတ် ကျုပ် ခန္ဓာကိုယ်ပေါ်မှာ ရေးဆွဲထားတဲ့ ဝိုင်းဝိုင်းစက်စက်အရာတွေ ကြောင့်ပဲ ဖိုးဝလုံးလို့ ခေါ်လေသလား မသိ။ သေချာတာ ကတော့ ကျုပ်ကို ဖိုးဝလုံးလို့ခေါ်ပြီး တတွတ်တွတ် စကားပြော တတ်တဲ့ အမယ်အိုကြောင့် ကျုပ်ကိုယ်ကျုပ် ဖိုးဝလုံးလို့ သိမှတ် နေရတာပဲ။




ကျုပ်ရဲ့ပုံစံက လုံးလုံး ဝိုင်းဝိုင်း။ အဝက မကျဉ်း မကျယ်။ သေးသိမ်တဲ့လည် ပင်းလေးလည်း ရှိတယ်။ ကျုပ်ခန္ဓာကိုယ်ထဲမှာ လူတွေ အတွက် အရေးတကြီးလိုအပ် နေတဲ့ အရာကို ခပ်များများ သိုလှောင်ထားလို့ရတယ်။ ဒါ ပေမဲ့ ကျုပ်ကို တစ်ယောက် တည်းတော့ ထားလို့မရဘူး။ ကျုပ်အဖော် အဖုံးလေးရယ်၊ ခွက်ကလေးရယ် ပါရသေး တယ်ဗျ။ ကဲ ဒီလောက်ဆို ကျုပ်ဘယ်သူလဲဆိုတာ ခင်ဗျားတို့ ရိပ်မိလောက်ပြီ ထင်ပါရဲ့။

ထားပါလေ။ ကျုပ် ဘယ်သူဘယ်ဝါဆိုတာက ကျုပ် ပြောချင်နေတဲ့ အဓိက အကြောင်းအရာ မဟုတ်ဘူး။ ကျုပ်ပြော ချင်တဲ့အကြောင်း အရာက တခြားတစ်ခု။ အဲဒါကို ခင်ဗျား စိတ်ထဲမှာ ပုံပြင်လို့ ထင်ချင်ထင်နိုင်သလို ပုံပြင် မဟုတ်ဘူးလို့ ထင်ချင်လည်းရတယ်။ ကျုပ်အတွက် အရေးမကြီးဘူး။ အဓိက,က ကျုပ်ပြောပြချင်နေတဲ့ တစ်ခါတုန်းက အကြောင်း တွေကို ခင်ဗျားသိ သွားရင်ပဲ တော်ပါပြီလေ။

ဒီလိုဗျ။ ကျုပ်ပြောပြမယ့် တစ်ခါတုန်းကဆိုတဲ့ အကြောင်း မှာ အဓိကဇာတ်လိုက်ကတော့ အမယ်အိုပေါ့။ အမယ်အို ဆိုတာက တခြားလူ ဟုတ်ရိုးပါလား။ ကျုပ် ပြောပြခဲ့ဖူးတဲ့ ကျုပ်ကို ဖိုးဝလုံးလို့ ခေါ်ပြီး တတွတ်တွတ် စကားပြောတတ် တဲ့သူပေါ့။ သူ့အသက် ၇၀ ကျော်ဆိုပဲ။ ဒါလည်း သူ ပြောပြော နေလို့ သိရတာပါ။ ကျုပ်ဘာသာ ကျုပ်ဆို သိမှာမဟုတ်ဘူး ရယ်။

သူ့ကို ကျုပ် စ,သိခဲ့တာက ကျုပ်ရှိနေတဲ့နေရာကို သူ တုန်တုန်ချည့်ချည့်နဲ့ ရောက် လာပြီး ကျုပ်ကို ဟိုခေါက် ကြည့် ဒီခေါက်ကြည့်နဲ့လုပ်တဲ့ အချိန်ကပေါ့။ အဲဒီတုန်းက သူဟာ သူ့ချွေးခံအိတ်မည်းမည်းထဲမှာ ကျစ်ကျစ်လိပ်ထားတဲ့ ငွေ တချို့ကို ထုတ်တယ်။ ပြီးတော့ ကျုပ်ကို ပိုင်တဲ့ ပိုင်ရှင်တွေ ဆီကနေ အဲဒီငွေနဲ့ ကျုပ်ကို သူ လဲယူခဲ့တယ် ထင်ရတာပဲ။ ကျုပ်ကို ပိုင်ဆိုင်ခွင့်ရသွားတဲ့သူဟာ တစ်လောကလုံးကို အနိုင်ရ လိုက်တဲ့ စစ်သူကြီးတစ်ယောက်လိုပဲ ဝင့်ကြွားနေတယ်။ အဲဒီ နေ့က သူ့အပြုံးတွေဟာ သိပ်ကို အင်အားကြီးလွန်းလို့ လောကတစ်ခွင်ဟာ သူ့ အပြုံးရောင်နဲ့ လင်းလက်နေ သလားလို့တောင် ထင်ရလေ ရဲ့။

ကျုပ်ကို ရွက်ပြီးပြန် လာတဲ့ သူဟာ အသက် အရွယ်နဲ့ မလိုက်ဖက်လောက် အောင် ဝင့်စားလို့။ အဲဒီနေ့က သူဟာ ကျုပ်ကို ဖိုးဝလုံးလို့ တတွတ်တွတ်ခေါ်ပြီး သူ့ဘဝ ဖြတ်သန်းမှုတွေ၊ သူ့မျှော်လင့် ချက်တွေ၊ သူ့ခံစားချက်တွေ အကြောင်း မမောနိုင် မပန်း နိုင် ရင်ဖွင့်ခဲ့ရှာတယ်။ သူ ပြောခဲ့သမျှတွေကို လုံးစေ့ ပတ်စေ့ မမှတ်မိပေမဲ့ အတို ချုံ့ပြီး ပြန်ပြောပြပါ့မယ်။

❑

သူ အဓိကပြောပြခဲ့တာ ကတော့ သူ့မှာ သူ့ဖခင်ဆီက နေ အမွေရခဲ့တဲ့ ပျိုးပင်ပေါက် လေးတစ်ပင် ရှိခဲ့တယ်ဆိုတာ ပဲ။ သူဟာ သူ့ဖခင် ပျိုးခဲ့တဲ့ အဲဒီ ပျိုးပင်ပေါက်လေးကို တယုတယနဲ့ စိုက်ပျိုးခဲ့တယ် တဲ့။ ရေဒဏ်၊ လေဒဏ်၊ သဘာဝဘေးဒဏ်တွေ ကျ ရောက်ခဲ့တဲ့အခါမှာလည်း အပင်လေး ပြိုလဲမသွားဖို့၊ ဆက်လက် ရှင်သန်နိုင်ဖို့ ပြုစု စောင့်ရှောက်ခဲ့တယ်။ ပျိုးပင် ပေါက်လေးကို စားသောက် ဖျက်ဆီးမယ့် ကျွဲနွားတွေရဲ့ ရန်ကလည်း လွတ်အောင် ဂရု တစိုက်နဲ့ စောင့်ကြည့်ခဲ့ရ သလို နည်းနည်း အရွယ် ရောက်လာတော့ အသိဉာဏ် နည်းပါးတဲ့ ကလေးတွေရဲ့ ချိုးဆိတ် ဆော့ကစားမယ့်ရန် ကလည်း ကာကွယ်ခဲ့ရ[illegible] ရောတဲ့။ ပျိုးပင်ပေါ[illegible]လေး



www.burmeseclassic.com

www.burmeseclassic.com

> သူဟာ အသက်အရွယ်နဲ့ မလိုက်ဖက် လောက်အောင် ဝင့်စားရလို့ အဲဒီနေ့က သူဟာ ကျုပ်ကို ဖိုးဝလုံးလို့ တတွတ်တွတ်ခေါ်ပြီး သူ့ဘဝ ဖြတ်သန်းမှုတွေ သူ့ မျှော်လင့်ချက်တွေ သူ့ခံစားချက်တွေ အကြောင်း မမောနိုင်မပန်းနိုင် ရင်ဖွင့်ခဲ့ရှာတယ်

ကနေ ပင်ပျိုအဖြစ် အကိုင်းအခက်စုံစုံ ထွက်လာဖို့အရေး မြေသြဇာကျွေးတန်ကျွေး၊ ရေလောင်းတန်လောင်း၊ ပေါင်းသင်တန်သင်နဲ့ သူဟာ အတော်အလုပ်များခဲ့သေးတယ် မဟုတ်လား။

အပင်ပျိုလေးဖြစ်လာတော့ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်လို့လာတာပေါ့။ အဲဒီလို အသီးအပွင့် စုံလာတော့လည်း လောဘသားတချို့ရဲ့ ခူးလိုခူး၊ ချိုးလိုချိုး၊ ဖဲ့လိုဖဲ့ဆိုတဲ့ မတရားညဉ်းပန်းနှိပ်စက်မှုရန်က ကင်းအောင်လည်း သူပဲ ကာကွယ်ပေးခဲ့ရတာပဲ။ ရှင်းရှင်းပြောရရင်တော့ဗျာ သူဟာ သူ့ဘဝတစ်ခုလုံး သူ့ဖခင် အမွေပေးခဲ့တဲ့ အဲဒီပျိုးပင်ပေါက်လေးကို ပြုစုစောင့်ရှောက်ရင်းနဲ့ပဲ အချိန်ကုန်ခဲ့တယ် ဆိုပါတော့။

သူ အဲဒီလို အချိန်ပေးစောင့်ရှောက်ခဲ့တဲ့ ပျိုးပင်ပေါက်လေးဟာ အခုဆို ပင်စည်ပင်လုံး ခုံခုံထည်ထည်၊ အမြစ်အပွား ခိုင်ခိုင်မာမာ၊ အကိုင်းအခက် ဝေဝေဆာဆာ၊ အသီးအပွင့် ပေါပေါလျှံလျှံ၊ အရိပ်အာဝါသ ကြီးကြီးမားမားနဲ့ ကျေးငှက်အပေါင်းရဲ့ အားကိုးရာ ဘုံဗိမာန်နန်း ဖြစ်နေပြီပေါ့။ ကျေးငှက်သာရကာအပေါင်းရဲ့ စီစီကျာကျာမြည်သံတွေဟာလည်း သူ့အတွက် ပီတိတေးသွားဖြစ်လို့။ အေးချမ်းတဲ့ အပင်အရိပ်မှာ ခိုနားသူအပေါင်းရဲ့ ကျေးဇူးတင်စကားသံတွေဟာလည်း သူ့အတွက် ပီတိစမ်းရေပေါ့။

ဒါပေမဲ့ သူဟာ ဒီအပင်ကြီးကို ကြည့်ပြီး စိတ်တိုင်းမကျနိုင်ဘူးတဲ့။ ဒီအပင်ကြီးဟာ အရိပ်ကောင်းတယ်၊ အသီးအပွင့်ပေါကြွယ်ဝတယ်၊ ကျေးငှက်အပေါင်းရဲ့ သာယာမြူးထူးသံနဲ့ တင့်တယ်တယ်ဆိုပေမဲ့ သူ့စိတ်ထဲမှာ ဒီအပင်ကြီးကို ကြည့်ရတာဟာ တစ်ခုခုလိုနေသလိုပဲတဲ့။ အဲဒီ လိုနေတဲ့ အချက်ကို သေချာစဉ်းစားလိုက်တော့ လိုနေတဲ့အချက်ဟာ ကျုပ်ဖိုးဝလုံးပဲဆိုတာကို အမယ်အိုဟာ ကောင်းကောင်းသိခဲ့ရတယ်ဆိုပဲ။ ဒါကြောင့် အမယ်အိုဟာ ကျုပ်ကိုရဖို့ ရက်လကြာရှည်စွာ မနားမနေ ကြိုးစားခဲ့ရပါသတဲ့ဗျာ။

ကဲ ဘယ်လောက်ကြည်နူးစရာကောင်းတဲ့ အကြောင်းအရာတွေလဲ။ ကျုပ်လေ ဒီစကားတွေ ကြားသိရခါစများကဆို ကျုပ်ကိုယ်ကျုပ် မြောက်တက်သွားမှာတောင် စိုးမိတယ်။ ဘယ်လောက်များ ဂုဏ်မြောက်ချင်စရာ ကောင်းလဲဗျာ နော့။ ကျုပ်ဘာသာကျုပ် ဟိုဆိုင်ထဲမှာနေတုန်းကဆို ကျုပ်ဟာ ဒီလောက်အရေးပါ အရာရောက်မှန်းမသိခဲ့ဘူး။ အမယ်အိုရဲ့ စကားတွေကြားရတော့မှ ကျုပ်ရဲ့ အရေးပါပုံ အခန်းကဏ္ဍကို ပြက်ပြက်ထင်ထင် သိလိုက်ရတာကိုး။

ဘာတဲ့ ကျုပ်က ဒီသစ်ပင်ကြီးရဲ့ ကျက်သရေဆောင်တဲ့ဗျာ။ ဘယ်လောက်များ အဓိပ္ပာယ်ရှိလိုက်တဲ့ စကားလဲ၊ စဉ်းစားကြည့်စမ်းပါဦး။ ဟုတ်တယ်လေ။ ဒီသစ်ပင်ကြီးဟာ ကျုပ်ဆိုတဲ့ ဖိုးဝလုံးရေချမ်းအိုးလေး မရှိခင်တုန်းကဆို နေပူပူက ဖြတ်လာသူကို အရိပ်သာပေးနိုင်တာ၊ အမောတော့ ဘယ်ပြေစေမှာလဲဗျ။ ကျုပ် ရောက်လာမှသာ ဒီအပင်ရိပ်မှာ လာရောက်ခိုလှုံသူအားလုံးဟာ အမောလည်းပြေ၊ အေးလည်းအေးချမ်းနဲ့ ပြီးပြည့်စုံသွားရတာ မဟုတ်လား။ ဒီတော့ ဒီသစ်ပင်ကြီးရဲ့ အလှတရားဟာ ကျုပ်ရှိမှ ပြီးပြည့်စုံသွားတာပေါ့။

ဒီလိုနဲ့ ကျုပ်ဟာ ဒီသစ်ပင်ကြီးကို ကျောမှီထိုင်ရင်း အပင်ကြီးအရိပ် လာခိုနားသူအားလုံးကို အမောပြေစေခဲ့တာပေါ့။ အမယ်အိုကြီးဟာလည်း ကျုပ်ကို သိပ်ဂရုစိုက်ရှာတာပဲ။ မနက်၊ နေ့လယ်၊ ညနေ တစ်နေ့သုံးချိန်တိုင်တိုင် ကျုပ်နဲ့ ကျုပ်အဖော်လေးတွေကို ဆေးကြောသန့်စင်ပေးတယ်။ ကျုပ်ခန္ဓာကိုယ်ထဲကိုလည်း ကြည်လင်အေးမြတဲ့ ရေကြည်ရေအေးတွေ အမြဲဖြည့်ပေးတတ်တယ်။ လာရောက် ခိုနားသူအားလုံးဟာလည်း ကျုပ်ကိုယ်ထဲက အမယ်အို ဖြည့်ပေးထားတဲ့ ရေကြည်ရေသန့်တွေကို သောက်သုံးပြီး အမောအပန်း ပြေကြတာပေါ့ဗျာ။ ခိုနားသူတွေဟာ ကျုပ်ကိုကြည့်ပြီး အမယ်အိုကို မေတ္တာပို့သူကပို့၊ ဆုတောင်းပေးသူကလည်း ပေးနဲ့ ချီးမွမ်းကြသူတွေကလည်း မရှားဘူး။

ဒါပေမဲ့ အပြစ်မရှိအပြစ်ရှာ ယိုးမယ်ဖွဲ့သူတွေကလည်း ရှိသေးတာပါပဲ။ ကဲ့ရဲ့သူတွေကလည်း ဒုနဲ့ဒေးပေါ့။ အမယ်အိုဟာ ကျုပ်နေထိုင်ရာ ရေချမ်းစင်လေးကို သူ့ခွန် သူ့အားနဲ့ သူနိုင်သလောက် ကျားကန်တည်ဆောက်ထားရရှာတာ မဟုတ်လား။ ဒါကို တစ်စုံတစ်ခုမှ ဝင်မကူဘဲ ဘေးကနေပြီး ရေချမ်းစင်လေးက မခိုင်ပါဘူး၊ ယိုင်နဲ့နဲ့နဲ့လို့ ပြောသူကပြော၊ ရေက မအေးပါဘူး၊ အမောမပြေပါဘူးလို့ ပြစ်တင်သူကပြစ်တင်။ ရေချမ်းစင်က မတင့်တယ်ဘူး၊ မလှပဘူးလို့ ဆိုသူကဆို။ အမယ်အိုဟာ မလုပ်တတ်ပါဘူး၊ အသုံးမကျပါဘူးလို့ ဆဲသူကဆဲ၊ အို စုံလို့စုံလို့ပါပဲဗျာ။

ဒါပေမဲ့လေ ကျုပ်တို့အမယ်အိုကတော့ တကယ့်ကို စံတင်လောက်တယ်ဗျာ။ မြှောက်တိုင်းလည်း မမြောက်၊



www.burmeseclassic.com

www.burmeseclassic.com

ခြောက်တိုင်းလည်း မကြောက်၊ ဟောက်တိုင်းလည်း မဟောက် ဆိုသလိုပဲ ချီးကျူးသူတွေ၊ ကဲ့ရဲ့သူတွေကြားမှာ သူ့အလုပ်သူ နေ့စဉ်မှန်မှန်လုပ်နေတာပဲ။ လောကဓံ အကောင်းအဆိုးကို မတုန်မလှုပ် ရင်ဆိုင်ပြသွားလိုက်တာများ လက်ဖျားခါလောက်ပါရဲ့။ သူ့ရဲ့ စေတနာ၊ သူ့ရဲ့ မေတ္တာ၊ သူ့ရဲ့ ရည်ရွယ်ချက်တွေဟာ ဒီအပင်ရိပ်မှာ လာရောက်ခိုနားသူ အားလုံးကို အမောပြေ အေးချမ်းစေချင်တာပါပဲ။ အမယ်အိုဟာ နေ့စဉ်နှင့်အမျှ သူ့စေတနာ၊ သူ့မေတ္တာ၊ သူ့ ရည်ရွယ်ချက်တွေကိုသာ တစိုက်မတ်မတ် အကောင်အထည်ဖော်နေရှာတယ်။

မခိုင်ခံ့တဲ့ ရေချမ်းစင်လေးကို ခိုင်ခံ့သထက် ခိုင်ခံ့အောင်၊ တည်တံ့သထက် တည်တံ့အောင် မနေမနား ကြိုးစားအားထုတ်ရှာတယ်။ ကျုပ်ကိုယ်ထဲက ရေစင်ရေသန့်တွေ အေးမြဖို့အရေးလည်း ကျုပ်ကိုယ်အောက်မှာ သဲဖြူလွလွခင်းလို့ ရေအေးရေသန့်ဖြစ်အောင် ဖန်တီးရှာတယ်။ ရေချမ်းစင်လေးကိုလည်း ဆေးလေးတွေသုတ်၊ အလှအပ ဆင်မြန်းပေးသေးတာရယ်။ ဒီလိုနဲ့ ကျုပ်ဟာ တဖြည်းဖြည်း ခိုင်ခံ့လှပသန့်ရှင်းသပ်ရပ်တဲ့ ရေချမ်းစင်လေးပေါ်က ဖိုးဝလုံးလေး ဖြစ်လာပါလေရော။

အမယ်အိုဟာ တဖြည်းဖြည်း ရွှချင်စဖွယ် တင့်တယ်လာတဲ့ ကျုပ်ကိုကြည့်ပြီး အမြဲပြုံးနေတယ်။ သူ့အကြည်၊ သူ့အပြုံးတွေဟာ တစ်ဦး

**အသီးအပွင့်စုံလာတော့လည်း လောဘသားတချို့ရဲ့ ခူးလိုခူး၊ ချိုးလိုချိုး ဖဲ့လိုဖဲ့ ဆိုတဲ့ မတရားညှဉ်းပန်းနှိပ်စက်မှုရန်ကကင်းအောင်လည်း သူပဲ ကာကွယ်ပေးခဲ့ရတာပဲ ရှင်းရှင်းပြောရရင်တော့ဗျာ သူဟာ သူ့ဘဝတစ်ခုလုံး သူ့ဖခင် အမွေပေးခဲ့တဲ့ အဲဒီ ပျိုးပင်ပေါက်လေးကို ပြုစုစောင့်ရှောက်ရင်းနဲ့ပဲ အချိန်ကုန်ခဲ့တယ် ဆိုပါတော့**

တည်းသော သားလေး တဖြည်းဖြည်း အရွယ်ရောက်လာတာကို ပီတိဖြစ်နေတဲ့ မိခင်တစ်ယောက်လိုပဲ နွေးထွေးလတ်ဆတ်လို့။ လူတွေရဲ့ အမယ်အိုပေါ် ပြစ်တင်ဝေဖန်သံတွေလည်း နည်းနည်းစဲသွားတယ်။ အမယ်အိုရဲ့ ဇွဲလုံ့လတွေကို ချီးကျူးလာကြတယ်၊ အသိအမှတ်ပြုလာကြတယ်၊ လေးစားလာကြတယ်။ ဒါပေမဲ့ အမယ်အိုကတော့ ဘာမှပြောင်းလဲမသွားဘူး။ သူ့မူလ စေတနာ၊ မေတ္တာ၊ ရည်ရွယ်ချက်အတိုင်းပဲ သူပြုနေကျအလုပ်တွေကိုပဲ ပြုမြဲအတိုင်း ကြိုးစားပြုနေတုန်း။ ကျုပ်ကလည်း လာရောက် ခိုနားသူ အားလုံးကို အသွေးအရောင် မခွဲခြားဘဲ အမောပြေအေးချမ်းစေခဲ့တယ်။

အသွေးအရောင် မခွဲခြားဘူးဆိုလို့ မှတ်မှတ်ရရ အဖြစ်အပျက်တစ်ခုကို သတိရပြီး ပြောပြရဦးမယ်။ တခြားတော့ မဟုတ်ပါဘူး။ တစ်ရက် ဒီအပင်ရိပ်အောက်မှာ လူနှစ်စု ခိုက်ရန်ဖြစ်ကြတာပါပဲ။ တစ်စုနဲ့တစ်စုဟာ အသားအရောင် မတူကြဘူးဗျ။ တစ်စုက အသားခပ်လတ်လတ်တွေ။ နောက်တစ်စုကတော့ အသားခပ်မည်းမည်းတွေ။ သူတို့ဟာ ဒီအပင်ရိပ်မှာ သူသာခိုလှုံသင့်တယ်၊ ငါသာခိုလှုံသင့်တယ်နဲ့ အငြင်းအခုံဖြစ်ကြတာ။ အမှန်တော့ အသားခပ်လတ်လတ်နဲ့ လူတွေက ဒီအပင်ရိပ်ကို အရင်ရောက်နေသူတွေပေါ့ဗျာ။ ဒါကို သူတို့က နောက်မှ ဝင်လာသူတွေကို မလာရဘူး၊ ဒီနေရာနဲ့ မသက်ဆိုင်ဘူး စသဖြင့် အငြင်းပွားကြတာပါ။

ဒီလိုနဲ့ အငြင်းပွားသူတွေဟာ အမယ်အိုဆီရောက်သွားတယ်။ အဲဒီမှာ အမယ်အိုက အဆုံးအဖြတ်ပေးရတာပေါ့ဗျာ။ ကျုပ်လေ အမယ်အိုရဲ့ အဆုံးအဖြတ်ကို ကြားရပြီး အမယ်အိုကို မလေးစားဘဲ မနေနိုင်တော့ဘူးဗျို့။ ဘာတဲ့၊ အမယ်အိုပြောတဲ့ စကားဟာ။ သြော် မှတ်မိပြီ။ အရင်ရောက်သူပဲ ဖြစ်ဖြစ်၊ နောက်ရောက်သူပဲ ဖြစ်ဖြစ်၊ အသား ခပ်လတ်လတ်ပဲ ဖြစ်ဖြစ်၊ အသားခပ်မည်းမည်းပဲ ဖြစ်ဖြစ် အားလုံးဟာ ဒီအပင်ရိပ်မှာ ခိုနားခွင့် ရှိတယ်။ အမောဖြေခွင့် ရှိတယ်။ ဘာကြောင့်လဲဆိုတော့ အားလုံးဟာ လူဆိုတဲ့ အခြေခံဂုဏ်ဒြပ်တွေတူနေလို့ပဲ။ လူတိုင်းမှာ လူ့အခွင့်အရေးဆိုတာ ရှိကိုရှိရမယ်၊ ရကိုရရမယ်။ ဒါပေမဲ့ လာရောက်ခိုနားချင်တယ်ဆိုရင်တော့ မိမိခိုနားချင်တဲ့ အရပ်ဒေသမှာ ချမှတ်ထားတဲ့ စည်းမျဉ်း စည်းကမ်းတွေကို သေချာ လိုက်နာကျင့်သုံးဖို့တော့ လိုအပ်တယ်တဲ့။ ပြီးတော့ ဒီအပင်ရိပ်မှာ ခိုနားချင်သူ အားလုံးဟာ ဒီစည်းကမ်းတွေကို လိုက်နာရမယ်ဆိုပြီး စည်းကမ်းတွေ ချမှတ်ပေးခဲ့တာပဲ။

ကျုပ်လေ အမယ်အိုရဲ့ စိတ်ဓာတ်နဲ့ လုပ်ရပ်ကို ချီးကျူးလို့ မဆုံးပါဘူးဗျာ။ ဒါပေမဲ့ လူဆိုတဲ့အမျိုးဟာလည်းခက်သားပဲ။ ဒီလောက်သမာသမတ်ကျတဲ့ ဆုံးဖြတ်ချက်ကိုတောင် တီးတိုးတီးတိုး သဖန်းပိုး လုပ်သူတွေက ရှိသေးတယ်။ ဘာတဲ့၊ အမယ်အိုဟာ ဘက်လိုက်သတဲ့။ အမျိုးကို မချစ်ဘူး၊ အမျိုးကိုလည်း မစောင့်ဘူးတဲ့။ ဒီလိုပြောသံတွေကြားရတော့ ကျုပ် စိတ်မကောင်းပါဘူးဗျာ။

ကျုပ်ကသာ စိတ်မကောင်းဖြစ်နေတာရယ်၊ အမယ်အိုကတော့ အေးဆေးပဲ။ သူ့အလုပ်သူ အပျက်မခံဘူး။ ရေချမ်းစင်လေးကို စောင့်ရှောက်တယ်။ လာရောက် ခိုနားသူတွေ အဆင်ပြေစေဖို့အရေး သူ စီမံစရာရှိတာတွေ စီမံပေးတယ်။ စည်းကမ်း မလိုက်နာသူတွေကို ကျောသားရင်သား မခွဲခြားဘဲ အပြစ်ပေးတယ်။

ဒီလိုနဲ့ တဖြည်းဖြည်း



www.burmeseclassic.com

www.burmeseclassic.com

ဒီအပင်ရိပ်လေးဟာ စည်ကားလာတယ်။ တစ်နယ်တစ်ကျေးက အရောင်းအဝယ်လာလုပ် သူတွေဟာလည်း ဒီအပင်ရိပ်အောက်မှာ ခရီးတစ်ထောက် နားကြ၊ ရောင်းဝယ်ဖောက်ကားကြနဲ့ အတော်ကိုစည်ပင်လာတယ်။ တစ်နေ့တစ်နေ့ လူတွေတရုန်းရုန်းနဲ့ ပွဲတော်ကြီးကျနေတာပဲ။

အဲဒီလို စည်ပင်လာတော့ လူဝင်လူထွက်ကများ၊ ပြဿနာတွေကတိုးပြီး အလုပ်တွေကလည်း ပိုလာနဲ့ အမယ်အိုခများ အနားရတယ်ကို မရှိဘူး။ အရင်လို ရေချမ်းစင်လေးကို ပြုပြင်ရုံသာမကတော့ဘဲ လူတွေ့ပွခဲ့တဲ့ အမှိုက်တွေ၊ စားကြွင်းစားကျန်တွေ ရှင်းရလင်းရနဲ့ အလုပ်တွေများလာခဲ့တယ်။ အလိုက်မသိတဲ့ လူတွေဟာလည်း အပင်ရိပ်မှာ လာရောက်ခိုနားဖို့သာ တတ်တာရယ်။ အမှိုက်တစ်စကောက်ဖို့၊ တံမြက်စည်းတစ်ချက်လှည်းဖို့၊ ကျုပ်ကိုယ်ထဲကို ရေတစ်စက် ဖြည့်ဖို့ အသိမရှိကြဘူး။ သနားစရာကောင်းတဲ့ အမယ်အိုကတော့ ခိုနားသူတွေ အမောပြေအေးချမ်းဖို့အရေး သူ့ခွန်သူ့အားနဲ့ စွမ်းသမျှ ဆောင်ရွက်နေရှာလေရဲ့။

ဒါပေမဲ့ လှုပ်လီလှုပ်လဲ့နဲ့ လှုပ်ရှားနေရတဲ့ အမယ်အိုဟာ ခြေကုန်လက်ပန်းကျလာပုံပဲ။ အရင်လို စည်းကမ်းပိုင်းကို မတင်းကျပ်နိုင်ရှာတော့ဘူး။ ဒီတော့ စရိုက်မကောင်းတဲ့ လူတွေဟာ လစ်ရင်လစ်သလို ကျုပ်အဖော်ရေခွက်လေးကို သူတို့အိမ်မှာသုံးဖို့ ယူဆောင်သွားတတ်ကြတယ်။

ဒီအပင်ကြီးဟာ
အရိပ်ကောင်းတယ်
အသီးအပွင့်
ပေါကြွယ်ဝတယ်
ကျေးငှက်
အပေါင်းရဲ့
သာယာမြူးထူးသံနဲ့
တင့်တယ်တယ်
ဆိုပေမဲ့
သူ့
စိတ်ထဲမှာ
ဒီအပင်ကြီးကို
ကြည့်ရတာဟာ
တစ်ခုခု
လိုနေသလိုပဲတဲ့

ကျုပ်အဖော် အဖုံးလေးကို သူတို့ထားချင်ရာမှာ ထားခဲ့ကြတယ်။ ဖျက်လိုဖျက်ဆီးလုပ်လိုသူ တချို့ဟာ ကျုပ်ကိုယ်ပေါ်မှာ ရေးခြစ်ကြတာမျိုးကလည်း ရှိသေး။ ကျုပ်မှီခိုရာ အပင်ကြီးကိုလည်း အရွက်ဆွတ်သူဆွတ်၊ အကိုင်းခုတ်သူခုတ်၊ အသီးအပွင့်ဆိုတာလည်း အရွယ်မတိုင်ခင် တီမ်းပါးရတယ်။ ဒါတင်ဘယ်ကဦးမလဲ၊ အမယ်အိုကိုပါ မထီမဲ့မြင် ပြုလာကြသေးတယ်လေ။

ဒီလိုနဲ့ အမယ်အိုဟာ အသက်အရွယ်အားဖြင့်လည်း ဘဝနေဝင်ချိန်နီးလာပြီ။ ခန္ဓာကိုယ်ကလည်း အရင်လို စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့ဘူး။ အိုမင်းမစွမ်းဖြစ်လာပြီလို့ ပြောရမှာပေါ့။ ဒါပေမဲ့ သူ့ဖခင်ပျိုးခဲ့တဲ့ ဒီအပင်ကြီးကို အမြဲ ရှင်သန်ကြီးထွားစည်ပင်သာယာနေစေချင်တဲ့ သူ့စိတ်ဆန္ဒတွေကတော့ နုပျိုလန်းဆန်းနေဆဲပဲ။ ဒါကြောင့် သူဟာ သူ မရှိတော့တဲ့နောက်မှာ ဒီအပင်ကြီးနဲ့ ဒီရေချမ်းစင်လေးကို သူ့လိုပဲ စေတနာဖြူဖြူနဲ့ ထိန်းသိမ်းစောင့်ရှောက်မယ့်သူကို အပူတပြင်း ရှာဖွေခဲ့တယ်။

ဒါပေမဲ့ သူ့ရှာမှာရှိတဲ့ လူတွေဟာ သူတို့အလုပ်တွေနဲ့သူတို့ မအားလပ်ကြလို့ လုပ်ပေးနိုင်မယ့်သူ တစ်ယောက်မှ ရှာမတွေ့ဘူး။ တွေ့တဲ့သူကျပြန်တော့လည်း တကယ့်စိတ်ရင်း စေတနာနဲ့ ကူညီလုပ်ကိုင်ပေးချင်သူ မဟုတ်ဘဲ ကိုယ်ကျိုးရှာ အမြတ်ထုတ်ချင်သူတွေ ဖြစ်နေတယ်။ ဒီတော့ အမယ်အိုဟာ သူ့လို လူတစ်ယောက်ရဖို့ ရွာနီးချုပ်စပ်မှာလိုက်ရှာမယ်ဆိုပြီး တစ်နေ့မှာ ကျုပ်ကို လာနှုတ်ဆက်ရှာတယ်။ ကျုပ်လည်း သူရှာဖွေနေတဲ့သူ အမြန်ဆုံးရှာတွေ့ပါစေဆိုပြီး သူ့အတွက် ဆုတောင်းမေတ္တာပို့မိတာပါပဲ။

ဒါပေမဲ့ဗျာ အဲဒီနေ့ကတည်းက ကျုပ်ကိုနှုတ်ဆက်ပြီး ထွက်သွားရှာတဲ့ အမယ်အိုဟာ အခုထိ ကျုပ်အနားကို ပြန်ရောက်မလာခဲ့ရှာဘူး။ အခုဆို ကျုပ်ကိုယ်ပေါ်မှာလည်း ဖုန်အလိမ်းလိမ်းကပ်လို့။ ကျုပ်ကိုယ်တွင်းမှာလည်း ခြောက်ကပ်လို့။ ကျုပ်ရဲ့ အဖော်လေးတွေလည်း ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းမသိ။ ကျုပ်မှီခိုရာ အပင်ကြီးဟာလည်း လူပေါင်းစုံရဲ့ ခုတ်ထစ်ပိုင်းဖြတ် ညှဉ်းပန်းနှိပ်စက်မှုဒဏ်ကြောင့် ကတုံးသာသာကို ဖြစ်လို့။ အပင်ခြေရင်းမှာလည်း ရွက်ဝါကြွေတွေရော၊ စားကြွင်းစားကျန် အမှိုက်တွေရော ပေပွနေတာ မြင်လို့တောင်မကောင်းဘူး။ မြေကြွက် မည်းမည်းကြီးတစ်သိုက်ကတော့ ပျော်မြူးနေကြလေရဲ့။

'ဟာ၊ ဟေ့ဟေ့၊ ဒီဘက်ကို လဲမယ်၊ ကြိုးနဲ့သေချာ ထိန်းထားကြ'

ရုတ်တရက် သိမ့်ခနဲ တုန်သွားပြီး ကြားလိုက်ရတဲ့ အော်သံကြောင့် ပတ်ဝန်းကျင်ကို ကျုပ် ကြည့်မိတယ်။ ဟုတ်ပါရဲ့၊ ကျုပ်မှီထိုင်နေရာ အပင်ကြီးဟာ ယမ်းခါနေတာပဲ။ လူတစ်စုဟာ လွှစက်တွေနဲ့ အပင်ကြီးကို အရင်းကနေ တိုက်ဖြတ်နေကြတာကိုး။ အိုအပင်ကြီးလဲတော့မယ်။ ဒါဆို…ဒါဆို…ကျုပ်လည်း…ကျုပ်လည်း…။ အို…မဖြစ်သေးပါဘူး၊ ကျုပ်ဘဝ ထက်ခြမ်းမကွဲခင် ပြောချင်တာလေးတော့ ဆုံးအောင်ပြောခဲ့ဦးမှာပါ။

ဟို လေ… ဟို…ဟို…ကျုပ်ပြောချင်နေတာက…တစ်ခါ…တစ်ခါတုန်းက…ခင်ဗျားတို့ဆီမှာ…အမယ်အိုတစ်ယောက် ရှိခဲ့ဖူးတယ်ဆိုတာကို မေ့မပစ်လိုက်ကြပါနဲ့ဗျာ…။

ဝုန်း…။

ခွမ်း…။

■

စံရတီ




www.burmeseclassic.com

www.burmeseclassic.com

၁။


ဝရန်တာလက်ရန်းပေါ်ကို
လက်နှစ်ဖက်ထောက်လျက်
မြင်နေရသော လမ်းမကြီးကို
အလင်း မမှိတ်မသုန် စိုက်ကြည့်
နေမိသည်။ လူသွားလူလာ
ကျဲပါးနေချိန်မို့ ပကတိ ငြိမ်သက်
တိတ်ဆိတ်နေသော လမ်းမကြီး။
သစ်ရွက်ခြောက်များ
ဟိုတစ်စ၊ ဒီတစ်စ
ပျံ့လွင့်နေသည်မှတစ်ပါး
ကျန်သည့်အမှိုက်စများကို
မမြင်ရသည့်အတွက်
နောက်ကျိနေသော စိတ်တို့
အနည်းငယ်ရှင်းသန့်သွားရသည်။
နွေဆိုလျှင် ဖုန်မှုန့်များ
ခပ်ပါးပါးလိမ်းကျံတတ်သော
ဤလမ်းမကြီးသည်
အပျိုမတစ်ယောက်၏ ဣန္ဒြေဖြင့်
လှုပ်လီလှုပ်လဲ့ရှိတတ်သလောက်
ယခုလို မိုးရာသီတွင်တော့
ဟစ်ဟော့ အဆိုတော်ပေါက်စလေးလို
ဖွက်အိုင်လေးများ ဟိုတစ်ကွက်
ဒီတစ်ကွက်နှင့်
အလုပ်ရှုပ်တတ်သေး၏။
ငယ်စဉ်ကလေးဘဝတုန်းက
အလင်း ဆော့ပြေးကစားရသော
လမ်းမကြီးပေါ်တွင် အလင်း၏
ခြေရာသေးသေးလေးများ
ပျောက်ဆုံးခဲ့လေပြီ။
ခြေရာတွေပျောက်သလို
အလင်းဘဝ
မလင်းနိုင်တော့သည်ကိုရော
ဤလမ်းမကြီး သိနိုင်မည်လား။
အလင်းဘဝကို ပျောက်အောင်
အလင်း ဖျောက်ဖျက်ပစ်လိုက်ချင်ပြီ။
အလင်း၏ စိတ်တွေက
ထာဝစဉ် မှောင်မိုက်နေသည်။
အလင်းတွင် စားချင်သည့်စိတ်တို့မရှိ၊
သောက်ချင်သည့်စိတ်တို့မရှိ၊
သီချင်းတွေ အားရပါးရအော်
ဆိုချင်စိတ်တို့မရှိ၊ အိမ်အနောက်ဘက်
အုန်းပင်တန်းမှ တွဲလောင်းကျနေသော





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

**ဖေဖေ့ဇနီးချောက Facebook ပေါ်တွင် ချစ်ကျွမ်းဝင်သွားခဲ့သော တစ်ပြည်သား၏ အနောက်သို့ အလွယ်တကူ လိုက်ပါသွားခဲ့သည့် အကြောင်းနှင့် အလင်း ကျောင်းမတက်ချင်တော့သည့် အကြောင်းကိုတော့ ဖေဖေ သိစေချင်သည်**

စာဘူးတောင်း ငှက်တို့၏ အနုပညာကို ယခင်ကလို အားကျစိတ်ဖြင့် ငေးမောချင်စိတ်တို့မရှိ၊ ရှင်မတောင်အပွေးရင့်ရင့် သနပ်ခါးတွေကို လိမ်းခြယ်လိုစိတ်တို့မရှိသလို ဂါဝန်လှလှလေးတို့ကို ရွေးချယ် ဝတ်ချင်လိုစိတ်တို့လည်း မရှိတော့။

အလင်းဘဝတွင် ဘာမှ မရှိတော့ပြီ။ နောက်ထပ် မရှိခြင်းများစွာတွေထဲက မရှိတော့ခြင်းတွေကရော။ သည်နေရာမှာပေါ့။ သည်နေရာမှာ နှုတ်ခမ်းဆိုးဆေးမပြတ်သော နှုတ်ခမ်းလွှာများ၏ တီးတိုးညင်သာသိမ်မွေ့သော စကားသံများ ရှိခဲ့ဖူးသည်။ ဖျစ်ချွဲချွဲရယ်မောသံတို့ကိုလည်း သည်နေရာက လက်ခံခဲ့ဖူးသည်။ လွတ်လပ်ပေါ့ပါးသည့်ဟန်ပန်တို့ဖြင့် ဖုန်းထိုင်၍ သုံးနေသည့် ကိုယ်သင်းရနံ့ကို သည်နေရာက ရှူရှိုက်ဖူးသည်။ ထိုအရာများကို အလင်းစိတ်ထဲမှ မနှစ်မြို့၊ မနာလို၊ မရှုဆိတ်ခဲ့သည်မှာ အကြိမ်ကြိမ် အခါခါ။ သည်နေရာကတော့ ထိုကဲ့သို့ အလင်းမကြိုက်သည့် အရာတွေကို မတုန်မလှုပ် လက်ခံပေးခဲ့သည် မဟုတ်လား။ ထို့ကြောင့် သည်နေရာကို အလင်း မုန်းသည်။

သွပ်မိုးနှင့် မိုးစက်တို့ အသာတကြည် မိတ်ဆွေဖွဲ့လိုက်သည့် ငြိမ်းချမ်းရေးမိုးဖွဲ့များက ပေါ့ပ်အဆိုတော်တစ်ယောက်လို ရွှာချသည်။ အလင်းမျက်နှာနှင့် ခန္ဓာကိုယ်ပေါ်သို့ လာရောက်ကာ က လူကျီစယ်နေသေးသည်မို့ အလင်း နှုတ်ခမ်းတွေ ပြုံးရောင်သန်းသွားသလို။ သို့သော် အပြုံးစစ်စစ်မဟုတ်။ မဲ့ပြုံးသာဖြစ်သွားရ၏။ တိတ်ဆိတ်သည်ဟု ထင်ကာ ငေးမောကြည့်နေသော လမ်းမကြီးက အလင်းကို သစ္စာဖောက်လိုက်ပြန်ပြီ။ ကြည့်စမ်းပါဦး။ လမ်းမကြီးပေါ်က ခြေသံတွေ၊ ဖိနပ်သံတွေ၊ စကားပြောသံတွေ၊ လှယက်ပြောလာကြတဲ့အသံတွေ၊ အချင်းချင်း တွန်းတိုက်ရယ်မောသံတွေနဲ့ ပြည့်လျှံသွားလိုက်သည်မှာ အလင်း မျက်လုံးတွေ ပြူးကျယ်လာရသည်အထိ။ အစိမ်းရောင်ကို မျက်စိထဲ သက်သောင့်သက်သာဖြစ်သည့် အရောင်၊ အအေးရောင်ဟု ပန်းချီဆရာက ပြောပြဖူးပေမဲ့ အခုလမ်းမကြီးပေါ်က ကျောင်းစိမ်းရောင်စုံတွေက အလင်းအတွက် အင်မတန် ပူလောင်သည့် အရောင်တွေပဲ။ အလင်းမကြိုက်သည့်အရောင်တွေ ဝတ်ဆင်ထားကြသည့် လူများကို ထမ်းပိုးပေးထားသည့် အဲ့သည်လမ်းမကြီးကို အလင်း မုန်းသည်။

နံဘေးမှ အရိပ်တစ်ခု လာရပ်နေသည် ဆိုတာ အလင်း မကြည့်ဘဲ ပြောနိုင်သည်။ မီးဖိုချောင်သုံး ဟင်းခတ် အမွှေးအကြိုင်များထဲမှ တစ်ခုခု၏ အနံ့အသက်ကြောင့် ထိုအရိပ်သည် အလင်း၏ ဘွားဘွားသာ ဖြစ်သည်ပေါ့။ သည်အိမ်ကြီးထဲမှာ ဇာတ်စကားနှင့် ပြောရလျှင် ဇာတ်လိုက်သုံးယောက်ပဲ ရှိတော့တာပါ။ တစ်ယောက်က ဦးလင်းဝဏ္ဏဆိုပဲ။ စစ်မှုထမ်းဟောင်း အငြိမ်းစား။ မျက်နှာကြောတင်းတင်းကို လျော့သွားအောင် နှိပ်ပေးမည့်သူရှိလျှင် အကောင်းသား။ အလင်း၏ နာမည်ကို သူ့နာမည် မပါ,ပါအောင် မေထိန်လင်းဟု အတင်းအဓမ္မ ပေးခဲ့သူပေါ့။ အလင်းက ဘယ်နေရာမှာများ ထိန်လင်း၊ တောက်ပ၊ ဝင့်ကြွားနေလို့လဲ။ မွေးကတည်းက အလင်း အကြောက်ရဆုံး လူသားကြီး၊ သူက အလင်းကို မွေးစဉ်အခါက အပျော်ဆုံးလူသားကြီး ဖြစ်သည်တဲ့လေ။

အရာရာကို သူ့လက်သူ့ခြေလုပ်ရမှ သဘောကျတတ်ကာ စည်းကမ်းကြီးလွန်းသော ထိုလူကြီး၏ အရိပ်အောက်တွင် အလင်း ရှင်သန်ခဲ့ရသည်။ ထိုလူကြီးက အလင်း၏ အဘိုးအရင်းခေါက်ခေါက်ပဲဖြစ်သည်။ သူ့ကို မျက်လုံးလှန်ကြည့်လျှင်၊ သူ မကြိုက်သော အရာများကို လုပ်ခဲ့မိလျှင် ဖြစ်ဒဏ်ကဘယ်၊ ညာ ပါးနှစ်ဖက်ပေါ်မှာ အညိုအမည်းများသာ ဖြစ်သည်။ အလင်း၏ နုနုညက်ညက်ပါးပြင်တို့သည် သူ့ကြောင့် ဒဏ်ရာရခဲ့ဖူး၏။ ထို့ကြောင့် သူ့ကို အလင်း မုန်းသည်။

နောက်တစ်ယောက်ကတော့ အလင်း၏ အဘွား ဒေါ်မြလေး။ ကုန်းဘောင်ခေတ် စာဆိုမမြလေး၏ အကြောင်းကို သမိုင်းစိတ်ဝင်စားသည့် အလင်းက သိသည်။ အလင်း၏ အဘွား ဒေါ်မြလေးကတော့ လင်ကို တုန်နေအောင် ကြောက်တတ်သည့် မြလေး။ ကျွန်နှင့်တူသော မယားဘဝကို အရိုးစွဲအောင် ခံမင်သည် ထင်၏။ လင့်မျက်နှာ တစ်ချက်အညိုမခံ။ ဘုရားထူး မော်ဖူးရသည့် အဆင့်မှ ဘယ်တော့မှ ကျလာမည်မဟုတ်သည့် ဒေါ်မြလေး။ ညှိုးငယ်နေသည့် မျက်နှာထားတို့ဖြင့် အလင်းကို ကြည့်နေပြန်သည်။ ထိုအကြည့်တွေက အလင်းကို ပို၍ သိမ်ငယ်စေသည်။ ပို၍ မှောင်မိုက်စေသည်။ ထိုအကြည့်တွေနှင့် အလင်းကို လာလာကြည့်တိုင်း အဘွားကို အလင်း မုန်းသည်။

"ကျောင်းသွားတက်ရအောင်နော် အလင်း။ ငါ့မြေးဒီနေ့ ကျောင်းမတက်ရင် ညည်းအဘိုးက အဘွားကို ရိုက်တော့မှာ။ ငါ့မြေးလည်း ထပ်အရိုက်ခံရနိုင်တယ်။



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းသွားကြမယ်၊ အဘွား လိုက်ပို့ပေးမယ်'

ချော့မြှူသံတွေကို နောက်ထပ် မကြားချင်တော့လောက်အောင် စိတ်ညစ်ညူးသွားရသည်။ ဒီအသံတွေကို အလင်း မကြားချင်ဘူး။ 'အလင်း ကျောင်းမတက်ချင်တော့ဘူး' ဟု ပြောခဲ့စဉ်က စိတ်တိုသော အဘိုးက အလင်းကို ရိုက်သည်။ အခုလည်း ထပ်ရိုက်ဦးမှာတဲ့လား။ ရိုက်ပါ၊ ရိုက်ပါဟု ခြေသလုံးဖက်၍ပင် ပြောလိုက်ဦးမည်။ အလင်းကို ရိုက်ချင်သည့် ခံစားချက်က အဘိုး၏ ခံစားချက်။ ကျောင်းမတက်ချင်သည်က အလင်း၏ ခံစားချက်။ စတော်သော ကျောင်းသူလေး တစ်ယောက် ကျောင်းမတက်ချင်သည့်အကြောင်းကို မသိကြလေရော့သလား။ သိပ်မှန်းဖို့ကောင်းတာပဲ။

'အဘွား ပြန်တော့၊ အလင်းကို လာမခေါ်နဲ့။ အဘွားယောကျ်ားကို ပြောလိုက်ပါ။ အလင်းကို လာသတ်လှည့်လို့'

မိုးက အပြင်မှ လှမ်းပက်သလို ခန္ဓာကိုယ်ပေါ်သို့ ကျရောက်လာ၏။ လှည့်ပြန်သွားသော အဘွား၏ နောက်ကျောပြင်ကို အလင်းလိုက်ကြည့်နေမိသည်။ အလင်းကို အဘွား သိပ်ချစ်ပါသည်။ အလင်း ပြန်ခံပြောတိုင်း မျက်နှာလေး ညှိုးငယ်သွားသည်ကို မြင်ရလျှင်လည်း အလင်း ရင်ထဲ မချိပါ။ သို့သော် အလင်းဘဝတွင် အနိုင်ကျ၊ ဂျီတိုက်စရာလူသားဆို၍ အဘွားတစ်ယောက်ပဲ ရှိတော့တာပါ။ နောက်ထပ် အနိုင်ကျ၊ ဂျီတိုက်စရာလူသား အလင်းတွင် မရှိ။ အလင်းက စကားနည်းတတ်သည်။ ခံစားချက်ကို သိမ်းဆည်းထားတတ်သည်။ ထို့ကြောင့် အလင်းတွင်အပေါင်းအသင်း မရှိ။ လမ်းမကြီးကို အလင်း ဆက်ကြည့်ချင်စိတ် မရှိတော့။ အိမ်အတွင်းဘက်က တိတ်ဆိတ်နေမှုထံသို့ အလင်း တိတ်ဆိတ်စွာ ဝင်လာခဲ့သည်။

အိပ်ခန်းများဆီသို့ မရောက်ခင် အလယ်ခန်းနံရံတွေက ပျဉ်းကတိုးသစ်ရောင်တွေနှင့် ရဲရဲနီနေလေ၏။ သည်နေရာကို ဖြတ်ကျော်ပြီးမှ အတွင်းခန်းတွေထဲကို ရောက်ရသည် မဟုတ်လား။ သည်နေရာသို့ ရောက်တိုင်း တစ်ခုခုကို အကြည့်လွဲရမြဲ။ ဒါမှမဟုတ် မမြင်ချင်ယောင်ဆောင်ရမြဲ။ သည်တစ်ခါတော့ မသိစိတ်၏ စေစားချက်တို့ဖြင့် အမှတ်မထင် မော့ကြည့်လိုက်မိ၏။ နို့နှစ်ရောင်ဟု လူတွေတင်စားသော အသားအရေတွေနှင့် မိန်းမတစ်ယောက်။ မျက်ခုံးတန်းတွေက မကျဉ်းမကျယ် နဖူးပြင်ပေါ်တွင် ကော့ပျံတက်တော့မည့် တောင်ပံနှစ်ဖက်ပမာ နေရာယူထား၏။ မျက်လုံးတစ်ခုလုံးတွင် မည်းနက်နေသည့် မျက်ဆန်များက နေရာ ပြည့်လုနီးပါးယူ ထားသည်မို့ ရွှန်းရွှန်းစိုစို ခပ်ရွဲရွဲ မျက်ဝန်းများ၏ အပြုံးကလည်း ကျောချမ်းချင်စရာ။ နှာတံမပေါ်သော နှာခေါင်း၏ အောက်ဘက်တွင် ဘောင်ခတ်ထားသည့် အလား ပိရိသေသပ်သော နှုတ်ခမ်းထူထူများ ခပ်ဟဟ ဖွင့်လျက် ရှိနေသည်။

ဂျင်းလက်ပြတ်၊ ဂျင်းဘောင်းဘီကျပ်ကျပ်နှင့် ဆံနွယ်စတွေ ပခုံးပေါ်မှ ကပိုကရို ခွေကျလျက် အစွမ်းကုန် လှပနေသော ထိုမိန်းမကို အလင်း အရမ်းကို မုန်းတီးနာကြည်းမိသည်။ မျက်လုံးလှလှတွေဖြင့် အလင်းတစ်ကိုယ်လုံး သိမ်းကျုံးကြည့်နေသည့်အလား။

'တောက်... ကဲဟာ'

'ခွမ်း'

အလင်းစိတ်တွေ ထိန်းချုပ်၍မရတော့။ နံရံမှ အလှနတ်သမီးကိုယူပြီး အားကုန်လွှင့်ပစ်ပေါက်လိုက်သည်။ ကွဲကြေပျက်သုဉ်းသွားသော ဓာတ်ပုံမှန်ကွဲစများ ကြမ်းပြင်ပေါ်တွင် ဖရိုဖရဲဖြစ်သွားသည့်တိုင် စက္ကူပေါ်မှ အပြုံးတွေက လတ်ဆတ်လွန်းနေသေးသည်။

မျက်ရည်တွေ။ အလင်းကိုယ်တိုင် မာန်တင်းသိမ်းဆည်းသိုဝှက်ထားရသည့် မျက်ရည်တွေ အလင်းပါးပြင်ပေါ်မှ အင်္ကျီရင်ဘတ်တွေအပေါ်သို့ တပေါက်ပေါက် လူးလိမ့်ပြိုကျလာ၏။ ခန္ဓာကိုယ်လေး လှုပ်ခါသွားအောင် အလင်း ရှိုက်ကြီးတငင် ငိုကြွေးလိုက်မိသည်။ နာကြည်းမုန်းတီးရသည့် ခံစားချက်တွေကြားမှာပင် အလင်းနှုတ်ဖျားမှ ခပ်တိုးတိုး ထွက်သွားမိသည့် နာမ်စားတစ်ခုကို အလင်းကိုယ်တိုင် ရွံမုန်းစွာ ကြားလိုက်ရလေသည်။ ဒါ လုံးဝမဖြစ်သင့်ဘူး။ အလင်း သူ့ကို ထာဝစဉ် မုန်းတီးနေရမည်။ ဒါပေမဲ့ အလင်း တစ်နေ့မှ မေ့မရ။ အလင်း သူ့ကို မေ့ပစ်ချင်သည်။ အလင်း၏ အသွေးအသားတွေထဲမှ သူ့ကို ထုတ်ပစ်ချင်နေမိသည်။ ဇွန်လထဲသို့ ရောက်လာပြီ။ အလင်းတို့ကျောင်းတွေဖွင့်ပြီ။ အလင်း၏ လက်ကိုတွဲပြီး အ.ထ.က ၁(....)ဆိုသည့် ကျောင်းကြီးထဲသို့ မည်သူ လိုက်ပြီး ကျောင်းအပ်နှံပေးပါမည်လဲ။

အဖြူ၊ အစိမ်း ဝတ်စုံအသစ်ကိုဝတ်လျက် ကချင်လွယ်အိတ်အပြာရောင်လေးနှင့် လန်းဆန်းတက်ကြွနေမည့် အသစ်စက်စက် ဆယ်တန်းကျောင်းသူလေး အလင်း၏ မျှော်လင့်ချက်တွေကို ရိုက်ချိုးပစ်ခဲ့တာ ဘယ်သူလဲ။ ကိုးတန်းကျောင်းသူ အလင်း၏ နောက်ဆုံး စာမေးပွဲ၏ နောက်ဆုံးနေ့တွေသည် အလင်း မွေးကတည်းက အနားတွင် အမြဲ အနီးကပ်ရှိနေတတ်သည့် သူ့မျက်နှာကို နောက်ဆုံးတွေ့ခွင့်ရခြင်းပဲ ဖြစ်၏။ အိမ်ကြီးထဲမှာ အမြဲကြိမ်းမောင်းနေတတ်သည့် လူကြီးတစ်ယောက်နှင့် ထုံထုံထိုင်းထိုင်း မိန်းမကြီးတစ်ယောက်၏ လက်ထဲတွင် သူ အလင်းကို စွန့်ခွာပစ်ခဲ့သည်။ အလင်း အိပ်ရာခေါင်းရင်းတွင် ကပ်ထားသော ဖေဖေ့ဓာတ်ပုံလေးကို တိုင်တည်ငိုရှိုက်ခဲ့ရသော ညဥ့်နက်နက်များသည် အလွန်ချောက်ချားစရာကောင်းလှ၏။ အလင်း၏ နံဘေးတွင် ထိုအချိန်ကပဲ မရှိခြင်းများနှင့်သာ ကြီးစိုးခဲ့ရသည်။ နွေကျောင်းပိတ်ရက်တွေမှာ အလင်း၏ အပူမီး



www.burmeseclassic.com

www.burmeseclassic.com

များဖြင့်သာ အတိပြီးခဲ့ရလေသည်။ အခုကော။ မိုးတွေရွာနေပြီ။ မိုးရေတွေ အေးစက်သလို အလင်း အေးချမ်းချင်သည်။ သို့သော်လည်း အလင်း မအေးချမ်း။ အလင်း အမြဲတမ်း ငိုချင်နေသည်။

'အလင်းကို လာကယ်ပါတော့ ဖေဖေရယ်။ ဒါမှမဟုတ် ဖေဖေ့နောက်ကိုသာ အလင်းလိုက်ပါရစေတော့'။

တမလွန်ဘဝမှာ ရှိနေသည့် ဖေဖေ့ရင်ခွင်ထဲမှာ အလင်း ငိုချချင်လိုက်တာ။

❑

၂။

အသူတစ်ရာနက်သည့် ချောက်ကမ်းပါးကြီးထဲက မောကြီးပန်းကြီးတက်လာရသလို အလင်း ပင်ပန်းနွမ်းနယ်နေပါသည်။ အိပ်ဆေး (...)ဆယ်လုံးခန့်ကို မရဲတရဲသောက်အပြီး အိပ်ရာမှ နိုးထ ,ခဲ့ရသောအလင်း၏ အိပ်ရာဘေးတွင် မည်သူတစ်ဦးတစ်ယောက်မျှ ရှိမနေခဲ့။ အလင်း၏ ခြေတွေလက်တွေ ရိုက်ချိုးခံထားရသလို ညောင်းညာကိုက်ခဲနေ၏။ မှန်ပြတင်းမှ ထိုးဖောက်လာသော အလင်းရောင်ကို ကြည့်ခြင်းအားဖြင့် နေ့ဝင်ရီတရော အချိန်ဆိုတာ အလင်း ကောင်းကောင်း သိလိုက်၏။ တိတ်ဆိတ်နေသောဝန်းကျင်၊ တိတ်ဆိတ်နေသောအခန်းနှင့် တိတ်ဆိတ်နေသောလူသား တစ်ယောက်အတွက် ဖွင့်ဟထုတ်ဖော်ရန် လူသားတစ်ဦး မရှိတော့သည့်အခါ အလင်း ပို၍ တိတ်ဆိတ်နေလိုက်သည်။ အလင်း ဘယ်နရက်လောက် အိပ်ပျော်သွားခဲ့သည်လဲ။ တစ်ညလား၊ နှစ်ညလား။

ငါ့ဘဝမှာ
ငါ့မြေးကလွဲပြီး
ဘာမှ
အရေးမကြီးဘူး'
တဲ့လေ
အလင်း
ကြည်နူးစွာ
ပြုံးလိုက်မိသည်
အဲဒီ စကား
တစ်ခွန်းတည်း
နှင့်ပင်
အလင်းစိတ်တွေ
လုံခြုံ
နွေးထွေးစေခဲ့ပြီ

အိပ်ရာမှ နိုးနေသည့် အလင်း အမှတ်တရရှိနေခဲ့သည်က အလင်းဖေဖေ့ အုတ်ဂူကို ရှာနေခဲ့ခြင်းပင်။ အလင်း ကိုးတန်းတက်စ ,နှစ်တွင် ဖေဖေ လောကကြီးနှင့် အလင်းကို ထားခဲ့သည်။ ဖေဖေ့နောက်ဆုံးနေ့ရက်တွေကလည်း ပြန်တွေးချင်စရာ မကောင်းလှ။ သွေးတွေ အန်နေသည့်ကြားမှပင် အလင်းကို တွေ့ချင်သည်ပြော၍ ညသန်းခေါင်ယံအချိန်၌ ဖေဖေ့ဆွေမျိုးတွေ လာခေါ်ကြတော့ မေမေနှင့် ဘိုးဘိုးက သိပ်ပြီး မလိုက်စေချင်။ သို့သော် ခေါင်းမာသည့် အလင်း၏ မျက်ရည်တွေကိုမြင်တော့မှ အသာတကြည်ထည့်လိုက်ကြ၏။ ပြီးတော့ ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲလိုပင် ဖေဖေက အလင်း၏လက်ကလေးကို ကိုင်လျက် အသက်ပျောက်သွားခဲ့လေသည်။ အလင်းက သိပ်ချစ်၍ အလင်းကို သိပ်ချစ်သော ဖေဖေတို့၏ သေကွဲ။

သေကွဲ မကွဲရခင်က ပျော်ရွှင်စရာ မိသားစုလေးထံသို့ ရှင်ကွဲကွဲခဲ့ရသေးသည်။ အရက်သမားဟူသော အကြောင်းပြချက်ဖြင့် ဖေဖေ့ကို မေမေက တရားဝင် ကွာရှင်းပြတ်စဲခဲ့သည့်နေ့က အထုပ်တစ်ထုပ်ဆွဲလျက် ဖေဖေ အိမ်ပေါ်က ဆင်းသွားတော့ ဖေဖေ့နောက်ကျောကို ကြည့်ပြီး အလင်း ဝမ်းနည်း ပက်လက်ငိုခဲ့ရသေးသည်။ အခုတော့ တမလွန်ရောက် ဖေဖေ လောကကြီးထဲမှာ အလင်း ဘာတွေဖြစ်ကျန်ခဲ့သည်ဆိုတာ မသိတော့ချေ။ တစ်ချိန်တုန်းက ဖေဖေ မြတ်မြတ်နိုးနိုး ချစ်ပါသည်ဆိုသော ဖေဖေ့ဇနီးချောက Facebook ပေါ်တွင် ချစ်ကျွမ်းဝင်သွားခဲ့ သော တစ်ပြည်သား၏ အနောက်သို့ အလွယ်တကူလိုက်ပါသွားခဲ့သည့်အကြောင်းနှင့် အလင်း ကျောင်းမတက်ချင်တော့သည့် အကြောင်းကိုတော့ ဖေဖေ သိစေချင်သည်။ ဖေဖေသာ သိလို့ကတော့ အလင်းကို ကျောပိုးပြီး လာခေါ်မှာပေါ့ နော။

'ဝုန်း'ခနဲ ပြိုလဲသည့် အသံတစ်ခုကို ကြားလိုက်ရတော့မှ အလင်း အတွေးတွေ ရပ်တန့်ခဲ့ရသည်။ အဘိုးနှင့် အဘွားကို သတိရမိသည့် အခိုက်အတန့်တွင်တော့ အလင်းရင်ထဲ ပူပန်စိုးရိမ်သွားရသည်။ အိပ်ရာမှ လူးလဲထ ,လျက် အသံကြားရာ မီးဖိုချောင်ဘက်ဆီသို့ အလင်း ခြေဖွ၍ လာခဲ့သည်။ လျှပ်စစ်မီးရောင်အောက်တွင် ဖရိုဖရဲ မြင်ကွင်းတစ်ခု။ အဘွား၏ ဆံနွယ်စများ ပြေလျော့လျက် ထမင်းစားသည့် ထိုင်ခုံများ ပြိုလဲလျက်၊ အဘိုးက အဘွားကို လက်ခါးတွင်ထောက်လျက် မာမာထန်ထန်ပြောနေလေ၏။ အဘွား၏ မျက်နှာပေါ်တွင် အုပ်ကိုင်ထားသော လက်တစ်ဖက်ကို တွေ့ရတော့ အဘွားကို အဘိုး ရိုက်နက်ထားပြီဆိုတာ အလင်း သိလိုက်ရသည်။

'ကလေး အိပ်ဆေးတွေ သောက်တာ မသိရအောင် မင်း ဘာသောက်လုပ်တွေရှုပ်နေတာလဲ၊ ကလေးက စိတ်ကျရောဂါရနေတာ။ ငါ့ဘဝမှာ ငါ့မြေးကလွဲပြီး ဘာမှ အရေးမကြီးဘူး။ အေး... အခု ငါ့မြေးသာ တစ်ခုခုဖြစ်ကြည့်၊ လင့်နောက်လိုက်သွားတဲ့ မင်းရဲ့သမီးကို ကမ္ဘာပတ်ရှာပြီး ငါလိုက်သတ်မှာ'

မေးကြောကြီးတွေ ထောင်ကာ မျက်ဝန်းများရဲရဲနီသော အဘိုးက မီးဖိုချောင်ထဲမှ ချာခနဲ လှည့်ထွက်လာသည်ကို မြင်ရတော့ အလင်း တံခါးအကွယ်တွင် ဝင်နေလိုက်မိသည်။ လှေကားပေါ်သို့ မတက်ခင် အဘိုး မျက်ရည်တွေကို သုတ်တာတွေ့ရတော့ အလင်း အံ့ဩသွားရသည်။ အလင်းအနိုးမှ ဖြစ်သွားစဉ်က ဖေဖေ့ထံမှ



www.burmeseclassic.com

www.burmeseclassic.com

တတ်သော အရက်နံ့ကို ရလိုက်မိသည်။ ဒါဆို အဘိုးက အရက်တွေလည်း သောက်ထားသည်ပေါ့။ အလင်း အသက် ၁၆ နှစ်ပြည့်တော့မည်၊ အဘိုး ငိုသည်ကို တစ်ခါမှ မတွေ့ဖူးသလို၊ အဘိုး အရက်သောက်သည်ကိုလည်း တစ်ခါမှ မမြင်ခဲ့ဖူးချေ။ လှေကားထစ်တွေကို တစ်လှမ်းချင်း နင်းတက်သွားသော အဘိုးက အနည်းငယ် ယိုင်တိုင်တိုင်။ ပြုတ်ကျမှဖြင့်။ အလင်း အဘိုးကို စိုက်၍ ကြည့်နေလိုက်မိသည်။ အဘိုး တစ်ခုခုဖြစ်သွားမှာကို အလင်း စိုးရိမ်သည်။

ဖေဖေ့ကို အလင်း စွန့်လွှတ်ခဲ့ရသည်။ သွေးအန်ဖတ်တွေနှင့် အမေ့ကို အလင်း စွန့်လွှတ်ခဲ့ရသလို အဘိုးကို ထပ်ပြီး မစွန့်လွှတ်နိုင်။ အဘိုး အရက်မသောက်ရဘူးဟု စိတ်ထဲမှ အကြိမ်ကြိမ် ပြောနေမိသည်။ အလင်းကြောင့် ဖြစ်ရတာ။ အလင်း ဘဝထဲမှ အဘိုးနှင့် အဘွားကို နောက်ထပ် မစွန့်လွှတ်နိုင်။ အဘိုးကို အလင်း မမုန်းပါဘူး။ သနားစရာကောင်းလွန်းသည့် အဘွားကိုဆို ပိုပြီးတောင် မမုန်းသေး။ အလင်း မျက်နှာ ညှိုးနေလျှင် အဘွားလိုက်ညှိုးသည်။ အလင်း မျက်နှာလန်းနေလျှင် အဘွား လိုက်လန်းသည် မဟုတ်လား။ အဘွားက အလင်း၏ ကြည့်မှန်တစ်ချပ်။ မိခင်တစ်ယောက်၏ ရင်ငွေ့ကို အလင်း မပျောက်ဆုံးသေးပါဘူး။ အလင်းကို ကျောင်းလိုက်အပ်ပေးဖို့ အလင်းမှာ အဘွားရှိနေသားပဲ။ အလင်း ဘဝကို မားမားမတ်မတ် ရပ်တည်ပေးဖို့ အဘိုးလည်း ရှိနေသည်လေ။

'ငါ့ဘဝမှာ ငါ့မြေးက လွဲပြီး ဘာမှ အရေးမကြီးဘူး' တဲ့လေ။ အလင်း ကြည်နူးစွာ ပြုံးလိုက်မိသည်။ အဲဒီစကားတစ်ခွန်းတည်းနှင့်ပင် အလင်းစိတ်တွေ လုံခြုံနွေးထွေးစေခဲ့ပြီ။ အနီးနားတွင် အလင်းအတွက် အရိပ်များရှိနေလျက်နှင့် အဝေးမှ အရိပ်များကိုသာ မျှော်မှန်းတမ်းတနေပါက အလင်းလောက် မိုက်သည့်လူ ရှိနေဦးမှာလား။ ဖေဖေဆုံးတာ တစ်နှစ်မပြည့်ခင် နောက်အိမ်ထောင်ထူသွားသော သူ့ကို အလင်း မတမ်းတ,ချင်တော့ပါ။ အလင်း စိတ်ဓာတ်တွေကို အလင်းဘာသာ ပြန်ထူရမည်။

အလင်း အဘွားထံသို့ ခြေလှမ်းပြင်လိုက်သည်။ မီးဖိုချောင်လေးထဲတွင် ညှိုးနွမ်းသောမျက်နှာနှင့် ကုပ်ကုပ်လေး ထိုင်နေရှာမည့် အဘွားကို အလင်း ပြောစရာ စကားတစ်ခွန်းရှိသည်။ ထို့အတူ အိမ်ပေါ်ထပ် ဘုရားကျောင်းဆောင် ဝရန်တာရှိ ပက်လက်ကုလားထိုင်ပေါ်တွင် ခပ်ငူငူကြီး ထိုင်နေမည့် အဘိုးကိုလည်း အလင်း စကားတစ်ခွန်းပြောစရာရှိသည်။ ထိုစကားကို ကြားရပါက အဘိုးရော၊ အဘွားပါ မည်မျှ ပျော်လိုက်ကြမည်လဲ။ အလင်း ကြည်ကြည်လင်လင် ပြုံးလိုက်ပါသည်။ အလင်း၏ အပြုံးတွေ မမှောင်တော့ပါဘူးလေ။ ပြောရတော့မည့် စကားတစ်ခွန်းကို ခပ်ပြုံးပြုံးလေး ရွတ်ကြည့်နေလိုက်သည်။

'မနက်ဖြန် အလင်း ကျောင်းတက်တော့မယ်'

■

**မေတ္တာစိုးမွန်**






www.burmeseclassic.com

www.burmeseclassic.com

# မျက်နှာများကို ဦးခေါင်း၏နောက်ဘက်ခြမ်းသို့ ပြောင်းလဲတပ်ဆင်ခြင်း

လူတို့၏ မျက်နှာများကို ဦးခေါင်းပိုင်း၏ ရှေ့ဘက်ခြမ်းတွင် တပ်ဆင်ထားခြင်းဖြစ်သည်ဟု ကျွန်တော့်ကို သတိပြုမိစေခဲ့သောသူမှာ စာရေးဆရာမ သန်းမြင့်အောင်ဖြစ်ပါသည်။ နေ့စဉ်နေ့စဉ် တွေ့မြင်နေရသော်လည်း အမှတ်သတိမပြုမိဘဲ ရှိခဲ့ပါသည်။ မျက်နှာကို ဦးခေါင်း၏ နောက်ဘက်ခြမ်းမှာ တပ်ဆင်ထားလို့ရသလား။ ထိုသို့ဆိုပါက 'မျက်နှာစာ' ဆိုသည့် သတ်မှတ်ချက်သည် အပြောင်းအလဲ ဖြစ်သွားနိုင်မည်လား တွေးကြည့်မိပါသည်။ မျက်နှာလေးထောင့်ကျကျဆိုလျှင် ပြတ်သားသည်၊ စိတ်ဓာတ်ခိုင်မာသည်။ ဘဲဥပုံမျက်နှာက ပြောင်းလွယ်ပြင်လွယ်ဖြစ်ပြီး မျက်နှာစုတ်ချွန်းချွန်းက မရေရာ၊ မတိကျ။ မျက်နှာဝိုင်းက သဘောကောင်း မနောကောင်းဖြစ်သည် -စသည် စသည်ဖြင့် လူ၏ မျက်နှာပုံပန်းသဏ္ဌာန်ကိုကြည့်ကာ စိတ်နေစိတ်ထား၊ ခံစားမှုကို အကဲဖြတ်ဖို့ဆိုပါက အင်္ဂဝိဇ္ဇာဆရာများ ပြီးလျှင် စိတ်အဝင်စားဆုံးမှာ စာရေးဆရာများ ဖြစ်နိုင်ပါသည်။ စာရေးဆရာသည် သူတွေ့မြင်နေရသည့် မျက်နှာများကို ဖတ်ရှု၍ စိတ်ခံစားမှုကို အကဲဖမ်း၊ စူးစမ်းရာတွင် ဝါသနာအထုံဆုံး သို့မဟုတ် စိတ်အထက်သန်ဆုံး ဖြစ်ပါသည်။ စာရေးဆရာမ သန်းမြင့်အောင်သည် လူ၏ ဦးခေါင်းအရှေ့ဘက်ခြမ်း၌ တပ်ဆင်ထားသည့် မျက်နှာများကို တစ်ခုသော ညနေချမ်းက ခွဲခြမ်းစိတ်ဖြာကြည့်ခဲ့ပါသည်။ ထို့အတူ သူကိုယ်တိုင်လည်း ခွဲခြမ်းစိတ်ဖြာ၍ ကြည့်ခြင်းကို ခံခဲ့ရပါသည်။

❑

ထိုညနေချမ်းက ဖြစ်ပါသည်။ ဆရာမသည် သူ့သူငယ်ချင်း ရှေ့နေ(အမျိုးသမီး)၏ လေးလွှာတိုက်ခန်း၌ ထားသော သူမ၏ စာအုပ်များကို ပြန်ယူဖို့ရာအတွက် သူငယ်ချင်းနှင့် ချိန်းဆိုထားသည့် ညနေ ငါးနာရီခွဲတွင် အရောက်သွားခဲ့စေကာမူ မတွေ့ခဲ့ရပါ။တကယ်ဆိုလျှင် စာအုပ်က အရေးမကြီး၊ တစ်ပတ်တစ်ကြိမ် တွေ့နေကျ သူငယ်ချင်းနှစ်ယောက်၊ တစ်လကြာအထိ မတွေ့ရသေးသည်က ပို၍အရေးကြီးသည်ဟု ဆိုပါသည်။ သူ့သူငယ်ချင်း တစ်ယောက်တည်းနေသည့် လေးလွှာတိုက်ခန်းအား မော့ကြည့်ရာ တံခါးဖွင့်မထားသည့်အတွက် အိမ်တွင် သူငယ်ချင်းရှိမနေကြောင်း သိလိုက်ရခြင်း ဖြစ်ပါသည်။

ထိုစဉ် သူငယ်ချင်းထံ၌ ချိန်ဘာ ဆင်းသည့် တပည့်မလေး ရောက်လာပါသည်။ သူ့ကို မမဟုခေါ်ပြီး စာတစ်စောင် ပေးပါသည်။

စာတွင် စာချုပ်တစ်ခု အရေးတကြီး ချုပ်ပေးဖို့ရှိသဖြင့် နောက်ကျမည်ဖြစ်ကြောင်း၊ ခြေရင်းခန်းမှာ သော့ပေးထားကြောင်း ဆိုလျက် 'ကိုယ်နောက်ကျလို့ ယူ့မျက်နှာကြီး ပျက်နေပြီထင်တယ်၊ စိတ်မပူနဲ့နော်'ဟု ရေးထားသည်။ သူငယ်ချင်း၏ အခန်း၌ မစောင့်လိုသဖြင့် အအေးဆိုင်မှ စောင့်မည် ဆုံးဖြတ်ပြီး လမ်းထိပ်သို့ ထွက်ခဲ့ပါသည်။ ထိုစဉ် သူ့ဘေးနားမှ ဖြတ်လျှောက်သွားသည့် ကောင်မလေးစုံတွဲထံမှ အသံတစ်သံ ထွက်လာပါသည်။

'ဟင်း၊ မျက်နှာကိုက မချိုမချဉ်နဲ့'

သည်တွင် ဆရာမ သန်းမြင့်အောင်၏အတွေး စ,ပါသည်။ သူငယ်ချင်း၏ စာထဲမှာ 'မျက်နှာပျက်'တဲ့။


အမှတ် ၃၄၃၊ ဇွန်၊ ၂၀၁၈

ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း

**အက်ဆေးအကြောင်းအက်ဆေး**

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ဖြတ်လျှောက် စုံတွဲကတော့ 'မချိုမချဉ်' တဲ့။ 'စိုးရိမ်စိတ်နဲ့ မူပြောင်းသွားတဲ့ မျက်နှာက ပျက်သွားတတ်သလား၊ မျက်နှာပျက်ရင် ပိုပြီး ရုပ်ဆိုးသွားတတ်သလား၊ စောစောတုန်းက မချိုမချဉ်ဆိုတဲ့ မျက်နှာထားကတော့ ပျော့စရာကောင်းနေသားပဲ' တဲ့။ 'မျက်နှာတစ်ခုရဲ့ ပုံသဏ္ဌာန်ကို ကြည့်ပြီး သူ့ဘာတွေ တွေးတောကြံစည်နေတယ်လို့ ပြောလို့ရမလဲ' တဲ့။ ဆရာမ သန်းမြင့်အောင် တွေးနေခြင်းဖြစ်သည်။

သို့ဖြင့် အအေးဆိုင်ထိုင်ပါသည်။ ဆရာမက ဒိန်ချဉ်မှာပါသည်။ စားပွဲထိုးလေးက အလျင်အမြန် ယူလာပေးပါသည်။ ပြဿနာက ဒိန်ချဉ်သည် ခွက်ကြီး ဖြစ်နေသည်။ ခွက်သေးမဟုတ်။ သူမကလည်း ခွဲခြား၍မမှာလိုက်မိ။

*'ခွက်သေးဟု ဘာကြောင့် မမှာလိုက်မိပါလိမ့်ဆိုပြီး ကိုယ့်ကိုယ်ကို အပြစ်တင်မိသည်။ တစ်ချိန်တည်းမှာပဲ စားပွဲထိုးလေးကကော မေးဖို့ တာဝန်မရှိဘူးလား တွေး၍ ငြိုငြင်မိသည်။ စားပွဲထိုးလေးရဲ့ မျက်နှာက စေတနာဆိုးမယ့်ပုံ မဟုတ်ပါဘူး၊ အမြန်ပြေးယူပြီး လာချပေးလိုက်တာ ဆိုင်ရှင်ကို မျက်နှာလုပ်ချင်တာတစ်ခုတည်းနဲ့လည်း ဟုတ်ဟန်မတူပါဘူး။*

*'ငါ့အတွေးတွေဟာ အတ္တဆန်ပြီး သူတစ်ပါးကို စော်ကားသလိုများ ဖြစ်နေပြီလားပဲ'*

ဒါက စာရေးဆရာ၏ အတွေးသက်သက်ဖြစ်သည်။ အက်ဆေးတစ်ပုဒ်အနေနှင့်ဆိုလျှင် အဖြစ်အပျက် (Event)တစ်ခုခုနှင့် စပ်လျဉ်းသည့် အက်ဆေးဆရာ၏ အတွေး၊ အမြင်နှင့် စိတ်ခံစားမှုမှာ 'အခရာ' ဖြစ်ပါသည်။ စာရေးသူသည် သေးသိမ်သူလော၊ သိမ်မွေ့သူလော၊ အမြင်ကျဉ်းမြောင်း၍ တစ်ကိုယ်ကောင်းဆန်သူလော၊ တစ်ဖက်စောင်းနင်း ကောက်ချက်ချတတ်သူလော၊ နှစ်ဖက်မြော်မြင်ချင့်ချိန်၍ ဆင်ခြင်တတ်သူလော- ဆိုသည်မှာ သူ၏ဝတ္ထုများကို စုံ၍ဖတ်သည့်အခါ ပေါ်လွင်နေတတ်ပါသည်။ အက်ဆေးများကို တစုတဝေးတည်း ဖတ်သည့်အခါမှာတော့ ဝတ္ထုမှာထက်ပို၍ သူ့ကို အထင်အရှား တွေ့ရတတ်ပါသည်။ အဘယ်ကြောင့်ဆိုသော် 'အက်ဆေး' သည် အက်ဆေးဆရာကိုယ်တိုင် ဖြစ်သောကြောင့် ဖြစ်ပါသည်။

ယခုလည်း ဆရာမ သန်းမြင့်အောင်က စားပွဲထိုးလေး 'မျက်နှာလုပ်သည်' ဟု ငြိုငြင်သည့်အတွေးကို တွေးလိုက်မိပြီးမှ မိမိ၏ ချို့ယွင်းပျက်ကွက်မှုကို ပြန်မြင်အောင်ကြည့်လျက် 'ငါ့အတွေးတွေဟာ အတ္တဆန်ပြီး သူတစ်ပါးကို စော်ကားသလိုများ ဖြစ်နေပြီလား' ဟူ၍ 'အတွေး ကိုယ်ရှိန်သတ်' လိုက်ပုံလေးမှာ သင့်မြတ်လှပါသည်။

**သက်သေများ ကျိန်ဆိုရသည့် ကျမ်းထုပ်ထဲတွင် ထိတ်လန့် ကြောက်မက်ဖွယ်ရာ စီမံရေးသားထားသော ကျိန်စာများပါရှိပါသည် သို့သော် မနည်းလှသော သက်သေအချို့သည် 'မှန်ကန်စွာ ထွက်ဆိုမည် ဖြစ်ကြောင်း' ကို ကျမ်းကျိန်ဆိုပြီးသည်နှင့် ပြေးလမ်းပေါ်၌ အချက်ပေး ပစ်ဖောက်သည့် သေနတ်သံကို ကြားလိုက်သကဲ့သို့ လိမ်လည် ထွက်ဆိုခဲ့ကြပါသည်**

ဘာမဟုတ်သည့် အကြောင်းအရာနှင့် ဘာမဟုတ်သည့် စားပွဲထိုးကလေးတို့အပေါ် 'အတွေးအားဖြင့် လွန်ကျူးသွားခဲ့ပြီလော' ဟု ပြန်၍ ဆင်ခြင်လိုက်ပုံမှာ လူတစ်ယောက်၏ စိတ်ယဉ်ကျေးမှုကို လှစ်ခနဲ မြင်နိုင်လောက်သည်ဟု ကျွန်တော် ထင်ပါသည်(ပြောရလျှင်၊ သည်လို အချက်ကြောင့်ပဲ သည်အက်ဆေးကို ရွေးချယ်ခဲ့ခြင်းဖြစ်ပါသည်)။

ဆရာမက အအေးဆိုင်ထဲတွင် ဆက်၍ထိုင်ပါသည်။ ပလက်ဖောင်း၏ တစ်ဖက်၊ မျက်နှာချင်းဆိုင်ရှိ ဘတ်(စ်)ကားမှတ်တိုင်ဆီမှ 'မျက်နှာများစွာ' ကို လှမ်းမြင်နေရပါသည်။ ဆိုင်ထဲမှာလည်း 'မျက်နှာများအကြောင်း' ကို ဝေဖန်ပြောဆိုနေသည့်အသံတွေကို ကြားနေရသည် (ဟုဆိုပါသည်)။

ဘတ်စ်ကားမှတ်တိုင်နှင့် ကားပေါ်မှ မမြင်မသိဖူးသော မျက်နှာများကို ငေးကြည့်ရင်း ဆရာမက ဤသို့တွေးပါသည်။

*'တချို့က ငေးရီထိုင်းမှိုင်းလို့၊ တချို့က တောက်ပလင်းလက်လို့။ xxx မျက်နှာပေါ်က အစိတ်အပိုင်းတွေဟာ တစ်ယောက်နဲ့တစ်ယောက် ဘယ်နေရာမှ ထပ်တူမကျနိုင်တာ မထူးခြားဘူးလို့ ထင်ရတဲ့ ထူးခြားမှုတစ်ရပ်ပဲ'*

*'ဆွေမျိုးသားချင်းမဟုတ်ကြတဲ့ လူသားမျိုးနွယ်စုတွေရဲ့ ရုပ်အင်္ဂါဖွဲ့စည်းမှု၊ တစ်ထပ်တည်းမကျနိုင်တဲ့ သွေးသားဖွဲ့စည်းတည်ဆောက်မှုတွေရဲ့ ကွဲလွဲနိုင်စွမ်းအားတွေကို ကျွန်မလျှောက်ကြည့်ရင်း တွေးတောနေမိတယ်'*

*'ခပ်လှမ်းလှမ်းကနေ တွေ့နေရတဲ့ လူတွေရဲ့ မျက်နှာပေါ် ထင်ဟပ်နေတဲ့ အရိပ်အယောင်တွေဟာ အဲဒီလူတွေရဲ့ ဘဝလား၊ ဒါမှမဟုတ် သူတို့ရဲ့ အမျှတ္တရောင်ပြန်တွေလား။ ဒီလူတစ်ယောက်ရဲ့ မျက်လုံးပေါ်က အရောင်တောက်ပမေး မှိန်မှု၊ နှုတ်ခမ်းပေါ်က အပြုံးအမဲ့ အတွန့်အကွေး၊ ပင့်တင်ထားတဲ့ ဒါမှမဟုတ် ကျုံ့ဝင်နေတဲ့ မျက်လုံးအထက် နဖူးပြင်က အရေးအကြောင်းတွေကနေတစ်ဆင့်*



www.burmeseclassic.com

www.burmeseclassic.com

*သူတို့ရဲ့ သန့်စင်တဲ့ ဒါမှမဟုတ် ညစ်နွမ်းတဲ့ နှလုံးသားကို မြင်တွေ့နိုင်မယ်လား။ သူတို့ရဲ့ လက်ရှိ တွေ့ကြုံနေရတဲ့ ဘဝအမှန်ကို သိခွင့်ရနိုင်မယ်တဲ့လား'*

စာရေးဆရာ၏ အာရုံသည် ပထမတွင် သူ့မျက်စိရှေ့မှာ တွေ့မြင်နေရသည့် မျက်နှာဖွဲ့စည်းမှု၊ ပုံသဏ္ဌာန်များပေါ်သို့ ကျရောက်ပါသည်။ထို့နောက် မျက်နှာပုံပန်းမှတစ်ဆင့် ထိုသူတို့၏စိတ်၊ ထိုသူတို့၏ဘဝ၊ ထိုသူတို့၏နှလုံးသားနှင့် စိတ်ခံစားမှုများဆီသို့ မသိမသာ ရွေ့လျောကျရောက်လာသည်ကို တွေ့ရပါသည်။

သို့သော် စာရေးဆရာသည် ဘဝအတွေ့အကြုံ၊ လောက အတွေ့အကြုံ အတန်အသင့် စုံလင်ခဲ့သူဖြစ်သဖြင့် မြင်သမျှကို ယုံကိုးလိုမှုဖြင့် လက်ခံခြင်းမပြုခဲ့ပါ။ သံသယဖြင့် သို့မဟုတ် ချင့်ချိန်နှိုင်းဆမှုဖြင့် ဆင်ခြင်ခြင်းပြုသည်ကို တွေ့ရပါသည်။

*'သူတို့ရဲ့ လက်ရှိတွေ့ကြုံနေရတဲ့ ဘဝအမှန်ကို သိခွင့်ရနိုင်မယ်တဲ့လား၊ စိန်ကဲ၊ ရွှေကဲ၊ လူကဲကို တစ်ထပ်တည်းကျအောင် ခတ်နိုင်တဲ့ အခြေအနေမျိုးဟာ ဘယ်အချိန်အခါမှာများ ပေါ်ပေါက်ပျောက်ကွယ်နိုင်မလဲဆိုတာ ကျွန်မ အတိအကျ သိခွင့်ရလိုက်ချင်ပါဘိ'*

လူတစ်ယောက်၏ မျက်နှာ၊ ပုံပန်းသဏ္ဌာန်နှင့် အမူအရာတို့မှတစ်ဆင့် သူ၏ အတွင်းစိတ်ကို မှန်းဆသိမြင်နိုင်ဖို့ဆိုသည်မှာ တော်တော်ခက်ခဲပါသည်။ တော်တော် မရေရာလှပါ။ တော်တော်လွဲချော်နိုင်ပါသည်။ သို့သော် လုံးဝဥဿုံ လွဲမှားချွတ်ချော်လိမ့်မည်ဟူ၍လည်း တထစ်ချ မဆိုသာပါ။ မာယာများတတ်ပါသည်။ သံသယဖြစ်စရာကောင်းတတ်ပါသည်။

ပြန်အမ်းငွေစောင့်ရင်း အအေးဆိုင်ထဲရှိ ဘေးစားပွဲမှ ဝေဖန်ပြောဆိုနေသော စကားသံများမှာမူ ဤသို့ဖြစ်ပါသည်။

*'နင်က သူ့အကြောင်းလည်း မသိဘဲနဲ့ မျက်နှာလေးက ချိုသလောက်၊ အပြောလေးက ကောင်းသလောက်၊ ကောက်ကျစ်တာ သူ့ကြောင့် ခံလိုက်ရတဲ့သူတွေ အများကြီး'*

*'ဘုရားရေ၊ အဲသလောက်တောင်ပဲလား၊ ငါက သူ့ကို သဘောကောင်းမယ် မှတ်တာ။ ဟို မျက်နှာပုပ်ပုပ်နဲ့ လူကြီးကို ကြောက်တာဟဲ့၊ မျက်မှောင်ကြီးက အမြဲကုတ်ထားတာ။ ငါဖြင့် စကားတောင်မပြောရဲဘူး'*

*'အဲဒါကြီးက လူဖြောင့်စိတ်တို။ အပြောကတော့ ဆိုးတယ်။ စိတ်ရင်းကောင်းတယ်။ ဘယ်သူ့ဖြစ်ဖြစ် ကူညီချင်စိတ်ရှိတယ်'*

ဆရာမက မျက်နှာများအကြောင်းကို တစ်ခုတ်တရ တွေးနေခဲ့ပါသည်။ သူငယ်ချင်း၏ စာထဲမှ 'မျက်နှာပျက်' ဆိုသည့် စကားလုံးကို မြင်ပြီးကတည်းက တွေးနေခြင်းဖြစ်ပါသည်။ ဆရာမသည် ရောက်တတ်ရာရာတွေး၍ ရောက်တတ်ရာရာရေးနေသည်ဟု ထင်မြင်ယူဆဖွယ်ရာရှိစေကာမူလည်း သူ့အတွေးသည် 'မျက်နှာများ' ဆီမှ တခြားတစ်ပါးသို့ သွေဖည်၍မသွားခဲ့ပါ။

ဤအခြေအနေတွင် ဘေးစားပွဲမှလည်း 'မျက်နှာများအကြောင်း' ကိုပဲ ဝေဖန်ပြောဆိုနေသည်ဆိုခြင်းမှာ အနည်းငယ် ဇာတ်ဆန်သလိုရှိပါသည်။ သို့သော် ပို၍ ဇာတ်ဆန်သော်လည်း ပို၍ အနားကပ်လှသွားသည်က မျက်နှာတစ်ခုအပေါ် အကဲဖမ်း၊ စူးစမ်းချက်ကို ထပ်မံ ကြားသိလိုက်ရသောကြောင့် ဖြစ်ပါသည်။

ဆရာမသည် အအေးဆိုင်မှ ထ၍ သူငယ်ချင်း၏ တိုက်ခန်းရှိရာသို့ ပြန်လျှောက်သွားပါသည်။ ရှေ့နေ သူငယ်ချင်းမ,ပြောသလို ဘေးအခန်းမှ သော့ယူဖွင့်ပြီး ထိုင်စောင့်တော့မည်ဟု တွေးလိုက်ပါသည်။ ထိုအချိန်မှာမှ မီးက ရုတ်တရက် ပျက်သွားပါသည်။ တော်တော့်ကို စိတ်ပျက်စရာဖြစ်ပါသည်။ ဆရာမ၏ မျက်နှာ မည်သို့ဖြစ်သွားလိမ့်မည်ကို မှန်းဆလိုက်မိပါသည်။

အိမ်ပေါ်မတက်တော့၊ အောက်မှပဲစောင့်မည်။ အိမ်၏ရှေ့တည့်တည့်၊ လမ်းဘေး အကြော်ဆိုင်ထဲသို့ ငုံ့ဝင်လိုက်သည်။

'ခဏထိုင်ပါရစေနော်၊ အပေါ်ထပ် တံခါးပိတ်ထားတဲ့ အခန်းက လူအလာကို စောင့်ချင်လို့ပါ'

'ဟို လေးလွှာက အစ်မကြီးမဟုတ်လား' ဟု မေးပြီး အကြော်သည်မလေးသည် ဆရာမကို ခြေဆုံးခေါင်းဆုံး ကြည့်ပါသည်။ နွမ်းနယ်သော၊ စိတ်ရှုပ်ထွေး ညစ်ညူးနေသော ဆရာမ၏ မျက်နှာကို မြင်ပါလိမ့်မည်။ ထို့နောက် အကြော်သည်မလေးသည် စာရေးဆရာမအား ဤသို့သော နှစ်သိမ့်စကားကို ကြင်နာစွာ ပြောဆိုလိုက်ပါသည်။

*'ရှေ့နေဆီ လာတယ်ဆိုတော့ အစ်မက အမှုသည်ပေါ့နော်။ အစ်မက တရားလိုလား၊ တရားခံလားဟင်။ ဘာပဲဖြစ်ဖြစ် စိတ်မညစ်ပါနဲ့ အစ်မရယ်။ အဲဒီရှေ့နေက တော်ပါတယ်။ အစ်မကို မြင်ရင် သနားမှာပါ။ အေးအေးဆေးဆေး ထိုင်စောင့်နေနော် အစ်မ၊ အားမနာနဲ့'*

❑

'**ပစ္စုပ္ပန်စာမျက်နှာများ**' ဟု ဆရာမ သန်းမြင့်အောင်က အမည်ပေးထားပါသည်။ ရွက်နုဝေ မဂ္ဂဇင်းတွင် ပုံနှိပ်ဖော်ပြစဉ်က ဝတ္ထုအဖြစ်လား၊ အက်ဆေးအဖြစ်လား ကျွန်တော်မသိပါ။ ဝတ္ထုဆိုလျှင် တော်တော်လှသည့် ဝတ္ထုဟု ပြောရပါမည်။ အက်ဆေးဆိုလျှင် တော်တော်လှသည့် အက်ဆေးဟု ပြောရပါမည်။ အက်ဆေးဘက်သို့ ပို၍ ယိမ်းနေသည်ဟု ကျွန်တော်ထင်ပါသည်။

ဆရာမသည် သူ တစ်သက်ပန်လုံး မြင်တွေ့ခဲ့ဖူးသည့် မျက်နှာများကို ယခုမှ၊ ယခုညနေခင်းကျတော့မှ စတင်၍ တွေ့ဖူး၊ မြင်ဖူးသကဲ့သို့ စိတ်ပါဝင်စားစွာ ကြည့်ရှု၍ ခွဲခြမ်းစိတ်ဖြာနေခဲ့ပါသည်။ ထို့အတူ သူကိုယ်တိုင်လည်း အကြော်သည်မလေး၏ အကဲဖမ်း၊ ခွဲခြမ်းစိတ်ဖြာမှုကို ခံလိုက်ရပါသည်။ တော်တော့်ကို သဘာဝကျပါသည်။



www.burmeseclassic.com

www.burmeseclassic.com

**အများအကျိုးနှင့်
အစီးအပွားအကြောင်းကို
တွင်တွင်ပြောခဲ့သော
မျက်နှာများနှင့်
မိမိ၏
အကျိုးအစီးအပွားကို
ကျိတ်ပုန်းခတ်နေသည့်
မျက်နှာများကို
မြင်ဖူးခဲ့လှပြီဖြစ်ပါသည်
ဖိနပ်ချွတ်တုန်းက
မျက်နှာများနှင့်
အိမ်ဦးခန်းရောက်
မျက်နှာများ ခြားနားပုံကို
ဝေခွဲဖို့ မခက်လှပါ
လှေကွဲကြီးကို
ပြင်ပေးမည်ဟုပြောသော
မျက်နှာများနှင့်
လှေကွဲကြီးကိုပဲ
မူးတူးမင်တင်
လှော်ခတ်နေသော
မျက်နှာများကို
သတိမူဖို့မခဲယဉ်းလှပါ**

ဆရာမသည် လူတို့၏ ဦးခေါင်းရှေ့ဘက်အခြမ်းတွင် တပ်ဆင်ထားသည့် မျက်နှာပုံပန်းသဏ္ဌာန်နှင့် အမူအရာ၊ အသွင်အပြင်တို့ကို ဖတ်ရှု၍ လူ၏ အတွင်းစိတ်၊ ခံစားမှုနှင့်နှလုံးသားကို အကဲဖမ်း၊ စူးစမ်းရန် အားထုတ်ခဲ့ခြင်းဖြစ်ပါသည်။ အကဲဖြတ်ချက်အချို့သည် မှန်ကန်ပါလိမ့်မည်။ အချို့သည် လွဲချော်မှားယွင်းနိုင်ပါသည်။

အကြော်သည်မလေး၏ အကဲဖြတ်ချက် မှားယွင်းခဲ့ပါသည်။ ဆရာမကိုယ်တိုင်၏ အကဲဖြတ်ချက်ကော ဘယ်လောက်မှန်ခဲ့သလဲဆိုတာ မပြောနိုင်ပါ။ အကြောင်းအမျိုးမျိုးကြောင့် မှားယွင်းနိုင်သည်ပဲ ဖြစ်ပါသည်။

ကျွန်တော်သည် တရားခွင်ရှေ့မှောက်သို့ လာရောက်၍ ကျမ်းကျိန်ဆိုပြီး သက်သေခံသောသူများကို ထောင်နှင့်ချီ၍ စစ်ဆေးခဲ့ဖူးပါသည်။ သက်သေများကျိန်ဆိုရသည့် ကျမ်းထုပ်ထဲတွင် ထိတ်လန့်ကြောက်မက်ဖွယ်ရာ စီမံရေးသားထားသော ကျိန်စာများပါရှိပါသည်။ သို့သော် မနည်းလှသော သက်သေအချို့သည် 'မှန်ကန်စွာ ထွက်ဆိုမည်ဖြစ်ကြောင်း' ကို ကျမ်းကျိန်ဆိုပြီးသည်နှင့် ပြေးလမ်းပေါ်၌ အချက်ပေးပစ်ဖောက်သည့် သေနတ်သံကို ကြားလိုက်သကဲ့သို့ လိမ်လည် ထွက်ဆိုခဲ့ကြပါသည်။ အပြစ်ရစေလို၍ သို့မဟုတ် အပြစ်မှလွတ်စေလို၍၊ အမှုနိုင်စေလို၍၊ အမှုရှုံးစေလို၍ အစရှိသည့် အကြောင်းမျိုးစုံဖြင့် လိမ်လည်ထွက်ဆိုခဲ့ကြပါသည်။ မျက်နှာအမူအရာမျိုးစုံဖြင့် ၄င်းတို့၏ ထွက်ဆိုချက်ကို ယုံကြည်စေရန် သွေးဆောင်တတ်ကြပါသည်။

ရံခါ၊ ကျွမ်းကျင်သော ရှေ့နေ၏ မေးခွန်းများဖြင့် သူတို့ ဖုံးကွယ်ထားသော အပေါယံ ဗဟိဒ္ဓဝတ်ရုံသည် တရားခွင်ထဲမှာပဲ အလွှားလိုက်၊ အလွှားလိုက် ကွာကျသွားသည်များရှိတတ်ပါသည်။

သို့သော် အမှန်တရားဆိုသည်က တရားခွင်၌ပင်လျှင် အခါခပ်သိမ်း တွေ့မြင်နိုင်သည်မဟုတ်ပါ(တရားသူကြီးများ ကျမ်းထုပ်မကိုင်ရသည်မှာ တော်တော်ကံကောင်းပါသည်)။

လူတိုင်းလူတိုင်းသည် အမှုစစ်တရားသူကြီး မဟုတ်ခဲ့သော်လည်း လူတိုင်းလူတိုင်းသည် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ဖူးပါသည်။ ဦးခေါင်း အနောက်ဘက်ခြမ်းမှာ ဘာတွေးနေသည်ကို မသိနိုင်စေကာမူလည်း ဦးခေါင်းအရှေ့ဘက်ခြမ်းရှိ မျက်နှာများကို ကြည့်၍ ဖတ်ရှု၍ ဝေဖန်အကဲခတ်၊ ဆုံးဖြတ်ချက်တွေ ချမှတ်ခဲ့ရသည်ပဲဖြစ်ပါသည်။

အများအကျိုးနှင့် အစီးအပွားအကြောင်းကို တွင်တွင်ပြောခဲ့သော မျက်နှာများနှင့် မိမိ၏ အကျိုးအစီးအပွားကို ကျိတ်ပုန်းခတ်နေသည့် မျက်နှာများကို မြင်ဖူးခဲ့လှပြီဖြစ်ပါသည်။ ဖိနပ်ချွတ်တုန်းက မျက်နှာများနှင့် အိမ်ဦးခန်းရောက်မျက်နှာများ ခြားနားပုံကို ဝေခွဲဖို့ မခက်လှပါ။ လှေကွဲကြီးကို ပြင်ပေးမည်ဟု ပြောသော မျက်နှာများနှင့် လှေကွဲကြီးကိုပဲ မူးတူးမင်တင် လှော်ခတ်နေသော မျက်နှာများကို သတိမူဖို့မခဲယဉ်းလှပါ။

ကျွန်တော်တို့ မှားယွင်းခဲ့ဖူးပါသည်။ သို့သော် မှားယွင်းခြင်းဟူသမျှကို ပြဿနာဟု မဆိုသာပါ။ အမှန်ကို မသိနိုင်တော့ခြင်းက ပြဿနာဖြစ်ပါသည်။ 'ပေးထားချက်'၌ အမှန်ပါပါ့မလားဟု သံသယဖြစ်စရာ ကောင်းနေခြင်းက ပြဿနာဖြစ်ပါသည်။ ယုံကြည်မှု ပျောက်ဆုံးသွားခြင်းက ပြဿနာ ဖြစ်ပါသည်။ မျှော်လင့်ချက်တွေ ကုန်ဆုံးသွားခြင်းက ပြဿနာဖြစ်ပါသည်။

'စိန်ကဲ၊ ရွှေကဲ၊ လူကဲကို တစ်ထပ်တည်းကျအောင် ခတ်နိုင်တဲ့ အခြေအနေမျိုးဟာ ဘယ်အချိန်အခါမှာများ ပေါ်ပေါက်နိုင်မလဲ သို့မဟုတ် ပျောက်ကွယ်နိုင်မလဲ ဆိုသည်ကို အတိအကျသိခွင့်ရချင်သည်'ဟု ဆရာမက ဆိုပါသည်။ကျွန်တော်တို့လည်း သိခွင့်ရချင်ပါသည်။

ပုဂံညှပ်ကြီး ပျက်စီးခဲ့ရခြင်းမှာ လူတို့ကြောင့်ပဲ ဖြစ်ပါသည်။

အခွင့်အရေး ရှိနိုင်ဦးမည်ဆိုပါက ကျွန်တော်သည် အချို့သော သူတို့၏ မျက်နှာများကို ဦးခေါင်း၏ နောက်ဘက်ခြမ်းသို့ ပြောင်းလဲ၍ တပ်ဆင်ကြည့်ချင်ပါသည်။ မာယာတစ်သိန်း၊ အပလိန်း အနန္တတို့နှင့် ကူလီကူမာ သူဘာတွေ ကြံစည်တွေးတောနေသည်ကို တစ်ကြိမ်လောက်ဖြစ်ဖြစ် ထွင်းဖောက်၍ မြင်ချင်သောကြောင့် ဖြစ်ပါသည်။ ■

**မောင်ရင့်မာ၊ကျောင်းကုန်း၊**
**ရည်ညွှန်း** ။ ။
*ပစ္စုပ္ပန်စာမျက်နှာများ(သန်းမြင့်အောင်)၊*
*ရွက်နဝေ မဂ္ဂဇင်း၊ (၂၀၀၂)၊*
*ဘဝရသ ပစ္စုပ္ပန်စာမျက်နှာများ။*



www.burmeseclassic.com

www.burmeseclassic.com



SINCE 1996

# Alpha

COLOR SEPARATION
& COMPUTER GRAPHIC

- Kodak CTP (Computer to Plate)
- Printing Film for Offset, Gravure & Silkscreen Film,....
- Computerized Graphic Design Creation & Other Services.....


No.133-137, 41st St; Botahtaung Tsp; Yangon.

Tel : 01-8245856, 01-8398160

E-mail : alphacolorseparation@gmail.com

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ချစ်စုံမဂ္ဂဇင်း
ရသစာတမ်း
အမှတ် ၃၄၃၊ ၁၄၁၆ ၂၀၁၈

## အဓကြာင်းအရာက သက်န်းရုံပြီးလာတယ်

# ဓောဝေ

ဆောင်းဟု အမည်ပေးမရသည့်
ဆောင်းတွေကူးလာကြသည်မှာ
ဆယ်စုနှစ်တွေ အတော်များ၍
နေလေပြီ။ အေးစိမ့်မှုမဲ့
အုံ့ပျပျရာသီထဲမှာ စာရေးဖို့ပြင်တော့
စာကို လက်ဖြင့်၊ ဘောပင်ဖြင့်
ရေးသည့်သူ အရေအတွက်
နည်းနည်းလာသည့်
ရှားပါးစာရေးဆရာ၊
ကဗျာဆရာထဲ
သမိုင်းဝင်ဦးတော့မည်ဟု
တွေးမိသည်။
ဆရာ ဇော်ဇော်အောင် ဆုံးပါးပြီး
ပါမှ ဝတ္ထုရသစာတမ်းတွေ
ရေးဖြစ်နေမိ။ ဆရာဇော်က
အကြောင်းအရာဆိုသော
ဇာတ်ချက်မှ ခွာပြီး စာလုံး
အနုပညာအသစ်တွေ ဖန်တီးကြရန်
ဆောင်းပါးတွေလည်း များစွာရေး၊
လူကိုယ်တိုင်လည်း သူ့အိမ်ရှေ့
မန်ကျည်းပင်ကြီးအောက်မှာ
အကြိမ်ကြိမ်ပြော၊ သူ့စကားသံမှာ
မန်ကျည်းပွင့်ဖတ်လေးတွေနှယ်
လှပလွန်းသည်။
ကိုယ့်ကို နိုင်ငံတကာ
ကဗျာပွဲတော် နယ်သာလန်နိုင်ငံက
ဖိတ်၍သွားတော့လည်း
နိုင်ငံပေါင်း ကိုးဆယ်ကျော်မှ
စာပေအနုပညာသမားတွေက
အကြောင်းအရာ မေ့ထားခဲ့ပော့၊
ခေတ်မရှိတော့၊ အသစ်မဖြစ်တော့။
အတ်အော့ဝပ်(Art of Words)
စာလုံးအနုပညာသာလျှင်
ဖြစ်နေကြတာကို ကမ္ဘာသိ
သိမြင်ခဲ့ပြီ။ ပြောခွင့်ရလျှင်ဖြင့်
စာပေပွဲများတွင် နှုတ်မှ
ပွားများနေမိခဲ့သည်ပင်။
သို့မို့ပင် ဖြစ်ငြား အကြောင်းအရာ
တစ်ခု ဒါမှမဟုတ် နှစ်ခုကတော့
အမေရိကန် မောင်းသူမဲ့
ဒရုန်းနှင့် ဒုံးကျည်ပစ်လိုက်သလို
ရင်ဝကို မှန်လေတော့သည်။
ကျွန်တော့်တွင် အမေ့ဘက်မှ
အမေ့အစ်ကိုအကြီးဆုံး၏
သားအကြီးဆုံး၊ အစ်ကိုဝမ်းကွဲ
ကိုကျော်အေးဆိုသူတစ်ယောက်
ရှိသည်။ သူတို့ခေတ်က
ဟိုက်စကူးဖိုင်နယ်အောင်ပြီး
စစ်တပ်ထဲဝင်သည်။
ပညာသည်တပ်ဟု ပြော၍ရသည့်
စစ်လက်နက်ပစ္စည်းတပ်တွင်
ရဲဘော်၊ နောက် ဒုတပ်ကြပ်၊



www.burmeseclassic.com

www.burmeseclassic.com

ဆရာဇော်က
အကြောင်းအရာ
ဆိုသော
ဗဟိုချက်မှ
ခွာပြီး
စာလုံး
အနုပညာအသစ်တွေ
ဖန်တီးကြရန်
ဆောင်းပါးတွေလည်း
များစွာရေး
လူကိုယ်တိုင်လည်း
သူ့အိမ်ရှေ့
မန်ကျည်းပင်ကြီး
အောက်မှာ
အကြိမ်ကြိမ်ပြော
သူ့စကားသံမှာ
မန်ကျည်း
ပွင့်ဖတ်လေးတွေနှယ်
လှပလွှင့်သည်

တပ်ကြပ်အဆင့်တွင် ဗိုလ်သင်တန်း ဖြေခွင့်ရသဖြင့် ဝင်ဖြေသည်။ ဝင်ခွင့် အောင်သည်။

အဲဒီအောင်စာရင်းထွက်သည့်နေ့ ညမှာပင် ဘားတိုက်မှာ အောင်ပွဲ အထိမ်းအမှတ် အာမီရမ်ဖြင့် ဂုဏ်ပြု ဂုဏ်ယူစားသောက်ကြသည်။ အထက် အရာရှိများကလည်း ခွင့်ပြုပေးပါ သည်။

အဲဒီညမှာပဲ သူ တပ်အချုပ်ထဲ ရောက်သည်။ လက်မောင်းက အဖတ် တွေပြုတ်သည်။ ဗိုလ်သင်တန်းလည်း တက်ခွင့်မရ။ သူ့တပ်ရေးဗိုလ်ကြီးပါ အဆစ် အရေးယူခံလိုက်ရသေးသည်။ ဖြစ်ပုံက အောင်မြင်မှု အထိမ်းအမှတ် ဆိုပြီး ဂီသရီးသေနတ်ကို ကျည်တစ် ကတ်လုံးကုန်အောင် မိုးပေါ်ထောင်ပစ် သည်။ ဘားတိုက်ခေါင်မိုးလည်း ကျည် ဆန်ပေါက်ရာ ဗရပွဖြင့်။ ရိုးရိုးရဲဘော် ပြန်ဖြစ်သွားသည်။ အဲဒီလို ကျွန်တော့် အစ်ကိုပါ။

အမြဲတမ်း ပါစကရည်လေး အာ ခွတ်နေရမှ စစ်မှုထမ်းကောင်းကွဟု လည်း ကျွန်တော့်ထံလာလျှင် ပြောနေ ကျ။ ထူးခြားတာက မသောက်ရသေး သည့်အချိန်မှာ စာဖတ်တာပါ။ ဒီတော့ ကျွန်တော့်ကဗျာလေး၊ စာလေးတွေကို ကျွန်တော့်အမေ အမျိုးတွေထဲမှာ သူက အဖတ်ဆုံး၊ သူဖတ်ချင်သော ကျွန်တော့် စာအုပ် အပါအဝင် အခြားစာအုပ်များ လည်း တောင်းတတ် ဖတ်တတ်သည်။

တစ်နေ့ တက္ကသိုလ်ရိပ်သာလမ်း က ကျွန်တော့်ထမင်းဆိုင်သို့ နံနက် ကိုးနာရီလောက် ရောက်လာသည်။ ကျွန်တော်ကလည်း အဲဒီအချိန်က ဒေါ် အောင်ဆန်းစုကြည် အကျယ်ချုပ်ချထား သည့် အိမ်ထဲ တစ်လတစ်ခါ ထမင်း လူသုံးဆယ်စာ ပို့နေသည်ကို စစ် ထောက်လှမ်းရေးက စစ်ဆေးနေချိန်။ စောင့်ကြည့်ခံ ဆိုပါတော့။ ကျွန်တော့်ကို ခေါ်ရန် ဆိုင်ထဲကို အခြားအဆင့် စစ် ထောက်လှမ်းရေးက ဝင်လာပြီး ကျွန် တော့်အစ်ကိုကြီးကို တွေ့တော့ 'ဆရာ ကြီး လေးစားပါတယ်'ဟု သတိဆွဲ အလေးပြုပါလေရော။ အစ်ကိုကြီးက 'မင်း ဘာလာလုပ်တာလဲ၊ ဒါ ငါ့ညီကွ ဘာမှ လာမလုပ်နဲ့သွားတော့'ဟု ပြော တော့ ကိုရွှေထောက်လှမ်းရေး ထွက် သွားပါတော့သည်။ ပြီးတော့ အစ်ကို ကြီးက 'ဒီကောင် ရဲဘော်ဘဝက ငါ့ တပည့်ကွ၊ ထောက်လှမ်းရေးရောက် သွားတာ တပ်ကြပ်လား၊ တပ်ကြပ်ကြီး လား မသိပါဘူး ဖြစ်နေပြီ။ ငါ့ကို အရက်တိုက်ဦး ကိုပိုရာ'ဟု ဆိုသည်။ ကျွန်တော့် ငယ်နာမည်က မောင်ပိုပါ။ ငယ်နာမည်ခေါ်သူ ရန်ကုန်မှာ နှစ် ယောက်ပဲရှိသည်။ ဒီအစ်ကိုကြီးနှင့် ငယ် သူငယ်ချင်း မြင့်စိုး(ခ) လူရွှင်တော် ကွမ်းသီးတို့ပဲ ဖြစ်သည်။ ရှိသည့် ဝီဝကီ ထုတ်ပေး၍ သူကြိုက်သည့် ဆိုင်က ပဲနှပ်၊ ကြက်ဟင်းခါးသီးကြော်၊ ကြက် ကာလသားဟင်းချပေးပြီး အလုပ်ဆက် လုပ်နေလိုက်ရပေမဲ့ စစ်ထောက်လှမ်း ရေးက လာခေါ်ဦးမလား၊ စိတ်တထင့် ထင့်နှင့်ပါ။ လာမခေါ်ခဲ့ပါဘူး။ သို့နှင့် အစ်ကိုကြီးကို အခု ဘာရာထူးလဲဟု မေးတော့ 'အရာခံ'ဟု ပြောသည်။

အစ်ကိုကြီး သောက်ရင်းစားရင်း သူထိုင်နေသည့် ခုံတန်းလျားမှာ အိပ် ၍ ခေါင်းအုံးလေးယူပြီး သူ့ခေါင်း အောက် ခံပေးလိုက်သည်။ ဆိုင်မှာ လူ တအားကျသည့် နေ့ခင်း တစ်နာရီ လောက်မှာ သူနိုးသည်။ ဆိုင်မှာ စားသုံး သူအပြည့်။ သူထိုင်ပြီး ငူငူငေါင်ငေါင် လုပ်နေပါသည်။ လူရှင်းသွားတော့မှ 'ကိုပို ငါ သက်ပြည့်ပင်စင် ခံစားခွင့် အကုန်ယူပြီးသွားပြီ။ လူပြန်ဖြစ်ပြီကွ။ မင်း ငါ့ကို ပဋ္ဌင်းတက်ပေးကွာ။ ငါ ဘုန်းကြီးဝတ်မယ်'။

'အစ်ကိုကြီး ပိုပြီး ငရဲရနေပါမယ်။ အရက်လည်း ဖြတ်နိုင်တာမဟုတ်ဘဲနဲ့'

'ဖြတ်နိုင်ပါတယ်ကွ၊ ငါ စစ်သား ပါ။ ငါတို့ မင်္ဂလာဒုံက ဘုန်းကြီးကို လျှောက်ကြည့်တော့ သုံးလေးသောင်းဆို ရပြီတဲ့'

'ပိုက်ဆံအရေးမကြီးပါဘူး။ အစ်ကိုကြီးကို လှူရတာ ကုသိုလ်တောင် ရသေးတယ်။ ကဲ ဒါဆိုလည်း ပြန်၊ အစ်ကိုကြီး မနက်ဖြန် တစ်နေ့လုံး မသောက်ဘဲနေနိုင်ရင် အစ်ကိုကြီးမိန်းမ ကို ဖုန်းဆက်ခိုင်း။ သူခွင့်ပြုရင် အစ်ကို ကြီး ပိုက်ဆံလာယူ'

'အေး ပြီးရော၊ အခုကစပြီး မသောက်တော့ဘူးကွာ'

သူ့အိတ်ကပ်ထဲကို ငါးထောင်တန် တစ်ရွက် လမ်းစရိတ်ထည့်ပေးလိုက် တော့ တက္ကသိုလ်ရိပ်သာလမ်းမကြီး အတိုင်း အမေစုတို့အိမ်ဘက် ရှေးရှု၍ လျှောက်သွားလေရဲ့။

နောက်နေ့ကျတော့ သူ့မိန်းမက

www.burmeseclassic.com

www.burmeseclassic.com

ဝမ်းသာအားရ ခွင့်ပြုကြောင်း ဖုန်းဆက်။ ညနေကျတော့ ဘာအရက်နံ့မှ မပါဘဲ အိမ်ရောက်လာသဖြင့် ကျွန်တော့် စာမူခ စာအိတ်ဆယ်အိတ်၊ တစ်အိတ်မှာ အနည်းဆုံး ငါးထောင်၊ အများဆုံး သုံးသောင်း စာမူခတွေပေးပြီး ကျွန်တော် ကန်တော့လိုက်သည်။ 'အနုပညာနဲ့ ရတဲ့ အဖြူစင်ဆုံး ပိုက်ဆံ၊ အစ်ကိုကြီး ကုသိုလ်ရအောင်လုပ်ပါ' ဆိုတော့ 'မင်းကို လေးစားသောအားဖြင့် ငါသေတဲ့အထိ သက်န်းမချွတ်ဘူး၊ ကတိပေးတယ်'ဆို၍ ဘုန်းကြီးဝတ် သွားတော့တာပါပဲ။

တက္ကသိုလ်ရိပ်သာလမ်း ပိတောက်ပင်တွေပေါ်က ဥသြတွေတွန်နေသည့် တစ်နေ့ကျတော့ သူပြန်ရောက်လာသည်။ ဘုန်းကြီးတစ်ပါး၏ ယူနီဖောင်းအပြည့်အစုံဖြင့်။ နံနက်ကိုးနာရီခွဲလောက်ဖြစ်သည်။ ဆွမ်းချိန်မှာ ဆွမ်းကပ်။ အသားအရေက စိုပြည်ပြီး ဘုန်းကြီးဘဝနှင့် အဆင်ပြေနေပုံပဲ။

'ငါ ပဉ္စင်းတက်ပြီး နောက်နေ့ ဆေးရုံနှစ်ပတ်ကျော်လောက် တက်လိုက်ရတယ်။ အခုပျောက်ပြီကွ၊ ဒါကြောင့် မင်းဆီလာတာ'

'ဝမ်းသာပါတယ် ဘုရား၊ တစ်မျိုးလုံးလည်း ဝမ်းသာနေကြတာ။ ဓာတ်ပုံရိုက်ထားတယ်။ ဆွေမျိုးတွေကို ပြလိုက်မယ်။ လိုတာပြောနော်။ လူမထွက်ဖို့ပဲ'

'ငါပြောပြီးသားပဲ၊ သေတဲ့အထိ လူမထွက်ဘူးဆိုတာ။ အခု ငါ အာပတ်ဖြေတရားကို သေသေချာချာ လေ့လာထားတယ်ကွ'

စစ်သားလူဆိုးကြီး၊ လူပေကြီး အမေ့အမျိုးတွေကြားမှာ အကြီးဆုံးအစ်ကိုကြီး။ စာအုပ်တွေအများကြီး အလှူခံ၍ တက္ကစီကားနှင့် ကျောင်းပြန်ကြွသွားလေသည်။ ထူးခြားတာက နေကာမျက်မှန်မည်းကြီး တပ်ထားတာပါပဲ။ ဒီထက်ထူးခြားတာက ဒေါ်အောင်ဆန်းစုကြည်အကြောင်း ရေးထားသည့် စာအုပ်လှူပါ ဆိုကာ ယူသွားတာပင် ဖြစ်သည်။

> မေးမည်
> မေးမည်နှင့်
> နှစ်တွေသာ
> ကြာသွားပြီး
> မမေးဖြစ်သည့်
> မေးခွန်းကို
> ဒီနေ့
> မေးလိုက်ဖြစ်သည်
> အဲဒီအတွက်လည်း
> တစ်ဘဝစာ
> ကျေနပ်
> အလင်းပြသူ
> ဦးပဉ္စင်းကြီးဖြစ်၍
> သွားသည်
> 'ဦးပဉ္စင်းကြီး
> မျက်မှန်မည်းကြီး
> နေ့နေ့ညည
> ဘာလို့
> တပ်ထားတာလဲ
> ဟင်'

ဝါသုံးလေးဝါရတော့ ဖြူးတောင်ငူက အမျိုးတွေဆီ ကြွသည်။ သူပြန်တော့ အမျိုးတွေက ဖုန်းဖြင့် လှမ်း၍ ပြောကြသည်။ တစ်ခါတလေ ညရောက်လျှင် အောဘီစီဘီယာ ခိုးသောက်သည်ဟု ဆိုသည်။ ဒါကြောင့် အိမ်သို့ ဝါဆိုသင်္ကန်းအလှူခံ လာသည့်နေ့မှာ ပြောလိုက်သည်။ 'ဦးဇင်းကြီးရယ် ညဘက် အောဘီစီဘီယာတွေ တိတ်တိတ် သောက်နေတယ်လို့ အမျိုးတွေက လှမ်းတိုင်တယ်။ လေး၊ ငါးဝါတောင်ရပြီ ဘာလို့ အဲဒီလိုသောက်ရတာလဲ'ဆိုတော့ 'ငါကွာ နှစ်ပေါင်း ငါးဆယ်ခြောက်ဆယ်လောက် သောက်လာတာ မသေဘူးကွာ။ တစ်ခါတလေတော့ ကစ်ချင်တာပေါ့။ အပြင်းမသောက်ပါဘူး။ ငါ အာပတ်ဖြေတရား ကျွမ်းပါတယ်ကွာ။ ငါ့အကုသိုလ်နဲ့ငါ၊ မင်းကုသိုလ်ကို မဖျက်ပါဘူး'ဟု ဆိုသည်။ မသေခင် တစ်ဝါတွင်း အိမ်လာလျှင် ဘာကြောင့် နေကာမျက်မှန်မည်းကြီး မချွတ်တာလဲ ဆိုတော့ 'ငါ မျက်မှန်မည်း မပါဘဲ မင်းမျက်နှာ မကြည့်ရဲတော့ဘူး။ ပြီးတော့ မင်းအိမ်မှာ ချိတ်ထားတဲ့ ဒေါ်စု ဓာတ်ပုံရဲ့ အကြည့်ကိုလည်း ရင်မဆိုင်ရဲဘူး'ဟု ဆိုသည်။ သင်္ကန်းမချွတ်ဘဲ အသက် ၇၃ နှစ်မှာ ပျံလွန်တော်မူသွားရှာသည့် အစ်ကိုကြီး ဦးပဉ္စင်း ကျော်အေး ဘယ်ဘဝရောက်ရောက် သာသာယာယာရှိပါစေ။

❑

နောက်တစ်ပါးက ရွှေဂုံတိုင်လမ်းမှာ တွေ့ခြင်းဖြစ်သည်။ ထမင်းဆိုင်မှာ မနက်ဆို ဆွမ်းလောင်းတော့ ခြောက်ထပ်ကြီး၊ ငါးထပ်ကြီး သံဃာအပါးနှစ်ဆယ်၊ သုံးဆယ် နေ့တိုင်းလောင်းသည့်ထဲက ရောင်မျက်မှန်မည်းကြီးနှင့် ဦးပဉ္စင်းတစ်ပါး။ ရွှေဝါရောင်တော်လှန်ရေးနောက်ပိုင်း ရင်းနှီးလာကာ မေးကြည့်တော့ သာမန်စစ်သားကနေ သက်ပြည့်ပင်စင်ယူပြီး ဘုန်းကြီးဝတ်နေကြောင်း ပြောသည်။ ဇာတိမေးတော့ မိုးမိုးမြင့်အောင်တို့ရွာနားက ရွာကဟု ဆိုသည်။ အတန်းကျောင်း မနေဖူးဘူး။ တပ်ထဲက သင်ပေးလိုက်သဖြင့် စာတော့ ဖတ်တတ်ရေးတတ်သည်။ အသက်ရှစ်ဆယ်ကျော်ပါပြီ။ သူ၏ လက်ကိုင်နှုတ်ဆက်စကားက 'ကျုပ်က ပညာမတတ်လို့။ ဒီကောင်တွေ မဟုတ်သေးဘူး'၊ 'ဒီကောင်တွေ မဟုတ်သေးဘူး' ဒါကိုပဲ ထပ်ကာထပ်ကာ ပြောနေတာ သူ့စတိုင်။

ထမင်းဆိုင်ပိတ်သွားပေမဲ့ သူ့ကျောင်းနှင့်က မနီးမဝေးမို့ သူအလှူခံတာ လှူပေးနေကျ။ ရေဒီယို၊ ဓာတ်ခဲ။ သူက ဘီဘီစီ၊ ဗွီအိုအေ၊ အာအက်ဖ်အေ၊ အက်ဖ်အမ်၊ ဒီဗွီဘီ အမြဲနားထောင်သူ။



www.burmeseclassic.com

ဒီလိုင်းဂျာနယ် အပတ်စဉ်လှူရသည်။ အခြားစာစောင်တွေကတော့ ပေးတာယူသည်။ ဦးပဥ္စင်းကြီးက စတွေ့ကတည်းက ကျွန်တော့်ကို မင်းသားလေးဟု ခေါ်သည်။ အခုလည်း မင်းသားလေးပဲ ခေါ်တုန်း။ ကိုယ်ကိုယ်ဥ္စကတော့ သူလူနာမည်၊ ဘွဲ့နာမည်တွေ မမေးဖြစ်ဘဲ ဦးဇင်းကြီးလို့ပဲ ခေါ်ပြောနေသည်မှာ ဆယ့်သုံးနှစ်ထဲ ရောက်ခဲ့ပါပြီ။

ဦးကိုနီအသတ်ခံရသည်။ သူရောက်လာသည်။ ဒီကောင်တွေ မဟုတ်သေးဘူး။ တာမွေ၊ သာကေတ ရတ်ရတ်ရတ်ရတ်ဖြစ်သည်။ သူရောက်လာသည်။ ဒီကောင်တွေ မဟုတ်သေးဘူး။ လက်ပံတောင်းတောင်၊ ဖားကန့် ပစ်ကြခတ်ကြသည်။ သူရောက်လာတယ်။ ဒီကောင်တွေ မဟုတ်သေးဘူး။ တောင်တွင်းကြီး ဘာသာရေးအသုံးချ လှုံ့ဆော်ကြသည်။ သူရောက်လာသည်။ ဒီကောင်တွေ မဟုတ်သေးဘူး။ ရခိုင်က ဘင်္ဂါလီကိစ္စတွေဖြစ်လာသည်။ သူရောက်လာသည်။ ဒီကောင်တွေ မဟုတ်သေးဘူးဟု ဆိုသည်။ နိုင်ငံရေးကြောင့် လှုပ်လှုပ်ရှားရှားဖြစ်လာတိုင်း နိုင်ငံရေးအကျဉ်းသား ကဗျာဆရာဆီကို ရောက်ရောက်လာသည်။ စကားတွေပြောသည်။ ဒီကောင်တွေ မဟုတ်သေးဘူးဆိုသည့် မှတ်ချက်ပေးသည်။ အခုအသက်ရှစ်ဆယ့်ခုနစ်။ ဆွမ်းမခံနိုင်တော့။ တုတ်ကောက်တစ်ချောင်းနှင့် ရဟောင်လို နေကာမျက်မှန်မည်းနှင့် နေ့နေ့ညည တွေ့နေရသည်။

စားပွဲပေါ်မှာ စာရေးရန်ပြင်တုန်း ဟိုသည်ငေး ခံစား၊ စဉ်းစား၊ တွေးခေါ်။ အကြောင်းအရာဖြုတ်မည်။ Art of Words ဖြစ်အောင်၊ အသစ်ဖြစ်အောင် ဖန်တီးမည်ဆိုသည့် ဓာတ်သားနှင့် ပြင်နေတုန်း သူ့ ဦးပဥ္စင်းကြီး မျက်မှန်မည်းနှင့် ရောက်လာပါတော့သည်။ ရွှေဂုံတိုင်လမ်းပေါ် ဖြတ်သွားရောင်းနေကျ ရွှေရင်အေးလည်းက ရွှေရင်အေးတစ်ခွက်ကပ်၊ ဒီလိုင်းသုံးပတ်စာပေး၊ ပြီးတာနှင့် ဦးပဥ္စင်းကြီး We stand with Daw Aung San Su Kyi ဆိုတာ သီလားဆိုတော့ 'ပညာမတတ်ပေမဲ့ သိတယ်(ပြည်သူနဲ့အတူဆိုတာကို ပြောင်းပြန်) ပြည်သူကလည်း သူနဲ့အတူဆိုတာ ပြောတာ' ရယ်ရယ်မောမောပြောပြီး အမေစုပုံကို ကြည့်နေပါတော့သည်။ စိတ်ထဲမှာ စစ်သားတိုင်း စစ်သားဘဝမှာ ဒီလိုဖြစ်ကြလျှင် ငြိမ်းချမ်းရေးအမြန်ရမှာပဲဟု သံသယကင်းသွားမိသည်။

အနောက်နိုင်ငံတွေက အမေစုကို အပြစ်တွေပုံချနေသည်ကို ရေဒီယိုမှာ နားထောင်ရလားဆိုတော့ 'နားထောင်ရပါတယ်။ ဒီကောင်တွေလုပ်ခဲ့တာ ဒေါ်စုခံရတာလေ။ ဒါကြောင့် ဒီကောင်တွေ မဟုတ်သေးဘူးလို့ ပြောနေတာ။ ဒီကောင်တွေ မဟုတ်သေးဘူး'။ ဒီတစ်ခါတော့ ကျွန်တော် ဟက်ဟက်ပက်ပက် သဘောတွေ့စွာ ရယ်မောလိုက်ပါသည်။

မေးမည် မေးမည်နှင့် နှစ်တွေသာ ကြာသွားပြီး မမေးဖြစ်သည့် မေးခွန်းကို ဒီနေ့ မေးလိုက်ဖြစ်သည်။ အဲဒီအတွက်လည်း တစ်ဘဝစာ ကျေနပ်။ အလင်းပြသူ ဦးပဥ္စင်းကြီးဖြစ်၍ သွားသည်။

'ဦးပဥ္စင်းကြီး မျက်မှန်မည်းကြီး နေ့နေ့ညည ဘာလို့တပ်ထားတာလဲဟင်'

'ကျုပ် စစ်သားဆိုတာ ဒီကောင်တွေ သိမှာစိုးလို့။ ပြီးတော့ ဒီကောင်တွေအစား စစ်သားဖြစ်ခဲ့ရတာ ရှက်လို့။ ဒီကောင်တွေ မဟုတ်သေးဘူး'

ကမ္ဘာကြီးပေါ်မှ လမ်းများအားလုံးပေါ်တွင်လည်း ရာသီဥတုဖောက်ပြန်ခြင်းဒဏ်ခံနေရသလို အကြမ်းဖက်မှုတွေလည်း ဖြစ်ပွားနေလျက်။ ရွှေဂုံတိုင်လမ်းမကြီး ပလက်ဖောင်းပေါ် ရောင်ဟု ထင်ရသော မျက်မှန်မည်းနှင့် အသက်ရှစ်ဆယ်ကျော် ဘုန်းကြီးတစ်ပါးဟာ အကြောင်းအရာပါ။ အကြောင်းအရာဟာ သင်္ကန်းဝတ်လျက် လမ်းလျှောက်နေဆဲ လျှောက်နေမြဲ။ ■

စောဝေ

ဖြန့်ချိရေး

စာပေ
အမှတ် ၁၃၃
လမ်း ၄၀
ကုန်သည်လမ်းနှင့်
မဟာဗန္ဓုလလမ်းကြား
ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့
ဖုန်း
၀၁-၃၃၉၈၂၂၀



www.burmeseclassic.com

www.burmeseclassic.com


စာပေနှင့်ပုံနှိပ်လုပ်ငန်း

စာအုပ်အမျိုးမျိုးကို စာမူပေးပြီးပါက စာအုပ်ဖြစ်သည် အထိ တာဝန်ယူ လုပ်ဆောင်ပေးပါသည်။

- Calendar
- Table Calendar
- File Holder
- Pamphlet
- Box
- Booklet
- Name Card
- Voucher
- Letter Head
- Label အမျိုးမျိုးကို စိတ်တိုင်းကျ အရည်အသွေးပြည့်ဝစွာ ဆောင်ရွက်ပေးနေပါသည်။

ကော်ကပ်ချုပ်စက်ဖြင့် စာအုပ်အမျိုးမျိုးကို ချုပ်လုပ်ပေးပါသည်။

တိုက်(၁၃၃)၊ လမ်း(၄၀)၊ ကုန်သည်နှင့်မဟာဗန္ဓုလလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၁-၈၃၉၈၂၂၀


www.burmeseclassic.com

www.burmeseclassic.com

# ရွှေအသစ်

ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း

အမှတ် ၃၄၃၊ ဇွန်၊ ၂၀၁၈

ဒီလမှာ အများစုက အကြောင်းအရာပိုင်းဆိုင်ရာ ထူးခြားမှုမရှိတာကို တွေ့ရပါတယ်။ တချို့သမားရိုးကျမဟုတ်တဲ့ ဇာတ်ကြောင်းတွေကို ရေးကြပေမဲ့ အကြောင်းအရာတစ်ခုကိုပဲ ရည်ရွယ်ချက်ရှိရှိ ရေးနေသလို ဖြစ်နေပြန်ပါတယ်။ တကယ်တော့ ရသဝတ္ထုတိုကောင်းတစ်ပုဒ်ဖြစ်ဖို့ ဝါဒဖြန့်ချိရေးဆန်တဲ့ အတွေးအမြင်၊ အရေးအသားနဲ့ တင်ပြပုံတွေကို စွန့်လွှတ်နိုင်ဖို့ လိုပါတယ်။ ရွှေအသစ်မှာ တတ်နိုင်သလောက် သစ်လွင်တဲ့ အတွေးနဲ့အရေးကို မျှော်လင့်ပါတယ်။

၁။ *ပြည့်တန်ဆာတစ်ယောက်ရဲ့ရောင်နီဦး*

**နေမျိုးကို(စစ်ကိုင်းတက္ကသိုလ်)**

ရိုးစင်းလွန်းတဲ့ အကြောင်းအရာဖြစ်ပြီး အဖွဲ့အနွဲ့မရှိသလောက် နည်းပါတယ်။ ခေါင်းစဉ်ပေးတာကိုက ဆွဲဆောင်မှုအားနည်းလှပါတယ်။

၂။ *တစ်ခါတုန်းက ကျောင်းသားဘဝ*

**သက်ညီညီထွန်း(ကုလရွာ)**

ရိုးစင်းတဲ့ စာမူတစ်ပုဒ်ဖြစ်သလို အပြန်အလှန်စကားပြောကိုပဲ အားပြုထားပါတယ်။ တင်ပြပုံကို သပ်ရပ်အောင် အားထုတ်ထားပေမဲ့ ရိုးစင်းနေပါတယ်။

၃။ *အတွေးအမြင်များ*

**စန္ဒာထွန်း(ဆင်ဖြူကျွန်း)**

ရသမဆန်တဲ့ စာမူတစ်ပုဒ် ဖြစ်ပါတယ်။ ဆောင်းပါးအဖြစ် ရေးသင့်တဲ့အကြောင်းအရာ ဖြစ်ပါတယ်။ အရေးအသား တင်ပြပုံဆွဲဆောင်မှု မရှိပါဘူး။

၄။ *ထွက်ပြေးနေသူ*

**လွင်နန္ဒာဦး**

ဆောင်းပါးဆန်တဲ့ အကြောင်းအရာကို ဇာတ်ဝတ္ထုလုပ်ထားသလို ဖြစ်နေပါတယ်။ အရေးအသား အားနည်းလှပါတယ်။ စာများများ ဖတ်ပါဦး။

၅။ *အလီမှာပေါင်တင်*

**ဖြိုးဝေ**

အရေးအသား ပြေပြစ်ပါတယ်။ ပြောချင်တာရှိပေမဲ့ ပီပြင်အောင် ပုံမဖော်နိုင်ပါဘူး။ ဝေါဟာရအသုံးအနှုန်းအချို့ကိုလည်း ပီပြင်အောင် မသုံးခဲ့နိုင်ပါဘူး။

၆။ *ပွဲတင်သံကြားရသည်*

**သော်ကမိုး(ရွှေဦး)**

ရိုးစင်းတဲ့အကြောင်းအရာကိုပဲ ဆွဲဆောင်မှုအားနည်းတဲ့ တင်ပြပုံနဲ့ ရေးသားထားပါတယ်။ စကားပြေ ချောမောပြေပြစ်ပါတယ်။

၇။ *ကျွန်တော်နှင့်လူမှီ*

**နွေ(အပျောက်)**

ဇာတ်ကောင်စရိုက်ဖော်ရာမှာ အတန်အသင့် အဆင်ပြေပေမဲ့ တင်ပြပုံနဲ့ ဆွဲဆောင်မှု အားနည်းလွန်းပါတယ်။

၈။ *ဆန္ဒများရဲ့နောက်မှာ*

**ယွန်းမြတ်မွန်းသျှန်**

စကားပြေ ပြေပြစ်ပါတယ်။ ရုံးဝန်ထမ်းများကြား လူမှုရေးအရှုပ်အရှင်းအကြောင်းအရာသာဖြစ်ပြီး ထူးခြားမှုမရှိပါဘူး။ ရိုးစင်းလှပါတယ်။

၉။ *အသံမဲ့ဝေဒနာ*

**မြတ်နှင်းအေး**

အရေးအသား ပြေပြစ်ပါတယ်။ အကြောင်းအရာ ရိုးစင်းသလို တင်ပြပုံလည်း ဆွဲဆောင်မှု အားနည်းပါတယ်။

၁၀။ *ပင်ငုတ်တို*

**မင်းကို(မြောက်ဦး)**

အရေးအသား ပြေပြစ်ပါတယ်။ အပြန်အလှန်စကားပြောကို အားပြုထားသလို ဖြစ်နေပါတယ်။ အဖွဲ့အနွဲ့မရှိသလောက်ပါပဲ။

၁၁။ *သက်ရှိဘုရား*

၁၂။ *အမှိုက်*

***ညီဆောင်းဦး***

ပြောချင်တာတွေရှိပေမဲ့ စာမူနှစ်ပုဒ်စလုံး စာညွှန့်ဆန်ဆန် တိုလွန်းနေပါတယ်။ ဒါ့အပြင် သမားရိုးကျအတွေးနဲ့ ဇာတ်ကွက်တွေသာ ဖြစ်ပါတယ်။ ထူးခြားမှု မရှိပါဘူး။

၁၃။ *မေမေ ကျွန်မကို မုန်းခဲ့လေသလား*

**ခင်လုံမလေး(ဓာတု)**

စကားပြေ၊ စကားပြော ရေတာတွေ ရှိပါတယ်။ ဇာတ်ကွက်ဆင်ထားပုံက သမားရိုးကျဆန်လွန်းပါတယ်။ ဘာထူးခြားမှုမှ မရှိပါဘူး။

၁၄။ *လမ်း*

***အဘသား***

ပြောချင်တာရှိပေမဲ့ တင်ပြပုံနဲ့ အရေးအသားအားနည်းပါတယ်။ စကားပြေအတန်အသင့် ပြေပြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

၁၅။ *ပိုင်ဆိုင်မှုများနှင့် ဒေါ်ရွှေသွား…*

၁၆။ *ရယ်မောမှုကင်းမဲ့သောအိမ်*

၁၇။ *ဆယ့်ခြောက်ပလပ်နှင့် ဖုန်းတို့၏မာယာ*

**အောင်ဘုန်းခေတ်**

အရေးအသား သင့်ပါတယ်။ **ပိုင်ဆိုင်မှုများနှင့် ဒေါ်ရွှေသွား…**က သမားရိုးကျဇာတ်ကြောင်းမျိုး ဖြစ်ပါတယ်။ **ရယ်မောမှုကင်းမဲ့သောအိမ်** ကလည်း စာတမ်းဆန်ပါတယ်။ **ဆယ့်ခြောက်ပလပ်နှင့် ဖုန်းတို့၏မာယာ** ကိုတော့ ဆရာဦးဝင်းငြိမ်းထံ တင်ပြပေးလိုက်ပါတယ်။

၁၈။ *သမင်လည်ပြန်*

၁၉။ *အဓိပ္ပာယ်*

၂၀။ *ဆူးပေါက်ဖက်နဲ့ မိုးတဲ့အိမ်*

**ဒေးဗစ်မောင်မောင်**

အရေးအသား သင့်ပါတယ်။ **သမင်လည်ပြန်** က မလိုအပ်ဘဲ အိုင်နေတဲ့အဖွဲ့အနွဲ့တွေ ရှိနေပါတယ်။ **အဓိပ္ပာယ်** ကတော့ ရိုးစင်းတဲ့ ဇာတ်ကွက်ဖော်မှုသာ ဖြစ်ပါတယ်။ **ဆူးပေါက်ဖက်နဲ့ မိုးတဲ့အိမ်** ကိုတော့ ဆရာဦးဝင်းငြိမ်းထံ တင်ပြပေးလိုက်ပါတယ်။

၂၁။ *ကြွင်းကျန်ရစ်သော ချစ်ခြင်း၏ခြေရာများ*

၂၂။ *အနာဂတ အနာဂတ်*

**ရွှေသူရရွှ(ထားဝယ်)**

အရေးအသား သင့်ပါတယ်။ **ကြွင်းကျန်ရစ်သော ချစ်ခြင်း၏ခြေရာများ** က အချစ်ဇာတ်လမ်းတစ်ခုကို မလိုအပ်ဘဲ တခြားအကြောင်းအရာနဲ့ ရှုပ်ထွေးအောင် ရေးဖွဲ့ထားတာမျိုး ဖြစ်နေပါတယ်။ **အနာဂတ အနာဂတ်** ကိုတော့ ဆရာဦးဝင်းငြိမ်းထံ တင်ပြပေးလိုက်ပါတယ်။

၂၃။ *အလင်းယိုင်နိယာမ*

၂၄။ *ခေါက်ရိုး*

**ငှက်တောင်ပျံ(ဇင်းကျိုက်)**

အရေးအသား သင့်ပါတယ်။ **အလင်းယိုင်နိယာမ** က ဝတ္ထုထက် ကိုယ့်ကိုယ်ပိုင် အတွေးတချို့ကို ဇာတ်ကွက်ဖြစ်အောင် ဖွတ်ဖန်တီးထားသလို ဖြစ်နေပါတယ်။ **ခေါက်ရိုး** ကိုတော့ ဆရာဦးဝင်းငြိမ်းထံ တင်ပြပေးလိုက်ပါတယ်။

ဆရာဦးဝင်းငြိမ်းထံ နောက်ထပ်တင်ပြပေးလိုက်တဲ့ စာမူတွေကတော့-

**ကောင်းကင်မေ(စီးပွားရေးတက္ကသိုလ်)**ရဲ့ **မေမေ့သမီးလေး ကံကောင်းပါသည်၊** **တေဇလင်း(နည်းပညာတက္ကသိုလ်)**ရဲ့ *အချစ်ကိုက်သူများ၊* မခ ရဲ့ *သန်းခေါင်ထက်နက်တဲ့ည၊* **ကိုသျှံ(ဒီပဲယင်း)** ရဲ့ *လောင်းကြေး၊* **မောင်စည်သူ(အဖျောက်)** ရဲ့ *မျက်ရည်တစ်စက်၊* သိုက်စိုးထွန်း(နတ်ရွာ) ရဲ့ *နှစ်ကိုယ်သစ္စာထားချင်ရဲ့၊* မောင်လှိုင်မိုရ် ရဲ့ *အရုဏ်သစ်နိဒါန်းပျိုးချိန်* တို့ ဖြစ်ပါတယ်။ ■

**မသီတာ၊စမ်းချောင်း၊**

*မင်္ဂလာနှစ်သစ်ပါခင်ဗျား။*

*ဇွန်လမှာစပြီး မေလမှာဆုံးတဲ့ ရွှေအမြုတေရဲ့မင်္ဂလာနှစ်သစ်လည်းဖြစ်ပါတယ်။ ဒီလမှာ ဆရာမ မသီတာ(စမ်းချောင်း)က ပြည်ပခရီးမသွားခင်ဖတ်ပေးခဲ့တဲ့ ရွှေအသစ်တွေကို ကျွန်တော်က အယ်ဒီတာနေရာ ပြန်လာခဲ့တဲ့ သကြံန်အတက်နေ့မှာ ဖတ်ဖြစ်ပါတယ်။ ပထမဆုံးဖတ်ဖြစ်တဲ့ ဆရာမ ကောင်းကင်မေ(စီးပွားရေးတက္ကသိုလ်)က အသစ်မဟုတ်လောက်ဘူးလို့ ယူဆတဲ့အတွက် ဖုန်းဆက်မေးလိုက်တော့ တခြားမဂ္ဂဇင်းတွေမှာရေးနေသူဖြစ်တယ်လို့ သိရတဲ့အတွက် သင့်တော်ရာလမှာ သုံးဖို့ချန်ထားခဲ့ပါတယ်။ ထိုနည်းအတူ ငှက်တောင်ပျံ(ဇင်းကျိုက်)၊ တေဇလင်း(စက်မှုတက္ကသိုလ်)တို့ကိုလည်း ချန်လှပ်ထားခဲ့ပါတယ်။*

*နောက်တစ်ယောက်ကတော့ ဆရာ ရွှေသူရရွှ(ထားဝယ်)ဖြစ်ပါတယ်။ 'အနာဂတ အနာဂတ်' ဝတ္ထုကို ဖတ်ရပါတယ်။ ဒီဝတ္ထုက ရွှေအမြုတေ ၂၀၁၇ နိုဝင်ဘာလထုတ်မှာ ဖော်ပြထားပြီး ဖြစ်ပါတယ်။ ဘာကြောင့်ထပ်ပို့သလဲတော့ မသိဘူး။ ကျွန်တော်က ဖော်ပြခံရတဲ့ ဆရာ၊ ဆရာမများထံကို လစဉ်လက်ဆောင်စာအုပ်နဲ့ စာမူခ ပို့ပေးပါတယ်။ ပါသွားပြီးဖြစ်ကြောင်း မသိလို့ ထပ်ပို့တာလား မပြောတတ်ဘူး။*

*ဒီလအတွက် စပြောရမယ်ဆိုရင် ဆရာအောင်ဘုန်းခေတ်ရဲ့ 'ဆယ့်ခြောက်ပလပ်နှင့် ဖုန်းတို့၏မာယာ'က စ,ပြောချင်ပါတယ်။ ခေါင်းစဉ်က အင်္ဂလိပ်စာကို မြန်မာမှုပြုလိုက်တော့ နည်းနည်း မျက်စိလည်ရပါတယ်။ ဆယ့်ခြောက်ပလပ် ဆိုတာက '၁၆+' ကိုပြောတာပါ။ ခုခေတ်ကလေးတွေ တယ်လီဖုန်းစွဲလမ်းမှုကြောင့် ကျောင်းစာမှာ စိတ်မဝင်စားနိုင်ကြပုံ၊ တယ်လီဖုန်းမှာကြည့်လို့ရတဲ့ အပြာကားများကို ကျောင်းသားတစ်ယောက် စိတ်ကစားပြီး စာထဲစိတ်မဝင်စားဖြစ်ရပုံတို့ကို ရေးဖွဲ့ထားပါတယ်။ ရည်ရွယ်ချက်ကောင်းပေမဲ့ သူ့ထက်အားကောင်းသူတွေပါလာတာကြောင့် ချန်လှပ်ထားခဲ့ပါတယ်။*

*ဆရာသိုက်စိုးထွန်းရဲ့ 'နှစ်ကိုယ်သစ္စာထားချင်ရဲ့' ဝတ္ထုက တောကနေမြို့ပေါ်ကို တက္ကသိုလ်လာတက်တဲ့ မိန်းကလေးတစ်ယောက်အကြောင်းပါ။ ဝတ္ထုက အဆုံးမသတ်သလိုခံစားရပါတယ်။ ဆရာမောင်စည်သူ(အဖျောက်)ရဲ့ 'မျက်ရည်တစ်စက်' ဝတ္ထုက ယုတ္တိပိုင်းနဲ့ ကင်းလွတ်နေပါတယ်။ ကျောင်းမတက်ချင်လို့ အိမ်မှာအိပ်နေတဲ့သမီး ဘယ်မှာမှ ရှာမတွေ့တော့လို့ အမေက တမ်းတမ်းတတ ရှိနေပုံရေးပြီးမှ သမီးကအိပ်ရာက ထလာပါတယ်။ ကျွန်တော် မသုံးဖြစ်ပါ။*

*ဒီလမှာသုံးဖြစ်တာတွေက ဆရာ ဒေးဗစ်မောင်မောင်ရဲ့ 'ဆူးပေါက်ဖက်နဲ့ မိုးတဲ့အိမ်'၊ ဆရာ မခရဲ့ 'သန်းခေါင်ထက်နက်တဲ့ည'၊ ဆရာကိုသျှံ(ဒီပဲယင်း)ရဲ့ 'လောင်းကြေး'၊ ဆရာမောင်လှိုင်မိုရ်ရဲ့ 'အရုဏ်သစ် နိဒါန်းပျိုးချိန်' တို့ဖြစ်ပါတယ်။* ■

**ဝင်းငြိမ်း**



www.burmeseclassic.com

www.burmeseclassic.com



အမှတ် ၃၄၃၊ ဇွန် ၂၀၁၈



www.burmeseclassic.com

www.burmeseclassic.com



# ဒေးဗစ်မောင်မောင်

## ဆူးပေါက်ဖက်နဲ့မိုးတဲ့အိမ်

မိပုတ် သည်နေ့ စိတ်နှင့်ကိုယ် မကပ်ပေ။ ထိုနေ့က ခါတိုင်းနေ့တွေလိုပဲ မိပုတ် အိပ်ရာထ, နောက်ကျသည်။ ဒီနှစ်မှ အသစ်ဖွင့်သည့် အသုပ်ဆိုင်လေးသည် ဘယ်လောက်ပင် အရသာ ရှိလှသည်မသိ မိပုတ်ပင် နံနက်စာ အိမ်က လုံးဝ မစားတော့။ အမေက 'စားစမ်းပါ' စိတ်တိုတိုနှင့် ဇွတ် ကျွေးလည်း မစား။ တစ်ဦးတည်းသော သမီးလေးမို့ မိပုတ်က မျက်နှာကလေး ရှုပုပ်ပြလိုက်ရုံနှင့် အမေ့ခမျာ ဇွတ်မကျွေးဝံ့တော့ဘဲ အလို လိုက်ရသဖြင့် အသုပ်ဖိုး တစ်ရာကိုသာ နေ့စဉ် ပေးရသည်။ အဖေကတော့ ဘာဆို ဘာမျှမပြော။ သို့သော် အဖေသည် အိမ်သို့ ဧည့်သည်တွေ လာလျှင် 'ငါ့သမီးက နေဖင်ထိုးမှ ထ,တာ'ဟု ပြုံးပြုံး ပြုံးပြုံးနှင့် ပြောတတ်သည်။ အဖေ၏ အပြုံးမျက်နှာပေါ်မှာ မိပုတ်အပေါ် ချစ်ရိပ်တွေ လွှမ်းနေသည်။ ခါတိုင်း နေ့တွေတုန်းကဆိုလျှင် မိပုတ် အိပ်ရာက နိုးတော့ အဖေနှင့် အမေက ယာတောသို့ နွားလှည်းနှင့် သွားစ,ပြုပြီ။ အမေက မိပုတ်အား အိပ်ရေးဝ,ပါစေ သဘောနှင့် စိတ်ရှိတိုင်း အိပ်ခွင့်ပေးထားသည်။ နံနက်စာ မစားချင်မှုန်း သိတာရောကြောင့် နံနက်စာ စားချိန်ပါ အိပ်ခွင့်ပေးထားသည်။ သို့ပေမဲ့ ကျောင်းတက်ချိန်အထိ



www.burmeseclassic.com

www.burmeseclassic.com

အိပ်နေမည်စိုးသောကြောင့် ယာတောသို့ မသွားခင်လေးမှာ မိပုတ်ကို "ဟဲ့ ကောင်မလေး နေမြင့်ပြီ။ ကျောင်းတက် တော့မယ်။ ထတော့။ ကျုပ်တို့ တောသွားတော့မယ်။ ပိုက်ဆံလွယ်အိတ်ပေါ်မယ်နော်"ဟု နှိုးဖြစ်အောင် နှိုးပြီး လှည်းအသင့် ပြင်ထားပြီးပြီဖြစ်သော အဖေရှိရာ လှည်းပေါ်သို့ အပြေးကလေး တက်ပြီး မောင်းထွက်သွားသည်။ မိပုတ် နံနက်စာ စားစား၊ မစားစား မုန့်ဖိုးတစ်ရာကိုတော့ လွယ်အိတ်ပေါ် အသင့်တင်ထားပေးခဲ့သေးသည်။ မိပုတ်လည်း နေ ဘယ်လောက်မြင့်အောင်အိပ်အိပ် ကျောင်းနောက်ကျသည်ဟူ၍ မရှိ။ ကျောင်းက ရွာနှင့်ကပ်လျက်လေးသာ ဝေးသည်။ အိပ်ရာထ၊ ထချင်း မျက်နှာကို ရေစိုရုံသာ သစ်ပြီး သွားမတိုက်ဘဲ သနပ်ခါးကျောက်ပျဉ်ဆီပြေးသည်။ သနပ်ခါးလိမ်း ကျွမ်းကျင်နေတော့ မျက်နှာပေါ် လေးငါးပတ်ပွတ်ပြီး ပါးကွက်ခြယ်လိုက်ရုံနှင့် သနပ်ခါးလိမ်းခြင်း လက်စသတ်ပြီ။ ဆံပင်က အတိတ်က ကုသိုလ်ကောင်း၍ထင့်။ ဖြောင့်စင်းနေသည်မို့ ဘီးနှင့် တစ်ချက်နှစ်ချက် ဖြီးလိုက်ရုံနှင့် လှပြီ။ ပြီးလျှင် မေမေ လျှော်ပေးသော အဖြူအစိမ်းဝတ်စုံလေးကိုဝတ်ကာ လွယ်အိတ်ပေါ်က တစ်ရာတန်လေးကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး လွယ်အိတ်ကလေးကို မိန်းကလေးဆန်ဆန် ဘေးလွယ်လျက် ကျောင်းသို့ တန်းသွားသည်။ အိပ်ရာကအထ အပေါ့အလေးလည်းမစွန့်။ ရေအဝသောက်ဖို့လည်း မသိ။ မနေနိုင်လျှင် ကျောင်းမှာပဲ ဆရာ၊ ဆရာမရှေ့ လက်တစ်ချောင်းထောင်ပြီး ကိစ္စပြီးလိုက်မည်။ နံနက်စာ ဟင်းကောင်းကောင်းချက်ထားသည်လားလည်း မိပုတ်စိတ်မဝင်စား။ ကျောင်းဝင်ပေါက်မှ မမိသန်း၏ တစ်ရာတန် အသုပ်စုံလေးကို မိပုတ် နတ်သုဒ္ဓါ မစားချင်လောက်အောင် စွဲနေပြီ။ တချို့ဆိုင်တွေမှာ တစ်ပွဲသုံးရာတောင်မှ၊ မမိသန်းက တစ်ရာတည်းမို့ အလွန်တန်သည်ဆိုပြီး မိပုတ် မလွတ်တမ်း စားဖြစ်ရာက စွဲသွားခြင်း ဖြစ်ပေလိမ့်မည်။ ကျောင်းဝင်ပေါက် ရောက်ရောက်ချင်း ခွေးခြေလေးကို ဆွဲထိုင်ကာ လူလုံးပြလိုက်ရုံနှင့်"အသုပ်တစ်ပွဲ"ဟု လှမ်းမှာစရာပင် မလိုတော့လောက်အောင် မမိသန်းကလည်း မိပုတ်အကြိုက်ကို သိနေပြီ။

သည်နေ့တော့ မိပုတ် စိတ်ထဲ ဝေခွဲမရခြင်းတွေ၊ နားမလည်နိုင်ခြင်းတွေ ကြီးစိုးနေခြင်းကြောင့် သနပ်ခါးလိမ်းအပြီး လွယ်အိတ်ကလေးကို ဆွဲလွယ်လိုက်စဉ် "ဟဲ့ မိပုတ် မုန့်ဖိုး မယူတော့ဘူးလား"ဟု အမေလှမ်းမေးသည်ကို မကြားခဲ့။ မုန့်ဖိုးတစ်ရာ ယူရမည်ကိုလည်း မေ့နေခဲ့သည်။ ကျောင်းသွားလမ်းတစ်လျှောက် ဆိုင်ကယ်တွေ၊ စက်ဘီးတွေ မိပုတ်ဘေး သီသီကလေးလွတ်သွားခဲ့သည်လားလည်း မိပုတ် သတိမထားမိ။ မမိသန်းဆိုင်ရှေ့အရောက် "ဟဲ့ မိပုတ် အသုပ်မစားတော့ဘူးလား" ဟု မမိသန်းက လှမ်းအော်မေးသည်ကိုလည်း မကြားပြန်။ သူငယ်ချင်းတွေကလည်း "မိပုတ်ရေ... ဖန်ခုန်မလို့၊ ပါမလား" ဟု မေးသည်ကိုလည်း မိပုတ် မသိ။ ကိုယ့်အတန်းထဲရောက်လို့ ခုံပေါ်ထိုင်လိုက်သော်လည်း မိပုတ်အတွေးစများက ပြတ်တောက်မသွား။

မိပုတ် ကျောက်သင်ပုန်းကို အသက်မပါစွာကြည့်ရင်း ခေါင်းတယမ်းယမ်းနှင့် စဉ်းစားခန်းဝင်မိသည်။ ဘယ်လိုကြီးပါလိမ့်။ ဘယ်လိုများဖြစ်တာပါလိမ့်။ အဖြေရှာရတာ ခေါင်းထဲ ရှုပ်ထွေးလိုက်တာ။ ထိုနေ့မနက်က ဝေခွဲရခက်သည့် မြင်ကွင်းတစ်ခု မိပုတ်မြင်ခဲ့သည်။ ထိုနေ့က တောင်ဘက်ရွာမှ ပေပင်တိုက်ရွာတွင် အလှူပွဲရှိသည်။ အဖေနှင့် အမေတို့ အလှူသွားမည်မို့ တောသို့ မသွားပေ။ မနေ့ကလည်း လှည်းပေါ်မှာ နွားစာတွေ အပြည့်အမောက် ရိတ်လာတာ တွေ့ရသည်။ တောင်ဘက်အိမ်က အရီးစိန်က "နွားစာတွေ များလှချည့်လား။ တအားပေါတာပေါ့ ညည်းယာထဲ"ဟု အမေ့ကို ပြောတော့ အမေက"ပေါတယ်လို့လည်း မဟုတ်ပါဘူး။ မနက်ဖြန် ပေပင်တိုက်မှာ အလှူရှိတယ်လေ။ မနက်ဖြန်စာအတွက်ပါ ရိတ်လာတာ"။ "ဟင် အလှူက မနက်ဖြန်လား။ ငါ့နှယ် မေ့တတ်ပါ့။ ညည်းပြောမှ မှတ်မိတယ်။ ဒုက္ခပါပဲ။ ညနေကျမှ မနက်ဖြန်စာ သွားရိတ်ရတော့မယ်" ဟု ပြောနေကြသည်ကို မိပုတ် သင်္ချာတွက်ရင်းက ကြားခဲ့ရသည်။ မိပုတ်လည်း အလှူလိုက်ချင်ပေမဲ့ အရိုက်ကြမ်းသည့် ဆရာမက ကျောင်းပျက်ရင် ရိုက်တတ်တော့ "ငါရောလိုက်မယ်"ဟု မိပုတ် အမေ့ကို မပူဆာရဲတော့ပေ။

သည့်ကြောင့် သည်နေ့ မိပုတ် အိပ်ရာထ၊အပြီး ကျောင်းသွားရန် ဖြီးလိမ်းပြင်ဆင်ပြီးသည့်တိုင် အဖေနှင့် အမေတို့ တောသို့ မသွားဘဲ အိမ်မှာပဲ ရှိနေသေးသည်။ အလှူသွားရာတွင် လိမ်းဖို့ အမေသွေးထားသည့် သနပ်ခါးများကို မိပုတ်က လုလိမ်းပစ်သည်။ အမေကတော့ ဘာမျှမပြောပေ။ မိပုတ် လိမ်းအပြီး အမေလည်း လိမ်းရန် သနပ်ခါးသွေးနေချိန် အဖေက ရေချိုးနေတုန်းပဲ ရှိသေးသည်။ မိပုတ်လည်း သည်နေ့ကျမှ အပေါ့က မအောင့်နိုင်သဖြင့် အိမ်နောက်ဖေးသို့ အပြေးကလေး သွားစွန့်လိုက်သည်။ ထိုစဉ်က ဝေခွဲရခက်သည့် မြင်ကွင်းတစ်ခုကို မိပုတ် မြင်ခဲ့ရခြင်းဖြစ်သည်။ မိပုတ်တို့အိမ်တွင် အိမ်သာနှင့် အပေါ့စွန့်ရန် ခြံလေးရှိသည်။ အပေါ့စွန့်ခြံလေးကို ထန်းလက်များဖြင့် ကာရံထားသည်။ မိပုတ်အပေါ့စွန့်နေစဉ် ထန်းလက်ပေါက်ကြားကနေ ရေချိုးနေသည့် အဖေ့ဆီက ထူးဆန်းသည့် အရာကြီး အမှတ်မထင် မြင်ခဲ့သည်။ မြင်ကွင်းကြောင့် မိပုတ်ပင် ကြောင်အ သွားသည်။ အပေါ့စွန့်ချိန်လည်း ကြာသင့်သည်ထက် ကြာသွားသေးသည်။ အဖေ့ကိုလည်း အံ့ဩမှင်တက်စွာနှင့် ငေးကြည့်နေမိသေးသည်။ အဖေကတော့ မိပုတ်ကို မမြင်



www.burmeseclassic.com

www.burmeseclassic.com

အဖေသည် ရေချိုးအပြီး ကိုယ်ကို တဘက်ဖြင့် ရေသုတ်ပြီးနောက် တဘက်ကို ဖယ်လိုက်စဉ် လုံးဝန်း ပြည့်တင်း ဖြူဖွေးနေသော သားမြတ်အစုံကို မြင်လိုက်ရခြင်း ဖြစ်သည်။

❑

ဆရာမ စာပြမှုတွေထဲ မိပုတ် စိတ်မပါနိုင်ရတော့ပါ။ အဖေ့မှာ ဘာကြောင့် လုံးဝန်း ပြည့်တင်းပြီး ဖြူဖွေးနေသည့် သားမြတ်အစုံ ရှိနေရတာလဲ။ မိပုတ်များ အမြင်မှားသည်လား။ မဖြစ်နိုင်ပါ။ မိပုတ် သေသေချာချာကို မြင်ခဲ့တာပါ။ အဖေ့သားမြတ်များသည် အမေ့သားမြတ်များထက်ပင် ပြည့်တင်းလုံးဝန်းကာ လှပနေသေးသည်။ သို့သော် အမေသည် အသားညိုကာ ပိန်သွယ်ပြီး မိန်းမ ဆန်စွာလှသည်။ အဖေသည် အသားဖြူပြီး ကိုယ်လုံးပြည့်ပြည့်နှင့်။ ဆံပင်ရှည်လာတိုင်း ညှပ်ပစ်တတ်သဖြင့် သန့်ပြန့်နေကာ ယောကျ်ားပီပီ ခံ့သည်။ သို့သော်လည်း အဖေ၏ သားမြတ်တွေကတော့ အပြင်ပန်းက အသားအရေထက် ပိုကာ ဖြူဖွေးလို့နေသည်။ ပိန်သွယ်သည့် ခန္ဓာကိုယ်နှင့် အမေ့သားမြတ်များသည် မိန်းမဆန်လောက်အောင် မပြည့်တင်းပါ။ မလှပပါ။ အဖေက လုံးဝန်းသော ခန္ဓာကိုယ်ကို ပိုင်ဆိုင်ထားသည့်အတွက် အဆီတွေကြောင့် သားမြတ်များပါ ပြည့်တင်းနေတာများလား။ မိပုတ် ခေါင်းယမ်းလိုက်ရမိပြန်သည်။ အို… မဖြစ်နိုင်ပါဘူး။ အရှေ့ဘက်အိမ်က အဘကျန်းဆိုလျှင် အဖေ့ထက်ပင် ဝ,သေးသည်။ သို့ပေမဲ့ အဘကျန်း ရေချိုးတိုင်း မြင်မြင်နေရသည့် အဘကျန်း၏ သားမြတ်များသည် ယခု မိပုတ် မြင်ခဲ့ရသည့် အဖေ၏ သားမြတ်များလောက် မကြီးပါ။ အဖေ့သားမြတ်များက ယောကျ်ားတစ်ယောက်တွင် ရှိသင့်သည့် အရွယ်အစားထက် ကြီးနေသည်။ မဟုတ်မှလွဲရော…။ မိပုတ်သည် တွေးနေရင်းက ကိုယ့်ကိုယ်ကို ထင်မြင်ချက်တစ်ခု ထိတ်လန့်စွာ စိတ်ထဲကနေ ပေးလိုက်မိသည်။ သို့သော်လည်း မိပုတ်သည် ကိုယ့်ထင်မြင်ချက်ကို ကိုယ်တိုင် လက်မခံချင်သလိုဖြစ်ကာ အို… မဖြစ်နိုင်ပါဘူး ဆိုပြီး ခေါင်းကို ခါယမ်းလိုက်သည်။

မိပုတ်သည် ကိုယ့်ထင်မြင်ချက်ကို ကိုယ်တိုင် လက်မခံချင်သလိုဖြစ်ကာ အို… မဖြစ်နိုင်ပါဘူးဆိုပြီး ခေါင်းကို ခါယမ်းနေမိရင်းကပဲ ဖြစ်နိုင်ခြေရှိသည့် တွေးစရာတွေက ခေါင်းထဲ တရေးရေးပေါ်လာသောကြောင့် 'အို… တကယ်များ ဟုတ်နေပြီလား' ဆိုပြီး မဖြစ်နိုင်ပါဘူးလို့ တွေးခဲ့သည့် အတွေးအတွက် ခေါင်းကို ထပ်ဆင့်ယမ်းနေမိပြန်သည်။

အဖေဟာ တကယ်ပဲလားကွယ်။ မိပုတ်ဘဝမှာ အဖေ ရေချိုးသည်ကို လွတ်လွတ်ကင်းကင်း မမြင်ဖူးသေး။ အဖေ၏ ခန္ဓာကိုယ်ကို မိပုတ် သေချာမမြင်ဖူးသေး။ ပြီးတော့ အရှေ့ဘက်အိမ်က အဘကျန်းတို့၊ တောင်ဘက်အိမ်က အရီးဝင်းမောင်တို့၊ အနောက်ဘက်အိမ်က အရီးစံလူတို့ဆို ရေချိုးလျှင် အိမ်ရှေ့မှာသာ ချိုးကြသည်။ အဖေ့ကျတော့ ဘာကြောင့် အိမ်နောက်ဖေးမှာပဲ အမြဲချိုးတာလဲ။ အဘကျန်းတို့ဆို ပုအိုက်သည့်ရာသီမှာ ကိုယ်အပေါ်ပိုင်း ဗလာနှင့်နေကြပေမဲ့ အဖေကတော့ တစ်ခါမှ ဘာကြောင့် မနေရတာလဲ။ အဖေ၏ ကိုယ်အပေါ်ပိုင်း ဗလာနှင့် နေသည်ကို မိပုတ် တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသေးပါ။ ရေချိုးသည့်နေရာကိုလည်း အိမ်ရှေ့မှာ ဘာကြောင့် မထားရတာလဲ။ တချို့အိမ်တွေမှာ ပုဆိုးကို အိမ်ရှေ့တွင် လျှော်ကြပါလျက်နဲ့ အဖေကတော့ ဘာလို့ အိမ်နောက်ဖေးမှာပဲ အမြဲလျှော်ရတာလဲ။ ဟင် ဒါဖြင့် အဖေဟာ အမျိုးသမီးတစ်ယောက်များလား။ ထိုအတွေးအသိကြောင့် မိပုတ် ကိုယ့်ကိုယ်ကို ထိတ်လန့်မိသွားသည်။ ထိတ်လန့်နေမိရင်းကပဲ ဒါဆို ငါဟာ အဖေရဲ့ သမီး ဟုတ်ပါ့မလားဟု တွေးမိလာရကာ ဝမ်းနည်းချင်သလို ဖြစ်လာသည်။ အို မဟုတ်ပါဘူး မဖြစ်နိုင်ပါ ဘူး။ ငါဟာ အဖေ့သမီးပါဟု ကိုယ့်ကိုယ်ကို မနည်း နှစ်သိမ့်နေရသည်။

နှစ်သိမ့်နေရင်းကပဲ အမှတ်ရစရာတစ်ခုက မိပုတ် ခေါင်းထဲ ဖျတ်ခနဲ ဝင်လာသည်။ မိပုတ် အမေနှင့် ကျောင်းအပ်တုန်းက အဖေ့နာမည်နေရာမှာ အဖေ့အမည် ဦးဖိုးခိုင်ဟု မရေးဘဲ တခြားနာမည် ရေးခဲ့သည်ကို မိပုတ် အမှတ်ရလိုက်ရသည်။ ထိုစဉ်က နားမလည်နိုင်ဖြစ်နေခဲ့ပေမဲ့ ဘာလို့ အဖေ့နာမည် မရေးတာလဲဟု ကလေးပီပီ အမေ့ကို မေးရမှန်း မသိခဲ့ပေ။ အခုတော့ မိပုတ် နားလည်စ,ပြုသလို ဖြစ်လာသည်။ ဒါဖြင့်ရင် မိပုတ် အဖေဟာ တခြားသူများဖြစ်နေလေသလား…။ အို…ထိုအတွေး တွေးမိရင်းက အတွေးအသိတစ်ခု ထပ်ဆင့် ဝင်လာပြန်သောကြောင့် မိပုတ် သိမ်ငယ်စွာ 'အို'ဟု တ,လိုက်မိသည်။ အဖေဟာ မိပုတ်အဖေ မဟုတ်ရင် အမေကလည်း မိပုတ်အမေ မဟုတ်နိုင်ပေဘူးပေါ့။ အမေသည် ယောကျ်ားမရှိဘဲနှင့် မိပုတ်ကို မွေးလာစရာ အကြောင်းမရှိကြောင်း မိပုတ် ငယ်သေးပေမဲ့ သည်လောက်တော့ သိပါသည်။ ဒါဖြင့်လျှင် မိပုတ်ကို မွေးစားထားကြသည်လား။ မိပုတ်မိဘတွေက ဘယ်မှာလဲ။ 'ဟင့် ဟင့်…' မိပုတ် တွေးနေရင်း အလိုလို ဝမ်းနည်းလာကာ ရှိုက်သံလေးများပင် ထွက်မှန်းမသိ ထွက်လာသည်။

'ဖြန်း'

ထိုစဉ်မှာပဲ ကျောပြင်ပေါ်သို့ တုတ်နှင့် ရိုက်ဒဏ်ကျင်ခနဲ ခံစားလိုက်ရသည်။

'ဘာလို့ စာလိုက်မဆိုတာလဲ။ ငါ့ကို မထီမဲ့မြင်လုပ်တာလား ပြောစမ်း'

ဆရာမ၏ စိတ်မရှည်သည့် အသံမာမာကို ကြားရစဉ်မှာပဲ မိပုတ်သည် နာကျင်မှုထက် ဝမ်းနည်းမှုက ပိုလာသောကြောင့် 'အီး ဟီး ဟီး' ဟု အသံပြဲကြီးနှင့် ငိုချလိုက်သည်။

'အယ် ဒီကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com

ဘာဖြစ်…'

ခါတိုင်းက အရိုက်ခံရလျှင် မငိုတတ်သည့် မိပုတ် ကြောင့် ဆရာမပင် ကြောင် သွားသလို အတန်းဖော်တွေ အားလုံးကလည်း မိပုတ်ထံ အကြည့်ပို့လိုက်ကြသည်။

❑

မိပုတ် ကျောင်းကပြန်လာတော့ အမေသည် တန်းလျားပေါ်ထိုင်ကာ လက်ကို စားပွဲပေါ်တင်ရင်း ရေနွေးကြမ်းတစ်ခွက်နှင့် မိပုတ်ကို စောင့်နေသည့်အလား အသင့်တွေ့ရသည်။ မိပုတ်ကိုမြင်တော့ အမေ့မျက်ဝန်းများသည် စူးစမ်းနေသလို ထင်ရသည်။

'ဂျိုင်း ဂျိုင်း ဂျိုင်း…'

ထိုစဉ် နောက်ဖေးမှာ စက်ခုန်သံ ကြားရသည်။ အဖေ နွားစာစဉ်းနေတာ ဖြစ်ရမည်။ အဖေ့ကို မမေးရဲသည်မို့၊ အမေ့ကိုမေးလျှင်လည်း အဖေ ဘေးမှာရှိလျှင် မေးရဲမှာမဟုတ်သည်မို့ အဖေ နွားစာစဉ်းနေချိန်သည် အခွင့်ကောင်းဆိုပြီး မိပုတ် အမေ့ဘေးမှာ ထိုင်လိုက်သည်။ အမေ့ကို မော်ကြည့်တော့ တုန်လှုပ်နေသလိုလိုများလားလို့။

'အမေ… အဖေက မိန်းမကြီးလားဟင်'

မိပုတ်အမေးကြောင့် အမေသည် အံ့ဩကာ မျက်လုံးပြူးသွားသည်။ အမေသည် မပြုံးနိုင်သည့်ကြားက အတတ်နိုင်ဆုံးပြုံးပြီး လိမ်ညာပြောလိုက်သည်။

'မဟုတ်တာ သမီးကလည်း…'

'အမေ မလိမ်ပါနဲ့၊ မနက်က အဖေရေချိုးတော့ မိပုတ် မြင်လိုက်တယ်။ အဖေက တကယ် မိန်းမကြီးလားဟင်။ အဖေက မိပုတ်အဖေ မဟုတ်ဘူးလားဟင်။ ဒါဆို အမေကရော မိပုတ်ကို မွေးထားတာ မဟုတ်ဘူးလား'

မိပုတ်သည် မေးနေရင်းက အလိုလို ဝမ်းနည်းကာ ငိုသံတွေထွက်လာသည်။

'အို သမီး… သမီးက အဖေနဲ့ အမေတို့ရဲ့ သမီးပါကွယ်'

'မလိမ်နဲ့ အမေ။ မနက်က သမီးအကုန်မြင်ပြီးပြီ။ အများကြီးလည်း စဉ်းစားပြီးပြီ။ အဖေဟာ မိန်းမကြီး။ သမီးရဲ့အဖေ မဖြစ်နိုင်ဘူး။ ပိုသေချာတာက သမီး ကျောင်းအပ်တုန်းက အဖေ့နာမည်မရေးဘဲ ဘာလို့တခြားနာမည် ရေးရတာလဲဟင်။ အမေတို့ သမီးကို အကုန်လိမ်ထားတာ မဟုတ်လား'

မိပုတ်၏ ရှည်ဝေးသည့် စကားကြောင့် အမေသည် ငိုမဲ့မဲ့နှင့် ခေါင်းကို တဆတ်ဆတ်ညိတ်ပြသည်။

'မနက်က စိတ်နဲ့ကိုယ် မကပ်တဲ့သမီးအဖြစ်ကြောင့် အမေလည်း ထင်တော့ထင်သား။ သမီးအဖေကလည်း မြင်သွားသလားမသိဘူးလို့ ပြောလာတော့ အမေတို့မှာ အလျှူတောင် ဖြောင့်အောင် မသွားနိုင်ပါဘူး သမီးရယ်။ သမီးအရွယ်ရောက်မှ သိမယ် ထင်ထားတာ။ အခုမှ လေးတန်းအရွယ်လေးနဲ့ သိသွားလိမ့်မယ်လို့ ထင်မထားဘူး။ ဟုတ်တယ် သမီး။ အဖေဟာ ယောကျ်ား မဟုတ်ပါဘူး။ ဒါပေမဲ့ သမီးက အမေ့သမီးပါ။ အမေ့သမီးအရင်းပါ။ အမေကိုယ်တိုင် ဝမ်းနဲ့လွယ်ထားတဲ့ အမေ့ရဲ့ သမီးအရင်းပါကွယ်'

အမေ့စကား အမှန်ဖြစ်ပါစေလို့ မိပုတ် မျှော်လင့်လိုက်မိပေမဲ့ အဖေမပါဘဲ မိပုတ်ဖြစ်လာစရာအကြောင်း မရှိတော့ အမေ့စကားကို မိပုတ် မယုံရဲသေးပေ။

'ဒါဆို အဖေက ဘယ်သူလဲ'

'သမီးအဖေက သမီး ကျောင်းအပ်တုန်းက ထည့်လိုက်တဲ့သူ ဦးစိုးမောင်ပါကွယ်။ ဒါပေမဲ့လေ သမီးအဖေ ကိုဖိုးခိုင်က သမီးကို သမီးအရင်းနဲ့မခြား ချစ်တာပါ'

'အဖေ့နာမည်က ဦးစိုးမောင်လား။ အဖေက ဘာလို့ အမေနဲ့ အတူမနေတာလဲ။ ဟို မိန်းမကြီးကြောင့်လား'

'အို သမီး ဘယ်လိုပြောလိုက်တာလဲ။ ဟိုမိန်းမကြီးတဲ့လား'

မိပုတ် အခေါ်အဝေါ်က လွန်သွားတယ်လို့ အမေက ထောက်ပြလိုက်ပေမဲ့ လွန်နေတယ်လို့ မိပုတ် တကယ် မသိ။

'ကိုစိုးမောင်က အမေနဲ့ အတူမနေတာ အဖေ ကိုဖိုးခိုင်ကြောင့် မဟုတ်ပါဘူးကွယ်။ ကိုစိုးမောင်က အတူမနေတာပါ။ သမီးကိုမွေးအပြီး နောက်မိန်းမ ယူသွားတာပါ'

'အဖေ နောက်မိန်းမယူတော့ အမေလည်း နောက်ယောကျ်ားယူလေ။ ဘာလို့ ယောကျ်ားမယူဘဲ ယောကျ်ား မဟုတ်တဲ့ မိန်းမကြီးကို ယူတာလဲ'

'တကယ်က သမီး မသိတာတွေ ရှိပါသေးတယ်ကွယ်'

အမေသည် မပြောခင် ရှိုက်လိုက်ပြီး မျက်ရည်တွေ ကျလာသည်။ မိပုတ်သည် သိချင်လွန်းအားကြီးနေသောကြောင့် အမေ့ကို သနားရမှန်း မသိ။

'တကယ်က အမေတို့က မိန်းကလေးချင်း ချစ်တဲ့သူတွေပါ။ အမေနဲ့ အဖေ ကိုဖိုးခိုင်က ငယ်ငယ်လေးကတည်းက သိပ်ချစ်ကြတာ။ အမေတို့က မိန်းကလေးချင်း ချစ်ကြပေမဲ့ အမေက ယောကျ်ားလို မဝတ်ချင်ဘူး။ အဖေ ကိုဖိုးခိုင်က ယောကျ်ားလို ဝတ်ရမှ ကြိုက်တယ်။ အမေတို့ မိန်းကလေးချင်း ချစ်တာကို မနှစ်က ဆုံးသွားတဲ့ သမီးရဲ့ အမေကြီးက သဘောမတူဘူး။ ဒါ့ကြောင့် ကိုစိုးမောင်နဲ့ အတင်းပေးစားပြီး အမေတို့ မိန်းကလေးချင်း ချစ်တာကို ခွဲခဲ့ကြတာပါ။ သမီးကိုမွေးပြီးတဲ့အချိန်မှာပဲ ကိုစိုးမောင်က ဖောက်ပြန်ပြီး အမေနဲ့သမီးတို့ကို ထားခဲ့တာပါ။ အဲဒီအခါကျမှ အမေကြီးက အဖေကိုဖိုးခိုင်နဲ့ အမေတို့ကို ဘာမှ မပြောတော့ဘူးလေ'

'ဟင် ဒါဆို ဒါဆို အမေတို့ကို သူများတွေက မပြောကြဘူးလားဟင်။ အမေတို့ မရှက်ကြဘူးလား'

'ပြောကြပါတယ်။ အမေတို့က ငယ်ငယ်တုန်းက ချစ်လာခဲ့ကြတော့ ဘယ်သူဘာပြောပြော ဂရုမစိုက်ဘူး။ မိန်းကလေးချင်းချစ်တာက သူများပစ္စည်းခိုးတာ မဟုတ်တော့ ရှက်စရာမဟုတ်ပါဘူး



www.burmeseclassic.com

www.burmeseclassic.com

သမီးရယ်။ ဘယ်သူမဆို ကိုယ်လုပ်မှ ကိုယ်စားရတာ။ သူများတွေကို ဂရုစိုက်ဖို့ အချိန်မရှိဘူး။ သမီးသာ ရှက်ရင် သမီးအဖေအရင်းဆီ သွားလေ။ ပေတောရွာမှာ ရှိတယ်'

'ပေတောရွာမှာ အဖေ ရှိတယ်လား။ အဖေက မိပုတ်ကို လာတွေ့ဖူးလားဟင်'

'မလာပါဘူး။ အခုဆို ကလေးတွေတောင် နှစ်ယောက်ရနေပြီ ကြားတယ်'

အမေပြောတော့ မိပုတ် အဖေအရင်းကို စိတ်နာသွားမိသည်။

'ဒါဆို အမေက အဖေ့ကို စိတ်နာနေမှာပေါ့နော်'

'ဟင့်အင်း အမေ သမီးအဖေကို တစ်ခါမှ စိတ်မနာဖူးပါဘူး။ သမီးအဖေက သမီးကို အမေ့အတွက် လက်ဆောင်ပေးသွားတယ်လေ။ အမေတို့ငယ်ငယ်က အဖေကိုဖိုးခိုင်နဲ့ တစ်သက်လုံး အတူနေသွားကြမယ်လို့ ကတိပေးခဲ့ကြတယ်။ ဒါပေမဲ့ အမေတို့က မိန်းကလေးချင်းဆိုတော့ ကလေးမရနိုင်ဘူးလေ။ ကလေးတစ်ယောက်တော့ အမေတို့ လိုချင်တာပေါ့။ အဲဒီအချိန်မှာပဲ ကိုစိုးမောင်က သမီးလေးကို ပေးခဲ့တော့ ကျေးဇူးတောင် တင်နေမိတာ။ ဒါပေမဲ့ အမေ တစ်ခုတော့ စိုးရိမ်မိတယ်။ ကိုစိုးမောင်က နောက် မိန်းမနဲ့ကွဲပြီး အမေ့ဆီ ပြန်လာမှာကိုပဲ'

'အာ အမေကလည်း ပြန်လာရင် တစ်ခါတည်းနှင်ထုတ်လွှတ်လိုက်ပေါ့။ သမီးကတော့ အဲ့လိုလူမျိုး အဖေ မခေါ်နိုင်ပါဘူး'

မာန်ပါပါနှင့် ပြတ်ပြတ်သားသားပြောလိုက်သည့် မိပုတ်စကားကြောင့် အမေပင် အံ့ဩသွားသည်။ ထိုစဉ်မှာပဲ ပြတင်းပေါက်ကနေ ချောင်းနားထောင်နေသည့် အဖေ့ကို မိပုတ် ဖျတ်ခနဲ မြင်လိုက်သည်။ အဖေ့မျက်နှာသည် ဝမ်းနည်းနေသည့် မျက်နှာ။ အဖေဘယ်တုန်းကများ နားထောင်နေပါသလဲ။ အိုး အခုမှပဲ သတိထားမိတော့သည်။ မိပုတ်တို့ စကားပြောကောင်းကောင်းနှင့် နွားစာစဉ်းသံ တကျိုင်းကျိုင်းဟာ အစောကြီးကတည်းက တိတ်ဆိတ်နေခဲ့တာကိုပင် မေ့နေခဲ့သည်။ ဒါဖြင့် အဖေဟာ အစောကြီးကတည်းက နားထောင်နေခဲ့တာပေါ့။ နားထောင်နေချိန်မှာ အဖေ ရင်တမမနှင့် ဘယ်လောက်များ ဝမ်းနည်းနေလိုက်ရှာမည်လဲ။ မိပုတ် တွေဝေမနေတော့ဘဲ နေရာမှ ထ,ကာ အဖေ့ဆီ ပြေးသွားလိုက်ပြီး အဖေ့ကို ပွေ့ဖက်ကာ တစ်ခွန်းတည်း ပြောလိုက်သည်။

'မိပုတ်မှာ ဟောဒီ အဖေတစ်ယောက်ပဲ ရှိတယ်'

အဖေသည် ချွေးသီးချွေးပေါက်ကြားကနေ မိပုတ်ကို အစွမ်းကုန် ပြုံးပြလိုက်သည့် တစ်ခဏ ချွေးစက်လား၊ မျက်ရည်စက်လား မသိသည့် အေးစက်စက် အစက်တစ်စက် အဖေ့မျက်နှာပေါ်ကနေ မိပုတ် မျက်နှာပေါ် ကျသွားသည်။ ဝမ်းသာမျက်ရည်သာ ဖြစ်ပါစေတော့။ ■

**ဒေးဗစ်မောင်မောင်**

# ရွှေအသစ်စာမူများအတွက် စည်းကမ်းချက်များ

ရွှေအသစ်ကဏ္ဍသို့ ရောက်ရှိလာသောစာမူများတွင် စာမျက်နှာနှစ်ဖက် ရေးသားခြင်းမျိုး၊ ဘေးမျဉ်းမသားဘဲ စာပိုဒ်လည်းမခွဲကာ သတ်ပုံအမှားအယွင်းနှင့် ပေးပို့လာခြင်းမျိုး များပြားလာသည်ကို တွေ့ရှိနေရပါသည်။ ယခုအခါ ရွှေအသစ်စာမူများမှာ လစဉ်ဖတ်ရှုပြန်ကြားနိုင်သည့် အရေအတွက်ထက်များစွာကျော်လွန်နေသည့်အတွက် စည်းကမ်းနှင့်မညီသည့် စာမူများကို နောင်တွင်ပြန်ကြားချက်၌ ထည့်သွင်းဖော်ပြသွားမည် မဟုတ်ဟု အယ်ဒီတာများမှ ဆုံးဖြတ်ထားပါသည်။ လိုက်နာရန်စည်းကမ်းများကို ရွှေအသစ်စာမူ ပေးပို့လိုသူများ သိရှိနိုင်စေရန်ဖော်ပြလိုက်ပါသည်။ နောင်လများမှစ၍ အောက်ဖော်ပြပါစည်းကမ်းချက်များနှင့် မကိုက်ညီသည့်စာမူများကို ပြန်ကြားချက်တွင် ထည့်သွင်းဖော်ပြခြင်းမပြုတော့ဘဲ ပယ်လိုက်မည်ဖြစ်ကြောင်း ကြိုတင်အကြောင်းကြားအပ်ပါသည်။

၁။ စာမျက်နှာတစ်ဖက်တည်းသာ ရေးသားပါ။

၂။ ဘေးမျဉ်းသားပါ၊ စာပိုဒ်ခွဲပါ။ စကားပြောများကို မျက်တောင်အဖွင့် အပိတ် ထည့်ပေးပါ။

၃။ လက်ရေးလက်သား ရှင်းရှင်းလင်းလင်း ထင်ထင်ရှားရှား ရေးသားပါ၊ သတ်ပုံမှန်ကန်အောင် စစ်ပေးပါ။

၄။ လက်ရေးစာမူဆိုလျှင် A 4 စာမျက်နှာ ၆ မျက်နှာထက် မပိုစေရပါ။ ကွန်ပျူတာစာစီစာမူဆိုလျှင် A 4 စာမျက်နှာတွင် ၁၃ ပွိုင့်ဖြင့် ၄ မျက်နှာထက် မပိုစေရပါ။

၅။ စာမူအမည်နှင့် ကလောင်အမည်ကို ထင်ရှားစွာ ဖော်ပြပါ။

၆။ မိမိကိုယ်တိုင်ရေးသားကြောင်း ခံဝန်ချက်ပါရှိရန် လိုအပ်ပါသည်။

၇။ အခြားမဂ္ဂဇင်းတိုက်သို့ ပေးပို့ထားခြင်း မပြုရပါ။

၈။ ဆက်သွယ်ရန် နေရပ်လိပ်စာအပြည့်အစုံ ထည့်သွင်းဖော်ပြရန် လိုအပ်ပါသည်။

၉။ ဝတ္ထုသစ်များသာဖြစ်ရမည်။ အွန်လိုင်းတွင်တင်ပြီး ဝတ္ထုမျိုးမဖြစ်စေရ။ မိမိဝတ္ထုတိုစုစည်းမှုတွင် ဖော်ပြပြီးသည့် ဝတ္ထုတိုမဖြစ်စေရ။

၁၀။ စာမူကိစ္စနှင့်ပတ်သက်၍ သိလိုသည်ဖြစ်စေ၊ တစ်စုံတစ်ခုပြောကြားလိုသည်ဖြစ်စေ ရွှေအမြုတေမဂ္ဂဇင်းတိုက်၊ တယ်လီဖုန်းအမှတ် ၀၁-၉၀၁၀၅၀၁ ဖြိုးဖြိုးခိုင်နှင့်သာ ဆက်သွယ်ရန်လိုပါသည်။ အယ်ဒီတာ များ၏ အီးမေးလ်သို့ဖြစ်စေ၊ ဖေ့စ်ဘွတ်သို့ဖြစ်စေ ဆက်သွယ်ခြင်း မပြုရပါ။

စည်းကမ်းချက်နှင့်မညီ၍ ပြန်ကြားချက်တွင် ထည့်သွင်းဖော်ပြမည်မဟုတ်သည့်စာမူများကို ကာယကံရှင်ထံ ပြန်လည်ပေးပို့နိုင်မည် မဟုတ်ပါသဖြင့် မိမိတို့၏စာမူများကို လက်ခံမိတ္တူထားရှိကြပါရန် အသိပေးအပ်ပါသည်။ ■

**အယ်ဒီတာ(ရွှေအမြုတေမဂ္ဂဇင်း)**



www.burmeseclassic.com

www.burmeseclassic.com




အမှတ် ၃၄၃၊ ဇွန်၊ ၂၀၁၈

အိမ်ရှေ့မှာ ရပ်မိလျှင် ရပ်မိချင်း…။ ဟော… အစ်ကိုလေးဟူသည့် သံပုံး၌ ဘုရားပန်း ရေထောင်နေသည့် ညီမလတ်၏ အာမေဍိတ်သံက အံ့သြဟန်အပြည့်။ ဖုန်းလေး ဘာလေးတော့ ကြိုမဆက်ဘူးက နောက်ဆက်တွဲ ပြစ်တင်စကား။ ပြီးမှ အဖေရေ ဟောဒီမှာ အစ်ကိုလေး လာတယ်ဟု အသံမြှင့်ကာ အိမ်ထဲသို့ လှမ်းအသိပေးသည်။ အလယ်တိုင်နားမှာ ထိုင်နေရင်းက ရေနွေးခွက်ကို စမ်းနေသည်လား၊ ဆေးလိပ် မီးညှိဖို့ မီးခြစ်ရှာနေသည်လား မသိသည့် အဖေက အသံလာရာသို့ စူးစမ်းသည့်အကြည့်ဖြင့် လှမ်းကြည့်တာ မြင်သည်။ ညီမလတ်၏ ကျွန်တော်လာကြောင်း နောက်တစ်ကြိမ် ထပ်အပြောတွင်မှ ကို,တပ်ခေါ်လေ့ရှိသော ကျွန်တော့်အမည်ကို ရေရွတ်သည့် အဖေ့အသံက တိုးတိုး ဖွဖွ။ မုန့်ပဲသရေစာနှင့် အဖေ့ အတွက် အသုံးဝင်မည့် ဆေး ဝါးလေးများပါသည့် လက်ဆွဲအိတ်ကြွပ်ကို ညီမထံ လှမ်းပေးရင်း စလွယ်သိုင်းထားသည့် လွယ်အိတ်ကို ချွတ်ကာ ဘေးမှာ ချသည်။ အဖေ့ရှေ့၌ ကျုံ့ကျုံ့ထိုင်ကာ ခရီးရောက်မဆိုက် ဦးသုံးကြိမ်ချသည်။ အဖေ့မျက်နှာ၌ ဝမ်းသာပီတိတို့ အထင်းသားပေါ်လွင်သော်လည်း အခါတစ်ပါးလို ရှည်ရှည်

ဟာသဉာဏ်ရွှင်ရွှင် ပုံတိုပတ်စ ဝေဝေဆာဆာနှင့် ချက်ကျကျ ပြောတတ်သော အဖေက ခုတော့ စကားပြောပါ နည်းသွားခဲ့ပြီး ပါးရေနားရေ တွဲရရွဲ ခန္ဓာကိုယ် အရေပြားတို့က လျော့ရိ လျော့ရဲ

www.burmeseclassic.com



# ဓောက်ကျိုးဖိုရ

## အရဏ်သစ်နိဒါန်းပျိုးချိန်

လျှားလျှား ဆုတွေမခြွေ။ ဩော်… အေး… အေး၊ ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေလောက်နှင့်သာပြီးသည်။

ရှာကိုမရောက်ဖြစ်သည့် တစ်နှစ်လောက် အချိန်အတွင်းမှာ အဖေ အတော်ကျသွားကြောင်း သတိထားဖြစ်သည်။ အရင်တစ်ခေါက် ရောက်စဉ်ကလောက် သန်သန်မာမာမရှိတော့။ မနှစ်တစ်နှစ်ကထိ မျက်မှန်မဆောင်ဘဲ စာကြည့်နေနိုင်သေးသည်။ ခုတော့ နဖူးပေါ် လက်ဝါးတစ်ဖက်ထောင်ကာ ပြီးမှ ကြည့်လိုသည့် အရာဝတ္ထုတို့က သဲကွဲတော့သည့်ပုံ။ ချီးချီးချွတ်ချွတ်အသံကိုပင် ကြားနိုင်စွမ်းအောင် နားပါးသည့် အဖေကသာမန် ပြောရိုးပြောစဉ် အသံတုံး(န)လောက်နှင့် နားရှင်းပုံမရတော့။ ဟာသဉာဏ်ရွှင်ရွှင်၊ ပုံတိုပတ်စ ဝေဝေဆာဆာနှင့် ချက်ကျကျ ပြောတတ်သော အဖေက ခုတော့ စကားပြောပါ နည်းသွားခဲ့ပြီး ပါးရေနားရေ တွဲရရွဲ၊ ခန္ဓာကိုယ် အရေပြားတို့က လျော့ရိလျော့ရဲ။ ဟိုးအရင့်အရင် အဖေ့အမူအရာ သွင်ပြင်လက္ခဏာတို့ ယုတ်လျော့ခဲ့ပြီကောဟု စိတ်မှာ ခံစားမိတော့ ရင်ထဲ ဆို့ဆို့နင့်နင့်။

လွန်ခဲ့သည့် တစ်ပတ် ဆယ်ရက်လောက်ကတဲ့ အဖေ အတော်လေး မမာကြောင်း၊ လေဖြန်းကာ ခေါင်းကို နည်းနည်းထိသွားကြောင်း၊ ခုတော့ ပုံမှန်အနေအထားလောက်နီးနီး ပြန်ရောက်ပြီဖြစ်ကြောင်း၊ စိုးရိမ်စရာမလို၍ အကြောင်းမကြားခြင်းဖြစ်ကြောင်း၊ စိတ်မပူရန် ကိစ္စဝိစ္စပြီးမှသာ လာရန်နှင့် အစ်ကိုကြီးကိုလည်း သည်အတိုင်း ပြောထားပြီးကြောင်းတို့ကို လကုန်ခါနီးရက်က ညီမငယ်က ဖုန်းဆက် အသိပေးမှုကြောင့် ကျွန်တော်သိထားပြီးသား။

သို့သော်…၊ အခုလို အနေအထားနှင့် အဖေ့ကို တွေ့လိုက်ရတော့ ရှေ့တော်ပြေး တပ်မှူးကြီး ဇရာ၏ မရဏာမင်းအလိုကျအားရအောင်ပြုထားပုံကဖြင့် တစ်ဆိတ် လွန်လွန်းသည်ဟု စိတ်မှာထင်သည်။

အဖေ့အတွက် လက်ကျန် အချိန်လေးအတွင်း၌ အဖေ မြင်တွေ့၊ ကြားလို၊ သွားချင်သည့်ဆန္ဒတို့ ပြည့်ဝပါစေဟု ကျိတ်



www.burmeseclassic.com

www.burmeseclassic.com

ကာ ဆုတောင်းမိသည်။ ပြည့်ကို ပြည့်ရမည်ဟုလည်း တထစ်ချယုံကြည်၏။ အဖြေသည် မဝေးတော့…။

❑

အမေသည် ကျွန်တော်တို့မောင်နှမတစ်တွေ လူလားမမြောက်ခင်မှာပင် လောကကြီးက ထွက်ခွာသွားနှင့်ပြီ။ သည်ကတည်းက အဖေ့တာဝန်ရော၊ အမေ့တာဝန်များပါ တစ်ဦးတည်း ထမ်းခဲ့ရရှာသည့် အဖေ။ အဖေပင်ပန်းခဲ့သည်မှန်သော်လည်း မျက်နှာတစ်ချက်ညှိုးတာ မတွေ့ခဲ့ရ။ ကျွန်တော်တို့အပေါ် စိတ်ကွက်ငြိုငြင်သည့် အမူအရာတစ်စက်ကလေး မမြင်ခဲ့ရ။ လောကဓံအထုအထောင်းကို ကြံ့ကြံ့ခံကာ ပေါ့ပေါ့ပါးပါး အဖေရင်ဆိုင်ပြခဲ့သည်။ သားသမီးများကို သူငယ်ချင်းပေါင်း,ပေါင်းကာ ဖခင်ကောင်း ပီသစွာ အဖေ ရပ်တည်ပေးခဲ့သည်။

သို့သော်… သို့သော်လည်း…။ ဆယ့်လေးငါးခြောက်နှစ်ဝန်းကျင် သားလေးယောက်တို့၏ အဖေက ခေတ်တစ်ခေတ် ကာလတစ်ခုကို ဖြတ်သန်းချိန်မှာတော့ စိုးရိမ်ပူပန်မှုသောကတို့ ဖိစီးခဲ့ကြောင်း ယနေ့အထိ အဖေ့နှုတ်မှ ဖွင့်မပြောသော်လည်း ခုချိန်ပြန်တွေးကြည့်မှ စာနာနားလည်သိဖြင့် ရင်ထဲ အလိုလို သိနေခဲ့ရပြီ။

သည်စိုးရိမ်ပူပန်မှုက အဖေ သုံးလေးနှစ်သားတွင် ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများကြောင့် သန္ဓေတည်ခဲ့ခြင်းဖြစ်ပေလိမ့်မည်။ သူနိုးစားပြကြောက်ရ၊ သူပုန်ကြောက်ရ၊ တောမီးလောင်ရာ လက်ခမောင်းခတ်ချင်သည့် တောကြောင်တွေကို ကြောက်ရနှင့် မြင်ကရာ အကုန်ကြောက်ရသော ခေတ်ပျက်တစ်ခုကို ဖြတ်သန်းခဲ့ရရှာသည့် အဖေ။ အိပ်ကောင်းခြင်း မအိပ်ရ၊ စားကောင်းခြင်းမစားရ။ မိတကွဲ၊ ဖတကွဲ ဟိုပြေးသည်လွှား ကြီးပြင်းခဲ့ရသည့် အဖေ့ငယ်ဘဝ ခြောက်အိပ်မက် အရိပ်ဆိုးများက အဖေ့ကိုခြောက်လှန့်ခဲ့ဟန်တူသည်။

ထိုအတိတ်ဆိုး၊ အရိပ်ဆိုးများကြောင့် အုပ်ချုပ်ရေးစနစ်ကောင်းတစ်ခုကို အချိန်နှင့်အမျှ ငံ့လင့်နေတတ်မှုက အဖေ့ အပြစ်ရယ်လို့တော့ မဆိုသာ။ ဒီသား၊ ဒီသမီးတွေနှင့် မရှိအတူ ရှိအတူ၊ အေးအတူ ပူအမျှ စုစည်းမှု မပျက် နေလိုခဲ့ခြင်းကလည်း အဖေ့အတောင့်တ,ဆုံးဆန္ဒမှန်း ငယ်စဉ်ကတော့ ခံစားနားလည်ပေးရကောင်းမှန်း မသိခဲ့။ ခုတော့ အဖေ မတွေ့မကြုံလိုသည့် ခေတ်စနစ်တစ်ခုက အဖေနှင့်မှ တည့်တည့် တိုးရတော့သည်။

ကျောင်းသားများ၊ ရဟန်းရှင်လူပြည်သူများ သွေးမြေခ၊ ကျောင်းရက်ရှည်ပိတ်ပစ်လိုက်ရသည့် ကာလတစ်ခု။ ကျီးလန့်စာစားအခြေအနေ။ စိမ်းစိမ်းမြင်ရာ၊ ငှက်ပျောရွက်လေတိုးတာကိုပင် စိုးရွံ့ရသည့် ခေတ်ဆိုးစနစ်ဆိုး။ ဒီအဖြစ်အပျက်တွေက အဖေလည်းမျက်မြင်၊ ကျွန်တော်တို့လည်း ကိုယ်တွေ့။ သည်အတွက် သွေးဆူချင်သည့် သားများကို အဖေ စိုးရိမ်ပူပန်ခဲ့သည်မှာ အမှန်။

'နံရံကိုခေါင်းနဲ့ မဆောင့်ချင်ကြပါနဲ့ကွာ။ ဧရာဝတီသဘော်ကြီး တစ်ဖက်စောင်းနေတာကို မင်းတို့လို မလောက်လေး မလောက်စားနဲ့ မဲတင်းတော့ရော တည့်မတဲ့လား။ ပညာရေးတွေ တောင်မရောက် မြောက်မရောက်နဲ့ မိုက်ရူးရဲ မဆန်ချင်ကြပါနဲ့'

ဒါက ကျွန်တော်တို့၏ ဆူနေသော သွေးများကို ဝေမကျအောင် ငြိမ်းသည့် အဖေ့အတွေးအမြင်၊ အဖေ့ဒဿန။

ရွေးကောက်ပွဲ ရလဒ်ကို အတည်မပြုဘူးတဲ့။ နေအိမ်အကျယ်ချုပ်ချလိုက်ပြန်ပြီတဲ့။ ဘယ်သူဘယ်ဝါတော့ဖြင့် ထောင်ထဲမှာ ဆုံးပါးသွားရှာပြီတဲ့။ စသည့် စသည့် အနိဋ္ဌာရုံသတင်းဆိုးများကြောင့် ကျွန်တော်တို့နှုတ်မှ ဖရုသဝါစာများ ထွက်ကျလာသည့်အခါတိုင်း-

'အလကားနေရင်း ငရဲမလိုချင်ကြနဲ့နော်။ နဂိုကတည်းကမှ အကျိုးပေးမကောင်းခဲ့၊ အကုသိုလ်ကြီးခဲ့လို့ ကာလဝိပတ္တိ၊ မင်းဆိုးမင်းညစ်ခေတ်မှာ လူလာဖြစ်ရတယ်လို့ ကိုယ့်ကိုယ်ကို သဘောပိုက်ထား။ အဓမ္မကြီးစိုးတဲ့အခါ ဓမ္မက အခိုက်အတန့် ခေါင်းလျှိုနေရတာတွေ ရှိခဲ့ဖူးတယ်ဆိုတာ ဗုဒ္ဓဝင်တို့၊ ငါးရာငါးဆယ်တို့မှာ ပြန်ကြည့်,ကြည့်။ ဒေဝဒတ် အောင်ပွဲခံတယ်ရယ်လို့ မင်းတို့ ကြားဖူးလို့လားပြော။ နောက်ဆုံးတော့လည်း ဓမ္မက အောင်ပွဲရတာ ထုံးစံပါပဲ။ အချိန်တော့ပေးရမပေါ့'

ဒါက ကျွန်တော်တို့၏ ဒေါသအရှိန်အခဲများကို ဘောင်ခတ်ပစ်လိုက်သည့် ဘုန်းကြီးကျောင်းသား အဖေ့အဆုံးအမ။

'ငါမသေခင် ငါ့သားသမီးတွေကို မင်းကောင်းစိုးကောင်းလက်ထဲ စိတ်ချလက်ချထားခဲ့ချင်တာပါပဲ'

မကြာခဏ ညည်းတွားတတ်သည့် အဖေ့တပ်မက်မှုချင်ခြင်းဆန္ဒ။

သည်လိုနှင့် အံကြိတ်ကာ၊ တောက်ခေါက်ကာဖြင့် မျိုမျိုချပစ်လိုက်ရသည့် ယုံကြည်မျှော်လင့်ခဲ့မှုများ။ သည်အတွက် ကိုယ့်ဆန္ဒမပါပါဘဲနှင့် လက်ခံပေးနိုင်အောင်၊ သဘောမတူပါဘဲနှင့် ဟန်ဆောင်ခေါင်းညိတ်တတ်လာအောင် သင်ယူခဲ့ရမှုများ။ သို့နှင့်… ကိုယ့်ကိုယ်ကိုပင် မသတီချင်စရာကောင်းသည့် အချိန်ကာလတစ်ခုနှင့်အတူ နေသားတကျရှိလာခဲ့ရတော့သည်။ ဒါတွေက မိသားစု ဥမကွဲ သိုက်မပျက် ရှင်သန်ရပ်တည်ဖို့ အရေး ခါးခါးသီးသီးဖြတ်သန်းခဲ့ရသည့် အတိတ်နေ့စွဲများဖြစ်သည်။

ခုတော့… အစ်ကိုကြီးနှင့် ကျွန်တော်က တစ်ယောက်တစ်နေရာစီမှာ အခြေချရင်း အဖေနှင့် ဝေးရာဆီမှာ၊ အဖေ့ထံ တစ်နှစ် တစ်ခေါက်ပင် ပုံမှန်မရောက်ဖြစ်တော့။

'ဆရာအေး၊ ခင်ဗျား အဝေးရောက် သားတွေ အလည်မလာကြဘူးလားဗျ'

'အေးဗျ၊ ဒီကောင်တွေ သူတို့အမေ့လင်လေး ဒီကစ်



www.burmeseclassic.com

www.burmeseclassic.com

ယောက်ရှိတာကို မေ့များနေကြသလား မပြောတတ်ပါဘူးဗျာ၊ မလာကြပြန်ဘူး'

တစ်စုံတစ်ယောက်၏ အမေးစကားအပေါ် ဟာသစွက်ကာ တုံ့ပြန်တတ်သည့် အဖေ့စရိုက်။

'ဦးလေး နေမကောင်းဘူးကြားလို့ သတင်းလာမေးတာ၊ ခုတော့ ဦးလေးက ငုတ်တုတ်ကြီး။ အခြေအနေမကောင်းရင်လည်း ကနားဖျင်းလေးဘာလေး ထိုးရအောင်လို့'

'ဦးလေးအတွက်တော့ မစိုးရိမ်နဲ့ ငါ့တူရေ၊ အဖျားကအပယိက အာဂန္တုဖျားလေးပါ။ မပူနဲ့… မပူနဲ့၊ သတင်းလာမေးတာ ကျေးဇူးတင်တယ်။ ဦးလေးအတွက်တော့ မလိုသေးဘူး။ မသကာ မကင်းရာမကင်းကြောင်း သားတော်မောင်တွေရဲ့ သူငယ်ချင်းတွေ ဘာတွေအတွက်ဆိုရင်တောင် ကိုယ်တိုင်ကြပ်မတ်ပြီး ကနားဖျင်းထိုးဖို့ ဦးလေးမှာ အားတွေရှိပါသေးတယ်ကွ၊ ဒီမှာကြည့်…'

သတင်း မေးသွားသည့် ကျွန်တော့်သူငယ်ချင်းကို ရယ်ကာမောကာဖြင့် လက်မောင်းသားညှစ်ပြကာ အချက်ကျကျ ပြန်ကလိလိုက်သည့် တမြန်နှစ်က ပြန်ကြားရသည့် အဖေ့ဟာန်ပန်။

ကျွန်တော်က ဦးဦးဖျားဖျားရသည့် စာမူခလေးကို စာအိတ်ထဲထည့်ကာ စာမူပါသည့် ဂျာနယ်နှင့်အတူ ပို့ပေးဖြစ်စဉ်၊ ထိုငွေကို မသုံးရက်မစားရက်ခဲ့ဘဲ၊ ဂျာနယ်လေး တကိုင်ကိုင်နှင့် ဒါ မင်းသူငယ်ချင်း စာမူပါတဲ့ ဂျာနယ်၊ ဒီထဲမှာ မင်းတူရေးတဲ့ ဆောင်းပါး ပါတယ်၊ ဒါ ကျုပ်သား စာမူပါတဲ့ စာစောင်ပေါ့ဖြင့် အိမ်ရှေ့ဖြတ်လျှောက်သူတိုင်းကို ခေါ်ခေါ်ကြွားလိုက်ပုံများ မမောနိုင်မပန်းနိုင်တဲ့။

ကျုပ်သားထဲမှာတော့ ဖအေ့လောက်နီးနီးတော်တာ ဒီတစ်ကောင်ပဲ ဟုလည်း အရွှန်းက ဖောက်လိုက်သေးသည်တဲ့။

တစ်ဆင့်စကားဖြင့် ပြန်ကြားရသည့် အဖေ့အကြောင်းများပဲဖြစ်သည်။ ဒါသည်ပင် အဖေ့စရိုက်၊ အဖေ့အမူအရာ၊ အဖေ့ဟန်ပန်များဖြစ်သည်။ ခုတော့ ထိုအရာများအားလုံး အဖေ့ထံမှာ မတွေ့ရတော့။ အရာရာသည် ဆွံ့ရှားပါးလျခဲ့ပြီကော။

ကျွန်တော် မပြန်ခင် အဖေ့ထံမှ မှတ်သားစရာ စကားလေးတစ်ခွန်းဖြစ်ဖြစ်၊ ရယ်စရာမောစရာ ပုံတိုပတ်စလေးဖြစ်ဖြစ် အဖေ့ငယ်မူငယ်သွေးပါသည့် ဟန်ပန်အမူအရာကို မြင်တွေ့သွားချင်မိသည်။ အဖေ့နှုတ်မှ တစ်ခွန်းတစ်ပါဒ ဖွင့်ဟ,ဖို့ ချူထုတ်ကြည့်ရန် ကျွန်တော် တွေးထား၏။

❑

မနက်စာစားအပြီး အိမ်ရှေ့ ပန်းသီးပင်ကြီးအောက်ရှိ ကွပ်ပျစ်၌ ဝိုင်းဖွဲ့ဖြစ်သည်။ ဖျင်ကုလားထိုင်လေးချကာ အဖေ့ကို ထိုင်စေ၏။ အဖေ့ရှေ့တူရူ၌က ကျွန်တော်၊ ညီနှစ်ယောက်၊ ညီမနှစ်ယောက်။ အငယ်မက အဖေ့ကို မေးဆတ်ပြကာ ကျွန်တော်တို့ချင်းကြားသာရုံ လေသံနှင့်-

'အရင်နေ့တွေကထက် ထမင်း ပိုစားတယ်။ ပိုပြီး လန်းလန်းဆန်းဆန်း ရှိတယ်'

ကျွန်တော်ရောက်လာခြင်းကြောင့် ထူးထူးခြားခြား တိုးတက်သည် ဆိုသည့် အဓိပ္ပာယ်။ မိသားစုအားလုံး လူစုံတက်စုံ မြင်ခွင့်ရလျှင် အဖေ သည့်ထက်ပို၍ ရွှင်ရွှင်ပျပျရှိမှာ သေချာသော်လည်း ကိစ္စများမြောင်နေသည့် အဖေ့သားကြီး ဩရသက လောလောဆယ် ရောက်မလာနိုင်သေး။ အရောက်လာမည်ဟု ဖုန်းဆက်ကြောင်း အဖေ့ကို ပြောပြတော့ နားလည်ပေးသည့်သဘောဖြင့် ခေါင်းညိတ်ကာ အသိအမှတ်ပြု၏။

ကြုံတုန်းဆုံခိုက် ကျွန်တော်တို့တွေက အဖေ့ကို ပုဏ္ဏားတိုင်ထားကာ ရှေးဟောင်းနှောင်းဖြစ်များ ပြောဖြစ်သည်။ အကြောင်းအရာတွေက မည်မည်ရရမရှိ၊ ဟိုရောက် သည်ရောက်…။

အဖေ စိတ်လက်ပေါ့ပါးကာ လန်းလန်းရွှင်ရွှင် ကြည်ကြည်သာသာရှိနေသည်မှာ သိသာသည်။ သို့သော်… ကျွန်တော်တို့ စကားဝိုင်းထဲသို့ လိုက်ပါစီးမျောခြင်းတော့မရှိ။ စကားပြောနေသူ သားဆိုလျှင် သားမျက်နှာကို၊ သမီးဆိုလျှင် သမီးမျက်နှာကို စေ့စေ့ကြည့်ကာ အင်းအဲလောက်နှင့်သာ ပြီးမြဲ။ ပြုံးတုံ့တုံ့အမူအရာနှင့်သာ နေမြဲ။ ဒီအခြေအနေကို ကျွန်တော် မလိုချင်၊ မလိုလား။ ဒီတော့ အဖေ့စိတ်ကို ဆွဖို့ ကျွန်တော် ကြိုးစားရသည်။

အားလုံးကို အသာနေဖို့ လက်ကာပြရင်း-

'ဒါနဲ့ စကားမစပ်၊ အဖေ ဟိုနေ့က အစိမ်းဘက်ကို မဲထည့်လိုက်တယ်ဆို'

ကျွန်တော်ပြောလိုက်သည့် အစိမ်းက ဘယ်ပါတီကို ရည်ညွှန်းကြောင်း အဖေ သိမည်မှာ မလွဲ။

ကျွန်တော့်အမေးကို ခေါင်းတဆတ်ဆတ်လုပ်ကာ အဖေ ရယ်သည်။ တစ်စုံတစ်ရာ မငြင်း။ ကျွန်တော် တမင် ပြောမှန်းသိနေသည့် အဓိပ္ပာယ်။ အဖေ့စိတ်ကို ဆွလိုသည့် ကျွန်တော့်စကားမြားဦးသည် လိုရင်းမရောက်။

'မဲဆိုလို့ ပြောရဦးမယ် အစ်ကိုလေးရေ' ညီမလတ်၏ စကားအချီး။

'အဲနေ့က မဲရုံမသွားနိုင်တဲ့ သက်ကြီးရွယ်အိုတွေကို ကြိုတင်မဲလာယူတာ အဖေက မျက်လုံးကလည်း မကောင်းဘူးဆိုတော့ ဘယ်ကိုခြစ်ပေးရမလဲ ဟိုက မေးတာ။ အဲဒါကွာ အဖေပြောချလိုက်တာ ဦးဟန်မြင့်ကြီးဆိုတာ မျက်နှာကြီးကို မည်းသွားတာပဲ။ ငါ့ဖြင့် ဘေးကနေ မျက်နှာကိုပူရော။ သူက အစိမ်းတောက်တောက်ကြီးလေကွာ'

ညီမ၏ အစိမ်းတောက်တောက်ဆိုသည့် ဒေသိယစကားကို ကျွန်တော် သဘောပေါက်သည်။ သူ့ကိုယ်စားပြုရာ ပါတီ၏ အမာခံပုဂ္ဂိုလ်ဟု ဆိုလိုမှန်း ကျွန်တော် နားလည်သည်။

ညီမ စကားဆုံးတော့ တည်တင်းတင်းမျက်နှာနှင့် စိတ်မရှည်ဟန်၊ ဟုတ်တယ်ကွာဟု အဖေ စကားထောက်



www.burmeseclassic.com

www.burmeseclassic.com

၏။ ကျွန်တော်က အဖေ ဘယ်လိုပြောလိုက်လဲဟု စကားလမ်းကြောင်းသည်။

'ပြောနေဖို့လို သေးလား မောင်ရာတဲ့၊ လူတွေကို မလိမ့်တစ်ပတ်နဲ့ ခွေးချီး ညာကျွေးလာတာ နှစ်တုံးလည်း ကုန်ပြီးပါပြီ၊ နောက်ထပ်တော့ ထပ်မစားပါရစေနဲ့တော့တဲ့'

ကျွန်တော်ကြားချင်သည်က အဖေကိုယ်တိုင်ပြောလာမည့်စကားသံ။ ခု ကြားလိုက်ရတာက ညီမထံမှ။ သို့သော်လည်း လူတွေများ နလပိန်းတုံးတွေမှတ်လို့ ဟူသည့်စကားစ,လေးကိုတော့ အဖေ့ထံမှ တိုရေရှားရေ ကြားလိုက်ရသည်။ သည်စကားစကိုပဲ အစဆွဲထုတ်ဖို့ ကြိုးစားသည့်အနေနှင့်...။

'နလပိန်းတုံး မဟုတ်လည်း အဖေရာ၊ နှစ်တုံးတော့ ကုန်အောင်စားလိုက်ရတာပဲ မဟုတ်လား'

ကျွန်တော် စကားအဆုံး၌ ချက်ချင်းဆိုသလိုပင်-

'ဟင့်အင်း... အဖေ မစားပါဘူး၊ အစားအသောက်နဲ့ ပတ်သက်ရင် သားသမီးတွေကို အမြဲ ဦးစားပေးနေကျအတိုင်းပဲ။ အဲတုန်းက အဖေ အငတ်ခံလိုက်တာ'

အဖေ့စကားကို သဘောကျကာ ကျွန်တော်တို့အားလုံး ရယ်ဖြစ်ကြသည်။ အရယ်သန်သည့် ညီမလတ်ကဆိုလျှင် မျက်ရည်များပင် ထွက်သည်အထိ တော်တော်နှင့် အရယ်မရပ်။ ဒါကိုတွေ့တော့ အဖေကပါ ရောယောင်ရယ်သည်။ အခုမှ အသက်ဝင်သလိုရှိလာသည့် စကားဝိုင်းက တကယ့်ကို စိုစိုပြည်ပြည်။ ဒါပါပဲ။ ကျွန်တော်မျှော်လင့်တောင့်တ,မိသည်ကလည်း ခုလို အခြေအနေမျိုးလေးပဲ ဖြစ်သည်။ ဒီအနေအထားကို ရပ်တန့်မသွားဖို့ နောက်ထပ်အရှိန်မြှင့်သည့်အနေနှင့်...။

'ဟိုလက ကျွန်တော်ပို့လိုက်တဲ့ ကဗျာ ခု အဖေ ရသေးလား'

ကျွန်တော့်အမေးကို တွေခနဲဖြစ်ကာ အဖေ စဉ်းစားဟန်ပြုသည်။ မျက်လုံးအကြောင်သားနှင့် တစ်ဦးချင်းစီ၏ မျက်နှာကို လိုက်ကြည့်နေခြင်းကိုက အဖေ့မှတ်ဉာဏ်တွေ အရင်လို မဟုတ်တော့ကြောင်း ဝန်ခံနေသည့်နှယ်။ ဟိုတုန်းကဆိုလျှင် ကျွန်တော်တို့ မောင်နှမတစ်တွေ စာကျက်နေသည့်နား ရေနွေးသောက်ရင်း၊ ဆေးလိပ်ဖွာရင်း ရှိနေတတ်သည့်အဖေက ကျွန်တော်တို့ ဖတ်သမျှ စာကို ရနေနှင့်သည်က များသည်။ သည်လောက်အထိ အဖေက အမှတ်သညာကောင်းသူ ဖြစ်ပါသည်။ ခုတော့ အဖေ့မှတ်ဉာဏ်စွမ်းအားတွေက ထိုသို့ မဟုတ်တော့ပြီ။

စက်တင်ဘာကုန်ခါနီးကမှ ကျွန်တော်ကိုယ်တိုင် ရေးပို့လိုက်သည့် ကဗျာ။ ကဗျာရွတ်ကာ အဖေ စည်းရုံးရေးလုပ်နေသည့်အကြောင်း တစ်နေ့သား ညီအလတ်နှင့် ဖုန်းပြောဖြစ်စဉ် ထည့်ပြောသွားသေးသည်။ ခုဆိုလျှင် ပွဲပြီးသည်မှာ မနေ့တစ်နေ့ကမှ၊ ရက်အားဖြင့် တွက်ကြည့်လျှင် ဘာမျှမကြာသေး။

အဖေ နေကောင်းတုန်းကတောင် ရွတ်နေပါသေးတယ်။ 'ဒေါင်းခွပ်မယ့်ပွဲ' ဆိုတာလေဟု ညီလတ်က စကားထောက်မှ မှတ်မိလေဟန် သြော်... အင်း... အင်းဟု ဆိုသည်။ ကျွန်တော်က ရရင် လုပ်ပါဦး ဆိုသော်လည်း အဖေ့ထံမှ ဘာသံမှ ထွက်မလာ။ အဖေ ပင်ပင်ပန်းပန်း စဉ်းစားနေပုံကို မြင်မှ မေးမိတာ မှားပြီဟု နောင်တ,ရသည်။

'......'

*နှစ်ထပ်နှစ်ခါရှိရင်ဖြင့်*
*မှတ်မိမှာမလွဲ။*
*ခုတစ်ခါ*
*....ဂုဝ ပမာတူပေ့၊*
*ပြိုင်လှာသူ ဖောင်းတွေ*
*ကျွတ်ကာ*
*ငိုင်ကာငူ ခေါင်းတွေ*
*ညွတ်စေရမကွဲ့*
*(ဘာတဲ့)*
*ဒေါင်းခွပ်မယ့်ပွဲ။* ။

ကျွန်တော်ကိုယ်တိုင် အသံနေအသံထားနှင့် ဌာန်ကရိုဏ်းကျကျ ရွတ်ကာ ကဗျာကို အဆုံးသတ်သည်။

ကျွန်တော့် ကဗျာသံ အဆုံး၌-

*ခုတစ်ခါ။....ဂုဝ ပမာတူပေ့* ဟူကာ ထပ်ကျော့လာသည့် အသံတစ်သံက ကျွန်တော်တို့ နောက်ကျောဘက်ဆီမှ။ လှည့်ကြည့်လိုက်တော့ အစ်ကိုကြီး။ အစ်ကိုကြီး ဘယ်အချိန်က ရောက်လာသည်လဲ ကျွန်တော်တို့ သတိမထားလိုက်မိ။ နေ့စဉ်ထုတ် သတင်းစာတစ်စောင်ကို လိပ်ကိုင်ကာ ရပ်လျက်သား။

'......'

*(ဘာတဲ့)။ ဒေါင်းခွပ်တဲ့ပွဲ။*

ခွပ်မယ့်ပွဲ မဟုတ်ဘူး၊ ခွပ်တဲ့ပွဲကွ။ ဒီမှာ ကြည့်'

ပြောပြောဆိုဆို ကျွန်တော်တို့ရှေ့သို့ ပစ်ချလိုက်သည့် သတင်းစာမျက်နှာဖုံး၌ စာလုံးမည်းကြီးများဖြင့် ဖော်ပြထားသည့် စာကြောင်းများက အထင်းသား။

ညီငယ်က ဆိုးဆိုးဆတ်ဆတ် ယူကာ အားလုံးကြားနိုင်အောင် မြိန်ရေရှက်ရေ အော်ဖတ်သည်။ ညီငယ့် သတင်းစာဖတ်မှုအဆုံး၌-

အဖေက ထိုင်ရာမှ ထ,ကာ လက်ခုပ်လက်ဝါးတီးလျက်၊ ပါးစပ်ကလည်း ဟေးဟေးနှင့် အော်လျက် မြူးထူးပျော်ရွှင်နေပုံမှာ တကယ့်ကို မယုံကြည်နိုင်စရာ၊ ကြည်နူးစရာ မြင်ကွင်း။

အဖေ ခုလို တက်ကြွဖျတ်လတ်နေခြင်းက သူ့သားကြီးရောက်လာကာ မိသားစုစုံစုံညီညီ မြင်တွေ့လိုက်ရခြင်းကြောင့်လည်း ဖြစ်ကောင်းဖြစ်မည်။ ဆယ်စုနှစ်များစွာ တောင့်တ,မျှော်လင့်ခဲ့ရသည့် မင်္ဂလာသတင်းဦးကြောင့်လည်းဖြစ်ကောင်း ဖြစ်မည်။ နှစ်မျိုးစလုံး တစ်ပြိုင်တည်း ပြည့်စုံသွားခြင်းကြောင့်လည်း ဖြစ်ကောင်း ဖြစ်နိုင်သည်။ ဒါကို အဖေသာလျှင် အသိဆုံး ဖြစ်လိမ့်မည်။ ဘာကြောင့်ပဲ ဖြစ်ဖြစ် အဖေ့အပျော်များက ကျွန်တော်တို့ တစ်ဦးချင်းစီသို့ပါ တစ်မှုဟုတ်ချင်း ကူးစက်သွားတော့သည်။ ■

**မောင်လိုနိုင်ရှိ**



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၈ ခုနှစ် ဧပြီ ၇ ရက်မှ
၂၀၁၈ ခုနှစ် မေ ၉ ရက်အထိ

(၁) ကျေး(ဆေး-၁) *နှုံပေါ်ကလျော* ၊ရန်ကုန်၊ (၂) မျိုးနေသစ်(မြိုင်) *နောင်တငိုရှိုက်သံ* ၊နောင်ချိုမြို့၊ (၃) ပြုံးနွဲ့နွဲ့ဝါ *လွမ်းဆွတ်ဖွယ်နွေဦး* ၊သထုံမြို့၊ (၄) ပြုံးနွဲ့နွဲ့ဝါ *နီးလျက်နှင့်ဝေး* ၊သထုံမြို့၊ (၅) ပိုပိုအောင်(ဝန်းသို) *လူမွဲတစ်ယောက်ရဲ့လမ်း* ၊ဝန်းသိုမြို့၊ (၆) လင်းသပြေမောင် *လူလိမ်စာရင်း* ၊ပုဏ္ဏားကျွန်းမြို့၊ (၇) မိုမိုလတ်(TV) *မိစုလေး အဆူမခံရတော့ပါ* ရန်ကုန်၊ (၈) မင်းသျှင် *ဝေလေလေ* ၊ကသာ၊ (၉) စံထိုက်သူ *ရင်တွင်းတဈေ* ၊ရန်ကုန်၊ (၁၀) ဆည်းဆာမောင်(စက်မှုမြို့) *ကျွန်မ အချိန်တစ်ခုကို ပြန်လိုချင်တယ်* ၊ရန်ကုန်၊ (၁၁) ဆည်းဆာမောင်(စက်မှုမြို့) *မေတ္တာ၊ စေသနာ* ၊ရန်ကုန်၊ (၁၂) နွေနှောင်း(မေယုမြေ) *ရင်မြေပေါ်မှ ပျိုးတစ်ခင်း* ၊E-mail၊ (၁၃) လင်းသပြေမောင် *နေရောင်မရသောပန်း* ၊ပုဏ္ဏားကျွန်းမြို့၊ (၁၄) ကောင်းသိုက်စိုး(ကောင်းမန္တလေး) *ဆရာမအကောင့်ကို ကျွန်တော် ဘလော့ခဲ့မိတယ်* ၊E-mail၊ (၁၅) သင့်အေးရိပ် *ကဗျာစာအုပ်ပါးပါးအတွက် ဝေဖန်ခံစားမှုဆောင်းပါး* ၊E-mail၊ (၁၆) ကိုဇော်(နွေဥသြ) *ပါးစပ်ရာဇဝင်ဖြစ်လို့ကျန်ခဲ့* ၊ဟသ်ာတ၊ (၁၇) ရဲသွေးနီ(တမာမြေ) *ကြိုးသီတဲ့ပန်း(သို့) ဆလိုင်းမြေမှ အလှပန်းများ* ၊မကွေးတိုင်း၊ (၁၈) မိုမိုလတ်(TV) *ညဆိုး* ၊ရန်ကုန်၊ (၁၉) ညီလင်းထင် *နောက်ဆုံးအင်တာဗျူး* ၊E-mail၊ (၂၀) ကိုဇော်(နွေဥသြ) *မိုးစက်တင်လေ* ၊ဟသ်ာတ၊ (၂၁) နေအလင်္ကာတေး *ကျွန်မဘဝအရိုင်းပန်း* ၊မိတ္ထီလာ၊ (၂၂) ကေအိမ်တီ(အတွေးအိမ်) *ထမိန်အသစ်ကလေးတစ်ထည်* ၊မကွေး၊ (၂၃) နီယွန်းအိမ်(သာပေါင်း) *ကျွန်တော့်နှလုံးသားထဲက အမေ* ၊ဧရာဝတီတိုင်း၊ (၂၄) မမယ်လမ်း *ကြွေလွယ်သက်လွယ်ပီတောက်နယ်* ၊ရန်ကုန်၊ (၂၅) နေသူရ(တောင်တွင်း) *လမ်းပျော်* ၊မကွေးတိုင်း၊ (၂၆) ညိုလင်းမောင်(ရေဦး) *မြင့်မိုရ်ဦးတို့ တီးတိုးရှိုက်သံ* ၊ပဲခူးတိုင်း၊ (၂၇) ရဲသွေးနီ(တမာမြေ) *နတ်သံကြား ဖျားချင်တယ်* ၊မကွေးတိုင်း၊ (၂၈) အရင်လူ(တွံတေး) *မြေနီလမ်းကျဉ်းလေး* ၊ရန်ကုန်၊ (၂၉) ရာပြည့်(ပုလဲ) *ဘဝလမ်းညွှန် မြတ်သခင်* ၊စစ်ကိုင်း၊ (၃၀) ကိုဇော်(နွေဥသြ) *အဖေ* ၊ဟသ်ာတ၊ (၃၁) ခရမ်းသစ်အိမ် *ဟစ်တလာနဲ့ ညနေခင်းများ* ၊ရန်ကုန်၊ (၃၂) ဆောင်းခနှင်း *ရေစီးကြောင်းပြဿနာ* ၊မန္တလေး၊ (၃၃) မောင်မြတ်သူ(ပညာရေး) *ဒုတိယနေရာ* ၊E-mail၊ (၃၄) ကိုကိုကျော်(မန္တလေး) *ယုတ်လျော့သံစဉ်* ၊စစ်ကိုင်း၊ (၃၅) ကိုကိုကျော်(မန္တလေး) *အရုက်ကလေးရယ်တဲ့ ပြေစေလို* ၊စစ်ကိုင်း၊ (၃၆) ကိုကိုကျော်(မန္တလေး) *ညောင်အိုင်သူ ညောင်အိုင်သား မေမေ့ဆွေမျိုးများ၊* ၊စစ်ကိုင်း။

---

ဖြိုးဖြိုးခိုင် ပြုစုသည်။

---



www.burmeseclassic.com

www.burmeseclassic.com



# ကိုအုံ (ဒီပဲရင်း) လောင်းကြေး

အမှတ် ၃၄၃၊ ဇွန်၊ ၂၀၁၈

ရွှေဥဒေါင်း

'မောင်ရင် နောက်ဆုံး မှာခဲ့ချင်တာတွေ၊
ဆောင်ရွက် ချင်တာတွေအတွက် ဦးကို
ပြောလို့ ရပါတယ်။ ဦးက မင်းအဖေရဲ့ ရှေ့နေပါ၊
လွတ်လွတ်လပ်လပ် ပြောပြနိုင်ပါတယ်'
'ဟုတ်ကဲ့ပါ ခင်ဗျာ၊ အဖေကျန်ခဲ့တဲ့
အမွေပစ္စည်း အားလုံးကို ထုခွဲလို့ရမယ့်
ငွေတွေကို အများနဲ့သက်ဆိုင်တဲ့ အကျိုးပြုလုပ်ငန်းတွေ၊
ကယ်ဆယ်ရေးလုပ်ငန်းတွေမှာ လှူစေချင်ပါတယ်။
ပြီးတော့...'



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

'ပြောပါကွယ်၊ ဦးကို ယုံယုံကြည်ကြည် ပြောပြနိုင်ပါတယ်'

'အလှူရှင် နာမည်တပ်တဲ့အခါ ကျွန်တော့်နာမည်အပြင် မွေးစားအဖေနာမည်နဲ့ အဖေ့ နောက်အိမ်ထောင် အမျိုးသမီးနာမည်ကို ပါထည့်စေချင်တယ်'

'ကောင်းပြီလေ ဆောင်ရွက်ပေးပါမယ်။ ဘာကြောင့်လဲဆိုတာ ပြောပြနိုင်မလား၊ ဒါက သိချင်ရုံသက်သက်မေးတာပါ။ မင်းမဖြေလည်း ကိစ္စမရှိပါဘူး'

'ပြောပြနိုင်ပါတယ် ဦး၊ ရင်ထဲမှာ ဘာမှမကျန်တော့အောင်လည်း ပြောပြချင်ပါသေးတယ်။ စိတ်ရှည်ရှည်နားထောင်ပေးဖို့တော့ လိုအပ်တယ်'

'ပြောပါ၊ ဦးလည်း အေးအေးဆေးဆေးပါပဲ'

'ဒီလိုပါ ဦး.....'

❑

'ဂျိမ်း'

ဆောင့်ပိတ်ချလိုက်သော သံတံခါးပေါက်ပိတ်သံကြောင့် တွန့်ခနဲ တစ်ချက်ဖြစ်သွားသည်။ လက်နှစ်ဖက်၊ ခြေနှစ်ဖက် တွဲခတ်ထားသည့် သံကွင်းများ မရှိတော့သဖြင့် လွတ်လပ်ပေါ့ပါးခြင်းကို ခံစားရပြီးသည့်နောက် တခါးပိတ်သံ အဆုံးမှာ မွန်းကျပ်ပိတ်လှောင်ခြင်းကို ဆက်တိုက် ခံစားလိုက်ရသည်။

'ဂေ့...'

ညှီစို့စို့ စိုထိုင်းထိုင်း အနံ့အသက်ကြောင့် ပျို့တက်လာသည့်လေနှင့် အတူပါလာသော ချဉ်စုတ်စုတ်အရည်

ကြောက်ရွံ့စရာ အကောင်းဆုံး အနေအထားကို ရောက်နေသည်ကိုပင် ကြောက်ရွံ့စရာ ထပ်မံ ရှိနေသေးသည့်အတွက် ကိုယ့်ကိုယ်ကို အံ့သြမိသည် မိမိ၏ တစ်ခုတည်းသော ပိုင်ဆိုင်ရာ ချောင်းကြည့်ပေါက်ကလေး ပျောက်ဆုံးသွားမည်ကို စိုးရိမ်နေမိသည်

တွေကို ထွေးချဖို့နေရာ ရှာမရသောကြောင့် ပြန်မျိုချလိုက်သည်။ လက်ဖြင့် လျှောက်စမ်းကြည့်သောအခါ ထိုင်စရာ ခုံတစ်ခု တွေ့လိုက်ရသည်။ ခုံမှာ အတော်လေးရှည်မျောမျောဖြစ်နေသောကြောင့် ခုတင် ဖြစ်မည်ဟု သိလိုက်သည်။

ကျောဆန့် လဲလျောင်းရင်း တရားမျှတခြင်းဒဿနတစ်ခုကို အဖြေရှာနေမိသည်။ အလျော်အစား၊ အပေးအယူဟူသည် အမြဲတမ်း ထပ်တူမကျနိုင်သော်လည်း ဤလောက၌ အသေအချာ ရှိသည်ဟု ထင်သည်။

❑

'မင်းအမေ ဆုံးပြီ'

ကျောင်းက ပြန်ရောက်ရောက်ချင်း စကားလုံးအချို့ဖြင့် ရင်ဝကို ဖြတ်ရိုက်ခံလိုက်ရသည်။

အမေဟု ခေါ်၍ ဆိုးနွဲ့ပူဆာခွင့် ငါးနှစ်သာရှိသေးချိန်တွင် ထိုအခွင့်အရေး ဆုံးရှုံးခဲ့ရပြန်သည်။ အသက် ၁၂ နှစ်အရွယ်၏ ရင့်ကျက်မှုဖြင့် ဝမ်းနည်းပူဆွေးရခြင်းကို အလွယ်တကူ မဖယ်ရှားနိုင်ခဲ့။ အမေဟု ခေါ်ရခြင်းကို အားမရနိုင်သေး။ ခုနစ်နှစ်တိုင်တိုင် ငတ်မွတ်ခဲ့ရသည့် သားဟု ခေါ်သံများကို ဘဝတူများကြားတွင် ကံထူးစွာပိုင်ဆိုင်ခဲ့ရသည်မှာ ဘာမှမကြာသေးဟု ထင်သည်။ မိဘမဲ့ကျောင်းသားလေးဘဝမှ စံအိမ်ကြီးတစ်ခု၏ အရှင်သခင်လေး ဖြစ်ခဲ့ရသည်မှာ အမေ့ရွေးချယ်မှု ရလဒ်ပင်။ မွေးစားမိခင်ဟု ဆိုသော်လည်း အမေရင်းနှင့် မခြား။ မိသားစု ရင်ငွေ့ဖြင့် စတင်ထိတွေ့ခွင့် ရစဉ်ကဆိုလျှင် မနေတတ်၊ မထိုင်တတ် ဖြစ်သည်အထိ နွေးထွေးပေးခဲ့သည့် အမေ။ လွန်ခဲ့သည့် တစ်နှစ်ကျော်လောက်ကတည်းက ကျန်းမာရေး မကောင်းတော့သဖြင့် အိပ်ရာထဲ လဲနေခဲ့ရသည်။ သို့သော်လည်း အမေခေါ်ခွင့် ရနေခဲ့သေးသည်။

အခုတော့ အားလုံး ဆုံးရှုံးခဲ့ရပြီ။

❑

စိတ်ကူးအတွေးတို့ နယ်လွန်နေရင်း လက်က တစ်စုံတစ်ခုကို ထိတွေ့မိလိုက်သည်။ ပြင်ညီချောမွတ်နေသောနံရံမှာ ဖုထွက်နေသောအရာကို အလျှင်စလို ဆွဲနုတ်လိုက်သည်။ ရုတ်တရက်ထွက်ပေါ်လာသော အလင်းတန်းကလေးကြောင့် မျက်စိစူးခနဲ ဖြစ်သွား၏။ ပြာဝေနေသော မျက်လုံးကိုပွတ်ပြီး အပေါက်မှ ချောင်းကြည့်လိုက်သည်။

'အားပါးပါး သိပ်လှတဲ့ မြင်ကွင်းပဲ'

ဒီချောင်းကြည့်ပေါက်လေးကို ဖောက်ခဲ့သူကို ကျေးဇူးတင်မိသည်။ နှစ်ရှည်တိုက်ပိတ်ခံရသူတစ်ယောက်၏ ဖွဲ့နပဲကြောင့်၊ သို့တည်းမဟုတ် တစ်ယောက်တည်းမက အစဉ်အဆက်အားထုတ်ခဲ့ကြသည်လည်း ဖြစ်နိုင်သည်။ မြင်ကွင်းက သိပ်လှသည်ဆိုသော်လည်း အထွေအထူး ဘာမှ မမြင်ရပါ။ သံဆူးကြိုး ခပ်ကျဲကျဲ၏နောက်တွင် အုပ်ဆိုင်းနေသော ညောင်ညိုပင်ကြီး၏ အရိပ်အာဝါသ အေးမြမှုသည်ပင်လျှင် စိတ်နှလုံးချမ်းမြေ့ဖွယ်အတိ ရှိ၏။ ပိတ်လှောင်မှုထဲမှ တဒင်္ဂ လွတ်မြောက်မှုအရသာကို တဝကြီး ခံစားနေလိုက်သည်။

'ဒေါင်း ဒေါင်း'

ကြားလိုက်ရသော အသံကြောင့် ချောင်းကြည့်ပေါက်ကို အမြန်ပြန်ပိတ်လိုက်သည်။ စိုးရွံ့စိတ်ကြောင့် အပေါက်ပိတ်သည်ကိုပင် အလွဲလွဲ အချော်ချော် ဖြစ်နေသည်။ အခန်းအောက်ခြေရှိ အပေါက်ငယ်လေး ပွင့်သော

www.burmeseclassic.com

www.burmeseclassic.com

ပြီး တစ်စုံတစ်ခုထားကာ ပြန်ပိတ်သွားမှ စိတ်သက်သာရာရတော့သည်။ ထမင်းလာပို့တာဖြစ်မည်။ ကြောက်ရွံ့စရာအကောင်းဆုံး အနေအထားကို ရောက်နေသည်ကိုပင် ကြောက်ရွံ့စရာ ထပ်မံ ရှိနေသေးသည့်အတွက် ကိုယ့်ကိုယ်ကို အံ့သြမိသည်။ မိမိ၏ တစ်ခုတည်းသော ပိုင်ဆိုင်ရာ ချောင်းကြည့်ပေါက်ကလေး ပျောက်ဆုံးသွားမည်ကို စိုးရိမ်နေမိသည်။

❑

'ဒါ မင်းရဲ့ အမေအသစ်ပဲ'

အမေ နေမကောင်းစဉ်က ပြုစုပေးခဲ့သည့် သူနာပြုဆရာမ ကို မမြင်ဖူးသူတစ်ယောက်လို စူးစူးရဲရဲ ကြည့်လိုက်မိသည်။ ရှက်ရွံ့စွာ ခေါင်းငုံ့သွားမှ အဖေ့ဘက်လှည့်ပြီး-

'ကျွန်တော် ဘာမှ မသိခဲ့ရပါလား အဖေ'

ခွန်းတုံ့ပြန်မှုကို မနှစ်သက်သကဲ့သို့ အကြည့်ဖြင့် ခပ်ရွှရွှစိုက်ကြည့်ပြီး ထပ်ပြောသည်။

'မင်းလို မွေးစားသား တစ်ယောက်ကို ခွင့်တောင်းနေဖို့ လိုသေးသလား။ ငါ့အလုပ် ငါလုပ်မယ်၊ မင်းရဲ့ ကျောင်းသားအလုပ်က စာကြိုးစားဖို့ပဲ ဟုတ်လား'

အဖေ၏ ခပ်ငေါက်ငေါက်အပြောကြောင့် ခေါင်းငုံ့ကာ အခန်းထဲ ဝင်ခဲ့ရသော်လည်း စိတ်ထဲမှာ တနုံ့နုံ့ဖြင့် မကျေနပ်နိုင်သေး။ အပြင်မှ ကြားနေရသည့် ခိုးခိုးခစ်ခစ် အသံများကြောင့် ပို၍ စိတ်တိုရသည်။

'တောက်'

❑

အိပ်ရာထ , ထချင်း ကြည့်ပေါက်လေးမှ ချောင်းကြည့်မိသည်။ ဘာမှ မမြင်ရသေးပေ။ မှောင်ရိပ်မပျယ်တပျယ်ဖြစ်၍ မှိုင်းညို့ညို့ ညောင်ပင်ကြီးသာ ဝိုးတဝါး မြင်ရသည်။ ဘာမှ လုပ်စရာမရှိအောင် ပိုလျှံနေသည့် အချိန်များမှာ အပျင်းပြေစရာဟူ၍ အတိတ်ကို စိတ်ကူးမိခြင်းနှင့် ဒီအပေါက်ငယ်လေးမှ ချောင်းကြည့်ရခြင်းသာ ရှိသည်။ အလင်းရောင်သည် ဝိုးတဝါးအခြေအနေကို တစ်စတစ်စ ဝါးမျိုလာခဲ့ပြီ။ ညောင်ညိုပင်ကြီးအောက်သို့ ကလေးငယ်များ တစ်ယောက်စ နှစ်ယောက်စဖြင့် စုဝေးလာသည်။ ဤထောင်ဝန်းကြီးအတွင်းမှ ရာထူးမျိုးစုံ ဝန်ထမ်းတို့၏ ရင်သွေးငယ်များ ဖြစ်မည်။ ကလေးငယ်များ ဆော့ကစားနေကြသည်ကို ကြည့်နေရင်း မြင်ကွင်းအကောင်းဆုံး နေရာတွင် ကစားနေသော ကလေးငယ် သုံးယောက်ကို စူးစိုက်မိနေသည်။ သူတို့သုံးယောက်က တသီးတခြား ဝိုင်းဖွဲ့ထိုင်ကြသည်။ လက်ချောင်းလေးများကို အသုံးပြု၍ ဂဏန်းပေါင်းရသော ကစားနည်းကို ကစားကြသည်။ ငယ်ငယ်က ကစားခဲ့ဖူးသော ကစားနည်းဖြစ်သဖြင့် အကျွမ်းတဝင် နားလည်ပြီးဖြစ်၍ စိတ်ဝင်စားမိသည်။ ရမှတ် တစ်ယောက် တစ်လှည့်စီယူပြီး အပွင့်အများဆုံးသူက အနိုင်ဖြစ်သည်။ ပထမပွဲပြီးချိန်မှာ စိတ်မချမ်းသာစရာမြင်ကွင်းကို တွေ့လိုက်ရသည်။ အနိုင်ရကလေးငယ်ဟု ယူဆရသူက တခြားကလေးနှစ်ယောက်၏ နဖူးကို အားရပါးရ တောက်၍ အရသာရှိသကဲ့သို့ အမူအရာ လုပ်နေသေးသည်။ ဆက်ပြီး ကစားကြပြန်သည်။ တစ်ယောက်နိုင် နှစ်ယောက်ရှုံးဖြင့် တစ်လှည့်စီ နိုင်လိုက်ကြ၊ ရှုံးလိုက်ကြဖြင့် ပွဲကို အဆုံးသတ်ချိန်တွင် အားလုံး မျက်နှာမှာ ရှုံ့မဲ့၍ ကိုယ့်နဖူးကို ကိုယ်စီပွတ်ကာ ပြန်သွားကြသည်။ ကျောင်းသွားချိန်ကျပြီထင်၏။ ကလေးငယ်များ အားလုံး တဖွဲဖွဲပြန်သွားကြပြီ။ ပျင်းရိဖွယ် နေ့ရက်ကို ဆက်လက် ကျော်ဖြတ်ရပေဦးမည်။

❑

'မင်းအဖေ နေမကောင်းဖြစ်နေတယ် အိမ်ပြန်လာခဲ့ဦး' အဖေ့ဇနီး၏ ပြည်တည်တည်မျက်နှာထားကို ရင်မဆိုင်ချင်သောကြောင့် တက္ကသိုလ်တက်စဉ်ကတည်းက အဖေ့အိမ်မှ အဆောင်ကို ပြောင်းနေခဲ့သည်။ ငွေလိုမှသာ အဖေ့ရုံးခန်းမှာ သွားတောင်းတတ်သည်။ ကျောင်းပြီးလို့ အလုပ်ရသည်မှစ၍ မရောက်ဖြစ်သည်မှာ အတော်ကြာခဲ့ပြီ။ အခုလို နေမကောင်းချိန်မှာ အဖေ့အနားမှာ ရှိနေသင့်သည်ဟု ထင်သည်။ ပစ္စည်းအနည်းငယ် သိမ်းထည့်ပြီး အိမ်ပြန်ဖို့ စီစဉ်ရသည်။

'ဟော… မင်းရောက်လာပြီလား၊ မင်းအဖေ ဟိုအခန်းထဲမှာ သွားတွေ့လိုက်ဦး။ ပြီးမှ ရေမိုးချိုးပြီး နားနားနေနေ နေလိုက်ဦးလေ'

အဖေ့ဇနီးသည်၏ အသံက ချိုလွင်လွန်းနေသည်။ ခင်ပွန်းဖြစ်သူ နာမကျန်းဖြစ်နေသည်ကိုပင် မျက်နှာကို အရောင်ပေါင်းစုံဖြင့် ခြယ်သအလှပြင်ထားသေးသည်။

'အဖေက အရင်အခန်းမှာ ဘာလို့ မနေတော့တာလဲ'

ကျွန်တော်၏ ခပ်တင်းတင်း အမေးကို ပြန်ဖြေပုံက ပေါ့ပါးလွန်းသည်။

'အဟင်းဟင်း မင်းအဖေပေါ့၊ လွတ်လွတ်လပ်လပ် နေချင်တယ်ဆိုလို့ ပြောင်းပေးထားတာလေ'

အလိုမကျစွာ အဖေရှိသည် ဆိုသည့် အခန်းထဲ ဝင်လိုက်သည်။ များစွာ ဖျော့တော့နေသော အဖေ့မျက်နှာကို စိတ်မကောင်းစွာ တွေ့လိုက်ရသည်။

'ခွမ်း…'

အဖေ့အခန်းမှ ဖန်ခွက်ကျကွဲသံကြားသဖြင့် အပြေးအလွှားသွား ကြည့်မိသည်။

'ဘာဖြစ်တာလဲ'

'မင်းအဖေပေါ့ ဆေးတိုက်ရင် ကလေးလိုပဲ မသောက်ဘူးပဲ ငြင်းနေတော့တာ၊ ဆေးတိုက်ရ တအားခက်တာပဲ'

'အဖေ ဆေးသောက်နော် ပြန်နေကောင်းလာအောင်၊ ကျွန်တော် တိုက်မယ်'

ခေါင်းကို တွင်တွင်ယမ်း၍ ကြောက်လန့်တကြား ဘာကြောင့် ငြင်းဆန်နေရသည်ကို တွေးမရခဲ့။ အဖေ့နှုတ်ခမ်းက တစ်ခုခု ပြောချင်

စာမျက်နှာ(၂၃၁)သို့...



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

ညနက်နက်ကို ရုတ်တရက် ထိုးခွဲလိုက်သော ချွေးအုသံများကြောင့် ကျွန်တော် ဖျတ်ခနဲ လန့်နိုးလာသည်။ မီးမပိတ်ဘဲ အိပ်ပျော်နေ၍ တစ်ခန်းလုံး လင်းထိန်နေ၏။ ကျွန်တော် ခေါင်းအုံးနားတွင် အရန်သင့်ချထားသော ရေဘူးကို လှမ်းယူလိုက်သည်။ ပြီးတော့ အရက်ပုလင်း…။ နာရီကိုကြည့်မိတော့ ည ၁နာရီ ၁၇ မိနစ်။ မိုးလင်းဖို့ အတော်ကြာကြာ စောင့်ရဦးမည်။ ဇောချွေးတွေနှင့် ရွှဲနစ်နေသော အင်္ကျီကို ချွတ်ပစ်လိုက်သည်။ ပြတင်းတံခါးကို ဖွင့်လိုက်လျှင် အခန်းထဲက ပူလောင်မွန်းကျပ်နေရမှုများ အတန်ငယ် လျော့ပါးသွားနိုင်သည်။ သို့သော် ကျွန်တော် မဖွင့်ရဲ။ ဒီလိုအချိန်ဆို ပြတင်းတံခါးကို ညင်ညင်သာသာ လာခေါက်ကာ ဆေးလိပ် လာတောင်းတတ်သူတစ်ဦး ရှိခဲ့ဖူးသည်။ ကျော်မြင့်…။

❑

၁။

လူငယ်စိတ်နှင့် ငယ်ထိပ်မှာ တက်ဆောင့်နေသည့်

ဒီလို ဖြစ်သွားနိုင်သည် ဆိုတာ တွေးခဲ့မိဖို့ ကောင်းသည် သို့သော် ကျွန်တော် မတွေးမိခဲ့ အခုတော့ ကျွန်တော်သည် လူတစ်ယောက်ကို သွေးအေးအေးနှင့် သတ်ဖြတ် မိလောက်အောင် မိုက်မဲခဲ့မိပါသည်

မာနနှင့် ကျွန်တော်သည် အမှားတစ်ခုကို အဆင်ခြင်မဲ့ ကျူးလွန်ခဲ့မိသည်။

ဒီလောက်အထိ ဖြစ်သွားဖို့ ရည်ရွယ်မထားခဲ့လျှင်တောင် ဒီလိုဖြစ်သွားနိုင်သည်ဆိုတာ တွေးခဲ့မိဖို့ ကောင်းသည်။ သို့သော် ကျွန်တော် မတွေးမိခဲ့။ အခုတော့ ကျွန်တော်သည် လူတစ်ယောက်ကို သွေးအေးအေးနှင့် သတ်ဖြတ်မိလောက်အောင် မိုက်မဲခဲ့မိပါသည်။

သူငယ်ချင်းအချင်းချင်း အပင်းသွင်း သတ်ဖြတ်မိလောက်အောင်ပင် ကျွန်တော်သည် ယုတ်ညံ့ခဲ့မိပါသည်။ ဒီအတွက် ကျွန်တော်ဟာ တစ်သက် လွတ်မြောက်စရာမရှိတော့သည့် နောင်တ၏ အကျဉ်းတိုက်ငယ်ထဲမှာ ထိတ်လန့် တုန်လှုပ်စွာ ဖြတ်သန်းသွားရတော့မည့် အတွင်းအကျဉ်းသား တစ်ယောက် ဖြစ်ခဲ့ရပြီ။ သွားနှင့်တော့ သူငယ်ချင်းရေ ငါလည်း မကြာခင် မင်းနောက် လိုက်လာခဲ့မှာပါဟု အော်ပြောလိုက်ချင်သည်။ တမလွန်မှာ ဆုံတွေ့တောင်းပန်ခွင့်ရပါစေဟု ဆုတောင်းနေရုံမှတစ်ပါး အခြားမရှိတော့ပေ။

သွားနှင့်တော့ သူငယ်ချင်းရေ။

❑

၂။

ကျော်မြင့်နှင့် ရာဇာဆိုတာနှင့် အရမ်းချစ်ကြသည့် သူငယ်ချင်းတွေလေဟု အားလုံးက ပြောကြလိမ့်မည်။ အခုအချိန်အထိလည်း အားလုံး၏ အမြင်မှာ ဒီအတိုင်းသာ ဖြစ်သည်။

ကျွန်တော်တို့ နှစ်ယောက်ကလည်း ပြောရလောက်အောင်ကို တပူးတွဲတွဲနှင့် နောက်ဆုံးအချိန်အထိ ချစ်ခဲ့ခင်ခဲ့ကြပါသည်။

ကျော်မြင့်သည် အမြဲလိုလို ခေါက်ရိုးကျိုးနေသည့် ရှပ်အင်္ကျီနှင့်၊ ပုဆိုးနှင့်၊ တိုတို ပါးပါးလေးညှပ်ထားသည့် ဆံပင်နှင့်၊ ကတ္တီပါဖိနပ်နှင့် စတိုင်ကျကျနေတတ်သူ ဖြစ်သည်။ အပြောအဆိုကျတော့လည်း ကလေး၊ လူကြီး မရွေး ကျအောင် ပြောတတ်သည်။ ဘယ်သူက ဘာအကြောင်း စကားစ,လိုက် စလိုက် အလိုက်အလျားသင့် ပြောဆို ပေါင်းသင်းတတ်သူပင် ဖြစ်သည်။

တကယ်တော့ ကျော်မြင့်သည် ဆံပင်ရှည်ဖားလျား ဘုကန့်လန့်သမား ကျွန်တော်နှင့်တော့ လုံးဝ ဆန့်ကျင်ဘက်ပင် ဖြစ်၏။ ဒီလိုလူနှစ်ယောက်ဟာ အမြဲ တပူးတွဲတွဲ ရှိနေတာကိုက ပတ်ဝန်းကျင်အနေနှင့် ပိုပြီး စိတ်ဝင်စားစရာ ဖြစ်နေခဲ့သည်။

တကယ်တမ်းတော့ ကျော်မြင့်နှင့် ကျွန်တော်ဟာ တစ်ယောက်ကိုတစ်ယောက် တိတ်တဆိတ် ကျိတ်အားကျနေကြသူများ ဖြစ်ကြသည်။

ပြီးတော့ တိတ်တဆိတ် ကျိတ်ပြိုင်နေကြသူများလည်း ဖြစ်သည်။

မူလတန်းကစ၍ ကျောင်းခန်းထဲမှာ ပြိုင်ဘက်ကောင်း



www.burmeseclassic.com

www.burmeseclassic.com

တွေဖြစ်ခဲ့ကြသည့် ကျွန်တော်တို့ဟာ အတန်းကြီးလာသည်အထိ မသိမသာတစ်မျိုး၊ သိသိသာသာတစ်မျိုး အစစအရာရာ ကိုတ်ပြိုင်နေခဲ့ကြ၏။

ပြဿနာမှာ ထိုပြိုင်တတ်သည့် အကျင့်က စတင်လာခဲ့ခြင်းဖြစ်သည်။ ပြဿနာမှာ ကျွန်တော် နတ်သမီးအိမ်မက် မက်မိရာက စ,သည်။ ပြဿနာမှာ…။

❑

၃။

အေးမြသီတာ။ ကန်ရေပြင်လို ကြည်လင်အေးစက်နေသည့် မျက်ဝန်းများမှ တစ်ပါး သူမအလှကို ခမ်းခမ်းနားနား ဖွဲ့ဆိုပြစရာ သိပ်မရှိပါ။ သို့သော် ထိုအချိန်ကတော့ ကျွန်တော် သူမကို အရူးအမူး ချစ်ခဲ့မိပါသည်။

အဲဒီအချိန်က ခေတ်စားနေသည့် ကိုဒိုးလုံးသီချင်းစာသား ငှားပြောရလျှင် 'အရိုးများထိအောင်ရူး'ပေါ့။ အဲဒီလောက်အထိ ချစ်ခဲ့မိသည်။

ကျွန်တော့်မှာ စားလည်းဒီစိတ်၊ သွားလည်း ဒီစိတ်ဆိုတော့အိပ်လျှင်တောင် ဘုရားရှိမခိုးလျှင်သာ ရှိမည်၊ သူမကိုတော့ တစ်နေ့မှ မေ့မရ။ အဲဒီအချိန်ကတော့ သူမသာ ကျွန်တော်၏ အစစအရာရာ၊ သူမသာ ကျွန်တော်၏ အဓိပ္ပာယ် ဖြစ်နေခဲ့သည်။

သူမဆီက အသိမှတ်ပြုမှုအနည်းအငယ်နှင့် ရယ်ကျဲကျဲလေး ခိုးကြည့်လိုက်သည့် အကြည့်တစ်ချက်လောက် ရခဲ့လျှင်ပဲ ကျွန်တော့်မှာ တစ်ညလုံး အိပ်မပျော်နိုင်တော့။

ကောင်းကင်ကို ငေးမိလျှင်တောင် တိမ်တွေဟာ သူ့အရိပ်ထင်လာအောင် ဖွဲ့လမ်းရူးသွပ်နေခဲ့ချိန် အချစ်စိတ်က ငယ်ထိပ်တက်ဆောင့်နေခဲ့ချိန်ဖြစ်သည်။

ထုံးစံအတိုင်းပါပဲ။ ကျော်မြင့်ဟာ တိုက်ဆိုင်လာတာလား၊ မတော်တဆပဲလား မသိပေမဲ့ အေးမြသီတာအနားကို ရောက်လာခဲ့၏။

သူ့ပုံစံအတိုင်းပဲ လူကြီးလူကောင်းဆန်ဆန် အနေအထိုင် အပြောအဆိုလေးတွေနှင့် ကောင်မလေးကို သာသာယာယာ သိမ်းသွင်းသွားသည်။

ကျွန်တော် လေးငါးခြောက်လ ကြိုးစားထားသမျှ သူက ခုနစ်ရက်တစ်ပတ်လောက်နှင့် ကျော်ဖြတ်ပြသွားခဲ့သည်။

ကျွန်တော့်မှာ မိုးပြိုကျသလို၊ ကမ္ဘာပျက်သွားသလို ခံစားရပါသည်။ ရည်းစားလူလု အူနုကျွဲခတ်မို့ ရင်ထဲမှာ နင့်ပြာလဲ့ရူးနေအောင် ခံစားခဲ့ရသည်။

မာနတွေ၊ သိက္ခာတွေ မရှိတော့လောက်အောင်၊ မထားနိုင်တော့လောက်အောင် သွေးပျက် ချောက်ချားခဲ့ရသည်။ နောက်ဆုံး မခံစားနိုင်တော့သည့်အဆုံး ကျော်မြင့်ဆီ ဒုံ့ဝင်တောင်းပန်မိတော့၏။

'သူငယ်ချင်း မလုပ်ပါနဲ့ကွာ။ ဒါက ပြိုင်ပွဲ မဟုတ်ပါဘူးကွာ။ ပွင့်ပွင့်လင်းလင်းပြောရရင် မိန်းမကိစ္စနဲ့ ပတ်သက်လာရင် ငါ မင်းကို ထာဝရ အရှုံးပေးပါတယ်။ ငါ တကယ် အရူးအမူးချစ်မိနေလို့ပါ။ ငါ့ကို နောက်ဆုတ်ပေးပါကွာ' ဆိုသည့်အခါ…။

ကျော်မြင့်က မခိုးမခန့် ပြုံးသည်။

ဒီကောင့်အပြုံးဟာ ဒီလောက်မုန်းစရာကောင်းလိမ့်မည်ဟု ကျွန်တော် တစ်ခါမှ ထင်မထားခဲ့မိပါ။ ဒီတစ်ခါတော့ ကျော်မြင့်ကို ကျွန်တော် ဆိုးဆိုးဝါးဝါး မုန်းသွားမိသည်။

'ခဏပါကွာ မင်းကလည်း၊ ခဏပဲတွဲမှာ။ ပြီးတော့ မင်း ဆက်လှူပ်ရှားပေါ့'တဲ့။

ကျွန်တော့်ရင်ကို ထက်ခြမ်းကွဲသွားအောင် ထိုးစိုက်ချလိုက်နိုင်သည့် စကားကို သူက အေးအေးဆေးဆေး ပြောသွားသည်။ ကျွန်တော့်မှာ ဒီကောင့် စောက်ခွက်ကြီးကို စိတ်ရှိလက်ရှိ ဆွဲထိုးပစ်လိုက်ချင်စိတ်ကို မနည်းမျိုသိပ်ထားခဲ့ရသည်။

သက်ပြင်းကို ရှိုက်၍ နှုတ်ခမ်းကို ကိုက်ကာ အေးအေးဆေးဆေးသာ နှုတ်ဆိတ်ပြန်လာခဲ့ရပေမဲ့ ရင်ထဲမှာ နင့်နင့်သီးသီး နာကျင်ခဲ့မိပါသည်။

သူနှင့် ကျွန်တော် ကြားမှာ ဒီထက် အောက်ကျခံဖို့ မလိုအပ်ခဲ့တာတော့ လုံးဝ သေချာသည်။

ထိုနေ့က အပြန်လမ်းတစ်လျှောက် ကျွန်တော့်ရင်ထဲမှာ မာနဆူးတစ်ချောင်း နာကျင်ချွန်မြစွာ ထိုးထွက်လာခဲ့၏။ စိတ်လိုက်မာန်ပါ တုံ့ပြန်နာကျင်လိုစိတ်ကို မနည်းမျိုသိပ်ထားခဲ့ရပါသည်။

မိန်းမကိစ္စနှင့် ပတ်သက်လာလျှင်တော့ သူနှင့် မယှဉ်နိုင်တာ သေချာသည်။ သို့သော်…။

❑

၄။

ရင်ဘတ်ထဲက ဒဏ်ရာကို လေးငါးခြောက်လလောက် ကြိတ်မှိတ်ကုစားခဲ့ရသည်။

ကျော်မြင့်က ကတိတည်သည်။ သူပြောသည့်အတိုင်း အေးမြသီတာကို နှစ်လ၊ သုံးလသာ တွဲခဲ့သည်။

ပြီးတော့ အရင် ရည်းစားများအတိုင်း စွန့်ပစ်ထားခဲ့လိုက်သည်။ သို့သော် ကျွန်တော် သူမကို မလွမ်းမိတော့။ ကျွန်တော့်ရင်ထဲမှာ ရှိနေတာ အေးမြသီတာ မဟုတ်တော့။ ကျွန်တော့်ရင်ထဲမှာ ရှိနေတာက နာကျင်ချွန်မြသော မာနဆူးတစ်ချောင်းသာ။ ယောက်ျားချင်း ဒူးထောက်အညံ့ခံခဲ့ရသည့် အနေအထားတစ်ခုကို ကျွန်တော် မမေ့နိုင်ခဲ့ပါ။

ထိုအချိန်က ကလဲ့စားချေဖို့မှ တစ်ပါး ကျွန်တော့်မှာ အခြားမဲ့ နေခဲ့ပါသည်။

လူတိုင်း၏ ယုံကြည်မှုကို နေပုံထိုင်ပုံ၊ ဝတ်ပုံစားပုံ၊ ပြောပုံဆိုပုံနှင့် သိမ်းကျုံးရယူထားနိုင်သည့်လူတစ်ယောက်ကို အလဲထိုး တိုက်ခိုက်နိုင်ဖို့ ကျွန်တော့်မှာ အတတ်ပညာတချို့ ရှိနေခဲ့ပါပြီ။

ကိုယ်လိုချင်သည့် အနေအထားဆီ ရောက်ဖို့ သောက်ရင်းစားရင်း ငြင်း၍ခုံ၍ရမည့် စကားဝိုင်းတစ်ဝိုင်းသာ လိုသည်။ အဲဒီအနေအထားတစ်ခုကိုလည်း ကျွန်တော် အမိအရ ဖန်တီးခဲ့ပါသည်။

ထိုညက သူငယ်ချင်းတစ်ယောက်ကို ချောဆိ



www.burmeseclassic.com

www.burmeseclassic.com

တွန်းချကာ အရသာခံကြည့်နေမိခဲ့ပါ၏။

❑

၅။

'လိုရင် ထပ်မှာလေကွာ။ ဆော်လှပါလားဟ, ကိုယ့်လူက၊ ဒီတစ်ခါတော့ ကွဲလာတယ် ထင်တယ်'

ကျွန်တော်က စကားစထုတ်ကာ သူ့မာနကို မထိတထိ လှမ်းပုတ်လိုက်တယ် ဆိုလျှင်ပဲ ကျော်မြင့်ဟာ ဆတ်ခနဲ တုန်ခါသွားခဲ့သည်။

'သွားစမ်းပါကွာ သောက်အဓိပ္ပာယ်မရှိတာ၊ မိန်းမများ ပေါလွန်းလို့ ကျော်မြင့်တို့က ခါချနေရတယ်'

ယခုမှ ပူပူနွေးနွေးပြတ်သွားသည့် ရည်းစားအပေါ် မှာ သူ့အာရုံမရှိဘူးဆိုသည့် အကြောင်းနှင့် သူက ခေါက်ထားခဲ့တာပါဆိုသည့် စကားကို မိန်းမလိုမိန်းမရ မဲ့ရွဲ့ပြီး ပြောလာ၏။ အရက်မူးလာသည့်အခါ စရိုက်အမှန်တွေ ပေါ်လာတတ်သည်။

ကျွန်တော် ကျော်မြင့်ကို ဒုတိယအကြိမ် ခါးခါးသီးသီး မုန်းမိ၏။ ကျွန်တော့်ရင်ထဲက ဆူးကလည်း ပိုပြီး ချွန်မြလာခဲ့သည်။

အရက် နောက်တစ်ပိုင်း ထပ်မှာလိုက်ရင်း ကျွန်တော်က စကားကို လိုရာရောက်ဖို့ လမ်းဖောက်ယူလိုက်သည်။

'မင်း တကယ်ချစ်ရမယ့်သူ မတွေ့သေးလို့ပါကွာ'ဆိုတော့ ကျော်မြင့်က ဟက်ဟက်ပက်ပက် ရယ်သည်။

'အချစ် ဟုတ်လား။ ဘာလဲ အချစ်။ မင်းက အရမ်းစိတ်ကူးယဉ်တဲ့ကောင်ပဲ ရာဇာရ။ ဟား ဟား ဟား ဟား။ ယောကျ်ားနဲ့ မိန်းမကြားမှာ Sex ပဲရှိတယ်ကွ'

ကျော်မြင့်က စကားဆုံးသွားတာကို ရယ်၍ မဆုံးသေးပါ။ သူ တော်တော်မူးနေပြီဖြစ်သည်။ ကျွန်တော်က ဝိုင်းကို ထိန်းထားနိုင်သည်။ ကျွန်တော့်ရည်ရွယ်ချက်ဆီ ရောက်ဖို့ အရက်ကို ထိန်းသောက်နေ၏။

'ထားပါ၊ မင်းပြောသလို sex ပဲရှိတာဆိုရင် ယောကျ်ားတစ်ယောက်က မိန်းမတစ်ယောက်တည်းကိုပဲ တန်းတန်းစွဲဖြစ်နေခဲ့တာမျိုး ကျတော့ရော' ဆိုတော့ ကျော်မြင့်က စိတ်ပျက်သွားသလို စုတ်တစ်ချက်သပ်လိုက်သည်။ ပြီးမှ-

'အဲဒါ စောက်ရူးတွေကွ ရာဇာရ။ အဲဒါ စောက်ရူးတွေ။ မှတ်ထား၊ ကျော်မြင့်လိုကောင်မျိုးမှာ အဲဒါမျိုး ဘယ်တော့မှ မရှိဘူး။ ဘာကိုမှ အစွဲအလမ်းမထားတတ်ဘူးကွ'

ကိုယ့်ကိုယ်ကို အထင်ကြီးနေသည့် လူတွေ အရက်မူးနေလျှင် နပ်ချ၍ အရမ်းကောင်းသည်။

ကျော်မြင့် မသိသေးတာက သူ မိန်းမကိစ္စမှာ နပ်သလို ကျွန်တော်လည်း အရက်ကြောမှာ နပ်သည်။ ဒါကို သူ မသိ။ ကျွန်တော်ကတော့ အစကတည်းက ကိုယ်လိုချင်သည့် ပုံစံနပ်ကြောင်းပေးထားသည့် ဖဲမို့ ကိုယ့်အချိုးနှင့်ကိုယ် အေးဆေးသက်သာ ဝေနေသည်။

ကျော်မြင့်ကို စွဲလမ်းမှုကိစ္စဆီ စကားလမ်းကြောင်းပေးကာ ဆွဲခေါ်သွားသည်။

ကိုယ်မျှော်လင့်ထားသည့်အတိုင်းပင် သူက ပျော့ညံ့သူများသာ စွဲလမ်းတတ်သည်။ 'ဒီမှာ ကျော်မြင့်' ဟုဆိုကာ သူ့ရင်ဘတ်ပင် သူပုတ်ပြပြီး 'ဘယ်တော့မှ မစွဲလမ်းတတ်'ဟု ဆိုသည်။

သားကောင်က ကျွန်တော့်ထောင်ချောက်ထဲကို မိုက်မိုက်မဲမဲ တိုးဝင်လာခဲ့လေပြီ။ အပီချဉ်ကာ အပိုင်ရိုက်ဖို့သာ လိုတော့သည်။ ကျွန်တော်တို့ အလောင်းအစားတစ်ခုလုပ်ဖို့ နှစ်ဦးစလုံး သဘောတူလိုက်ကြလေသည်။

❑

၆။

ကျွန်တော့် ထောင်ချောက်ထဲသို့ ကျော်မြင့်ဟာ သနားစဖွယ် သက်ဆင်းလာခဲ့ချိန်မှာ ကျွန်တော်က အစဉ်းစားအဆင်ခြင်မဲ့ ပျော်နေခဲ့မိ၏။ ထိုအချိန်က ကျွန်တော့်ရင်ထဲက ဆူးကလည်း ကျော်မြင့်သွေးကိုသာ မွတ်သိပ်ဆာလောင်နေခဲ့သည်။

ထိုအချိန်က တစ်စုံတစ်ယောက်က မလုပ်သင့်ပါဘူးဟု ပြောလာခဲ့လျှင်ပင် ကျွန်တော့်အနေနှင့် ခါးခါးသီးသီး ငြင်းဆန်ခဲ့မိမှာ အမှန်ပင် ဖြစ်သည်။

ကိုယ်နိမ့်ပါးခဲ့စဉ်က၊ ကိုယ်ဒူးထောက်အညံ့ခံခဲ့စဉ်က သူပြုံးသွားသည့်အပြုံး၊ သူသုံးသွားသည့် စကားလုံးအသုံးအနှုန်း၊ ပြီးတော့ သူ့လေသံ ဟန်ပန်အမူအရာအားလုံးကို အနှေးပြကွက် ပြန်ကြည့်နေရသလို ပြန်မြင်ယောင်လာမိသည်။ ပြီးတော့ အေးမြသီတာ...။

သူ့လက်ဖျံထဲကို ကိုယ်တိုင် အပ်စိုက်ပေးမိသည်အထိ ကျွန်တော် မိုက်မဲခဲ့မိပါသည်။

အလောင်းအစားက ရှင်းပါသည်။ ဘာကိုမှ မစွဲလမ်းတတ်သူကြီးဟာ နံပါတ်ဖိုးကို ခုနစ်ရက်တိတိ သုံးစွဲမည်။ မစွဲစေရ။

စွဲခဲ့သော် ခုနစ်ရက်စာ ကုန်ကျငွေကို သူ ရှင်းရမည်။ ပြီးတော့ တစ်ဝိုင်း ကောင်းကောင်းပြုစုမည်။

မစွဲခဲ့သော် ကျွန်တော်က ခုနစ်ရက်စာကျသင့်ငွေနှင့် တစ်ဝိုင်းပေါ့။ အလောင်းအစား ပျက်ပြယ်သွားမည်စိုးသဖြင့် မူးမူးရူးရူးနှင့်ပင် သူ့ကို စတင်သုံးစွဲစေခဲ့လိုက်ခြင်းဖြစ်သည်။ ဒီလိုနှင့် ခုနစ်ရက်ပြည့်၍ ရှစ်ရက်မြောက်နေ့ကျတော့ သူ့ကတိအတိုင်းပင် သူ ကျွန်တော်နှင့် လာအိပ်သည်။

လုံးဝမသုံးစွဲ၊ စွဲလမ်းခြင်းမရှိ ဆိုသော သဘောဖြစ်သည်။

နောက်ရက် ညနေကျ ကျွန်တော့်ကတိအတိုင်းပင် ခုနစ်ရက်စာ ကုန်ကျငွေအပြင် သူ့ကို တစ်ဝိုင်းကောင်းကောင်း ပြုစုလိုက်ရသည်။

အဲဒီနေ့က သောက်ရင်းစားရင်း သူ့နဖူးမှာ စို့တက်လာသည့် ချွေးစေးတွေကို ကြည့်ရင်း သူ့ကို အပင်းသွင်းသလို ချီးကျူးစကားတွေ တရစပ်ပြောနေမိသည်။

အမှန်အတိုင်း ဝန်ခံရလျှင် ကျွန်တော့်ရင်ထဲမှာ ပီတိအပြည့်ပင်။

❑



www.burmeseclassic.com

www.burmeseclassic.com

၇။

အခြေအနေက ကျွန်တော် မျှော်လင့်ထားသလို အားလုံး ဖြစ်လာခဲ့သည်။ ကျော်မြင့်ဟာ ကျွန်တော် အရှုံးပေးပြီး တစ်ရက်နှစ်ရက် အတွင်းမှာပဲ သိသိသာသာ မှင်ပျက်လာခဲ့သည်။ သူ့အသွေးအသားမှာ ပျော်ဝင်ဖူးသော ဟီးရိုးအင်းက သူ့ဂုဏ်သတင်းနှင့်အညီ အစွမ်းပြလာခဲ့လေပြီ။

အရင်က အချိန်နှင့် အိပ်၊ အချိန်နှင့် စားတတ်သော ကျွန်တော်တို့ မင်းသားချောကြီး ကျော်မြင့်ဟာ ည ဆယ့်နှစ်နာရီ၊ တစ်ချက် တံခါးလာခေါက်ကာ ဆေးလိပ် လာလာ တောင်းတတ်လာခဲ့ပြီ။

အမြဲလို တက်ကြွလန်းဆန်းနေတတ်သည့် ကျော်မြင့်ဟာ အမြဲလို ငေးငိုင်ထိုင်းမှိုင်းလာခဲ့ပြီ။ အရင်က စကားပြောရင်း အင်္ကျီလက်ကို ခေါက်ခေါက်တင်တတ်သည့် ကျော်မြင့်ဟာ အခုတော့ ခေါက်မတင်တော့ပြီ။ သူ့လက်ဖျံမှာ အပ်ပေါက်တွေ များများလာတာနှင့် အမျှ စကားနည်းနည်းလာသည့် ကျော်မြင့်ဟာ တစ်နေကုန် အခန်းထဲက မထွက်ဘဲ အခန်းအောင်းနေတတ်တာမျိုး ဖြစ်လာခဲ့သည်။

ဆိုပါစို့။ ကျွန်တော်ဆင်သည့် ထောင်ချောက်ထဲကို ကျော်မြင့်ဟာ တစ်ဘဝလုံး သုံးစားမရအောင် ကျဆုံးသွားခဲ့ရပါပြီ။

ကျွန်တော် မျှော်လင့်ထားသလို ဖြစ်လာခဲ့ပြီဟုပဲ ဆိုပါကြစို့။

ကျွန်တော် ပျော်နေရဲ့လား။ ဟင့်အင်း ကျွန်တော် မပျော်ပါ။ ကျွန်တော် လုံးဝ ပျော်၍ မရခဲ့ပါ။

လူငယ်တစ်ယောက်၏ မာနနှင့် မလုပ်သင့်တာကို လုပ်ခဲ့မိပေမဲ့ လူတစ်ယောက် ဘဝပျက်သွားတာကို တစိမ့်စိမ့် အရသာခံကြည့်ပြီးတော့ ပီတိဖြစ်နေရလောက်အောင် အထိ ကျွန်တော် မယုတ်မာနိုင်ခဲ့ပါ။

ကျွန်တော် မှားခဲ့မိပါသည်။ လုံးဝ အဖတ်ဆည်၍ မရအောင် မှားယွင်းခဲ့မိပါသည်။

ကျော်မြင့် မိဘများနှင့် တွေ့သည့်အခါတိုင်း၊ သားရယ် မင်းသူငယ်ချင်းကို မင်းကြည့်ပြောပါဦးဟု ဆိုလာသည့်အခါတိုင်း ကျွန်တော်ဟာ သူတို့ရှေ့ကနေ ရုတ်တရက် အငွေ့ပြန်ပျောက်ကွယ်သွားချင်လောက်အောင် ရှက်ရွံ့နာကျင်ခဲ့မိပါသည်။

သို့သော် နောင်တက နောင်တမျှသာ။ ပြင်ဆင်ခွင့်ကား လုံးဝ မဲ့ခဲ့ရလေပြီ။

❑

၈။

အုပ်စုဖွဲ့ကာ ရှိုက်ရှိုက်ငင်ငင် ဆွဲအူနေသော ခွေးအူသံများကို ကြားနေရသည်။ နံရံကပ်နာရီဆီက စက္ကန့်တံလေး တချောက်ချောက် ရွေ့လျားနေသံက ချောက်ချားဖွယ်ရာပင်။ ကျွန်တော့်အခန်းဆီ တဖျပ်ဖျပ်လာနေသော ခြေသံလိုလို ကြားမိနေသည်။ ကျော်မြင့်လားဆိုသည့်အတွေးက ကျွန်တော့်ကို ခေါင်းနားပန်း ကြီးသွားစေသည်။ ကျွန်တော် အရက်ကို ခပ်ကြမ်းကြမ်းမော့သောက်ပစ်လိုက်သည်။ သို့သော် ည၊ မနက် ဆက်နေခဲ့သော အရက်က မမူးတော့ဘဲ ထုံလာတော့သည်။ ဒါနှင့်ပဲ နောက်ဆုံး ညက ကျော်မြင့် ကျွန်တော့်ဆီ ရောက်လာပုံကို ပြန်တွေးမိပြန်သည်။

အဲဒီနေ့ ညက ညဆယ့်တစ်နာရီလောက်မှာ ကျွန်တော့်ပြတင်းတံခါးကို ခပ်ဖွဖွ လာပုတ်သံ ကြားရသည်။ အခါတိုင်းလိုပဲ ကျော်မြင့် ဆေးလိပ်လာတောင်းတာပဲ နေမှာပါလေဆိုပြီး ကျွန်တော် ပြတင်းတံခါးကို အေးအေးဆေးဆေး ဖွင့်လိုက်သည်။ ကျော်မြင့်…။

ပြတင်းတံခါးက လျှံကျလာသည့် အလင်းရောင်အောက်မှာ မျက်ဆန်နက်မပါသည့် မျက်သားဖြူဖြူကြီးတွေနှင့် ကျွန်တော့်ကို မော့ကြည့်နေသည်။ ပြီးတော့ လက်နှစ်ဖက်ဆန့်တန်းကာ ကျွန်တော့်ကို ဂူးဂူးဝါးဝါး လှမ်းပြောနေ၏။ ပါးစပ်လှုပ်လိုက်တိုင်း လည်ပင်းက ပွက်ခနဲ ထွက်ကျလာသော သွေးတွေမှာ သူ့အင်္ကျီ ရင်ဘတ်ပေါ်တွင် မြင်မကောင်းအောင်ပင် စီးကျနေသည်။

ကျွန်တော် ကြည့်နေတုန်းမှာပဲ ကျွန်တော့်ဆီ လက်နှစ်ဖက်ဆန့်တန်းကာ ပြိုလဲကျသွားခဲ့သည်။ ကျွန်တော် ငယ်သံပါအောင်ပင် အော်လိုက်မိပါသည်။ အဲဒါ ကျွန်တော် ကျော်မြင့်ကို နောက်ဆုံး တွေ့လိုက်ရခြင်းပင်။ ပတ်ဝန်းကျင်နှင့် ကျော်မြင့်၏ မိဘအသိုင်းအဝိုင်းကတော့ ပြောကြသည်။

'အရမ်းချစ်ကြတဲ့ သူငယ်ချင်းတွေလေ'တဲ့။

'သေတာတောင် သူ့သူငယ်ချင်းရှိရာ သွားသေတယ်'တဲ့။

တကယ်တော့ ကျော်မြင့် နောက်ဆုံးပြောသွားသည့် စကားများကို ကျွန်တော် နားလည်နိုင်ပါသည်။

'ကြည့်စမ်း ရာဇာ၊ ဒါ မင်းဖြစ်စေချင်တဲ့ ပုံစံ မဟုတ်လား'ဟု လာပြောသွားခြင်းပင် ဖြစ်မည်။

မျက်ဆန်မပါပေမဲ့ သူ့အကြည့်တွေကို ကျွန်တော် နားလည်ခဲ့မိသည်ဟု ထင်ပါသည်။

'သွားတော့ သူငယ်ချင်းရယ်၊ ငါလည်း မကြာခင် မင်းနောက်လိုက်လာခဲ့မှာပါကွာ'

ကျွန်တော် နာရီကို တစ်ချက်လှမ်းကြည့်မိသည်။ ၃ နာရီ ၁၃ မိနစ်။ လက်ကျန်အရက်ကို အပြတ်ရှင်းလိုက်သည်။ နံရံက ဓားဆီ အကြည့်ရောက်သွားသည်။

မကြာခင် ကျော်မြင့်လာခေါ်တော့မည် မဟုတ်လား။ ပြတင်းတံခါးကို ခပ်ဖွဖွ ရိုက်ပုတ်နေသံ ကြားလိုက်ရသည်။ ဒီတစ်ခါတော့ ဆေးလိပ်လာတောင်းတာ မဟုတ်လောက်တော့…။

ကျွန်တော် နံရံက ဓားဆီ အကြည့်ကို စူးစိုက်ထားမိသည်။

ကျော်မြင့် ကိုယ့်လည်ပင်းကို ဓားနှင့် လှီးတုန်းက ဘယ်လိုခံစားနေရလဲ နားလည်လာခဲ့မိပါသည်။

ဒီည မိုးလင်းတော့မည် မဟုတ်ပေ။ ■

ဓဓ



www.burmeseclassic.com

www.burmeseclassic.com

*စာမျက်နှာ(၂၂၅)မှ…*

နေပုံရ၏။ အသံသည်ကား ထွက်မလာနိုင်။

❑

ဒီနေ့ ဒီအခန်းထဲမှာ နောက်ဆုံးနေရမည့်နေ့ ဖြစ်သည်။ လက်ဖဲကစားသော ကလေးငယ်များကို နောက်ဆုံး မြင်ရမည့်နေ့ဆိုလျှင်လည်း မမှား။ ဒီအခန်းမှာ နေစဉ်အတွင်း ဤကလေးငယ်များသည်သာ စိတ်၏ ဖျော်ဖြေရာ ထွက်ပေါက်တစ်ခု။ ပထမဆုံး ကစားသည့်နေ့ နဖူးတောက်ကြသည်။ နောက်တစ်ရက် ဒူးခေါက်ကြသည်။ တတိယမြောက်နေ့တွင် တစ်ယောက်မျက်နှာ တစ်ယောက် အိုးမဲသုတ်ကြသည်။ သူတို့၏ လောင်းကြေး ပြောင်းလဲမှုကို စိတ်ဝင်စားမိသည်။ သူတို့ ကစားပွဲသည် သူတို့၏ အရှုံးတွေကို တစ်နေ့ချင်း လျှော့ချနိုင်ခဲ့သည်ကို သတိထားမိသည်။ ဒီနေ့ ဘာကြေးလောင်းကြမည်လဲဟု စိတ်စောစွာ သိချင်နေမိသည်။ ကလေးနှစ်ယောက် ရောက်လာပြီ။ တစ်ယောက်က မလာသေး။ နေမကောင်း၍ များလားစိတ်ပူမိသည်။ ဒီနေ့ မလာတော့ဘူးဆိုလျှင် သိချင်နေသော အာသီသ တစ်ခုကို ဘယ်တော့မှ သိနိုင်တော့မည် မဟုတ်ပေ။

ကလေးငယ်တစ်ယောက် ခုန်ပေါက် ပြေးလွှားလာသည်ကို တွေ့ပြီ။ ဒါဆို ဒီနေ့ပွဲကို ကြည့်ရပေဦးမည်။

လောင်းကြေးအတွက် ပြောဆိုငြင်းခုံနေကြသည်ဟု ထင်သည်။ ကစားဖို့နေရာပြင်ကြသည်။ ဘယ်သူ ဘယ်နှပွင့် ရသည်ကို လှမ်းမမြင်နိုင်။ နောက်ဆုံး တစ်ယောက် အလှည့်ပြီးမှသာ လောင်းကြေးကို သိနိုင်မည်။

'ဒေါင်း… ဒေါင်း'

လာခေါ်ကြပြီ ထင်သည်။

'ခဏနေကြပါဦး၊ တံခါး မဖွင့်လိုက်နဲ့ဦးနော်၊ ကိစ္စလေး မပြီးသေးလို့'

အညစ်ကြေးစွန်းနေသည့်ဟန်ဖြင့် အသံကို ခပ်အစ်အစ်လုပ်၍ ပြောလိုက်ပြီးဆက်ချောင်းကြည့်လိုက်သည်။

ကလေးငယ်တို့.

**တစ်ယောက်နိုင်**
**နှစ်ယောက်ရှုံးဖြင့်**
**တစ်လှည့်စီ**
**နိုင်လိုက်ကြ**
**ရှုံးလိုက်ကြဖြင့်**
**ပွဲကို**
**အဆုံးသတ်ချိန်တွင်**
**အားလုံး**
**မျက်နှာမှာ**
**ရှုံ့မဲ့၍**
**ကိုယ့်နဖူးကို**
**ကိုယ်စီပွတ်ကာ**
**ပြန်သွားကြသည်**
**ကျောင်းသွားချိန်**
**ကျပြီထင်၏**

လောင်းကြေးကို သိလိုက်ရ၍ ကျေနပ်စွာ ပြုံးလိုက်မိသည်။ အနိုင်ရသော ကလေးငယ်ကို တခြားကလေးငယ် နှစ်ယောက်က တစ်လှည့်စီ ကုန်းပိုးနေကြသည်။ မကျေနပ်သည့် အရိပ်အယောင်များ ရှိမည် မထင်။ သူတို့လည်း ကုန်းစီးဖို့ အခွင့်အရေး ရှိနေသေး၍ ဖြစ်သည်။ အရင်နေ့တွေမှာ သုံးယောက်စလုံး အရှုံးဖြင့်သာ ပြီးဆုံးခဲ့သည့် ပြိုင်ပွဲ။ ဒီနေ့မှာတော့ အနည်းအများ ကွာခြားရုံမျှသာရှိပြီး အနိုင်ကိုယ်စီဖြင့် အိမ်ပြန်ကြရတော့မည်။ မိမိသည်သာ အနိုင်မရှိသော လောက ကစားပွဲမှာ ဘဝတစ်ခုလုံး ပုံအောလောင်းခဲ့မိသည်။

❑

'အဘိုးကြီးက သူ့နည်းနဲ့ သူ့ပြန်သတ်မှာစိုးလို့ ဘယ်သူ ဆေးတိုက်လို့မှ သောက်မှာ မဟုတ်တော့ဘူး၊ သူ့ရောဂါနဲ့သူ သွားမှာပဲ။ မင်းလုပ်ရမယ့်ကိစ္စသာ ပိုင်အောင်လုပ်'

'ကတိတည်ရမယ်နော် မမ'

'စိတ်ချပါ မောင်လေးရယ်၊ ဒီကိစ္စကို ရှင်းပြီးတာနဲ့ တခြားနေရာမှာ ပျော်ပျော်ကြီး သွားနေကြမယ်။ မင်းမိသားစုအတွက်လည်း ဘာမှ မပူရအောင် ပေးခဲ့မယ် ဟုတ်ပြီလား၊ အဟင်း ဟင်း'

တစ်ရေးနိုး၍ အပေါ့သွားချင်သောကြောင့် သန့်စင်ခန်းဘက်အသွား ကြားလိုက်ရသော ခွေးဇာတ်ခင်းသံတို့ကြောင့် အခန်းထဲသို့ ပြန်ဝင်လိုက်သည်။ အဖေတော့ အမေ့အပေါ် ကျူးလွန်ခဲ့သော သူ့တရားက သူ့ကို စီရင်ခဲ့ပြီ။ ကျွန်တော့်စိတ်မှာ မကျေမချမ်း တွေးနေမိသည်မှာ-

'တောက်… တော်တော်လည်တဲ့ မိန်းမပဲ၊ ဒီအိမ်မှာ အဖေမရှိတော့တာနဲ့ ငါ့ကိုပါ အပြတ်ရှင်းပြီး အားလုံးကို အပိုင်စီးဖို့ ကြံထားတာပဲ၊ မာလီကောင်လေးရဲ့ မိသားစုနွမ်းပါးမှုကို အပိုင်ကိုင်ပြီး ပြစ်ဒဏ်အားလုံး ခံခိုင်းမယ့်သဘောပဲ။ ကိုယ်က လက်ဦးမှုရအောင် ယူရမယ်'

❑

'အဲဒါပဲဗျာ ကျွန်တော်က လောင်းကြေးကြီးတဲ့ ဒီကစားပွဲမှာ ဝင်ကစားခဲ့မိတယ်၊ လက်ဦးမှုယူပြီး သူသောက်မယ့် အချိုရည်ဘူးတွေထဲ ပိုးသတ်ဆေးတွေ ဆေးထိုးပိုက်နဲ့ ထိုးထည့်ပြီး သူသောက်လိုက်ချိန်မှာ ဒီကစားပွဲ နိုင်ပြီလို့ ကျွန်တော်တွေးခဲ့မိတာ။ သိပ်မကြာခင်မှာ ကျွန်တော်လည်း သေစားသေစေ အမိန့်ကြောင့် ဒီကစားပွဲရဲ့ အရှုံးကို ပြန်ရင်ဆိုင်ရတော့မှာလေ။ ကျွန်တော်တို့ ကစားပွဲမှာ အားလုံးရဲ့ အရှုံးတွေ နည်းနည်းစီပဲဖြစ်ဖြစ် လျှော့သွားမလား ဆိုတဲ့ စိတ်နဲ့ အားလုံး ညီတူမျှတဲ့ အလှူတစ်ခုကို ပြုခဲ့တာပါ'

'…'

'ဒီကိစ္စကို နောင်တစ်ချိန် တစ်ယောက်ယောက်ကို ပြန်ပြောပြမယ်ဆို နာမည်တွေ၊ နေရာတွေ ထည့်မပြောဖို့ကိုတော့ တောင်းပန်ခဲ့ပါရစေ ဦးရယ်'

■

**ကိုသျှုံ**၊ဒီပဲယင်း၊



www.burmeseclassic.com

# ရေဒီယိုတစ်လုံးနှင့် စကားစမြည်

**အဇ္ဈတ္တ**

အမှတ် ၃၄၃၊ ဇွန်၊ ၂၀၁၀
ရုပ်စုံမဂ္ဂဇင်း
ဝတ္ထုရှည် ၈/ဆုံး

အဘိုးလေးကို
ပြေးမြင်ယောင်မိသည်။
အဘိုးလေးက အအေးဓာတ်ကို
အင်မတန် ကြိုက်တတ်သလို
ရေကိုလည်း အတော့်ကို ကြိုက်တယ်။
တော်ရုံ ဖျားခြင်း၊ နာခြင်းလည်းမရှိ။
မကွယ်လွန်ခင် ရက်သတ္တ
တစ်ပတ်လောက်အထိ
ခြေသလုံး ပိန်ပိန်လေးနှင့်
ရပ်ကွက်ထဲ သွားလာနေထိုင်ရင်း
အသက် ၈၇ နှစ်ထဲဝင်မှ
အိပ်ရာထဲအိပ်နေရင်း ဆုံးပါးသွားခဲ့သည်။
ဘယ်အချိန် အသက်
ထွက်သွားသည်ကိုပင်
ကျွန်တော်တို့ မသိလိုက်။
အဘိုးလေးအကြောင်း တွေးမိတော့
ဘိုးဘွားမိဘတွေ ရှိစဉ်က
ပြောပြခဲ့သော အဘိုးလေးအကြောင်းများ၊
အတူနေထိုင်ခဲ့စဉ်က
အဘိုးလေး ပုံရိပ်များကို
အလွမ်းအမျှင်တန်းမိသည်။
တကယ်တော့ အဘိုးလေးက
ကျွန်တော်တို့ မိသားစုနှင့် မည်သို့မျှ
သွေးသားတော်စပ်ခြင်း မရှိချေ။
ကျွန်တော့်အဘွား ဒေါ်အောင်၏

ထင်မှတ်မထားသော
မိုးက
ကောင်းကင်ရင်ဘတ်ကြီး
ဖြန်းခနဲကွဲကျလာသလို
ရွာချလာတော့ လေနှင့်မိုး
တစ်ချက် ဖွေ့လိုက်တိုင်း
ကျွန်တော့်တစ်ထပ်
ပျဉ်ထောင် အိမ်လေးခမျာ
သိမ့်ခနဲ သိမ့်ခနဲ
ယိမ်းထိုးလို့နေ၏။
နာဂစ်မုန်တိုင်းဒဏ်
ခံထားရလေ၍ ခုလို
မိုးသည်းလေထန်လေတိုင်း
ကျည်ကျည်ကျာကျာ
အသံများက
တစ္ဆေခြောက်သလို
ဟိုမှသည်မှ
ထွက်ပေါ်လို့နေသည်။
သည်အသံများကြောင့်
ကျွန်တော့်အမေသည်လည်း
မေးစက်နေရာကနေ
နိုးထ,လာပုံရသည်။
'ဟဲ့… သားရေ၊
နင့်မိန်းမ
ကလေးသွားကြိုတာ
ထီးရော ပါသွားရဲ့လား'
'ယူသွားပါတယ်
အမေရာ။ ဒီမလာနဲ့၊
အခန်းထဲမှာပဲနေ။ လေရော
မိုးရော ချနေတာ
အေးတယ်'
'အေးအေး၊ မိုးကလည်း
ရွာလိုက်တာပ။ သား
အဘိုးလေးပုသာ
ရှိနေသေးရင်တော့
မြင်ယောင်နေသေးတယ်။
မိုးရွာထဲ ငုတ်တုတ်
ထွက်ထိုင်နေဦးမှာ'
ရေတံလျှောက်မှာ
တဖွဲဖွဲကျနေသည့်
မိုးရေဖွေးဖွေးကိုကြည့်ရင်း
အမေက ပြောလာ၍
ကျွန်တော်လည်း

အဘိုးလေးက
လူသာရှုးသည့်
ဘုန်းမရှုးဟု
ပြောရလေမည်လား
လူ မစွမ်း
နတ်မ,လို့
ပြောရလေ
မည်လားမသိ
တစ်ရက်မှာ
ကျားနှင့်
ပက်ပင်းတိုးကာ
ပစ်ချလိုက်တော့
ကျားက
နောက်ကျွမ်းပစ်ကာ
ထွက်ပြေးသွားသည်





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

မိဘများက မွေးစားခဲ့သည့် လယ်စာရင်းငှားတို့၏ သားတစ်ဦးသာဖြစ်သည်။ အဘိုးလေးက ကျွန်တော့် အဘိုးအဘွားတို့အောက် အသက်ငယ်လှလျှင် ဆယ့်လေး,ငါးနှစ်။ ကျွန်တော့် မိဘများနှင့် ကျပြန်တော့လည်း ကြီးလှ ဆယ်နှစ်သာသာ။ အဘိုးအဘွားတို့.မှ ခေါ်တော့ မောင်ပု။ အမေတို့.ကခေါ်တော့ ဦးကြီးပု။ ကျွန်တော်တို့ ကျတော့ ဘိုးလေးပု ခေါ်သူခေါ်၊ အဘိုးလေးလို့ ခေါ်သူခေါ်။

အဘိုးလေးသည်လည်း ကျွန်တော့်အမေရဲ့ အိပ်ရာဝင် ပုံပြင်များကဲ့သို့သော သူ့အတိတ်ဘဝဇာတ်ကြောင်းများကို နားကြားဆိမ့်အောင် ပြောပြတတ်သည်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးတော့ အမေက ရှစ်နှစ်သာသာအရွယ်။ ထိုစဉ်က မိုးညှင်းဆိုသည်မှာ ရွာငယ်ဇနပုဒ် မီးလေးမှိတ်တုတ်အဆင့်ကနေ တက်လှမ်းခါစ မန္တလေး- မြစ်ကြီးနားရထားလမ်းဘေးမှ စစ်လမ်းကြောင်းကျသော ရွာကြီးတစ်ရွာသာဖြစ်သည်။ ဘိုးဘေးများက ရွာနီးဝန်းကျင် တောတောင် ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းကာ ဓားမဦးချ တောင်ယာလုပ်ကိုင်ခဲ့သောကြောင့် စစ်ကြီးပြီးသည်တိုင် လယ်ဧကပေါင်းတစ်ရာခန့် ပိုင်ဆိုင်နေသေးကြောင်း သိခဲ့ဖူးသည်။

ပေနှစ်ရာပတ်လည်ခန့် ခြံကျယ်ကြီးထဲတွင် လယ်ပိုင်ရှင်၊ စာရင်းငှားပါ ပေါင်းစုနေထိုင်ခဲ့ကြသည်။ ထိုစဉ်က တောင်ယာအလုပ်က လွယ်လွယ်တော့မဟုတ်။ အန္တရာယ်အသွယ်သွယ် ဝန်းရံနေပုံက အဘိုးလေးကိုယ်တိုင် ကိုယ်တွေ့ပင်။

တစ်နေ့တွင် တောထဲ နယ်ကျွံလာသော ကျွဲနွားတိရစ္ဆာန်တို့ကိုသာ ဆွဲတတ်သည့်ကျားက ရွာထဲဝင်ကာ လူပါဆွဲချသွားသည်။ ဆီဦးထောပတ် စားမိသည့်ကျားက နောက်ပိုင်း ရွာခြေဆီ ညစဉ် လာချောင်းမြောင်းနေတော့သည်မို့ ညညဆို မီးခွက်ပင် ရဲရဲ မထွန်းကြတော့။ တောင်ယာများထဲတွင်လည်း လူသူကင်းမဲ့ကုန်သည်။ ခွဲကောင်းသည့် ကျားကလည်း အလျှော့မပေး။ တဖြည်းဖြည်း အတင့်ရဲလာကာ နေ့ညမရွေး လစ်လျှင်လစ်သလို ဝင်ဝင်ဆွဲသည်မို့ ရွာလေးခမျာ တစပြင်လိုဖြစ်နေချိန်တွင် လူပျိုပေါက် အဘိုးလေးက မိုက်တိမိုက်ကန်း သူ့ဇ,ကို ထ,ပြတော့သည်။

'သူကြီး၊ ခင်ဗျားတို့ မပစ်ရဲတဲ့ကျား ကျုပ်ပစ်ပြမယ်။ ခင်ဗျား သေနတ်သာပေး'ဆိုပြီး မြောက်ကားကြီး သွားလုပ်တာ မောင်ရေ။ အဲဒီ မောင်ပုဆိုတဲ့အကောင် အရက်လေး သောက်လိုက်၊ လစ်ရင် လစ်သလို ဘိန်းလေးရှုလိုက် စောက်တိစောက်ကန်းပါဆို။ သူကြီး ဦးမရမ်ကလည်း သူ့လူကြားထဲ လာပြောတာခံရတော့ စောက်တိစောက်ကန်းကောင် ကျားကိုက်ပြီး မြန်မြန် သေပြီးရော တွေးမှာပ။ သူ့ နှစ်လုံးပြူးသေနတ်ကြီး တကယ်ပေးလိုက်တာ မောင်ရေ့။ ငါ့မယ် ဘိန်းခန်းတွေ လိုက်ရှာရ၊ အရက်ဆိုင်တွေ လိုက်မေးရနဲ့။ ဒီအကောင် တော်တော်ဆိုးတယ်ဆို'

အဘွားက ငိုယိုကြိမ်းမောင်းပြီး နောက်က လိုက်တားချိန်မှာ အဘိုးလေးက သေနတ်ကြီးကို ဦးမရမ်ဆီ ဟန်ပြ သွားအပ်လိုက်သေးသည်။ ပြီးတော့မှ အဘိုးနှင့် အဘွား အလစ်မှာ လစ်ခနဲ ပြန်ပျောက်သွားသည်မှာ လေး,ငါးရက်တိုင် လူကိုရှာမတွေ့။ သတင်းကိုကြားရသည်။ ဦးမရမ်း၏ နှစ်လုံးပြူးကြီးကိုတော့ လာယူသွားသည်တဲ့။ အဲ့ဇကားပုံထဲကလိုပင် အဘိုးလေးက လူသာရှုးသည် ဘုန်းမရှုးဟု ပြောရလေမည်လား၊ လူမစွမ်း နတ်မ,လို့ ပြောရလေမည်လား မသိ။ တစ်ရက်မှာ ကျားနှင့် ပက်ပင်းတိုးကာ ပစ်ချလိုက်တော့ ကျားက နောက်ကျွမ်းပစ်ကာ ထွက်ပြေးသွားသည်။ မနက်လင်းလို့ လူအုပ်ဖွဲ့.ကာ ကျားထွက် ပြေးရာဘက် လိုက်ကြည့်တော့ သွေးကွက်များက ဟိုမှာဒီမှာ ထင်ထင်ရှားရှား။

မောင်ပု ကျားကိုပစ်လိုက်ပြီဆိုသော သတင်းက အဘိုးအဘွားတို့နားတွင်မက မီးရထားရုံ ပိုင်ကြီးကောင်းမှုကြောင့် မိုးကောင်း အင်္ဂလိပ်အရေးပိုင်နားအထိ ပေါက်သွားသည်။ ကျားသေကိုရလျှင် ထိုက်တန်သည့်ဆုတော် လာဘ်တော်များ ချီးမြှင့်မည်ဆို၍ ရရာလက်နက်နှင့် လူအုပ်ဖွဲ့.ကာရှာကြတော့ သူကြီး ဦးမရမ်က ရှေ့ဆုံးမှဆိုပြီး ပြောရင်း ဟားတိုက်ရယ်နေသည့် အဘွား၏ မညီမညွတ် သွားကျိုးလေးများကို ကျွန်တော်ပြန်ကာ လွမ်းမိသည်။

သုံးရက်လောက် ပိုက်စိပ်တိုက် ရှာလိုက်တော့ ကျားသေကို တွေ့.ပါလေရော။ အင်္ဂလိပ်အရေးပိုင်က သူ့ကတိကဝတ်အတိုင်း ငွေတစ်ရာနှင့် အဘွားက ဝင်ချက်စတာ အမျိုးအစားဟုပြောသည့် အမဲပစ်ပြောင်းရှည်သေနတ်တစ်လက်၊ ကျည်အတောင့် ၂၀ ကို တကယ်ပင် ဆုချသည်။ အဖေရှိစဉ်က သည်သေနတ်ကြီးအကြောင်း၊ ကျားပစ်ခဲ့ပုံ အကြောင်း စကားစ,မိတိုင်း အဖေက ပြုံးစေ့စေ့နှင့် စ,တတ်လိုက်

ကျားသေကိုရရင်
ထိုက်တန်သည့်
ဆုတော်
လာဘ်တော်များ
ချီးမြှင့်မည်
ဆို၍
ရရာလက်နက်နှင့်
လူအုပ်ဖွဲ့.ကာ
ရှာကြတော့
သူကြီး ဦးမရမ်က
ရှေ့ဆုံးမှဆိုပြီး
ပြောရင်း
ဟားတိုက်
ရယ်နေသည့်
အဘွား၏
မညီမညွတ်
သွားကျိုးလေးများကို
ကျွန်တော်
ပြန်ကာ
လွမ်းမိသည်



www.burmeseclassic.com

www.burmeseclassic.com

တတ်သည်။ အဘွားကို တိုင်တည်ရင်းနှင့်…။

'ဦးကြီးရာ၊ ဦးကြီးရမ်းပစ်တဲ့ဘက် ကျားက ခုန်ရှောင်မိလို့ မှန်တာပါ။ ဟုတ်တယ်မလား အမေ။ အမေ့မောင် သေးတောင်ထွက်ကျသေးတယ်ဆို'

'ရော်…ငါ့တူ ချိန်ပစ်လို့မှန်တာပ မောင်။ ကျားကြီးကလည်း မောင်ရေ ဘယ်ကဘယ်လို ပေါ်လာမှန်းမသိ ဘွားခနဲဆိုတော့ ဟဲဟဲ ဦးကြီးလည်း ကြောက်တာပညယ်။ နို့ပေမဲ့ ဦးကြီးပုမပစ်ရင် သူက ခုန်အုပ်တော့မလားတောင် မသိဘူး။ ကြောက်လည်း ချထည့်လိုက်တာ ဒိန်းခနဲနေတာပ။ ပခုံးတူနဲ့အထုခံလိုက်ရလား မှတ်တယ်။ မျက်လုံးထဲ ပြာခနဲပါဆို။ မမ အဲတုန်းက ငါတကယ်ပစ်ခဲ့တာ နော'

'မသိဘူးလေ။ ငါကတော့ မောင်ပုဆိုတဲ့အကောင် ဘိန်းပြောင်းကနေ သေနတ်ပြောင်း ပြောင်းကိုင်တာပဲ အမှတ်ရှိတော့တာဆို။ သေနတ်ဆိုတာ အကျိုးမပေးပါဘူး ငါ့မောင်ရေ'

ကျွန်တော် ငါးတန်းကျောင်းသား အရွယ်ပေမဲ့ သည်စကားတွေကို ယခုတိုင် မှတ်မိနေသည်။ သည်စကားများ ပြောစဉ်က အဘွား၏ မျက်နှာသည်လည်း ဇရာကြားမှာ အလှများစွာဖြင့်။ ဆေးရုံတစ်ရုံမှာ ကျန်းမာရေးမှူးတာဝန် ထမ်းဆောင်နေသည့် အဖေ၏ လိုင်းခန်းကျဉ်းကျဉ်းလေးတွင် မိသားစု တစ်ပြုံတစ်မကြီးလိုက်နေရင်း ဒုက္ခတွင်းနက်ကြီးထဲက နေ ရှေ့ထီးဆောင်းခဲ့စဉ် အချိန်ကာလများကို ပုံပြင်သဖွယ် နားထောင်ရင်း အိပ်မက် မက်ခဲ့ရသော ကာလများပင်။

ဆက်ဦးမည်။ နဂိုကတည်းက ဘိုးဘွားများက မြို့တည်ရွာတည် လယ်ပိုင်ယာပိုင်များ။ သည်ကြားထဲ အဘိုးလေးက အင်္ဂလိပ်အရေးပိုင်မင်းများက ချီးမြှင့်သည့် ပြည်သူ့အသက်အိုးအိမ်စည်းစိမ်ကာကွယ်ပေးသည့် သူရဲကောင်း လက်မှတ်ရဆိုတော့ ထိုခေတ်အခါဝယ် ဘိုးဘွားများက မြို့မျက်နှာဖုံးဟုပင် ကျွန်တော့်အနေနှင့် မရှက်မကြောက် ပြောရပေလိမ့်မည်။ သို့သော် အဘိုးလေးက လူ့ခွစာကြီးဆိုတော့ ကျွန်တော်ကြားမှတ်ခဲ့ရသော သူ့ ကံကြမ္မာကလည်း သူ့လိုပင် ခွတီးခွကျ။

ကျွန်တော့် အဘိုးအဘွားတို့က အဘိုးလေးရသော ဆုတံဆိပ်ကြီးနှင့် သေနတ်ကြီးကို လူအများမြင်သာသည့်ဧည့်ခန်းမှာ တခမ်းတနား ချိတ်ဆွဲကာ လာသမျှဧည့်သည်တော်များကို ဂုဏ်လုပ်တတ်၏။ အဘိုးလေးကတော့ သူ ဆုရသော သေနတ်ကြီးကို ဧည့်ခန်းနံရံကနေ ဖြုတ်လိုက်၊ တိုက်ချွတ်လိုက်၊ ပြန်ချိတ်လိုက်၊ မကြာမတင်ကမှ မွေးထားသည့် နှုတ်ခမ်းမွေးကားကားလေး တသသ လုပ်လိုက်နှင့်။ အဘိုးလေး ဘဝင်လေဟပ်ပုံအကြောင်း ရောက်လျှင် အဘွားက ဂျပန်တပ်များကို ကျေးဇူးတင်ကြောင်း အရွဲ့တိုက်ပြောတတ်သည်ကလည်း အမြဲလိုလိုပင်။

'မောင်မင်းကြီးသား ဂျပန်ငပုလေးများ ရောက်လာလို့သာပ။ ရောက်များမလာရင် အဲဒီဗမာငပု တို့တောင် လူထင်ပါဦးမလား ဆိုတာကိုး။ ဟိုက သတ်မလို့ လက်ပြန်ကြိုးတုပ်ဖမ်းခေါ်ကာမှ မမရေ၊ အပုကို မကယ်နိုင်တော့ဘူးလားဗျတဲ့။ သေးတွေ၊ ချေးတွေကို နံစော်နေတာ။ အား မောင်ရေ ပြောရင်းနဲ့ကို ထွီ'

အဘိုးလေး နှုတ်ခမ်းမွေးကားကားလေးသပ်လို့ မဝခင်မှာဘဲ ကမ္ဘာကြီး၏ ချိန်ခွင်လျှာက ပြောင်းလဲသွားသည်။ ကျွန်တော့်အဘိုးကလည်း ကျွန်တော့်လိုပင် ခေါင်းခပ်အေးအေး နေချင်သူကြီး ဖြစ်လိမ့်မည်။ တစ်ခုကံကောင်းသည်။ အဘိုးဆီမှာ မန္တလေးက တက်ဝယ်ထားသည့် ဇီးကွက်ခေါင်းပုံ သားရေအစွပ်နှင့် ဖိလစ်ရေဒီယိုကြီး ရှိနေသည်။ သည်တော့ စစ်အရိပ်အငွေ့များကို အဘိုးအဘွားတို့က ကြိုသိနေသည်။ အဘွားက နားပူနားဆာလုပ်လွန်းတော့ အဘိုးခမျာလည်း အိမ်အောက်တွင် ပုန်းကျင်းနက်နက်တူးပြီး ပုန်းကျင်းအောက်မှာမှ ဘိလပ်မြေကိုင် အံဝှက်တစ်ခုကို အဘိုးက အခိုင်အမာ လုပ်ထားခဲ့သည်။

အင်္ဂလိပ်စစ်ပြေးများ မိုးညှင်းအနီးနား ရောက်လာသည်။ ထိုမှ ဟူးကောင်းလွင်ပြင်ကနေ အင်ဖာအထိ ခြေလျင် ချီတက်ကြမည်။ ဒီအချိန်မှာပဲ အဘွားက ဘယ်တော့ ပြီးမည်မှန်းမသိသည့် စစ်ဘေးဒုက္ခသည်ခရီးကြမ်းကြီးအတွက် လိုသလောက် လက်ဝတ်လက်စားများကို ရောင်းတန်တာရောင်း၊ ဆောင်တန်တာဆောင်ပြီး ကျန်သည့် လက်ဝတ်လက်စားများကို အံဝှက်ထဲထည့်ပြီး ဘိလပ်မြေအသေကိုင်ဖို့ပြင်သည်။ သို့သော် အဘိုးက သူ့ ဖိလစ် ရေဒီယိုကြီးကိုပါ တစ်ပါတည်း ထည့်မည်ဆိုတော့ အံဝှက်က မဆံ့တော့။ သည်အချိန်တွင် ဂျပန်တပ်များက မိုးညှင်းမြို့လေးထဲ တက်ဒီလှိုင်းများလို အလုံးအရင်းနှင့် ဝင်လာပြီ။ အဘိုးက အဘိုးလေးကိုခေါ်ပြီး လက်ဝတ်ရတနာများရော၊ သူ့ ရေဒီယိုကြီးကိုပါ ဆံ့အောင် အံဝှက်ကိုထပ်ချဲ့ရင်း ကြွက်မြေစာပုံကြီးလို မြေတွေဖို့၊ အပျက်အစီးတွေ ဖြိုဖျက် ပုံကာချရင်း ပုန်းကျင်းကြီးကို စစ်ကြီးပြီးသည်အထိ ရုပ်ဖျက်ထားနိုင်ခဲ့သည်။

ထိုကဲ့သို့ ကိုယ့်အိမ်၊ ကိုယ့်ယာကိုပင် သင်္ချိုင်းမြေပုံများလို ပုံဖျက်ပြီး လူသူတိရစ္ဆာန်များက မြို့နှင့် ခပ်လှမ်းလှမ်း တောင်ကုန်းလေးပေါ်ရှိ တောင်ပေါ်ကျောင်း အင်းဖို အင်းမ စေတီလေးရှိရာဆီ သွားခိုအောင်းခဲ့ကြသည်။ ကိုယ့်အိမ် ကိုယ့်ယာများရှိရာဆီ ကျည်ဆန်၊ ဗုံးဆန်တွေကြားထဲကနေ ခိုးကြောင်ခိုးဝှက်သွားရင်း တချို့က ပြန်ရောက်မလာနိုင်ရှာတော့။ ကျည်ဆန်၊ ဗုံးဆန်ဟူသည်က စစ်ပွဲမှာ သူသေကိုယ်ကျေ ရွေးမှန်တတ်သော မျက်လုံးမျိုး ပါလာလေသည်မှ မဟုတ်ပါပဲ။

မည်သည့်အချိန်၊ မည်သူ့ကြောင့် သေမည်မှန်းမသိ



www.burmeseclassic.com

www.burmeseclassic.com

သည့် စစ်ပြေးများကြားထဲ အဘိုးလေးက သူ့သေနတ်ကြီးကို တောင်ပေါ်ကျောင်းအထိ သယ်လာသည်။ လူကြီး သူမတွေက မည်သို့ပင် နားချစေကာမူ အဘိုးလေးက သူ့သေနတ်ကြီးကို ဂျပန်စစ်တပ်သို့ သွားမအပ်။ ဘယ်သူမှ မသိအောင် တောကြိုချုံကြားမှာ ဝှက်နိုင်သမျှ သွားဝှက်ထားသည်။ သူကြီးဟောင်း ဦးမရမ်နှင့် ဂျပန်ကင်ပေတိုင်အလိုတော်ရိတို့ ပေါင်းမိချိန်ကျမှသာ ဝှက်ထားရာက ယူပြီး အပ်မယ်ပြင်တော့ ဂျပန်တွေက အဘိုးလေးကို အင်္ဂလိပ်လူ ဆိုပြီး လက်ပြန်ကြိုးတုပ်၊ လူသတ်ကုန်းထုတ်တော့သည်။

ထုံးစံအတိုင်း အဘွားက ငိုကြီးချက်မနှင့်၊ အဘိုးကလည်း ပုဆိုးစွန်တောင်နှင့် ရှိခိုးမတတ် တောင်းပန်ကာ ဇာတ်စုံခင်းပြတော့ သဘောကောင်းပုံရသော ဂျပန်အလိုတော်ရိက ရာထူးအကြီးဆုံးဖြစ်ပုံရသည့် လူရွယ်ခန့် ဂျပန်အရာရှိကို ရှင်းပြသည်။ အလိုတော်ရိက ဂျပန်အရာရှိမေးသမျှကို ဦးမရမ်အား ထပ်ဆင့်မေးခွန်းပြန်ထုတ်သည်။ ဟုတ်ကဲ့ချင်းထပ်အောင် ခေါင်းညိတ်ဖြေနေရင်းကြားကပဲ ဂျပန်အရာရှိက ဦးမရမ်ထံ ခြေလှမ်းကျဲကြီးနှင့်လျှောက်သွားပြီး ဦးမရမ်ပါးကို တဖြန်းဖြန်းမြည်အောင် လေး,ငါးချက် လွဲရိုက်ချလိုက်သည်တဲ့။

'ဩော် မောင်ပု မောင်ပု၊ မင်းကတော့ ဂျပန်ဗိုလ်လေးပေးတဲ့ သူ့ရဲကောင်းလက်မှတ် ထပ်ရ။ ကိုယ့်မောင် မသေတော့ ဝမ်းတော့

**အဘိုးလေးက အင်္ဂလိပ်အရေးပိုင်မင်းများက ချီးမြှင့်သည့် ပြည်သူ့အသက် အိုးအိမ် စည်းစိမ် ကာကွယ်ပေးသည့် သူ့ရဲကောင်းလက်မှတ်ရ ဆိုတော့ ထိုခေတ်အခါဝယ် ဘိုးဘွားများက မြို့မျက်နှာဖုံးဟုပင် ကျွန်တော့်အနေနှင့် မရက်မကြောက် ပြောရပေလိမ့်မည်**

သာရတာပဲညယ်။ နို့ပေမဲ့ ဦးမရမ်ကြီးခမျာ တူလောက်၊ သားလောက် ဂျပန်ဗိုလ်လေးက ပါးရိုက်တာ လူအများကြီးရှေ့ ခံလိုက်ရတော့ ခမျာ ခံရခက်ရှာမှာပါ မောင်။ ညတွင်းချင်းကြီး မိသားစုလိုက်ကြီး ပျောက်သွားတော့တာပဲ။ ပြေးရင်းလွှားရင်းနဲ့ သတိရတိုင်း ဆုတောင်းပေးတာ ပေးတာပါပဲမောင်။ ဩော် သူ့ခမျာ ရွာပြန်မရောက်လာရှာတော့ဘူး။ ငါ့မယ် သူ့သားသမီးတွေနဲ့ ဆုံတိုင်း မျက်နှာပူရတယ်။ မတောင်းပန်လိုက်ရဘူး။ အရင်ဘဝက ဝဋ်ကြွေးတွေနေမှာပလေ။ ကိုယ်တောင် ငြင်းရတာမှ မဟုတ်ဘဲ'

အဘွား ထိုသို့ပြောစဉ်က အဘိုးလေးမျက်ဝန်းတွင် ဆွေးရိပ်ကြီး စွန်းထင်းကာ မျက်ရည်ကြည်များ ဝေ့ကာဝဲကာနှင့်။ တကယ်တော့ ဦးမရမ်က အဘိုးလေး၏ သေနတ်ကိစ္စကို တစ်ရွာသားချင်း သစ္စာရှိစွာ လျှို့ဝှက်ပေးထားရှာသည်။ အင်္ဂလိပ်လူ ဆိုပြီး အဘိုးလေးကို သတ်အံ့မူးမူးအချိန်ကျမှ ရှေ့နေသွားလိုက်ပြန်လျှင်လည်း အလိုတူအလိုပါဆိုပြီး အခန့်မသင့်လျှင် ကိုယ်ပါ ကိစ္စတုံးသွားနိုင်သည့် အခြေအနေ။ မိုက်လုပါသည်ဆိုသော အဘိုးလေးပင် သေရတော့မည်ဆိုသော ကြောက်စိတ်ကြောင့် မေးတွေခိုင်ကာ သေးတွေချေးတွေ ထွက်ကျကုန်သည်ဆိုမှ ဖြင့် နဂိုကတည်းက ကြောက်တတ်သော ဦးမရမ်အတွက်ကား ဆိုဖွယ်ရာမရှိပြီ။

'ဟဲ့ သား၊ နင် မိန်းမသွားတာ ကြာပြီ။ မိုးကများတယ်ဟဲ့။ ကလေးတစ်ဖက်နဲ့ အပြန်ခက်နေပြီနဲ့တူတယ်၊ လိုက်သွားလိုက်ဦး။ ခမျာဆိုင်ကလည်း တစ်ဖက်နဲ့ဟ'

အိပ်ခန်းဘက်ဆီက အမေ့သတိပေးသံကြောင့် ကျွန်တော့်အတွေးများ တိခနဲရပ်ကာ အိမ်ပေါက်ဝထွက်ကြည့်မိတော့ အိမ်ရှေ့လမ်းက ရေအောက်ရောက်နေပြီ။ ခဏစောင့်ကြည့်ဦးမယ်ဟု အမေ့ကို တုံ့ပြန်စကားဆိုရင်း အမေ့စကားများကို နောက်ယောင်ခံကာ ကျွန်တော့်အတွေးတို့က အတောမသတ်နိုင်ပြန်။ အမေ့အခန်းဘက်ဆီ ကြည့်နေရာကနေ ကျွန်တော့်အကြည့်က အမေ့အခန်းကို ဖွဲ့ပေးထားသည့် ဗီရိုအပုလေးပေါ်မှ အဘိုး၏ ဗိုလ်စစ်ရေဒီယိုကြီးဆီ အလိုလို ရောက်သွားပြန်သည်။ အဘွား စကားသံတို့ကလည်း နားထဲတွင် ပဲ့တင်ထပ်မြဲ။

'မင်းတို့အဘိုးက မောင်ပုကို ညီအရင်းလိုချစ်တာ။ အင်းလေ၊ မင်းတို့အဘိုးက မောင်ပုမှတင် မဟုတ်ပါဘူး။ ဂျပန်လေးတွေ ရောက်လာတော့လည်း မင်းတို့ ဦးလေးအငယ်နဲ့တူလို့ ဆိုပြီး ချစ်တာပဲ။ အင်္ဂလိပ်စစ်သားလေးတွေ ပြန်ဝင်လာတော့လည်း သူ့နဲ့က ခင်ကြပြန်ရော။ အား မောင်ရေ၊ မင်းတို့အဘိုးက ဘာကိုမှလည်း စိတ်မပူတတ်ဘူး။ ဘယ်သူ့ကိုမှလည်း မမုန်းတတ်တဲ့လူကြီးဆို။ တို့တွေသာခက်တာ။ အင်းလေ၊ စစ်ပွဲကြီးတွေ၊ လူသတ်လက်နက်တွေ၊ လောဘ၊ ဒေါသတွေ၊ တန်ခိုးအာဏာတွေ ဖယ်ရှားလိုက်ရင် လူလူချင်း ဘာမုန်းစရာ ကျန်တော့မှာလဲကွယ်'

စစ်ဘေးဒဏ်များအကြောင်း ဘိုးဘွားမိဘတို့ ပြော၍ ကျွန်တော် နားမဆံ့အောင် ကြားခဲ့ရသည်။ မိုးညှင်းမြို့လေးထဲ ပထမဆုံး ဗုံးများကျလာသည့်အချိန်ကျမှ အင်းဖို အင်းမဆီ သွားရောက် ပုန်းအောင်းနေသူများ စစ်ကို မျက်မြင်ကိုယ်တွေ့ စ,ကြုံရတော့သည်။ တစ်သ[illegible] နှင့်တစ်ကိုယ် မတွေ့[illegible]ခဲ့ဖူး



www.burmeseclassic.com

www.burmeseclassic.com

သော အလျှံညီးညီး ဖုံးပေါက်ကွဲမှုများကြောင့် ရပ်တည်ရာ မဟာပထဝီမြေကြီးသည်ပင် ဦးခေါင်းရှစ်စိတ်ကွဲကာ သိမ့်သိမ့်ခါ လဲပြိုကျမတတ်ဆိုတော့ မြေစာပင်များခမျာ စစ်နှင့်ဝေးရာ ပြေးပုန်းရုံမှတစ်ပါး အခြားမရှိလေပြီ။

ကျွန်တော့်အဘိုးက ရွှေကူဆက်ဆိုတော့ ရွှေကူမှ အမျိုးများထံ ပြေးဖို့ကြံသည်။ အရင်ဦးဆုံး အင်းတော်။ အင်းတော်မှ ဖက်ဆွတ်တောင်တန်းကြီးကိုဖြတ်ကာ ကသာ။ ထိုမှ ရွှေကူ။ အိမ်သားများ၊ စာရင်းငှားများ၊ လိုက်ပါချင်သူ ရပ်ဆွေရပ်မျိုးများကိုခေါ်၍ ကျွဲလှည်း၊ နွားလှည်း အစီး ၂၀-၃၀ ခန့်ဖြင့် တကယ်လည်း ပြေးခဲ့သည်။ အဖေခေါ်စရာ လူလည်းမရှိ၊ တိကျသည့်သတင်းကလည်း နတ္ထိမို့ အဘိုးခမျာ စစ်၏အတိုင်းကြီးကိုဖြတ်ပြီး စစ်ပြေးမိနေမှန်း၊ မည်သည့်အရပ်ဆီ ထွက်ပြေးပုန်းရှောင်ရမှန်း မသိတော့သည့် အချိန်ကျမှသာ သိရတော့သည် တဲ့။ ရိုးအ,သော တောသူတောင်သားများဘဝက ရင်နင့်စရာ။

ပုံမှန်လမ်းအတိုင်း မဟုတ်ဘဲ တောင်တွေကျော်၊ တောတွေတိုး၊ လေယာဉ်ပျံသံ၊ တိုက်ပွဲဖြစ်သံကြားတိုင်း လှည်းပေါ်က သေလုမြောပါး ဆင်းပြေးရနှင့် ငရဲကျသည့်နယ် ခရီးနှင်ခဲ့ကြရသည်မှာ ရွှေကူရောက်သည်အထိ တစ်လခွဲကျော် ကြာခဲ့သည်။ မိုးညှင်းမှထွက်တော့ လူ ၂၀၀ ခန့်။ ရောဂါဘယကြောင့် သေသူသေ၊ စစ်ကြောင့် ကျေသူကျေ၊ လမ်းခုလတ်တွင် ကျန်ရစ်သူ ကျန်ရစ်နှင့် ရွှေကူကနေ စစ်ကြီးပြီးလို့ ပြန်မယ်လုပ်ချိန်မှာ လူ ၇၀ ပင် မပြည့်ချင်တော့ပြီ တဲ့။

ဒီစစ်ပြေးခရီးရှည်ကြီးက အဘိုးလေးအတွက်လည်း ရင်နင့်စရာ။ ကသာကိုရောက်တော့ အဘိုးလေး၏ မိဘအရင်းများက ကသာမှာပဲ ကျန်ရစ်ခဲ့နေချင်ကြောင်း အဘွားကို ခွင့်တောင်းသည်။ စစ်ငရဲကြီးထဲမှာ သေလိုက သေစေတော့၊ ဆက်မပြေးနိုင်တော့ပြီတဲ့။ အဘွားက ခွင့်မပြု။ သေအတူ ရှင်မကွာ။ သို့သော် နောက်တစ်နေ့မနက် ကသာမှအထွက် ကမူတောတန်းလေးတက်ဖို့ ပြင်စဉ်မှာပဲ ဘယ်ဘက်ကမှန်းမသိသော လေယာဉ်တစ်စီး၏ ပစ်ခတ်ခြင်းကို ခံရတော့သည်။

'ဆွေမျိုးရင်းချာလို နေခဲ့ကြတဲ့ မောင်ပု မိဘတွေက ဒီလိုသေစကားမျိုး ပြောလာတော့ အဘွားရင်ထဲ လေးသွားတာကွဲ့။ စစ်ကြီးထဲ သေတာ အဆန်းတော့မဟုတ်ဘူးလေ။ သို့ပြားလည်း နိမိတ်မရှိတဲ့စကားဆိုတာ မပြောကောင်းဘူး ငါ့မြေးတို့မှတ်ထား။ လှည်းတန်းတစ်တန်းလုံး အပစ်ခံရတာပဲ။ ကြံကြံဖန်ဖန်ကွယ်၊ မလိုက်တော့ဘူးဆိုလို့ ကျန်နေခဲ့ပြီတောင် ထင်ထားတဲ့ မောင်ပုမိဘတွေကိုမှ ကျည်ဆန်က ဝင်မှန်ရတယ်လို့ညယ်'

အဘိုးလေးမရှိခိုက်မှာ အဘွားရော၊ အမေရောက သည်အဖြစ်ကို မချိတင်ဘဲ ပြောပြတတ်သည်။ အဘိုးလေးရှိစဉ်မှာတော့ အဘွားက စစ်ကြီးကို ပြက်ရယ်ပြုတတ်ပြန်သည်။ တစ်ခါသား ရွှေကူရောက်လုရောက်ခင် တောင်ခါးပန်းတစ်ခုအတက်မှာ အဘွားနှင့် အမေတို့ မောင်နှမတစ်တွေ စီးလာသော လှည်းက ဗွက်နစ်ကာ ရုန်းမရ။ အဲဒီအချိန်မှာပဲ သစ်ကိုင်းများ ကိုယ်တွင်ထိုးထားသည့် ဂျပန်စစ်သားများ ချုံထဲကနေ ရုတ်တရက် ထွက်လာတော့ မိသားစုများမှလွှဲ၍ အားလုံးနီးပါးက ထွက်ပြေးကုန်ကြသည်။ အဘိုးက ရှေ့နှစ်စီး သုံးစီးကျော် အဘိုးလေးမောင်းသည့် လှည်းထဲမှာ ငှက်များတက်နေချိန်။

'ဩော် မောင်ပု၊ မောင်ပု။ ဒီလိုကျပြန်တော့လည်း ငါ့မောင်က အားကိုးရသားဆို။ သူက လှည်းပေါ်ကနေ လွှားခနဲခုန်ချပြီး အဘွားတို့ဆီ အူယားဖားယား ပြေးလာတာ။ ဘယ်က တတ်လာမှန်းမသိတဲ့ မတောက်တခေါက် ဂျပန်စကားလေးနဲ့ အထဲမှာ ကလေးတွေ၊ အထဲမှာ ကလေးတွေလို့လည်းအော်။ မိုးတွင်းကုန်းဆင်းကြီးဆိုတော့ ဟပ်ထိုးလဲပြီး ဂျပန်လေးတွေကြားထဲ အလျားမှောက်ကျရောပ။ လူတွေလည်း ဖင်ပေါ်ခေါင်းပေါ် ဗွက်အလူးလူးဆိုတော့ သူဝင်တိုက်မိလို့ လဲသွားတဲ့ ဂျပန်လေးတွေတောင် ပြုံးစိပြုံးစိဖြစ်ကုန်တာ မောင်ရေ'

ဒီအကြောင်းပြောလျှင် အဘိုးလေးကိုယ်တိုင် ပြုံးစိစိနှင့်။ တကယ်တော့ သည်အဖြစ်က သေတွင်းကနေ လက်မတင်လေး လွတ်မြောက်လာခြင်းသာ။ သတင်းအရ ချုံခိုတိုက်ခိုက်ရန် အသင့်စောင့်နေသည့် ဂျပန်ဒီဗီဇတပ်ကြီး ရှေ့တည့်တည့်ကိုမှ လှည်းတန်းကြီးက ဖြတ်မိရုံမက ဗွက်ပင်သွားနစ်လိုက်သေးသည်။ သည်အဖြစ်ကို မြင်တော့ ချုံခိုနေသော စစ်သားများလည်း စိတ်မရှည်နိုင်တော့ဘဲ ချုံထဲမှ ထွက်လာကြရတော့သည်။ ပြီးတော့ အဘိုးလေးနှင့် စစ်သား ဆယ့်လေးငါးယောက်က ဩသံပေးကာ ဝိုင်းတွန်းလိုက်ရာ နွားလှည်းကြီးက ဝုန်းခနဲ ဗွက်အိုင်ထဲက လွတ်သွားသော်ငြား ဝိုင်းတွန်းကြသူများခမျာတော့ ဗွက်အိုင်ထဲ ထွေးခနဲ။

အဘွားစကားအတိုင်း ပြောရလျှင် အဘိုးလေး ဗမာငပုနှင့် ဂျပန်ငပုတို့ အခုမှ တစ်သားတည်းဖြစ်သွားသည်ပေါ့။ သစ်ခက်သစ်ရွက်တွေ တိုးလိုးတွဲလောင်းနှင့် ဗွက်အိုင်ထဲမှ ကုန်းရုန်းထ,လာသော ဂျပန်စစ်သားလေးများကိုကြည့်ပြီး လူကြီးများကတော့ မရယ်ရဲ။ အမေတို့ မောင်နှမတစ်တွေကတော့ ခိုးခိုးခစ်ခစ်ရယ်မောကြတော့ ဂျပန်စစ်သားလေးများလည်း အချင်းချင်း အော်ဟစ်နောက်ပြောင်ရယ်မောပြီး လက်တပြပြနှင့် ကျန်ရစ်ခဲ့ကြသည်တဲ့။ အဘွားက စစ်ကြီးတစ်ခုလုံးကို မေတ္တာသုတ်နှင့် ဖြတ်ခဲ့သည်တဲ့။ အကယ်၍များ လှည်းဗွက်နစ်နေချိန် သတင်းရထားသည့်အတိုင်း ဝင်းဂိတ်၏ ခြသေ့်တပ်များ ရောက်ရှိလာခဲ့ပါက အဘွားရော မေတ္တာသုတ် ရွတ်နိုင်ပါဦးမည်



www.burmeseclassic.com

www.burmeseclassic.com

လော။

စစ်ကြီးပြီးလို့ ဌာနေပြန်ချိန်ရောက်သောအခါ အဘိုးလေးက မောင်ကြီး မပြန်နိုင်တော့ပြီ။ စစ်ပြေးရင်း ဆုံခဲ့သည့် ရွှေကူသူ သီလရှင်လူထွက်လေးနှင့် အကြောင်းသင့်ကာ ကျန်ခဲ့သည်။ နှစ်တွေ အတော့်ကိုကြာပြီး ဒီဘဝ ဒီမျှနှင့် ရေစက်ကုန်ချေပြီလို့ မေ့မေ့လျော့လျော့ဖြစ်နေချိန်ရောက်မှ မောင်ထွေးဆိုသော သားတစ်ဦးကို လက်ဆွဲကာ အဘွားတို့ဆီ အဘိုးလေး ဘွားခနဲ ပြန်ရောက်လာသည်။ သူ့ဇနီးသည်တိမ်းပါးသွားပြီတဲ့။ မောင်ထွေးက ဆယ့်လေးနှစ်အရွယ်။

အဘိုးလေး ပြန်ရောက်လာတော့ အမေပင် အဖေနှင့် အိမ်ထောင်ကျကာ ကျွန်တော့်အစ်ကိုနှစ်ယောက်ကို မွေးဖွားပြီးပြီ။ အဘိုးက အဘိုးလေးရောက်ရောက်ချင်းမှာ သူ့ဇီးကွက်ရေဒီယိုခလုတ်ဝိုင်းလေးများကို ရှေ့နောက်လှည့်ကာ တဂျစ်ဂျစ်အသံစမ်းရင်း စကားနည်းနည်းပဲ ဆိုသည်။

'ကိုယ့်အိမ် ကိုယ်ပြန်လာတာပဲမောင်... ကောင်းတာပ။ ဒါပေမဲ့ တို့များ လုပ်စရာ လယ်တွေတော့ အရင်လို အများကြီးမရှိတော့ဘူး မောင်ပုရေ'

အကြောင်းစုံကို သိရတော့ အဘိုးလေး မျက်ရည်ဖြိုင်ဖြိုင်ကျခဲ့ ရသည်တဲ့။ အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်၊ ဒုတိယကမ္ဘာစစ်ကြီး စသည့် ခေတ်ဆိုးခေတ်ပျက်ကြီးများကို ဖြတ်သန်းခဲ့သည့်တိုင် လယ်တွေယာတွေက တစ်လက်မ မပွန်းပဲ့ခဲ့။ လွတ်လပ်ရေးကြီး

မည်သည့်အချိန်
မည်သူ့ကြောင့်
သေမည်မှန်း
မသိသည့်
စစ်ပြေးများကြားထဲ
အဘိုးလေးက
သူ့
သေနတ်ကြီးကို
တောင်ပေါ်
ကျောင်းအထိ
သယ်လာသည်
လူကြီးသူမတွေက
မည်သို့ပင်
နားချစေကာမူ
အဘိုးလေးက
သူ့
သေနတ်ကြီးကို
ဂျပန်စစ်တပ်သို့
သွားမအပ်

ရပြီး မြန်မာနိုင်ငံအား မြန်မာအစိုးရများ အုပ်ချုပ်သည့်အခါကျမှ ၁၉၅၅ ပြည်သူပိုင်ဥပဒေကြောင့် လယ်ယာမြေအတော်များများ တစ်ခါ ဆုံးရှုံးလိုက်ရသည်။ ကြမ္မာငင်ပုံက ဤမျှနှင့် လက်စမသတ်။ ၁၉၆၂ လယ်လုပ်သူ လယ်ပိုင်ရေးဥပဒေက တစ်ခါ ထပ်ထွက်ပြီး လယ်မြေများ ထပ်မံခွဲပေးလိုက်ရပြန်သောကြောင့် အဘိုးလက်ထဲ ဆယ့်ငါးဧကခန့်သာ ကျန်တော့သည်။ ထိုလက်ကျန်လယ်လေးများကို အဘိုးက စိတ်နာနာနှင့် အကုန်ထုတ်ရောင်းပစ်လိုက်ရာ ကျွန်တော်တို့၏ တောင်သူကြီးမျိုးရိုးမှာ ထိုနေရာတွင်ပင် နိဂုံးကမွတ် အဆုံးသတ်သွားလေတော့သည်။

အဘိုးအဘွားများက မြေးအရင်းနှစ်ယောက်ရှိလင့်ကစား အဘိုးလေးသားမောင်ထွေးကိုလည်း ချစ်ကြသည်။ ကျောင်းလည်းပြန်ထားပေးသည်။ သို့သော် ဦးမောင်ထွေးက လူကကြီးကြီး၊ အတန်းက ငယ်ငယ်ဖြစ်နေတာကို ရှက်လို့လား၊ စီးပွားကျလာသော အဘိုးနှင့် အဘွားကို အားနာလို့လားမသိ။ ခုနစ်တန်းကျောင်းသားဘဝမှာပဲ စစ်သားစုဆောင်းရေးထဲ လိုက်ပါသွားတော့သည်။ ကျွန်တော့်အထက် တတိယမြောက်အစ်ကို မွေးသည့်နှစ်မှာ အဘိုးဆုံးသည်။ နောက် ကျွန်တော် ၆ နှစ်သားအရွယ်၊ ပထမတန်းတက်နေချိန်မှာပဲ အဖေက ရာထူးတိုးနှင့် ရန်ကုန် အင်းစိန်သို့ တာဝန်အပြောင်းအရွှေ့ကျတော့ အဘွားက အမေနှင့် ရန်ကုန်လိုက်နေမည်။

'မောင်ပု... မင်းရော' ဆိုတော့ အဘိုးလေးက နှစ်ခါမစဉ်းစား။ အဘိုး အရမ်းမြတ်နိုးသော ဇီးကွက်ရေဒီယိုကြီးထမ်းကာ ပါလာတော့သည်။ ဝန်ထမ်းလိုင်းခန်းကျဉ်းကျဉ်းလေးမှာ မိသားစု တစ်ပြုံတစ်မကြီး တိုးဝှေ့နေထိုင်ကြသည်။ ထိုကာလများအတွင်း အဘိုးလေးက အလုပ်မျိုးစုံ လုပ်သည်။ အိမ်ထောင်လည်း ထပ်မပြုတော့။ ကျွန်တော် လူမှန်းသိတတ်စ အချိန်မှာ အဘိုးလေးက ဟီးနိုးကားစပယ်ယာ။ နောက် အတော်လေးကြာတော့ ပန်းရန်အလုပ်သမားခေါင်း။ နောက် ဝပ်ရှော့၊ နောက် ကားဘော်ဒီရုံ။ နောက်...။

မိုးညှင်းတုန်းကလို မီးတောက်အရက်လေးနှင့်၊ ဘိန်းပြောင်းလေးနှင့် အဘိုးလေးနေခွင့်မရရှာတော့။ အသက်ရှူမဝနိုင်တဲ့ ရန်ကုန် လူနေမှုက အဘိုးလေးကို ဝတ်စုံဟောင်းချွတ်ပေးလိုက်သလိုပင်။ ရောက်ခါစကလို ဇီးကွက်ရေဒီယိုခလုတ်လေးများကိုပင် တဂျစ်ဂျစ်လှည့် နားမထောင်နိုင်တော့။ မိသားစုဝန်ကို တစ်ပိုင်တစ်နိုင်ဝင်ထမ်းသည်။ အသက်တဖြည်းဖြည်း ကြီးရင့်လာပေမဲ့ အဘိုးလေးက သန်ဆဲ မြန်ဆဲ။

၁၉၈၈ အရေးအခင်းကာလကြီးက ကျွန်တော်တို့ မိသားစုအတွက် မှန်တိုင်းအထန်ဆုံးကာလ ဖြစ်သည်။ အဘွားကိုယ်တိုင် မိသားစုအတွက် စာရေးရိက္ခာထွက်ရှာရသည်။ အသက် ၇၅ နှစ်အရွယ် အဘွားနှင့် အသက် ၆၀ ကျော် အဘိုးလေးတို့၏ စိုးရိမ်ပူပန်မှုကို ဆဋ္ဌမတန်းကျောင်းသား ကျွန်တော်က အကဲပိုလွန်းသည်ဟုပင် တွေးခဲ့သေးသည်။ စစ်ကြီးကို ဖြတ်ခဲ့ရသူများမို့ ခံမှန်ဖူးသည့် စာသူငယ်များဖြစ်ကြောင်း ကျွန်တော် မတွေးခဲ့မိ။

အဖေက လိုချင်သူတစ်ဦးမှ ဈေးကောင်းပေးဝယ်၍ ဇီးကွက်ရေဒီယိုကြီးကို ရောင်းပစ်ဖို့ စဉ်းစားခဲ့သေးသည်။ အဘိုးလေးကို သနား၍ ရောင်းမပစ်ရက်ခဲ့ဘူးတဲ့။ ရက်တွေကြာလာသည်နှင့် ဝမ်းက ပိုပိုသွေ့လာသည်။ ဆန်မှုန့်ညို



www.burmeseclassic.com

www.burmeseclassic.com

ကြော် သို့မဟုတ် အာလူးလုံးကြော်ကို ထန်းလျက်ရည်၊ ငရုတ်ဆီတို့နှင့် တို့စားရသော နေ့ရက်များရှိခဲ့ဖူးသည်။ အဆိုးဆုံးကတော့ သေနတ်သံများ ဟိုမှသည်မှ ထွက်ပေါ်နေချိန်မှာပဲ အဘွားက ဦးနှောက်သွေးကြောပိတ်ကာ ဘယ်တစ်ခြမ်း လေဖြတ်သွားသည်။ ထိုစဉ်ကလည်း အဘိုးလေးခမျာ မျက်ရည်စလေးများဝဲကာ ရေဒီယိုခလုတ်လေးကို တဂျစ်ဂျစ်။

အရေးအခင်းကြီး ပြီးကာ လေးနှစ်ကျော်အကြာ အသက်ရှစ်ဆယ်အဝင်မှာပဲ အဘွားက သူချစ်သူအားလုံးကို ထားသွားခဲ့တော့သည်။ တစ်လလောက်အထိ ညညဆို ရေဒီယိုခလုတ်လေး တဂျစ်ဂျစ်လှည့်ရင်း တစ်ယောက်တည်း မျက်ရည်ဝိုင်းနေတတ်သည့် အဘိုးလေးပုံရိပ်ကား ကျွန်တော့်နှလုံးအိမ်ဝယ် ယနေ့တိုင်စွဲထင်နေဆဲ။ ရေဒီယိုအိုအိုနှင့် အဘိုးအိုတစ်ယောက်။

အဘွားဆုံးပြီး သုံးနှစ်အကြာမှာ ရှိသမျှ ခြစ်ခြုတ်စုဆောင်းပြီး ယခု ကျွန်တော်တို့နေသော လှိုင်သာယာအိမ်ကို မြေကွက်ဝယ်ဆောက်ကာ မိသားစုလိုက် အပြီးပြောင်းရွှေ့ခဲ့ကြသည်။ ၂၀×၆၀ မြေကွက်တန်ဖိုးက ကျပ်ရှစ်သောင်း။ ကိုယ့်အိမ်ကိုယ် အလံထောင်ကာ မှတ်ရသည်။ လှိုင်မြစ်ကူး၊ ကူးတို့ဆိပ်ရောက်မှ မြစ်ထဲ ဇွက်ဆင်းဆေးပြီး အင်းစိန်ကမ်းဘက်ဆီ အလုပ်သွား၊ အလုပ်ပြန်ခဲ့ရသောဒုက္ခက မမေ့နိုင်စရာ။ ဓာတ်မီးတဝင်းဝင်း၊ အိတ်ထဲက စကောဘာ တဆဆနှင့် အိပ်တန်းပြန်ညများ။

အဘိုးလေးနှင့် ကျွန်တော့်အမေက ဇက်ဆိပ်ကမ်းဆင်းကာ ထမင်းကြော်၊ ကွမ်းယာ၊ ဆေးလိပ် ဆိုင်လေးထိုး ရောင်းသည်။ အတော်လေး အဆင်ပြေလာတော့ အမိုးနိမ့်နိမ့်တင်းကုပ်ကြီးထိုးကာ အရက်နှင့် အမြည်းလေးများပါ တင်ရောင်းသည်။ ရောင်းကောင်းတော့ ကျွန်တော်ပါ ကားတာယာအရောင်းဆိုင်က ထွက်ပြီး ဝင်လုပ်သည်။ ထိုစဉ်မှာပဲ ကျွန်တော်တို့ လမ်းနှင့် ထောင့်ချိုးလမ်းတွင်နေသော ကိုတင်ဖေနှင့် စတင်သိကျွမ်းခဲ့သည်။ သူ့ရေဒီယိုကြီးလို တဂျီဂျီ မရပ်မနားစကား ပြောနိုင်သူမို့ အဘိုးလေးက 'လေဒီယို' ဟု နာမည်ပေးထားသော ကိုတင်ဖေကို ရှေ့နေတစ်ယောက်မှန်း ကျွန်တော်တို့ မသိခဲ့။ လှိုင်သာယာဘက်ခြမ်းမှာ တရားရုံးများ ရှိလာတော့မှပဲ သိကြရခြင်းဖြစ်သည်။

နောက်တော့ မြစ်ကူးတံတားကြီးပေါ်လာသည်။ ဇက်ဆိပ်ရော၊ ကျွန်တော်တို့ဆိုင်ပါ နိဂုံးချုပ်ရပြီ။ အမေက စုဆောင်းထားသည်များနှင့် ရုံးတန်းလမ်းမပေါ်မှာ စာချုပ်စာတန်းအရောင်းဆိုင်လေး စ,ဖွင့်သည်။ ထိုမှ မိတ္တူ၊ ကွန်ပျူတာ စသည်ဖြင့် တဖြည်းဖြည်း တိုးချဲ့ခဲ့သည်။ ကျွန်တော့်အစ်ကိုနှစ်ဦးက အိမ်၊ ခြံ၊ မြေ ရောင်းဝယ်ရေးလိုင်းထဲရောက်သွားပြီး အခြေရိုင်သွားကြသည်။ ကျွန်တော်က ကွန်ပျူတာ ဒီဇိုင်းလုပ်သော တပည့်မလေးနှင့် အိမ်ထောင်ကျကာ အဖေ့အမွေ ကွန်ပျူတာဆိုင်လေးကိုသာ ဖက်တွယ်ထားခဲ့သည်။ အမေကတော့ ယခု မူကြိုတက်နေပြီဖြစ်သည့် ကျွန်တော့်သမီးလေးကိုပင် မချီပိုးလိုက်ရရှာ။ ခရီးဝေးကို ထွက်ခွာသွားနှင့်ပြီ။

'ဟဲ့ သား၊ ကလေးတွေ နောက် လိုက်ဦးဆို၊ ဟိုမှာ ကလေးတစ်ဖက်နဲ့ ရေကဖောင်းလန်နေပြီ'

ဟုတ်ပါရဲ့။ မြောင်းကူးတံတားအုန်းတုံးနှစ်တုံးပင် ထူးခတ်ထားသည့် ဝါးတိုင်လေးတိုင်ကြားမှာ လိမ့်ကာလိမ့်ကာနှင့်။ တန်းပေါ်က အာဆင်နယ်ဘောင်းဘီကို ကောက်စွပ်ကာ ဒူးဆစ်လောက် ရေထဲ တဝေါဝေါဖြတ်ရင်း ဇနီးနှင့် သမီးကို အကြိုတော်ထွက်ရတော့သည်။ ရေပင်လယ်ကို ဖြတ်ရင်း ကိုတင်ဖေ့မျက်နှာကို ကွက်ခနဲ မြင်မိတော့ အဘိုးလေး ပြောခဲ့သော စကားများကိုလည်း နားဝမှာ လာပြောလိုက်သလို ပီပီပြင်ပြင်ကြီး ကျွန်တော် ကြားယောင်မိပြန်သည်။

ကိုတင်ဖေက သူကိုယ်တိုင်ဦးစီးပြီး ပျက်စီးပေါက်ပြဲနေသည့် ရပ်ကွက်လမ်းများကို အင်အားအလုံးအရင်းနှင့် ကွန်ကရစ်လိုက်ခင်းသည်။ ခေတ်အဆက်ဆက် ကိုယ်ထူကိုယ်ထ,ခဲ့ရသော ကျွန်တော်တို့လမ်းလေးဆီလည်း ရောက်လာပြီး ပီနန်ကြိုးတွေတား၊ လမ်းအုကြောင်းတွေ မြေညှိလုပ်တော့ အဘိုးလေးခမျာ ဝမ်းသာအားရနှင့်။ ရပ်ကျိုးရွာကျိုး သိတတ်သူ အမျိုးကောင်းသားဆိုပြီး တဖွဖွ ချီးကျူးရှာသည်။ မိုးများတိုင်း ရပ်ကွက်က ရေနှစ်တတ်သည်မို့ မြောင်းဖော်သင့်သည့်နေရာများကို သူကိုယ်တိုင် တောင်ဝှေးလေးတဆဆနှင့် လိုက်ပြရှာသည်။ ဒီလိုနှင့် ၂၀၁၀ ရွေးကောက်ပွဲကြီး ပြီးဆုံးကာ ကိုတင်ဖေသာ လွှတ်တော်အမတ်လောင်း ဖြစ်သွားသည်။ လမ်းလေးသည်ကား နဂိုရည်မပျွင်း။ ကိုတင်ဖေ နောက်တစ်ကြိမ် ရွေးကောက်ပွဲဝင်ချိန်ကို စောင့်မျှော်နေရော့လား မသိ။

မိုးတွင်းရောက်လို့ ကျွန်တော်တို့ လမ်းလေး ဇွက်တွေထူ၊ ရေတွေမြုပ်တိုင်း အဘိုးလေးမှာ တက်တခေါက်ခေါက်၊ ကွမ်းသွေးတထွီထွီ။ တစ်ခါသားတွင်တော့ တုတ်ကောက်လေးနှင့် အပြင်က ပြန်ရောက်လာသည့် အဘိုးလေးမျက်နှာက ပြုံးမြမြဆိုတော့ သေချာပြီ။ စိတ်ကျေနပ်စရာ တစ်ခုခု အဘိုးလေး တွေ့လာပြီ။

'အဘိုးလေး ဘယ်က ပြန်လာတာလဲ'

'ပျင်းပျင်းရှိတာနဲ့ ရပ်ကွက် စာကြည့်တိုက်ဖွင့်တာနဲ့ ဝင်မိရောပေါ့။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းအကြောင်းတွေ့တာနဲ့ ဖတ်မိရော။ ဆရာကြီးက မိုးညှင်းဘက် ငြိမ်းချမ်းရေးခရီး လာဖူးတယ်။ တို့တွေပဲ ဝေယျာဝစ္စတာဝန်ယူပေးခဲ့ရတာ ငါ့မြေးရေ'

'စာကြည့်တိုက် စာသွားဖတ်တော့ အပျင်းပြေတာပေါ့ အဘိုးလေးရ'

'အပျင်းပြေရုံ က, မလား မောင်။ ဒီလို ငါ့မြေး



www.burmeseclassic.com

www.burmeseclassic.com

ရ…၊ ဟိုအကောင်'လေဒီယို' တင်ပေးဆိုတဲ့ အကောင်ကို ဘယ်လို ငါကိုင် တုတ်ရင် ကောင်းမလဲ တွေးနေတာကြာပြီ။ ဘပု အသက်အရွယ်နဲ့က ငါကိုင်ဆဲလို့ကလည်း မကောင်း။ ဟေး… ဟေး ခုမှပဲ ဆဲတာထက် နာမယ့် စကားတွေ့ လာပြီ။ တွေ့ကြသေးတာပေါ့ 'လေဒီယို'ရာ။ ရွေးကောက်ပွဲက မကြာတော့ပါဘူး။ ဒီလိုမောင်ရေ…'

အဘိုးလေးက သူ့ဖလန်နယ်အင်္ကျီအိတ်ထဲမှ စာရွက်ကလေးကို အရင်ထုတ်ဖတ်သည်။ စာနှင့်တောင် ရေးမှတ်လာသည့် အဘိုးလေးဖြစ်အင်ကို ကြည့်ပြီး ကျွန်တော် ရယ်ချင်ပေမဲ့ မရယ်ရက်။

'ဒီလိုမြေးရ၊ တစ်ခါက ဆရာကြီးနဲ့ ဝိဇ္ဇုရ သခင်ချစ်မောင်တို့ ကမ္ဘာ့ငြိမ်းချမ်းရေးပွဲတော်ကြီးတက်ဖို့ သွားကြရင်း ရုရှားနိုင်ငံကြီးကိုရောက်ရော။ အဲဒီက အကောင်းစားဟိုတယ်ကြီးတစ်ခုမှာ တည်းကြရောဆိုပါတော့မောင်။ တစ်နေ့ ဦးချစ်မောင်က သူ့အခန်းထဲ တစ်ယောက်တည်းနားနေတုန်း အပြင်ဘက်က တံခါးခေါက်သံကြားရော။ သူက ဆရာကြီးလို့ မထင်တော့ ဘိုလိုလှမ်းပြောသတဲ့။ ကျေးဇူးပြုပြီး ဝင်ခဲ့ပါပေါ့ကွယ်။ ဝင်လာတော့မှ ဆရာကြီးဖြစ်နေတာတဲ့ မောင်ရေ။ ထ,ပြုတောင်းပန်တော့ ဆရာကြီးက ပြုံးတုံ့တုံ့နဲ့ ခင်ဗျားပြောမှ ကျုပ် တစ်ခု သတိသွားရတယ်ဆိုပြီး ရှေးဟောင်းနှောင်းဖြစ်လေးတစ်ခု ဦးချစ်မောင်ကို ပြန်ပြောရောတဲ့ မောင်ရေ'

'ဘယ်လိုများတဲ့လဲ အဘိုးလေးရ'

'ဒီလို ငါ့မြေးရေ၊ အဲဒီတုန်းက ဆရာကြီးက သူ့ရိုယ ဂျာနယ်မှာ အလုပ်ဝင်လုပ်နေတာတဲ့။ တစ်နေ့ကျတော့ ဂျာနယ်တိုက်ကို ဆရာတော်ကြီးတစ်ပါး ကြွလာတယ်။ အား…မောင်ရေ ဘယ်ကိုယ်တော်ကြီးမှတ်လဲ။ ဆရာတော်ကြီး ဦးဥတ္တမတဲ့ဗျား။ ဆရာတော်ကြီး ကြွလာချိန်နဲ့ တိုက်တိုက်ဆိုင်ဆိုင် ဂျာနယ်တိုက်အတွင်းခန်းထဲက လူတစ်ယောက်က ဘိုလို ခပ်ကျယ်ကျယ်ပြောနေသတဲ့။ ဘွတ်ဘက်ရှုတ်ရက်နဲ့ နေမှာပ, ကွား။ ဆရာတော်ကြီးကလည်း အင်္ဂလိပ်ဆို အတော်ကို မုန်းတာတဲ့ဟ။ အဲဒီခေတ်ကလည်း လူတွေက ဘိုလိုပြောမှ ခေတ်မီတယ်၊ လူအထင်ကြီးတယ် ထင်ကြတဲ့ခေတ်ကိုး။ ဆန့်ကျင်ဘက်နှစ်ခု ဆုံကြတော့ ဆရာတော်ကြီးက အဲဒီကောင် ဘယ်သူလဲပေါ့။ ဆရာကြီးကလည်း ဘယ်သူဘယ်ဝါပေါ့လေ။ အဲဒီမှာ ဆရာတော်ကြီးက တစ်ခွန်းပဲ မိန့်သတဲ့။ ဟေး ဟေး ပြောင်မြောက်ပါ့ကွာ'

'ဆက်ပြောပါ အဘိုးလေးရ။ ဆရာတော်ကြီးက ဘယ်လိုမိန့်သွားတာလဲ'

'တောက်… ပြောတတ်လိုက်တဲ့ ပါးစပ်ကြီး (…)နဲ့ ဆို့ထားဖို့တောင်ကောင်းတယ်တဲ့ဗျား။ ဟား ဟား ဟား ဟား…။ အခုလည်း တင်ဖေတို့မဲလာဆွယ်ရင် အဘိုးလေး မဆဲတော့ဘူး။ အဲဒီအကြောင်းလေးပဲ ပြောပြမယ်။ ဒီကောင်တွေ သူတို့ကို လူတွေက အထင်ကြီးနေ၊ လေးစားနေမယ်ထင်ပြီး မစားရ ဝခမန်း အရှူးချေးပန်းစကားတွေနဲ့ မဲလာဆွယ်ကြဦးမှာပဲ။ တွေ့ကြသေးတာပေါ့ကွာ'

ပြန်တွေးမိတော့ ယခုပင် ရယ်ချင်လာသည်။

အဘိုးလေးခမျာ သူသိပ်ပြောချင်နေသော ထိုစကားများကို မပြောလိုက်ရခင်တွင်ပင် ဆုံးပါးသွားရရှာသည်။ အဘိုးလေးဆုံးတော့ အဘိုးလေးသေတ္တာထဲက ဝါကြင်နေသော စာရွက်ခေါက်ကလေးကို တွေ့သည်။ အဘိုးလေး၏သား အရာခံဗိုလ် မောင်ထွေး၏စာတိုလေး။ အဖေ မပျော်ရင် ကြိုက်တဲ့အချိန် လာခဲ့ပါတဲ့။ ဒီစာတိုလေးကို ဖတ်ပြီး အမေနှင့်ကျွန်တော်တို့ညီအစ်ကိုတစ်တွေ မျက်ရည်မဆည်နိုင်ခဲ့ကြ။

အဘိုးလေးကား ကျွန်တော်တို့ မိသားစုဝင်တကယ်ပင် ဖြစ်ခဲ့ပါသည်။ ချစ်ခဲ့ရပါသည်။ အခုတော့ ဘယ်ဘုံဘဝမှာ အဘိုးလေး ပျော်လေပြီမသိ။ ဓားကွက်နှင့်တူသော ဖိလစ်ရေဒီယိုကြီးကို သတိရတိုင်း တဂျစ်ဂျစ်မြည်အောင် ကျွန်တော် ကလိဆဲ။ လိုင်းမိသည့်အခါ ရေဒီယိုကြီးကလည်း အသံပီဆဲ၊ ကြည်ဆဲ။

နောက်တစ်ကြိမ် ရွေးကောက်ပွဲကြီးကား ပြီးဆုံးသွားပြန်လေပြီ။

ကျွန်တော်တို့လမ်းလေးကတော့ 'လေဒီယို'သံများ နစ်ဝင်နေဆဲ။ ■

အရွှတ္တ

အယ်ဒီတာအဖွဲ့
အခန်း (၄-၀၁)
တိုက်အမှတ် ၁၇/၁၉
၃ လွှာ၊ ၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၅၀၁
E-mail:
nyeinfamily@gmail.com



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ပွဲလမ်းအလှူ အိမ်မှာသုံးလက်ဆောင်ပေးရန်အကောင်းဆုံး




ယုဇနလက်ဖက်နှင့်အကြော်စုံ ®

အမှတ်-၂၂ နဝဒေးလမ်း
ဒဂုံမြို့နယ်
ရန်ကုန်မြို့

ဖုန်း - ၀၁ ၂၄၂၅၂၆ ၀၁ ၂၅၅၅၂၅ ၀၁ ၂၅၅၆၃၅ ၀၉ ၂၅၀၁၀၄၇၅-၇၆

SHWE A MYU TAE MAGAZINE
8 886444 358747

www.burmeseclassic.com